
http://www.linhtet.com



http://www.linhtet.com

# GENIUS

http://www.linhtet.com

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်
  တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

http://www.linhtet.com

လှိုင်ဘွားစီစဉ်သည်

# အိုဘားမားကောက်ကြောင်း
# SKETCH OF OBAMA

**GENIUS** စာပေတိုက်

စာအုပ်အမှတ်စဉ် (၃)

http://www.linhtet.com

**စီစဉ်သူ**
လှိုင်ဘွား
**စာပေတိုက်**
**GENIUS**
**စာမူခွင့်ပြုချက်အမှတ်**
၃၁၀၀၂၄၀၃၀၉
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၃၁၀၀၂၁၀၃၀၉
**ပထမအကြိမ်**
၂၀၀၉၊မေလ
**မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း**
**TOT-design pro**
**ဖလင်**
Sunn
**စာအုပ်ချုပ်**
ကိုမျိုးသန့်
**အုပ်ရေ**
၁၀၀၀
**တန်ဖိုး**
၂၇၀၀ကျပ်
**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ၊ (မြဲ) ၀၁၆၉၂
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ရန်ကုန်မြို့။
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
သုဝဏ္ဏသီဂီအော့ဖ်ဆက်၊ (ယာယီ ၁၂၁၁)
အမှတ် (၂၁)၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။
**ဖြန့်ချိရေး**
**GENIUS** စာပေတိုက်
(တ/ဆ-ရန်ကုန်မီဒီယာဂရု(ပ်)-ဖုန်း- ၃၈၂၀၉၉၊ ၃၉၂၂၈၉)

စာအုပ်ထုတ်ဝေသည့်ကတ်တလောက်အညွှန်း (CIP)

၈၀၈. ၈၄
ကလောင်စုံ
အိုဘားမားကောက်ကြောင်း / ကလောင်စုံ။- ရန်ကုန်။
ချိုတေးသံစာပေ၊ ၂၀၀၉
၂၂၈ စာမျက်နှာ ၊ ၁၄. ၇၃ × ၂၁. ၀၈ စင်တီ။
(၁) အိုဘားမားကောက်ကြောင်း

http://www.linhtet.com

# မာတိကာ


၂ စီစဉ်သူ၏စကား

၃ အမေရိကန်သမ္မတရွေးပွဲအကြောင်း တစေ့တစောင်း

၈ တစ်ခေတ်ဆန်းသစ်လာသောအမေရိကန်သမ္မတ မဲဆွယ်ပွဲ

၂၂ အမေရိကန်သမ္မတရွေးပွဲဝင်သမ္မတလောင်းတို့၏သဘောထားများ

၂၈ အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ(၁)

၃၉ အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ(၂)

၅၉ အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ(၃)

၆၆ မက်ကိန်းနှင့် အိုဘားမား

၆၉ ဆိုးဝါးလာနေသည့် အာဖဂန်နစ္စတန်ပြဿနာ အမေရိကန်သမ္မတသစ် မည်သို့ဖြေရှင်းမည်နည်း

၇၂ အမေရိကအပြောင်းအလဲပြီးတော့ အရှေ့အလယ်ပိုင်း

၇၇ ဘားရက်အိုဘားမားသမ္မတဖြစ်လာနိုင်မည့်သူတစ်ဦးဖြစ်ရေး ကြိုးပမ်းမှုဘဝခရီး

၈၈ အိုဘားမားအပေါ် သို့လောသို့လော ဖြစ်လာကြသည့် မဲဆန္ဒရှင်များ

၉၁ "ပြောင်းလဲပြီဟေ့" လို့ ဟစ်ကြွေးလိုက်တဲ့အမေရိကန်ရွေးကောက်ပွဲ

*၉၇ အိုဘားမား၊ အမေရိကန်နှင့် "Yes We Can"*

၁၀၄ မက်ကိန်းအပေါ် အိုဘားမားအနိုင်ရခြင်းမှာ သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်

၁၀၈ အိမ်ဖြူတော်ရောက် လူမည်းသမ္မတ

၁၁၃ ကြုံခွင့်၊ ဆုံခွင့်ရလိုက်သောအမေရိကန်သမ္မရွေးကောက်ပွဲ

၁၁၇ သမ္မတသစ် ၂၄/၇ သွေးရူးသွေးတန်းနှင့် ပင်ရင်းမျက်ခြည်ပြတ်သမ္မတသစ်နှင့် ကျီးလန့်စာစား

၁၂၁ သမ္မတသစ်သို့ မီမို စိန်ခေါ်မှုကတ်တလောက်

၁၂၄ အိုဘားမားကအမေရိကားအားလူမျိုးရေး၊ နိုင်ငံရေးနယ်အလွန်သို့ ရွှေ့ပစ်ခြင်း

၁၂၇ အိပ်မက်တစ်ခု-ဒြပ်ဖြစ်လာပြီသို့မဟုတ်အမေရိကန်လူမည်းတို့၏ အောင်ပွဲ

http://www.linhtet.com

၁၃၇ ငွေကို ရေလိုသောက်နေသော စစ်တလင်းနှစ်ကွက် လမ်းချော်နေသော အမေရိကန်ကိုဖြောင့်မည့် သမ္မတသစ်
အမေရိကန်ပြည်တွင်းစစ်အဆုံးနှင့် စီးပွားပျက်ကပ်ခုခံရေးစစ်အစ
၁၄၀ ဝက်ဘ်ဆိုက်နည်းပညာသစ်နဲ့ အမေရိကန်သမ္မတသစ် အိုဘားမား
၁၄၃ အိုဘားမားအား စောင့်ကြည့်နေသောကမ္ဘာ
၁၄၇ လူမျိုးရေးခွဲခြားမှုက အိုဘားမားကိုကြိုးတန်းပေါ်လမ်းလျှောက်စေမှာ ဖြစ်တယ်
၁၅၂ သမ္မတနဲ့ လူထုကြားမှာ ပျောက်ဆုံးနေတဲ့ယုံကြည်မှုကို ပြန်လည်တည်ဆောက်ချင်ပါတယ်
၁၅၈ အမေရိကန်အပြောင်းအလဲအပေါ်မှာ အီရန်နားလည်သဘောပေါက်မှာပါ
၁၆၃ အိုဘားမားအစိုးရအနေနဲ့အလွန်သတိရှိနေရမှာဖြစ်ပါတယ်
၁၆၉ အိုဘားမား၏ နိုင်ငံခြားရေးမူဝါဒအဆောက်အဦနှင့်ဗိသုကာများ
၁၇၈ အာဏာပုံပြင်ကို ပြောကြည့်ကြခြင်း
၁၈၁ သမ္မတအိုဘားမား၏ သမ္မတရာထူးလက်ခံပွဲ တစ်နေ့တာ ဆောင်ရွက်ချက်များ
၁၈၄ ဘားရက်အိုဘားမား၏ ကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်း
၁၉၁ တွေ့လိုတော့ဖြင့်မရှောင်ဟု ကမ္ဘာကိုစိန်ခေါ်ကျွတ်ဆတ်နေသောအာရှ ဟန်ချက်ပျက်လျှင်ပြဿနာ
၁၉၅ သူတို့ပြည်သူတွေရဲ့ သာယာဝပြောရေးနဲ့လုံခြုံရေးအတွက် အကျိုးရလဒ်မရှိတဲ့ ဆုံးဖြတ်ချက်မျိုးမဖြစ်ဖို့
အချိန်ရောက်နေပြီ
၂၀၁ စာရေးဆရာဂျိုနသန်အော်လ်တာနှင့် တွေ့ဆုံမေးမြန်းခြင်း
၂၀၄ နေတန်ယာဟုက အိုဘားမားကို အထောက်အကူပြုစေပါလိမ့်မယ်
၂၀၈ ကွန်ဖရင့်ဒစ်ပလိုမေစီ ပါရာဒိုင်းအသစ်ကိုဖော်ဆောင်မည့် ဆူဆန်ရိုက်စ်
၂၁၇ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ အာရှသွားတောလား
၂၂၁ အာဖဂန်နစ္စတန်သို့ တပ်အင်အား၁၇၀၀၀ကို အမေရိကန် စေလွှတ်တော့မည်
၂၂၆ သမ္မတအိုဘားမားပြောသော အိပ်မပျော်သောညများနှင့်ခေတ်သစ်တစ်ရပ်အကြောင်း

http://www.linhtet.com

# စီစဉ်သူ၏စကား

ယနေ့အချိန်တွင် မြန်မာနိုင်ငံ၌သာမက တစ်ကမ္ဘာလုံး၌ပါ အိုဘားမားနှင့်ပတ်သက်သည့်စာအုပ်များ တစ်အုပ်ပြီး တစ်အုပ်ထုတ်ဝေလျက်ရှိသည်ကိုတွေ့ရပါသည်။ယင်းသို့ ဖြစ်ရသည်မှာအိုဘားမားသည် အမေရိကန်သမ္မတများထဲတွင် ပထမဆုံးသော လူမည်းသမ္မတဖြစ်သည့်အချက်တစ်ချက်အပါအဝင်သူ၏ Soft Powerဖြင့် ကမ္ဘာ့သမိုင်းအလှည့်အပြောင်းတစ်ခုဆီ တူရှုချက်ပြုထားခြင်းကြောင့်ဖြစ်သည်ဟု ဆိုနိုင်မည်ထင်ပါသည်။ ယင်းသည်ပင်လျှင် ကမ္ဘာကြီးအပေါ် အိုဘားမား၏ ရှုမြင်ချက်တစ်ရပ်လည်းဖြစ်သည်ဟု ခန့်မှန်းနားလည်ရပါသည်။

ယခုစာအုပ်တွင် အမေရိကန်သမ္မတရွေးကောက်ပွဲ အကြောင်းမှ စ၍ဘားရက်အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့၏ စကားစစ်ထိုးပွဲများ၊ နိုင်ငံခြားရေးမူဝါဒငြင်းခုန်ဆွေးနွေးပွဲများ၊ အိုဘားမားအပေါ် နိုင်ငံတကာခေါင်းဆောင်များ၏ သဘောထားအမြင်၊ အိုဘားမား၏ဘဝပုံရိပ်၊ အိုဘားမား၏ အမေရိကန်စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံတကာအရေးအခင်းများအပေါ် ကျွမ်းကျင်သူများနှင့်တွေ့ဆုံမေးမြန်းချက်များ၊ အမေရိကန်သမ္မတရွေးကောက်ပွဲကို ကိုယ်တွေ့ဖြတ်သန်းသတင်းရယူထားကြသည့် မြန်မာဂျာနယ်လစ်များ၏တွေ့ဆုံမေးမြန်းချက်နှင့် သတင်းဆောင်းပါးများ၊ အိုဘားမား၏ အိမ်ဖြူတော်ခရီးနှင့်အိုဘားမား၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်း၊ ရွေးကောက်ပွဲကာလအတွင်းက အိုဘားမားကတိကဝတ်ပြုထားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များနှင့် နိုင်ငံတကာစေ့စပ်ညှိနှိုင်းမှု အကောင်အထည်ဖော်ဆောင်ရွက်ချက်များအထိဖြစ်ရပ်များကို အစဉ်လိုက်ချိတ်ဆက်ဖော်ပြထားပြီး ယင်းတို့သည် အိုဘားမားကိုအကဲဖြတ်ရာတွင် အထောက်အကူဖြစ်စေနိုင်မည့်ပုံကြမ်းများ၊ ကောက်ကြောင်းများဖြစ်နေသည်ဟုယူဆ၍ အိုဘားမားကောက်ကြောင်း Sketch of Obama ဟုအမည်ပေးစီစဉ်တင်ဆက်ထားခြင်း ဖြစ်ပါသည်။

ယင်းသို့ စီစဉ်ထုတ်ဝေရာတွင် စာမူများကိုထုတ်ဝေခွင့်ပြုခဲ့သည့် နွယ်နီမဂ္ဂဇင်း၊ ရန်နံ့သစ်မဂ္ဂဇင်း၊ 7 Day News ဂျာနယ်၊ Business မဂ္ဂဇင်း၊ ရီပိုတာဂျာနယ်၊ နိုင်ငံတကာရေးရာနှင့် ရောင်ခြည်မိုးဂျာနယ်၊ ဈေးကွက်ဂျာနယ်နှင့် ဖလားဝါးနယူးစ်ဂျာနယ်တို့မှ ဆောင်းပါးစာမူများကို ထုတ်ဝေခွင့်ပြုခဲ့ကြသည့် စာရေးဆရာကြီးများနှင့် သတင်းစာဆရာ၊ ဂျာနယ်လစ်များ၊ အယ်ဒီတာများ၊ ဆောင်းပါးများကိုကူညီစုစည်းရှာဖွေပေးခဲ့သည့် ကျွန်တော့်မိတ်ဆွေကြီးကိုခင်မောင်သိန်း (ပဘာဝတီ)စာအုပ်တိုက်၊ကျွန်တော်ညည်းညူသမျှကို ဒိုင်ခံနားထောင်ပေးသည့်ကိုကြည်မင်းထွန်း၊ အတွင်းဒီဇိုင်းနှင့် မျက်နှာဖုံး ဖန်တီးပေးသည့် ကျွန်တော့်သူငယ်ချင်းတော်တီဆွေနှင့် အိုဘားမား Sketch များရေးဆွဲပေးသည့် သိန်းထွန်းဦးအပါအဝင် အိုဘားမားနှင့်ပတ်သက်သည့်ဓာတ်ပုံများကိုအင်တာနက်မှကူညီရှာဖွေပေးခဲ့သည့် ဖလားဝါးနယူးစ်ဂျာနယ်မှ ကျွန်တော့် ညီငယ်ကိုဝင်းဇော်လတ်(Executive Editor)တို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

စီစဉ်သူ
လှိုင်ဘွား

http://www.linhtet.com

# အမေရိကန်သမ္မတရွေးပွဲအကြောင်း တစေ့တစောင်း




www.linhtet.com

## ရွေးဦးပိုင်းကာလ

အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးသမားတစ်ဦးဟာသမ္မတရွေးပွဲမှာဝင်ရောက်ယှဉ်ပြိုင်လိုတဲ့ဆန္ဒရှိခဲ့ရင်ထုံးစံအတိုင်း ရွေးဦးစွာ Exploratory Committee ဆိုတဲ့ စူးစမ်းလေ့လာရေးကော်မတီတစ်ရပ်ကိုဖွဲ့စည်းရပါတယ်။ ဒီအဖွဲ့ဟာမိမိတို့ရဲ့ကိုယ်စားလှယ် အပေါ်မှာလူထုထောက်ခံမှုရှိမရှိ လေ့လာရတယ်။ ထောက်ခံမှုရှိလာအောင်လည်း ကြံဆောင်ရပါတယ်။ဒ့ါအပြင်ရွေးကောက်ပွဲမှာသုံးစွဲဖို့အတွက် ရန်ပုံငွေကိုလည်း ရှာဖွေစုဆောင်းရတယ်။ တစ်ချို့ကိုယ်စားလှယ်လောင်းတွေဟာ သမ္မတရွေးပွဲမတိုင်ခင် ၂နှစ်ခန့် ကြိုပြီး အဖွဲ့ကိုဖွဲ့တတ်ကြတယ်။သေချာပြီဆိုရင် သမ္မတရွေးပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ့်အကြောင်း ကြေညာရပါတယ်။ပြီးရင်အဓိကအရေးပါတဲ့ပြည်နယ်တွေမှာ စည်းရုံးလှုံ့ဆော်ရေးတွေကို စတင်လုပ်ရတယ်။

## အခြေခံရွေးချယ်ခြင်း

အမေရိကန်ပြည်ထောင်စုရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေနဲ့ ညီညွတ်တဲ့ ပုဂ္ဂိုလ်တိုင်းသမ္မတရွေးပွဲမှာ ပါဝင်နိုင်ပါတယ်။ ဒါပေမယ့် အမေရိကန်နိုင်ငံမှာ ရီပတ်ဘလီကင်ပါတီနဲ့ ခရစ်ယာန် ဒီမိုကရက်တစ်ပါတီလို့ခေါ်တဲ့ အဓိကပါတီကြီးနှစ်ခု ရှိတယ်။ ဒီပါတီနှစ်ခုကသမ္မတလောင်းတွေဟာအမေရိကန်သမိုင်းတစ်လျှောက်မှာတစ်လှည့်စီအနိုင်ရကြပြီး သမ္မတတာဝန်ကို ထမ်းဆောင်ခဲ့ကြပါတယ်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

သမ္မတလောင်းကို သက်ဆိုင်ရာပါတီရဲ့ အခြေခံပါတီဝင်တွေထဲမှာ ရှေးဦးစွာ ရွေးချယ်ကြရတယ်။ အခြေခံရွေးချယ်မှုကို သမ္မတရွေးချယ်ပွဲလုပ်မယ့်နှစ်ရဲ့ ဇန်နဝါရီလ ကစပြီးဇွန်လကို နောက်ဆုံးထားပြီးရွေးချယ်ကြရတယ်။

ပါတီကိုယ်စားသမ္မတလောင်းရွေးချယ်ရာမှာပြည်နယ်၅၀မှာပါတီ ကိုယ်စားပါဝင်ယှဉ်ပြိုင်ကြတဲ့သမ္မတလောင်းတွေထဲကဘယ်သူ့ကိုထောက်ခံမယ်ဆိုတာရွေးချယ်ရတယ်။ တစ်ချို့ပြည်နယ်တွေမှာ အခြေခံကိုယ်စားလှယ်မဲနဲ့မရွေးတော့ဘဲ သက်ဆိုင်ရာပါတီ ကော်မတီကပဲ ဘယ်သူ့ကို ထောက်ခံတယ်ဆိုပြီး ဆုံးဖြတ်လိုက်ကြတာ လည်းရှိတယ်။ ပါတီ အခြေခံရွေးပွဲမှာ နိုင်တဲ့လူကို ပါတီညီလာခံမှာ ထပ်မံမဲပေးကြတယ်။

## ပါတီညီလာခံ

ပါတီကြီးနှစ်ခုရဲ့ နိုင်ငံလုံးဆိုင်ရာ အမျိုးသားပါတီညီလာခံကို သမ္မတရွေးပွဲ မတိုင်မီလအနည်းငယ်အလိုမှာ ပြုလုပ်ကြတယ်။ ဒီပါတီညီလာခံကသူတို့ပါတီက ဝင်ရောက်ယှဉ်ပြိုင်မယ့် သမ္မတလောင်းရဲ့ အမည်ကို တရားဝင်ကြေညာပေးရတယ်။

ပါတီညီလာခံမှာ သက်ဆိုင်ရာပြည်နယ်အလိုက် ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ် တွေတက်ရောက်ကြတယ်။၎င်းတို့ကသမ္မတလောင်းကို မဲပေးရွေးချယ်ကြရတာဖြစ်ပါတယ်။ဒါပေမယ့်သက်ဆိုင်ရာပြည်နယ်တွေမှာဘယ်သူဟာရွေးချယ် အနိုင်ရထားတယ်ဆိုတာကိုတော့ သိပြီးသားဖြစ်တယ်။

အဲဒီနောက် သမ္မတလောင်းရွေးချယ်ခံရတဲ့ပုဂ္ဂိုလ်ဟာ သူနဲ့အတူ ဝင်ရောက်ယှဉ်ပြိုင်မယ့်ဒုတိယသမ္မတလောင်းတစ်ဦးကို ရွေးချယ်ရတယ်။ တစ်ချို့သမ္မတလောင်းတွေကတော့ သူနဲ့အတူပါတီတွင်းမှာ ယှဉ်ပြိုင်ခဲ့ကြတဲ့ လူတွေထဲကတစ်ဦးဦးကို ရွေးလေ့ ရှိကြတယ်။ တစ်ချို့ကတော့မရွေးကြဘူး။ အခြား စိတ်ကြိုက်တစ်ဦးကို ရွေးကြတယ်။

## နောက်ဆုံးမဲဆွယ်ခြင်း

ပါတီကြီး၂ခုက အသီးသီးရွေးချယ်ပေးလိုက်တဲ့ သမ္မတလောင်း ၂ဦး ဟာ အပြိုင်အဆိုင်ရင်ဆိုင်တိုက်ပွဲမျိုးနဲ့ မဲဆွယ်ကြရတယ်။ မူဝါဒရေးရာတွေ၊ နိုင်ငံခြားရေးရာတွေ၊ တစ်ခါတစ်ရံ ပုဂ္ဂိုလ်ရေးအားနည်းချက်ကိုပါ ဖော်ထုတ် ဝေဖန်တိုက်ခိုက်ကြတယ်။

သမ္မတလောင်းတစ်ဦးအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ဖို့ရာငွေကုန်ကြေးကျအလွန်များပါတယ်။ ဒေါ်လာသန်းရာနဲ့ချီပြီးတောင်ကုန်ပါတယ်။ကြော်ငြာလုပ်ရတဲ့ စရိတ်၊ ပြည်နယ် ၅၀ကို ပျားပန်းခတ်သလိုသွားပြီး စည်းရုံးလှုံ့ဆော်ရတဲ့စရိတ်တွေ အလွန်များလွန်းပါတယ်။

သမ္မတလောင်းတွေ အချင်းချင်းရုပ်မြင်သံကြားကနေ စကားစစ်ထိုးပွဲဟာ အမေရိကန်သမ္မတရွေးပွဲမှာအလွန်အရေးပါအရာရောက်တယ်။တစ်သီးပုဂ္ဂလသမ္မတလောင်းအနေနဲ့

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ရုပ်မြင်သံကြားကထုတ်လွှင့်ပြောဆိုမှုလုပ်လို့လည်းရတယ်။ဒါပေမယ့်မလိုအပ်တဲ့အတွက် ပြုလုပ်လေ့မရှိပါဘူး။

သမ္မတရွေးဖို့တစ်ပတ်လောက်အလိုမှာ ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းတွေဟာ အဓိက အဆုံးအဖြတ်ပေးဖို့ မသေချာတဲ့ပြည်နယ်တွေကို အပြေးအလွှား သွားကြရတယ်။ ဒီပြည်နယ်တွေရဲ့ဆန္ဒမဲတွေက သေချာရေရာမှုမရှိခဲ့ရင် ရှုံးနိမ့်နိုင်တယ်။

### ရွေးကောက်ပွဲ

အမေရိကန်သမ္မတရွေးပွဲကို နိုဝင်ဘာလရဲ့ ပထမပတ်အင်္ဂါနေ့မှာ ပြုလုပ်လေ့ရှိတယ်။

### သမ္မတ ရွေးချယ်ပုံ

အမေရိကန်သမ္မတရွေးချယ်ရာမှာ မဲဆန္ဒရှင်တွေရဲ့တိုက်ရိုက်မဲစနစ်နဲ့ ရွေးချယ်ခြင်းမဟုတ်ပါဘူး။ သမ္မတရွေးချယ်ခံတဲ့သမ္မတလောင်းတစ်ဦးဦးကို မဲပေးနိုင်မယ့်ပုဂ္ဂိုလ် elector ခေါ်တဲ့ကိုယ်စားလှယ်ကိုရွေးပေးရတာဖြစ်တယ်။ပြည်နယ်အသီးသီးက မဲဆန္ဒရှင် တွေ ရွေးပေးလိုက်တဲ့အဆိုပါ။ ပုဂ္ဂိုလ်တွေကို စုပြီး electors college လို့ ခေါ်တယ်။ သူတို့က သမ္မတနဲ့ ဒုတိယသမ္မတကို မဲပေးရွေးချယ်ကြတာ ဖြစ်တယ်။

ပြည်နယ်အသီးသီးမှာ လူဦးရေအပေါ်အခြေခံပြီး သမ္မတအတွက် မဲပေး နိုင်တဲ့ ပုဂ္ဂိုလ် elector အရေအတွက် ခွဲတမ်းသတ်မှတ်ထားတယ်။

ပြည်နယ်အားလုံးလိုလိုမှာပဲ မဲဆန္ဒရှင်တွေရဲ့ မဲအများစုရတဲ့ သမ္မတလောင်းဟာ အဆိုပါ ပြည်နယ်ရဲ့ သမ္မတရွေးချယ်ဖို့ မဲဆန္ဒပေးနိုင်သူ ကိုယ်စားလှယ်အားလုံး electoral college ရဲ့ မဲကိုရရှိတယ်။ ဒီစနစ်အရ သမ္မတ လောင်းတစ်ဦးဟာ မဲဆန္ဒရှင်တွေရဲ့ မဲအရေအတွက် မသာဘဲနဲ့လည်း သမ္မတဖြစ်နိုင်တယ်။ဥပမာ ၂၀၀၀ပြည့်နှစ်ကသမ္မတရွေးကောက်ပွဲမှာ သမ္မတဘုရှ်ဟာ ပြိုင်ဘက်သမ္မတလောင်းအယ်လ်ဂိုးထက် popular vote လို့ခေါ်တဲ့ ဆန္ဒမဲ စုစုပေါင်းမှာမသာပေမယ့် electoral college ကိုယ်စားလှယ်မဲသာလို့ သမ္မတဖြစ်သွားခဲ့တယ်။

### ရွေးကောက်ပွဲ ဘယ်တော့လဲ

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်၊ အင်္ဂါနေ့။

### ဘယ်သူ့ကို ရွေးကြမှာလဲ

၄၄ယောက်မြောက် အမေရိကန်ပြည်ထောင်စုသမ္မတ၊ ဒုတိယသမ္မတ တွေကို ရွေးမယ်။ တစ်ချိန်တည်းမှာပဲအောက်လွှတ်တော်ဆီးနိတ်အမတ်၃ပုံ၁ပုံ တို့ကိုပါမဲပေး ရွေးချယ်

http://www.linhtet.com



ကြမယ်။ ဒါ့အပြင်ပြည်နယ်၁၁ခုရဲ့ အုပ်ချုပ်ရေးမှူးတွေနဲ့ပြည်နယ်အားလုံးရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကိုပါ ရွေးချယ်ပေးကြလိမ့်မယ်။

## ဘယ်သူတွေ ပြိုင်နေကြသလဲ

ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်သမ္မတလောင်းအဖြစ် ဘားရက်အိုဘားမားကိုရွေးထားတယ်။သူဟာအမေရိကန်သမိုင်းမှာပထမဆုံးလူမည်းသမ္မတလောင်းအဖြစ် ပါတီကြီးတစ်ခုက ရွေးချယ်ခံရသူဖြစ်တယ်။ သူ့ရဲ့ဒုတိယသမ္မတလောင်းအဖြစ် ဒီလာဝဲဆီးနိတ်အမတ်ဂျိုးဇက်ဘိုင်ဒင်ကို ရွေးချယ်ထားတယ်။

ရီပတ်ဘလီကင်ပါတီကိုယ်စားလှယ်သမ္မတလောင်းအဖြစ် ဂျွန်မက် ကိန်း၇၂နှစ်ကို ရွေးချယ်ထားတယ်။ သူဟာဗီယက်နမ်စစ်ပြန်တစ်ဦးဖြစ်တယ်။ တကယ်လို့သမ္မတအဖြစ် အရွေးချယ်ခံရရင် မက်ကိန်းဟာကျမ်းကျိန်ဆိုလိမ့်မယ်။သူ့ရဲ့ဒုတိယသမ္မတအဖြစ် အလာစကာပြည်နယ်အုပ်ချုပ်ရေးမှူးအသက်၄၄နှစ်ရှိ ဆာရာပါလင်ဆိုတဲ့အမျိုးသမီးကိုရွေးချယ်ထားတယ်။

၁၉၂၈ ခုနှစ်စပြီး သမ္မတနဲ့ ဒုတိယသမ္မတတို့ဟာ နောက်တစ်ကြိမ် ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်ခွင့်မရှိရဘူး။နောက်ပိုင်းမှာသမ္မတသက်တမ်းနှစ်ကြိမ်ထမ်းဆောင်ပြီး သူဟာသမ္မတ ရွေးချယ်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုရဘူးလို့ အခြေခံဥပဒေမှာထည့်သွင်းခဲ့တယ်။ ယခုဘုရှ်က သမ္မတသက်တမ်း ၂ ကြိမ်ရှိပြီဖြစ်လို့ ရွေးချယ်ခံလို့မရတော့ဘူး။

## ဘယ်သမ္မတလောင်းက အလားအလာ ရှိနေသလဲ

လက်ရှိရီပတ်ဘလီကင်သမ္မတဂျော့ဘုရှ်အပေါ်မှာ မဲဆန္ဒရှင်တွေရဲ့ နှစ်သက်မှုလျော့ပါးနေတယ်။အကြောင်းက စီးပွားရေးအခြေအနေမကောင်းတာကြောင့် ဒီမိုကရက်သမ္မတလောင်း အိုဘားမားဘက်ကို အလေးပိုသာနေတယ်။

Pew Research Centre ရဲ့ လေ့လာချက်အရ ၂၀၀၇ ခုနှစ်မှာ သမ္မတဘုရှ်အပေါ် လူထုထောက်ခံမှု ၅၀% မှ ၃၀% သို့ ကျသွားခဲ့တယ်။ ဒီမိုကရက်တစ်ပါတီဟာ ရီပတ်ဘလီကင်ပါတီထက် လက်တွေ့မှာပိုပြီး အသာစီးရနေတာတွေ့ရတယ်။ ဒီမိုကရက်တစ်ပါတီဟာ ဆီးနိတ်အထက် လွှတ်တော်မှာအများစုရထားတယ်။ အောက်လွှတ်တော်မှာလည်း အသာစီးရမယ်လို့ မျှော်လင့်နေတယ်။ စစ်တမ်းအရအိုဘားမားက မက်ကိန်းထက် ၃မှတ် အသာရနေတယ်လို့ ဆိုတယ်။

## အဓိက ပြဿနာ ဘာလဲ

အမေရိကန်ပြည်ထောင်စုရဲ့ စီးပွားရေးပြဿနာဟာ မဲဆန္ဒရှင်တွေကို သတိပေးလှုံ့ဆော်သလို ဖြစ်နေတယ်။ နောက်တစ်ခုက အီရတ်ပြဿနာဖြစ်တယ်။ အီရတ်ပြဿနာ

## အိုဘားမားကောက်ကြောင်း

မှာ သမ္မတလောင်းအိုဘားမားက သူသမ္မတဖြစ်ခဲ့ရင် အီရတ်ကအမေရိကန်တပ်တွေကို ချက်ချင်းရုပ်သိမ်းမယ်လို့ဆိုတယ်။ ရီပတ်ဘလီကင်သမ္မတလောင်းမက်ကိန်းကအီရတ် တည်ငြိမ်မှုကိုကြည့်ပြီး အမေရိကန်တပ်တွေကိုတဖြည်းဖြည်းချင်းရုပ်သိမ်းမယ်လို့ ဆိုထားတယ်။

ဒီမိုကရက်ပါတီသမ္မတလောင်းကကျန်းမာရေးစောင့်ရှောက်မှုကို အလေးထားတယ်။ ရီပတ်ဘလီကင်သမ္မတလောင်းက အမေရိကန်နိုင်ငံတွင်းသို့ တရားမဝင်လာရောက်နေထိုင်သူတွေကိစ္စကို အဓိကထားတယ်။

လောင်စာ၊ ဓာတ်ဆီ၊ ဒီဇယ်ဈေးကြီးတဲ့ကိစ္စမှာ သမ္မတလောင်းနှစ်ဦးစလုံးက နိုင်ငံခြားကတင်သွင်းရတဲ့ရေနံအပေါ် အမှီအခိုကင်းအောင်လုပ်ဖို့ လိုလားကြတယ်။ မက်ကိန်းက ပြည်တွင်းမှာ ရေနံပိုမိုရှာဖွေတူးဖို့အားပေးတယ်။ အိုဘားမားကရေနံဈေးကြီးတဲ့အပေါ်မှာ လုံလုံလောက်လောက်သုံးစွဲနိုင်ဖို့အားပေးတယ်။မဲဆန္ဒရှင်တွေက ဘယ်အချက် ပိုကြိုက်သလဲ အဆုံးအဖြတ်ပေးရမယ်။

### ဘယ်ပြည်နယ်တွေဟာ အဓိက ပစ်မှတ်လဲ

သမ္မတလောင်းနှစ်ဦးလုံးကအဓိကအားထားရမယ့် ပြည်နယ်တွေကို ပစ်မှတ် ထားကြတယ်။ ရုပ်မြင်သံကြားစကားစစ်ထိုးပွဲကို နှစ်ဘက်လုံးက အရေးတကြီး လုပ်ဆောင်နေကြတယ်။မိမိရဲ့အဓိကသဘောထားတွေကို လူထုစိတ်ဝင်စားအောင်ဆွဲဆောင်မှုပေးရမယ်လို့ဆိုတယ်။

အမေရိကန်ပြည်ထောင်စုရဲ့ အရှေ့ပိုင်းရော အနောက်ပိုင်းပြည်နယ် တွေပါ ပါတီ ၂ ခုလုံးအတွက် အရေးကြီးတယ်။ တခြားပြည်နယ်တွေကလည်း သူ့နည်းနဲ့သူ အဆုံးအဖြတ်ပေးကြမယ့်သဘောရှိတယ်။ အထူးသဖြင့် ဖလော်ရီဒါပြည်နယ်၊ အိုဟိုင်းယိုးပြည်နယ်နဲ့ ပင်ဆဲလ်ဗေးနီးယားပြည်နယ်တွေဟာ သမ္မတရွေးချယ်ခွင့်မဲဆန္ဒပေးနိုင်သူ electoral college ၂၀ဦး ရရှိထားကြတယ်။ ဒါကြောင့် ဒီပြည်နယ်တွေကို အရေးထားရမယ်။ ကိုလိုရာဒို၊ အိုင်အိုဝါ၊ မီချီကန်၊ မင်နီဆိုးတား၊ နယူးမက္ကစီကို၊ နီဗားဒါးနဲ့ ဝက်စ်ကွန်စင်ပြည်နယ်တွေဟာလည်းကိုယ်စားလှယ် မဲများတဲ့နယ်တွေဖြစ်လို့ အလေးထားစည်းရုံးဖို့လိုတယ်။


အိုဘားမားက ယခင်သမ္မတရွေးပွဲတွေတုန်းက ရီပတ်ဘလီကင်ပါတီအနိုင်ရခဲ့တဲ့ မြောက်ကာရိုလိုင်းနားပြည်နယ်ကို အလေးထားစည်းရုံးနေတယ်။ ဒီပြည်နယ်မှာလူမည်း မဲဆန္ဒရှင် တွေပိုများတယ်။မက်ကိန်းကတော့ဒီမိုကရက်တွေကြီးစိုးတဲ့အိုရီဂွန်ပြည်နယ်ကို ပိုပြီးစည်းရုံးရေးဆင်းနေတယ်။ဘယ်သူသမ္မတဖြစ်မလဲဆိုတာ နိုဝင်ဘာလ(၄)ရက်နောက်ပိုင်းမှာအဖြေပေါ်လိမ့်မယ်။

***Ref: US presidential election***
*ရီပိုတာ နိုင်ငံတကာ သတင်းဂျာနယ်*
*အမှတ် (၃၂၁)၊ ၁၉ အောက်တိုဘာ ၂၀၀၈*

http://www.linhtet.com

# တစ်ခေတ်ဆန်းသစ်လာသော အမေရိကန်သမ္မတ မဲဆွယ်ပွဲ

ထင်အောင်ကျော်



ဘားရက်အိုဘားမားနှင့်ဟီလာရီရော့ဒ်ဟမ်ကလင်တန်တို့၏ သမ္မတလောင်းရွေးချယ်ခံရရေး မာရသွန်ပြိုင်ပွဲကြီးကအတိုင်းအတာအရရော၊ အရှိန်အဟုန်အားဖြင့်ပါ ကြီးမားလွန်းပါသည်။ ၂၁ ရာစု၏ ပွဲဦးထွက်အသွင်ပြောင်းလဲလာသော သမ္မတလောင်းယှဉ်ပြိုင်ပွဲအဖြစ်တွင်ရစ်နေပေတော့မည်။ သူတို့နှစ်ဦး၏ အားသွန်ယှဉ်ပြိုင်မှုက ခေတ်အဆက်ဆက်သမ္မတလောင်းယှဉ်ပြိုင်ပွဲများအားလုံးကို ရာဇဝင်ထဲမှာထားရစ်ခဲ့ပါသည်။သူတို့နှစ်ဦးက မီးကုန်ယမ်းကုန် ယှဉ်ပြိုင်နေကြရကား သည်လိုခေတ်ပြောင်းလာခြင်းအပေါ် လူအများက သတိမထားမိဘဲ ရှိကောင်းရှိပေမည်။ သို့သော်သူတို့နှစ်ဦးသည်အင်တာနက်မှတစ်ဆင့် လူထုကိုအောင်မြင်စွာ စည်းရုံးနိုင်ခဲ့ပါသည်။ရန်ပုံငွေတွေ အများကြီးရခဲ့သည်။ စေတနာ့ ဝန်ထမ်းမဲဆွယ်ပေးသူများကို သိမ်းသွင်းနိုင်ခဲ့သလို မဲဆွယ်ပွဲဝန်ထမ်းများကိုလည်းရွေးချယ်ခန့်ထားနိုင်ခဲ့သည်။ရုပ်မြင်သံကြားမှ ကြော်ငြာနေရာများကိုဝယ်ယူနိုင်ခဲ့သည်။ မဲဆန္ဒရှင်များနှင့် ပိုပြီးဆက်သွယ်နိုင်ခဲ့သည်။ သူတို့မဲဆွယ်ပွဲများတွင်လည်း ကြက်ပျံမကျစည်ကားအောင် လုပ်နိုင်ခဲ့သည်။ ပထမအဆင့်ရွေးကောက်ပွဲအကြိုကပင်သူတို့ကအနေအထားကိုအကြီးအကျယ်ပြောင်းလဲပစ်လိုက်ပါပြီ။

"ဒီမဲဆွယ်ပွဲကအရင်မဲဆွယ်ပွဲတွေနဲ့လုံးဝကိုခြားနားသွားပြီ။ ကျွန်တော့် အထင်တော့ ဒါဟာသမိုင်းတစ်ကွေ့ပဲ။နောင်မှာတစ်ယောက်ယောက်က သမ္မတ ရွေးချယ်ပွဲ ဝင်မယ် ဆိုရင် မဲဆွယ်ပွဲတွေက၁၉၉၆၊၂၀၀၀နောက်ဆုံး၂၀၀၄ ခုနှစ်တွေတုန်းကထက် အခုပုံစံနဲ့ ပိုပြီး ဆင်တူလာလိမ့်မယ်" ဟုဒီမိုကရက်တစ်မဲ စစ်တမ်းကောက်သူမာ့ခ်မဲလ်မင်းက ပြောပါသည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အပြောင်းအလဲကို နေရာတိုင်းမှာတွေ့နိုင်သည်။ဖေဖော်ဝါရီကုန်တွင် အိုဘားမားသည် ယခင်ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ဂျွန်ကယ်ရီ တစ်ယောက် ၂၀၀၄ခုနှစ်ပထမနှစ်လအတွင်းကောက်ခံရရှိငွေထက်ခြောက်ဆကျော်ပိုမိုရရှိခဲ့သည်။ ဟီလာရီက ငါးဆကျော်ကောက်ခံရရှိခဲ့သည်။ယခင်ကမဲဆန္ဒရှင်များကိုဖုန်းမှတစ်ဆင့်ဖြစ်စေ၊ အိမ်တိုင်ရာရောက်ဖြစ်စေ၊ မဲဆွယ်ခြင်းမှာ နောက်ဆုံးအဆင့်သမ္မတရွေးကောက်ပွဲများတွင်မှ မြင်ခဲ့ရသည်။ ယခု သူတို့ နှစ်ဦးကအောက်ခြေအဆင့်မှာပင် ထိုကဲ့သို့မဲဆွယ်နေကြပေပြီ။

အီးမေးလ်နှင့်အွန်လိုင်းဗီဒီယိုတို့မှတစ်ဆင့် မဲဆန္ဒရှင်များနှင့် တိုက်ရိုက် ထိတွေ့သည်။သည်အရေအတွက်ကလည်း အံ့မခန်း။ ဇူလိုင်လဆန်းအထိ ကာလအတွင်း အိုဘားမားမဲဆွယ်ပွဲအကြောင်း ဗီဒီယိုကို You Tube ပေါ်တွင် အကြိမ်ပေါင်း၁၇သန်းတက်ကြည့်ခဲ့ပြီးပြီ။

"အိမ်တိုင်ရာရောက်၊ ဒါမှမဟုတ် မဲဆန္ဒရှင်တွေကို မှတ်တမ်းယူတာ၊ တာဝန်ပေးတာတွေကို ဒီလောက်ထိကြီးကြီးမားမားလုပ်တဲ့ရွေးကောက်ပွဲမျိုး ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ဖူးဘူး"ဟု ဝါရင့်ဒီမိုကရက်တစ်စည်းရုံးရေးမှူး ပေါလ်တူးဝက်ကပြောပါသည်။သူကအိုင်အိုဝါနှင့်အိုဟိုင်းယိုးပြည်နယ်များတွင် အိုဘားမားဘက်ကဝင်ပြီးမဲဆွယ်ပေးခဲ့သည်။

သည်ဖြစ်ထွန်းမှုများကတူညီသောစိတ်အားထက်သန်မှုနှင့် နည်းပညာတို့ပေါ်အခြေတည်ပါသည်။ ယင်းမှာ ဂျော့ဒဗလျူဘုရှ်၏ သမ္မတသက်တမ်းတစ်လျှောက် သတင်းနည်းပညာတိုးတက်မှုကိုတစ်ရံမလပ်အသုံးချခဲ့ခြင်းဖြစ်သည်။ သည်အပေါ်မှာ ဒီမိုကရက်တို့ကခံစားချက်ရှိသည်။

"ရွေးကောက်ပွဲသံသရာမှာဖြစ်ခဲ့တာကို ခြုံပြီးပြောရရင်တော့ဗျာ၊ နိုင်ငံရေးအပေါ်မှာ အင်တာနက်ရဲ့ စူးရောက်တဲ့အင်အားကို အသုံးချလိုက်တာ ကိုနောက်ဆုံးတွေ့ရမယ်"ဟုနိုင်ငံရေးဗိမာန်သစ် (New Politics Institute) ညွှန်ကြားရေးမှူး ပီတာလေဒင်ကပြောပါသည်။ထိုဗိမာန်ကမဲဆွယ်ပွဲနည်းဗျူဟာနှင့်နည်းပညာများကို လေ့လာနေသောဒီမိုကရက်တစ်အုပ်စုတစ်စုပါ။ သည်ဖြစ်ထွန်းမှုကဒီမိုကရက်တစ် ယှဉ်ပြိုင်ပွဲတွင် ပါဝင်ရေးအတွက်တစ်အားဖြစ်ခဲ့ပါသည်။အိုဘားမားနှင့်ဟီလာရီတို့သည်ပဏာမရွေးကောက်ပွဲများတွင်အခြားဒီမိုကရက်တစ်သမ္မတလောင်းအားလုံးထက်မဲပိုရခဲ့သည်။မဲပေးသူအရေအတွက်များလာသည်ဟုဆိုပါသည်။သည်လိုဒီမိုကရက်တစ်ဘက်က လှုပ်လှုပ်ရွရွဖြစ်လာခြင်းကရီပတ်ဘလီကင်တို့ကိုစိန်ခေါ်လိုက်သလိုဖြစ်သွားသည်။တကယ်ကသည် ရွေးကောက်ပွဲနည်းပညာကို ဘုရှ်ပြန်အရွေးခံရသည့် ၂၀၀၄ခုနှစ် မဲဆွယ်ပွဲတွင် သူတို့ကစသုံးခဲ့ခြင်းဖြစ်သည်။သို့သော်ယခု၂၀၀၈ပွဲတွင်မူ အိုဘားမားနှင့်ဟီလာရီတို့က သူတို့ထက်ရှေ့ကအများကြီးကျောသွားသည်ကို ထိတ်လန့်တကြားကြည့်နေကြရသည်။

"အွန်လိုင်းစေတနာ့ဝန်ထမ်းမဲဆွယ်သူတွေဖွဲ့စည်းတာနဲ့ ရန်ပုံငွေတိုးရရေးကွန်ရက်တွေတည်ဆောက်တာမှာ ဒီမိုကရက်တွေကဒီမဲဆွယ်ပွဲမှာ အတိုင်းအတာတစ်ခု အထိ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ပေါက်သွားပြီ၊ ဒါကို ကျွန်တော်တို့ နားလည်အောင် လုပ်ရမယ်" ဟု ရီပတ်ဘလီကင် အကြံပေးပုဂ္ဂိုလ်ပက်ထရစ်ရပ်ဖီနီက ပြောပါသည်။ သူက ၂၀၀၄ခုနှစ်ဘုရှ်မဲဆွယ်ပွဲနှင့် ၂၀၀၆ခုနှစ်ရီပတ်ဘလီကင် အမျိုးသားကော်မတီ ရွေးကောက်ပွဲတို့တွင် အွန်လိုင်းမဲဆွယ်မှုကို ဦးစီးခဲ့ပါသည်။

သည်ပြောင်းလဲမှုက သမ္မတတို့၏နိုင်ငံရေးတွင်ပါ အပြောင်းအလဲဖြစ်လာစေနိုင်သည်။၁၉၆၀ပြည့်နှစ်တွင် သမ္မတလောင်းနှစ်ဦး စကားစစ်ထိုးပွဲကိုရုပ်မြင်သံကြားမှ ပထမဦးဆုံးစတင်ထုတ်လွှင့်ခဲ့သည်။ ထိုစဉ်ကဂျွန်အက်ဖ်ကနေဒီနှင့်ရစ်ချတ်နစ်ဆင်တို့ ဖြစ်ပါသည်။ နောက်ပိုင်း၌သမ္မတလောင်းများက ရုပ်သံတွင်စက္ကန့်၃၀ကြော်ငြာထည့် လာခဲ့သည်။ သည်တွင် သမ္မတရွေးကောက်ပွဲအနိုင်ရရန် ရုပ်မြင်သံကြားက အခရာ ဖြစ်လာသည်။ ရုပ်သံမှာ ခဏကလေးထည့်နိုင်ရုံဖြင့် အလှူငွေတွေအများကြီးရနိုင်ပါသည်။ သည်နည်းက ယနေ့တွင်လည်း အလွန်အသုံးဝင်နေဆဲပါ။

သို့သော်ယခုအခါ မိမိကိုယ်စားဝင်ရောက် လုပ်ကိုင်ပေးမည့် ထောက်ခံသူများရအောင်လုပ်ဆောင်နိုင်စွမ်းရှိဖို့အရေးကြီးလာသည်။သူတို့ကမဲဆွယ်ပွဲ ရန်ပုံငွေ ထည့်ဝင်ပေးသည်။တခြားပြည်သူတွေကို စည်းရုံးပေးသည်။ သူတို့ထောက်ခံသောသမ္မတလောင်း အပေါ် ထောက်ခံပေးရန်သူတို့မိတ်ဆွေအပေါင်းအသင်းနှင့်ဆွေမျိုးသားချင်းများကို ဆွယ်တရားဟောပေးသည်။သည်ပုံစံကယခုမှမြေစမ်းခရမ်းပျိုးတုန်းပါ။သို့သော်အိုဘားမားနှင့် ဟီလာရီတို့၏ မဲဆွယ် ပွဲများတွင်တော့အတော်ပင်တာသွားခဲ့သည်။သူတို့မဲဆွယ်ပွဲပုံစံကပင် ရုပ်မြင်သံကြားအခြေပြု "ကွန်ရက်"ခေတ်မှအင်တာနက်အခြေပြု"ကွန်ရက်" ခေတ်ဆီ သို့ကူးပြောင်းလာခဲ့ပြီးသည်ဘက်ခေတ်တွင် သမ္မတလောင်းများသည် အင်တာနက်ကွန်ရက်မှတစ်ဆင့် သူ့အားထောက်ခံသူ ပြည်သူအမြောက်အမြားကို ဆွဲဆောင်စည်းရုံးနိုင်ပါသည်။

ပါတီနှစ်ရပ်စလုံးမှလေ့လာသူများက အိုဘားမားသည်ဟီလာရီထက်ရှေ့က ပြေးနေကြောင်းသုံးသပ်ကြသည်။ သူ့မဲဆွယ်ပွဲပုံစံကအင်တာနက်ကွန်ရက်မှတစ်ဆင့် အောက်ခြေမှ အပေါ်သို့ဆန်တက်စည်းရုံးသောပုံစံဖြစ်သည်။ဟီလာရီကအစဉ်အလာအတိုင်း အပေါ်မှ အောက်သို့ဆင်းသောပုံစံဖြစ်သည်။တကယ်ဆိုလျှင်အစဦး၌ အိုဘားမားသည် သူ့ထက် အဖက်ဖက်ကသာလွန်သောပြိုင်ဘက်နှင့် ယှဉ်ပြိုင်ခဲ့ရခြင်းဖြစ်သည်။ ဟီလာရီကသူ့ထက် အရင်နာမည်ပေါက်ပြီး၊ အမတ်အများစု ထောက်ခံမှုရပြီး၊ ရန်ပုံငွေတောင့်တင်းပြီးဖြစ်သည်။ သို့သော် နောက်ဆုံးသူအသာစီးရသွားခြင်းက သမ္မတမဲဆွယ်ပွဲများတွင် စည်းရုံးလုပ်ကိုင်ပုံများ၌ သမိုင်းသစ်ဖွင့်လိုက်ဟန်ရှိပါသည်။

"ဒီမိုကရက်တစ်ဘက်မှာတော့ ဟီလာရီရဲ့မဲဆွယ်ပွဲဟာအပေါ်ကနေ အောက်ကို ဆင်းတဲ့နည်းနဲ့သွားတဲ့ နောက်ဆုံးမဲဆွယ်ပွဲပဲ ဖြစ်လိမ့်မယ်လို့ ထင်တယ်"ဟု ဝါရင့်ဒီမိုကရက် တစ်စည်းရုံးရေးမှူးဂျိုးထရစ်ပီကပြောသည်။သူက ၂၀၀၄ ခုနှစ် ဟောင်းဝပ်ဒင်းမဲဆွယ်ပွဲနှင့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ဂျွန်အက်ဒွပ်မဲဆွယ်ပွဲများ၌ ပါဝင်ခဲ့သည်။ "သမ္မတလောင်းတွေ သဘောပေါက်လာတာက အောက်ကနေ အထက်ကိုဆန်တက်တဲ့ မဲဆွယ်ပွဲပုံစံနဲ့မဲဆွယ်ရမယ်ဆိုတာပဲ။ ပြည်သူကို "ဟုတ် ကဲ့၊ ခင်ဗျားတို့မှာအသံရှိတယ်၊ အဲဒီအသံကိုသုံးကြပါ' လို့ သဘောပေါက်အောင် လုပ်ရမယ် ဆိုတာကိုပေါ့။

### လမ်းဟောင်းကိုကျော်၍

မဲဆွယ်ပွဲမဟာဗျူဟာ ပြောင်းလဲမှုတွင် တစ်ပြိုင်နက်တည်း ယှက်နွယ်နေသော အကြောင်းရင်းသုံးရပ်ရှိသည်။ပထမတစ်ချက်ကဒီမိုရက်တစ်တို့သည် မဲဆွယ်ရန်ပုံငွေကို တိုးရအောင်စွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ဒုတိယအချက်ကပါတီဘက်တော်သား ပြည်သူများ အားစရိတ်သက်သက်သာသာဖြင့် ရှာဖွေဆက်သွယ်နိုင် စွမ်းကောင်း လာခြင်းဖြစ်သည်။ တတိယတစ်ချက်က ပြည်သူများကိုယ်၌မိမိထောက်ခံသော သမ္မတလောင်းအတွက် စိတ်တူ ကိုယ်တူလူတွေစုပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မဲဆွယ်ကြခြင်းဖြစ်သည်။

ထိုသို့သော တက်ကြွလှုပ်ရှားသူများထဲတွင် တောင်ပိုင်းကာလီဖိုနီးယားတက္ကသိုလ် အနုပညာတွဲဘက်ပါမောက္ခပန်းပုဆရာမဘာဘရာမကာရင်လည်းပါဝင်သည်။ သူတို့ကြောင့် ရန်ပုံငွေကောက်ခံရာတွင်တော်လှန်ပြောင်းလဲမှုဖြစ်လာသည်။ဖေဖော်ဝါရီ ၅ရက်ပဏာမရွေး ကောက်ပွဲမတိုင်မီတနင်္ဂနွေတုန်းကလော့စ်အိန်ဂျလိစ်တွင် အိုဘားမား၏လူထု စည်းဝေးပွဲကျင်း ပခဲ့သည်။ ထိုအစည်းအဝေးမစတင်မီတွင်မကာရင်ကသည် အီလီနွိုက် ပြည်နယ်လွှတ်တော် အမတ်(အိုဘားမား)က သူ့ကိုမည်သို့မည်ပုံစိတ်တက်ကြွလာစေကြောင်း ဆွယ်တရားဟောခဲ့ ပါသည်။သူ့မဲဆွယ်ပွဲကိုသူမည်မျှလေးလေးနက်နက်ထောက်ခံကြောင်းကို ယခုလိုပြောသွား သည်။

"ကျွန်မနဲ့ကျွန်မအမျိုးသားညစာထွက်စားတိုင်းဒေါ်လာ ၈၀ လောက်စီကုန်တယ်။ ဒီတော့ညစာထွက်စားမယ့်အစား ဘားရက်ကိုကျွန်မတို့အလှူငွေထည့်လိုက်တယ်"

ရန်ပုံငွေထည့်ဝင်ရာတွင် များသောအားဖြင့် အင်တာနက်မှတစ်ဆင့် ခရက်ဒစ် ကတ်ဖြင့်ထည့်ဝင်ကြသည်။မကာရင်နှင့်တခြားတစ်ပိုင်တစ်နိုင်အလှူရှင်များ၏ ထည့်ဝင်ငွေ ကမနည်းပါ။ဂျော့ဝါရှင်တန်တက္ကသိုလ်တွင်အခြေစိုက်သောမဲဆွယ်ပွဲ ငွေကြေးဗိမာန်အဆိုအရ (Campaign Finance Institute)၂၀၀၄ခုနှစ်၊ဖေဖော်ဝါရီအတွင်းထိုစဉ်က လက်ရှိ သမ္မတဘုရှ်သည်ရန်ပုံငွေဒေါ်လာ၁၅၅သန်းတောင်းခံရရှိခဲ့ပြီး၊ ကယ်ရီကဒေါ်လာ၃၁သန်းသာ ရရှိခဲ့ သည်။ ၂၀၀၈ခုနှစ်ဖေဖော်ဝါရီအတွင်း အိုဘားမားကဒေါ်လာ၁၉၇သန်းရရှိခဲ့ပြီး ဟီလာရီကဒေါ်လာ၁၇၄သန်းရရှိခဲ့သည်။(အတည်မပြုနိုင်သောသတင်းများအရမတ်လ အတွင်းအိုဘားမားသည်နောက်ထပ်ဒေါ်လာသန်း၄၀ကောက်ခံရရှိပြီး ဟီလာရီကယင်းထက် ဝက်ခန့်ရရှိခဲ့သည်ဟု ဆိုပါသည်။)

ဗိမာန်၏ဆန်းစစ်ချက်အရတစ်ပိုင်တစ်နိုင်အလှူရှင်များ၏ ထည့်ဝင်မှုက တကယ်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ပင်အံ့သြစရာပါ။ ၂၀၀၄ခုနှစ်ဖေဖော်ဝါရီအတွင်းကယ်ရီသည်သူရရှိသည့် အလှူငွေ ဒေါ်လာသန်း ၂၀၀ခန့်ထဲတွင်သည်လို တစ်ပိုင်တနိုင် အလှူက ဒေါ်လာ၆သန်းအထိရှိခဲ့သည်။ (၂၀၀၀ပြည့်နှစ်တုန်းကပဏာမ ရွေးကောက်ပွဲကာလတစ်ခုလုံးအတွင်းအယ်လ်ဂိုး ကောက်ခံရရှိခဲ့သည့် ပမာဏ ဖြစ် ပါသည်။)ဗိမာန်အဆိုအရဘုရှ်သည် တစ်ပိုင်တနိုင် အလှူရှင်များထံက ဒေါ်လာ ၂၇ သန်းကောက်ခံရရှိခဲ့ပါသည်။ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ အတွင်း အိုဘားမားက အလှူငွေဒေါ်လာသန်း ၂၀၀ခန့်တွင် တစ်ပိုင်တနိုင်အလှူငွေက ဒေါ်လာ ၇၆ သန်းအထိ ရရှိခဲ့ပါသည်။

ထည့်ဝင်ငွေတွေ သွန်ဆင်းလာသောကြောင့် မဲဆန္ဒရှင်များဆီ သမား ရိုးကျနည်းဖြင့် ဆက်သွယ်ရာ၌ အိုဘားမားနှင့် ဟီလာရီတို့ ပိုမိုသုံးစွဲလာနိုင် သည်။ INSMI မဲဆွယ်ပွဲမီဒီယာအကဲဖြတ်အုပ်စုအဆိုအရ မတ်လနှောင်းပိုင်း အထိကာလအတွင်း ဒီမိုကရက်တစ်တို့ ရုပ်မြင်သံကြားတွင်ကြော်ငြာထည့်သွင်းခဲ့မှုမှာဒေါ်လာ၁၀၉သန်းဖိုးရှိပါသည်။ သည်ပမာဏက လွန်ခဲ့သောလေး နှစ်ကထက်နှစ်ဆရှိသလို ၂၀၀၀ပြည့်နှစ်ကသုံးခဲ့သည်ထက်ခြောက်ဆ ဖြစ်ပါသည်။

မဲဆွယ်ပွဲဝန်ထမ်းဦးရေကလည်း အများကြီးတိုးလာသည်။ အိုင်အိုဝါ ပြည်နယ်တွင် သည်နှစ်တွင် ဟီလာရီအတွက်နှင့် ၁၉၈၈ခုနှစ်က မိုက်ကယ်ဒူကာကစ်အတွက် မဲဆွယ်အဖွဲ့ကခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သူထရိဆာဗီလ်မိန်းအဆိုအရအိုဘားမားနှင့် ဟီလာရီအဖွဲ့များတွင် ဝန်ထမ်းဦးရေသည်လွန်ခဲ့သောလေးနှစ် ကယ်ရီတုန်းကထက်နှစ်ဆရှိပြီး လွန်ခဲ့သော နှစ် ၂၀ ဒူကာကစ်ခေတ်ထက် လေးဆပိုလာပါသည်။

ဝန်ထမ်းတွေများလာသည်ဆိုခြင်းထက်ပိုပြီးထူးခြားသည်က စေတနာ့ ဝန်ထမ်းတွေများလာသည်ဆိုခြင်းပါ။ယခင်ကဝန်ထမ်းတွေကစေတနာ့ဝန်ထမ်းများကို ကူရသည်အကြောင်းကဝန်ထမ်းများ၏ပင်မတာဝန်ကစေတနာ့ဝန်ထမ်းများထံမှ အကူအညီကိုယူရသောကြောင့်ဖြစ်သည်။သို့သော် သည်တစ်ကြိမ်တွင်တော့ စေတနာ့ဝန်ထမ်းများက အင်တာနက် အကူအညီဖြင့်မဲဆွယ်ပွဲထဲဝင်လာကြသည်။ဥပမာဟီလာရီတို့မဲဆွယ်အဖွဲ့ လုန်းစတားနယ်သို့ ရောက်လာသောအခါ တက္ကဆက်နယ်သား ၄၀,၀၀၀ခန့်က စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်မည်ဖြစ်ကြောင်း ဝက်ဘ်ဆိုက်ပေါ်မှ အမည်စာရင်းတင်ထားပြီး ဖြစ်နေသည်။အိုဘားမားအတွက်ဆိုလျှင် ကိန်းဂဏန်းက ၁၂၅,၀၀၀အထိပင်ရှိပါသည်။အတိတ်တုန်းကမူ စေတနာ့ဝန်ထမ်းတွေရဖို့ လနှင့်ချီ၍ ရှာဖွေစည်းရုံးခဲ့ရသည်။

ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းဦးရေများတိုးလာသလို သူတို့တစ်တွေ၏ စွမ်းဆောင်ရည်လည်းတက်လာသည်။ ယခင်ကမဲဆွယ်ပွဲဖုန်းဘဏ်များမှာ ပါတီရုံးလိုင်းဖုန်းများသာဖြစ်၍ အကန့်အသတ်နှင့် ဖြစ်နေခဲ့သည်။ သည်နှစ်ကာလီဖိုးနီးယားတွင် ဟီလာရီက BYOP (bring your own phoneကိုယ့်ဖုန်းကိုယ်ယူခဲ့) အစီအစဉ်ဖြင့်ဆော်သြခဲ့သည်။ ပါတီကိုထောက်ခံ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

သူများက မိမိတို့လက်ကိုင်ဖုန်းများကိုပါ မဲဆွယ်ပွဲ အတွက်ထည့်ဝင်သုံးစွဲကြရန် ဖြစ်ပါသည်။

အိုဘားမားရောဟီလာရီပါနည်းပညာကိုကောင်းကောင်းအသုံးချခဲ့ကြသည်။ ပစ်မှတ်ထားသောမဲဆန္ဒရှင်စာရင်းဝက်ဘ်ဆိုက်ထားရှိသည်။ထို ပုဂ္ဂိုလ်များထံ ပါတီထောက်ခံသူများကသူတို့အိမ်ဖုန်းဖြင့်သူတို့ဘာသာဆက်သွယ်၍မဲဆွယ်စည်းရုံးကြသည်။ထိုသို့ဖုန်းခေါ်သည့်ရလဒ်များကို ဒေတာဘေ့စ်ထဲထည့်သွင်းပေးခြင်းဖြင့် နောက်ဆက်တွဲလုပ်ရမည်များကိုပါစီစဉ်ပြီးသားဖြစ်သွားသည်။သည်စနစ်ကြောင့် ဒေသခံပါတီထောက်ခံသူများသည်သူတို့ ဘာသာလှုပ်ရှားခွင့်ရလာသည်။အိမ်တိုင်ရာရောက်မဲဆွယ်စည်းရုံးရေးဆင်းခြင်းမျိုးလုပ်လာကြသည်။

သည်နည်းဖြင့် သမ္မတလောင်းများသည် ပဏာမရွေးကောက်ပွဲများအတွက် မဲဆန္ဒရှင်များနှင့် ထိတွေ့နိုင်ခဲ့ပါသည်။ဇန်နဝါရီပဏာမရွေးကောက်ပွဲမတိုင်မီ ငါးရက်အတွင်းနယူးဟမ့်ရှိုင်းယားပြည်နယ်မှ ဟီလာရီထောက်ခံသူများက တခြားပြည်နယ်များသို့ဖုန်းအကြိမ် ၆၂၅,၀၀၀ ခေါ်ပြီးမဲဆွယ်စည်းရုံးခဲ့သည်။ကာလီဖိုးနီးယားပဏာမ ရွေးကောက်ပွဲမတိုင်မီညကအိုဘားမားဘက်တော်သားများက ဖုန်းအကြိမ်၁၀၀,၀၀၀ဆက်ပြီး မဲဆွယ်ခဲ့သည်။ ပဏာမရွေးကောက်ပွဲနေ့တွင်ဟီလာရီမဲဆွယ်အဖွဲ့ကကာလီဖိုးနီးယားမဲဆန္ဒရှင်၁၀၀,၀၀၀ထံဖုန်းခေါ်ခဲ့သည်။အိုဟိုင်းယိုးတွင်ပြည်နယ်ပဏာမရွေးကောက်ပွဲမတိုင်မီ စနေ၊တနင်္ဂနွေနေ့များတွင် အိုဘားမားကိုထောက်ခံသူစေတနာ့ဝန်ထမ်း ၇၀၀,၀၀၀ကအိမ်တကာတံခါးခေါက်ပြီး မဲဆွယ်စည်းရုံးခဲ့ပါသည်။

ယင်းတို့မှာ ဒီမိုကရက်တစ်ပါတီဘက်က လှုပ်ရှားဆောင်ရွက်မှုနှင့် ပတ်သက်သော ကိန်းဂဏန်းများဖြစ်ပါသည်။

နည်းပညာကြောင့် တကယ့်မဲဆန္ဒရှင်တွေဆီအထိ ကျွန်တော်တို့ လက်လှမ်းမီလာတယ်။ အရင်တုန်းကဆို နိုင်ငံနဲ့အဝှမ်းလုပ်တဲ့ မဲရွေးပွဲတွေမှာ ဒီလို ဘယ်လုပ်နိုင်မှာလဲ" ဟုကာလီဖိုးနီယားနှင့်တက္ကဆက်ပြည်နယ် ပဏာမမဲဆွယ်များတွင် ဟီလာရီအတွက် အောင်မြင်စွာ ဆောက်ရွက်ပေးခဲ့သော ဝါရင့်စည်းရုံးရေးမှူး အက်ဗရဲလ်စမစ်က ပြောပါသည်။

ကွန်ရက်ခေတ်ဖြစ်၍လည်းမဲဆွယ်ပွဲများ လက်တံကပိုရှည်လာသည်။ သတင်းစာ၊ ရုပ်မြင်သံကြားသတင်းတို့ကိုအားမကိုးဘဲ အီးမေးလ်၊ မဲဆွယ်ပွဲ ဝက်ဘ်ဆိုက် နှင့် အွန်လိုင်းဗီဒီယိုတို့အားဖြင့်မဲဆန္ဒရှင်များထံတိုက်ရိုက်ဆက်သွယ်လာကြသည်။အမေရိကန် အများစုကတော့သမ္မတလောင်းများအကြောင်းကိုသမားရိုးကျမီဒီယာများကနေပဲ ရနေကြဆဲပါ။ (ရုပ်မြင်သံကြားသတင်း၊ သတင်းစာနှင့် သူတို့ဝက်ဘ်ဆိုက်များမှဖြစ်သည်။) အဆိုပါမီဒီယာများကလည်းမဲဆွယ်ပွဲသတင်းများကို ဝေဝေဆာဆာဖော်ပြပေးလေ့ရှိပါသည်။ သို့သော် သမ္မတလောင်းများနှင့်(သူတို့ကိုဝေဖန်သူများ)သည်အများပြည်သူကို အများပြည်သူသုံးမီဒီယာ (သတင်းစာ၊ရုပ်မြင်သံကြား) တို့မှမဟုတ်ဘဲ ထိထိ ရောက်ရောက် ဆက်သွယ်နိုင်စွမ်းရှိသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

သည်အကြောင်းကို သတင်းစာဆရာ ဂါးရက်ဂရဖ်က သူ၏The First Campaign: Globalization, The Web, and the Race for the White House စာအုပ်တွင်ရေးထားပါသည်။အများပြည်သူသုံး မီဒီယာကို ကျော်ပြီး မဲဆန္ဒရှင် တစ်ဦးချင်းစီထံ ပေါက်အောင်လုပ်နိုင်ခဲ့ပြီဟူ၍ ဖြစ်ပါသည်။

အိုဘားမားသည်သူ့ခရစ်ယာန်ဘုန်းကြီးဂျရေမိုယာရိုက်၏ ပြောကြား ချက်ကိုတုံ့ပြန်သောမိန့်ခွန်းကိုသူ့မဲဆွယ်ပွဲပင်မစာမျက်နှာတွင်ဗီဒီယိုအဖြစ်ရော၊ စာသားနှင့်ပါ တင်ခဲ့သည်။ ထို့နောက်သူ့အားထောက်ခံသူစာရင်းထဲရှိလူအားလုံးထံ ဗီဒီယိုကိုကြည့်ဖို့သို့မဟုတ်မိန့်ခွန်းစာသားကိုဖတ်ဖို့၊ ပြီးလျှင်မိတ်ဆွေအပေါင်းအသင်းများထံဆက်ဖြန့်ပေးဖို့ အီးမေးလ်ရိုက်ခဲ့သည်။သည်လိုလှုံ့ ဆော်မှုကြောင့် ၃၇မိနစ်အကြာအဆိုပါမိန့်ခွန်းကို You Tube ပေါ်တွင် အကြိမ်ပေါင်း ၅. ၂သန်းတက်ကြည့်ခဲ့ပါသည်။ယင်းမှာ ကြိုးသွယ်သတင်းကွန်ရက်တွင် စံချိန်တင်ကိန်းဂဏန်းဖြစ်ပါသည်။အိုဘားမားက သူ့မိန့်ခွန်းကို ဦးစားပေးခြင်းမှာ ဘုန်းတော်ကြီးရိုက်က သူ့ဟောကြားချက်ကို အွန်လိုင်းပေါ်တင်ခဲ့သောကြောင့်ဖြစ်သည်။

သည်အကြာင်းကိုမီဒီယာများတွင်ဖော်ပြခြင်း၊ အိုဘားမား၏ တုံ့ပြန်ချက်တို့ကြောင့် လူထုအမြင်ပေါ် အတိုင်းအတာတစ်ခုအထိသက်ရောက်မှုရှိခြင်းကြောင့် ဆန်းစစ်သူများကသဘောကြိုက်ညီကြသည်။ယခင်ကမူသည်လိုအချေအတင်ဖြစ်မှုကိုသတင်း မီဒီယာများမှာပဲကြားသိကြရပေမည်။ နည်းပညာနှင့်နိုင်ငံရေးကိုလေ့လာသော Tech President ဝက်ဘ်ဆိုက်ကိုပူးတွဲတည်ထောင်ခဲ့သူမိုကာဆစ်ဖရိုက်ကယခုအပြောင်းအလဲသည်သတင်းထောက်၊အယ်ဒီတာ၊ ရုပ်သံထုတ်လုပ်သူ၊ဝေဖန်အကဲဖြတ်များကတင်ဆက်သော sound-bite နိုင်ငံရေးမှသည် အချေအတင်ဖြစ်သူများကိုယ်တိုင်ပါဝင်သော sound-blast နိုင်ငံရေးသို့ ပြောင်းခဲ့ပြီဟုဆိုပါသည်။

"အရင်ကရုပ်မြင်သံကြား၊သတင်းစာတွေကနေထုတ်လွှင့်တဲ့ နိုင်ငံရေး နိဠတံသွားပြီလို့တော့ မပြောချင်ပါဘူး။ ဒါပေမယ့် အဲဒါတွေက ခေတ်တိမ်လာပြီ။အခုက sound-bite လား၊ sound-blast လားဆိုတာကိုစမ်းသပ်ရမယ့်စိတ်ဝင်စားစရာအချိန်ဗျ"ဟု ဆစ်ဖရိုက်ကပြောပါသည်။

### လုပ်ပိုင်ခွင့်ကို လွှဲပေးခြင်း

သည်သမိုင်းတွင်သည် မဲဆွယ်ပွဲဖြစ်ထွန်းမှုများမှ ဟီလာရီရောအိုဘားမားပါ အကျိုးရှိခဲ့ကြသည်။သို့သော် အိုဘားမားကပိုသာသည်။

"အခြေခံလူတန်းစားရဲ့ ထောက်ခံမှုကိုသာမရရင် ကျွန်တော်တို့ ဒီပွဲ ကိုဝင်ပါနိုင်မှာမဟုတ်ဘူး"ဟုအိုဘားမား၏မဲဆွယ်ပွဲ လက်ထောက်မန်နေဂျာစတိဗ် ဟီလ်ဒီဘရင်း ကပြောပါသည်။

အိုဘားမား၏ မဲဆွယ်ပွဲတွင် ဝန်ထမ်းများခန့်ရန်၊ထောက်ခံသူများကိုစည်းရုံးရန်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

တို့အတွက် အင်တာနက်ကို ထိထိရောက်ရောက် အသုံးချခဲ့ကြောင်း နည်းပညာ ကျွမ်းကျင်သူများကရောပါတီနှစ်ရပ်စလုံးမှ နိုင်ငံရေးကျွမ်းကျင်သူ များကပါ တညီတညွတ်တည်းပြောကြသည်။ ၂၀၀၄ ခုနှစ်တုန်းက ဟောင်းဝပ်ဒင်း မဲဆွယ်ပွဲတွင်အွန်လိုင်းတင်ပေးခဲ့သူ ထရစ်ပီကယခုမဲဆွယ်ပွဲကို နောက် ကြောင်းပြန်နှိုင်းယှဉ် သုံးသပ်ရာ၌ "ရိုက်ညီနောင်လိုပေါ့ဗျာ။ခင်ဗျားပျံနိုင်တယ်ဆိုတာကျွန်တော်တို့ကသက်သေပြပေးလိုက်တာပါ"ဟုဆိုသည်။ သူက "တကယ်တော့ အိုဘားမားကလပေါ်မှာခြေချတဲ့လူ"ဟူ၍ နှိုင်းယှဉ်ပြောပြ သည်။

အိုဘားမား မဲဆွယ်အဖွဲ့က ကြေညာရာတွင် တစ်ဦးချင်းအလှူရှင် ၁. ၃ သန်းရှိသွားပြီဟုဆိုသည်။ ယင်းတို့အနက် သုံးပုံတစ်ပုံမှာတစ်ကြိမ်ထက်မကထည့်ဝင်ခဲ့ကြသည်။ (ဟောင်းဝပ်ဒင်းအတွက် လူ ၃၀၀,၀၀၀သာ ထည့်ဝင်ခဲ့ကြောင်းထရစ်ပီကပြောသည်။) အလားတူပင် မဲဆွယ်ပွဲတွင်ဝင်လုပ်ပေးမည်ဆိုပြီး လူ၇၅၀,၀၀၀က My Barack Obama.com ဝက်ဘ်ဆိုက်၌ စာရင်းပေးသွင်းခဲ့သည်။

ယင်းကိုအိုဘားမားဝိုင်းတော်သားများက My Bo ဟူ၍အတိုကောက်ခေါ်ကြသည်။သည်ဝက်ဘ်ဆိုက်ပေါ်တွင်ထောက်ခံသူများက သူတို့ကိုယ်ပိုင်မဲဆွယ်ပွဲငယ်များ ပြုလုပ်ကြသည်။အထူးသဖြင့်သူတို့ပစ်မှတ်ထားသောမဲဆန္ဒရှင်များကိုစည်းရုံးရန်၊ သူတို့ကိုယ်ပိုင်အိုဘားမားရန်ပုံငွေကောက်ခံရေးစာမျက်နှာတင်ရန်၊သူတို့ကိုယ်ပိုင်မဲဆွယ်လှုပ်ရှားမှု များကိုတင်ရန်နှင့် အိုဘားမားကလပ်အသင်းဖွဲ့ရန်တို့အတွက် ဖြစ်ပါသည်။(ကလပ်အသင်းဖွဲ့သည်ဆိုခြင်းမှာမဲဆွယ်စည်းရုံးမှုပိုမိုထိရောက်စေရန်ဖြစ်သည်။)မဲထည့်ရုံထက်မက အိုဘားမား အတွက်တစ်နည်းမဟုတ်တစ်နည်းပါဝင်လုပ်ကိုင်ပေးခဲ့သူပေါင်း ၂သန်းကျော်ရှိလိမ့်မည်ဟုအိုဘားမားဝိုင်းတော်သားများကတွက်သည်။

အွန်လိုင်းပေါ်တွင်အိုဘားမားတစ်ယောက် သည်လောက်အထိ ရေပန်းစား ရခြင်းမှာ သူသည်လူငယ်များနှင့်လူချမ်းသာများကို ဆွဲဆောင်ထားနိုင်သော ကြောင့် ဖြစ်သည်။ သူတို့အားလုံးကအင်တာနက်သုံးသူများပါ။ ထို့ပြင်သူကချီကာဂိုနယ်မြေ စည်းရုံးရေးမှူးဟောင်းတစ်ဦးဖြစ်သည်နှင့်အညီ သူ့ကိုထောက်ခံသူများကြားတွင်အသိုက် အဝန်း ကလေးတစ်ခုတည်ဆောက်ခဲ့သောကြောင့်လည်း ဖြစ်သည်။

သူ့မဲဆွယ်ပွဲတွင် သူနှင့်အတူ ညစာစားရမည့်အလှူရှင်များကို ရွေး ချယ်ယူသည်။ အလှူရှင်လူဟောင်းနှင့်အလှူရှင်လူသစ်များကို မိတ်ဆက်ပေးပြီးသူတို့အချင်းချင်း အဆက်အသွယ်မပြတ်ရှိစေသည်။ထို့ပြင် Camp Obama ဟောပြောပွဲများကျင်းပကာ-"မဲဆွယ်ပွဲမဟာဗျူဟာပြောင်းလဲမှုတွင်တစ်ပြိုင်နက်တည်းယှက်နွယ်နေသောအကြောင်းရင်းသုံး ရပ်ရှိသည်။ပထမတစ်ချက်ကဒီမိုကရက်တစ်တို့သည်မဲဆွယ်ရန်ပုံငွေကို တိုးရအောင်စွမ်းဆောင်လာနိုင်ခြင်းဖြစ်သည်။ဒုတိယအချက်ကပါတီဘက်တော်သား ပြည်သူများအားစရိတ်သက်သက်သာသာဖြင့် ရှာဖွေဆက်သွယ်နိုင်စွမ်းကောင်းလာခြင်းဖြစ်သည်။တတိယတစ်ချက်

## အိုဘားမားကောက်ကြောင်း

ကပြည်  သူများကိုယ်၌မိမိထောက်ခံသောသမ္မတလောင်းအတွက်စိတ်တူကိုယ်တူလူတွေစုပြီးကိုယ့်နည်းကိုယ့်ဟန်ဖြင့်မဲဆွယ်ကြခြင်းဖြစ်သည်။”စေတနာ့ဝန်ထမ်း များကို စည်းရုံးရေးမှူးများဖြစ်အောင် လေ့ကျင့်သင်တန်းပေးပါသည်။

“ကျွန်တော်တို့လုပ်တာအားလုံးကလူမှုအသိုက်အဝန်းတစ်ခုတည်ဆောက်ပြီးအဲဒါကိုခိုင်မာလာအောင်စုစည်းယူတာပဲဖြစ်ပါတယ်”ဟုမဲဆွယ်ပွဲ အဖွဲ့၏ ဈေးကွက်ညွှန်ကြားရေးမှူး မီဂဟန်ဘားဒစ်ကပြောပါသည်။

အရေးကြီးဆုံးကအိုဘားမားသည် စေတနာ့ဝန်ထမ်းများကိုထူးထူးကဲကဲ စွမ်းအားရှိလာစေခြင်းဖြစ်သည်။ ၂၀၀၈ခုနှစ် သမ္မတရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာအားလုံးသူတို့၏ My Bo ဝက်ဘ်ဆိုက်မှာရှိနေသည်။ သို့သော်သူ့ကိုထောက်ခံသူများက သည်ဝက်ဘ်ဆိုက်တွေကိုမကြုံဘူးလောက်အောင်သုံးစွဲဖြစ်သွားရန် အိုဘားမားမဲဆွယ်ပွဲကလုပ်ဆောင်ပေးထားသည်။

ကာလီဖိုးနီးယားပြည်နယ်တွင် အပိုင်နယ်ခေါင်းဆောင် ၅၀၀၀ထား သည်။ သူတို့ကပြည်နယ်တစ်ခုလုံးရှိ စေတနာ့ဝန်ထမ်းများနှင့် အဆက်အသွယ်ရှိနေသည်။သို့ဖြင့် သူတို့ဆိုင်ရာအပိုင်တွင်အခမဲ့ဝန်ထမ်းများကိုစည်းရုံးထားနိုင်သည်။ထိုမျှမက အပိုင်နယ်ခေါင်းဆောင်များသည် တခြားနယ်များမှ စေတနာ့ ဝန်ထမ်းများကိုလည်း လှမ်းပြီးဆက်သွယ်နိုင်ပါသည်။

တက္ကဆက်ပြည်နယ်တွင် အပိုင်နယ်ခေါင်းဆောင်များအား စာရင်းပေါက် ပစ်မှတ်မဲဆန္ဒရှင်များကိုဆက်သွယ်ရန်အခွင့်အာဏာပေးထားသည်။သူတို့နေရာရှိ စေတနာ့ဝန်ထမ်းစာရင်းကိုလည်း ပေးထားသည်။ သည့်နောက် အဆိုပါပစ်မှတ်များကို မည်သို့မည်ပုံဆက်သွယ်ရမည်ကိုစဉ်းစားဆုံးဖြတ်စေသည်။“ဒီအတိုင်းအတာကအရင်ဟာ ဘယ်သူမှမလုပ်ဖူးခဲ့တာမျိုးပဲ၊ မဲဆွယ်ပွဲမှာ လူအများကြီးပါပြီး အများကြီးလည်းကိုင်တွယ်လုပ်ကိုင်ခွင့်ရှိနေတယ်”ဟု အိုဘားမား၏ မီဒီယာညွှန်ကြားရေးမှူးအသစ်ဂျိုးရော့စ်ပါကပြောပါသည်။ သူက ဟောင်းဝပ်ဒင်းမဲဆွယ်ပွဲတွင်ကူခဲ့ဖူးသည့်ဝါရင့်လူငယ်တစ်ဦးပါ။

တကယ်တမ်းပြောရလျှင် အိုဘားမားကို ထောက်ခံသူများအား လုပ်ကိုင်ခွင့်တွေအများကြီးပေးထားသည်ဟုဆိုနိုင်ကောင်းသည်။သူ့ကိုထောက်ခံသူများသည်အိုဘားမားနှင့်ပတ်သက်သောအမှတ်တရဗီဒီယိုများကိုသူ့ဝန်ထမ်းများထံမှ  ခွင့်ပြုချက်ယူရန်မလိုဘဲသူတို့ဘာသာထုတ်လုပ်ဖြန့်ချီနိုင်သည်။ သည်လိုထုတ်လုပ်သည့်ဗီဒီယိုသုံးခုကို You Tube တစ်ခုတည်းပေါ်မှာပင်အကြိမ်ပေါင်း ၂၆သန်း တက်ကြည့်ခဲ့ကြသည်။ တစ်ဖက်မှဟီလာရီတို့ထုတ်လွှင့်သောဗီဒီယိုကိုမူ လူ ၁သန်းခန့်ကသာ ကြည့်ခဲ့ပါသည်။

သည်လိုထောက်ခံသူများကသူတို့ဘာသာ ထွင်လုပ်သော လုပ်ရပ်များကြောင့်အိုဘားမားအတွက်  အထောက်အကူဖြစ်ရသည်။တက္ကဆက်ပြည်နယ်တွင်သူ့စည်းရုံးရေး၏အခြေခံကစာဖတ်အသင်းကလေးတစ်ခုမှစခဲ့သည်။ သည်အသင်းကို အော်စတင် မြို့မှ

## အိုဘားမားကောက်ကြောင်း

သူငယ်ချင်းနှစ်ဦးကတည်ထောင်ခဲ့သည်။အိုင်ဒါဟိုပြည်နယ်မှာဆိုလျှင်စည်းရုံးရေး ဆင်းရန် အိုဘားမားကသူ့လူကို မလွှတ်မီ ရှစ်လကပင်သူ့အားထောက်ခံသူများက သူတို့ဘာသာ အစည်းအဝေးများကိုကျင်းပနေခဲ့ပြီဖြစ်သည်။အဆိုပါထောက်ခံသူများက စည်းရုံးရေး လုပ်ငန်း များကိုထိရောက်စွာလုပ်ဆောင်ထားပြီးဖြစ်သည့်အပြင်မဲဆွယ်ရုံးကိုပင်ဖွင့်လှစ်ထားရှိပြီး ဖြစ်နေသည်။ကာလီဖိုးနီးယားပြည်နယ်တွင် အိုဘားမားမဲဆွယ်ပွဲအတွက် ဆောင်ရွက်နေသူ ဝါရင့်ပုဂ္ဂိုလ်တစ်ဦးမှာ မစ်ချဲရှုလ့်ဖြစ်သည်။ဒီဇင်ဘာတုန်းက သူ့အိမ်မှာ မွေးနေ့ပွဲကျင်းပခဲ့သည်။ ထိုစဉ်က အိုဘားမား အတွက် စေတနာ့ဝန်ထမ်းမဲဆွယ်ပေးနေသူများက လက်ကမ်းစာရွက် ကလေးတစ်ရွက်သူ့အိမ်မှာထားသွားသည်ကိုမိတ်ဆွေတစ်ယောက်ကပြခဲ့သည်။ယင်းမှာလက် ကမ်းစာရွက်ကိုရော၊ စေတနာ့ဝန်ထမ်း မဲဆွယ်သူများအကြောင်းကိုပါရှုလ့်ပထမ ဦးဆုံးကြား သိလိုက်ရခြင်းဖြစ်သည်။

"ဒါသူတို့ဘာသာသူတို့လုပ်ကြတာ။လူတွေကဒါဟာသူတို့မဲဆွယ်ပွဲလို့ ခံယူထားကြ တာလေ။ ဒီလူ့ကို ရွေးကောက်ခံရစေချင်တယ်။ ဒီတော့ သူတို့ ကို ဘာတွေ ဘာတွေလုပ်ပါလို့ ကျွန်တော်တို့အပြောကို သူတို့က ဘာ့ကြောင့် စောင့်နေတော့မှာလဲ" ဟုသူကပြောပါသည်။

## ညက်ကွန်ခြင်းနှင့် တီထွင်ခြင်း

တစ်ဖက်တွင် ဟီလာရီကလင်တန်ကလည်း မဲဆွယ်အဖွဲ့ကြီးတစ်ခုကိုဖွဲ့စည်း ထားသည်။ မဲဆွယ်စည်းရုံးမှုများ ထိပ်တိုက်တိုးခဲ့သည့်ကာလီဖိုးနီးယား၊ အိုဟိုင်းယိုးနှင့် တက္ကဆက်ပြည်နယ်များတွင် အိုဘားမားဘက်တော်သားများ ထက်မိမိတို့ကပိုပြီး စွမ်းဆောင် နိုင်ခဲ့ကြောင်း သူ့ဝန်ထမ်းများက ပြောပါသည်။

"နှစ်ဖက်စလုံးဝင်ကစားရတဲ့ပွဲတွေမှာ သူတို့ထက် ကျွန်တော်တို့က ပိုပြီး စည်းရုံး နိုင်ခဲ့တယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျာ"ဟု ဟီလာရီ၏ မဲဆွယ်အဖွဲ့ ညွှန်ကြားရေးမှူး ရိုင်းဆီးဆီးလ်က ပြောပါသည်။

ဟီလာရီ၏ ကနဦးအင်တာနက်မှမဲဆွယ်မှုကိုဟန်ပြသက်သက်ဟူ၍ ဝေဖန်ခဲ့ကြ သည်။သို့သော်ယှဉ်ပြိုင်မဲဆွယ်မှုအရှိန်တက်လာသည့်နှင့်အမျှ သူ့မဲဆွယ်မှုသည် အခြေခံလူ တန်းစားအပေါ်ပိုပြီးအာရုံစိုက်လာခဲ့သည်။ ဖေဖော်ဝါရီလဆန်းက သူ့မဲဆွယ်ပွဲအတွက် ဒေါ်လာ၅သန်းလိုနေခဲ့သည်။သည့်အတွက်ဟီလာရီသည်အလှူငွေများ၊ အပူတပြင်း ကောက်ခံ ခဲ့ရာ လမကုန်မီမှာပင်ဒေါ်လာသန်း၂၀၀ကောက်ခံရရှိခဲ့ပါသည်။သို့တစေအိုဘားမားကိုယ် စား စေတနာ့ဝန်ထမ်းများကပါဝင်ဆောင်ရွက်ပေးသည့်အတိုင်းအတာမျိုး ဟီလာရီဘက်တွင် မရှိခဲ့ဟူ၍ လေ့လာသူအများက သဘောကြိုက်ညီကြသည်။ အထူးသဖြင့် သူတို့ဘာသာသူ တို့လွတ်လွတ်လပ်လပ်ပါဝင်လုပ်ကိုင်ကြခြင်းမျိုးပါ။ သည်လိုအောက်မှအထက်သို့ လာသော ပုံစံကြောင့် အရေးပါသောပြည်နယ်များတွင်အိုဘားမားကအသာစီးရခဲ့ခြင်းဖြစ်ပါသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

"(ဟီလာရီ)ကလင်တန်ကအပေါ်အောက်ပုံစံနဲ့သွားရင်း ဒီခေတ်သစ်နဲ့ အသား ကျအောင်ကြိုးစားတယ်။ ဒါပေမယ့်ဖြစ်စဉ်တစ်ရပ်လုံးအနေနဲ့ခြုံကြည့်ရင် ထိုးထွင်းကြံဆခဲ့တာ မရှိဘူး"ဟုထရစ်ပီကပြောပါသည်။ဟီလာရီ၏ အဆင့်မြင့်ဝိုင်းတော်သားတစ်ဦးကလည်း အလားတူအကဲဖြတ်ခဲ့သည်။

"သူတို့က (အင်တာနက်သုံးတော့) ကျွန်တော်တို့ထက် အများကြီးမြန်တယ်. . . ကျွန်တော်တို့က နောက်ကျကျန်ရစ်ပြီးလိုက်မမီတော့ဘူး"

ဒီမိုကရက်နှစ်ယောက်နှင့် နှိုင်းယှဉ်လျှင်မက်ကိန်းက စိန်ခေါ်မှုများ နှင့်ပိုပြီးရင်ဆိုင် နေရပါသည်။အင်တာနက်ကွန်ရက်ဖြင့်လှုပ်ရှားဆောက်ရွက်မှုတွင် သူကနောက်မှာ အများကြီး ပြတ်ကျန်ရစ်သည်။ အွန်လိုင်းတွင် သူ့ဗီဒီယို ကြည့်သူ ဦးရေက ၃သန်းသာရှိသည် (အိုဘားမား အကြောင်းတက်ကြည့်သူဦးရေ၏ ဆယ့်နှစ်ပုံတစ်ပုံသာရှိပါသည်)။ရန်ပုံငွေ ထောက်ခံရရှိမှု တွင်လည်းအလွန်နည်းပါသည်။(ဖေဖော်ဝါရီအတွင်း ဒေါ်လာ ၇.၄ သန်းသာကောက်ခံ ရရှိခဲ့သည်)။ဘတ်ဂျက်ကိုင်နေရသဖြင့် ရီပတ်ဘလီကင်ပါတီ၏ ပဏာမရွေးကောက်ပွဲများတွင် မက်ကိန်း၏မဲဆွယ်ပွဲများ၌ စေတနာ့ဝန်ထမ်းများပါဝင်မှုမှာ ဟီလာရီနှင့်အိုဘားမားတို့လောက် ပွဲမစည်ချေ။

"(မက်ကိန်းတို့ လှုပ်ရှားတဲ့)အတိုင်းအတာကိုကြည့်ရင် ဒီမိုကရက်တွေရခဲ့တဲ့ အနေအထားနဲ့ဘာမှမဆိုင်ဘူး"ဟု မက်ကိန်း၏မဲဆွယ်ပွဲမန်နေဂျာလုပ်ခဲ့ဖူးသူ တယ်ရီနယ်လ် ဆင်ကပြောပါသည်။သူသည် ၂၀၀၄ခုနှစ်က ဘုရှ်ပြန်လည်အရွေးခံရအောင် ကြိုးစားခဲ့ရာတွင် လည်း ကွင်းဆင်းညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါသည်။

ရီပတ်ဘလီကင်များအတွက်မူ မက်ကိန်း၏ မဲဆွယ်ပွဲများလေးအီ နေမှုကစိတ်မ သက်သာစရာနှင့်မခံချင်စရာဖြစ်နေသည်။၂၀၀၀ပြည့်နှစ်သမ္မတယှဉ်ပြိုင်ပွဲတုန်းက အင်တာ နက်မှတစ်ဆင့်ရန်ပုံငွေစုဆောင်းသည့်လမ်းသစ်ထွင်ခဲ့သူမှာမက်ကိန်းဖြစ်သည်။(သူ့လုပ်ဆောင် ချက်ကိုကြည့်ပြီးထရစ်ပီတို့ကနောက်မှလိုက်လုပ်ခဲ့ကြခြင်းဖြစ်သည်။) နောက်ပြီး ရီပတ် ဘလီကင်ပါတီက တစ်ပိုင်တနိုင်အလှူရှင်များထံက ရန်ပုံငွေပိုရနေခဲ့သည်မှာ၁၉၇၀ပြည့် လွန် နှစ်များကတည်းကဖြစ်သည်။ ၂၀၀၄ခုနှစ်ဘုရှ်မဲဆွယ်ပွဲတွင်လည်း နောက်ဆုံးပေါ် နည်းပညာ များအားဖြင့် စေတနာ့ဝန်ထမ်း၁.၄သန်းပါဝင်သော အခြေခံလူတန်းစား မဟာမိတ်အင် အားစုကိုဖွဲ့စည်းနိုင်ခဲ့သည်။ဘုရှ်၏နိုင်ငံရေး မဟာဗျူဟာရှင်ကားလ်ရိုဗ်အဆိုအရသည်အချက် ကြောင့် ဘုရှ်သည် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရခြင်းဖြစ်ပါသည်။

သည့်နောက်ပိုင်းတွင်တော့ ရီပတ်ဘလီကင်ပါတီ၏ အဆိုပါကွန်ရက်သည် နိဒ္ဒိတံသွားခဲ့သည်ဟုပါတီတာဝန်ရှိပုဂ္ဂိုလ်များကလက်ခံခဲ့ကြသည်။ သည်ကွန်ရက်ကို မက် ကိန်း တစ်ယောက်ပြန်လည်အသက်သွင်းပေးနိုင်မလားဆိုခြင်းကိုလည်း သူတို့ကမယုံမရဲ ဖြစ်နေသည်။သို့သော်ရီပတ်ဘလီကင်အမျိုးသားကော်မတီနိုင်ငံရေး ညွှန်ကြားရေးမှူး

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ရစ်ချ်ဘီဆန်ကမူ သည်ဆောင်းဦးတွင် ပါတီသည် အင်အားတောင့်တင်းလာအောင် ဆောင်ရွက်နိုင်စွမ်းရှိလာမည်ဟုယုံကြည်နေပါသည်။"(ဒီမိုကရက်တွေ)အခုလုပ်နေတာ နဲ့ ကျွန်တော်တို့လုပ်နိုင်တာအပေါ် မှာနှိုင်းယှဉ်နေကြတာကို ကျွန်တော်ကတော့မမှုပါဘူး" ဟု သူကပြောပါသည်။သို့သော် ဒီမိုကရက်တစ်ပါတီမဲဆွယ်စည်းရုံးမှုများကို လုပ်ဆောင်နေသူများကမူ ပါတီ၏ပဏာမရွေးကောက်ပွဲများတွင်အခြေခံလူတန်းစားများ ဒီလှိုင်းသဖွယ်တိုးတက်ပါဝင်လာမှုများကိုကြည့်ပြီး အားတက်နေပါသည်။ အဆုံးတွင်သူတို့ကရီပတ်ဘလီကင် သမ္မတလောင်းထက်သာမည်ဟု ယုံကြည်နေကြသည်။

"အထွေထွေရွေးကောက်ပွဲ အချိန်ရောက်ရင် မဲဆန္ဒရှင်တွေနဲ့ ဆက်သွယ်မှုအတိုင်းအတာ အရင်ဘယ်တုန်းကနဲ့မှ မတူအောင်ကိုရှိလာလိမ့်မယ်လို့ ထင်ပါတယ်"ဟု ဟီလာရီဝိုင်းတော်သားဆီဆီးလ်ကပြောပါသည်။

ရီပတ်ဘလီကင်တို့ကသူတို့သည်ဒီမိုကရက်တွေ၏ စေတနာ့ဝန်ထမ်းစုဆောင်းမှုကို အမီလိုက်နိုင်ပါ့မလားဟူ၍စိုးရိမ်နေကြသည်။အကြောင်းမှာသည်ကွန်ရက်ကို ရီပတ်ဘလီကင်တို့ထက် ဒီမိုကရက်တို့က ပိုပြီးထိရောက်စွာတည်ဆောက်နိုင်ခဲ့သောကြောင့်ဖြစ်ကြောင်း နယ်လ်ဆင်ကပြောပါသည်။

ပစ္စက္ခကွန်ရက်ခေတ်တွင် ထောက်ခံသူများက သူတို့လိုလားသည့် သမ္မတလောင်းအကြောင်းကို လူမှုရေးကွန်ရက်ဝက်ဘ်ဆိုက်များတွင်တင်ပေးရန်အရေးကြီးပါသည်။အွန်လိုင်းဗီဒီယိုများဖန်တီးပြီးဖြန့်ချိပေးနိုင်ရမည်။အလှူငွေထည့်ဝင်ပေးရမည်။ ကိုယ့်ပတ်ဝန်း ကျင်မှာ မိမိထောက်ခံသည့် သမ္မတလောင်းအတွက် စေတနာ့ဝန်ထမ်းမဲဆွယ်စည်းရုံးပေးရပါမည်။ သမ္မတလောင်းတစ်ဦးသည် ဆိုခဲ့ပါအချက်များကိုကျွမ်းကျင်လိမ္မာစွာပေါင်းစပ်ကိုင် တွယ်နိုင်ရပါမည်။

အိုဘားမားပေါက်ရခြင်းသည်ထိုအချက်ကြောင့်ပင်ဖြစ်သည်။ သူတို့သည် နည်းပညာသစ်များကိုကျွမ်းကျင်စွာ အသုံးချခဲ့ရုံမကအိုဘားမားကိုယ်တိုင် ကလည်း လူအများကိုဉာဏ်ကွန့်မြူးလာအောင် လှုံ့ဆော်နိုင်စွမ်းရှိသောကြောင့်ဖြစ်ကြောင်း သူ့လက်ထောက်များကဆိုပါသည်။သည်အချက်ကိုငြင်းရန်တော့ခက်မည်။သို့သော်မျက်စိ လျှမ်းနေကြသည်က စိတ်ကူးဉာဏ်ကွန့်မြူးခြင်းနှင့် တီထွင်ဖန်တီးခြင်းတို့အကြား အပြန်အလှန်ဆက်နွယ်နေမှုကိုဖြစ်သည်။တကယ် ဖြစ်ထွန်းမှုက အင်တာနက်နည်းပညာတိုးတက်လာမှုကြောင့် လူထုကိုနိုးကြားလာအောင်လုပ်နိုင်စွမ်းရှိသည့် အိုဘားမားကဲ့သို့သမ္မတလောင်းများအတွက် ရေစုန်ရှက်တိုက်ဆိုသလိုပိုပြီးခရီးတွင်အောင်မြင်စေပါသည်။ ၁၉၈၄ခုနှစ်ဒီမိုကရက်တစ် သမ္မတလောင်းပြိုင်ပွဲတွင် ဂယ်ရီဟတ်သည်အများကိုလှုံ့ဆော်နိုင်စွမ်းရှိသော်လည်း ယင်းကိုပြန့်အောင်ဖြန့်မည့် အင်တာနက်မရှိခဲ့၍ ခများမှာအရေးနိမ့်ခဲ့ရသည်။

သည်ကနေ့ခေတ်တွင်မူ ထိုကဲ့သို့လှုံ့ဆော်နိုင်အားရှိသော သမ္မတ လောင်းသည်

# အိုဘားမားကောက်ကြောင်း

နည်းပညာအကူအညီဖြင့်ရန်ပုံငွေတိုးတက်ရရှိအောင် ကောက်ခံနိုင်သလို မဲဆန္ဒရှင်များနှင့်လည်း တိုက်ရိုက်ထိတွေ့နိုင်ပါသည်။သည်လိုစွမ်း ဆောင်နိုင်၍ ပဏာမရွေးကောက်ပွဲများနှင့် နောက်ဆုံးအထွေထွေရွေးကောက်ပွဲကြီးတို့တွင် ကျိန်းသေပေါက်အနိုင်ရပါလိမ့်မည်ဟုတော့မပြောနိုင်ပါ။သို့သော်မိမိအားထောက်ခံသူတွေများလာအောင် လုပ်ဆောင်ရေးကမူ အရေးကြီးပါ သည်။

သည်လို မဲဆန္ဒရှင်များနှင့် ကွန်ရက်ချိတ်ဆက်မှု ကြီးထွားလာခြင်းက မဲဆွယ်ပွဲများ၏အဓိပ္ပာယ်ကိုပင်ပြောင်းလဲသတ်မှတ်လာရသည်။ဒီမိုကရက်တစ် ပါတီမှ ဆန်းစစ်သူလေဒင်က သမိုင်းကြောင်းအရသမ္မတရွေးကောက်ပွဲများကို "အသက်၂၀ကျော်အရွယ် လူငယ်ဝန်ထမ်း၂၀၀လောက်နှင့်လုပ်ဆောင်လေ့ရှိတတ်သည်။သူတို့တစ်တွေက စစ်ဆင်ရေးအခန်းထဲထိုင်ရင်း အထူးသဖြင့်သမ္မတလောင်းအနီးတွင် ဟိုမှသည်ကိုကူးရင်းလှုပ်ရှားနေကြသည်"ဟု မှတ်ချက်ပေးပါသည်။ သို့သော်လာမည့်ဆောင်းဦးမဲဆွယ်ပွဲများတွင် ထိုကဲ့သို့သော ဝန်ထမ်းများကို မဲဆွယ်စင်မြင့်နောက်ဘက်တွင်တွေ့ရဦးမည်ဖြစ်သော်လည်း "သူတို့ထောက်ခံတဲ့ သမ္မတလောင်းအတွက် မဲဆွယ်ပွဲဌာနချုပ်က ခိုင်းသည်ဖြစ်စေ၊မခိုင်းသည် ဖြစ်စေ သူတို့ဘာသာဘာလုပ်မည်၊ညာလုပ်မည်ဆိုသော ပြည်သူသန်းပေါင်းများစွာကိုပါ တွေ့ရလိမ့်မယ်"ဟုလေဒင်ကပြောပါသည်။သည်အချက်ကိုရီပတ်ဘလီကင်ပါတီမှ မဟာဗျူဟာရှင်ရပ်ဖီနီကလည်းသဘောကြိုက်ညီသည်။"အခုကျွန်တော်တို့တွေ့နေရတာကမဲဆွယ်ပွဲကော်မတီနဲ့ဝန်ထမ်းတွေဆိုတာက ပေါင်မုန့်ရဲ့အဖွဲ့ကလေးတစ်ဖွဲ့လောက်ပဲရှိတော့တာ၊ကျန်တာက တကယ့်မဲဆွယ်ပွဲလှုပ်ရှားမှုကြီးတစ်ခုလုံးဖြစ်နေတယ်"ဆိုချင်သည်ကမဲဆွယ်ပွဲများကို ပြည်သူများ ကိုယ်တိုင်က ပါဝင်လုပ်ဆောင်လာသည် ဟူ၍ ဖြစ်ပါသည်။

သည်အပြောင်းအလဲကြောင့်သမ္မတမဲဆွယ်ပွဲမန်နေဂျာများနှင့် မဟာဗျူဟာရှင်များအတွက်မူ အနှောင့်အယှက်ဖြစ်ရသည်။အစဉ်အလာသူတို့ ထိန်းချုပ်ခဲ့ခြင်းမျိုး မလုပ်နိုင်တော့ချေ။ နောက်ပြီးသမ္မတလောင်းများအတွက်သည် ပြောင်းလဲလာမှုပုံစံက အကျိုးရှိစေသလိုတစ်ဖက်မှာဆိုးကျိုးများလည်းရှိပါသည်။အီးမေးလ်များဖြင့် နောက်ကွယ်က လက်သီးပုန်းထိုးခြင်းကိုခံရတတ်ပါသည်။အိုဘားမားသည် မွတ်စလင်တစ်ယောက် ဖြစ်သည်ဆိုပြီး (မခိုင်မမာ) သရုပ်ဖော်ခြင်းမျိုးပါ။

သို့သော် ယခုနှစ်ရွေးကောက်ပွဲပြီးသွားလျှင်တော့ ပြည်သူလူထုနှင့် ပေါင်းစည်းမှုကွန်ရက်တည်ဆောက်ခြင်းသည် အိမ်ဖြူတော်သို့ ရောက်ရှိနိုင်ရေးအတွက် မဖြစ်မနေကျင့်သုံးရမည့် မဟာဗျူဟာတစ်ရပ်ဖြစ်လာပါလိမ့်မည်။ ၁၉၆၀ပြည့်နှစ်နောက်ပိုင်း ရုပ်မြင်သံကြားမှဆက်သွယ်မှုပြုရန်မဖြစ်မနေစီစဉ်ခဲ့ရသလိုမျိုး ဖြစ်ပါသည်။

ယခုလိုကွန်ရက်ချိတ်ဆက်ခေတ်၏အကျိုးဆက်ကအမေရိကန်ပြည်သူများသည်နိုင်ငံရေးလုပ်ငန်းခွင်တွင် ပြန်ပြီးပါဝင်ပတ်သက်လာစေခြင်းဖြစ်နိုင်သည်။သို့မဟုတ်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

သည်တစ်ကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကောင်းဖြစ်မည်။ ထိုလှုပ်ရှားမှုသည် ရွေးကောက်ပွဲနေ့မှာပင်ပြီးဆုံးသွားမည့်ပုံမပေါ်ပါ။ဖြစ်နိုင်ခြေ ကိုထရစ်ပီက မျှော်မြင်ကြည့်သည်။သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲတွင် သူ၏ အစီအစဉ်များကိုချပြရာ၌ "ခင်ဗျားတို့ကျွန်တော်တို့နဲ့အတူရှိနေဖို့လိုပါတယ်" ဟုသမ္မတသစ်ကပြောလိမ့်မည့်"ဟု သူကဆိုသည်။ သမ္မတကို ထောက်ခံသူသန်းပေါင်းများစွာက မိန့်ခွန်းကိုနားထောင်နေမည့်အပြင်သူတို့အချင်းချင်း အွန်လိုင်းမှာဆုံ၍ သမ္မတ၏အဆိုပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ရန် ကြိုးစားကြပေတော့မည်။

ဒီကွန်ရက်ကြီးကသမ္မတ၏အသံကိုချဲ့ပေးမည်။သူ့ထောက်ခံသူများကိုပေါင်းစည်းပြီး အားရှိလာစေမည်။ ကွန်ဂရက်လွှတ်တော်ပေါ်တွင်လည်း ဩဇာစူးရောက်လာပေမည်။

"ဒါတွေက ဖြစ်လာနိုင်တာတွေပါ. . . နောင်နှစ်တွေကြာလာတဲ့အခါ ကျွန်တော်တို့တစ်တွေ နောက်ကြောင်းပြန်လှည့်ကြည့်ပြီး ဒါဟာ ပြည်သူလူထုနဲ့ အသွားအပြန်ရှိတဲ့ ပထမဦးဆုံး သမ္မတပဲ၊ ခေတ်ကိုပြောင်းခဲ့တာပဲလို့ ပြောကြရ လိမ့်မယ်၊ ဒီလက်နက်ကိုသုံးပြီး လူအများဆီပေါက်အောင်လုပ်နိုင်တယ်ဆိုတာ လူတွေကပိုပိုပြီး သဘောပေါက်လာကြပြီလေ။ ဒီစနစ်က ကြီးထွားလာနေတယ်၊ ဒါကနောက်ကြောင်း ပြန်လှည့်တော့မှာမဟုတ်တော့ဘူး"ဟုထရစ်ပီကပြောပါသည်။

***ထင်အောင်ကျော်***
***နွယ်နီမဂ္ဂဇင်း၊ စက်တင်ဘာလ။***

# အမေရိကန်သမ္မတရွေးပွဲဝင် သမ္မတလောင်းတို့၏သဘောထားများ

မောင်ထွန်းမွန်




ကမ္ဘာ့အင်အားကြီး ထိပ်တန်းခေါင်းဆောင်နိုင်ငံကြီးဖြစ်သော အမေရိကန် ပြည်ထောင်စု၏အုပ်ချုပ်ရေးအာဏာအရှိဆုံး၊နိုင်ငံတကာရေးရာတွင်ဩဇာအရှိဆုံး၊ စစ်ရေးအာဏာအရှိဆုံး အမေရိကန်သမ္မတရွေးကောက်ပွဲကြီးယခုနှစ်နိုဝင်ဘာလ၄ရက်နေ့က ပြီးဆုံးသွားခဲ့သည်။ ထိုရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီမှ အာဖရိကန်-အမေရိကန် ကပြားလူမည်းဘားရက်အိုဘားမားကသမ္မတ၊ ဂျိုးဇက်ဘိုင်ဒင်က ဒုတိယသမ္မတ အဖြစ်အနိုင်ရသွားသည်။ ရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ဒုတိယသမ္မတလောင်း အမျိုးသမီးပါလင်းတို့ ရှုံးနိမ့်ခဲ့ကြသည်။

ရွေးကောက်ပွဲမတိုင်မီနှစ်ဖက်မဲဆွယ်စည်းရုံးပွဲများကိုအမေရိကန်ပြည်ထောင်စု ပြည်နယ်၅၀စလုံးတွင်အပြိုင်အဆိုင်စည်းရုံးခဲ့ကြပြီး စကားစစ်ထိုးပွဲများလည်း ပြုလုပ်ခဲ့ကြသည်။ပထမဦးဆုံးစကားစစ်ထိုးပွဲကိုစက်တင်ဘာလ၂၂ရက်ကဂျွန်မက်ကိန်းနှင့် ဘားရက်အိုဘားမားတို့၏ အာရှရေးရာမူဝါဒအကြံပေးပုဂ္ဂိုလ်များက "အာရှရေးရာသုတေသနအမျိုးသားဗျူရို (National Bureau of Asian Research NBAR)၏ ဌာနချုပ် ဝါရှင်တန်မြို့တော်ဆီတဲလ်တွင် ပြုလုပ်ခဲ့သည်။

အာရှတိုက်၏အင်အားကြီးများဖြစ်သောတရုတ်၊ဂျပန်၊ ကိုရီးယားတို့ အပါအဝင် အရှေ့အာရှ၊ ဩစတြေးလျ၊ အရှေ့တောင်အာရှ၊ တောင်အာရှ၊ အိန္ဒိယ၊ ပါကစ္စတန်၊

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အာဖဂန်နစ္စတန်၊အီရန်၊အီရတ်နှင့်အနောက်အာရှ အရှေ့အလယ်ပိုင်းအရေးများကိုအမြင်နှင့်အယူအဆများဆိုင်ရာပြဿနာရပ်များကိုနှစ်ဖက်အမြင်တင်ပြခဲ့ကြသည်။ စစ်ရေး၊နိုင်ငံရေး၊စီးပွားရေး၊ကုန်သွယ်ရေး၊လောင်စာအရေး၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊လေထုညစ်ညမ်းမှုစသည့်အကြောင်းအရာများကို တင်ပြခဲ့ကြသည်။

အာရှနှင့်ပစိဖိတ်ဒေသရေးရာကျွမ်းကျင်သူ၊နှစ်ပေါင်း၅၀ကျော် အမေရိကန်၏ အာရှနှင့်တောင်အမေရိက၊အာဖရိကနိုင်ငံများ၌သံတမန်အဖြစ်တာဝန်ယူခဲ့ သည့်အမေရိကန်နိုင်ငံခြားရေးဌာန အဆင့်မြင့်သံအမတ်ကြီးသောမတ်စ်ပိတ်ကာရင်း (Ambassador Thomas Pickering) က ခုံသဘာပတိအဖြစ် ဆောင်ရွက်သည်။ ဂျွန်မက်ကိန်းဘက်မှ ဒေါက်တာမိုက်ကယ်ဂရင်း(Dr.MichaelGreen)အာရှနှင့် တရုတ်ရေးရာပါရဂူနှင့် မဟာဗျူဟာနှင့်အပြည်ပြည်ဆိုင်ရာလေ့လာရေးအထက်တန်း ညွှန်ကြားရေးမှူးနှင့်ဒန်နီယယ်ဘလူမင်တဲလ် (Daniel Blumental)အမေရိကန် တရုတ်စီးပွားရေးနှင့် လုံခြုံရေး သုံးသပ်မှုကော်မရှင်အဖွဲ့ဝင်အာရှရေးရာလေ့လာရေးကျွမ်းကျင်သူတို့က ဂျွန်မက်ကိန်း သမ္မတဖြစ်လာခဲ့လျှင် ဆောင်ရွက်အကောင်အထည်ဖော်မည့် ကိစ္စရပ်များကို တင်ပြသည်။ဘားရက်အိုဘားမားဘက်မှ သံအမတ်ကြီးရောဘတ်ဂဲလ်ဘတ် (Ambassador Robert Gelbard) မဟာဗျူဟာအကြံပေးနှင့်အတိုင်ပင်ခံ၊ အင်ဒိုနီးရှားနှင့်ဘိုလီဗီးယားသံအမတ်ကြီး၊ ဘော်လကန်ဒေသအထူးသံကိုယ်စားလှယ်နှင့် နိုင်ငံတကာမူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဥပဒေအကောင်အထည်ဖော်ရေးလက်ထောက်ကြီးအဖြစ်သမ္မတကလင်တန်လက်ထက်ကတာဝန်ယူခဲ့သည့်သံတမန်အဖြစ် နှစ်ပေါင်း၃၅ နှစ်ကျော်တာဝန်ယူခဲ့သူကတင်ပြခဲ့သည်။

ဂျွန်မက်ကိန်းဘက်မှအဓိကတင်ပြသူတို့က အမေရိကန်စီးပွားရေးအကြပ်ရိုက်မှုများဖြေရှင်းရေး၊ အခွန်အကောက်လျှော့ချရေး၊ အလုပ်အကိုင်ရရှိရေး၊ ရေနံနှင့် လောင်စာတိုးချဲ့ရေး၊ အီရတ်တွင်စစ်ပွဲကိုအနိုင်နှင့်ပိုင်းရေး၊အာဖဂန်နစ္စတန်တွင် တာလီဘန်နှင့် အယ်ကိုင်ဒါအကြမ်းဖက်သမားနှိမ်နင်း ရေးစနစ်ကို အပြတ်သုတ်သင်ရေး၊ အီရန်၊ မြောက်ကိုရီးယားအရေးကိုသံတမန်နည်းဖြင့် မအောင်မြင်လျှင်စစ်ရေးနည်းဖြင့်ဖြေရှင်းရေး၊ နိုင်ငံအတွက်ပထမဦးစားပေးရေး (Country First)တို့ဖြစ်ကြောင်းကိုဦးစားပေးပြီးအပြန်အလှန် ဝေဖန်ပြောဆိုကြသည်။

ဘားရက်အိုဘားမားဘက်မှ ပုဂ္ဂိုလ်တို့ကအရှေ့အာရှနှင့်ပစိဖိတ်ဒေသတွင် ဂျပန်၊ ကိုရီးယားနှင့်အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရေး၊ ၂၁ ရာစု၏ စိန်ခေါ်မှုများကိုရင်ဆိုင်ရန်အတွက်ရှေ့တန်းစစ်မျက်နှာခိုင်မာတောင့်တင်းရေး၊တရုတ်ပြည်နှင့် ပူးပေါင်းဆောင်ရွက်နိုင်သော စက်ကွင်းများ တိုးချဲ့ရေး၊ အကျိုးတူကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတို့တွင်ကွဲလွဲမှုများရှိသော်လည်း တရုတ်ပြည်၌ပါတီစုံ ဒီမိုကရေစီစနစ်ပေါ်ပေါက်လာသည်အထိစောင့်မနေဘဲလောင်စာ လုံခြုံရေးအပါအဝင်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ကမ္ဘာများစွာ၌ပူးပေါင်းဆောင်ရွက်ရန်ကြိုးပမ်းရေး၊ဘားရက်အိုဘားမား သဘောထားမှာ တင်းမာသောအင်အား၊ ပျော့ပြောင်းသောအင်အားဝါဒမဟုတ်ဘဲတော်လှန်သော အင်အားဝါဒဖြစ်ကြောင်း၊ဘု(ရှ်)သမ္မတသက်တမ်းရှစ်နှစ်တွင် ပြည်သူများ ခါးစည်း ခံရကြောင်းတို့ကို အကျယ်တဝင့်တင်ပြပြီးအပြောင်းအလဲလိုပြီ(Change We Need)ဟုကြွေးကြော်ကာ အပြန်အလှန် ဝေဖန်ခဲ့ကြသည်။

သမ္မတလောင်းဘားရက်အိုဘားမားနှင့် သမ္မတလောင်းဂျွန်မက်ကိန်း တို့က စက်တင်ဘာလ ၂၆ ရက်နေ့တွင် မစ္စစ္စပီပြည်နယ်အောက်စဖို့မြို့မစ္စစ္စပီ တက္ကသိုလ်တွင် နိုင်ငံခြားရေးဝါဒနှင့်အမျိုးသားလုံခြုံရေးရာပြဿနာများ ကို လည်းကောင်း၊ အောက်တိုဘာ (၂)ရက်နေ့တွင် ဒုတိယသမ္မတလောင်းနှစ်ဦးက မီဇူရီပြည်နယ် စိန့်လူဝီမြို့ ဝါရှင်တန် တက္ကသိုလ်တွင် ပြဿနာစုံစကားရည်လုပွဲကိုလည်းကောင်း၊ အောက်တိုဘာလ ၇ ရက်နေ့တွင် တန်နက် ဆီပြည်နယ်၊ နက်ရှ်ဗီးလ်မြို့ဘာမောင့်တက္ကသိုလ်တွင် ပြည်တွင်းရေးနှင့် နိုင်ငံတကာ ရေးများကို တက်ရောက်လာသူများ၏ မေးခွန်းများ ဖြေကြားသည့်စကားရည်လုပွဲကို လည်းကောင်း၊အောက်တိုဘာလ(၁၅)ရက်နေ့တွင် ပြည်တွင်းရေး နှင့် စီးပွားရေး မူဝါဒများကို နယူးယောက်ပြည်နယ်ဟမ့်စတတ်ဒ်မြို့ဟော့ဖ်စတရာတက္ကသိုလ်တွင်လည်းကောင်း၊ အချေ အတင်စကားရည်လုပွဲများကိုကျင်းပခဲ့သည်။သမ္မတလောင်းနှစ်ဦး၏ မူဝါဒရေးရာစကားရည် လုပွဲသုံးကြိမ်နှင့်ဒုတိယသမ္မတလောင်းနှစ်ဦးစကားရည်လုပွဲတစ်ကြိမ်တို့သည် ဒီမိုကရက် တစ်ပါတီနှင့် ရီပတ်ဘလီကင်ပါတီတို့၏ နိုဝင်ဘာလ (၄) ရက်နေ့ သမ္မတရွေးကောက်ပွဲကို အဆုံး အဖြတ်ပေးရာတွင်အရေးပါသော မဲဆွယ်မှုများဖြစ်လာသည်။

စကားရည်လုပွဲများတွင် အဓိကအားဖြင့်နှစ်ဖက်တင်ပြကြရာ၌ ပြည်တွင်းရေးတွင် စီးပွားရေးအကြပ်ရိုက်ခြင်းမှတစ်ဆင့်ကမ္ဘာ့စီးပွားရေးကျဆင်းခြင်းကို ပြန်လည် တည့်မတ်တိုး တက်ရေး၊ အခွန်အကောက်အရေး၊ ကျန်းမာရေး၊ ပညာရေး၊ လောင်စာအရေး၊ နိုင်ငံတကာ ဆက်ဆံရေးတွင် ကျင့်သုံးရမည့်မူဝါဒများဖြစ်သည်။

### ပြည်တွင်းရေးနှင့် စီးပွားရေး

အဆိုးရွားဆုံးသောဘဏ္ဍာရေးအကြပ်အတည်းကို ရင်ဆိုင်နေရသည်။ အမေရိကန် ပြည်သူတိုင်း မိမိအားမည်သို့ထိခိုက်မည်ကို စိုးရိမ်နေရသည်။ မိမိအလုပ်၊ မိမိအိမ်ရာ၊ အငြိမ်းစားယူရန်ငွေကြေးစုဆောင်းမှု၊ မိမိတို့၏ ကလေးငယ်များ ပညာသင်ကြားရေး အတွက် စိုးရိမ်နေရသည့် အမေရိကန်ပြည်သူတစ်ရပ်လုံးစီးပွားရေး အကြပ်ရိုက်ရခြင်းမှာ အမေရိကန် သမ္မတဘု(ရှ်)၏ မှားယွင်းသော အုပ်ချုပ်မှုများ ကြောင့်ဖြစ်သည်။ ဝင်ငွေကြီးမားသူများကို အခွန်တိုးချဲ့ ကောက်ခံရန်လိုသည်။ ဂျော့ဘု(ရှ်) သမ္မတရာထူးလက်ခံခဲ့စဉ်က မိမိတို့၏ ရသုံး မှန်းခြေငွေစာရင်းတွင်ပိုငွေ ပြနေခဲ့သည်။ ယခုနောက်ပိုင်းတွင်နှစ်စဉ်လို ငွေပြလာပြီးလိုငွေ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

မှာဒေါ်လာငွေသန်းပေါင်း ၅သောင်းကျော်ရှိကာထို့ထက်နှစ်ဆတိုးလျက်ရှိနေသည်။ တရုတ်အားပေးဆပ်ရန် အကြွေးငွေသန်းထောင်ပေါင်း ၅၀၀ ရှိနေသည်။ ရေနံဝယ်ယူခြင်းအတွက် တရုတ်မှငွေချေးပြီး ဆော်ဒီအာရေဗျကို ပေးဆပ်နေရသည်။ မိမိတို့ကလေးများ၏နောင်ရေးကို ပေါင်နှံပေးနေရသည်။

## လောင်စာအရေး

ဤကိစ္စတွင် မိမိတို့သည်လောင်စာအတွက် ပြည်ပနိုင်ငံများကိုမှီခိုနေကြရသည်။ ရုရှ၊ဗင်နီဇွဲလားနှင့်အချို့ကိစ္စတွင်အီရန်ကိုပင်အလေးထားနေရသည်။ ရေနံဈေးနှုန်းကြီးမြင့်မှုကြောင့် ထိုနိုင်ငံများအကျိုးအမြတ်ရရှိနေကြသည်။လာမည့်၁၀နှစ်အတွင်း အရှေ့အလယ်ပိုင်းကို မှီခိုရမှုကင်းလွတ်ရန် ကြိုးပမ်းကြရမည်။လောင်စာအရေးသည် နိုင်ငံ၏လုံခြုံရေးကိုပင် ထိခိုက်လာနိုင်သည်။ ရေနံအစားထိုးလောင်စာရရှိမှုအရေးပါမှုကို အသိအမှတ်ပြုပြီး နေစွမ်းအင်၊ လေစွမ်းအင်၊ ရေစွမ်းအင်နှင့်တကွ နျူကလီးယားစွမ်းအင်သုံးစွဲရေးကို လက်ခံသည်။ သို့သော်နျူကလီးယားစွန့်ပစ်ရေးမှာ အရေးကြီးသည်စသည်ဖြင့် တင်ပြသည်။

## နိုင်ငံတကာအရေး

အီရတ်စစ်မှာ မှားယွင်းသော လုပ်ရပ်ဖြစ်သည်။ အီရတ်မှ အမေရိကန်တပ်များ အမြန်ဆုံး ရုပ်သိမ်းရန်လိုသည်။ အာဖဂန်နစ္စတန်စစ်မှာ အကြမ်းဖက်သမားဘင်လာဒင်နှင့် အယ်ကိုင်ဒါတို့နှင့် ဆက်စပ်နေသည်။အကြမ်းဖက်သမားများ ပိုမိုကြီးထွားလာနေသည်။ မဟာမိတ် NATO (နေတိုး) တပ်များနှင့်အတူ အောင်ပွဲရသည်အထိချေမှုန်းရန်လိုသည်။ ပါကစ္စတန်နယ်စပ်တွင်ခိုလှုံနေသူတို့အရေးကိုလည်းထည့်တွက်ရမည်။ အီရန်နှင့် မြောက်ကိုရီးယားတို့ အပေါ်ထားရှိသော သမ္မတဂျော့ဘုရှ်၏ တင်းမာသော သံတမန်သဘောထားကြောင့် အလုပ်မဖြစ်၍ ၎င်းတို့နျူကလီးယားလက်နက်များပိုင်ဆိုင်ခဲ့ရသည်။ မိမိသမ္မတဖြစ်လာခဲ့လျှင်အပြောင်းအလဲများ (Change We Need) ပြုလုပ်သွားမည် စသဖြင့် ပြည်တွင်းပြည်ပပြောင်းလဲလုပ်ကိုင်မည့် အကြောင်းအရာမျိုးစုံကို အကျယ်တဝင့် တင်ပြအပြန်အလှန်ဝေဖန်ပြောဆိုသွားသည်။

## ပြည်တွင်းရေးနှင့် စီးပွားရေး

စီးပွားရေးအကြပ်အတည်းအတိုင်းအတာအလွန်ကြီးမားကြောင်း မည်သူမျှ သံသယဖြစ်ရန်မလို။ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တစ်ပါတီတို့ အတူတကွပါဝင်ဖြေရှင်းကြရမည်။ဤပြဿနာမှာအစ၏အဆုံးမဟုတ်ဘဲအဆုံး၏အစဖြစ်သည်။အလုပ်အကိုင်များ ဖန်တီးရန်လိုသည်။အစိုးရအသုံးစရိတ်များလျှော့ချရန်လိုသည်။ အခွန်အကောက်များ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

လျှော့ချရန်လိုသည်။ တည်ငြိမ်သော ဈေးကွက်ဖန်တီးရန်လိုသည်။ လူတိုင်းကျန်းမာရေးအတွက် အာမခံချက်လိုသည်။ သက်ကြီးရွယ်အိုများကျန်းမာရေးအတွက် စီမံကိန်းချဆောင်ရွက်ရန်လိုသည်။ ကလေးငယ်များ၊မွေးကင်းစများနှင့်ကိုယ်ဝန်ဆောင်ဆဲကလေးများအတွက်ပါကလေးအားလုံးသန်မာထွားကျိုင်းအာဟာရပြည့်စုံပြီး ဉာဏ်ရည်ပြည့်ဝရန်လိုအပ်မှုများကိုဦးစားပေးဆောင်ရွက်ရန်လိုသည်။ပညာရေးနှင့်ပတ်သက်၍ ကျောင်းများတွင်ပညာရည်ပြိုင်ဆိုင်မှုများရှိပြီးလူကောင်းလူတော်များ ဖြစ်လာစေရန် မြေတောင်မြှောက်ပေးရမည်။ဆရာကောင်းဆရာတော်များဖြစ်စေဖို့ ကြိုးစားရန်နှင့်ဆရာများ၏လစာငွေကောင်းရန်လိုသည်။ သို့အတွက် ဆုလာဒ်များအဖြစ်မြှောက်စားရမည်။ပြည်တွင်းစီးပွားရေးနလံထူပြီးဖွံ့ ဖြိုးတိုးတက်ရန်မှာလောင်စာအပြည့်အဝရရှိရေးသည်ပထမဦးဆုံးလိုအပ်ချက် ဖြစ်သည်။

### လောင်စာအရေး

လောင်စာအမှီအခိုကင်းရေးမှန်ျူကလီးယားအင်အားအသုံးပြုနိုင်ရေးသည် အရေးပါသည်။ရေ၊ ဒီလှိုင်း၊ နေစွမ်းအား၊သဘာဝဓာတ်ငွေ့၊နျူကလီးယားစွမ်းအင်နှင့် ကမ်းလွန်ရေနံတူးဖော်ရေးတို့သည်အဓိကကျသည်။စွမ်းအင်အမှီအခိုကင်းသည်နှင့် အလုပ်အကိုင်သစ် သန်းပေါင်းများစွာဖြစ်ပေါ်လာမည်။မိမိတို့နိုင်ငံအားမလိုလားသောနိုင်ငံအချို့ကို နှစ်စဉ်ဒေါ်လာ ငွေသန်းထောင်ပေါင်း ၇၀၀ပေးပို့နေရခြင်း ရပ်စဲသွားလိမ့်မည်။ ကြံမှထုတ်ယူသော ဇီဝလောင်စာဘရာဇီးနိုင်ငံမှတင်သွင်းမှုအပေါ်ငွေကြေးပံ့ပိုးမှုကိုဆန့်ကျင်သည်။ ဇီဝလောင်စာထုတ်လုပ်မှုသည်လည်းသီးနှံဈေးကွက်ကမောက်ကမ မဖြစ်စေဘဲ ငွေကြေးဖောင်းပွမှုဖြစ်စေလိမ့်မည်ဟုမိမိထင်မြင်သည်။လောင်စာအင်အား သည်အကြီးမားဆုံးသောပြဿနာတစ်ရပ်ဖြစ်လာနေပြီ။ ဂျော်ဂျီယာနှင့်ယူကရိန်း တို့သည် ဥရောပသို့ ရုရှား၏လောင်စာရောက်ရှိရေး တံခါးပေါက်များဖြစ်သည်။ ထိုအချက်ကြောင့် မိမိတို့၏အကျိုးစီးပွားဖြစ်လာသည်။ ရုရှားနှင့် မိမိတို့ဖြေရှင်း နိုင်လိမ့်မည်ဟု ယုံကြည်သည်။ အမေရိကန်သည် မိမိတို့၏အကျိုးစီးပွားနှင့်ကမ္ဘာပေါ်ရှိအခြားနိုင်ငံများ၏အကျိုးစီးပွား တို့ကိုကာကွယ်ရန်အတွက် တိကျခိုင်မာစွာဖြင့် ပြတ်သားသောသန္နိဋ္ဌာန်ချမှတ်ထားကြောင်း ရုရှားတို့နားလည်ရန်လိုသည်။အီရတ်အရေးတွင် မိမိတို့တိုက်ပွဲ မဟာဗျူဟာနှင့်နည်းပညာ ပြောင်းရန်လိုအပ်သည်။ ထိုအချက်ကို အိုဘားမားနားမလည်၊ မိမိတို့၏ မဟာဗျူဟာ အောင်ပွဲခံနေသည်။ မိမိတို့ အောင်ပွဲခံပြီး ဂုဏ်သိက္ခာဖြင့်အမိမြေသို့ပြန်လာနိုင်မည်။ အချိန်မကျမီရုပ် သိမ်းပေးလျှင်အရှုံးနှင့်ရင်ဆိုင်ရမည်။ အီရတ်တွင်ရှုံးနိမ့်မှုများကြုံလျှင် အီရန် ဩဇာပိုကြီးထွားမည်။ အီရန်နှင့်တစ်ဆက်တည်း တွင် အာဖဂန်နစ္စတန်အရေး ဆက်စပ်နေသည်။ အိုစမာဘင်လာဒင်၊ တာလီဘန်နှင့်အယ်ကိုင်ဒါတို့သည်ကွင်းဆက်များဖြစ်သည်။ပါကစ္စတန်သည်လည်း ဆက်စပ်မှုရှိနေသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အီရန်နှင့် မြောက်ကိုရီးယားကို ပြတ်သားသောသံတမန်နည်းနှင့် ကိုင်တွယ်ရန်လိုသည်။ သူတို့နှစ်နိုင်ငံ၏နျူကလီးယားမှာ အစ္စရေးနိုင်ငံကိုသာမက ဒေသတွင်း နိုင်ငံများကိုပါ ခြိမ်းခြောက်မည်။မြောက်ကိုရီးယားသည်ခြောက်နိုင်ငံဆွေးနွေးပွဲ သဘောတူညီချက်များကို ရရှိခဲ့သော်လည်း တကယ်တမ်းတွင် အကောင်အထည်ဖော်ရန် ပျက်ကွက်နေသည်။ အကျိုးတူအကျိုးစီးပွား၊ အကျိုးတူတန်ဖိုးများ၊ အကျိုးတူသဘောထားများ၊ စီးပွားရေးအင်အားကြီး အများအပြားကို ထိန်းချုပ်နိုင်သူများပါဝင်သည့် ဒီမိုကရေစီအဖွဲ့တစ် ရပ်ဖွဲ့စည်းရေးကို မိမိအဆိုပြုထားသည်စသည်ဖြင့် နိုင်ငံတကာရေးရာများကိုအချေအတင်ဆွေးနွေးပြီး သူသာသမ္မတဖြစ်လာခဲ့လျှင်နိုင်ငံသည်ပထမ၊ (Country First) မူဖြင့် ဆောင်ရွက်မည်ဟု ဖော်ပြထားသည်။

***မောင်ထွန်းမွန်***

***Ref : CNN . com, Aljazeera News,CNA, News.***

***ရန်နံ့သစ် မဂ္ဂဇင်းအမှတ်(၁)၊ ဒီဇင်ဘာလ၊ ၂၀၀၈။***

http://www.linhtet.com

# အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ

သန်းစိုးနိုင်



ရောဘတ်ကာဂန်



ရက်ချ်မန်း



တွမ်ကယ်ရီးသား

အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲသတင်းကို တစ်ကမ္ဘာလုံးကပင်နားစွင့်နေကြရသည်။ စစ်အေးလွန်ခေတ်ကာလ၏မဟာအင်အားကြီး နိုင်ငံတစ်ခုတွင် မည်သို့သောပုဂ္ဂိုလ် သမ္မတဖြစ်လာမည်ကို အားလုံးက စိုးရိမ်သောကဖြင့်စောင့်ကြည့်လေ့လာနေကြသည်။ ယနေ့ခေတ်သည် ညောင်ဦးကမ်းပါးပြိုရုံဖြင့်စမ္ပါနဂိုရ်ကနွားမပေါင်ကျိုးတတ်သော ကမ္ဘာရွာခေတ်လည်း ဖြစ်ပါသည်။ ထိုသို့သော ခေတ်တွင် အိမ်ဖြူတော်ထီးနန်း၌ မည်သို့သော ပုဂ္ဂိုလ်စံမြန်းနိုင်မည်ကို ကမ္ဘာ့နိုင်ငံရေးရပ်ဝန်း၌ တွက်ချက်ချိန်ဆနေကြရပါသည်။

ယခုအခါ အမေရိကန်နိုင်ငံရှိ နိုင်ငံရေးပါတီများအလိုက် သမ္မတလောင်း ရွေးချယ်ပွဲမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ ရီပတ်ဘလီကင်ပါတီ၏သမ္မတလောင်းမှာ ဂျွန်မက်ကိန်းဖြစ်ပါသည်။ ဒီမိုကရက်တစ်ပါတီ၏သမ္မတလောင်းမှာ ဘားရက်အိုဘားမား ဖြစ်သည်ကိုလည်းအားလုံးသိထားကြပြီးဖြစ်သည်။ယနေ့တကယ်တမ်းရှင်းလင်းပြတ်သားစွာ သိရှိရန်လိုအပ်သည်မှာ ၎င်းတို့၏ပေါ်လစီမူဝါဒများပင်ဖြစ်ပါလိမ့်မည်။ ဤသည်ထက်ပို၍ တိတိကျကျပြောကြစတမ်းဆိုလျှင်အဆိုပါသမ္မတလောင်းနှစ်ဦး၏ နိုင်ငံခြားရေးမူဝါဒများကို ကမ္ဘာကြီးက သိရှိနားလည်ထားရန်လိုအပ်ခြင်းပင်ဖြစ်ပါသည်။

ယခုအခါသမ္မလောင်းများကၥင်းတို့၏ မူဝါဒအသီးသီးကို လူထုအား လှည့်လည်ရှင်းပြနေကြစဉ် အမေရိကန်နိုင်ငံရေးသုခမိန်များကလည်း အဆိုပါသမ္မတလောင်းများ၏

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

မူဝါဒများနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးငြင်းခုံနေကြသည်။ ယခုတင်ပြမည့်အမေရိကန်နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုံပွဲကိုကာနက်ဂျီနိုင်ငံတကာရေးရာလေ့လာရေးဌာနကြီးက တာဝန်ယူကျင်းပပေးခဲ့ခြင်းဖြစ်ပါသည်။ အဓိကငြင်းခုံဆွေးနွေး ကြမည့်ပုဂ္ဂိုလ်နှစ်ဦးမှာ ***ရောဘတ်ကာဂန်နှင့်တွမ်ကယ်ရိုးသား*** တို့ပင် ဖြစ်သည်။

ရောဘတ်ကာဂန်မှာအမေရိကန်နိုင်ငံခြားရေးမူဝါဒသမိုင်းဆိုင်ရာ သုတေသနစာတမ်းများ၊ကျမ်းများရေးသားပြုစုခဲ့သူနာမည်ကြီးပညာရှင်တစ်ဦးဖြစ်ပါသည်။ သူတင်ပြသည့် ဒီမိုကရေစီနိုင်ငံများအစည်းအရုံး(League of Democratic Nations) ဖွဲ့စည်းရေးအယူအဆကို သမ္မတလောင်းမက်ကိန်းက အလွန်သဘောကျလိုက်လှဲစွာ ဆက်ခံခဲ့သည်။ ထို့ကြောင့်လည်းကာဂန်ကိုမက်ကိန်း၏သဘောတရားရေးရာဆရာကြီးအဖြစ်အမေရိကန်နိုင်ငံရေးအသိုင်း အဝိုင်းကနားလည်သဘောပေါက်ထားခဲ့ကြသည်။

တွမ်ကယ်ရိုးသားမှာမူ အောက်စဖိုဒ့်တက္ကသိုလ်နတ်ဖီးလ်ကောလိပ်နိုင်ငံတကာရေးရာဌာန၏ ဧည့်ပါမောက္ခတစ်ဦးဖြစ်သည်။ တစ်ချိန်တည်းတွင် ကာနက်ဂျီမဟာသိပ္ပံဌာနကြီး၏နိုင်ငံတကာရေးရာနှင့်အုပ်ချုပ်ရေးအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌကြီးလည်း ဖြစ်သည်။ သူကလက်ရှိသမ္မတဘုရှ်၏မူဝါဒများကိုထိန်းသိမ်းဆက်ခံမည့်မက်ကိန်းကိုလည်း သဘောမကျလှပေ။ နှိုင်းယှဉ်ပြောရမည်ဆိုလျှင်သူကအိုဘားမားကိုပိုမိုလိုလားသူဟုပင် ဆိုသင့်ပါသည်။ ထိုပုဂ္ဂိုလ်နှစ်ဦး၏ ဆွေးနွေးငြင်းခုံပွဲတွင်ခုံသမာဓိလူကြီးမင်းအဖြစ်ဆောင်ရွက်မည့်ပုဂ္ဂိုလ်ကြီးမှာဂီဒီယွန်ရက်ချ်မန်းပင်ဖြစ်သည်။

အဆိုပါရောဘတ်ကာဂန်နှင့် တွမ်ကယ်ရိုးသားတို့၏ အမေရိကန်နိုင်ငံခြား ရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများကို ဆက်လက်လေ့လာကြည့်မည်ဆိုပါလျှင် . . .

**ဂီဒီယွန် ရက်ချ်မန်း (Gideon Rachman)**

ဒီကနေ့ဟာဖြင့် အမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းအတွက် စိတ်ဝင်စားစရာကောင်းတဲ့နေ့တစ်နေ့ပါပဲ။ နောက်ပြီးအကြိုရွေးကောက်ပွဲတွေဟာအိုဟိုင်းအိုးနှင့် တက္ကဆက်ပြည်နယ်တွေမှာခြိမ့်ခြိမ့်သဲကျင်းပနေဆဲပါ။ ဒါကြောင့်ဒီနေ့ညနေအမေရိကန် နိုင်ငံရေးနဲ့ငင်းရဲ့ကမ္ဘာကြီးအပေါ် ဂယက်ရိုက်ခတ်မှုအကြောင်း အခုလိုတွေ့ဆုံဆွေးနွေးကြတယ်ဆိုတာ အလွန်ကြီးကျယ်ခမ်းနားပါတယ်။ နောက်ပြီးရွေးကောက်ပွဲရဲ့အမေရိကန်နိုင်ငံခြား ရေးမူဝါဒအပေါ်သက်ရောက်မှုနှင့်စပ်လျဉ်းပြီး အလွန်အရည်အချင်း ပြည့်ဝကျွမ်းကျင်လှတဲ့ ပုဂ္ဂိုလ်ကြီး (၂)ယောက်၊ ဒီနေ့ညကျွန်တော်တို့နှင့်အတူရှိနေတာကလည်း ကျွန်တော်တို့အတွက် အလွန်ကံကောင်းပါတယ်လို့ဆိုပါရစေ။

ဒီထဲကတစ်ယောက်ဖြစ်တဲ့ရောဘတ်ကာဂန်(Robert Kagan)ကတော့ ကြီးကျယ် ထင်ရှားလှတဲ့ဝေဖန်ရေးဆရာကြီးပါ။အမေရိကန်နိုင်ငံခြားရေးမူဝါဒသမိုင်းနှင့် ပတ်သက်လို့ ခင်ဗျားတို့ရဲ့ အသိအမှတ်ပြုချီးကျူးခံရတဲ့ 'DANGEROUS NATION'

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

စာအုပ်ကိုရေးသားခဲ့သူလည်းဖြစ်တယ်။ ဒါ့အပြင်သူဟာသူ့အမြင်သူ့ယုံကြည်မှုကို မတွန့်မဆုတ်ပြတ်သားစွာ တင်ပြရဲသူလည်း ဖြစ်နေပါတယ်။

နောက်တစ်ယောက်ကတော့ ဒီနေ့ညဆွေးနွေးပွဲကို ကမကထပြုခဲ့တဲ့ ကာနက်ဂျီ မဟာဌာနကြီးရဲ့နိုင်ငံတကာနိုင်ငံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာဌာန၊ဒုတိယဥက္ကဋ္ဌကြီးတွမ်ကယ်ရိုးသား (Tom Carothers)ပါ။သူဟာ လောလောဆယ်မှာအောက်ဖို့ဒ်တက္ကသိုလ် နတ်ဖီးလ်ကောလိပ်ရဲ့ ဧည့်ပါမောက္ခတစ်ဦးလည်းဖြစ်ပါတယ်။

အမေရိကန်သမ္မတရွေးကောက်ပွဲအတွင်း အမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့ ရေရှည်မဟာဗျူဟာရည်မှန်းချက်နှင့်ပတ်သက်ပြီး အကြိတ်အနယ်ဆွေးနွေးငြင်းခုန်ကြမယ့် အရေးဟာများစွာစိတ်ဝင်စားစရာကောင်းပါလိမ့်မယ်။ ကဲတွမ်ရေ ကျွန်တော်ခင်ဗျားကို ပထမဆုံး ဖိတ်ခေါ်ပါရစေ။ တစ်ယောက်ကို (၇)မိနစ်စီလောက်အရင်တင်ပြခွင့်ပေးပါမယ်။ နောက်မှ အပြန်အလှန်ဆွေးနွေးကြတာပေါ့။

**တွမ်ကယ်ရိုးသား**

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ ဒီနေ့ညဒီမှာပြောရမယ့်ပြဿနာ၊ ဒါမှမဟုတ် ကျွန်တော်တင်ပြချင်နေတဲ့ ကိစ္စ (၂)ရပ် ရှိပါတယ်။ ဒါကိုဘော့ပ် (ကာဂန်)လည်း စိတ်ဝင်စားလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ပထမတစ်ချက်ကတော့အခုတက်လာမယ့်သမ္မတသစ်တစ်ယောက်ရဲ့ လက်ထက်မှာ အမေရိကန်နိုင်ငံခြားရေးမူဝါဒဟာ ဘယ်လောက် ထူးခြားသစ်လွင်လာနိုင်ပါသလဲ။

နောက်ဒုတိယပြဿနာက ဒီလိုထူးခြားသစ်လွင်လာဖို့ နိုဝင်ဘာလရွေးကောက်ပွဲမှာ ဘယ်သူအရွေးခံရရင်ဆိုတဲ့အချက်ကဘယ်လောက်များ အရေးပါသလဲ။သမ္မတလောင်းနှစ်ယောက်ကတော့အိုဘားမား(Obama)နဲ့မက်ကိန်း (Mc Caine)တို့ပါပဲ။သူတို့နှစ်ယောက်ရဲ့အမြင်တွေဟာဘယ်လောက်ကွဲပြားချက်ရှိသလဲဆိုတဲ့ကိစ္စကို ကျွန်တော်ပိုမိုအလေးထားတင်ပြချင်ပါတယ်။ဘာကြောင့်လဲဆိုတော့ တကယ်တမ်းမှာ ဒါဟာအတော်ရှုပ်ထွေးပြီးနားလည်ရခက်လို့ပါ။နောက်တစ်ဖက်ကလည်းအမေရိကန်နိုင်ငံခြားရေးမူဝါဒတွေမှာ ဘယ်သူကပိုမိုထူးထူးခြားခြားတင်ပြနိုင်စွမ်းရှိသလဲဆိုတာလည်း အတော်ခွဲခြားရွေးချယ်ဖို့ခက်တဲ့ ကိစ္စပါ။

မက်ကိန်းဘက်အနေနှင့်ပြောရရင်သူကအမျိုးသားလုံခြုံရေးကို အထူးတလည်ဦးစားပေး၊အလေးထားမယ်လို့ကတိပေးခဲ့သူပါ။သူကစစ်အင်အား၊စစ်စွမ်းရည်ကို ပိုပြီးအားထားပုံပါပဲ။သဘောတစ်ခုအနေနဲ့ပြောရရင် အကြမ်းဖက်ဝါဒအပေါ် စစ်ပွဲဆင်နွှဲရေးမှာအလျှော့အတင်း လုပ်လိုပုံမရပါဘူး။ အိုဘား မားနဲ့တော့ ဆန့်ကျင်ဖက်ပဲ။ လုံးဝမတူပါဘူး။ သူက ကမ္ဘာကြီးရဲ့အမေရိကန်အပေါ်မြင်နေတဲ့ရုပ်ပုံလွှာကို ပြောင်းပြန်လှန်ပစ်လိုတဲ့ပုံရှိပါတယ်။ သူက ပိုပြီးသံတမန်ရေးရာဖြေရှင်းနည်းကို လိုလားပုံပါပဲ။ ဘက်စုံထောင့်စုံက

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ချဉ်းကပ်မယ်ဆိုတဲ့ စကားလုံးက သူနှင့်ပိုပြီး အဆင်ပြေလိုက်ဖက်ပုံရပါတယ်။

ဒါပေမယ့် လက်တွေ့မှာဘယ်လောက်သူတို့ကွဲပြားခြားနားနိုင်မှာလဲဆိုတာ ပြောရခက်ပါတယ်။ ဒါကြောင့် မက်ကိန်းနဲ့အိုဘားမားတို့ ဘယ်ကိစ္စ၊ ဘယ်နေရာတွေမှာ အမြင်သဘောထားတူညီကြပြီး၊ ဘယ်ဟာတွေမှာ ကွဲပြားခြားနားနေကြသလဲဆိုတာကို စာရင်းချကြည့်ချင်ပါတယ်။ပထမဆုံးသူတို့နှစ်ယောက်ကြားမှာမကွဲပြား၊ မခြားနားတဲ့ကိစ္စတွေအကြောင်းကို စပြောချင်ပါတယ်။

အမေရိကန်နိုင်ငံကို မဟာဗျူဟာအရစိန်ခေါ်နေတဲ့ ဒါမှမဟုတ်ပြိုင်ဘက်လိုဖြစ်နေတဲ့ ရုရှားနဲ့တရုတ်ပြည်အကြောင်းက စပြောချင်ပါတယ်။

ပထမဆုံးက တရုတ်ပြည်ဆိုင်ရာ မက်ကိန်းရဲ့ပေါ်လစီနဲ့ အိုဘားမားရဲ့ပေါ်လစီကဘာမှကွဲပြားခြားနားတာရှာမတွေ့ရသလို၊ဒီနေ့ကျင့်သုံးနေတဲ့မူဝါဒနဲ့လည်း ထူးမခြားနားပဲဗျ။ဒါလည်းဆယ်စုနှစ်နဲ့ချီပြီး ကြာနေပါပြီဗျာ။ တရုတ်(တိုင်ပေ)ပြဿနာလို ကိစ္စတစ်စုံတစ်ရာပေါက်ကွဲထွက်ပေါ်လာတာမျိုးမဖြစ်သမျှအပြောင်းအလဲရှိမယ့်ပုံမတွေ့ရပါဘူး။

ရုရှားအပေါ် သဘောထားလည်း ဒီအတိုင်းပဲဗျ။သူတို့နှစ်ယောက်ကြားမှာ ဘာမှခြားနားတာမတွေ့ရဘူး။ဘုံအကျိုးစီးပွားနဲ့အထိပါးမခံနိုင်တဲ့ နယ်ပယ်တချို့မှာလက်တွေ့ကျစွာပူးပေါင်းဆောင်ရွက်ချင်တဲ့သဘောလောက်ပဲရှိကြတာပါ။ရုရှားရဲ့နိုင်ငံရေးလမ်းကြောင်းနဲ့ပတ်သက်လို့မကြည်လင်တာလေးတချို့တော့ပြောပြပါရဲ့။ဒါပေမယ့်လက်တွေ့လိုအပ်ချက်တွေလောက်ပဲ အလေးထားကြတာပါ။

အဲနောက်ပြီးနိုင်ငံတကာစီးပွားရေးနယ်ပယ်ကို လှမ်းကြည့်ဦးမလား။ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊အမေရိကန်ရဲ့နိုင်ငံတကာစီးပွားရေးဆက်ဆံမှုပုံစံ၊ အနေအထား၊ အားလုံးမှာနှစ်ယောက်စလုံးရဲ့သဘောထားက ဘာများခြားနားလို့လဲ။ နက်ဖ်တာ(NAFTA)အဖွဲ့ နဲ့ပတ်သက်လို့အိုဘားမားက နိုင်ငံရေးအရ တို့ကနန်းဆိတ်ကနန်းစမ်းတာလေးတွေတော့ ရှိပါရဲ့။ ဒါပေမယ့်ဘာမှ လက်တွေ့မှာ ထူးခြားသိသာတဲ့ကုန်သွယ်ရေးပေါ်လစီဆိုင်ရာ အပြောင်းအလဲရယ်လို့ ရှိမှာမဟုတ်ပါဘူး။

ကိုင်းဗျာ၊ အရှေ့အလယ်ပိုင်းဘက်ကိုလှည့်ဦးမလား။အီရတ်နဲ့အီရန်တို့အကြောင်းတော့ နောက်မှပြောပြတာပေ့ါ။ တခြားအရှေ့အလယ်ပိုင်းဒေသကဆိုရင်အစ္စရေးနဲ့ ပါလက်စတိုင်းပြဿနာအကြောင်းပြောကြမယ်ဆိုရင်အစ္စရေးနိုင်ငံရဲ့လုံခြုံရေးအတွက် ဦးစားပေးရေးသဘောထားမှာနှစ်ယောက်လုံးအတူတူပဲဗျ။အမေရိကန်ရဲ့အစ္စရေးနဲ့အစဉ် အလာဆက်ဆံရေးပုံစံအတိုင်းပါလက်စတိုင်းပြဿနာအပေါ် သဘောထားနေကြတုန်းပါပဲ။

ပင်လယ်ကွေ့ဒေသကအာရပ်စော်ဘွား၊မင်းညီမင်းသားတွေအကြောင်း ပြောဦးမလား။ အဲဒီဒေသကအမေရိကန်နိုင်ငံရဲ့ အကျိုးစီးပွားတွေနဲ့ ရေနံဈေးနှုန်းလောက်ပဲအလေးထားကြတာပါဗျာ။ဆော်ဒီအာရေဗျဆိုတဲ့လှေကြီးကိုလှုပ်ခါချပစ်ရဲလို့လား။ဒါမှမဟုတ်အီဂျစ်၊

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဂျော်ဒန်ဖြစ်ဖြစ်ပေါ့ဗျာ။ ကြည့်ရတာ ဘယ်သူမှတို့ရဲမယ့်ပုံမရှိပါဘူး။ အာဖဂန်နစ္စတန်နိုင်ငံအကြောင်းပြောရင်တောင်အဲဒီဒေသမှာရှိတဲ့ အမေရိကန်တပ်တွေရဲ့အနေအထား၊ တောင့်တင်း လုံခြုံရေးလောက်ပဲအလေးထားပြောနေကြတာပါ။ဒါပေမယ့်ဒီကိစ္စကိုအခိုင်အမာပြောကြတဲ့နေရာမှာတော့ သူတို့တင်ပြတဲ့လမ်းကြောင်းချင်းကတကယ်ပဲမတူခဲ့ ကြပါဘူး။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အပြောင်းအလဲတွေကိစ္စမှာ ဒီမိုကရက်တွေနဲ့ ရီပတ်ဘလီကင်တို့ ထိပ်တိုက်တွေ့ကြလိမ့်မယ်လို့ ခင်ဗျားတို့မျှော်လင့်စရာရှိပါတယ်။ ဒီနေရာမှာ သူတို့နှစ်ယောက်ရဲ့ ချဉ်းကပ်ဖြေရှင်းနည်းမှာ အနည်းအကျဉ်းကွဲလွဲတာရှိပေမယ့် ဖုံးဖုံးဖိဖိ ထိန်းထိန်းသိမ်းသိမ်းနဲ့ကုန်သွယ်ရေးဆက်ဆံမှုကိုကာကွယ်သွားရေး သဘောထားအခြေခံကတော့ အတူတူပါပဲ။အိုဘားမားကအစားထိုးလောင်စာသုံးစွဲရေးနည်းနာကို ပြောင်းလဲသုံးစွဲဖို့ ပိုမိုတက်ကြွတာလေးတော့ရှိပါတယ်။ဘယ်သူမှတော့အပြောင်းအလဲမလုပ်ရဲပါဘူး။ ဘာကြောင့်လဲဆိုတော့အိမ်ဖြူတော်မှာဘယ်သူပဲတက်လာလာသဘာဝပတ်ဝန်းကျင်ရေးရာပေါ်လစီပြောင်းလဲရေးဆိုတာကို အမေရိကန်စီးပွားရေးအသိုက်အဝန်းကသာ ဆုံးဖြတ်မှာဖြစ်လို့ပါ။

ဂွမ်တာနာမို စစ်စခန်းကြီးပိတ်လိုက်ပြီးနောက်မှာတော့အမေရိကန် တို့ရဲ့ လူ့အခွင့်အရေးဆိုင်ရာမူဝါဒမှာ ဖမ်းဆီးထိန်းသိမ်းခံရသူတွေကို နှိပ်စက် ညှဉ်းပန်းမှုမပြုကြဖို့ မက်ကိန်းရော အိုဘားမားပါသဘောတူခဲ့ကြပါတယ်။ ဒီကိစ္စမှာမက်ကိန်းကိုယ်တိုင် ထောက်ခံ ပြောဆိုလာတာတော့ရီပတ်ဘလီကင် အုပ်စုထဲမှာထူးခြားနေတာပေ့ါ။ လူဝင်မှုကြီးကြပ်ရေးပြဿနာမှာလည်းနှစ်ယောက်လုံးရဲ့သဘောထားဟာအတူတူပါပဲ။ဘာမှခြားနားတာမဟုတ်ပါဘူး။

အင်း၊ ဒီလိုဖြစ်နေမှတော့ခင်ဗျားတို့အနေနဲ့ ဒီမှာတင်ရပ်ပြီး မေးထိုက်ပါတယ်။ "ဒီလိုအနေအထားအောက်မှာ နိုင်ငံခြားရေးမူဝါဒကို အခြေပြုထားတဲ့ သမ္မတရွေးကောက်ပွဲမျိုးကိုဘာလို့ကျင်းပနေမှာလဲဗျာ။"

ကဲ၊ ကျွန်တော်တို့ အီရတ်နဲ့အီရန်ဘက်ကို လှည့်ကြရအောင်။

ဒီအီရတ် ပြဿနာမှာကွဲပြားခြားနားချက်တွေ ရှိလာတာပါပဲ။ အိုဘားမားက - ကိုင်း၊ ကျွန်တော်တို့အမေရိကန်တွေအီရတ်က(၁၆)လအတွင်းထွက်ကြစို့လို့ အဆိုပြုလိုက်ချိန်မှာမက်ကိန်းကတော့(၂၂)ရာစုမှာမှအီရတ်ကအမေရိကန်တပ်တွေ ထွက်ခွာကြရအောင်။ဒါမှမဟုတ်ဆက်နေကြမယ်လို့ တုံ့ပြန်ပြောဆိုခဲ့တယ်။လက်တွေ့မှာရော တကယ်ပဲဒီလိုခြားနားကွာဟနိုင်ပါ့မလား။တကယ်တော့ဟောကိန်းထုတ်ပြဖို့ဆိုတာ အတော်ခက်လှပါတယ်။

ကျွန်တော်ထင်တာကတော့ ဒီလိုငြင်းခုံနေကြရတဲ့ ကွဲပြားခြားနားချက်တွေဟာလည်းလက်တွေ့လုပ်ရင်းနဲ့တူချင်လည်းတူသွားနိုင်ပါတယ်။ တကယ်လို့အိုဘားမားက စစ်ဦးစီးချုပ်တို့ လုံခြုံရေးအကြံပေးတို့နဲ့ထိုင်ဆွေးနွေးရင်း အီရတ်ကတပ်တွေဆွဲထုတ်ဖို့ဆိုတာ လပိုင်း

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

နဲ့မဖြစ်နိုင်၊ နှစ်နဲ့ချီကြာလိမ့်မယ်။ အဆင့်ဆင့်လုပ်ရလိမ့်လို့သဘောပေါက်လက်ခံသွားနိုင်တာမျိုးလက်တွေ့မှာ ဖြစ်လာနိုင်စရာရှိပါတယ်။ အလားတူမက်ကိန်းအနေနဲ့လည်း အီရတ်မှာထူးခြားတဲ့အပြောင်းအလဲတွေဖြစ်ပေါ်ပြီး တစ်နှစ်,နှစ်နှစ်အတွင်းတပ်တွေ အီရတ်ကဆုတ်ခွာနိုင်တာမျိုးလည်း ကြုံလာနိုင်ပါတယ်။ဒါတွေဟာ အီရတ်ရဲ့အခြေအနေနဲ့ အကြံပေးတွေရဲ့သဘာထားတွေအပေါ်မှာလဲတည်ပါလိမ့်မယ်။ ကြိုတင်ပြောဖို့တော့ခက်ပါတယ်။ ဒါပေမယ့်အမြင်မတူကြတာတော့ အမှန်ပါပဲ။

အင်း၊ နောက်တစ်ချက်ကတော့ အီရန်ပြဿနာ။ ဒီမှာလည်း အမြင် သဘောထားတွေ ကွဲပြားခြားနားကြပုံပါပဲ။ အိုဘားမားအဆိုကတော့ 'အီရန်နဲ့ စကားပြောကြရအောင် ဒါမှမဟုတ်ဒိုင်ယာလော့တံခါးဖွင့်ထားရေး"ပါပဲ။ ဒါပေမယ့်မက်ကိန်းရဲ့ သဘောထားကတော့ လက်ရှိအမေရိကန်အစိုးရဲ့ သဘောထားအတိုင်း ဆက်လက်ဖိအားပေးသွားနိုင်ဖို့ပါပဲ။ ဒါပေမယ့်လက်တွေ့မှာသူတို့ပြောတဲ့အတိုင်းဖြစ်ပါ့မလားဆိုတာသံသယဖြစ်စရာပါပဲ။ အခုအချိန်မှာ အီရန်ဟာအမေရိကန်နိုင်ငံနဲ့ ညှိနှိုင်းအပေးအယူလုပ်ဖို့ သိပ်စဉ်းစားဦးမယ်မထင်ပါဘူး။ သူတို့ ဒါကိုသိပ်လည်းစိတ်မဝင်စားလှဘူး။ ဒီတော့အိုဘားမားအနေနဲ့ ဆွေးနွေးပွဲက လက်ချည်းဗလာပြန်လာလိုက်၊ ဆွေးနွေးဖို့ဖိအားပေးလိုက်နဲ့ တဖြည်းဖြည်း အရှိန်တက်လာပါလိမ့်မယ်။ ကုန်သွယ်ရေးပိတ်ဆို့မှုတွေကနေ ဥရောပသမဂ္ဂကိုပါ ဆွဲသွင်း လာရတာမျိုးအထိ ဖြစ်လာနိုင်ပါတယ်။ ဒါတွေကမက်ကိန်းလုပ်မယ့်ကိစ္စနဲ့ လက်တွေ့မှာသိပ်ကွာလှမယ် မထင်ပါဘူး။

အိုဘားမားနဲ့ မက်ကိန်းတို့နှစ်ယောက်ရဲ့ပေါ်လစီရေးရာအုတ်မြစ်တွေကို လေ့လာကြည့်ရင်အီရတ်ပြဿနာပြီးနောက်ကွဲလွဲချက်အကြီးမားဆုံးကိစ္စဟာ "အကြမ်းဖက်ဝါဒအပေါ်စစ်ဆင်ရေး" မူဝါဒဖြစ်နေတာကိုစိတ်ဝင်စားစရာတွေ့ရပါတယ်။မက်ကိန်းရဲ့ အခြေခံသဘောထားကတော့ဆက်တိုက် ရးပါပဲအင်အားတောင့်တင်းအောင်ဆက်လုပ် အီရတ်မှာဆက်တိုက်၊'အကောင်းဆုံးခံစစ်ဆိုတာ၊ အထိရောက်ဆုံးထိုးစစ်ဆင်ရေး"ကိုဘက်ပေါင်းစုံကနေ ပုံစံပြောင်းဆင်နွှဲဖို့ပါပဲ။ဒီတော့အိုဘားမားရဲ့တိုက်ပွဲပုံစံ ပြောင်းလဲရေးဆိုတာဘယ်လိုသဏ္ဍာန်မျိုးလဲလို့မေးစရာရှိလာတယ်။သူကတော့ အာဖဂန်နစ္စတန်နိုင်ငံကို တောင့်တင်းအောင် အားဖြည့်၊ပါကစ္စတန်ကိုပိုမိုတွန်းအားပေး၊အမေရိကန်ရဲ့လူ့အခွင့်အရေးမျက်နှာစာကိုပြန်ပြီးလှပလာအောင်လုပ်၊စစ်ရေး၊ထောက်လှမ်းရေးလှုပ်ရှားမှုတွေပိုအားဖြည့်၊သံတမန်ရေး လုပ်ငန်းနဲ့ပေါင်းစပ်စတာတွေပါပဲ။

အိုဘားမားရဲ့လုပ်ငန်းစဉ်တွေကိုစာရင်းချကြည့်လိုက်တော့အီရတ် ကရုတ်တရက်ထွက်ခွာရေးဆိုတာကလွဲရင်အားလုံးဟာ မက်ကိန်းမထောက်ခံနိုင်စရာ ဘာမှမရှိပါဘူး။ မက်ကိန်းက အိုဘားမားလိုတိုက်ပွဲပုံစံပြောင်းရေးကို မကြွေးကြော်တာတစ်ခုပဲရှိပါတယ်။ ဆိုလိုတာကပြဿနာဖြေရှင်းရေး နည်းလမ်းတွေတင်ပြကြရာမှာ ကွဲလွဲခြားနားနေကြပေမယ့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

လက်တွေ့လုပ်ကြမယ့်အလုပ်တွေကို ကြည့်ကြမယ်ဆိုရင်တော့ ဘာမှသိပ်ပြီးကွာခြားကြတာ မဟုတ်ပါဘူး။ ဒီအနေအထားတွေကနေ ကျွန်တော်တို့ နောက်ဆုံးသုံးသပ်ချက်သဘောထားကို တင်ပြသွားချင်ပါတယ်။

ဒီမှာ ပထမဆုံးပြောချင်တာက အိုဘားမားနဲ့ မက်ကိန်းတို့ဟာ နိုင်ငံရေးပါတီချင်း မတူ၊ နောက်ခံကားချင်းလည်းမတူ၊ လူချင်းလည်းမတူ လုံးဝကွဲပြားခြားနားကြသူချင်း ဖြစ်ပါလျက်နဲ့သဘောထားတင်ပြပုံတွေသာမတူကြတာဖြစ်ပြီးဘာကြောင့်လက်တွေ့လုပ်မယ့် အသေးစိတ်အလုပ်တွေမှာ လာပြီးတူနေကြတာလဲ။ ဒီမှာ အခြေခံသဘောထား ပြဿနာနဲ့ လုပ်နည်း လုပ် ဟန်ပြဿနာဆိုတဲ့ ကိစ္စနှစ်ရပ်ပေါ်လာတော့တာပါပဲ။

ဒီနေ့ဥရောပတိုက်သားတွေကိုဒီမေးခွန်းမျိုးတွေမေးကြည့်ကြစမ်းပါ။

- ခင်ဗျားတို့ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဂျော့ဘုရှ်အစိုးရကို ခါးသီးမုန်းတီးနေကြရတာလဲ။

***- ခင်ဗျားတို့ဘာကိုစိတ်ဆိုးဒေါသထွက်နေကြတာလဲ။***

***- ခင်ဗျားတို့ဘာကိုပြောင်းလဲပစ်စေချင်နေကြတာလဲ။***

ပြဿနာတွေကတော့ ဂွမ်တာနာမို စစ်စခန်းပြဿနာ၊ သဘာဝပတ်ဝန်းကျင်ပြဿနာ၊အီရတ်ပြဿနာဆိုပြီးတန်းစီထွက်ချလာကြပါလိမ့်မယ်။ဒါပေမယ့်အတွင်း သဘောကဘာလဲ၊လုပ်နည်းလုပ်ဟန်ပြဿနာ၊ ပုံစံစတိုင်လ် ပြဿနာဗျ။

***- ထောင်လွှားမောက်မာတဲ့ပုံစံစတိုင်လ်တွေကိုကျုပ်တို့ စိတ်ပျက် ငြီးငွေ့နေကြပြီဗျ။***

***- ဘာမှသောက်ဂရုမစိုက်ဘူးကွဆိုတဲ့လူဆိုးဂိုဏ်းတွေရဲ့ပုံစံစတိုင်လ် တွေ ကို ကျုပ်တို့ စိတ်ပျက်ငြီးငွေ့နေကြပါပြီဗျာ။***

ဘယ်ပါတီရဲ့ ကိုယ်စားလှယ်ပဲသမ္မတတက်ဖြစ်လာ . . . လာ။

ဒီပုံစံ ဂိုက်ဆိုက်တွေ ဒီအချိုးမျိုးတွေတော့ ပြောင်းစေချင်ပြီဗျာ။

ဘာပဲဖြစ်ဖြစ်အရှေ့အလယ်ပိုင်းကိုတော့ခင်ဗျားတို့သွားလည်ကြည့်စေချင်တယ်။အဲဒီမှာ ကြေကွဲဝမ်းနည်းစရာကောင်းအောင် ထူးခြားနေတဲ့အချက်က ခင်ဗျားတို့ တရားမှန်ကန်စွာ ဆင်နွှဲနေတယ်ဆိုတဲ့“အကြမ်းဖက်ဝါဒချေမှုန်းရေးစစ်ပွဲကြီး” ကို“မွတ်စလင်ချေမှုန်းရေး စစ်ပွဲကြီး”အဖြစ် မွတ်စလင်ကမ္ဘာတစ်ခုလုံးက ယုံကြည်ယူဆနေကြတယ်ဗျာ။ဒါဟာတကယ့်ကို စိတ် နှလုံးထိခိုက်စရာကောင်းပါတယ်။ဒါတွေဟာ သမ္မတဘုရှ်ရဲ့ သဘောထားတင်းမာပုံတွေ၊ မာန်တက်မောက်မာမှုတွေအတွက် ကမ္ဘာကြီးကပုံဖော်ခြယ်မှုန်းပေးလိုက်တဲ့ အမေရိကန်နိုင်ငံရဲ့ပုံပန်းပျက်နေတဲ့ရုပ်ပုံလွှာတစ်ချပ်ပါပဲ။ဒါတွေကိုကျွန်တော်တို့မလွဲမသွေ ပြောင်းလဲပစ်ဖို့ လိုနေပါပြီ။ဒီလိုပြောင်းလဲမှုမျိုးတွေလုပ်ဖို့ဆိုရင် မက်ကိန်းအပေါ်မှာထက်ကျွန်တော်က အိုဘားမားအပေါ်မှာပိုပြီး အားထားမျှော်လင့်ပါတယ်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဒါပေမယ့်စတိုင်လ်တွေပုံစံဟန်ပန်တွေရဲ့အခန်းဟာဘယ်လောက်အရေးပါသလဲ။

စတိုင်လ်တွေပုံစံတွေနဲ့ အတွင်းသဘောတို့ရဲ့ဆက်ဆံရေးကဘယ်လိုလဲ။

ပုံစံစတိုင်လ်တွေ ပြောင်းရုံနဲ့အတွင်းသဘောတွေပြောင်းနိုင်ပါ့မလားဆိုတာတွေတော့ ဆက်စဉ်းစားရဦးမှာပေါ့။

**ရက်ချိုမန်း**

***အတွင်းသဘောနဲ့ ပုံစံစတိုင်လ်ပြဿနာ။***

အင်း၊ ဘော့ပ်ရေ၊ ခင်ဗျား အလှည့်ပဲဗျို့။

**ရောဘတ်ကာဂန်**

အေးဗျာ၊ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ မလွဲမရှောင်သာစွာ ကျွန်တော် ပြောရမှာကတော့ တွမ်ပြောခဲ့တဲ့ သဘောထားတွေနဲ့ ပတ်သက်ပြီး ကျွန်တော် သဘောမတူနိုင်ကြောင်းပဲဗျာ။ဒါ ကာနက်ဂျီအဖွဲ့ရဲ့သဘောထားကိုဝေဖန်သုံးသပ်တာတော့မဟုတ်ဘူးနော်။ဒီမှာ ကျွန်တော်ပြောချင်တာကတွမ် ပြောနေတဲ့ ထောင်လွှားမောက်မာမှု၊ မာန်တက်နေမှု၊ လျစ်လျူရှုပစ်ပယ်မှုစတဲ့အရည်အသွေးတွေကိုနှစ်သက်ကြိုဆိုနေကြောင်းပါ။ ဘာကြောင့်လဲဆိုတော့ဒါတွေဟာအမေရိကန်နိုင်ငံခြားရေးမူဝါဒရဲ့ ရေရှည်အစမ်းသပ်ခံတဲ့ အရည်အသွေးတွေ ဖြစ်နေလို့ပါပဲ။

**တွမ်ကယ်ရီးသား**

ခင်ဗျား၊စာအုပ်တွေကလည်း ဒီသဘောအတိုင်းပဲ မဟုတ်လား။ (ရယ်မောသံများ)

**ရောဘတ်ကာဂန် - ကျွန်တော်ပြန်အမှတ်ရနေတာပြန်ပြောချင်တာ၁၉၉၈ ခုနှစ်ကဆမ်ဟန်တင်တန်** (Sam Huntington) ရေးခဲ့တဲ့ 'LONELY SUPERPOWER FOREIGN AFFAIRS' ဆိုတဲ့ဆောင်းပါးပဲဗျ။ဒီထဲမှာသူကအမေရိကန်နိုင်ငံကိုမာနကြီးတဲ့မောက်မာလွန်းတဲ့အန္တရာယ်ရှိတဲ့နိုင်ငံအဖြစ်ပုံဖော်ထားတယ်။ဒါကြောင့်လည်း ကျန်ကမ္ဘာ့နိုင်ငံတွေကသူ့ကိုလုံခြုံရေးထိပါးနိုင်တဲ့ နိုင်ငံအဖြစ်မြင်နေကြတယ်စသဖြင့် ရေးခဲ့တာပေါ့ဗျာ။ အဲဒီတုန်းက သူရည်ရွယ်ပြောဆိုခဲ့တာကကလင်တန်အစိုးရပါ။ ဒါကြောင့်ဒါတွေဟာမပြောင်းလဲသင့်တဲ့အရာ။(ကျွန်တော့်စာအုပ်တွေကို ကြော်ငြာနေတာမဟုတ်ဘူး နော်) ဒါတွေဟာ အမေရိကန်နိုင်ငံရဲ့နက်ရှိုင်းစွာအမြစ်တွယ်နေခဲ့တဲ့ သဘောထားတွေပဲဗျ။

ဒါကြောင့် ကျွန်တော်ဖြစ်စေချင်တာ တွမ်ရဲ့သဘောထားကို ဖြည့် ဆည်းချင်တာ။ ပိုပြီး ထင်ရှားမြင်သာအောင်မှန်ဘီလူးကိုဆွဲချဲ့ကြည့်စေချင်တာပါ။ ကျွန်တော်ပြောချင်တာ အမေရိကန်နိုင်ငံကကမ္ဘာကြီးကိုကျယ်ပြန့်စွာ ချဉ်းကပ်ကိုင်တွယ်ရာမှာ အခြေခံအုတ်မြစ်ကြီး

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

(၂)ရပ်ထားရှိပါတယ်။ တစ်ချက်ကတော့ ကမ္ဘာကြီးနဲ့ ထိတွေ့ဆက်ဆံရာမှာ အမေရိကန်နိုင်ငံရဲ့ထူးခြားတဲ့အနေအထားအခန်းကဏ္ဍကို အသိအမှတ်ပြုကြဖို့ပါပဲ။နောက်ဒါနဲ့ ဆက်စပ်နေတဲ့သဘောထားတစ်ခုကတော့အမေရိကန်နိုင်ငံဟာကမ္ဘာကြီးမှာအထူး အင်အားအကောင်းဆုံး အကြီးမားဆုံးတိုင်းပြည်အဖြစ်တည်ရှိနေသင့်တယ်ဆိုတာပါပဲ။ ခြွင်းချက်တစ်ခုရှိ တာကလွဲလို့ ကလင်တန်အုပ်ချုပ်ရေးအပါအဝင်ဒုတိယကမ္ဘာစစ်နောက်ပိုင်းတက်လာခဲ့တဲ့ အမေရိကန်အစိုးရတိုင်းမှာ စစ်ရေးအရ လက်ဦး မှုရယူရေးဆိုတဲ့ သဘောထား၊ မူဝါဒရှိခဲ့ကြတာချည်းပါ။ ဒါကိုပဲသမ္မတဘုရှ်အစိုးရအဖွဲ့ကိုပြဿနာလုပ်၊ အမှုအခင်းကြီးလုပ်ပြီးစွဲချက်တင်နေလိုက်ကြတာ။ "စစ်ရေးအရလက်ဦးမှုရယူရေး" ဆိုတာ ကလင်တန်အစိုးရရဲ့ မူဝါဒဖြစ်ခဲ့သလို အမေရိကန်နိုင်ငံရဲ့ မူဝါဒလည်းဖြစ်တယ်။

ဒီတော့ သမ္မတလောင်းနှစ်ယောက်၊ ဒါမှမဟုတ် သုံးယောက်စလုံးကို ကျွန်တော်က ခေါ်ပြီးမေးလိုက်ချင်တယ်။အထက်မှာကျွန်တော်ပြောခဲ့တဲ့ အခြေခံသဘောထား (၂)ရပ်ကို ခင်ဗျားတို့ လက်ခံသလား၊လက်မခံဘူးလား။ ဟင့်အင်းလို့ဖြေမယ့်သူမရှိပါဘူး။ သူဘယ်ဘက်မှာ ရပ်တည်ခဲ့သလဲဆိုတာ မြင်ရပါလိမ့်မယ်။အဲဒီမှာ အမေရိကန်နိုင်ငံဟာ နှောင်ကြိုးမဲ့ကမ္ဘာရဲ့ ခေါင်း ဆောင်ကြီးဖြစ်ရမယ်လို့ ပြောခဲ့ပါသေးတယ်။စစ်အေးခေတ်က သမ္မတ ကနေဒီရဲ့ပုံစံ၊ လေသံမျိုးကို ဂိုက်ဖမ်းနေတာပါ။ဒါမျိုး ၂၀၀၄ ခုနှစ်ကကယ်ရီလည်း လုပ်ခဲ့ပါသေးတယ်။ အိုဘားမားကအမေရိကန်နိုင်ငံရဲ့လုံခြုံရေးကကမ္ဘာပေါ်ရှိလူသားတစ်ဦးချင်းစီရဲ့ လုံခြုံရေးနဲ့ဆက်စပ်တည်ရှိနေတယ်လို့ဆိုခဲ့တယ်။ တစ်ကမ္ဘာလုံးမှာ အမေရိကန် အကျိုးစီးပွား နဲ့မဆိုင်တဲ့နေရာမရှိလို့ ကြေညာလိုက်တာပါ။

ပြီးခဲ့တဲ့ ဆယ်စုနှစ်လေးငါးခုအတွင်းမှာ ကျွန်တော်တင်ပြခဲ့တဲ့ အခြေခံမူ(၂)ရပ်ကို မဆုပ်ကိုင်၊မကျင့်သုံးခဲ့တဲ့ သမ္မတဆိုလို့ ခြွင်းချက်အနေနဲ့ တစ်ယောက်ပဲရှိတယ်ဗျ။သူကတော့ သမ္မတဂျင်မီကာတာ (Jimmy Carter) ပါ။ ကျွန်တော်ထင်တာကတော့သမ္မတကာတာဟာ အိမ်ဖြူတော်ထဲကိုဝင်လာကတည်းကကမ္ဘာကြီးမှာအမေရိကန်နိုင်ငံဟာပြဿနာပဲလို့ ယူဆလာခဲ့ပုံပါပဲ။ ၇၀ခုနှစ်ဝန်းကျင်ကတော့အားလုံးလည်းဒီလိုပဲမြင်နေကြတာကိုး။ ဒီနေ့နဲ့တော့ ဒီအမြင်တွေကကွာခြားသွားပြီဗျ။ အခုကျွန်တော်တို့ ဆွေးနွေးငြင်းခုန်နေကြပေမယ့်လို့ ဒီအမြင်မျိုးတော့မရှိကြပါဘူး။သမ္မတအဖြစ်ဝင်ပြိုင်သူဘယ်သူမှအမေရိကန်နိုင်ငံကို ပြဿနာလို့မမြင်ကြပါဘူး။အိုဘားမားကအမေရိကန်နိုင်ငံရဲ့လုံခြုံရေးဟာ ကမ္ဘာပေါ်ရှိလူသားတစ်ဦးချင်းရဲ့ လုံခြုံရေးနဲ့ ဆက်စပ်တည်ရှိနေတယ်ဆိုခဲ့တယ်။တစ်ကမ္ဘာလုံးမှာအမေရိကန် အကျိုးစီးပွားနဲ့ မဆိုင်တဲ့နေရာမရှိလို့ကြေငြာလိုက်တာပါ။

ကျွန်တော့်အမြင်အရအမေရိကန်သမ္မတတွေရဲ့ နိုင်ငံခြားရေးမူဝါဒတွေမတူကွဲပြားခြားနားရတာဟာကျယ်ပြန့်တဲ့အယူဝါဒရေးရာအမြင်ကြောင့်လို့တော့မထင်ဘူး။ ၁၉၉၈ခုနှစ်က သမ္မကလင်တန်ဟာအီရတ်နိုင်ငံကို (၄)ရက်ကြာဗုံးကြဲတိုက်ခိုက်ခဲ့တယ်။ဒါပေမယ့် စစ်မြေပြင်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ခြေလျင်တပ်တွေကိုတော့ မစေလွှတ်ခဲ့ဘူး။ သမ္မတကလင်တန်ရဲ့ ဆဒမ်ဟူစိန်အပေါ် အမြင်ဟာ သမ္မတဘုရှ်ရဲ့အမြင်နဲ့သိပ်ကွာခြားလှမှာမဟုတ်ပါဘူး။ကလင်တန်က မြေပြင်တပ်တွေမစေလွှတ်ခဲ့တာလည်းအယူဝါဒရေးရာ ကွဲပြားခြားနားနေကြလို့မဟုတ်ပါဘူး။ ဒီနေရာမှာအဆုံးအဖြတ်ပေးသွားတာ ၉/၁၁ အရေး အခင်းဖြစ်ပါ လိမ့်မယ်။ဒီအရေးအခင်းသာမဖြစ်ပေါ်ခဲ့ရင် သမ္မဘုရှ်လည်း မြေပြင်တပ်တွေစေလွှတ်မယ်လို့မထင်ပါဘူး။ဒါကြောင့်နိုင်ငံခြားရေးမူဝါဒ တွေ သိသိသာသာ ပြောင်းလဲသွားတာဟာ ထူးခြားတဲ့အခြေအနေ၊ အကြောင်းအချက်တွေကြောင့် ဖြစ်မယ်လို့ကောက်ချက်ချရတာပါ။ သမ္မတတစ်ယောက်အနေနဲ့တော့ ထူးခြားတဲ့ အကြောင်းအချက်တွေ ဖြစ်ပေါ်လာရင် ထူးခြားစွာ တုံ့ပြန်ရမှာပါပဲ။ ဒါ ဘုရှ်မူဝါဒ (BUSH'S DOCTRINE) ကြောင့် မဟုတ်ပါဘူး။ ခင်ဗျားရောဒီလိုဖြစ်လာရင်ဒီလိုမတုန့်ပြန်ဘူးလား။

အမေရိကန်နိုင်ငံရဲ့သမ္မတရွေးကောက်ပွဲနဲ့ပတ်သက်လာရင်ကောင်းတာရောဆိုးတာပါရှိတဲ့ (paradox)အမှန်ပဲရှိခဲ့တယ်ဗျ။သမ္မတလောင်းတွေ ရော၊ ပရိသတ်တွေဘက်မှာပါရှိတတ်ကြတာပါ။နိုင်ငံခြားရေးမူဝါဒမှာဘယ်သူက ဘယ်သူ့ထက်တော်တယ်။ မက်ကိန်းကရန်လိုတဲ့သဘောရှိတယ်။ အိုဘားမားကတော့ သိမ်မွေ့ညက်ညောတယ်။ လက်ျာဂိုဏ်းရီပတ်ဘလီကင်တွေကတော့ဆော်မယ်၊နှက်မယ်ဆိုတဲ့သဘောထားရှိတယ်။ အင်အားပြချင်တယ်။ စတာတွေပေါ့ဗျာ။ ဒီမှာ ကျွန်တော်ကသမ္မတဟောင်းအိုင်ဆင်ဟောင်ဝါနှင့်ကနေဒီတို့ကို နှိုင်းယှဉ်ပြချင်တယ်။ အိုင်ဆင်ဟောင်ဝါကသူ့ကိုယ်သူ ယုံကြည်မှုမြင့်မားတယ်။ ဒုတိယကမ္ဘာစစ်ကိုအနိုင်ရအောင်တိုက်ခဲ့သူကိုး။ဒီတော့သူ့ကိုယ်သူ အင်အားရှိကြောင်း၊ ပြနေစရာမလိုဘူး။ သတ္တိရှိကြောင်း ဘယ်သူ့ကိုမှ သက်သေထူပြနေစရာမလိုဘူးဗျ။ ကနေဒကတော့ခရုးရှက်က သူငယ်နှပ်စားလေးတစ်ယောက်လို ချိုးနှိမ်တာခံခဲ့ရတယ်ဗျ။

ဒီမှာကျွန်တော်တစ်ခုအလေးထားပြောချင်တာကအိုဘားမားဘာပြောတယ်ဆိုတာအရေးမကြီးပါဘူး။သူရာထူးယူထားချိန်မှာဘယ်လိုလဲ။မလွဲမရှောင်သာတဲ့ အခက်အခဲအကြပ်အတည်းတွေရင်ဆိုင်လာရချိန်မှာသူဘာလုပ်သလဲဆိုတာကိုသာအလေးထား စဉ်းစားစေချင်တာပါ။ဒီလိုကိစ္စတိုင်းမှာပတ်ဝန်းကျင်အခြေအနေကအဆုံးအဖြတ်ပေးသွား တာချည်းပါပဲ။

အခုအခါ ပြဿနာ ဖြစ်နေတာတစ်ခုကကျွန်တော်တို့နဲ့ပတ်သက်ပြီး မွတ်စလင်တွေဘယ်လိုခံစားနေရသလဲဆိုတဲ့ကိစ္စပဲ။

တကယ်လို့နောက်တစ်ကြိမ်ထပ်ပြီးကျွန်တော်တို့အကြမ်းဖက် တိုက်ခိုက်ခံရပြီဆိုရင်တော့ ဒီခံစားမှုဆိုတာတွေဟာ ပြဿနာတစ်ရပ်ဖြစ်မှာ မဟုတ်ပါဘူး။ သူတို့ လုပ်ရမယ့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ဟာ သူတို့လုပ်ကြမှာပဲ။ ဒါဟာ သူတို့အတွက် တွန်းအားတစ်ရပ်မောင်းနှင်အားတစ်ရပ် ဖြစ်သွားပါလိမ့်မယ်။

ဒီမှာ ကျွန်တော်ပြောချင်တာက အခုပြောဆိုနေကြတာတွေဟာ အနာဂတ်မှာ ဒီနေ့အတိုင်း မပြောင်းလဲဘဲရှိနေလိမ့်ဦးမယ်ဆိုတဲ့ စဉ်းစားမှုနဲ့ စိုးရိမ် သောကတွေ ဖြစ်နေကြတာပါ။ပြဿနာကဘာမှမပြောင်းလဲတော့မယ့်သဘောထားနဲ့ ကြည့်မြင်နေတာက ပြဿနာပါ။ ကျွန်တော်တို့မှာရှိထားပြီး ဖြစ်တဲ့ ပြဿနာတွေကို ရင်ဆိုင်ရမယ့် ပြဿနာအဖြစ် ကြည့်မြင်ပြောဆိုနေကြတာကိုကပြဿနာပါ။စိတ်ကူးနဲ့မြင်ကြည့်လို့မရတဲ့ကိစ္စတွေကို စဉ်းစား တွေးမြင်လို့ရနေတဲ့လက်တလောကိစ္စတွေလိုသဘောထားကြည့်မြင်နေကြလို့ ပြဿနာဖြစ် နေကြရတာလို့ ထင်ပါတယ်။

**ရက်ချ်မန်း** - ကျေးဇူးအထူးတင်ပါတယ်။ တင်ပြချက်နှစ်ခုလုံးကလည်း ကျေနပ် အားရစရာ ကောင်းပါတယ်။ ဒါပေမယ့် ခင်ဗျားတို့ကတစ်ယောက်နဲ့တစ်ယောက်ညှိနှိုင်းသဘောတူနိုင်တဲ့ ကိစ္စတွေ အကြောင်းချည်း၊ ပညာရှင်ဆန်ဆန် ဖိပြောနေကြတော့ အတော်ခက်တယ်ဗျာ။ ဘာလဲကျွန်တော်ခင်ဗျားတို့သဘောမတူနိုင်တာတွေထောက်ပြရမလား။ခင်ဗျားတို့ အငြင်းပွား အောင်ဝင်ပြီးလှုံ့ ဆော်ရမလား၊ ရတယ်နော်၊ အိုကေ။

**ကာဂန်** - ဟုတ်ပါတယ်၊ ခင်ဗျားတတ်နိုင်ပါတယ်။ ခင်ဗျားကြည့်လုပ်ပါ။

***နယူးနီမဂ္ဂဇင်း အတွဲ (၁၉)၊ အမှတ် (၁)***
***စက်တင်ဘာ၊ ၂၀၀၈***

http://www.linhtet.com

# အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ (၂)

သန်းစိုးနိုင်



ရောဘတ်ကာဂန်



ရက်ချ်မန်း



တွမ်ကယ်ရှီးသား

**ရက်ချ်မန်း**

အီရတ်နဲ့ပတ်သက်လို့ကျွန်တော်မြင်တာကတော့ပတ်ဝန်းကျင်အခြေအနေတွေ က မက်ကိန်းနဲ့အိုဘားမားတို့သမ္မတလောင်းနှစ်ယောက်လုံးကို တူညီတဲ့ပေါ်လစီကျင့်သုံး လာအောင် တွန်းအားပေးတာမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ဒါပေမယ့်အနည်းဆုံးသူတို့ နှစ်ယောက်လုံး ပြောဆိုတင်ပြကြတာတွေ ကြည့်လိုက်ရင်ကို အတော်လေးထူးထူးခြားခြား ကွဲပြားခြားနားနေတာကို တွေ့ရနိုင်ပါတယ်။အချိန်ပြဿနာပေါ့ဗျာ။တစ်ယောက်က (၁၆)လ သို့မဟုတ်(၁၈)လအတွင်းအီရတ်ကထွက်ခွာချင်တယ်။နောက်တစ်ယောက်ကတော့ မျိုးဆက် ပေါင်းများစွာကြာအောင်နေရမယ်ဆိုရင်လည်းနေမယ်။ဒါဟာအမေရိကန်နိုင်ငံ ရင်ဆိုင် နေရတဲ့ အရေးကြီးတဲ့ နိုင်ငံခြားရေးပေါ်လစီတစ်ရပ်မှာ ထူးထူးခြားခြားကွဲပြားခြားနားနေတာ အသေအချာပဲဗျ။

အီရန်နဲ့ပတ်သက်လို့ကျွန်တော်မြင်တာကတော့ထူးထူးခြားခြားကွဲပြားခြား နားတာ နည်းပါးပါတယ်။ ဒါပေမယ့် အီရန်နဲ့ပတ်သက်လို့ အတွင်းစိတ်ခံစားမှုတွေကို အတော်များများ ကျွန်တော်တို့ပြောလည်းပြောပြထားပြီးခဲ့ကြပါပြီ။နောက်ပြီး အီရန်ကိုဗုံးကြဲပစ်မယ်၊ ဘာလုပ် ပစ်လိုက်မယ်ဆိုပြီး မက် ကိန်းကိုယ်တိုင် နာမည်ပျက်လောက်တဲ့ဒါမှမဟုတ်ပေါ့ပေါ့ဆဆ ဟာသ လုပ်ခဲ့တာလည်း တွေ့ခဲ့ကြရပါပြီ။ ကျွန်တော်မှန်းဆနိုင်တာကတော့ အီရန်အပေါ်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

စစ်အင်အားသုံးစွဲရေးဆိုတဲ့သဘောထားကိုဖတ်ကြားထားပုံပါပဲ။ အီရန်နိုင်ငံအပေါ် စစ်အင်အားသုံးစွဲလိုတဲ့သဘောမျိုးအိုဘားမားရဲ့အတွင်းစိတ်ထဲမှာကိုရှိထားပုံရဘူး။ဒါကြောင့် ကျွန်တော်ထင်တာအီရန်ပြဿနာဟာ သူတို့နှစ်ယောက်အကြားမှာ အဓိကကွဲလွဲတဲ့ ဒုတိယ နိုင်ငံခြားရေးမူဝါဒပြဿနာ ဖြစ်ပုံပါပဲ။

နောက်ဆုံးကျွန်တော်ခံစားမိလိုက်တာက၊ ခင်ဗျားတို့ပြောပုံအရ မက်ကိန်းနဲ့ အိုဘားမား တို့နှစ်ယောက်လုံးကိုယ်၌ကလည်း ဒီပြဿနာနှစ်ရပ်အပေါ်မှာ အားနည်းချက် ရှာပြီး ကွဲပြားခြားနားတဲ့ နိုင်ငံခြားရေးမူဝါဒကို ဖော်ထုတ်တင်ပြဖို့ ကြိတ်ပြီး ကြံစည် ကြိုးပမ်းနေကြပုံပါပဲ။ဘယ်လိုပဲဖြစ်ဖြစ်၊ကျွန်တော့်အမြင်အရတော့ဒီပုဂ္ဂိုလ်နှစ်ယောက်ဟာ လုံးဝမတူကြပါဘူး။ ၉/၁၁အရေးအခင်းနောက်ပိုင်းမှာ ဘာပြဿနာပဲဖြစ်လာလာ အိမ်ဖြူ တော်က ပုဂ္ဂိုလ်ကြီးရဲ့အတွင်းစိတ်သဘောထားဟာဘာလဲဆိုတာ အတော်အရေး ပါလာ တယ်။ဒါကြောင့်ပဲသူတို့နှစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးနဲ့စိတ်ထားတွေရဲ့ ကွဲပြားခြားနားမှု ဟာအရေးပါနေတာပေ့ါ။အမေရိကန်ပြည်သူတွေနဲ့ကမ္ဘာကြီးအပေါ် သူတို့ကိုယ်တိုင် ဖော်ပြနေ ကြတဲ့သူတို့နှစ်ယောက်ရဲ့ပုံရိပ်ဟာလည်း အတော်ကွဲပြားခြားနားပါတယ်။ ဒါတွေက သူတို့ ဖော်ပြနေတဲ့နိုင်ငံခြားရေးမူဝါဒဆိုင်ရာအာဘော်တွေ၊အသံဗလံတွေအပေါ်မှာအတော် ဩဇာ သက်ရောက်မှုရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ခင်ဗျားတို့နှစ်ယောက်အနေနဲ့ ဘယ် အချက် ကိုပထမဆုံးအက်ကြောင်းပေးပြီးဖောက်ခွဲမယ်ဆိုတာတော့ကျွန် တော်မသိပါဘူး။

## အီရတ်ရဲ့အနာဂတ်

**ကရိုးသား**

ဟုတ်ကဲ့၊ ကျွန်တော်သဘောတူပါတယ်။ အကြီးမားဆုံးကွဲလွဲချက်ဟာ အီရတ် ပြဿနာပါပဲ။ တစ်နည်းပြောရရင် အီရတ်ကိုနေတစ်စင်းလို ကောင်းကင်ပေါ်မြှောက် တင်ထားတော့ကမ္ဘာကြီးက အမေရိကန်နိုင်ငံခြားရေးမူဝါဒဆိုတာ အီရတ်ပဲလို့ထင်နေကြပြီး ကျန်တာဘာမှ မမြင်ကြတော့ဘူး။ တကယ်လို့အီရတ်ဆိုတဲ့ နေတစ်စင်းကိုရှင်းလင်း ဖယ်ရှားကြည့်လိုက်ကြမယ်ဆိုရင် သမ္မတဘုရှ်ရဲ့နိုင်ငံခြားရေးမူဝါဒဟာ ကလင်တန်ရဲ့မူဝါဒ ဒါမှမဟုတ် သူ့အရင်ကသမ္မတတွေရဲ့ မူဝါဒတွေနှင့်ဘာမှ ကွာခြားကြမှာမဟုတ်ပါဘူး။ အထူး သဖြင့် ၉/၁၁ဆိုတဲ့ ထူးခြားတဲ့အကြမ်းဖက်တိုက်ခိုက်မှုအခြေအနေတစ်ရပ်ကိုသာ ထည့်သွင်း စဉ်းစားကြမယ်ဆိုရင်တရုတ်၊ ရုရှားတို့နဲ့ ဆက်ဆံရေး၊ နိုင်ငံတကာစီးပွားရေး အနေအထား တွေမှာ ဘာမှသိသိသာသာပြောင်းလဲလာစရာ ရှိမှာမဟုတ်ပါဘူး။

ဒါကြောင့်အခုဖြစ်နေတဲ့ကျွန်တော်တို့ရဲ့ တူညီတဲ့ပဟေဠိကအီရတ်ကလွဲရင် ကျန်တဲ့ အရာခပ်သိမ်းဟာ ဒီအတိုင်းဆက်လက်ဖြစ်ပေါ်တိုးပွားနေဦးမှာလားဆိုတဲ့ မေးခွန်းပါပဲ။ လက်ရှိအနေအထားကိုအိုဘားမား ပြောင်းလဲကောင်းပြောင်းလဲနိုင်ပါလိမ့်မယ်။ မျက်စိကွယ်

## အိုဘားမားကောက်ကြောင်း

လောက်အောင် ထွန်းလင်းနေတဲ့ အီရတ်နေမင်းကိုဖယ်ရှားကောင်းဖယ်ရှားပစ်နိုင်ပါလိမ့်မယ်။ အဲဒီအခါကျွန်တော်တို့လည်း ပုံမှန်အနေအထားကိုပြန်ရောက်သွားကြမှာပါပဲ။အခုကသူတို့ ထင်သလို ပုံမှန်အနေအထားသက်သောင့်သက်သာအနေအထားကိုမရောက်နိုင် ကြသေးပါဘူး။ ဘော့ပ်(ကာဂန်)ပြောသလိုကလင်တန်နှစ်ကာလများကို သူတို့မှန်းဆလွမ်းတ နေကြပါလိမ့်မယ်။ဘက်စုံကပြည့်စုံနေကြတဲ့အမေရိကန်ဘဝများအဖြစ်လည်းမြင်နိုင်ကြပါတယ်။ အမှန်တကယ်ပဲ၉၀ခုနှစ်ဝန်းကျင်ကရော၊ဒီမတိုင်မီကရော၊ ဒီအနေအထားမျိုးဟာ ရှားပါလိမ့်မယ်။

ဒါကြောင့်ခင်ဗျားမှန်ပါတယ်။ အီရတ်ပြဿနာဟာအခရာပါ။ ဒါပေမယ့် အိုဘားမားရဲ့အီရတ်ပေါ်လစီဆိုတာ အီရတ်မှာ အခြေအနေအတော်ဆိုးဝါးစွာပျက်စီးယွင်းယိုလာချိန်ရောက်မှ ပုံသွင်းထုလုပ်ရတာပါ။ အခြေအနေ ဟာ ပိုကောင်းလာနေသလားဆိုတာကိုလည်း ထည့်သွင်းတွက်ချက် ကြရပါလိမ့်မယ်။(၁၆)လအတွင်း အီရတ်ကထွက်မယ်ဆိုလို့၂၀၀၉ခုနှစ်အစောပိုင်းလောက်ထွက်မယ်ဆိုတာမျိုးလုပ်စရာမလိုပါဘူး။၂၀၀၆ခုနှစ်နွေတုန်းကလိုတော့ မဖြစ်ဖို့လိုပါလိမ့်မယ်။

**ကာဂန်**

ဟုတ်ကဲ့၊ဒီကိစ္စကိုတော့ ခင်ဗျားအတော်အသေးစိတ်ပြောနိုင်ပါတယ်။ ပထမဆုံးအချက်က မက်ကိန်းနဲ့အိုဘားမားတို့အကြား ငြင်းခုံဆွေးနွေးမှုတွေရဲ့ အဓိကအချက် ဟာ ၂၀၀၉ ခုနှစ်မှာ သူတို့အီရတ်နဲ့ပတ်သက်လို့ ဘာလုပ်ကြ တော့မယ်ဆိုတဲ့ကိစ္စမဟုတ်ပါဘူး။ အဓိကဟာ၂၀၀၂နဲ့၂၀၀၃ခုနှစ်ကဘာလုပ်ခဲ့ကြတယ်ဆိုတဲ့ကိစ္စပါ။ ဒီလိုသူတို့ ငြင်းခုံစွဲချက်တင်ကြရာမှာ အိုဘားမားရဲ့အဖြေကကျွန်တော်တို့ကိုဒီစစ်ပွဲထဲပို့ပေးတာ ရီပတ်ဘလီကန်တွေဖြစ်တယ်ဆိုတာပါပဲ။သူဒီလိုပြောတာဟာ ကျွန်တော်တို့ဘယ်ကိုချီတက်နေလို့ ဘယ်လောက်ရောက်လိမ့်မယ်ဆိုတာ မသေချာလို့ပါ။

အခုအခါ အီရတ်ကထွက်ခွာဖို့ရာ နည်းလမ်း(၂)သွယ်ရှိပါတယ်။ ခင်ဗျားရဲ့မေးခွန်းကို ဖြေရတော့မှာမို့ကျွန်တော့်ကိုပြောခွင့်ပြုပါ။ ပထမနည်းက ကျွန်တော်တို့ထွက်ခွာပြီးတဲ့နောက်ပိုင်းအီရတ်မှာ ဘာတွေဖြစ်နေပစေ ကျုပ်တို့ ဂရုမစိုက်ဘူးဆိုတဲ့နည်းပါ။ ခင်ဗျားတို့(၁၆)လအတွင်းထွက်နိုင်တယ်။(၈)လအတွင်းလည်းထွက်နိုင်ပါတယ်။အိုဘားမားဟာ ဒီလိုအနေအထားမျိုး တော့မရှိပါဘူး။သူပြောတာက သူသမ္မတစ်ဦးအဖြစ်ရှိနေမယ်ဆိုရင် အယ်လ်ကေးဒါးတွေ တစ်နည်းနည်းနဲ့ပြန်လည်စုဖွဲ့လာတာနဲ့ ကျွန်တော်တို့ကလည်း လုပ်သင့်လုပ်ထိုက်တာတစ်ခုခုလုပ်ရမှာပဲလို့ဆိုတာပါ။

ကောင်းပြီ။ဘယ်လိုလဲဆိုတာမှန်းဆကြည့်စမ်းပါ။ တကယ်လို့ကျွန်တော်တို့ လုပ်ပုံလုပ်နည်းမှားသွားရင် အယ်လ်ကေးဒါးတွေကတော့ ပြန်ပြီးစုစည်းလာကြဦးမှာပဲလို့ တပ်မှူးကြီးတွေက ပြောလာရင်ဘယ်လိုလုပ်ကြမလဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

စဉ်းစားကြည့်မိသလောက် မက်ကိန်းကလည်း အနှစ်တစ်ရာအတွင်း အီရတ်က ထွက်ခွာချင်သူ ဖြစ်လို့ပါ။ကျွန်တော်တစ်ခု ပြောချင်တာက ဒီသမ္မတလောင်း ယှဉ်ပြိုင်ပွဲ တစ်လျှောက်မှာ အနည်းဆုံး (၁၅) ကြိမ်ကနေ အကြိမ် (၃၀) လောက်အထိ မက်ကိန်း ပြောခဲ့တာကို တစ်လျှောက် လုံးပါခဲ့တဲ့ သတင်းထောက်တွေလည်း သိကြမှာပါ။ မက်ကိန်းကိုယ်တိုင်လည်း အီရတ်မှာ အနှစ်တစ်ရာမနေချင်ပါဘူး။

လူတိုင်းသိကြသလိုမက်ကိန်းကလည်းသိပါတယ်။အီရတ်မှာတပ်တွေပိုများများချထားရလေကျွန်တော်တို့လုပ်ချင်တဲ့တခြားကိစ္စတွေလုပ်ဖို့ ပိုမိုအခက်အခဲကြီးလေပါပဲ။ ဒါကြောင့် သူလည်းထွက်ချင်တာပါပဲ။ ပြဿနာကတွမ်(ကရိုးသား)အနေနှင့် အိုဘားမားရဲ့ အီရတ်က ထွက်ချင်မှုကိုပဲ အလေးထားပြောနေတာပါ။ တကယ်တော့ မက်ကိန်းလည်း ထွက်ခွာချင်တာပါပဲ။ ဒါကြောင့်ပေါ်လစီပြဿနာကို ပြန်ချုပ်လိုက်ရင်အတူတူပါပဲ။

## အမျိုးသားလုံခြုံရေး ဆွေးနွေးစရာ

**ရက်ချ်မန်း**

ဒီအပေါ်သဘောထားပြဿနာမှာ သူတို့နှစ်ယောက်ဟာ အလွန်ခြားနားနေ ကြတယ်လို့ ခင်ဗျားမထင်ဘူးလား။

**ကာဂန်**

အမှန်ပဲ။ သူတို့ဟာ ကွဲပြားခြားနားကြပါတယ်။ ဒါပေမယ့် တချို့သော အကျပ်အတည်း တွေရှိလာချိန်မှာအတုန့်အပြန်အနေနဲ့ ဘာတွေဖြစ်လာမယ်၊ ဘာတွေသူတို့ လုပ်လာမယ်ဆိုတာမခန့်မှန်းနိုင်လောက်အောင်ကို သူတို့မှာကွဲပြားခြားနားချက်တွေ ရှိနေပါတယ်။ ဒါဟာသမ္မတဆိုတာကို ရှင်းလင်းဖွင့်ဆိုပြမယ့်အချက်ပါပဲ။

**ကရိုးသား**

ကျွန်တော်ထင်တာတော့ ဘော့စ်ထောက်ပြချင်တဲ့အချက်က အခုအခါမှာ ဒီမိုကရက်တစ်ပါတီဟာဆယ်စုနှစ်ချီပြီး အမျိုးသားလုံခြုံရေးကိစ္စမှာပြဿနာရှိနေတယ်။ ဒီမိုကရက်တစ်သမ္မတတစ်ယောက်ဟာကလင်တန်လုပ်ခဲ့သလိုပဲဖြစ်ပါလိမ့်မယ်။ဒီမိုကရက်တစ်သမ္မတသစ်တစ်ယောက်ဟာဒီ (အီရတ်)ပြဿနာကို အဓိကအားနည်းချက်ရှိတဲ့နေရာလို့ မြင်ထားတဲ့ အ လျောက်အရွေးခံလိုက်ရတာနဲ့ တစ်ပြိုင်နက်ကောက်ကိုင်တော့မှာပဲ၊ ယှဉ်ပြိုင်ပွဲတစ်လျှောက်မှာလည်းဒီပြဿနာကိုပဲတစ်လျှောက်လုံး ဖွနေတော့မှာပဲ။ နောက်တကယ်တမ်းသမ္မတလည်းဖြစ်လာရောလက်တွေ့စိန်ခေါ် မှုတွေကို ရင်ဆိုင်ကြရတော့တာပဲ။၁၉၉၃/၉၄ ခုနှစ်ကကလင်တန်အစိုးရကို ကျွန်တော်သတိရမိပါသေးတယ်။သူရာထူးလက်ခံပြီးလို့(၁၈) လအတွင်းမှာတင်ဟေတီနိုင်ငံထဲချဉ်းနင်းဝင်ရောက်တော့တာပါပဲ။သူကတော့ လွတ်တဲ့လမ်းကို

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ရွေးခဲ့ပုံပါပဲ။ (ရယ်သံများ)

**ကာဂန်**

ဒါသူတို့ပထမဆုံးအကြိမ်ဖောက်ခွဲဝင်ရောက်ခြင်း ဖြစ်သော်ငြားလည်းပေါ့နော်၊ ဟုတ်ပေ့ဗျာ။

**ကရိုးသား**

နောက်ပြီး ဒီထဲက ရုန်းထွက်လိုက်တာပဲဗျ။ ဒီနေ့အထိ ပေတီ နိုင်ငံ ဟာ နေရာအတော်များများမှာရှုပ်ထွေးနေကြတုန်းပါပဲ။ဒါလည်း ၁၉၉၄ ခုနှစ်ထဲမှာ ရှက်စရာကောင်းတဲ့ဖြစ်ရပ်တချို့ဖြစ်ပြီးမှ ဒီလိုတွက်ချက်လုပ်ကိုင်ခဲ့ကြပုံပါပဲ။ တစ်စုံတစ်ရာကို ထောက်ခံအားပေးနေရာကနေ စွန့်လွှတ်ဖို့ လိုအပ်လာပြီလို့ယူဆလာရတဲ့အချိန်မျိုးမှာ ကျွန်တော်တို့ဟာ လိုအပ်ရင် စစ်အင်အားသုံးစွဲဖို့ရာဝန်မလေးလှဘူးဆိုတာကိုလည်းဒီကမ္ဘာကြီးက မြင်အောင်ပြသဖို့ တစ်စုံတစ်ရာလိုပါလိမ့်မယ်။

ဒါမျိုး အိုဘားမားကိုယ်တိုင်လည်း ရင်ဆိုင်ကြုံတွေ့လာစရာတွေ ရှိနေပါတယ်။ ဒါဟာအမေရိကန်တွေရဲ့ စိတ္တဗေဒရှုပ်ပုံလွှာ တစ်စိတ်တစ်ပိုင်းပါပဲ။ ဒါဟာ ဒီမိုကရက်တစ်ပါတီရဲ့ပြဿနာဖြစ်တယ်လို့လည်း မစ္စတာအိုဘားမားယုံကြည်ယူဆနေပုံရပါတယ်။တစ်ချိန်တည်းမှာ သူအသေအချာအာရုံစိုက်နားထောင်ပါတယ်။တခြားအမေရိကန်သမ္မတတွေနဲ့မတူဘဲနိုင်ငံခြားဆက်ဆံရေးအတွေ့အကြုံတွေကိုကလေးတစ်ယောက်လို သူကိုယ်တိုင်လိုက်ပြီးနာယူပါတယ်။အရာကိစ္စတွေကိုသိရှိအောင်ကြိုးပမ်းရာမှာ မှန်ပြောင်းရဲ့ အခြားတစ်ဖက်စွန်းကအမြင်တွေကိုလည်းထည့်သွင်းစဉ်းစားဖို့လိုအပ်ကြောင်းသူနားလည်ပုံရပါတယ်။အထက်မှာပြောခဲ့တာအားလုံးဟာအမှန်တွေပါ။အမေရိကန်ပြည်သူလူထုက သူ့ကိုသမ္မတအဖြစ်ရွေးချယ်လိုက်တာနဲ့ တစ်ပြိုင်နက် သူတို့သိချင်တာတွေကို သူပြောပေး ရပါလိမ့်မယ်။တကယ်လို့အကျိုးဆက်တစ်စုံတစ်ရာဆက်လက်ဖြစ်ပေါ် လာရင်လည်း ဒါတွေကို ဖိအားပေးတယ်လို့သူကိုယ်တိုင် ခံစားလာရနိုင်ပါတယ်။

## အီရန်အရေး တွေးစရာ

**ရက်ချ်မန်း**

အိုကေ၊ ဟုတ်ပြီလေ။ ပရိသတ်ထဲက မေးခွန်းတွေ နားထောင်ကြည့် ရအောင်။ ရှေ့ဆုံးတန်းကအမျိုးသမီးကြီး အရင်စပါ။မိုက်ခရိုဖုန်းရောရှိရဲ့လား။ ကျွန်တော်တို့စကြရအောင်၊ တကယ်လို့အခွင့်သာမယ်ဆိုရင် ခင်ဗျားဘယ်သူဆိုတာလဲပြောပြပါဦး။

**အမျိုးသမီး**

ကျွန်မရှန်နွန် (Shannon)ပါ။ကျွန်မမှာ မေးခွန်း(၂)ခုရှိပါတယ်။ တစ်ခုက မစ္စတာ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကရိုးသားရှင်းပြခဲ့ရာမှာ -

**ရက်ချ်မန်း**

မိုက်ခွက်နဲ့နည်းနည်းကပ်ပြောပါလား။

**အမျိုးသမီး**

အိုကေ၊တစ်ခုကရှင်ပြောခဲ့တာ၊တကယ်လို့အိုဘားမားကအီရန်နှင့် စကားပြောခဲ့မယ်ဆိုရင်ရှင်ထောက်ခံချင်တယ်။ဘာကြောင့်လဲဆိုတော့ ဒါလိုအပ်နေတာကိုး။ဖြစ်နိုင်ရင် ဒီကိစ္စကိုပိုပြီးအသေးစိတ်ရှင်းပြစေချင်ပါတယ်။ နောက်မေးခွန်းတစ်ခုကသမ္မတလောင်းနှစ်ဦးကြားမှာ ကွဲလွဲချက်များများ စားစားသိပ်မရှိဘူးလို့ ရှင်တို့နှစ်ယောက်စလုံးပြောခဲ့ကြတယ်။ . . . (စကား မသဲကွဲတော့)

နိုင်ငံခြားရေးမူဝါဒဆိုတာဘာလဲ၊တစ်ပြည်လုံးရဲ့အကျိုးစီးပွားနဲ့သက်ဆိုင်တဲ့ ကိစ္စဆိုတော့ သိပ်ပြီးအကြီးအကျယ်ကွဲပြားခြားနားစရာမရှိလှဘူး။ ဒါဟာလူပုဂ္ဂိုလ်တစ်ဦးချင်းရဲ့ ဟန်ပန်ပုံစံပြဿနာသာဖြစ်တယ်လို့ဆိုပါတယ်။ ဘယ်လိုပုဂ္ဂိုလ်ရေးဟန်ပန်ပုံစံမျိုးဖြစ်စေချင်တာလဲ။ဘယ်လိုဟန်ပန်ပုံစံက ပိုပြီးအားရှိသလဲ။ဒါတွေဟာ ပေါ်လစီနိုင်ငံရေးမဟုတ်ဘူး။ ပုဂ္ဂိုလ်ရေးတွေလို့ပဲ မြင်ပါတယ်။

အိုဘားမားနဲ့မက်ကိန်းတို့ရဲ့ဟန်ပန်ပုံစံတွေကိုလည်းယှဉ်ဖော်ပြခဲ့ ပါတယ်။သူတို့နှစ်ယောက်အနက်ဘယ်သူ . . . (မသဲကွဲတော့)

**ရက်ချ်မန်း**

အိုကေ၊ ဟုတ်ပါတယ်ဗျာ။

**ကရိုးသား**

အီရန်နဲ့ပတ်သက်လို့စကားပြောဖို့ကြိုးစားရာမှာ ကျင့်သုံးနိုင်မယ့် မတူတဲ့နည်းလမ်း (၂)သွယ်ရှိပါတယ်။အခုဝါရှင်တန်မှာရှိနေကြတဲ့ ပုဂ္ဂိုလ်များထွက်နေကြတဲ့တစ်လေတည်းတစ်သံတည်းပြောနေကြတာကတော့အမေရိကန်သမ္မတအနေနဲ့တရားဝင်နည်းလမ်းဖြစ်စေ၊ ဒါမှမဟုတ်တရားမဝင်နည်းလမ်းနဲ့ ဖြစ်စေဆက်သွယ်နိုင်ပါတယ်။ဒါပေမယ့် 'အပေးအယူလုပ်ပွဲကြီး' ကျင်းပရာမှာ အခုလိုအကြမ်းဖျင်းမူဝါဒသဘောထားတွေပါဝင်သင့်တယ်။ဒါတွေကတော့ အမေရိကန်နိုင်ငံအနေနဲ့အီရန်တွေကို ဒီလိုမေးမြန်းတောင်းဆိုရလိမ့်မယ်။

'ခင်ဗျားတို့ရဲ့ယူရေနီယံဒါမှမဟုတ်ချူကလီးယားထုတ်လုပ်မှုအစီအစဉ်တွေကို ရပ်ဆိုင်းပါ။

ခင်ဗျားတို့ရဲ့ ဟစ်ဇဘိုလာနဲ့ဟားမာ့စ်အဖွဲ့တွေအပေါ် ထောက်ပံ့နေမှုတွေကိုရပ်ဆိုင်းပါ။

နောက်ပြီး အမှန်တကယ်လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတွေ

# အိုဘားမားကောက်ကြောင်း

ကျင်းပနိုင်မယ့် နည်းလမ်းတွေရှာဖွေကျင့်သုံးပါ။ ဒါမှမဟုတ်ထူးခြားထင်ရှားလာအောင် လုပ်ပေးပါ။အတုံ့အပြန်အနေနဲ့ခင်ဗျားတို့ 'နိုင်ငံတကာအသိုက်အမြုံ'ထဲကို ပြန်ဝင်ခွင့် ရလာနိုင်ပါလိမ့်မယ်။ပိတ်ဆို့မှုတွေကို ရုပ်ဆိုင်းပြီး နိုင်ငံတကာစင်မြင့်ပေါ်ကို တက်လှမ်း ခွင့်ရလာလိမ့်မယ်' ဆိုတာတွေပါပဲ။

ဒါမျိုးတွေနဲ့သာ အပေးအယူလုပ်ကြမယ်ဆိုရင်တော့ အီရန်နိုင်ငံက စိတ်ဝင်စားမယ်လို့ ကျွန်တော်မထင်ပါဘူး။ ပိတ်ဆို့မှုတွေ ရုပ်ဆိုင်းစေချင်တယ်။ နိုင်ငံတကာအသိုင်းအဝိုင်းထဲကို ပြန်ဝင်ချင်တယ်ဆိုတဲ့ဆန္ဒတွေ သူတို့မှာ အသေအချာရှိမှာပါ။ဒါပေမယ့် အထက်မှာ ဖော်ပြခဲ့တဲ့(၃)ချက်လောက်သာ ကျွန်တော်ဖော်ပြခဲ့သလို အပေးအယူလုပ်ကြမယ်ဆိုရင်တော့ အခုသူတို့ရဲ့ နျူကလီးယားအစီအစဉ်ဟာ အဆင်ပြေချောမွေ့နေတယ်။ အထူးသဖြင့် အခုလိုအခြေအနေမျိုးမှာ ဘာဖြစ်လို့ သူတို့အနေနှင့် ဒီအစီအစဉ်ကို စွန့်လွှတ်ချင်ရမှာလဲ။ အကြောင်းအမျိုးမျိုးကြောင့် သူတို့မှာအစီအစဉ်ဟာအရေးကြီးလို့အပ်တယ်လို့ ယူဆနေကြတယ်။အခြေခံသဘောကိုပြောကြမယ်ဆိုရင်လည်းသူတို့ရဲ့ ပြည်တွင်းနိုင်ငံရေးစနစ်ကို သူတို့မပြောင်းချင်ကြပါဘူး။ နောက်ပြီးဟစ်ဇဘိုလာနဲ့ ဟားမာ့စ်အဖွဲ့တွေဟာ အကြောင်းအမျိုးမျိုးနဲ့ သူတို့အတွက်အသုံးတည့်နေတုန်းပဲ။ ဒါကြောင့် သူတို့ဘက်က ကျွန်တော်တို့နဲ့ ဆက်ပြီး စကားပြောချင်တဲ့ဆန္ဒတော့ရှိမယ်လို့ ကျွန်တော်ထင်ပါတယ်။ဒါပေမယ့် မဟာအပေးအယူလုပ်ပွဲကြီးထဲကို ခုန်ဝင်လာချင်လိမ့်မယ်လို့တော့ တယ်မထင် လှပါဘူး။

အီရန်နိုင်ငံကို မတူတဲ့အခြားနည်းလမ်းတစ်ခုနဲ့ ပြောကြရလိမ့်မယ်။ ဒါတောင် တကယ်တမ်းဖြစ်နိုင်သလား။ဒါမှမဟုတ်မဖြစ်နိုင်ဘူးလားဆိုတာကျွန်တော်လည်း အသေအချာမသိပါဘူး။ ဒါပေမယ့်တခြားနည်းနှစ်နည်းနဲ့တော့သွားကြရလိမ့်မယ်။ စပြီးပြောကြည့်ကြတာပေါ့ဗျာ။ မဟာအပေးအယူလုပ်ပွဲကြီးနဲ့တော့ စပြီးအဆိုမပြုသင့်ဘူး။ စပြောရုံပဲ ပြောသင့်ပါတယ်။ ထိပ်တိုက်ရင်ဆိုင်ရေးမူဝါဒမျိုးကိုတော့ အဆုံးသတ်လိုက်ကြပါစို့။ အချို့ အသေး အဖွဲ့ကိစ္စလေးတွေကစပြီး ပြောဆိုဖို့ ကြိုးစားကြည့်ကြတာပေါ့။ ဥပမာအားဖြင့် အီရတ်ကိစ္စမှာ တစ်နည်းနည်းနဲ့ ပူးပေါင်းဆောင်ရွက်ကြဖို့ ကမ်းလှမ်း တာမျိုး ဒီဟာမဟုတ်လည်းဟိုဟာပေါ့ဗျာ။ ပန်းသီးတစ်ကိုက်လောက်ပဲ ဖြစ်ပစေပေါ့။

ကျွန်တော်ထင်တာ ဒီလိုလုပ်မှသာသူတို့စိတ်ဝင်စားပါလိမ့်မယ်။ ဒါ ပေမယ့်အချိန် အတော်ကြာတဲ့အထိ သိပ်များများစားစား ပြောလို့ရဦးမယ် မထင်ဘူး။ ကျွန်တော်ပြောခဲ့တာ အားလုံးကို ချုပ်လိုက်ရင်သဘောကတော့ စကားပြောကြည့်ကြဖို့ပါပဲ။ အီရန်နဲ့စကားပြောကြည့်ကြဖို့ဆိုတာ ကောင်းမွန်တဲ့သဘောထားတစ်ခုပါ။ ဒီနေရာမှာ ရုတ်တရက်ချက်ချင်း ငြင်းထုတ်ပစ်လိုက်မယ့်နည်းနာမျိုးမကျင့်သုံးမိဖို့၊ ဒါပေမယ့်ပိတ်ဆို့ခံထားရတဲ့အတွက် အီရန်နိုင်ငံကို တစ်နည်းနည်းနဲ့ထိခိုက်နစ်နာစေလိမ့်မယ်လို့တော့ ကျွန်တော်မထင်လှပါဘူး။ဘာပဲ ဖြစ်ဖြစ်အနည်းဆုံး ကျွန်တော်တို့တင်ပြတဲ့(၃)ချက်ထဲက တစ်ခုခုကိုတော့ စွန့်လွှတ်ပြတာမျိုး၊

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဒါမှမဟုတ် ကျွန်တော်ပြောခဲ့တဲ့အထဲက သူတို့ သိပ်အလေးထားတာမျိုးတစ်ခုခုပေါ့။

**ရက်ချ်မန်း**

ဘော့ပ်(ကာဂန်)ရေ၊ ကျွန်တော်တစ်ခုလောက်ပါပဲ၊ အမေရိကန်နိုင်ငံခြား ရေးမူဝါဒ အစဉ်အလာကို ဆက်ခံသယ်ဆောင်သွားရေးကို ခင်ဗျား ပြောခဲ့တုန်းက ကျွန်တော်မြင်ကြည့်တာ၊ နားလည်အောင်အဓိပ္ပါယ်ဖွင့်ကြည့်တာကတော့ခင်ဗျားအနေနဲ့အယူဝါဒသဘောတရားတစ်ရပ်ဖြစ်အောင် ပုံဖော်ဖို့ ကြိုးစားနေတယ်လို့ပဲ ယူဆခဲ့မိပါတယ်။ဒါကိုအယူဝါဒတစ်ရပ်သဘောတရားတစ်ရပ်အဖြစ်မဟုတ်ဘဲ အခြားတစ်နည်းနည်းနဲ့ . . . ဆိုလိုတာ . . . အမျိုးသားအကျိုးစီးပွားတစ်ရပ်အဖြစ်ပုံဖော်ကြည့်မယ်ဆိုရင်ရောဒီပုဂ္ဂိုလ် နှစ်ယောက်လုပ်ကိုင်ကြည့်မယ့်အလုပ်တွေဟာ အတူတူ ဖြစ်လာနိုင်စရာမရှိဘူးလား။

**ကာဂန်**

ကျွန်တော်ပြောချင်တာတွေထဲမှာအမျိုးသားအချင်းအရာတွေပါဝင်ပါတယ်။ ဒါပေမယ့် အမျိုးသားအကျိုးစီးပွားဆိုတဲ့ကိစ္စဟာ အတော်ရှုပ်ထွေးပြီးမာယာများပါတယ်။ဘာကြောင့်လဲဆိုတော့အကျိုးစီးပွားကိုကပြဿနာရှိတယ်။ ကျွန်တော်ပြောချင်တာက တူညီတဲ့ သမိုင်းအတွေ့အကြုံတွေအပေါ်မှာ အခြေခံထားတဲ့အမျိုးသားရေးလက္ခဏာတွေကို ကျွန်တော်တို့ဆက်ခံသယ်ဆောင်သွားကြရမှာပါ။ဒီမှာဘာကြောင့်လဲဆိုတဲ့အကြောင်း တစ်ခုက ဒီလူတွေဟာ နိုင်ငံ တစ်နိုင်ငံတည်းမှာရှင်သန်ကြီးပြင်းလာခဲ့ကြတယ်။ဒီအမျိုးသားနိုင်ငံမှာ ရာစု နှစ်ပေါင်းများစွာရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ဖြစ်ရပ်များစွာကိုအခြေခံထားတဲ့ အမျိုးသားလက္ခဏာတွေတကယ်ပဲဖြစ်ထွန်းတည်ရှိနေမှာပါပဲ။ဒါကြောင့်ဒီလူတွေဟာ တူညီတဲ့ပြဿနာတွေအတွက် တူညီတဲ့အဖြေတွေကိုထုတ်ကြရမှာပါပဲ။ ရာစုနှစ်နဲ့ချီပြီး အဓွန့်ရှည်ခဲ့တဲ့ ရုရှားနိုင်ငံခြားရေးမူဝါဒအကြောင်းကို လူတိုင်းသိနိုင်ကြပါတယ်။ဒ့ါအပြင်ရာစုနှစ်နဲ့ချီပြီး သယ်ဆောင်လာခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးမူဝါဒအစဉ်အလာတွေကို လည်းလူ တွေမြင်နိုင်ကြပါတယ်။ဒီမှာဒါလောက်တော့မဟုတ်ပါဘူး။ဘုံအကျိုးစီးပွားဆိုတာကျတော့ အချိန်နဲ့အမျှ ပြောင်းလဲနေကြတာလည်းအမှန်ပါပဲ။ဒါပေမယ့်အမျိုးသားအကျိုးစီးပွားဆိုရာမှာ အကျိုးစီးပွားသာမကသူ့ကိုအဓိကတွန်းအားပေးထားတဲ့အမျိုးသားသမိုင်းအတွေ့အကြုံ၊ အမျိုးသားလက္ခဏာတွေပါဝင်နေပါတယ်။

ဘာပဲဖြစ်ဖြစ်တစ်ခုတော့ကျွန်တော်ပြောချင်ပါတယ်။ပါတီတွေဟာကွဲပြားခြားနားမှုမရှိကြဘူးလို့မြင်နေကြတာကျွန်တော့်အမြင်သဘောထားမဟုတ်ပါဘူး။ပါတီတွေဟာ ကွဲပြားခြားနားကြပါတယ်။အကြောင်းကအမေရိကန်နိုင်ငံဖြစ်နေလို့ပါ။လူပုဂ္ဂိုလ်တစ်ယောက်ဒါမှမဟုတ်တိုင်းပြည်တစ်ပြည်လိုပါပဲ။ သူ့ရဲ့သွင်ပြင်လက္ခဏာကိုပုံဖော်ပြဋ္ဌာန်းတဲ့ဘက်ပေါင်းများစွာမျက်နှာစာပေါင်းများစွာပါဝင်နေလို့ပါပဲ။အလားတူအမေရိကန်နိုင်ငံခြားရေးမူဝါဒ သမိုင်းမှာလည်းကြီးမားတဲ့ပြိုင်ဆိုင်မှုသမိုင်းအစဉ်အလာရှိနေခဲ့ပါတယ်။ ဒီမှာ

# အိုဘားမားကောက်ကြောင်း

မူဝါဒရေးရာဆန့်ထုတ်တိုးချဲ့မှုအစဉ်အလာ၊ဆွေးနွေးပြောဆိုမှုအစဉ်အလာတွေရှိခဲ့ ကြပါတယ်။မိနစ်ပိုင်းလောက်စောင့်ဆိုင်းပါဆိုတာတွေ တကယ့်ကိုလုပ်မနေထိုက်တော့ ပါဘူး။

အခုအခါ ဆန့်ထုတ်တိုးချဲ့ရေးမူဝါဒက အစဉ်သဖြင့်ဆိုသလိုအောင် မြင်အနိုင်ရတတ်လေ့ရှိပါတယ်။ဒါပေမယ့်စစ်ပွဲဆင်နွှဲခြင်းဆိုတာတွေက တစ်ပါတီနဲ့တစ်ပါတီ ဂျောက်ကျအောင်လုပ်တဲ့ထောင်ချောက်တွေပဲဖြစ်တတ်မြဲပါပဲ။ကျွန်တော်ဒီနေ့ပြောချင်တာက ဒီမိုကရက်တစ်ပါတီဟာအမေရိကန်နိုင်ငံရဲ့ရုပ်ပုံလွှာကို ကိုယ်စားပြုထားပါတယ်။ဆိုလိုတာ ကအမေရိကန်နိုင်ငံအနေနဲ့ ကိုယ့်ဝန်းကျင်ကလူတွေကိုတွန်းထိုးမောင်းနှင် မထုတ်သင့်ဘူး။ နေရာတကာမှာ ပါဝင်စွက်ဖက်မှုမပြုစေချင်ပါဘူး။ပြေပြေလည်လည် ပျော့ပျော့ပြောင်းပြောင်းနဲ့ပိုမိုဆက်ဆံရေးကောင်းမွန်စေချင်တယ်။ဒါတွေပါပဲ။ဒါပေမယ့် ရီပတ်ဘလီကန်တွေကတော့ ဒဲ့ထက်ပိုဖို့လိုနေတယ်။ကျွန်တော်တို့အင်အားသုံးသင့်တယ်။ ကျွန်တော်တို့မားမားမတ်မတ်ရပ်ပြဖို့လိုတယ်။နောက်တစ်ခုကသူတို့နဲ့လည်း အနေအထားအလဲအလှယ်လုပ်နိုင်တယ်။၉၀ ခုနှစ်များအတွင်းက ဒီမိုကရက်တွေက ဝင်ရောက်စွက်ဖက်ရေးပါတီဖြစ်နေခဲ့တယ်။နောက်ပြီး အဲဒီအချိန်က ကျွန်တော်တို့ပိုမိုနှိမ့်ချဖို့ လိုတယ်လို့ပြောခဲ့ကြတာရီပတ်ဘလီကန်တွေဖြစ်တယ်။ဒီလိုပြောခဲ့ကြတာကိုခင်ဗျားတို့မှတ်မိသေးရဲ့လားတော့ကျွန်တော်မသိဘူး။ဒါကြောင့်သူတို့နေရာအနေအထားပြောင်းခဲ့ကြပြီ။ဒါကြောင့်ကျွန်တော်တို့ဒီမိုကရက်တွေရဲ့နေရာကို ယူကြရမယ်။ကျွန်တော်ပြောချင်တဲ့အချက်က အမေ ရိကန်ပြည်ထောင်စုမှာ လူတစ်ဦးတစ်ယောက်သမ္မတဖြစ်လာပြီဆိုရင် သူ့ပါတီဟာနိုင်ငံခြားရေးမူဝါဒတွေမှာအကြီးအကျယ်ပါဝင်စွက်ဖက်ခွင့်ကုန်ဆုံးသွားလေ့ရှိတယ်။သူ့ပါတီဟာပြည်တွင်းရေးကိစ္စတစ်ခုလုံးမှာတော့သမ္မတပေါ့။ သူတို့ ပြည်တွင်းရေးမှာစွက်ဖက်ခွင့်ရသလောက်နိုင်ငံခြားရေးမူဝါဒတွေမှာ ပါဝင်ခွင့်ရလေ့မရှိတော့ဘူး။

အီရန်နဲ့ပတ်သက်လို့ကျွန်တော်ပြောချင်တာတစ်ခုပါပဲ။အီရန်နဲ့ဆွေးနွေး ညှိနှိုင်းသင့်တယ် ဆိုတာရဲ့ အဓိကအကြောင်းအချက်က ဒီလိုလုပ်ရင် သူတို့ပြည်တွင်းရေးမှာ အတော်ရှုပ်ထွေးသွားနိုင်တယ်။ဒါသီဝရီအယူအဆတစ်ရပ်ပါ။ဘယ်လောက်မှန်မယ်လို့တော့ ကျွန်တော်မပြောတတ်ဘူး။ဒါပေမယ့်ကျွန်တော်တော့စိတ်ဝင်စားမိတာအမှန်ပဲ။မကောင်းတဲ့မိစ္ဆာမာရ်နတ်မင်းနဲ့အတူရပ်ပြီးဆန့်ကျင်ဘက်အတိုက်အခံပြုနေရတဲ့ တိုင်းပြည်တစ်ပြည်ဟာစကားပြောကြဖို့ထိုင်လိုက်ကြပြီဆိုတာနဲ့တစ်ပြိုင်နက် သူ့ပြည်တွင်းမှာအမြင်တွေရှုပ်ထွေးသွားတော့တာပဲ။သူတို့ရဲ့မိစ္ဆာမာရ်နတ်မင်းများရဲ့စည်းလုံးညီညွတ်ရေး ပြိုကွဲသွားနိုင်တာကိုး။ဒါကြောင့်ဒီလိုစကားပြောချင်ကြတယ်ဆိုရင်သူတို့ဆီမှာကျွန်တော်တို့ သံရုံးဖွင့်ခွင့်ပြုရေးကိုတောင်းဆိုစေချင်တယ်။ဒီလိုလုပ်လို့သူတို့ရဲ့ ချူကလီးယားအစီအစဉ်ကို ပြောင်းလဲပစ်ဖို့ဆိုတာတော့ ကျွန်တော်မပြောလိုပါဘူး။ ကျွန်တော့်အယူအဆအသေအချာမှန်နိုင်သလားတော့မသိဘူး။ဘာပဲဖြစ်ဖြစ်မှန်လိမ့်မယ်လို့တော့ကျွန်တော်ထင်တယ်။သူတို့မှာအမေရိကန်ပြည်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ထောင်စုနဲ့ စေ့စပ်ဆွေးနွေးရေးအတွက် အတိုင်းအတာတစ်ခုအထိ စိုးရိမ်စိတ်တွေ ရှိနေလိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။

### ဘယ်သူပြိုင်လို့ လုပါတော့နိုင်

**ရက်ချ်မန်း**

ကောင်းပါပြီ။ ဒီတစ်ခါနောက်ပိုင်းက . . . (မသဲကွဲလှ)

**မေးခွန်းရှင်**

ကျွန်တော် . . . (မသဲကွဲတော့)

ဒီမိုကရက်တစ်ပါတီရဲ့ သမ္မတလောင်းနှစ်ဦးမှာ တခြားလူနဲ့ယှဉ်ရင် ပိုမို တောင့်တင်းကြောင်းပြသဖို့ လိုအပ်နေတဲ့အားနည်းတဲ့အသွင်အပြင်အနေအထား(၂) ရပ်ရှိနေတယ်လို့ ကျွန်တော်ထင်ပါတယ်။ပထမဟီလာရီကလင်တန်ဆိုရင် ပထမဆုံးအမျိုးသမီးသမ္မတ။ နောက်ဒုတိယကအိုဘားမားဆိုရင်လည်း သိသိသာသာ အသားအရောင်ကွဲပြားနေတဲ့သမ္မတ (မသဲကွဲလှ)

ဒီလိုအနေအထား၊ ဒီလိုအားနည်းနေတာကိုသူတို့ဘယ်လိုဖြည့်ဆည်း ကြမှာလဲ။ ဘယ်လိုတုံ့ပြန်ကြမှာလဲ။ဗြိတိန်နိုင်ငံရဲ့အတွေ့အကြုံအရဆိုရင်တော့တိုနီဘလဲက လေဘာပါတီရဲ့ ပျော့ပျောင်းတဲ့နိုင်ငံခြားရေးမူဝါဒသဘောထားတွေကိုဖျက်သိမ်းပစ်ဖို့ ဆုံးဖြတ်ခဲ့သူဖြစ်တယ်။ဒါကြောင့်လည်းသူကတင်းမာပြင်းထန်တဲ့ပုံစံဟန်ပန်တွေယူထားခဲ့တာပေါ့။ ကျွန်တော်ပုံဖော်လိုက်တဲ့ ဒီမိုကရက်တစ်သမ္မတလောင်းနှစ်ဦးရဲ့လက္ခဏာ(၂)ရပ်နဲ့ ပတ်သက်ပြီး ခင်ဗျားတို့ရဲ့သဘောထားအမြင်ကိုသိချင်ပါတယ်။နောက်ပြီး ဒီလိုအနေအထား မျိုးအောက်မှာဘယ်လိုအပြုအမူဟန်ပန်ပုံစံတွေရှိထားသင့်တယ်လို့ခင်ဗျားတို့ထင်ပါသလဲ။ ကျေးဇူးပါပဲ။

**ရက်ချ်မန်း**

နိုင်ငံရေးအရ တလွဲဖိတ်ခေါ်မိသလိုတော့ ဖြစ်နေပြီဗျ။

**ကာဂန်**

ခင်ဗျားမေးခွန်းထဲမှာတော့ အတော်များများပြောထားပြီးပါပြီဗျာ။ တစ်ခုပဲ ဒီသဘောထားကို(လန်ဒန်မှာမဟုတ်ဘဲ) အမေရိကန်နိုင်ငံထဲမှာများ သွားပြောမိရင် တိုင်းပြည်ထဲကများခင်ဗျားဆွဲထုတ်ခံရမလားမသိဘူး။(ရယ်သံ များ) အခုတော့လုံခြုံတဲ့နေရာလန်ဒန်မှာဆိုတော့ခင်ဗျားအတွက်ဝမ်းသာပါတယ်ဗျာ။ ဘယ်လိုပဲဖြစ်ဖြစ်လေဒါကြောင့်လည်း ကျွန်တော်ရော၊ တွမ်(က ရိုးသား)ပါပြောခဲ့ကြတာပေါ့။အကြောင်းအမျိုးမျိုးကြောင့် ပုဂ္ဂိုလ်ရေးဆန်တဲ့ တိမ်းညွတ်မှုတွေတော့ ပြောဆိုလာရနိုင်ပါတယ်။ဒါပေမယ့် ခင်ဗျားတင်ပြတဲ့ ပြဿနာကအမှန်ပဲရှိပါတယ်။အမေရိကန်နိုင်ငံရဲ့ပထမဆုံးအမျိုးသမီးသမ္မတတစ်ယောက်ဖြစ်လာ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

နိုင်ဖို့ဆိုရင် လက်ရှိအမေရိကန်ပြည်သူတွေ ကျင့်သုံးခံစားနေရတဲ့အမျိုးသားလုံခြုံရေးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေမျိုးမှာအတော်အစွမ်းအစရှိကြောင်းသက်သေများစွာ ထုပြဖို့လိုမယ်လို့ ကျွန်တော်ထင် မိပါတယ်။

အခုလိုရွေးချယ်ပွဲထဲမှာသူမပြောနေရှာပါပြီ။"ကျွန်မကပိုပြီး တောင့်တင်းကြံ့ခိုင်တယ်။တကယ်လို့မနက်(၃)နာရီလောက်မှာကျွန်မကိုလာခေါ်ရင်တောင်ပိုမိုမှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကျွန်မပေးနိုင်စွမ်းရှိပါတယ်။တစ်ခုခုဖြစ်နေပြီဆိုရင် ကျွန်မကိုသာပြောလိုက်ပါ"စသဖြင့်ပေါ့ဗျာ။သူမဘာတွေကို ဘယ်လိုစဉ်းစားနေလဲတော့ မသိပါဘူး မနက် ၃နာရီမှာ တောင်အသင့်ရှိနေတယ်။နိုးနိုးကြားကြားရှိနေတယ်။ပြန်မအိပ်လည်းရတယ်လို့ ပြောချင်တယ် ထင်ပါရဲ့။(ရယ်သံများ)ဒီလိုဆိုရင်တော့ဆွေးနွေးညှိနှိုင်းမှုတွေမနက်၃နာရီမှာ စကြတာပေါ့ဗျာ။

**ရက်ချ်မန်း**

အင်း။ ဒါတော့ဘီလ်(ကလင်တန်)ကို မေးကြည့်ရမှာပဲဗျို့။

**ကာဂန်**

ဟုတ်တယ်ဗျ။ ကျွန်တော်နည်းနည်းထပ်ဖြည့်ပြောဖို့ လိုမယ်ထင်တာက ဒါအမှန်လည်းအမှန်ကိုးဗျ။ဒါကိုကျွန်တော်မှတ်တမ်းတောင်တင်ထားချင်တယ်ဗျ။ဘာဖြစ်လို့လဲဆိုတော့ကျွန်တော်ယုံကြည်တာကိုး။ကျွန်တော်မြင်တာကသမ္မတလောင်းတွေကြားထဲမှာ အရေးပါတဲ့ကွဲပြားခြားနားချက်တွေရှိနေတယ်ဗျ။အခုပြိုင်ပွဲအတွင်းမှာတော့ ရီပတ်ဘလီကန် သမ္မတလောင်းကို ကျွန်တော်အတော်သဘောကျတယ်ဗျ။ ဒါပေမယ့်အရင့်အရင်ပြိုင်ပွဲတိုင်းမှာ ရီပတ်ဘလီကန်သမ္မတလောင်းတိုင်းကိုသဘောကျခဲ့တာမဟုတ်ပါဘူး။

နောက် ကျွန်တော်ထပ်ပြီး ဖြည့်ဆည်းချင်တဲ့အချက်တစ်ချက်ရှိသေးတယ်။ ဒါကတော့အမှန်ပဲ။အိုဘားမားမှာ တခြားအမေရိကန်အများစုထက် ပိုမိုကွဲပြားခြားနားတဲ့ဘဝအတွေ့အကြုံမျိုးတွေရှိနေခဲ့ပေမယ့် သူဖြတ်သန်းခဲ့ရတဲ့ခေတ်ကာလကကမ္ဘာကြီး မှာထူးခြားဆန်းပြားတဲ့ပြဿနာတွေမရှိခဲ့တော့။မတွေ့ကြုံခဲ့ရဘူးပေါ့ဗျာ။ဥပမာသူ့ရဲ့ အထက်လွှတ်တော်အမတ်ဘဝတုန်းကပေါ့။အထက်လွှတ်တော်နိုင်ငံခြား ဆက်ဆံရေး ကော်မတီမှာ သူပါဝင်ခဲ့ပါတယ်။ဆပ်ကော်မတီတစ်ခုရဲ့ဥက္ကဋ္ဌတောင် ဖြစ်လိုက်ပါသေးတယ်။သူ့မှာအထူးသဖြင့်ဥရောပနှင့်ပတ်သက်လို့ ထူးခြားလေးနက်တဲ့သဘောထားဘာမှမတွေ့ခဲ့ကြရဘူး။ ဥရောပကိုတောင်သူရောက်ဖူးရဲ့လားဆိုတာ သိပ်မသေချာလှပါဘူး။

ဒါကြောင့် ဖြစ်နိုင်သမျှ ကျွန်တော်တို့မျှော်လင့်လို့ရတာက အချိန်ရောက်လာပြီဆိုရင် သူနားထောင်မယ်ဗျာ။ဒါပေမယ့် ကျွန်တော်စဉ်းစားအံ့သြမိတာက သဘောတရားအရ သူနဲ့အလုပ်လုပ်မယ့်လူတွေကို သူဘယ်လိုတကယ်လမ်းညွှန်နိုင်မှာလဲ။ဒါကြောင့်ဒီအပိုင်းတွေနဲ့ပတ်သက်လို့ကျွန်တော်သူ့အတွက်နည်းနည်းတော့စိတ်ပူမိတယ်။သူကတော့ ကိစ္စတွေကို မြန်မြန်ဆန်ဆန် နားလည်အောင်လုပ်အတွေ့အကြုံယူဖြေရှင်းမယ့်ပုံပဲ။ဒါကိုနိုင်ငံရေး ကြွေး

## အိုဘားမားကောက်ကြောင်း

ကြော်သံထုတ်တဲ့ပုံစံမျိုးလို့တော့ကျွန်တော်မဆိုလိုပါဘူး။ဒါပေမယ့်ဗျာခေါင်းစဉ်းအရ အထက်လွှတ်တော်နိုင်ငံခြားဆက်ဆံရေးကော်မတီအဖွဲ့ဝင်ဖြစ်နေတာတောင်ဒီအခွင့်အရေးကို အပြည့်အသုံးမချနိုင်ခဲ့ဘူးလို့ထင်ပါတယ်။ဒါကြောင့်သူဘယ်လောက်စွမ်းမယ်ဆိုတာ ကျွန်တော်တော့ မမှန်းဆတတ်တော့ဘူး။

**ကရိုးသား**

နားထောင်လို့တော့ အကောင်းသားဗျ။ ဒါပေမယ့်ကျွန်တော်တို့ သဘောမတူလို့ရတယ်နော်။

**ကာဂန်**

ကောင်းတယ်။ ကောင်းပါတယ်ဗျာ။ (ရယ်သံများ)

**ကရိုးသား**

ဒီဘက်မှာ ကျွန်တော်တို့ဘက်ကအားနည်းချက်ရှိတယ်လို့တော့ ခံစားမိသားဗျ။

**ကာဂန်**

မှန်သပေါ့ဗျာ။

**ကရိုးသား**

ပထမဆုံး ခင်ဗျားပြောခဲ့တဲ့အထဲက ဒုတိယပိုင်းအကြောင်းကို ပြောခွင့်ပြုစေချင်ပါတယ်။ အိုဘားမားအနေနဲ့ သူ့ကိုယ်သူသက်သေထူပြဖို့လိုနေ ပြီလို့ ခံစားရလောက်တဲ့ ဖိအားမျိုးအထိ ပေးခံနေရတာဟာသူဟာအာဖရိကန်အမေရိကန်ကပြားတစ်ယောက် ဖြစ်နေတာကြောင့် မဟုတ်သလိုသူ့မိသားစုဟာ မွတ်စလင်အနွယ်ဖြစ်နေတာကြောင့်လည်း မဟုတ်ပါဘူး။သူ့ရဲ့ အတွေ့အကြုံနုနယ်မှုကြောင့်ပါ။သူကငယ်တယ်။အမေရိကန်သမ္မတတစ်ဦးအနေနဲ့ဆိုငယ်ရွယ်လွန်းပါတယ်။ဒ့ါပြင်အထက်လွှတ်တော်အမတ်သက်တမ်းကလည်း တိုတောင်းလှပါသေးတယ်။ဒီလိုငယ်ရွယ်နုနယ်အတွေ့အကြုံမကြွယ်ဝမှုတွေကြောင့် သူ့ကိုယ်သူသိမ်ငယ်မှုဖြစ်ရတာပါ။ခင်ဗျားပြောတဲ့ အရည်အချင်း(၂)ရပ်မရှိလို့မဟုတ်ပါဘူး။

နောက်ပြီးကျွန်တော်ထင်တာသဘောတစ်ခုအနေနဲ့ပြောရရင် သူဟာအခု နိုင်ငံရေးအရအသိုင်းအဝန်းတစ်ခုအတွင်းမှာ အောင်မြင်တဲ့စည်းရုံးရေးမှူးတစ်ဦးအဖြစ် စတင်လိုက်နိုင်ခဲ့ပြီဖြစ်ပါတယ်။နောက်ပြည်နယ်နိုင်ငံရေး၊အဲဒီနောက်အမျိုးသားနိုင်ငံရေးအထိတက်လှမ်းလာနိုင်ပါလိမ့်မယ်။အခုဆိုအမေရိကန်နိုင်ငံရေးနဲ့ အမေရိကန်လူ့အဖွဲ့အစည်းကို ဦးတည်စည်းရုံး လှုပ်ရှားလာခဲ့ပါပြီ။ဒီလိုအနေအထားတွေကြောင့် အကျယ်အပြန့်နေရာ အနှံ့ခြေဆန့်ခဲ့ခြင်းမရှိသေးတဲ့ သူ့ကိုအမေရိကန် သမ္မတတစ်ယောက်ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးမျိုးမရှိဘူးလို့ ပြောချင်ကြတာပါ။

တခြားတစ်ဖက်ကလည်းသူ့ရဲ့အထက်လွှတ်တော်အမတ်ဘဝမှာ သူဟာ ကမ္ဘာ့နေရာအတော်များများကိုခရီးလှည့်လည်ခဲ့ဖူးပါတယ်။သူရောက်တဲ့ကမ္ဘာခြမ်းမှာ သူ့ရဲ့ နိုင်ငံရေး

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အမြင်ကိုအကျဉ်းရုံးတင်ပြနိုင်ခဲ့ပါတယ်။ဥပမာရုရှားမှာလိုပေါ့။အဲဒီမှာ သူရောက်လေရာ အစွမ်းအစပြနိုင်လို့ အကျိုးရှိတဲ့ခရီးစဉ်ဖြစ်ခဲ့ပါတယ်။ဒါကြောင့် သူ့မှာထူးခြားဆန်းပြား တဲ့ အစွမ်းအစမရှိဘူးလို့ ကျွန်တော်မယူဆဘူး။တကယ်တော့သူဟာကမ္ဘာကြီးရဲ့မာယာပရိယာယ် တွေကိုနားလည်သူလို့ကျွန်တော်ထင်ပါတယ်။သူစကားပြောတာကို စောင့်ကြည့်ရင်း သူ့ကို ထောက်ခံချင်စိတ်ဖြစ်လာခဲ့တယ်။ဒါကို ပြီးခဲ့တဲ့နွေတုန်းက သူပြောခဲ့တဲ့အကြမ်းဖက်မှု ဆန့်ကျင်ရေးတိုက်ပွဲပုံစံပြောင်းဖို့တိုက်တွန်းတဲ့မိန့်ခွန်းမှာတွေ့ခဲ့ရတယ်။သူဘယ်နေရာမှာပြော တယ်ဆိုတာတော့ ကျွန်တော်မမှတ်မိတော့ဘူး။ဒါပေမယ့်သေချာတာက ဝက်ဘ်ဆိုက် တစ်ခုခု ပေါ်မှာပဲ။

နောက်ပြီး အကြမ်းဖက်ဝါဒအပေါ်တိုက်ပွဲဆင်ရေးနဲ့ အချို့သောအသွင်အပြင် လက္ခဏာတွေကြောင့်နိုင်ငံတကာမှာအမေရိကန်နိုင်ငံရဲ့ရုပ်ပုံလွှာပျက်စီးရတဲ့အကြောင်း တွေ ကိုရှင်းပြရာမှာ သူရဲ့ပြောပုံပြောနည်းမျိုးကျွန်တော် တစ်ခါမှမတွေ့ဖူးဘူး။ဥပမာ ဆိုပါစို့ဗျာ။ မက်ကိန်းတောင်မှ ဒီဆယ်စုနှစ်အ တွင်းမှာအမေရိကန်နဲ့အခြားကမ္ဘာခြမ်းတို့ အကြား ကွဲလွဲကွာဟချက်တွေရှိလာနေကြောင်းကိုဝန်ခံခဲ့ရတာပါပဲ။ဒါ၉၀ခုနှစ် နောက်ပိုင်းမှာပေါ်ခဲ့တဲ့ တစ်ခုတည်းသောစူပါပါဝါဆိုတဲ့အထီးကျန်ခံစားမှုထက်တောင် ပိုဆိုးပါသေးတယ်။ ဒီလိုဖြစ် လာတာပေါ်လစီပြဿနာကြောင့်ရော၊သမ္မတဘုရှ်အစိုးရအဖွဲ့ဝင်များ၊ အိမ်ဖြူတော် အရာ ရှိကြီးများစတဲ့ လူပုဂ္ဂိုလ်တချို့ရဲ့သဘောထားကြောင့်ပါ ဖြစ်ခဲ့ရတာပါ။

ကျွန်တော်ထင်ပါတယ်။ ဒါတွေကိုအိုဘားမားခံစားမိပုံရလို့ ကျွန်တော်တို့ကလည်း ကမ္ဘာကြီးမှာ အမေရိကန်နိုင်ငံအနေနဲ့ သစ်လွင်တဲ့အစပြုချက်တစ်ရပ် တစ်နည်းနည်းနဲ့ စတင် သင့်ပြီလို့ တွေးနေမိချိန်မှာသူကလည်း နားလည်လက်ခံပုံရတယ်။သူ့မှာဒီသဘောထား ကိုကိုယ်စားပြုသယ်ဆောင်နိုင် စွမ်းရှိသလို သူ့ပုဂ္ဂိုလ်ရေးအသွင်သဏ္ဌာန်ကလည်း ဒီသဘော ထားနဲ့ကိုက်ညီအဆင်ပြေသူဖြစ်ပါတယ်။ဒါကြောင့်လည်း ဒီဆယ်စုနှစ်အတွင်းမှာအတော် ဆိုးဝါးနေတဲ့အမေရိကန်နိုင်ငံရဲ့ရုပ်ပုံလွှာကို ကူညီပြောင်းလဲရာမှာသူ့အခွင့် အရေးတစ်ရပ် ရလိုက်ခြင်းဖြစ်ပါတယ်။နောက်ပြီးကမ္ဘာကြီးရဲ့ အစိတ်အပိုင်း တော်တော်များများသစ်လွင် တဲ့သဘောထားလေးများကိုနာကြားစေချင်လို့ဖြစ်ပါတယ်။အခုတော့ ဒါတွေကိုလက်တွေ့လှုပ် ရှားမှုဖြစ်လာအောင် ဖွင့်ဆိုပုံဖော်ပေးဖို့ ပေါ်လစီတွေအဖြစ်တည်ဆောက်ပေးဖို့စသဖြင့် ပေါ့ဗျာ။ ကျွန်တော်ထင်တာတော့အခုအခါမှာသူဟာသူရဲ့ပုဂ္ဂိုလ်ရေးနောက်ခံကားတွေ အတွေ့အကြုံတွေကြောင့်ပဲတခြားသမ္မတလောင်းတွေ၊ ဥပမာမက်ကိန်းတို့လိုပုဂ္ဂိုလ်တွေထက် ပိုမိုကောင်းမွန်သင့်လျော်နိုင်တယ်လို့ ယုံကြည်ယူဆရခြင်း ဖြစ်ပါတယ်။

**ကာဂန်**

အင်း၊ ခင်ဗျားက ဒီလိုပြောသွားတော့ နောက်ဆုံးကျွန်တော်တို့မှာအနည်းအပါး . . . (စကားသံမသဲကွဲ) . . ရှိပြီပေါ့။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**ရက်ချိမန်း**

ဟုတ်ပြီ။လူအတော်များများမှာပြောစရာတွေရှိနေပြီဗျ။မေးခွန်းတွေ စုစည်းလိုက်ဦးမယ်။ ဟိုးဖက်ကလူကြီးမင်းခင်ဗျား။မိုက်ကရိုဖုန်းခင်ဗျားဆီရောက်လာပါပြီ။

### ပါလက်စတိုင်း - အစ္စရေးသွေးကင်ဆာ

**မေးခွန်းရှင်**

ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော် ပြောချင်တာက -

**ရက်ချိမန်း**

ဟုတ်ကဲ့၊ ခင်ဗျားဘယ်သူလဲဆိုတာ ပြောပေးနိုင်ပါသလား။ စိတ်မရှိပါနဲ့။

**မေးခွန်းရှင်**

ဟုတ်ကဲ့။ကျွန်တော် . . . (စကားသံမသဲကွဲ)ပါ။ခင်ဗျားတို့ အရှေ့အလယ်ပိုင်းပြဿနာနဲ့ ပတ်သက်ပြီး ဒီထက်ပိုပြီး အသေးစိတ်ကျကျရှင်းပြနိုင်ပါသလား။ပါလက်စတိုင်း အစ္စရေးတို့နှင့် ဆက်ဆံရေးပြဿနာမှာ တစ်စုံတစ်ရာပေါ်လစီအပြောင်းအလဲများ ရှိနိုင်မယ်လို့ခင်ဗျားတို့ ယူဆစရာရှိသလား။ အစောပိုင်းမူဝါဒတွေကိုဖွင့်ချပြ - (မသဲကွဲတော့)

**ရက်ချိမန်း**

ဟုတ်ပြီ၊ အိုကေဗျာ။

**ကာဂန်**

အပြောင်းအလဲများ ရှိနိုင်သလားဟုတ်လား။

**ရက်ချိမန်း**

ဟိုး နောက်နားကလူကြီးမင်းခင်ဗျား။မိုက်ကရိုဖုန်းကိုကတိုက်ကရိုက်ဆွဲလာရတာ စိတ်မရှိပါနဲ့။

**မေးခွန်းရှင်**

အသေးအဖွဲ့မေးခွန်းလေး(၂)ခုပါဗျာ။ပထမတစ်ခုကတော့ခပ်ညစ် ညစ်မေးခွန်းပဲဗျာ။အမေရိကန်နိုင်ငံခြားရေးမူဝါဒဆိုတာရွေးကောက်ပွဲမှာ ငြင်းကြခုံကြ ဆွေးနွေးကြတာတွေကနေထွက်ပေါ်လာတဲ့ ပေါ်လစီတွေလားဗျ။ နောက်တစ်ခုကတော့ ခုနကမေးခွန်းရှင်ကြီးမေးသွားတာရဲ့အဆက်ပါ။ ပါလက်စတိုင်းနဲ့ အစ္စရေးပြဿနာတွေမှာ အမျိုးသားလုံခြုံရေးနဲ့ အကျိုးစီးပွားရေးကို အကာအကွယ်ပေးနိုင်တဲ့အရည်အသွေးတွေအိုဘားမားမှာလိုအပ်နေသေးတယ်။သူ့မှာအခက်အခဲတစ်စုံတစ်ရာရှိနေနိုင်တယ်။တကယ့်ဖြစ်နိုင်ချေကရော (မရှင်းမလင်းတော့)။

**ရက်ချိမန်း**

ဟိုဖက်က အမျိုးသမီးကြီးအလှည့်ပါခင်ဗျာ။ ဒါ ကျွန်တော်ကတိပေးပါတယ်။

# အိုဘားမားကောက်ကြောင်း

တမင်သက်သက် ဆင်ကွက်တော့မဟုတ်ပါဘူးနော်။ (ရယ်သံများ)

**မေးခွန်းရှင်**

အမေရိကန်နိုင်ငံအနေနဲ့ ဒီမူဝါဒကိစ္စတွေနှင့် စပ်လျဉ်းပြီးဒေါ်လာသန်းပေါင်း မည်မျှအကုန်ကျခံနေကြပါသလဲ။နိုင်ငံခြားရေးမူဝါဒတွေအတွက် ဘယ်လောက်များ သဲထဲရေသွန်ဖြစ်ခဲ့ကြရပြီလဲ။တကယ်တမ်း(မရှင်းလင်းတော့) ထွက်ပေါက်ရောရှိပါသလား။

**ရက်ချ်မန်း**

ဟုတ်ပြီဗျာ။ ကိုင်းရောဘတ်(ကာဂန်)ခင်ဗျားပထမဆုံးဖောက်ခွဲချင်သလား။

**ကာဂန်**

မေးခွန်းအားလုံးစုံမှလား။ ဒါမှမဟုတ် . . . ။

**ရက်ချ်မန်း**

မေးခွန်းတစ်ခုစီ အားလုံးကိုတော့ ခင်ဗျားလိုက်ပြောနေစရာမလိုဘူးပေါ့ဗျာ။ ခင်ဗျားစိတ်ထဲမှာ အလိုအပ်ဆုံးအရေးကြီးဆုံးဖြစ်မယ်လို့ခင်ဗျားယူဆတဲ့ စိတ်ဝင်စားတဲ့ ကိစ္စကိုပဲ ဆွေးနွေးပေးပါ။

**ကာဂန်**

အေးဗျ။နောက်ဆုံးမေးခွန်းကစိတ်ဝင်စားစရာကောင်းပါတယ်။ ကုန်ကျစရိတ် က ဘယ်လောက်လဲ။ကျွန်တော်တို့ကပေးနိုင်စွမ်းမရှိတာကရော ဘယ်လောက်လဲ။ဒါပေမယ့် ခင်ဗျားနောက်ဆုံးပြောတာ စိတ်ဝင်စားဖို့အကောင်း ဆုံးပဲ။တကယ်တမ်းမှာ ဒီပြဿနာက ထွက်ပေါက်ဆိုတာတွေရှိပါသေးရဲ့လား။

ခင်ဗျားဆိုလိုတဲ့အတိုင်းဆိုရင်ကျွန်တော်တို့ရဲ့စစ်အင်အားနေရာချထားမှု အချို့ကို မဟာမိတ်တွေထံလွှဲပြောင်းပေးလို့မရဘူးလားပေါ့နော်။ မရဘူးလို့ဘဲကျွန်တော်ပြန်ပြောပါရစေ။နောက်ပြီး သမ္မတဘုရှ်သာတကယ်လို့ကျွန်တော်တို့နဲ့ကမ္ဘာကြီးရဲ့ဆက်ဆံရေး ကိုယိုယွင်းပျက်စီးအောင်မလုပ်ခဲ့ဘူးဆိုရင်ကျွန်တော်တို့တစ်တွေအီရတ်နဲ့အာဖဂန်ကထွက်ခွာနိုင်အောင်မဟာမိတ်တွေတပ်မတွေများစွာနဲ့ အားဖြည့်သွန်းလောင်းပေးကြလိမ့်မယ်လို့ ဒီမိုကရက်တွေပြောနေတာတွေဟာယုံတမ်းတွေ၊ဒဏ္ဍာရီတွေပဲဗျ။ မယုံကြနဲ့၊ မစဉ်းစားနဲ့။တကယ့်အခြေအနေအကြောင်းအချက်ကမဟာမိတ်တွေမှာထပ်ပို့စရာတပ်မရှိတော့တာပဲ။သူတို့အနေနဲ့ချတ်(ဒ်)၊အာဖဂန်၊ကိုဆိုဗိုနိုင်ငံနေရာအနှံ့အပြားမှာ တစ်ချိန်တည်းတစ်ပြိုင်တည်းတပ်တွေအများကြီးချထားဖို့မဖြစ် နိုင်ဘူးဗျ။ သူတို့လုပ်နိုင်မယ်လို့ ကျွန်တော်မထင်ဘူး။

ဒါကြောင့် ဒီကနေတခြားကောက်ချက်တွေနည်းလမ်းတွေဆီကို ဦးတည်သွားနိုင်စရာ အကြောင်းတွေရှိလာပြန်တယ်။တကယ်တော့ အမေရိကန်နိုင်ငံဟာကိုယ့်ကိုယ်ကိုယ်ဖျက်သံချေးတက်အောင်လုပ်နေတာသက်သက်ပါဆိုတဲ့အမြင်သာ ပျံ့နှံ့နက်ရှိုင်းသွားခဲ့ရင်ရလဒ်အဖြေဟာဘက်ပေါင်းစုံကနေချဉ်းကပ်ဖြေရှင်းရေးမဟုတ်တော့ဘူး။တပ်တွေရုပ်ပြီး

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ဆုတ်ခွာရေးပဲဖြစ်တော့မယ်။ ဒါကြောင့် ကျွန်တော်တို့ဆက်ပြီး မီးနဲ့ကစားကြရတော့မှာပဲ။ ကျွန်တော်တို့ ကြွေးမြီတွေကိုလည်း ဆက်ပြီးမျောထားကြရဦးမှာပဲ။ကျွန်တော်ဟာစီးပွားရေး ပညာရှင်မဟုတ်ပါဘူး။ဒါကြောင့်ဒါတွေအားလုံးဘယ်လိုအဓိပ္ပာယ်ရတယ်။ ဘယ်လိုဖြစ်မယ် ဆိုတာနဲ့ စတစ်ဂလစ်ဇ် (Bill Stiglitz) နဲ့တော့ ငြင်းခုံနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်မှန်းဆကြည့်တာပါ။ ပထမဆုံးဆက်လုပ်ရမှာက ဘယ်လိုကတိကဝတ်မှမပြုမိ ကြဖို့ပါပဲ။နောက်ပြီးနည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းမှုမလုပ်ရင် ထွက်ပေါက်လည်း ဘာမှရှိမှာ မဟုတ်ပါဘူး။

### ဒီတိုက်ပွဲရဲ့ ရလဒ်အဖြေဟာ နိုင်ငံခြားရေးမူဝါဒလား။

လုံးဝမှန်ပါတယ်။ဒါပေမယ့်ဒီပြဿနာတစ်ခုတည်းတော့ မဟုတ် ဘူး။အရေးကြီးတဲ့ ပြဿနာနှစ်ခု၊သုံးခုလောက်ထည့်သွင်းစဉ်းစားကြရလို့မ်မယ်။ဒါတချို့အချိန်အခါ အမေရိ ကန်နိုင်ငံရဲ့သမိုင်းမှာလည်းအစဉ်အလာလုပ်ထုံးလုပ်နည်းအရမှန်ကန်ခဲ့တာပါပဲ။အမျိုးသား လုံခြုံရေးနဲ့ဆက်စပ်ပတ်သက်လာတဲ့အခါအမျိုးသားလုံခြုံရေးအတွက် ဘက်ပေါင်းစုံက စဉ်းစားဆုံးဖြတ်ကြရမှာပါပဲ။ ပြီးခဲ့တဲ့ဆယ်စုနှစ်အချို့အတွင်းမှာ နိုင်ငံခြားရေးမူဝါဒနဲ့ တိုက် ရိုက်မပတ်သက်ခဲ့ရတဲ့ရွေးကောက်ပွဲဆိုလို့တစ်ခုပဲရှိပါတယ်။အဲဒါ၁၉၉၂ ခုနှစ်က ကလင်တန်တို့ ရွေးကောက်ပွဲပါပဲ။ ကလင်တန်က ပြောင်အတိအလင်း နိုင်ငံခြားရေးမူဝါဒနဲ့ မပတ်သက် ဘူးလို့ပြောခဲ့တဲ့သမ္မတလောင်းပဲ။ဒါပေမယ့်၁၉၉၆ခုမှာတော့ နိုင်ငံခြားရေးမူဝါဒတွေရဲ့ မှန်ကန် မှုဟာ သူ့အတွက်အရေးပါတယ်ဆိုတာ ကိုယ်တိုင်ရှာဖွေသိရှိသွားခဲ့တယ်။ ဒါကြောင့် အခုတွမ် (ကရိုးသား)ပြောခဲ့သလိုပဲ။ဘီလ်ကလင်တန်လည်းနောက်ပိုင်းမှာအတိုက်အခံရီပတ်ဘ လီကန် တွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့တာပါပဲ။

ဒါတွေကအမျိုးသားလုံခြုံရေးဟာရွေးကောက်ပွဲတစ်ရပ်မှာအရေးအသွေးရှိ ကြောင်းပြသကြဖို့ပါ။သမ္မတလောင်းနှစ်ယောက်စလုံး အစွမ်းပြဖို့ လိုပါလိမ့်မယ်။ နောက်ပြီး ပြလည်း ပြထိုက်ပါတယ်။သူတို့နှစ်ယောက်လုံး ညီမျှ ခြင်းတစ်ခုတည်းကို ရှင်းပြကြရမှာလေ။ အမေရိကန်နိုင်ငံသားတွေခံစားနေရတဲ့အန္တရာယ်တွေက ကင်းပလွတ်ငြိမ်းအောင်ဘယ်သူက ပိုမိုတောင့်တင်းကြံ့ခိုင်သလဲဆိုတာကို နှစ်ယောက်လုံးပြသကြရမှာပါ။တစ်ချိန်ထဲမှာကျန်တဲ့ ကမ္ဘာခြမ်းက ကျွန်တော်တို့ကို မုန်းတီးစရာမဖြစ်အောင် စိတ်ကောင်းနှလုံးကောင်း ရှိကြောင်း လည်း ဖော်ပြဖို့လိုပါလိမ့်မယ်။ဆိုလိုတာက အိုဘားမားအနေနဲ့ ကြံ့ခိုင်တောင့်တင်းကြောင်း ပိုမိုပြသဖို့လိုသလိုမက်ကိန်းအနေနှင့်လည်း နူးညံ့သိမ်မွေ့မှုရှိကြောင်းပိုမိုသက်သေထူပြဖို့လို ပါလိမ့်မယ်။ ဒီလိုဆက်လုပ်သွားကြဖို့ သိပ်ကိုလိုတယ်ဗျ။ ကျွန်တော်ပြောနေတာက ဒါမှသာ လျှင် ဒီရွေးကောက်ပွဲမှာအလွန်စိတ်လှုပ်ရှားစရာကောင်းတဲ့ဇာတ်လမ်းကြီးတစ်ပုဒ်

http://www.linhtet.com



ဖြစ်လာမှာမို့ပါ။ ဆန့်ကျင်ဘက်အရည်အသွေးကို သူတို့ဘယ်လိုသက်သေထူပြသကြမှာလဲ။ ဒါပေမယ့်သူတို့နှစ်ယောက်လုံးဟာအနှစ်သာရသဘောအရတော့ နေရာတစ်နေရာထဲမှာသာ ရပ်တည်ယှဉ်ပြိုင်ကြရမှာဖြစ်ပါတယ်။

အစ္စရေး ပါလက်စတိုင်းပြဿနာကတကယ်လို့အရှေ့အလယ်ပိုင်းမှာ ဒီကိစ္စအတွက်ကျွန်တော်လည်းအရင်လိုပဲ စိတ်ထိခိုက်နေရဦးမှပါပဲ။ ကျွန်တော့် နယူးယောက်တိုင်းမ်ကိုဖတ်ခဲ့ပါတယ်။ International Herald Tribune ရောပေါ့။အဲဒီမှာအကျယ်အပြန့်ပါဝင်ရေးသားခဲ့ကြတဲ့ အေရွန်မီလာ (Aaron Miller)ကနေ မာတင် (Marton)တို့အထိပေါ့။ (အသံရပ်သွားခဲ့)

ဒီမိုကရက်တွေရဲ့အကြံပေးတွေကတော့ အခုအချိန်အခါမှာဘာမှလုပ်လို့ ကိုင်လို့ရဦးမှာမဟုတ်ပါဘူးလို့တစ်နည်းမဟုတ်တစ်နည်းပြောနေကြတာပဲဗျ။ တွမ်(ကရိုးသား)မှာတော့ မတူတဲ့အမြင်တစ်ခုရှိချင်ရှိနေမှာပေါ့ဗျာ။တကယ်လို့အရာခပ်သိမ်းအတွက်အစ္စရေးတွေဟာ အသင့်ရှိနေခဲ့မယ်။ဒီအခန်းထဲမှာရှိနေသူတိုင်းကအစ္စရေးဟာ အသင့်ရှိနေပါစေလို့ဆန္ဒပြုနေခဲ့ရင်တောင်မှအမျိုးမျိုးကွဲနေတဲ့ ပါလက်စတိုင်းတွေဟာစေ့စပ်ညှိနှိုင်းရေးအတွက် သိပ်လွယ်ကူတဲ့ ဆွေးနွေးဘက်တွေဖြစ်မှာမဟုတ်ပါဘူး။ ကျေးဇူးပါပဲ။

**ကရိုးသား**

ကောင်းပါပြီ။ရွေးကောက်ပွဲမှာနိုင်ငံခြားရေးမူဝါဒဟာ အတော်အရေးကြီးတယ်ဆိုတာကိုကျွန်တော်သဘောတူပါတယ်။၂၀၀၄ ခုနှစ်မှာလည်း ဒါဟာအရေးကြီးခဲ့တယ်ဆိုတာမမေ့စေချင်ပါဘူး။ အဲဒီအချိန်ကအီရတ်မှာပြဿနာတွေရှိနေခဲ့ပေမယ့်အမျိုးသားလုံခြုံရေးဆိုင်ရာပြဿနာတွေမှာတောင့်တင်းခိုင်မာနေတဲ့နောက်ခံကားတွေရှိနေခဲ့တဲ့ ပြိုင်ဘက်ကိုယ်စားလှယ်လောင်းတစ်ဦးကို သမ္မတဘုရှ်အနိုင်ယူခဲ့တာလည်း မှတ်သားစရာပါပဲ။ဒါပေမယ့် နိုင်ငံခြားရေးမူဝါဒဆိုတာသူနှင့်ဆက်စပ်ပတ်သက်နေတဲ့ကိစ္စများစွာပါဝင်နေလေ့ရှိပါတယ်။

တစ်ခုတော့မမေ့ကြပါနဲ့။ဒါဒီမှာရှိနေတဲ့လူအားလုံးသိထားကြပြီးသားဆိုတာ ကျွန်တော်နားလည်ပါတယ်။အမေရိကန်ပြည်ထောင်စုဆိုတဲ့လူ့အဖွဲ့အစည်းမှာ ၂၀၀၁ ခုနှစ်စက်တင်ဘာလ(၁၁)ရက်အရေးအခင်းကဖျက်ဆီးလိုက်လို့စိတ်ဓာတ်ရေးရာအရ ပြိုကွဲပျက်စီးမှုတွေရှိနေခဲ့တာ။ဒီနေ့အထိပါပဲ။ဒါကိုဘော့(ပ်)(ကာဂန်)ကအသုံးချပြီး ဒီနေ့ရွေးကောက်ပွဲကိုအမျိုးသားလုံခြုံရေးရွေးကောက်ပွဲလို့ပြောနေတာပါ။အကြောင်းကတော့နှစ်မျိုးလုံးပါပဲ။ဒီနေ့ကမ္ဘာကြီးမှာခြိမ်းခြောက်မှုကြီးတွေရှိနေပြီဆိုတာနဲ့ဒီနေ့ အမေရိကန်နိုင်

http://www.linhtet.com



ငံဟာအီရတ်နိုင်ငံမှာစစ်ဖြစ်နေတယ်။အာဖဂန်မှာ စစ်ပွဲဆင်နွှဲနေရတယ်ဆိုတဲ့ စိတ် အခြေအနေတွေကို အကြောင်းပြတာပါ။ဒါကြောင့် အမေရိကန်နိုင်ငံမှာလည်း အမျိုးသားလုံခြုံရေးဟာ အရေးပါနေဆဲလို့ ကောက်ချက်ဆွဲတာပါ။

နောက်ပြီးဒါ့ကြောင့် နိုင်ငံခြားရေးပေါ်လစီကလည်း အရေးကြီးတယ် လို့ဆိုတာပါ။ ဒါပေမယ့် တကယ်တမ်းဘော့ပ်(ကာဂန်)ဖော်ပြနေတာ မူဝါဒ တွေမဟုတ်ပါဘူး။ပုဂ္ဂိုလ်ရေးရာ ပုံကြမ်းတွေနဲ့အကြင်းဖျင်းအခြေအနေတွေပါ။အသေးစိတ်ပေါ်လစီတွေမပါပါဘူး။အာဖဂန်နိုင်ငံမှာ တခြားရွေးချယ်စရာဘယ်လိုနည်းလမ်းတွေရှိသလဲဆိုတာ အမေရိကန်တွေမသိပါဘူး။ နက်နက်ရှိုင်း ရှိုင်းပြောရရင် အီရတ်ကနေအမေရိကန်တွေ ဆွဲထုတ်လိုက်ရင် ဘာတွေဖြစ်လာမယ်ဆိုတာဘယ်သူမှရေရေရာရာမသိကြပါဘူး။တချို့သောအမေရိကန်တွေအနေနဲ့ အီရတ်ကနေထွက်ချင်တဲ့ဆန္ဒတွေရှိကြတာ ဆန္ဒပြင်းပြကြတာသာရှိကြတာပါ။ဘာမှအသေးစိတ်သိကြတာမဟုတ်ပါဘူး။နောက်ပြီးဆန္ဒဆိုတာကလည်းအဓိကလုံခြုံမှုရချင်တဲ့ဆန္ဒပါ။ ဒါကြောင့်ဘယ်သမ္မတလောင်းကလုံခြုံရေးကိုအာမခံချက်ပေးမယ့်လက်မှတ်ထုတ်ပေး နိုင်မလဲဆိုတာ လေ့လာနေကြတာ၊ဒါ သိပ်အရေးကြီးပါတယ်။အရှေ့အလယ်ပိုင်းကိစ္စမှာ ကျွန်တော်သဘောတူပါတယ်။နောက်လာမယ့်သမ္မတအနေနဲ့အစ္စရေးပါလက်စတိုင်းပြဿနာနဲ့ပတ်သက်လို့အလွန်ဆိုးဝါးတဲ့ အခြေအနေတစ်ရပ်ကိုအမွေဆက်ခံရပါလိမ့်မယ်။အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အိပ်မက်မက်နေခဲ့တဲ့ကွန်ဒိုလီဇာ (Condoleezza Rice)ကလည်း ဒီအမွေကို ဆက်ခံတော့မှာမဟုတ်ပါဘူး။ ကျွန်တော်သိပ်မထင်လှပါဘူး။

## အိုဘားမား - အစ္စရေးဆွေးနွေးစရာ

နောက်ပြီး အိုဘားမားနဲ့အစ္စရေးနဲ့ ပြဿနာဘက်ကျွန်တော်တို့ လှည့်ကြရအောင်။

ကျွန်တော်ပထမဆုံးပြောချင်တာ ဒီကိစ္စနဲ့ပတ်သက်လို့ ဥရောပပရိတ်သတ်ကြီးအနေနဲ့နားလည်ယုံကြည်ရခက်ပါလိမ့်မယ်။ဘယ်လိုပဲဖြစ်ဖြစ် ဒီအကြောင်းပြောရင် အမေရိကန်၊ အစ္စရေးကပြားတွေရဲ့ဩဇာလွှမ်းမိုးမှုနဲ့ရွေးကောက်ပွဲမဲဆွယ်မှုထဲမှာသူတို့ရဲ့ပါဝင်မှုအကြောင်းကခင်ဗျားတို့စတင်လိုက်ရုံနဲ့တော့အမေရိကန်နိုင်ငံရဲ့အစ္စရေးဆိုင်ရာ ပေါ်လစီကိုခင်ဗျားတို့ပိုင်းခြားစိတ်ဖြာမှုပြုနိုင်မှာမဟုတ်ပါဘူး။ဒီပေါ်လစီကိုအမေရိကန်လူ့အဖွဲ့အစည်းဝင်တွေကထောက်ခံချက်ပေးခဲ့ကြပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ဒါဟာရွေးကောက်ပွဲမဲဆွယ်ရေးကိစ္စဟာ အမေရိကန်နှန်းစံ၊တန်ဖိုးတွေကိုကိုယ်စားပြုထားသူတွေဖြစ်တယ်လို့ အမေရိကန်တွေကိုယ်တိုင်ခံစားနားလည်ထားကြလို့ဖြစ်တယ်။ ဒါဟာ လူ့အဖွဲ့အစည်းနှစ်ရပ်အကြားမှာ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ရှိတဲ့ သွေးစည်းညီညွတ်မှုသဘောထားလည်းဖြစ်တယ်။ ဒါကို ဥရောပတိုက်သားတွေ နားလည်ရခက်ပါ လိမ့်မယ်။ဒါပေမယ့်ဒီပြဿနာဟာ ဒီသဘောထားနဲ့ ဆက်စပ်ပတ်သက်တယ်ဆိုတဲ့ အချက်အလက်ကိုသိချင်တာပါ။

အခုအခါမဲဆွယ်စည်းရုံးမှုတွေ ဩဇာလွှမ်းမိုးမှုစတာတွေ အမှန်ပဲ ရှိတယ်။ ဒီလို ဩဇာသက်ရောက်မှုမျိုးဟာရီပတ်ဘလီကန်ပါတီအပေါ်မှာထက်ဒီမိုကရက်တစ်ပါတီ အပေါ်မှာပိုတောင်များသေးတယ်။ပြီးခဲ့တဲ့ ၂၅ နှစ်အတွင်းအစ္စရေးတွေအပေါ်မှာသဘောထား တင်းမာတဲ့ သမ္မတဆိုလို့ ဂျော့ချ်ဘုရှ်(အကြီး)တစ်ယောက်ပဲရှိပါတယ်။အခုအဆီအငေါ်မတည့်ဖြစ်နေတာက အိုဘားမားသမ္မတဖြစ်လာမှာကို အစ္စရေးအသိုင်းအဝိုင်းတွေကြားထဲမှာ ပျံ့နေတာပါပဲ။ရီပတ်ဘလီကန်တွေပဲကောင်းတယ်လို့အခုသူတို့ထင်နေကြပြီ။ တကယ်ကသမိုင်းအရပြောရင်အစ္စရေးအပေါ်ဒီမိုကရက်တွေကရီပတ်ဘလီကန်တွေထက်ပိုကောင်းခဲ့တာဗျ။တကယ်လို့ အိုဘားမားအရွေးခံရလည်း ဘာမှသိပ်ပြီးပြောင်းလဲမယ်လို့ ကျွန်တော်မထင်ပါဘူး။

**ရက်ချ်မန်း**

မေးခွန်းလေးတစ်ခုလောက်အကျဉ်းရုံးပြီးမေးပါရစေ။ခင်ဗျားပြောသလို မဲဆွယ်စည်းရုံးမှုတွေကပေါ်လစီကိုမဆုံးဖြတ်ဘူးဆိုရင် အစ္စရေးပဲဖြစ်ဖြစ်၊တခြားပဲဖြစ်ဖြစ် မဲဆွယ်စည်းရုံးမှုတွေဖြစ်လာမှာကိုဘာဖြစ်လို့သမ္မတလောင်းတွေကကြောက်နေကြတာလဲ။ဒီကိစ္စတွေလူထုထဲ ချပြရမှာ၊အငြင်းအခုံဖြစ်ရာမှာပါဝင်ရမှာကို ဘာဖြစ်လို့ စိုးရိမ်တာလဲ။ ဒါကိုခင်ဗျားကရောမသမာမှုတွေလို့ထင်ပါသလား။

**ကရိုးသား**

ဒီမှာ အစ္စရေးဆိုင်ရာ ပေါ်လစီကို တဲလ်အဗစ်တို့ ဂျေရုဆလင်တို့မှာ လွတ်လွတ်လပ်လပ်ဝေဖန်ငြင်းခုံလို့ရပေမယ့်ဝါရှင်တန်မှာမရဘူးဗျ။ ဒါဝါရှင်တန်ရဲ့အဆီအငေါ်မတည့်မှုတစ်ခုပဲ။အစ္စရေးကိုဝေဖန်တဲ့ ရောင်စုံအမြင်မျိုးစုံကို ဝါရှင်တန်မှာထက်အစ္စရေးမှာ ပိုကြားရနိုင်ပါတယ်။

**ကာဂန်**

ဒါလောက်တင်မဟုတ်ဘူးဗျ။ဂျူးမဲဆွယ်မှုတင်မကဘူး။မဲဆွယ်မှုအားလုံး အမေရိကန်မှာဒီအတိုင်းပဲ။သူတို့ကအာဘော်နည်းနည်းလွှင့်လိုက်ရင်ကိုယ်ကပိုပြီး ကြီးကြီးကျယ်ကျယ်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ပြန်တုံ့ပြန်နိုင်မှ၊ နို့မို့ ဩဇာကျရော၊ ဟုတ်သယောင်ယောင်ဖြစ်ကုန်ရောပဲ။ဒီပြဿနာရဲ့ အဖြေကို ရှာကြည့်ချင်ရင်တော့ အိုဘားမားရဲ့ဘရာဇင်းစကီး (Brzezinski)ကိစ္စသာ ကြည့်ပေတော့။ဘရာဇင်းစကီးကိုအစ္စရေးတွေက ရန်သူလိုသဘောထားခဲ့ကြတာဗျ။ဒါကြောင့် အကြံပေးကြီးဘရာဇင်းစကီးကိုအိုဘားမားကချောင်ထိုးထားတာပါ။သူ့ကိစ္စကိုလည်း ပြဿနာတင်လာရောအိုဘားမားကသူ့ကိုသိလည်းမသိဘူး။သူ့နာမည်ဘယ်လိုစာလုံးပေါင်းရမှန်းတောင်မသိဘူးလို့ပြောင်ငြင်းထုတ်လိုက်ရတာပဲဗျ။သူ့အရင်ကကျွန်တော်ဆီအီးမေးလ်တစ်စောင်ပို့ဖူးတယ်။ဒါပေမယ့်သူ့ကိုကျွန်တော်လည်း လူချင်းမသိခဲ့ပါဘူး။(ရယ်သံများ)

***သန်းစိုးနိုင်***

http://www.linhtet.com

# အမေရိကန်သမ္မတလောင်းရွေးချယ်ပွဲများအတွင်း နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုန်မှုများ (၃)

သန်းစိုးနိုင်


***ရောဘတ်ကာဂန်***


***ရက်ချ်မန်း***


***တွမ်ကယ်ရီးသား***

**ရက်ချ်မန်း**

ကိုင်း၊ ခင်ဗျားဟိုဘက်က ပုဂ္ဂိုလ်ကြီးကိုအလှည့်ပေးရအောင်ဗျ။

**မေးခွန်းရှင်**

(စကားမသဲကွဲ)အမေရိကန်သံရုံးကပါ။ကျွန်တော်ကသမ္မတလောင်းတွေရဲ့ နိုင်ငံခြားရေးမူဝါဒဆိုင်ရာခင်ဗျားတို့ပြောနေတဲ့မျှော်လင့်စရာတွေထက်တခြားအကြောင်းအရာတွေဘက်ခေါင်းစဉ်ပြောင်းကြည့်ချင်တယ်ဗျာ။ အခုအိုဘားမားရဲ့သဘောထားက ဘယ်လိုဖြစ်နိုင်တယ်။ဒါမှမဟုတ်မက်ကိန်းက ဘယ်လိုဆိုတဲ့ခင်ဗျားတို့ရဲ့မှန်းဆချက်တွေကို ဒီနေ့ကမ္ဘာကြီးမှာအရေးပါတဲ့ခေါင်းဆောင်တွေနဲ့အဓိကကျတဲ့တိုင်းပြည်တွေက ဘယ်လိုတုံ့ပြန်သဘောထားလာနိုင်တယ်ဆိုတာ ခင်ဗျားတို့ရှင်းပြနိုင်ပါသလား။

**ရက်ချ်မန်း**

အိုကေ၊ ကောင်းပါပြီဗျာ။

**ကရီးသား**

ဒီမေးခွန်းနဲ့ပတ်သက်တဲ့တစ်စိတ်တပိုင်းကို ကျွန်တော်ရှင်းပြခွင့်ပေးပါဗျာ၊ ခင်ဗျား

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ရဲ့မေးခွန်းက ကျွန်တော်တင်ပြပြောဆိုနေတဲ့အမေရိကန်နိုင်ငံနဲ့ကမ္ဘာကြီးရဲ့ဆက်ဆံရေးမှာ လိုအပ်နေတဲ့ အခြေခံကျင့်ဝတ်ဆိုင်ရာအမြင်တွေနဲ့ ဆက်စပ်ပတ်သက်နေမယ်လို့ ကျွန်တော် ထင်ပါတယ်။ဒီကိစ္စမှာအိုဘားမားရောမက်ကိန်းပါပြောတန်သလောက်တော့ပြောခဲ့ကြပါ တယ်။ဥပမာဂွါတာနာမိုစခန်းပိတ်ပင်ရေး။အကျဉ်းသားတွေညှဉ်းပန်းနှိပ်စက်မှုရပ်ပစ်ရေး စတာတွေပေ့ါဗျာ။ဒါပေမယ့်အခု သူတို့ပြောနေကြတာကျင့်ဝတ်ဆိုင်ရာဖြစ်စဉ်တွေနဲ့ အစပဲ ရှိသေးတယ်ဗျ။

ဒီပြဿနာတွေရဲ့ အခြေခံအရင်းအမြစ်ဟာအီရတ်ပြဿနာဖြစ်တယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ဒါပေမယ့်အီရတ်စစ်ပွဲရပ်ဆိုင်းသွားရုံနဲ့တော့ ဒီကျင့်ဝတ် ဆိုင်ရာပြဿနာဖြေရှင်းရေးလိုအပ်ချက်ဟာ ပြီးသွားမှာတော့မဟုတ်ဘူးခင်ဗျ။ အမေရိကန် နိုင်ငံအနေနဲ့ အီရတ်မှာဒီပြဿနာဖြေရှင်းတာကျုပ်တို့တာဝန်မဟုတ်ဘူးဗျဆိုပြီး လှည့်ပြန် သွားရုံနဲ့ မရဘူးဗျ။ ပထမခြံစည်းရိုးဖျက်ဝင်တယ်။ နောက်ဖုတ်ဖက်ခါထပြန်သွားတယ်ဆိုတာ ကျင့်ဝတ်အရပြဿနာတွေ ရှိနေပါတယ်။

ဒီဘက်တွေမှာအိုဘားမားတင်ပြပြောဆိုပုံစဉ်းစားပုံတွေအရ ပြောကြမယ်ဆိုရင် သူအတော်သဘောပေါက်လက်ခံထားပုံရပါတယ်။အမေရိကန်နိုင်ငံနဲ့ကွာဟချက်တွေဟာ ဘယ်လောက်ကြီးမားခြားနားတယ်ဆိုတာကို စိတ်ပိုင်းဆိုင်ရာအရခံစားမှုအရ၊ သူနားလည် ထားပုံရတယ်။ဒီပြဿနာ ဘယ်လောက်အရေးကြီးတယ်ဆိုတာ တစ်ဦးချင်းအမြင်ပေါ်မှာ မူတည်တာပေ့ါ။ဒါပေမယ့်ကျွန်တော်ကတော့သိပ်အရေးကြီးတယ်လို့ထင်တယ်ဗျ။အိုဘားမား လည်း ကျွန်တော့်လိုပဲဖြစ်မယ်လို့ ထင်ပါတယ်။အမေရိကန်သမ္မတတစ်ယောက်အနေနဲ့ ဒီလိုပဲ ဖြစ်သင့်တယ်။ ဒီလိုပဲသဘောပေါက်သင့်တယ်လို့ထင်တယ်ဗျာ။

အီရန်ပြဿနာကို အလေးထားစဉ်းစားမယ်ဆိုရင်ခင်ဗျားရဲ့မေးခွန်းထဲမှာပါတဲ့ အတိုင်းမတူတဲ့ တိုင်းပြည်တွေကဘယ်လိုအမြင်သဘောထားတွေနဲ့ ဆက်ဆံတုံ့ပြန်ကြမယ် ဆိုတာစဉ်းစားစရာပဲ။အီရန်နိုင်ငံကတော့သူ့တိုင်းပြည်ထဲကိုကျူးကျော်ဝင်ရောက်မှုမပြုတဲ့ သမ္မတမျိုးကိုလိုလားမှာပဲဗျ။ ဒီလိုစဉ်းစားမှုမျိုးအရ ကြည့်ကြမယ်ဆိုရင်အိုဘားမားနဲ့မက်ကိန်း ဘယ်သူကပိုပြီးသင့်တော်ကိုက်ညီမလဲ။သူတို့သာမဲပေးခွင့်ရရင်ကျွန်တော်ထင်တာ အိုဘားမား ကိုပဲ ထောက်ခံမဲပေးကြမှာပဲဗျ။ မက်ကိန်းမှာသမ္မတဘုရှ်ရဲ့စိတ်ဓာတ်သဘောထားမျိုးတွေ ကိန်းဝပ်နေသလိုပဲ။ဒါပေမယ့်မက်ကိန်းကလူပုဂ္ဂိုလ်တစ်ဦးချင်းအရပိုမိုအတွေ့အကြုံရှိပိုမို အ မြော်အမြင်ရှိပြီးတည်ငြိမ်တာတော့အမှန်ပါပဲ။

ကျွန်တော်ထင်တာအိုဘားမားကျတော့သူတို့မှန်းဆရခက်ခဲကြပါလိမ့်မယ်။တကယ် လို့ အိုဘားမားသမ္မတအဖြစ်အရွေးချယ်ခံရပြီဆိုပါစို့။ ဗင်နီဇွဲလားသမ္မတကြီးဟူဂိုချာဗက်ဇ် (Hugo Chavez)အနေနဲ့အိုဘားမားကိုဘယ်လိုမြင်မလဲ။ချာဗက်ဇ်က အိုဘားမားကို နွား ကျောင်းသားလူရမ်းကားဂရင်ဂို (Gringo)များလားလို့ အထင်မှားမှာမဟုတ်ပါဘူး။အမေရိ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကန်နွားကျောင်းသားအဖြစ်သဘောထားပုံဖော်မှာလည်းမဟုတ်ဘူး။ဒါပေမယ့် တကယ်တမ်း အိုဘားမားနဲ့ကျူးဘားကရာအူးလ်ကတ်စထရို (Raul Castro)တို့များ အတူထိုင်ကြမယ်၊အတူစကားစမြည်ပြောကြမယ်၊နောက်ပြီးအတူတွဲဓါတ်ပုံရိုက်ခံကြမယ်ဆိုရင်တော့ ချာဗက်ဇ်ခံစားနိုင်မှာမဟုတ်ဘူး။အစ်ကိုကြီးကတ်စရိုဆီပြေးပြီးခင်ဗျားညီကို ဒီအမေရိကန်မိတ်ဆွေသစ်လေးဆီမှာကိုယ့်ဟာကိုယ်ရောင်းမစားမိဖို့သတိပေးပါလို့တိုင်တန်းလိမ့်မယ်ထင်ပါတယ်။

ဒါမျိုးတွေဟာကမ္ဘာကြီးကိုရှုပ်ထွေးသွားစေမှာတော့အမှန်ပဲဗျာ။တရုတ်တို့ ရုရှားတို့ကလည်းစိတ်ဝင်စားစရာဖြစ်လာမှာပဲ။တချို့နယ်နိမိတ်လေးတွေကို ဘာတွေဖြစ်လာမလဲလို့စမ်းသပ်တွန်းဖွင့်ကြည့်ကြဖို့ပါ။တစ်ခုနှစ်ခုလောက်စမ်းကြည့်ရုံပါ။ဒါမျိုးတွေကမက်ကိန်းလက်ထက်မှာတော့ ဖြစ်လာနိုင်စရာမရှိလှပါဘူး။

## ကာဂန်

အခြားဘက်တစ်ဖက်အနေနဲ့ပြောရရင်တော့ လက်ရှိနိုင်ငံတကာ ဆက်ဆံရေးရဲ့လတ်တလောဦးတည်ချက်တွေအရဖြစ်နိုင်တာထက်နည်းနည်းပိုတွက်ထားတယ်လို့ကျွန်တော်ထင်ပါတယ်။ စိတ်အနှောင့်ယှက်ဖြစ်စရာတွေနဲ့ ကြုံနေရတဲ့ကမ္ဘာကြီးမှာလက်တွေ့ကျတဲ့အခြေခံအမှန်တရားတွေ ရှိနေတတ်ပါတယ်။ အဆင့်တစ်ဆင့်နေရာတစ်နေရာမှာ ဒီလိုဖောက်ထွက်ဖို့ ဖြစ်နိုင်သလားဆိုတာသဘောထားစစ်တမ်းတစ်ရပ်ကောက်ယူကြည့်ရင်သိနိုင်ပါတယ်။တစ်ကမ္ဘာလုံးကိုလှည့်ပတ်ခြုံငုံကြည့်မိသလောက် တိုင်းပြည်တွေရဲ့အပြုအမူအကျင့်အကြံတွေကိုကျွန်တော်လေ့လာကြည့်မိသလောက်တော့တကယ်တမ်းဒီလို ထိုးဖောက်ထွက်နိုင်စရာကမ္ဘာကြီးမှာမရှိသေးပါဘူး။ ဒီနေ့ဖြစ်နေတာကသမ္မတဘုရှ်ကို ဖြတ်ကျော်တက်ချင်စရာ စိတ်မရှည်နိုင်မှုပါပဲ။

ဒါပေမယ့်ဥပမာအားဖြင့် တကယ်လို့ဥရောပတိုက်ကြီးကိုလှမ်းကြည့်လိုက်မယ် ဆိုရင်တော့နောက်ဆုံးမှာရှီရက် (Chirac)တို့ ရှရိုးဒါး (Schroeder) တို့ ခေတ်ကုန်ပြီးလို့ဆာကိုဇီ(Sarkozy)တို့ မာကယ် (Markel)တို့ ခေတ်ထဲကို ဝင်ရောက်နေပါပြီ။အမေရိကန်နိုင်ငံကိုသူတို့ကြိုက်သည်ဖြစ်စေ၊မကြိုက်သည်ဖြစ်စေသူတို့ရဲ့မဟာဗျူဟာပေသီးတွက်ကိန်းအရသူတို့တိုင်းပြည်၊သူတို့အကျိုးစီးပွားတွေကိုအမေရိကန်နှင့်နီးနိုင်သမျှနီးကပ်ထားဖို့ တတ်နိုင်သမျှနွေးထွေးစွာဆက်ဆံသွားကြဖို့ ရှင်းလင်းပြတ်သားစွာ ဆုံးဖြတ်ထားကြပြီး ဖြစ်ပါ တယ်။ ဂျပန်လည်းဒီလိုပါပဲ၊တောင်ကိုရီးယားကြည့်ဦးမလား။ အခုသူတို့ရွေးလိုက်တဲ့သမ္မတသစ်လည်း အမေရိကန်နဲ့ရင်နှီးကျွမ်းဝင်နွေးထွေးစွာဆက်ဆံချင်သူတစ်ဦးပါပဲ။

ဒါကြောင့် ပကတိအခြေခံအမှန်တရားတွေရှိနေတယ်၊မြင်ရမယ်လို့ အမေရိကန်၊ ဥရောပနဲ့ တရုတ်တို့ဟာ အကျိုးစီးပွားနောက်လိုက်နေကြတယ်လို့ မြင်လာကြတယ်။ဘာဖြစ်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

လို့အမေရိကန်နိုင်ငံဟာဆော်ဒီအာရေဗျနဲ့မွတ်ဆလင်အစိုးရတွေကို ပိုက်ထွေးယုယ နေကြရတာလဲ။၅၀ခုနှစ်များမှာ ဖြစ်ပွားခဲ့တဲ့ စစ်ပွဲနှစ်ပွဲကိုကြည့်ရင် အမေရိကန်နဲ့ဥရောပကိုဘယ်သူတွေကယုံကြည်သဘောကျမှာလဲ။ အီရတ်နိုင်ငံမှာ အမေရိကန်စစ်အင်အားဟာအလုပ်မဖြစ်ဘူးဆိုတာ လူတိုင်းမြင်နေကြတာပဲ။ (မသဲကွဲတော့)

**ကာဂန်**

အေးဗျာ။ဒီလိုကြားရသိရတာဝမ်းသာပါတယ်။ကျွန်တော်ကတော့ တကယ်မသိသေးတာအမှန်ပါ။ အမေရိကန်နိုင်ငံရဲ့ခေါင်းဆောင်တွေက ကမ္ဘာကြီးက ဒီလိုရုပ်ပုံလွှာတွေဖန်တီးပေးခဲ့တယ်ဆိုတာ တကယ်တော့ချဲ့ကားမှု တွေပါနေတတ်ပါတယ်။

**မေးခွန်းရှင်**

အာဖရိကမှာ အမေရိကန်ခေါင်းဆောင်တွေဟာ ဘယ်တုန်းကမှ ဒီမိုကရေစီကိုအားပေးခဲ့ကြတာ မဟုတ်ပါဘူး။ မိုဘူတူတို့၊ မူဂါဘီတို့ကိုထောက်ခံခဲ့တယ်။အစ္စရေးတွေကိုအားပေးခဲ့ကြတယ်။အခုတော့လည်းအာဖရိကမှာတင်မကတော့ဘူး။တစ်ကမ္ဘာလုံး မှာပါအမေရိကန်ကသူ့ရဲ့ဒီမိုကရေစီနှုန်းစံ၊တန်ဖိုးတွေကိုတင်သွင်းနေပြန်ပြီဗျ။

**ရက်ချ်မန်း**

အိုကေ၊ ဟုတ်ပြီဗျာ။ ကဲ ကျွန်တော်တို့ဘက်က တုံ့ပြန်နိုင်ကြမလား။

**ကာဂန်**

အင်း၊ ကျွန်တော်တော့တော်ပါပြီဗျာ။ဒီမှာခင်ဗျားနိုင်ပါတယ်။ ကျွန်တော် သိပါတယ်။ခင်ဗျားနဲ့ကျွန်တော်ဟာသဘောထားချင်းအတူတူပါပဲ။ (ရယ်သံများ)

**ရက်ချ်မန်း**

အင်း၊ ဒီမိုကရေစီကိစ္စကို သူဝန်ခံပါသတဲ့ဗျာ။

**ကာဂန်**

ဟုတ်ပါတယ်။ကျွန်တော်ခင်ဗျားနဲ့ ဘယ်လိုမှ ငြင်းခုံချင်တဲ့ဆန္ဒမရှိ လို့ပါဗျာ။

**ကရိုးသား**

ကျွန်တော်တို့ကို ပရိသတ်ကြီးကစိတ်ပျက်မသွားဖို့လိုတယ်ဗျ။နောက် ပြီး သူတို့ကကျွန်တော်တို့ချင်းအမြင်မတူကြစေချင်ဘူး။ဒီတော့ ကျွန်တော်ကပရိသတ်အလိုကျဘော့ပ်နဲ့ကျွန်တော့်အကြားခြားနားချက်တွေကို ခွဲခြားမျဉ်းသားပြပါရစေ။

တကယ်တော့ဒီနေရာမှာ ကျွန်တော်တို့ရဲ့ကွာဟချက်က ကြီးမားသလို၊ နက်လည်းနက်ရှိုင်းတယ်ဗျ။ခင်ဗျားပြောတဲ့ပြင်သစ်နိုင်ငံရေးမှာရှီရက်ကိုစိတ်ပျက်ငြီးငွေ့နေတဲ့ ပရိသတ်က ဆာကိုဇီကိုရွေးချယ်လိုက်ကြတယ်။ ဂျာမနီမှာပါတီတွေအပြောင်းအလဲရှိတယ်။ တောင်ကိုရီးယားကလည်း အမေရိကန်ကိုစိတ်ပျက်၊တစ်ကမ္ဘာလုံးမှာအမေရိကန်ဆန့်ကျင်ရေးအမြင်တွေကြီးထွားစတဲ့အနေအထားတွေဟာရေရှည်မှာအမေရိကန်ပြည်ထောင်စုကိုအန္တရာယ်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ပြုလာနိုင်တယ်လို့ကျွန်တော်ထင်ပါတယ်။အထူးသဖြင့် မွတ်စလင် လောကမှာ ဒီအမြင်တွေ ပျံ့နှံ့လာတာပြဿနာပဲဆိုတာ လေးနက်ကြဖို့လိုတယ်။ဒီနေရာ မှာ အီရတ်စစ်ပွဲကိုဆန့်ကျင်တဲ့ သမ္မတသစ်တစ်ယောက်တက်လာဖို့လိုတယ်ဗျ။မက်ကိန်းလို၊ဘုရှ်ပေါ် လစီကို ထပ်အရောင် တင်ပေးမယ့်လူမျိုးတက်လာလို့က ပြဿနာတွေ ဖြစ်လာနိုင်စရာပဲရှိတယ် ဒီခြားနားချက် ကို လေးနက်ကြဖို့လိုတယ်။

**ရက်ချ်မန်း**

ဟုတ်ပြီဗျာ၊ ကိုင်း၊ ဒီမှာ ခင်ဗျားကို ကျွန်တော်နောက်ဆုံးမေးခွန်းတစ်ခုမေးခွင့် ပြုမယ်ဗျာ။

**မေးခွန်းရှင်**

ဒီတစ်ခါ ကျွန်တော့်မေးခွန်းက အမေရိကန်ပြည်သူလူထုဆီကို ဦးတည်ချင်တယ် ခင်ဗျ။အမေရိကန်ပြည်သူလူထုတွေအစိုးရရဲ့နိုင်ငံခြားရေးမူ ဝါဒကိုစိတ်မပျက်ကြသေး ဘူး လား။တကယ်လို့ စိတ်ပျက်ငြီးငွေ့နေကြပြီဆိုရင် ပြည်သူလူထုရဲ့ဒီခံစားမှုက အခုသမ္မတ ရွေးချယ်ပွဲမှာ ဘယ်လောက်များလွှမ်းမိုး အဆုံးအဖြတ်ပေးနိုင်စရာရှိပါသလဲ။

**ရက်ချ်မန်း**

အိုကေ၊ဟုတ်ပြီဗျာ။ဘော့ပ်လာလေဗျာ။ဘာဖြစ်လို့ခင်ဗျားကစမပြောချင်ရမှာလဲ။

**ကာဂန်**

ပြန်ပြောကြမယ်ဆိုရင်၊ အမေရိကန်လူထုရဲ့ နိုင်ငံခြားရေးမူဝါဒအ ပေါ် စိတ်ပျက် ငြီးငွေ့မှု ဟာဘာလဲလို့ ကျွန်တော်နားမလည်ပါဘူး။ ဘယ်အမေရိကန်လူထုမှ နိုင်ငံခြားရေး မူဝါဒနဲ့ စိတ်ပျက်ရလောက်အောင်နေ့စဉ်ထိတွေ့ ဆက်ဆံနေရတာမျိုးမရှိပါဘူး။သူတို့နေ့စဉ် အလုပ်သွားတယ်။ ကြိုက်သလိုအပန်းဖြေအနားယူတယ်။သူတို့မှာ နိုင်ငံခြားရေးမူဝါဒ အပေါ် စိတ်ပျက်ငြီးငွေ့ စရာရှိမယ်လို့ကျွန်တော်မထင်ပါဘူး။တကယ်တမ်းဒီမူဝါဒတွေကို နေ့စဉ်စိတ် ပျက်နေရတာတခြားလူမဟုတ်ဘူး။ကျွန်တော်ပဲ။ (ရယ်သံများ)

တွမ်အလေးအနက်ထားတင်ပြသွားတာတော့ကမ္ဘာကြီးမှာကျွန်တော်တို့ကို ရန် သတ္တုပြုမယ့်အန္တရာယ်ကြီးတဲ့ လူတချို့ရှိနေတယ်ဆိုတာပါပဲ။ ဗင်နီဇွဲလားနဲ့ကျူးဘား ပြဿနာ၊ဒီမှာဗင်နီဇွဲလားနဲ့ပတ်သက်လို့ဟူဂိုချာဗက်ဇ်ဆိုတဲ့ပုဂ္ဂိုလ်ဘယ်လိုလဲဆိုတာတော့ ကျွန်တော်အကဲမဖြတ်တတ်ဘူးဗျ။ လူမိုက်တစ်ယောက်ရဲ့ ပုံစံဂိုက်ဆိုက်မျိုးပဲ။ (ရယ်သံများ) ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီလိုအကြောင်းအချက်တွေနဲ့သမ္မတရွေးချယ်ပွဲကိုတော့ အကဲမဖြတ်သင့် ဘူးဗျ။ ဒီမိုကရက်တွေဆိုရင်ဘယ်လိုတုံ့ပြန်လိမ့်မယ်။ ကွန်ဆာဗေးတစ်တွေဆိုရင် ဘယ်လို လုပ်မှာပဲဆိုတဲ့စဉ်းစားမှုတွေဟာသမ္မတရွေးပွဲရဲ့နှုန်း၊စံ၊ တန်ဖိုးသတ်မှတ်ချက်တွေမဖြစ်သင့်ဘူး။ တကယ်လို့ ၂၀၀၉ ခုနှစ်မှာ ဗင်နီဇွဲလားနဲ့ ကိုလံဘီယာတို့စစ်ထတိုက်ကြပြီဆိုပါစို့ ကျွန်တော်တို့ ဘယ်သူကဘယ်ဘက်ကရပ်မယ်ဆိုတာအခုချိန်မှာပြောဖို့ခက်ပါတယ်။ဒါမျိုးက ကြိုတင်ဟော

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ကိန်းထုတ်ဖို့ရာလွယ်တာမဟုတ်ဘူး။

စီးပွားရေးပိတ်ဆို့မှုရပ်ဆိုင်းရုပ်သိမ်းပစ်ရေးဆိုတဲ့ အဆိုပြုချက်ကတော့ မဆိုးလှပါဘူး။တကယ်လို့ ကျူးဘားကဒီမိုကရေစီရွေးကောက်ပွဲတွေကျင်းပဖို့ သဘောတူရင် စီးပွားရေးပိတ်ဆို့မှုရပ်ဆိုင်းဖို့ ကျွန်တော်ထောက်ခံအကြံပေးခဲ့ဖူးပါတယ်။ဒီမှာထောက်ပြဖို့လိုတာက အိုဘားမားက ကျူးဘားမှာ စီးပွားရေးပိတ်ဆို့မှု ရပ်ဆိုင်းရေးအထိမပြောရဲခဲ့ပါဘူး။ ကျူးဘားနဲ့လူ့အခွင့်အရေးဆိုင်ရာဆက်ဆံရေး တစ်စုံတစ်ရာအဆင်ပြေပျော့ပျောင်း လာအောင်ကြိုးပမ်းမယ်လို့သာပြောခဲ့တာပါ။တွမ်(ကရိုးသား)မှာတော့မတူတဲ့အမြင်ရှိချင်လည်း ရှိမှာပေါ့။တရုတ်တို့အာဖရိကတို့အကြောင်းလည်း ခင်ဗျားထည့်ပြောချင်ပြောပါ။ ကျွန်တော် တစ်ခုပဲထောက်ပြချင်တာ၊အာဖရိကကိုအပြိုင်အဆိုင်အလုအယက်သွေးဆောင်စည်းရုံး နေကြတာကတရုတ်နဲ့ဥရောပပါ။အမေရိကန်မပါဘူး။အာဖရိကကိုအစဉ်အလာသြ ဇာခံနယ်ပယ်အဖြစ်သဘောထားနေခဲ့တာဥရောပပါ။အမေရိကန်မဟုတ်ပါဘူး။

တရုတ်တို့ဥရောပတို့ အင်အားပြိုင်ဆိုင်တည်ဆောက်လာကြတာလည်း ရေရှည်မှာကောင်းမှာပါ။ အင်အားကြီးနိုင်ငံတွေများလာရင်အခုတစ်ခုတည်းသော စူပါပါဝါဖြစ်နေတဲ့အမေရိကန်ဆန့်ကျင်ရေးအမြင်တွေလည်း လျော့ပါးပျောက်ကွယ်သွားမှာပါ။တကယ်တော့အမေရိကန်ဆန့်ကျင်ရေးအမြင်ဆို တာယာယီကိစ္စပါ။ ပြေလည်သွားပါလိမ့်မယ်။

**ကရိုးသား**

အမေရိကန်နိုင်ငံအနေနဲ့အာဖရိကပေါ်လစီကိုပုံဖော်ပေးနေတဲ့ အကြောင်း အချက်(၃)ခုရှိနေပါတယ်။ ရေနံ၊လုံခြုံရေးနဲ့လူ့အခွင့်အရေးပြဿနာတို့ပါပဲ။ဒီပြဿနာ (၃) ရပ်ထဲမှာ တရုတ်တို့နဲ့ထိပ်တိုက်ပြိုင်ဆိုင်စရာရှိတာ ရေနံသဘာဝအရင်းအမြစ်ပြဿနာပဲရှိပါတယ်။တခြားမရှိပါဘူး။အိုဘားမားဖြစ်စေ၊မက်ကိန်းဖြစ်စေဒီအကြောင်း အချက်တွေကို ဆက်လက်ကိုင်တွယ်ဖြေရှင်းသွားကြရမှာပါပဲ။အပြောင်းအလဲရှိမှာမဟုတ်ပါဘူး။အိုဘားမားကအာဖရိကန်၊အမေရိကန်ဖြစ်လို့ဒီထက်ပိုတိုးလုပ်ချင်လို့လည်းမရပါဘူး။ဘုရှ်အုပ်ချုပ်ရေးအဖွဲ့ဟာ အာဖရိကမှာအတော်လှုပ်ရှားခဲ့ပေမယ့်နာမည်ကောင်းမရခဲ့ပါဘူး။

ကျူးဘားနဲ့ပတ်သက်လို့ ကျွန်တော်နဲ့ဘော့ပ်နဲ့ အမြင်တူပါတယ်။ကျူးဘားအပေါ် ပျော့ပျောင်းစွာဆက်ဆံရေးသဘောထားဟာအမေရိကန်နိုင်ငံရေးအသိုင်းအဝိုင်းထဲမှာ ငြိမ်သက်ရပ်တန့်နေဆဲပါ။ကျူးဘားအပေါ်စီး ပွားရေးပိတ်ဆို့မှုရပ်ဆိုင်းပစ်ရေးဆိုတာကို ဘယ်သူမှမဟာရဲကြသေးပါဘူး။ အိုဘားမားကိုယ်တိုင်လည်းနိုင်ငံရေးအရင်းအနှီးကြီးကြီးမားမားပေးပြီးကျူးဘားအရေးမှာမစွန့်စားရဲသေးပါဘူး။စီးပွားရေးပိတ်ဆို့မှုရပ်ဆိုင်းရေးရဲ့ကနဦးခြေလှမ်းအဖြစ်ကျူးဘားတွေနဲ့ စကားပြောဆွေးနွေးကြည့်ပါလိမ့်မယ်။ မက်ကိန်းကတော့ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပပေးမှ ပိတ်ဆို့မှုရပ်ဆိုင်းနိုင်မယ်လို့အဆိုပြုထားရုံပြုထားတာပါ။အိုဘားမားသဘောထားကတော့ လာစကားပြောကြည့်ကြရအောင်ဆိုတာပါပဲ။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

သူလည်းဒီထက်ရှေ့ဆက်တက်ဖို့ဆိုတာအတော်ခက်ပါတယ်။ အင်းနောက်ဆုံးကိစ္စမှာတော့ ခင်ဗျားနဲ့ကျွန်တော်သဘောထားချင်းတူကြပါတယ်။ အမေရိကန်နိုင်ငံရဲ့ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုအခန်းကို ဆက်ခံထိန်းသိမ်းကြဖို့သမ္မတလောင်းနှစ်ဦးစလုံးကလည်း သဘောထားတူမျှကြပါတယ်။ဒါပေမယ့်ဒီရွေးကောက်ပွဲမှာ အမေရိကန်နိုင်ငံရဲ့ကမ္ဘာလုံးဆိုင်ရာ ခေါင်းဆောင်မှုနေရာကိုဆက်လက်တောင့်တင်းကြံ့ခိုင်အောင်အားဖြည့်တည်ဆောက် ပေးရေးထက် ပိုပြီးလှပသစ်လွင်တဲ့ နိုင်ငံတကာအစီအစဉ်တစ်ရပ်ကိုမချမှတ်နိုင်သေးတာ အားမလိုအားမရ ဖြစ်ချင်စရာပါပဲ။ဒါပေမယ့်ဒါဟာ ကမ္ဘာကြီးနဲ့ကျွန်တော်တို့ ရပ်တည်ရောက်ရှိနေကြတဲ့နေရာမှန်ပဲလို့ ကျွန်တော်ထင်ပါတယ်။

**ရက်ချ်မန်း**

အိုကေ၊ ဟုတ်ပြီဗျာ။ ကျွန်တော်တို့ တစ်ညလုံးဆက်သွားလို့ရပါတယ်။ လူထုပရိသတ်ကြီးကတောကြီးတစ်တောလှုပ်ရှားနိုးထလာသလို လက်ထောင်ပြလိုက်ကြရုံပဲ။ ဒါပေမယ့် ကျွန်တော်တို့ဒီမှာဒီလောက်နဲ့ပဲရပ်လိုက်ကြတာကောင်းပါလိမ့်မယ်။ဒါကြောင့် ထုံးစံအတိုင်းမှတ်တမ်းတင်ဂုဏ်ပြုရမှာဖြစ်ပေမယ့်ရင်ထဲအသည်းထဲကခင်ဗျားတို့နှစ် ယောက်ကို ကျေးဇူးတင်ကြောင်း လှိုက်လှဲစွာဖော်ပြပါရစေ။ခင်ဗျားတို့လည်း ပြဿနာတွေကြားထဲမှာ အတော်များများဟောကြားရှင်းပြခဲ့ကြရလို့ ငြင်းထားခဲ့ကြလို့ အတော်မောလှရော့မယ်။ အထူးကျေးဇူးပါ။

***သန်းစိုးနိုင်***

http://www.linhtet.com

# မက်ကိန်းနှင့် အိုဘားမား

မောင်စူးစမ်း



### ဘာတွေ ခြားသလဲ

ဒီမိုကရက်သမ္မတလောင်းအိုဘားမားနှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းတို့ကြားစီးပွားရေးဒဿနအမြင်အရဘာတွေခြားနားကြလဲ။ပေါ်လစီပိုင်းဘာတွေခြားနားကြသလဲ။အဖြေပေးပုံတို့၌ဘာတွေခြားနားသလဲစသည်ဖြင့်မေးကြသည်။တူသည့်အချက်ထက်မတူသည့်အချက်ခြားနားသည့် အချက်တို့ကို ဘီလူးစည်းလူ့စည်းခြားနားစွာမြင်ချင်ကြပုံရသည်။

ဤခြားနားချက်တို့ကိုဖို့ကပ်စ်ရှာဖွေကြည့်တော့အိုဘားမားနှင့် မက်ကိန်းတို့ကြားခြားနားမှုတွေသိပ်မရှိသလိုသွားတွေ့သည်။ခြားနားမှုသိပ်မရှိဟုတစ်ချို့ကပြောသည်။ တစ်ချို့က နှစ်ဦးစလုံးကိုယ့်အစွန်းနှင့် ကိုယ်နေကြရာမှ အလယ်ဗဟိုသို့ရွေ့လာကြသည်။ အလယ်တွင်စုမိနေကြပြီဟုမြင်သည်။

အခြေခံဒဿနအမြင်ဘက်မှကြည့်လျှင်ဂျွန်မက်ကိန်းသည်ဖရီးမတ်ကက် (နှောင်ကြိုးမဲ့ဈေးကွက်)သမားဖြစ်သည်။အိုဘားမားသည်လှုပ်ရှားတက်ကြွသောအစိုးရဝါဒ Activist Government သမားဖြစ်သည်။တစ်ယောက်က ဖရီးမတ်ကက်သမားဖြစ်၍ အစိုးရအရွယ်အစားကိုချုံ့ပစ်လိုသည်။အခြားတစ်ယောက်ကတက်ကြွလှုပ်ရှားပေးအစိုးရဝါဒသမားဖြစ်၍ အစိုးရအရွယ်အစားကို ကြီးစေချင်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

၎င်းအခြေခံဒသနဖြင့်ကြည့်လျှင်သူတို့နှစ်ဦးသည်ပြဒါးတစ်လမ်းသံတစ်လမ်းဟုဆိုရမည်။ ဒသနချင်းဆန့်ကျင်ပဋိပက္ခဖြစ်မှုရှိသည်ဟုဆိုရမည်။

## ဗဟိုအလယ်ရွှေ

အခြေခံဒသနချင်းမည်မျှပင်ဆန့်ကျင်ဆန့်ကျင်၊နိုင်ငံရေးနှင့် စီးပွားရေးတို့သည် လက်တွေ့အကျိုးစီးပွားနှင့် လက်တွေ့အဖြေတို့ကိုသာအဓိကထားရသည်ဖြစ်၍ ကိုယ်က အမှတ်မထားမိဘဲ၊ဒသနတို့ကိုပြင်ဆင်ရွှေ့ပေးလာကြ ရသည်။ သို့ဖြင့် သမ္မတလောင်းနှစ်ဦး စလုံးအလယ်ဗဟိုသို့ရွှေ့ကြသည်။ Move to the centre ဟုခေါ်သည်။ လက်ရှိအခြေအနေ တို့အပေါ် အမေရိကန်မဲဆန္ဒရှင်တို့၏ကျွမ်းတိုမှုနှင့် အမေရိကန်စီးပွားရေးအားပျော့မှုတို့ကို နောက်ခံထားကြလျှင်သမ္မတရွေးကောက်ပွဲကို အကျိတ်အနယ်ယှဉ်ပြိုင်ရင်း မိမိတို့၏ မူရင်း ဒသနနှင့်ပေါ်လစီတို့ကို သင့်တင့်သလို အပြောင်းအလဲများပြုလုပ်ရန် လိုအပ်ကြောင်းကိုယ် တွေ့သိလာကြပုံရသည်။အထူးသဖြင့်စီးပွားရေးကျဆင်းမှု (ရီဆက်ရှင်း)၊ ကျန်းမာရေးစောင့် ရှောက်မှု ညံ့ဖျင်းလာမှု၊လူနေမှုအဆင့်အတန်းနိမ့်ကျမှုနှင့်ပတ်သက်သော စိုးရိမ်မှု တို့ကို နောက်ခံထား၍ သမ္မတရွေး ကောက်ပွဲတို့ကို ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ယခုလည်း ၎င်းသဘောမျိုးပင်တစ်ပတ်ပြန်ကျော့နေသည်။ကျန်းမားရေးစောင့်ရှောက်မှုစရိတ်တွေ ထောင်တက်နေသည်။လိုရင်းပြောလျှင် စီးပွားရေးကပ်ဆိုက်နေသည်။ထိုအခါ သမ္မတလောင်း နှစ်ဦးစလုံးဘက်မှမဲဆွယ်မှုတို့သည်အမေရိကန်တို့အတွက် စီးပွားရေးရွေးချယ်မှုကို ဇာတ်ဆန် အောင်သဲထိတ်ရင်ဖိုတင်ပြနေကြသည်။ရီပတ်ဘလီကင်တို့က ဒီမိုကရက်သမ္မတလောင်း အိုဘားမားသည်အစိုးရအသုံးစရိတ်ကိုလက်ဖွာဖွာကြီးကြီးမားမားသုံးစွဲရန်လိုလားသူဟူ၍ လည်းကောင်း၊ကိုယ့်ခြံကိုယ်ကာကွယ်သူဟူ၍လည်းကောင်း၊ ခြယ်မှုန်းတင်ပြသည်။ Big sperder and protectionist ဟု တံဆိပ်ခတ်သည်။

## အစစ်အမှန်က ကန့်သတ်

ဒီမိုကရက်တို့ကရီပတ်ဘလီကင်သမ္မတလောင်းဂျွန်မက်ကိန်းသည် အခွန်ဖြတ် တောက်ရေး၌မဆင်မခြင်ပြုလုပ်သူအဖြစ်စွပ်စွဲသည်။လက်ရှိသမ္မတဘုရှ်သည်လည်း အခွန် ဖြတ်တောက်ရေးပေါ်လစီကိုမဆင်မခြင်ချမှတ်သည်။မက်ကိန်းသည်အခွန်လျှော့ဖြတ် ရေး ကိစ္စတွင်သမ္မတဘုရှ်ထက်ပင်ပိုပြီးမဆင်မခြင်သည်ဟုဒီမိုကရက်တစ်တို့ဘက်က တိုက်ခိုက် ကြသည်။ သို့ပင်ဖြစ်စေအမေရိကန်သမ္မတရွေးကောက်ပွဲသည် စီးပွားရေး၊အခြေအနေ ဆိုးရွားနေမှုအပေါ်ဗဟိုပြုလာရပြီ။သမ္မတရွေးကောက်ပွဲတိုင်းတွင်စီးပွားရေးပြဿနာတို့သည် ထိပ်တန်းရောက်ခဲ့သည်။ယခုတစ်ကြိမ်လည်း စီးပွားရေးပြဿနာတို့ပင်လျှင်ထိပ်တန်းရောက် ပြန်ပြီ။မိုက်မဲလှပါတကားဟုပြောရမလိုအထိ ဖြစ်နေသည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဤစီးပွားရေးပြဿနာတို့နှင့်စပ်လျဉ်း၍ သမ္မတလောင်းနှစ်ဦးစ လုံး ကအဖြေတွေ အပြိုင်အဆိုင်ပေးနေကြသည်။ကိုယ့်အဖြေကပိုကောင်းသည်။ သူ့ အဖြေကအဖြေမဟုတ် အညံ့စားဟူ၍ပြောပြီးအဖြေချင်းပြိုင်နေကြသည်။ အဖြေတို့ကိုသာမစားရဝခမန်းချပြ နေကြသည်။ စင်စစ်၌သမ္မတလောင်းနှစ်ဦးစလုံးတွင် အကန့်အသတ်တွေရှိသည်။ သူတို့ ကိုယ်တိုင်ကအကန့်အသတ်ဖြစ်နေသလို၊ လက်တွေ့နိုင်ငံရေး ၊စီးပွားရေးအခြေအနေတို့ကလည်း သူတို့၏မျှော်မှန်းချက်တို့ကိုကန့်သတ်နေသည်။မဲဆွယ်ပွဲတို့တွင်သူတို့ပြောနေသည့်အတိုင်းဖြစ်လာဖို့လက်တွေ့အခြေအနေအစစ်အမှန်တို့က သူတို့စိတ်ကူးသလိုဖြစ်ရန် အခြေအနေပေးမည့်ပုံမရှိပေ။

ဘယ်သူပဲအနိုင်ရ၍သမ္မတဖြစ်လာဖြစ်လာ၊ လက်တွေ့အစစ်အမှန် ပကတိတို့က သူတို့၏မျှော်မှန်းချက်စိတ်ကူးတို့ကို ကန့်သတ်ပါလိမ့်မည်။မဲဆန္ဒရှင်တို့၏စိတ်မရှည်ကျွဲမြီးတိုမှုတို့ကိုပါထည့်တွက်လျှင်သမ္မတလောင်းနှစ်ဦးစလုံးသည်အလယ်ဗဟိုသို့ ရွှေ့လာကြရမည်သာဖြစ်သည်။ယခုပင် ဤအရိပ်အယောင်တို့တွေ့နေရပြီ။ သမ္မတဖြစ်လျှင် ပိုပြီးအလယ်ဗဟိုသို့ ရွှေ့ကြဦးမည်။

***Ref: The Economic the Solution (24.07.08)***

*ရီပိုတာ ဂျာနယ် အမှတ် (၃၁၁)၊ ဩဂုတ် ၁၀-၂၀၀၈*

# ဆိုးဝါးလာနေသည့် အာဖဂန်နစ္စတန် ပြဿနာ အမေရိကန် သမ္မတသစ် မည်သို့ ဖြေရှင်းမည်နည်း

တေဇာဝင်း



လွန်ခဲ့သော သီတင်းပတ်သုံးပတ်ခန့်ကဘုရှ်အစိုးရအဖွဲ့မှ အထက်တန်းအရာရှိကြီးအချို့နေတိုးအဖွဲ့နှင့်ကုလသမဂ္ဂအဖွဲ့ကြီးတို့မှအာဖဂန်နစ္စတန်နိုင်ငံရေးရာကျွမ်းကျင်သူပုဂ္ဂိုလ်များနှင့်သမ္မတအိမ်ဖြူတော်မှ လမ်းအနည်းငယ်ကွာဝေးသည့်နေရာ၌လျှို့ဝှက်စွာ တွေ့ဆုံခဲ့ကြသည်။အဆိုပါအုပ်စုက အာဖဂန်နစ္စတန်၏အခြေအနေများတစ်စစနှင့် ဆိုးဝါး၍ လာနေကြောင်းသတင်းစကားတစ်ရပ်ထုတ်ပြန်ခဲ့သည်။အဆိုပါ တွေ့ဆုံပွဲပရိသတ်များတွင် သမ္မတလောင်းများဖြစ်ကြသောအိုဘားမားနှင့်မက်ကိန်းတို့၏ အကြံပေးအရာရှိများလည်း ပါဝင်သည်။

အဆိုပါဆွေးနွေးပွဲတွင်အာဖဂန်ပြဿနာကိုအရေးတကြီးဖြေရှင်းရမည့် ပြဿနာတစ်ရပ်အဖြစ်သတ်မှတ်ခဲ့ကြသည်။နောက်တက်မည့်အမေရိကန်သမ္မတသည် သမ္မတတာဝန်စတင်ထမ်းဆောင်သည့်၂၀၀၉ခုနှစ်ဇန်နဝါရီလ၂၀ရက်နေ့မတိုင်မီ အာဖဂန်နစ္စတန်ပြဿနာအတွက် စီမံချက်တစ်ရပ်ရှိထားရန်လိုအပ်နေကြောင်း၊ သို့မဟုတ်ပါကအာဖဂန်ပြဿနာဖြေရှင်းရန် အချိန်နှောင်းသွားမည်ဖြစ်ကြောင်း တင်ပြခဲ့ကြသည်။အမေရိကန်တပ်ဖွဲ့ဝင် များကျဆုံးမှုများလာပြီး အာဖဂန်များအားသစ်အင်သစ်နှင့် တိုက်ပွဲဝင်နေချိန်တွင် နောက်တက်မည့် အမေရိကန်သမ္မတသစ်အနေနှင့်အာဖဂန်သို့တပ်များကို ထပ်မံပေးပို့မည်ဆိုပါကအမြန်ဆုံးဆုံးဖြတ်ရမည်ဖြစ်သည်။အကယ်၍တပ်များစေလွှတ်ရန် အမိန့်ပေးပြီးပါက

http://www.linhtet.com



လည်း အာဖဂန်တို့ကအမေရိကန် တပ်ဖွဲ့များရောက်ရှိရန် သီတင်းပတ်ချီ၍ ကြာပေဦးမည်။ နောက်တက်မည့်အမေရိကန်သမ္မတအနေနှင့် ရင်ဆိုင်ရမည့်ပြဿနာတစ်ရပ်မှာ ပါကစ္စတန်နယ်မြေထဲမှ စစ်သွေးကြွများကို ဝင်ရောက်တိုက်ခိုက်သည့် နိုင်ငံရေးအရရှုပ်ထွေးလာနိုင်သောပြဿနာတစ်ရပ်ဖြစ်သည်။၎င်းအပြင်တာလီဘန်တချို့ကို လက်နက်ချလာကြစေရန် လက်ရှိဆွေးနွေးနေမှုကိစ္စကိုလက်ခံနိုင်မည်လောဟူသည့် ပြဿနာတစ်ရပ်နှင့်လည်း ရင်ဆိုင်ရမည်ဖြစ်သည်။အဆိုပါဆွေးနွေးပွဲများကိုအာဖဂန်သမ္မတဟာမစ်ကာဇိုင်း၏ တောင်းဆိုချက်အရပြီးခဲ့သော အောက်တိုဘာလမှစ၍ဆော်ဒီတွင်ကျင်းပနေသည်။ဘုရှ်အစိုးရက ဤသို့ဆွေးနွေးပွဲအပေါ် စိုးရိမ်မှုများရှိနေသည်။ အမေရိကန်တွေကို သတ်ဖြတ်ခဲ့သော တိုက်ခိုက်ရေးသမားများ ၎င်းဆွေးနွေးပွဲတွင်ပါဝင် လာနိုင်မှုနှင့် ထိပ်တန်းတာလီဘန်ခေါင်းဆောင်များ ၎င်းဆွေးနွေးပွဲကို အလေးအနက်စိတ်ဝင်စားမည်မဟုတ်ကြောင်း ဘုရှ်အစိုးရက ယုံကြည်ထားမှုကြောင့် ၎င်းဆွေးနွေးပွဲများကို အမေရိကန်တို့ သံသယဖြစ်နေခြင်းပင်ဖြစ်သည်။

အာဖဂန်နှင့် ပတ်သက်၍ ဤသို့တင်ပြဆွေးနွေးမှုများမှာ ပို၍ ကျယ်ပြန့်ပြီးလေးနက်မှုရှိသည်။၎င်းဆွေးနွေးပွဲကို နယူးယောက်တက္ကသိုလ်ပါမောက္ခနှင့် အာဖဂန်ရေးရာကျွမ်းကျင်သူ မစ္စတာဘားနက်ရူဘင်ကဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။၎င်းအဖွဲ့၌ ဘုရှ်အမျိုးသားလုံခြုံရေးအဖွဲ့မှ အာဖဂန်ဆိုင်ရာကျွမ်းကျင်သူမစ္စတာဂျွန်ဝု၊ အာဖဂန်ဆိုင်ရာအမေရိကန်တပ်မှူးဟောင်းဒုတိယဗိုလ်ချုပ်ကြီး ကားလ်အိုင်ကင်ဘာရီနှင့် အာဖဂန်ဆိုင်ရာကုလသမဂ္ဂကိုယ်စားလှယ်ကိုင်အိုင်ဒေတို့ပါဝင်ကြသည်။၎င်းအဖွဲ့အနေနှင့် ဆိုးဝါးလာနေသော အာဖဂန်အခြေအနေကိုသုံးသပ်၍ အမေရိကန်အစိုးရသစ်အနေနှင့် မည်သို့ ဖြေရှင်းမည်ကိုသုံးလတာအချိန်ယူ၍သုံးသပ်နေပါကအလွန်နောက်ကျသွားမည်ဖြစ်ကြောင်း တင်ပြခဲ့ကြသည်။

အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့က အာဖဂန်သို့အမေရိကန်တပ်များထပ်မံပေးပို့ရန်တင်ပြခဲ့ကြသည်။ဝါရှင်တန်ရှိလူတော်တော်များများကမူ အီရတ်နှင့်အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့များ၏ တပ်မှူးကြီးဗိုလ်ချုပ်ကြီးပက်ထရေ့စ်၏ သုံးသပ်ချက်ကို စောင့်နေကြသည်။ တာလီဘန်များအာဖဂန်တွင်အောင်ပွဲရနေကြပြီဟုယုံကြည်နေကြကြောင်း အမေရိကန်ထောက်လှမ်းရေးအရာရှိများကယူဆထားကြသည်။တာလီဘန်များ၏ထိုးနှက်မှု များကြောင့် ဥရောပနိုင်ငံများအနေနှင့် နေတိုးတပ်ဖွဲ့များထပ်မံစေလွှတ်ရန် ဆန္ဒမရှိကြဟုသိရသည်။ဗိုလ်ချုပ်ကြီးပက်ထရေ့စ်၏သုံးသပ်ချက်တွင် နောက်ထပ်တပ်ဖွဲ့များထပ်မံ ဖြည့်တင်းရေးကို ထောက်ခံတင်ပြလိမ့်မည်ဟုယူဆရသည်။ အာဖဂန်စစ်မြေပြင်မှတပ်မှူးကြီး ဗိုလ်ချုပ်ကြီးဒေးဗစ်မက်ကီယာနန်ကလည်းတပ်မသုံးခု ထပ်မံဖြည့်တင်းပေးရန် တောင်းဆိုထားသည်။ ၎င်းတောင်းဆိုချက်အတည်ပြုပြီးပါကအမေရိကန်တပ်ဖွဲ့ဝင် ၁၅၀၀၀ထပ်မံပေးပို့ပေလိမ့်မည်။ ၎င်းအပြင် အာဖဂန်နစ္စတန်တွင်အီရတ်မှာကဲ့သို့ လူမျိုးစုများကိုစည်းရုံးပြီး တာလီဘန်များ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အား နိုမ်နင်းရန်အတွက် ကြံစည်မှုများပြုလုပ်သင့်ကြောင်း အမေရိကန်တပ်မှူးများက တင်ပြခဲ့ကြသည်။သို့သော်လည်းအီရတ်များကျင့်သုံးသည့်ပုံစံအတိုင်းတိုက်ရိုက်ကျင့်သုံး၍ မဖြစ်ကြောင်းအာဖဂန်နစ္စတန်၏မတူညီသောလူမျိုးစုများနှင့် ယဉ်ကျေးမှုများကိုထောက်ပြခဲ့ကြသည်။ နှစ်ပေါင်းများစွာ စစ်ပွဲများနှင့် ရင်ဆိုင်ခဲ့ကြရသော အာဖဂန်နစ္စတန်ရှိလူမျိုးစုကွန်ရက်ပေါင်း၄၀၀ခန့်မှာ ၎င်းစစ်ပွဲများကြောင့်ဒုက္ခများကြုံတွေ့ခဲ့ရပြီး အစဉ်အလာအရဖွဲ့စည်းတည်ဆောက်ပုံများမှာလည်း ပျက်စီးနေကြောင်း ဗိုလ်ချုပ်ကြီးမက်ကီယာနန်က တင်ပြခဲ့သည်။ဤသို့ဆိုးဝါးလာနေသောအာဖဂန်အခြေအနေကို ရင်ဆိုင်၍ဖြေရှင်းရမည့်သူမှာ အမေရိကန်သမ္မတသစ်ပင် ဖြစ်တော့သည်။

***တေဇာဝင်း***
***နိုင်ငံတကာရေးရာ (၁၃-၁၁-၂၀၀၈)***

http://www.linhtet.com

# အမေရိကအပြောင်းအလဲပြီးတော့အရှေ့အလယ်ပိုင်း

မြင့်နောင်မိုး



အပြောင်းအလဲကအမေရိကကိုရောက်ရှိလာခြင်းဖြစ်သလိုကမ္ဘာကြီးရှိရာ ရောက်ရှိလာခြင်းလည်းဖြစ်ပါတယ်' ယင်းသည် သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရသော အိုဘားမားကသူ၏အကြီးမားဆုံးအောင်ပွဲခံခဲ့သောညက ချီကာဂိုရှိ လူထုပရိသတ် ၅၀၀,၀၀၀ တို့အားပြောကြားခဲ့သောစကားပင်ဖြစ်သည်။အမေရိကန်ပြည်သူလူထုကမူ 'ကျွန်ုပ်တို့အား လက်တွဲမလားသို့မဟုတ်ကျောခိုင်းမလား'ဟူသောတရားသေဝါဒကိုဆွဲကိုင် ထားသော သမ္မတဘုရှ်၏ရီပတ်ဘလီကင်တို့အားကျောခိုင်းခဲ့ပြီဖြစ်သည်။ဂျော့ဂျ်ဒဗလျူဘုရှ်၏ရှစ်နှစ်သက်တမ်းကာလအားစိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရသောပြည်သူလူထုကအလားတူလေးနှစ်သက်တမ်းမျိုးကိုဆောင်ကြဉ်းလာဦးမည့်ဂျွန်မက်ကိန်းအားငြင်းပယ်၍အိုဘားမား၏ အစိုးရအဖွဲ့သစ်အား လက်ကမ်းခဲ့ခြင်းဖြစ်သည်။အစိုးရသစ်ကအများသဘောတူညီမှု ကိုအခြေခံထားသော စစ်ရေးဆိုင်ရာရည်မှန်းချက်များ အပြန်အလှန်လေးစားမှုကို အခြေခံသော နိုင်ငံခြားရေးရာဆက်ဆံမှုများနှင့် ဘဏ်များနှင့်အမေရိကပြည်ထောင်စု၏စတော့ဈေးကွက် အပေါ် အစိုးရက ပိုမိုထိန်းချုပ်မှုပြုသွားခြင်းအားဖြင့် အကျိုးရလဒ်များကိုဖော်ကျူးသွားရန် မျှော်လင့်နေခဲ့ကြသည်။

အိုဘားမား၏ သမ္မတသက်တမ်းကာလတွင် အရှေ့အလယ်ပိုင်းနှင့် ပတ်သက်၍ ကွဲပြားခြားနားသောနည်းလမ်းများကို စီမံဆောင်ရွက်သွားရန် ထုတ်ဖော်ကြေညာခဲ့သည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ထိုသို့ဆောင်ရွက်ရာတွင်စီးပွားရေးကဏ္ဍတွင်သာမက နိုင်ငံရေးနှင့်စစ်ရေးမူဝါဒများကိုလျှော့ချသွားမည်ဟုဆိုသည်။အာရပ်ကမ္ဘာတွင်အနောက်တိုင်းဟန်ဒီမိုကရေစီ သွတ်သွင်းခြင်းကဲ့သို့သော စိတ်ကူးယဉ်ဆန်သော ဖိအားပေးဆောင်ရွက်မှုများ လျော့ပါးသွားမည်ဖြစ်သည်။အိုဘားမားအနေဖြင့်သမ္မတဘုရှ်လက်ထက်ကစွဲကိုင်ခဲ့သော တစ်ဖက်သတ်ဝါဒထက်ဗဟုဝါဒကိုပိုမိုကျယ်ပြန့်စွာဆောင်ရွက်သွားဖွယ်ရှိလေသည်။အကြီးကျယ်ဆုံးအရေးပါသည့် လုပ်ဆောင်မှုများမှာ အိုဘားမားအစိုးရအနေဖြင့် နိုင်ငံခြားမှ ရေနံတင်သွင်းမှုကိုစွန့်လွှတ်ရန်ရည်ရွယ်နေခြင်းဖြစ်ပြီး စွမ်းအင်နှင့်ပတ်သက်၍ပြောင်းလဲမှုအစီအစဉ်အဖြစ်ပြန်လည်အသုံးပြုနိုင်သောစွမ်းအင်အရင်းအမြစ်များအားတိုးတက်ဖြစ်ထွန်းအောင်လုပ်ဆောင်ရေးပင်ဖြစ်သည်။ယင်းသည်အိုဘားမားအစိုးရသစ်၏ ပထမဦးစားပေးအစီအစဉ်များထဲမှ တစ် ခုဖြစ်ရန် သေချာနေလေသည်။သူ၏ မဲဆွယ်စည်းရုံးရေးကာလတစ်လျှောက် တွင် ‘ကျွန်ုပ်တို့အနေဖြင့်၁၀နှစ်အတွင်းရေနံတင်သွင်းမှုကိုတစ်ဝက်လောက် လျှော့ချမှာ ဖြစ်တယ်။ ပြီးရင်တော့အဲဒီနိုင်ငံခြားရေနံတင်သွင်းမှုကို စွန့်လွှတ်နိုင်လောက်တဲ့နည်း ပညာ သစ်တွေကိုဖွံ့ဖြိုးတိုးတက်စေပြီး အလုပ်အကိုင်သစ်တွေကို တိုးပွားအောင် လုပ်ဆောင်နိုင်မှာဖြစ်တယ်’ဟူ၍ အိုဘားမားကပြောကြားခဲ့သည်မဟုတ်ပါလား။

ယင်းသည်အိုဘားမား၏သမ္မတသက်တမ်းကာလလေးနှစ်အတွင်း အရှေ့အလယ်ပိုင်းဒေသမှ ရေနံထုတ်လုပ်သည့် နိုင်ငံများအနေဖြင့်အမေရိကပြည်ထောင်စုမှ ရေနံစိမ်းဝယ်အားကို လျှော့ကျသွားမည့်သဘောပင်ဖြစ်သည်။ ရေနံဝယ်ယူတင်သွင်းမှုကိုလျှော့ချသကဲ့သို့ အရှေ့အလယ်ပိုင်းရှိ နိုင်ငံရေးအကျိုးအမြတ်အဖြစ်တည်ရှိနေသော ကူဝိတ်၊ ကာတာ၊ အီရတ်နှင့် တူရကီ တို့တွင် တပ်စွဲထားသော အလွန်ကြီးမားလှသည့် စစ်အင်အားကိုလျှော့ချသွားမည်လည်းဖြစ်သည်။ရွေးကောက်ပွဲမတိုင်မီရက်သတ္တပတ်ကအမေရိကပြည်ထောင်စု၏ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်ကရွေးကောက်ပွဲတွင်မည်သူပင်အောင်နိုင်သည်ဖြစ်စေအစိုးရသစ်လက်ထက်တွင်၂၀၀၉ခုနှစ်၏ စစ်ရေးအသုံးစရိတ်များ အားလျှော့ချသွားရန် မျှော်လင့်လျက်ရှိသည်ဟူ၍ ထုတ်ပြန်ကြေညာခဲ့သည်။တစ်လလျှင် အမေရိကန်ဒေါ်လာ၁၀ဘီလျံခန့်အီရတ်တွင်သုံးစွဲနေရခြင်းမှာ နိုင်ငံရေးအရသို့မဟုတ်ဘဏ္ဍာရေးအရမည်သို့မျှလက်ခံနိုင်ဖွယ်ရာမရှိသောအခြေအနေပင်ဖြစ်လေသည်။ယင်းသည်အီရတ်မှအမေရိကန်တပ်များအလျင်အမြန် ဆုတ်ခွာရန်ညွှန်ပြနေခြင်းဖြစ်ပြီးဘုရှ်အစိုးရ၏စစ်တပ်သဘောတူညီမှုအဆင့်အတန်းအားလက်မှတ်ရေးထိုးရန်အီရတ်အစိုးရ၏ ခေါင်းမာနေမှုသည်သမ္မတအဖြစ်တက်လာမည့်အိုဘားမားအနေဖြင့်ရင်ဆိုင်ဖြေရှင်းရမည့်အခြေအနေပင်ဖြစ်သည်။၁၆လအတွင်းစစ်ပွဲအားအဆုံးသတ်စေရန်ရည်ရွယ်သည်ဟူသော အိုဘားမား၏ထုတ်ဖော်ပြောဆိုချက်သည် ၂၀၁၁ခုနှစ်တွင် အမေရိကန်တပ်များ ချွင်းချက်မရှိအီရတ်မှထွက်ခွာပေးရန် အယ်လ်မာလီကီအစိုးရ၏တိုက်တွန်းနေမှုကြောင့်ဖြစ်နိုင်ခြေ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

နှင့်အလုပ်မဲ့ဝေးလျက်ပင်ရှိနေလေသည်။

အိုဘားမားအစိုးရတက်လာခြင်းသည်အယ်လ်ကေးဒါးများအတွက်လည်း သတင်းကောင်းတော့မဟုတ်ပါချေ။ အိုဘားမားကအကြမ်းဖက်ဝါဒအားမလိုလားဟူ၍ အလေးအနက်ထားပြောကြားခဲ့ပြီး 'ကမ္ဘာကြီးအားဖြိုဖျက်မည့်သူများအနေဖြင့် အရှုံးနှင့်သာရင်ဆိုင်ရစေမယ်' ဟူ၍ နိုဝင်ဘာ၄ရက်နေ့က ထုတ်ဖော်ကြွေးကြော်ခဲ့ပြီး သူ၏မဲဆွယ်စည်းရုံးပွဲကာလတစ်လျှောက်အယ်လ်ကေးဒါးတို့၏ခေါင်းဆောင်အိုစမာဘင်လာဒင်အား မည်သည့်နေရာတွင်ပုန်းနေသည်ဖြစ်စေတိုက်ခိုက်ရန်ရည်ရွယ်ထားကြောင်းထပ်တလဲလဲ ပြောကြားခဲ့ခြင်းပင်ဖြစ်သည်။ အိုစမာဘင်လာဒင်အား ရှာဖွေတွေ့ရှိခဲ့ပါကအခြားနိုင်ငံ၏ နယ်နိမိတ်ကိုဖြတ်ကျော်ရသည်ဖြစ်စေတိုက်ခိုက်ရန်လက်နှေးနေမည်မဟုတ်ဟူ၍အိုဘားမားကပြောကြားခဲ့ခြင်းဖြစ်သည်။

သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရခြင်းကအိုဘားမားအနေဖြင့် အမေရိကပြည်ထောင်စု၏ ၄၄ယောက်မြောက်သမ္မတဖြစ်သည်ဆိုခြင်းထက် ထူးကဲပြောင်မြောက်သောသမ္မတဖြစ်ရန်ကြိုးပမ်းခြင်းပင်ဖြစ်သည်။သူ၏မူဝါဒကြေငြာစာတမ်းတွင် ဖော်ပြချက်အရသူကအခြေခံအဆောက်အအုံများအားပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမေရိကအားပြန်လည်အားသစ်လောင်းရန်ရည်ရွယ်ခြင်းဖြစ်သည်။ထိုကဲ့သို့အခြေခံအဆောက်အအုံ အား ပြန်လည်၍တည်ဆောက်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုပေါ်ပေါက်စေကာအမေရိကပြည်ထောင်စု၏ပြည်နယ် ၅၂၃ မှပြည်သူလူထုအား သိသာထင်ရှားသောအကျိုးကျေးဇူးများကို ရရှိခံစားစေမည်ဖြစ်သည်။ ထိုကဲ့သို့အစီအမံမျိုးကဒေါ်လာဘီလျံနှင့်ချီ၍သုံးစွဲရန်လိုအပ်နေပြီးနိုင်ငံရပ်ခြားတွင်အခြေစိုက်နေသည့် အလွန်ကြီးမားလှသော စစ်ဘက်ဆိုင်ရာများအတွက် အရင်ဦးဆုံးသုံးစွဲရမည်ကလည်း သေချာနေလေသည်။

အပြောင်းအလဲနှင့်ပတ်သက်၍အိုဘားမားအားအမေရိကန်ပြည်သူတို့က အပြည့်အဝထောက်ခံထားပြီး ဖြစ်လေရာ အိမ်ဖြူတော်သည် အိုဘားမားအားလေးနှစ်သက်တမ်းကာလအတွက်အခမဲ့ငှားရမ်းနေထိုင်ရသောနေရာမျိုးတော့ ဖြစ်လာမည်မဟုတ်ချေ။ အသက်၄၇နှစ်သာရှိသေးသော ငယ်ရွယ်သူအိုဘားမားသည်စိတ်ကူးယဉ်ဝါဒီတစ်ဦးဖြစ်ပြီးထိုအတွေးအမြင်အားဖြင့် သူ့အားလွန်ခဲ့သောသုံးနှစ်က အမျိုးသားနိုင်ငံရေးသမားတစ်ဦးအဖြစ် ပို့ဆောင်ခဲ့ပြီး ထိုအတွေးမြင်ဝါဒနှင့်အတူ စိတ်အားတက်ကြွနေဆဲရှိနေသူတစ်ဦးလည်းဖြစ်ပေသည်။သူကတာတိုအပြေးသမားတစ်ယောက်ကဲ့သို့ တစ်ရက်အတွင်းမှာပင်အီမန်နျူယယ်အားအိမ်ဖြူတော်ရုံးအဖွဲ့အကြီးအကဲအဖြစ်ခန့်အပ်ခဲ့သည့်နည်းတူ သမ္မတအဖြစ်ရွေးကောက်ခံရကြောင်းထုတ်ဖော်ကြေညာပြီး၂ရက်အကြာတွင် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အရှေ့အလယ်ပိုင်းတွင် နိုင်ငံရေးတည်ငြိမ်မှုနှင့်ပတ်သက်၍ ပိုမိုအလေးထား ဆည်းပူးရမည်ကလည်း အသေအချာပင်ဖြစ်သည်။ အီရန်နှင့်ညှိနှိုင်းပြေလည်ဆောင်ရွက်ရေးသည်လည်းအိုဘားမားအစိုးရအတွက် ဦးစားပေးကိစ္စပင်ဖြစ်လာပေမည်။ အီရန်၏ နျူကလီးယားလက်နက်ရရှိလုရရှိခင်အနေအထားကအမှန်တကယ်ပင်ခြိမ်းခြောက်မှု ပြုနိုင်စွမ်းသောအနေအထားပင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။မျှော်လင့်ချက်တစ်ခုအနေဖြင့် အစ္စရေးတို့ကအီရန်၏နျူကလီးယားအဆောက်အအုံတို့အားတိုက်ခိုက်မှုမပြုပါစေနှင့်ဟု ဆုတောင်းရုံသာဖြစ်သည်။ဖြစ်နိုင်စရာအနေနှင့်ယူဆ၍ရသည်မှာ အီရန်နှင့်အမေရိကန် ပြည်ထောင်စုသင့်မြတ်လာစရာရှိမည်လားဟူ၍ပင်ဖြစ်သည်။သိသာ ထင်ရှားသည်တစ်ခုက အိုဘားသမ္မတအဖြစ်ရွေးကောက်တင်မြောက်ခဲ့ရခြင်းအတွက်အီရန်သမ္မတအာမာဒီနီဂျက်ကဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခြင်းပင်ဖြစ်သည်။ယင်းသည်၁၉၇၉ ခုနှစ်တွင် အီရန်မှအမေရိကန်သံရုံးပြန်လည်ရုပ်သိမ်းပြီးကတည်းကပထမဦးဆုံးအကြိမ် သဝဏ်လွှာပေးပို့ခြင်းလည်းဖြစ်သည်။အီရန်နိုင်ငံကိုယ်၌ကလည်းစီးပွားရေးအကြပ်အတည်းနှင့် ရင်ဆိုင်နေရလေရာငင်းအနေဖြင့် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သုတေသနအဆင့်သို့ပြောင်းလဲလျှော့ချ၍အမေရိကန်ပြည်ထောင်စုနှင့် ပုံမှန်ဆက်ဆံရေး ဖြစ်ရန်အလားအလာမျိုးလည်းရှိနေလေသည်။အီရန်နိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးယိမ်းယိုင်နေချိန်တွင် သိက္ခာဆည်သည့်အနေဖြင့် နိုင်ငံတကာရင်းနှီးမြုပ်နှံမှုများလမ်းဖွင့်ပေးလာပါကအပြန်အလှန်အားဖြင့်အမေရိကန်တို့ကလည်းအချိန်အတိုင်းအတာအတောအတွင်း အီရန်၏ နျူကလီးယားလက်နက်နှင့်ပတ်သက်၍လက်ခံခွင့်ပြုခြင်းဖြင့် ယုံကြည်စိတ်ချစေမည်လည်း ဖြစ် သည်။ ထိုအနာဂတ်ကြိုတင်မှန်းဆချက်များမှာ ဖြစ်လာနိုင်စရာရှိသည့်အရာများ ဖြစ်သည်။ အထူးသဖြင့် သမ္မတအိုဘားမားကအကြိုဆွေးနွေးမှုများအောင်မြင်မှုရှိလာပါက အမေရိ ကန်၏ ရန်သူများနှင့်အတူဒူးတိုက်ဆွေးနွေးရန် အဆင်သင့်ပြင်ဆင် ထားပြီး ဖြစ်ကြောင်း ထပ်တလဲလဲပြောကြားခဲ့သောကြောင့်ဖြစ်သည်။

ပါလက်စတိုင်းအရေးကိစ္စသည်လည်း သမ္မတအိုဘားမားအတွက် ခေါင်းခဲစရာ အရေးကိစ္စတစ်ခုပင်ဖြစ်သည်။အိုဘားမားအနေဖြင့်ရမ်အီမန်နျူယယ်အား အိမ်ဖြူတော် ရုံးအဖွဲ့အကြီးအကဲရာထူးအားနှင်းအပ်ခြင်းသည်သူ့ဘက်တွင်ခိုင်မာသောဂျူးကျော်ထောက် နောက်ခံအားကိုးအားထားရှိပြီးသည့် သဘောလည်းဖြစ်သည်။ထိုခြေအနေက ပါလက်စတိုင်းတို့အတွင်းကနဦး စိတ်အနှောက်အယှက်ဖြစ်စရာဖြစ်နေနိုင်ပြီး၊ အီမန်နျူယယ်သည် ပါလက်စတိုင်းအရေးကိစ္စနှင့်ပတ်သက်၍သမ္မတဘီလ်ကလင်တန်အား ဦးဆောင် အကြံပေးခဲ့သူအဖြစ်ပြောဆိုကောင်းပြောဆိုပေလိမ့်မည်။ ပါလက်စတိုင်းအရေးကိစ္စသည် ကြာလေပိုဆိုးလေဆိုသောပြဿနာမျိုးဖြစ်ပြီးအမေရိကန်ပြည်ထောင်စုသမ္မတတို့သာလျှင် ဖြေရှင်းရန်ဖြစ်လာခဲ့သည့် ပြဿနာလည်း ဖြစ်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

သမ္မတ အိုဘားမား၏ နောက်ခံအကြောင်းအချက်တို့ကလည်းအရှေ့အလယ်ပိုင်း အရေးနှင့်ပတ်သက်၍ မျှော်လင့်စရာများကိုပေးနေသည်ဟုဆိုရမည်ဖြစ်သည်။မူဆလင်များလွှမ်းမိုးသောအင်ဒိုနီးရှားနိုင်ငံတွင် သူ၏ အစောပိုင်းကျောင်းသားဘဝကို ကုန်ဆုံးခဲ့ရာ အိုဘားမားအနေဖြင့် အမေရိကန်မဟုတ်သောအခြားလူတို့၏ ရှုထောင့်အမြင်ကို နားလည်သဘောပေါက်နေမည်သာဖြစ်သည်။နိုင်ငံရေးဆိုင်ရာဟောပြောသူတစ်ယောက်ကမူ ဘားရတ်အိုဘားမားအနေဖြင့် အမေရိကန်သမ္မတတစ်ယောက်အဖြစ် သူ့ရှေ့မှလူများထက် ပိုမိုကျယ်ပြန့်သောအမြင်မျိုးကို ထားရှိမည်ဖြစ်ပြီး အရှေ့အလယ်ပိုင်းနှင့် ပတ်သက်၍ အသစ်စတင်မှုကိုလည်းပြုမည်ဖြစ်လေရာ အရှေ့အလယ်ပိုင်းမှလူများအနေဖြင့် မိမိတို့၏ခက်ထန်မာကျောသောသဘောထားဟောင်းများဖြင့် အချည်းအနှီးမဖြစ်စေသင့်ဟူ၍ ပြောကြားခဲ့သည်။

အတိတ်မှ အမေရိက၏မူဝါဒနှင့်ပတ်သက်၍ ကမ္ဘာကြီးကဒေါသသင့်နေသော်လည်း အပြောင်းအလဲနှင့်ပတ်သက်၍အိုဘားမားက အမေရိကန်ပြည်သူတို့အား ကတိပေးထားလေရာ အာရပ်ကမ္ဘာမှလည်း ထိုအပြောင်းအလဲတွင်ပါဝင်နိုင်မည် ဖြစ်လေသည်။ ထိုကဲ့သို့သောအခွင့်အလမ်းသည် အမေရိကန်သမိုင်းတွင်မကြုံစဖူးဖြစ်ပြီး မမျှော်လင့်နိုင်သောအရာလည်းဖြစ်သည်။ထူးကဲပြောင်မြောက်လိုသော သမ္မတအိုဘားမားနှင့်ရန်လိုသောအစ္စလာမ်ကမ္ဘာတို့အတွက်အရုဏ်သစ်မြင်တွေ့နိုင်မည့်အခွင့်အခါကောင်းလည်း ဖြစ်သည်။စိတ်သဘောချင်းဆုံဆည်းရန်အတွက်အပြောင်းအလဲသည်အရေးပါသော လိုအပ်ချက်ဖြစ်ပြီး ထိုအခွင့်အရေးအား အချည်းအနှီးမဖြစ်သင့်ပါချေ။ အပြောင်းအလဲကအမေရိကတွင် အမှန်တကယ်ရောက်ရှိလာခဲ့ပြီဖြစ် သည်။ ပြီးတော့ ထိုအပြောင်းအလဲကအစ္စလာမ္မစ်တို့ရှိရာ ရောက်ရှိလာမည်လည်းဖြစ်သည်။ ယင်းသို့ဖြင့် သမ္မတအိုဘားမားပေးဆက်လာမည့် အခွင့်အလမ်းအားအမိအရဆုပ်ကိုင်၍ အနောက်နှင့်အာရပ်ကမ္ဘာတို့၏အခက်အခဲ ပြဿနာများနှင့်ပတ်သက်၍ဖြေရှင်းနိုင်မည့်အခွင့်အလမ်းများကိုဆက်လက်ရှာဖွေရမည်သာဖြစ်လေသည်။

***Ref : Change in America,***
***Change in the Middle East***
***by Milan Vesely***

http://www.linhtet.com

# ဘားရက်အိုဘားမား သမ္မတဖြစ်လာနိုင်မည့်သူတစ်ဦးဖြစ်ရေး ကြိုးပမ်းမှုဘဝခရီး

တင်စိန် (ပထဝီဝင်)



၂၀၀၂ခုနှစ်နှောင်းပိုင်းကာလမှာဘားရက်အိုဘားမားဟာ အီလီနွိုက်ပြည်နယ်ကိုယ်စားပြုအထက်လွှတ်တော်အမတ်ဖြစ်တာခြောက်နှစ်နီးပါးရှိပါပြီ။ သူကချီကာဂိုမြို့ အာဖရိကန်အမေရိကန်တွေအဓိကနေထိုင်တဲ့ တောင်ပိုင်းအရပ်တစ်ခွင်တစ်ပြင်ကိုကိုယ်စား ပြုထားတဲ့တိုင်းရင်းသားလူနည်းစုဒီမိုကရက်တစ်ပါတီဝင်တစ်ဦးဖြစ်ပါတယ်။ရီပတ်ဘလီကင်ပါတီကစိုးမိုးထားတဲ့ပြည်နယ်မှာသူလုပ်နိုင်တာမှန်သမျှကြိုးပမ်းခဲ့ရသူပါ။သူကတော့ အပြောင်းအလဲတစ်ခုအတွက်အဆင်သင့်ဖြစ်ခဲ့ပါတယ်။ဒီလိုဖြစ်ခဲ့တာမို့လဲအီလီနွိုက်ပြည်နယ်ကမဲဆန္ဒရှင်တွေဟာ အဲဒီနှစ်နိုဝင်ဘာလတုန်းက ဒီမိုကရက်တွေကို အာဏာပြန်ပေးခဲ့ကြတယ်။

လအနည်းငယ်ကြာပြီးတဲ့နောက်မှာ အိုဘားမားဟာပြည်နယ်ဆီးနိတ်ဥက္ကဋ္ဌသစ်ကိုတွေ့ဆုံဖို့သွားခဲ့တယ်။သူကတော့အီလီနွိုက်ပြည်နယ်မှသြဇာတိက္ကမအကြီးဆုံး လူမည်းနိုင်ငံရေးသမားတစ်ယောက်အဖြစ် လူထုအာရုံကို စိုးမိုးထားတဲ့အီမီလ်ဂျုံးစ်ဂျူနီယာ ဖြစ်ပါတယ်။ ဘားရက်အိုဘားမားကဂျုံးစ်ကိုအကြံကြီးကြီးနဲ့သွားတွေ့တာပါ။

ဂျုံးစ်က ဒီဇာတ်လမ်းကလေးကို အားရပါးရပြန်ပြောပြခဲ့တယ်။ "သူက ကျွန်တော့်ကိုအခုလိုပြောသဗျာ။အခုခင်ဗျားဆီးနိတ်(အထက်လွှတ်တော်)ဥက္ကဋ္ဌဖြစ်ပြီ၊ ဒီတော့ ခင်ဗျားမှာလုပ်ပိုင်ခွင့်အာဏာတွေအများကြီး ရှိတာပေါ့တဲ့" ဂျုံးစ်ကအာဏာ (power) ကဆိုတဲ့စကားကိုပါ . . . ဝါ လို့ ခပ်ရှည်ရှည်ခပ်လေးလေးဆွဲပြောတယ်။ဒီစကားလုံးကို သူအရသာခံပြီးပြောလိုက်သလိုပါပဲ။ "မင်းကငါ့မှာသြဇာအာဏာတွေအများကြီး၊လုပ်ပိုင်ခွင့် တွေအ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

များကြီး ရသွားပြီလို့ထင်သလား”လို့ ကျွန်တော်က ဘားရက်ကို ပြောလိုက်တယ်။ ““ဟုတ်တယ် လေဗျာ၊ခင်ဗျားမှာ လုပ်ပိုင်ခွင့်ပါ. . . ဝါတွေ အများကြီးရသွားတာပဲ” လို့ သူကဆိုတယ်။ “ငါရတာ ဘယ်လိုပါ. . . ဝါ မျိုးလဲကွ”။“ခင်ဗျားက အမေရိကန်ပြည်ထောင်စု ဆီနိတ်တာ (အထက်လွှတ်တော်အမတ်)တစ်ယောက်ဖြစ်ဖို့ ဖန်တီးပေးနိုင်တဲ့ ပါ. . . ဝါ ရှိတယ်လေ။” တဲ့။ ဂျုံးစ်ကခပ်တိုးတိုးလေးရယ်ပြီးပြောလိုက်တယ်။ကျွန်တော်က ဘားရက်ကို “ မင်းပြောတဲ့ စကားအတိုင်းဆိုကောင်းပါ့ကွာ။ ငါကတော့ဒါမျိုးတွေကို တွေးတောင်မတွေးမိဘူး။ မင်းစိတ် ထဲမှာတစ်ယောက်ယောက်ကိုတင်ပေးဖို့ဆန္ဒရှိသလား”။ ဒီတော့သူက “ဟုတ်တယ်ဗျ။အဲဒီလူ ကကျွန်တော်ပဲလေ” လို့ ပြန်ပြောခဲ့တယ်။

ဒီဖြစ်ရပ်ကလေးကြုံပြီး နှစ်နှစ်အကြာမှာတော့ဘားရက်အိုဘားမားဟာ အမေရိ ကန်ပြည်ထောင်စုအထက်လွှတ်တော်အတွက် အမတ်အဖြစ်ရွေးချယ်ခံခဲ့ရပါတယ်။ ၂၀၀၇ ခုနှစ်ဖေဖော်ဝါရီလမှာတော့အမေရိကန်သမ္မတရွေးကောက်ပွဲမှာ သူပါဝင်ယှဉ်ပြိုင်မယ်လို့ အိုဘားမားကကြေညာခဲ့ပါတယ်။အခုအကြောင်းရပ်ကတော့သမ္မတရွေးကောက်ပွဲဒါမှမ ဟုတ် အစိုးရမူဝါဒ အကြောင်းနဲ့ပတ်သက်တာမဟုတ်ပါဘူး။ လာမယ့် ဇန်နဝါရီလကျရင် အမေရိကန်ပြည်ထောင်စုသမ္မတ ဖြစ်လာနိုင်တဲ့သူတစ်ဦးကို ဖန်တီးခဲ့အကြောင်းရပ်ပါ။

ဘားရက်အိုဘားမားက “ ကျွန်တော့်ဖေဖေအိပ်မက်မှ ” (Dreams From My Father) ဆိုတဲ့စာအုပ်တစ်အုပ်ကိုရေးခဲ့တယ်။လူ့အဖွဲ့အစည်းက‘ပ’ထားခံရတဲ့ ဆယ်ကျော် သက်လူငယ်တစ်ဦးကလူမျိုးရဲ့ဂုဏ်သိက္ခာကိုရှာဖွေတဲ့ဆွဲဆောင်မှုရှိရှိဘဝအတွေ့အကြုံ မှတ်တမ်းကိုစာဖတ်သူများစိတ်ထိခိုက်ရလောက်အောင်အာရုံဖမ်းစားရေးသားနိုင်တဲ့သူပါ။ အဲဒီအိုဘားမားကပဲအီမီလ်ဂျုံးစ်ဂျူနီယာဆိုတဲ့လူ( စီးကရက်ကိုလက်ကမချတမ်းတစ်လိပ်ပြီး တစ်လိပ်သောက်လေ့ရှိပြီးအသံကလည်းသြတောတောရှတတကြီးနဲ့သူ့လက်ကိုင်ဖုန်းမှာ ကိုက The Godfather ဆိုတဲ့အမေရိကန်ရုပ်ရှင်ကားက ဇာတ်ဝင်သီချင်းတေးသံကို ဖုန်းခေါ် သံအဖြစ်ထည့်ထားတဲ့ကိုးလိုးကန့်လန့်လူကြီး)ကို သူဘယ်လိုအဆင်ပြေအောင်ပေါင်းသင်း ရမယ်ဆိုတာလေ့လာသိရှိခဲ့ပါတယ်။

အိုဘားမားရဲ့ ကြည့်ပျော်ရှုပျော်ရှိတဲ့ရုပ်ဆင်းအင်္ဂါနဲ့စကားကို ညင်ညင်သာသာ ပြောတတ်တာရယ်၊ခေတ်သစ်နိုင်ငံရေးအကြောင်းအရပ်တချို့ကိုအသံကျယ်ကျယ်နဲ့ တွေး ခေါ် ပြောကြားဖို့ပြင်းပြတဲ့စိတ်ဆန္ဒတွေက သူ့ရဲ့အတွင်းစိတ်ဓာတ်အမာခံသဘောထား နဲ့မလျော့တမ်းထားတဲ့ ရည်မှန်းချက်တွေကိုဖုံးကွယ်ထားပါတယ်။သူထားတဲ့ ရည်မှန်းချက် ကလည်းတလျှမ်းလျှမ်းတောက်ပနေတဲ့ မျက်နှာပြင်အောက်မှာကာလတာရှည်တောက် လောင်လာခဲ့တဲ့ ရည်မှန်းချက်ပါ။တကယ်တော့သူဟာလူပျော့လူညံ့မဟုတ်ဘူး။ ဘယ်တုန်း ကမှပျော့ပြောင်းခဲ့တဲ့ လူ့ဖယောင်းမဟုတ်ပါဘူး။ သူဒီလောက်ထိ မြန်မြန်ဆန်ဆန် တိုးတက် လာတာကိုသူ့မိသားစုကရော၊မိတ်ဆွေတွေကပါအံ့သြခဲ့ရဖွယ်ရှိတယ်။ဒါပေမယ့် သူ့အ

http://www.linhtet.com



ကြောင်းတကယ်သိတာမို့ သူတို့ကမအံ့သြခဲ့ကြတော့ပါဘူး။

"ကျွန်တော်ဟာ ဝါရှင်တန်ရဲ့နည်းလမ်းတွေကို လေ့လာသင်ယူရင်း အချိန်ကုန် မခံခဲ့ဘူးဆိုတာကျွန်တော်ကိုယ်တိုင်သိပါတယ်"လို့သမ္မတရွေးကောက်ပွဲဝင်မယ့်အကြောင်း ကြေညာတဲ့အချိန်မှာအိုဘားမားကပြောကြားခဲ့ပါတယ်။ "ဒါပေမယ့်ဝါရှင်တန်ရဲ့ နည်းလမ်း တွေ ပြောင်းကိုပစ်ရမယ်ဆိုတာကိုတော့အတော်ကြာကြာကတည်းကကျွန်တော်သိပါတယ်" လို့ ဆိုပါတယ်။အလုပ်ကိုမနားတမ်းလုပ်တတ်တာကိုကအိုဘားမားရဲ့ အရည်အချင်းတစ်ခုပါ။ ဒီအရည်အသွေးကပဲသူ့ကိုဆုံးဖြတ်ချက်တွေတစ်ခုပြီးတစ်ခုပြတ်ပြတ်သားသားချစေနိုင်ခဲ့ တာဖြစ်ပါတယ်။အခွင့်ကောင်းတစ်ရပ်ကိုရယူဖို့ ရည်မှန်းချက်မြင့်မြင့်ထားဖို့ လိုလာတဲ့ အချိန်မှာတခြားသူတွေကသူ့အလှည့်သူ့အချိန်ရောက်အောင်စောင့်ဆိုင်းဖို့ပြောတာကို လက်မခံဘဲပြတ်ပြတ်သားသားအခွင့်အရေးကို လက်မလွှတ်ဘဲကြိုးပမ်းခဲ့တယ်။သူ့ရဲ့ချိန် ကိုက်မှုမှန်သွားပါတယ်။

အခြေခံရွေးကောက်ပွဲရာသီတစ်လျှောက်မှာ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးလှုပ် ရှားမှုတွေနဲ့ပွဲဆက်တွေများလို့လက်မလည်လောက်အောင်အလုပ်များနေတုန်းမှာ အိုဘား မားရဲ့အရည်အသွေးကိုအတော့်ကိုပုံကြီးချဲ့မြင်နိုင်ပါတယ်။သူ့ကိုအဓိကထိုးနှက်ချက်ကတော့ "ခံနိုင်ရည်မပြည့်စုံဘူး၊ အတွေ့အကြုံနုသေးတယ်"ဆိုတဲ့အချက်ပါပဲ။နယူးယော့ခ်တိုင်း(မ်) သတင်းဆောင်းပါးရှင်မော်ရင်းဒိုဒ်ကသူ့ပင်တိုင်ဆောင်းပါးကော်လံမှာအိုဘားမားကို"၄၆ နှစ်သားလူပျိုစင်"လို့ခေါင်းတပ်ခဲ့တယ်။ဟီလာရီကလင်တန်ကလည်း ဒီသရော်လှောင်ပြောင် တဲ့ လနဲ့ချီအကဲဖြတ်ရေးသားတာကို ပြောင်ပဲအားပေးခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲအိုဘားမားကို ခံနိုင်ရည်ရှိလွန်းတယ်။ ထိရောက်ထက်မြက်တဲ့ တံတောင်နဲ့တွက်ပြီးနေရာယူတတ်တဲ့ နိုင်ငံရေးပညာကျွမ်းကျင်လွန်းတယ်လို့ဝေဖန်မှု တွေက လည်းရှိတော့ ဒါတွေဟာသူ့ကိုပထမတန်းနေရာကနေဆွဲဆောင်စေတဲ့စစ်မှန်တဲ့ အရည်အ သွေးတွေကို လျော့ပါးစေခဲ့ပါတယ်။

အိုဘားမားရဲ့ ဘဝနဲ့အသက်မွေးမှု လုပ်ငန်းဆောင်ရွက်ချက်တွေက သူ့မှာပင်ကို စွမ်းရည်ရှိတယ်ဆိုတာဖော်ပြနေပါတယ်။ သူများတကာနဲ့မတူတစ်မူထူးခြားစေတဲ့ ကိစ္စ ရပ်တွေ ဆောင်ရွက်နိုင်စွမ်းရှိရမယ်ဆိုတာကို တော်တော်စောစောပိုင်းကတည်းက အိုဘား မားက ဆုံးဖြတ်ထားခဲ့တာပါ။

## လခပိုပေး ကြိမ်းတာမောင်းတာလျော့

ဘားရက်ဟူစိန်အိုဘားမားကို အမေရိကန်ပြည်ထောင်စုရဲ့ ၅၀ မြောက်ပြည်နယ် ဟာဝိုင်ယီမှာမွေးဖွားခဲ့ပြီး၊အဲဒီမှာပဲအရွယ်ရောက်လာခဲ့ပါတယ်။ဒီပြည်နယ်မှာသွေးနှောထား တဲ့မျိုးရိုးတွေကိုသူတို့ကိုယ်ပိုင်နောက်ခံအကြောင်းရပ်ကိုလိုက်ပြီး"တရုတ်ထမင်းပေါင်း" ဒါမှ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

မဟုတ် **'poi dog'** ဆိုတဲ့ နာမည်တွေပေးထားတယ်။ဟိုတယ်ခန်းကစာရေးဗီရိုစားပွဲတွေမှာ ရှိဒီယွန် သမ္မာကျမ်းစာသာမကမော်မွန်းကျမ်းစာနဲ့ "ဗုဒ္ဓသာသနာ" စာအုပ်တွေပါ ရှိပါတယ်။ ကားတွေမှာကပ်တဲ့စတစ်ကာတွေမှာတော့'လခပိုပေး၊ ကြိမ်းတာမောင်းတာလျှော့' ဆိုတဲ့ ဆောင်ပုဒ်တွေကပ်ထားတယ်။ဘယ်နည်းနဲ့ဖြစ်ဖြစ်အလွတ်လပ်ဆုံးတွေးခေါ်နိုင်တဲ့ ပြည်နယ်ပါ။

အိုဘားမားရဲ့မိခင်စတန်လေအန်းဒန်ဟမ်ဟာ ဘဝသစ်တစ်ရပ်ထူထောင်ရေးနည်းလမ်းရှာမယ်ဆိုပြီး ဟာဝိုင်ယီပြည်နယ်ကိုပြောင်းလာတဲ့ကင်းဆပ်နယ်သားပရိဘောဂနဲ့ အာမခံလုပ်ငန်းအရောင်းသမားတစ်ဦးရဲ့သမီးလူဖြူမကလေးပါ။ဒါပေမယ့်ဒန်ဟမ်က လူမည်းခေါင်းဆောင်မာတင် လူသားကင်းဂျူနီယာရဲ့မိန့်ခွန်းတွေကို အင်မတန်သဘောကျပြီး လူမည်းအဆိုတော်ဟယ်ရီဘယ်လာဖွန်တီဟာ "ဒီကမ္ဘာပေါ်မှာကြည့်လို့ရှုလို့အကောင်းဆုံး အမျိုးသားတစ်ဦး"ပဲလို့ ယူဆတဲ့အကြောင်းသားဖြစ်သူအိုဘားမားကသူမှတ်မိသလောက် ပြောပြပါတယ်။

အန်းဒန်ဟမ်ဟာအသက်၁၈နှစ်အရွယ်မှာ ဘားရက်ဟူစိန်အိုဘားမား စီနီယာနဲ့ တွေ့ဆုံမေတ္တာမျှပြီး လက်ထပ်ခဲ့ကြပါတယ်။ အိုဘားမားစီနီယာကကင်ညာနိုင်ငံသား ဆိတ်ကျောင်းသားတစ်ယောက်ဘဝကနေပညာဆက်လက်ဆည်းပူးနေခဲ့တဲ့ ဘောဂဗေဒ ပညာရှင်တစ်ဦးဖြစ်ပြီး၊ဟာဝိုင်ယီပြည်နယ်တက္ကသိုလ်ရဲ့သမိုင်းမှာ၁၉၆၀ပြည့်နှစ်ကာလအချိန် ပထမဆုံးအာဖရိကတိုက်သားပညာတော်သင်တစ်ဦးဖြစ်လာခဲ့တဲ့သူပါ။အဲဒီအချိန်တုန်းက အမေရိကန်ပြည်ထောင်စုပြည်နယ်တွေရဲ့ထက်ဝက်နီးပါးမှာ လူမျိုးအချင်းချင်းလက်ထပ်တာ တရားမဝင်တဲ့ခေတ်တစ်ခေတ်ဖြစ်ပါတယ်။၁၉၆၃ခုနှစ်သူတို့သားကလေးနှစ်နှစ်သားအရွယ်မှာဇနီးမောင်နှံတခြားစီနေထိုင်ကြတယ်။ နောက်ပိုင်းတော့နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲလိုက်ကြပါတယ်။

ဘားရက်ဟာ တိတိကျကျဆိုရရင်အသက်ဆယ်နှစ်သားအရွယ် ဟိုနိုလူလူမြို့မှာကျင်းပတဲ့ခရစ္စမတ်ပွဲတော်အတွင်းသူ့ဘဝမှာသူ့ဖခင်နဲ့နောက် တစ်ကြိမ်ထပ်မံဆုံတွေ့ခဲ့ရပါတယ်။

ဘားရက်မိခင်အန်းက အင်ဒိုနီးရှားနိုင်ငံသားလိုလိုဆိုတိုရိုနဲ့ အိမ်ထောင်သစ်ထူထောင်ခဲ့ပါတယ်။နောက်ဆုံးမှာအန်းဟာအင်ဒိုနီးရှားနိုင်ငံမှာမနုဿဗေဒပညာရပ်နဲ့ ပါရဂူဘွဲ့ယူဖို့ ဆက်လက်ကြိုးပမ်းခဲ့ပါတယ်။ဒါ့ကြောင့်မို့ပဲဘားရက်ဟာ ကမ္ဘာပေါ်မှာလူဦးရေအထူထပ်ဆုံး မွတ်စလင်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ကလေးဘဝနဲ့ လေးနှစ်လောက်နေထိုင်ခဲ့ရပါတယ်။သူ့မိခင်ကဘားရက်ကို အမေရိကန်စိတ်ကူးအကောင်းဆုံးယဉ်စေ ချင်တယ်။ဒါကြောင့်မို့ ဘားရက်ဆယ်ကျော်သက်အရွယ်အချိန်အများစုကို သူရဲ့အမေဘက်က အဘိုးနဲ့အဘွား (စတန်လေနဲ့ မက်ဒလင်းဒန်ဟန်)တို့နဲ့အတူတူ ဟာဝိုင်ယီမှာပဲ ကုန်လွန်ခဲ့ရတယ်။ဘားရက်ဟာဟိုနိုလူလူကျွန်းရှိပူနားဟူး(Punahou) အလွတ်ပညာသင်ကျောင်း

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကနေ ပညာသင်ဆုရရှိခဲ့ပါတယ်။ ဟိုနိုလူလူကို ရောက်ခါစတုန်းကတော့ မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်ကလေ တစ်ယောက်ပေါ့။ အဲဒီကနေထွက်လာတဲ့အချိန်မှာ ကလန်ကလားပုံစံနဲ့ကနေ့ တွေ့ရတဲ့အတိုင်းပါပဲ။

အိုဘားမားဟာ လူ့မလိုင်အထက်တန်းစားတွေတက်တဲ့အထက်တန်းကျောင်း ၁၇၀၀မှာ ပညာသင်ယူခဲ့တဲ့ လူမည်းကျောင်းသားနည်းနည်းကလေးထဲက တစ်ယောက် ဖြစ်တယ်။ကျောင်းနှစ်ပတ်လည်စာစောင်မှာသူ့ကိုလေးစားထိုက်တဲ့ပါဝင်ရေးသားသူ တစ်ယောက်အဖြစ်သာသတ်မှတ်ပြီး၊ နာမည်ကြီးတစ်ယောက်လိုမသတ်မှတ်ခဲ့ပါဘူး။ သူ့သူငယ်ချင်းတစ်ယောက်က တစ်ခါကသူ့နာမည်ရဲ့ရယ်စရာကောင်းတဲ့နောက်ဆုံးစာလုံး အသံထွက်ကို ကဖီးဆိုင်အပြင်ကမခြောက်သေးတဲ့ အင်္ဂတေပေါ်မှာရေးခဲ့တယ်။ (အခုအချိန်မှာတော့ ကျောင်းအာဏာပိုင်တွေကဒီအချက်ကိုဂုဏ်ယူပြီးပြောနေကြတာပေါ့လေ)။ လုံ့လဝီရိယရှိရှိနဲ့ ကြိုးစားအားထုတ်မှုအမြဲတစေလေ့ကျင့်မှုနဲ့ ခုန်ပျံကျော်လွှားဂိုးသွင်းနိုင်မှုတွေကြောင့်သူနောက်ဆုံးနှစ်ရောက်တဲ့အခါပြည်နယ်ချန်ပီယံဘတ်စကက်ဘောအသင်းမှာဒုတိယလက်ရွေးစင်ဖြစ်ခဲ့ပါတယ်။ ဒီအဆင့်ဟာငယ်ရွယ်ပြီးအလားအလာပိုကောင်းတဲ့ လူငယ်အားကစားသမားမျိုးတွေမှ ရတတ်တာပါ။

ဘားရက်အိုဘားမားဟာ ကာလီဖိုးနီးယားတက္ကသိုလ်အော့စီဒင်တယ်ကောလိပ်မှာနှစ်နှစ်၊အဲဒီနောက်ပညာရေးစံချိန်မြင့်ပြီး လူမှုအဆင့်အထက်တန်းကျတယ်လို့ ကျော်ကြားလှတဲ့အစဉ်အလာကြီး၊ ဂုဏ်သတင်းကြီးအမေရိကန်အရှေ့ပိုင်းတက္ကသိုလ်တစ်ခုဖြစ်တဲ့ နယူးယောက်ကိုလံဘီယာတက္ကသိုလ်မှာ နှစ်နှစ်ပညာဆည်းပူးခဲ့ပါတယ်။

သူ နယူးယောက်မှာ ပညာဆည်းပူးနေတုန်း သူဖခင်ဟာအသက် ၄၆နှစ် အရွယ်မှာယာဉ်တိုက်မှုတစ်ခုဖြစ်ပွားပြီးသေဆုံးရရှာတယ်။ "သူ့သားကလေးကို ဘဝနဲ့စပ်လျဉ်းလို့ အရေးတကြီးဆောင်ရွက်ရမယ့်အသိစိတ်"ကို သူ့ဖခင်ကပေးခဲ့တယ်။'ကျွန်တော့်ဘဝမှာ အမှတ်ထင်ထင်ဖြစ်ဖို့လိုချင်တာကိုပြတ်ပြတ်သားသားဆုံးဖြတ်ချက်ချရပါတော့တယ်" ဆိုတဲ့ အတိုင်းပါပဲ။

ဘာရက်အိုဘားမားဟာ ဘဝမှာ ထင်ထင်ရှားရှားဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို အမေရိကန်လူမည်းတွေ လာရောက်အခြေချနေထိုင်ရာ ဗဟိုအချက် အချာဖြစ်တဲ့ချီကာဂိုမြို့မှာစတင်အကောင်အထည်ဖော်ပါတော့တယ်။ကိုလံဘီယာတက္ကသိုလ်မှာပညာသင်ပြီးတဲ့နောက် ချီကာဂိုမြို့ကိုဘယ်သူ့မှအသိမပေးဘဲ ရောက်လာခဲ့တယ်။နောက်ပြီးခရစ်ယာန်ဘာသာတရားကို နက်နက်ရှိုင်းရှိုင်းလေ့လာပြီးနောင်မှာ သူ့ဇနီး ဖြစ်လာမယ့်မီရှယ်ရော်ဘင်ဆန်နဲ့အတူ သူ့ဘဝရှေ့ရေးတစ်သက်တာဆောင်ရွက်ရမယ့်လုပ်ငန်းကို ရှာဖွေပါတယ်။ နောက်ပိုင်းမီရှယ်ရော်ဘင်ဆန်နဲ့ အိမ်ထောင်ပြုပြီး အခုဆို ဆယ်နှစ်အရွယ်သမီးမာလီယာအန်းနဲ့ ခုနစ်နှစ်အရွယ်နာတာရှာတို့တောင်ထွန်းကားလာခဲ့ပြီလေ။ချီကာဂိုက

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

တော့ဒီကနေ့ထိသူ့အမြဲနေထိုင်ရာအရပ်ပဲ။ ချီကာဂိုမှာသူလုပ်ကိုင်တဲ့လုပ်ငန်းက အမေရိကန်လူမည်းတစ်ယောက်အဖြစ် သူ့ရဲ့ကိုယ်ပိုင်လက္ခဏာကိုရှာဖွေဖော်ထုတ်ဖို့သာမကဘူး၊ ပြည်သူလူထုနဲ့ဆက်စပ်ဆောင်ရွက်ရမယ့်လို့ယုံကြည်ခဲ့တဲ့ဥပဒေတွဲ့ကိုနာမည်ကျော် ဟားဗတ်တက္ကသိုလ်ကနေရအောင်ယူဖို့ကိုပါ ဆုံးဖြတ်ခဲ့ပါတယ်။

### မိခင်ထံက မျှော်လင့်ချက်

အိုဘားမားရဲ့သတ္တိ၊စိတ်ဓာတ်စွမ်းအား၊ရဲတင်းမှုနဲ့သူ့ရဲ့စာနာစိတ်၊ မျှဝေခံစားတတ်မှုအများစုကို ပြည်သူအများစုမဆိုစလောက်ဘဲသိရှိကြတဲ့ ပုဂ္ဂိုလ်တစ်ဦးဆီကရခဲ့တာပါ။ တခြားလူတော့မဟုတ်ပါဘူး။၁၉၉၅ခုနှစ်အ သက်၅၂နှစ်အရွယ်မှာသားအိမ်ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့ရတဲ့ သူ့မိခင်ဆီကပါ။ "ကျွန်တော့်ဖေဖေအိမ်မက်မှ" (Dreams From My Father) ဆိုတဲ့စာအုပ်ရဲ့အချီးမှာအိုဘားမားကသူ့မိခင်ရဲ့ဘဝ ဒီလောက်တိုတောင်းလိမ့်မယ်ဆိုတာကိုသူသိခဲ့ရင် ဒီထက်ကိုအင်မတန်ထူးခြားတဲ့စာအုပ်တစ်အုပ်ရေးထုတ်ခဲ့မိမှာပါပဲလို့ရေးထားပါတယ်။အိုဘားမားရဲ့ဒုတိယမြောက်စာအုပ်ဖြစ်တဲ့ "မျှော်လင့်ချက်၏ရဲတင်းမှု" (The Audacity of Hope)မှာ သူ့မိခင်နဲ့ သူ့အဘွားမယ်ဒလင်းဒန်ဟမ်တို့ကို "ကျွန်တော့်ကို ပြုစုပျိုးထောင်ခဲ့တဲ့ အမျိုးသမီးကြီးများ"လို့ရည်စူးရေးသားခဲ့ပါတယ်။

အန်းဒန်ဟမ်ရဲ့ပါရဂူဘွဲ့ယူကျမ်းစာစိစစ်ရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်၊ ဒန်ဟမ်နဲ့နှစ်ပေါင်းများစွာရင်းနှီးခဲ့သူမိတ်ဆွေတစ်ယောက်ဖြစ်တဲ့အယ် လစ်ဒီဝီးကတော့"သူ့အတွက်ကတော့ သူ့ဘဝအကြောင်းစာအုပ်တစ်အုပ်ရေးဖို့လိုအပ်ခဲ့တာပေါ့။ဒါပေမယ့် 'ငါ ဘယ်သူလဲ' လို့ဆိုလိုက်ရင်တော့ အန်းဟာဒီကိစ္စအတွက်အင်မတန်အရေးပါတဲ့ အခန်းတစ်ခန်းဖြစ်တယ်။ အန်းဟာကျွန်မတွေ့ဖူးသမျှပုဂ္ဂိုလ်တွေထဲမှာတော့ အလုပ်ကိုအကြိုးစားဆုံး အမျိုးသမီးတစ်ဦးဖြစ်တယ်။ သူကပျော်ပျော်နေတတ်ပြီးလက်တွေ့နဲ့အင်မတန်နီးစပ်တယ်။ နေ့စဉ်ဖြစ်ပျက်နေတာကိုပဲစိတ်ဝင်စားတယ်။အခြေအနေဆိုးတစ်ခုခုကြုံလာရင်ကိုယ့်ဘေးမှာ အမြဲတမ်းရှိနေသင့်တဲ့လူစားမျိုးဖြစ်တယ်။စားသောက်ဆိုင် ရန်ပွဲမျိုးကအစ ပညာရှင်တွေ ငြင်းကြခုံကြတဲ့ပွဲမျိုးထိပေါ့။အဲဒီလိုနေရာမျိုးမှာသူက အမျိုးသမီးကလေးတစ်ယောက်အဖြစ် အမြဲရှိပါတယ်" လို့ ရှင်းလင်းပြောပြခဲ့တယ်။

"ဘာပြဿနာမှရှိမယ်လို့ ကျွန်တော်မထင်ပါဘူး။ ကျွန်တော့်ဘဝမှာတော့ သူဟာ အပြုသဘောနဲ့အများဆုံး ဩဇာလွှမ်းမိုးခဲ့တဲ့သူပဲ ဖြစ်ပါတယ်" လို့ သူ့မိခင်နဲ့စပ်လျဉ်းလို့ အိုဘားမားကပြောခဲ့ပါတယ်။

၁၉၇၀၊ ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်လွန်နှစ်တွေရဲ့အများစုမှာ အန်းဟာ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းလုပ်ရင်း ဟာဝိုင်ယီနဲ့အင်ဒိုနီးရှားနိုင်ငံကို လူးလာခေါက်ပြန်ကူးချီသန်းချီ လုပ်နေခဲ့တယ်။ သူ့ဘဝမှာဆောင်ရွက်ခဲ့သမျှ အရဲရင့်ဆုံးခြေလှမ်းကတော့

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဘားရက်ရဲ့ဖခင်ကို လက်ထပ်ခဲ့တာပဲဖြစ်တယ်။ သူတို့ရဲ့ အိမ်ထောင်ရေးမှာ အပ်ကျမတ်ကျ အခြေအနေဆိုရရင် သူ့အနေနဲ့ တောင်မကြည်လင်တာတွေ အနှောင့်အယှက်ကလေးတွေ အတော် ရှိခဲ့တယ်ဆိုတာကို အိုဘားမားက အသိအမှတ်ပြုခဲ့ပါတယ်။

သူ့ဖခင်ဟာ အာဖရိကတိုက်မှာ မျိုးနွယ်အစဉ်အလာအရ လက်ထပ်ထားခဲ့ရတဲ့ ဇနီးတစ်ယောက်ရှိပါသေးတယ်။ ဘာရက်နဲ့ သူ့မိခင်ကိုထားရစ်ခဲ့ပြီး ဟားဗတ်တက္ကသိုလ်မှာ ဘွဲ့ယူဖို့ ကြိုးပမ်းနေတုန်းမှာလည်း တခြားအမေရိကန် အမျိုးသမီးတစ်ယောက်နဲ့လက်ထပ်ပြီး နောက်တော့ ကွာရှင်းပြတ်စဲလိုက်တယ်။အဲဒီနောက်မှာအာဖရိကတိုက်သူ့ဒုတိယ အမျိုးသမီး တစ်ယောက်ထပ်ယူပြီး ကလေးတစ်ယောက်ရခဲ့တယ်။

ဒီလိုမျက်နှာများနေပေမယ့်ဘားရက်နဲ့မိခင်အန်းဒန်ဟမ်က ဘားရက်ရဲ့ဖခင်ကို တွယ်တာပြီးစာအဆက်အသွယ်မပြတ်ပါဘူး။အင်ဒိုနီးရှားနိုင်ငံသား ဆိုတိုရိုနဲ့ လက်ထပ်ပြီးတဲ့ နောက်ပိုင်းထိတောင်စာအဆက်အသွယ်မပြတ်ပါဘူး။သူ့ဖခင်ရဲ့ပညာဉာဏ်စွမ်းနဲ့ကိုလိုနီ ခေတ်လွန်ကင်ညာနိုင်ငံကသူ့ရဲ့အစိုးရလုပ်ငန်းတွေအကြောင်းကို သူ့သားကလေးသိအောင် အန်းကသေသေချာချာဆောင်ရွက်ပေးခဲ့ပါတယ်။ပညာတတ်ကျောင်းသားနှစ်ဦးရဲ့ ဖြစ်နိုင်ဖွယ်မရှိတဲ့ချဉ်းကပ်စည်းရုံးမှုကို မျှဝေပေးခဲ့ပါတယ်။

ဒါပေမယ့်အိုဘားမားရဲ့ဖခင်ဟာ အဝေးတစ်နေရာကနေယုံကြည်မှုအားနည်းအောင် ခြိမ်းခြောက်နေတဲ့မျက်စိအောက်ကနေပျောက်နေတဲ့သူတစ်ဦးပဲဖြစ်နေတယ်။သူ့ဘဝရဲ့ စိတ်ပျက်ဖွယ်အသေးစိတ်အကြောင်းတွေကိုလည်းလုပ်ငန်းတစ်ခုမှာထူးထူးချွန်ချွန် အသက်မွေးဝမ်းကျောင်းဖို့ ကြိုးစားနေတဲ့သားဖြစ်သူဘားရက်နောက်ပိုင်းမှပဲ ပိုပြီးများများ စားစားသိခဲ့ရပါတယ်။

"တကယ့်အမှန်ကိုပြောရရင်ကျွန်တော့်ဘဝမှာဒီအမျိုးသားကြီးနှစ်ဦးစလုံး (သူ့ဖခင်ရောပထွေးပါ)ဟာအောင်မြင်မှုရော၊တည်ငြိမ်မှုရောရှိခဲ့တဲ့သူတွေမဟုတ်ပါဘူး။ သူတို့တွေဟာ အင်မတန်ကြောက်မက်ဖွယ်ကောင်းတဲ့ အမှားအယွင်းတွေကိုအများကြီးလုပ်ခဲ့ကြပါတယ်" လို့ အိုဘားမားက ဆောင်းပါးရှင်တော့ဒ်ပါဒန်ကို ပြောပြခဲ့ပါတယ်။

သူ့မိခင်ကအငိုလွယ်တယ်။ မဖြစ်နိုင်တဲ့ စိတ်ကူးယဉ်ဆန်ဆန်ကြည်နူးဖွယ်တွေကို ဆွတ်ပျံ့တတ်တယ်။(အထူးသဖြင့် အင်မတန်လှပတဲ့လထွက်ချိန်မျိုးဆိုရင် အဲဒီအလှအပကိုသူ့သားသမီးတွေကြည်နူးခံစားနိုင်အောင်ကလေးတွေကိုအိပ်ရာထဲကအတင်းနှိုးဆွဲထုတ်ပြီးပြတတ်တယ်။)ဒါပေမယ်လို့အန်းမှာ ကြီးမားတဲ့မောင်းနှင်အားနဲ့ဆုံးဖြတ်ချက်သံန္နိဋ္ဌာန်မျိုးလည်းရှိ တယ်။ အင်ဒိုနီးရှားနိုင်ငံမှာနေတုန်းကဆိုရင် စာပေးစာယူသင်တန်းတစ်ခုကနေ အင်္ဂလိပ်ဘာသာသင်ခန်းစာလေ့လာဖို့ဘားရက်ကိုအရုဏ်မတတ်ခင်ကတည်းက သူ့အမေက နှိုးတတ်တယ်။

အဲလစ်ဒီဝီကဆောင်းပါးရှင်ကိုပြောပြချက်အရဆိုရင် အန်းဒန်ဟမ်ဟာ ရေနံ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်ကိုင်ခဲ့ပြီး အသည်းရောဂါနဲ့ ၁၉၈၇ ခုနှစ်မှာ ကွယ်လွန်ခဲ့သူ နောက်အိမ်ထောင်ဆိုတိုရိုနဲ့ "ခပ်ပျော်ပျော်ပဲ" ကွာ ရှင်းပြတ်စဲခဲ့ကြတယ်တဲ့။ဘာလို့လဲဆိုတဲ့ အကြောင်းတစ်ရပ်ကတော့"ဆိုတိုရိုက တဖြည်းဖြည်းနဲ့ အနောက်တိုင်းသားနဲ့တူတူလာပြီး။ သူကတော့ ဂျာဗားကျွန်းသူတစ်ဦးနဲ့ပိုပြီးတူတူလာလို့"ပါပဲတဲ့။ဆိုတိုရိုဟာဘာသာရေး အယူသီး မွတ်စလင်ဘာသာဝင်တစ်ယောက်ဖြစ်ပြီး၊အိုဘားမားကိုအစ္စလာမ်ဘာသာရေးကျောင်းမှာ ထားခဲ့တယ်ဆိုပြီးသတင်းစာတစ်စောင်ကမှားမှားယွင်းယွင်းရေးသားဖော်ပြခဲ့တာကိုသူရယ်ရုံ သာရယ်လိုက်နိုင်တဲ့အကြောင်း အိုဘားမားကဆောင်းပါးရှင်ကိုပြောပြခဲ့တယ်တဲ့။

"ကျွန်တော်ဆိုလိုချင်တာက သူ့အတွက်အကြီးမားဆုံးလို့ သဘောထားတာဟာ ဂျော်နီဝပ်ကား၊ဘလက်လေဘယ်နဲ့အင်ဒီဝီလျံရဲ့ခေတ်ပြားတွေဖြစ်နေတယ်။"လရောင်ဆမ်းတဲ့မြစ်" 'Moon River'ဆိုတဲ့ သီချင်းကို ကျွန်တော်ခုထိမှတ်မိသေးတယ်။သူ့အဲဒီသီချင်းကိုဆိုမယ်၊အရက်ကလေးနည်းနည်းသောက်လိုက်နောက်ပြီးကျေးလက်ကလပ်တစ်ခုမှာ တင်းနစ်ကစားမယ်။အဲဒါ သူ့ဘဝပဲ။ ဒါကြောင့် သူတို့မျှော်မှန်းချက်တွေဟာ မြန်မြန်ဆန်ဆန်နဲ့ မျှမျှတတ ပြဒါးတစ်လမ်း၊သံတစ်လမ်းဖြစ်သွားကြတာပဲလို့ကျွန်တော်ထင်ပါတယ်"လို့ အိုဘားမားကပြောခဲ့ပါတယ်။

"သူက မတွန့်မဆုတ်၊ မဆုတ်မနစ်၊ မမှိတ်မသုန်လုပ်တတ်တဲ့ မျှဝေခံစားစာနာတတ်သူမျိုးပါ။ဒီပြင်လူစားမျိုးတွေထက်မတူဘဲထူးခြားတဲ့စွမ်းရည်ရှိတယ်ဆိုတာ သူ့ဘာသာရှုမြင်နိုင်စွမ်းရှိတယ်။အဲဒါကြောင့်မို့ ကျွန်မတို့ သားသမီးတွေနဲ့ ပတ်သက်လာရင် အင်မတန်ကိုတင်းကျပ်တယ်၊ဝေဖန်ပိုင်းခြားနိုင်တဲ့ဆင်ခြင်တုံတရာမျိုးမရှိတော့ဘူး၊ အမျက်မာန်စောင်လည်းမရှိဘူး။ အဲဒီညာဉ်မျိုးကျွန်မတို့ကိုပေးခဲ့တယ်လို့ကျွန်မထင်ပါတယ်"လို့ အန်းဒန်ဟမ်ရဲ့သမီးဘားရက်အောက်ကိုးနှစ်ငယ်တဲ့ ညီမကလေးမာယာဆိုတိုရိုနဂ်ကပြောပြပါတယ်။

ကိုလံဘီယာမှာ ပညာဆည်းပူးခဲ့ပြီးတဲ့နောက်ပိုင်းချီကာဂိုမြို့မှာ သူ့အဆိုအရ ဆိုရင်သူ့ဘဝတစ်လျှောက်အခဲယဉ်းဆုံးအလုပ်ဆိုတာကိုစပြီးလုပ်ခဲ့ပါတယ်။ ချီကာဂိုရဲ့ ခပ်လှမ်းလှမ်းက'ဆောက်ဆိုက်' (South Side) ဆိုတဲ့ဆင်းရဲမွဲတေတဲ့ရပ်ကွက်မှာခရစ်ယာန်အသင်းစည်းရုံးရေးလုပ်ငန်းတွေကိုသုံးနှစ်ခွဲလောက်လုပ်ခဲ့တာပါ။သူ့လုပ်ငန်းကဒေသတွင်း အခြေအနေတိုးတက်ကောင်းမွန်စေဖို့၊ ဝင်ငွေနည်းတဲ့ဒေသခံတွေကို စည်းရုံးဖို့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအခြေခံကြိုးပမ်းမှုဒေသဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း Developing Communities Projectsကိုအကောင်အထည်ဖော်ရတာပါ။အဲဒီလုပ်ငန်းကသူ့ရဲ့အနိုင်မခံအရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့ ဒုပေနာပေခံမှု၊ဒဏ်ခံနိုင်မှုတွေကိုစမ်းသပ်မှုတစ်ခုပဲဖြစ်ပါတယ်။

အိုဘားမားကို ရှေ့နေငှားခဲ့တဲ့ ဂျရယ်ကဲလ်မန်းက RD ဆောင်းပါးရှင်ကို ခုလိုပြောပြခဲ့သတဲ့။"ချီကာဂိုကို မလာခင်တုန်းကဘားရက်မှာနိုင်ငံရေးအတွေ့အကြုံဆိုလို့ ဘာမှမရှိပါဘူး။ဒါပေမယ့်သူကအတတ်မြန်တယ်။မြန်မြန်ပဲလေ့လာဆည်းပူးနိုင်ခဲ့တယ်။ဒီလိုဖြစ်

http://www.linhtet.com



ရတဲ့အကြောင်းကသူ့မှာအသိနဲ့ ယှဉ်ပြီးချထားတဲ့ဆုံးဖြတ်ချက်ခိုင်မာတဲ့ သန္နိဋ္ဌာန်တစ်ခု ရှိလို့ပဲ။ အဲဒီအတွေးအခေါ်ကပဲသူ့ကိုခုလိုအခြေအနေထိဆောင်ယူလာတာပဲပေါ့”လို့ ကဲလ်မန်း က ထပ်လောင်းပြောကြားခဲ့တယ်။

ခရစ်ယာန်အသင်းအစည်းအရုံးလုပ်ငန်းတွေရဲ့အကန့်အသတ်တွေနဲ့သာ သူထိပ်တိုက်တိုးရုံမကပါဘူး။သူ့ဖခင်ရဲ့အောင်မြင်မှုက အကန့်အသတ်တွေနဲ့လည်း ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ရပါတယ်။အဲဒါကတော့ သူ့ဖခင်ရဲ့ အာဖရိကတိုက်ကပထမဆုံး အိမ်ထောင်နဲ့ရခဲ့တဲ့သမီး၊သူနဲ့ဆိုဖအေတူမအေကွဲအစ်မဖြစ်တဲ့ဩမာကသူ့ချီကာဂိုမှာရှိတုန်းက ပထမဆုံးအကြိမ်လာလည်တာပါပဲ။အဲဒီအခါသူပေးစာတွေနဲ့သူ့ဖခင်ရဲ့အမှတ်တရမှတ်တမ်း တွေ အရသူသိခဲ့ရတဲ့သူတွေအကြောင်းကိုစပြီးနားလည်လာတယ်။ ကင်ညာအစိုးရနဲ့ နိုင်ငံ ရေးအရရော၊ ပုဂ္ဂိုလ်ရေးအရပါဖြစ်ခဲ့တဲ့ပဋိပက္ခတွေကြောင့်တစ်ခါကအများကြီးထားခဲ့တဲ့တောက်ပတဲ့မျှော်လင့်ချက်တွေမှေးမှိန်ကုန်ပြီးနောက်ဆုံးသူ့ဖခင်ကွယ်လွန်ခဲ့ရတဲ့အထိ ဆိုတာသဘောပေါက်ခဲ့တယ်၊သူ့ဖခင်ရဲ့ကိုယ်ရေးကိုယ်တာဘဝကလည်း အရက်နဲ့အိမ်ထောင်ရေးအဆင်မပြေတာတွေကြောင့် ကယိမ်းကယိုင်နဲ့ ပြိုလဲပျက်စီးခဲ့ရတယ်ဆိုတာဆင်ခြင်မိတယ်။

အိုဘားမားကင်ညာနိုင်ငံကိုသွားရောက်လည်ပတ်ခဲ့ပြီး သူနဲ့ဖအေတူမအေကွဲညီအစ်ကိုမောင်နှမတွေကိုတွေ့ဆုံခဲ့ပါတယ်။ပြီးတော့သူဟာ ဖခင်ရဲ့အမှတ်ရဖွယ်တွေနဲ့ ကိုယ့်စိတ်ကိုယ်ဖြေပြီး စိတ်အေးချမ်းသာစွာနဲ့ပဲနေခဲ့ပါတယ်။သူ့ဖခင်ရဲ့ဘဝဇာတ်လမ်းဟာ သူ့အတွက်“လက်တွေ့သင်ခန်းစာတစ်ရပ်”ပဲလို့ ဆိုပြီး အိုဘားမားက RD ဆောင်းပါးရှင်ကို အခုလိုရှင်းပြခဲ့တယ်။

“ကျွန်တော့်ဖခင်ဘက်က အစ်မတွေ၊ အစ်ကိုတွေ၊ ညီတွေ၊ ညီမတွေရဲ့ နာကြည်းခံစားရမှုတွေကိုကျွန်တော်ကိုယ်တိုင်မြင်ခဲ့တယ်။သူတို့ဘဝမှာခဲခဲယဉ်းယဉ်းကြမ်းကြမ်းတမ်းတမ်းနေထိုင်ခဲ့ရတယ်။သူတို့ဘက်ကတော့ပြောသင့်ပြောထိုက်တယ်။ပြောဖို့ကျတော့လည်းခက်တယ်။ဒါပေမယ့်ကျွန်တော့်အတွက်ကတော့ကျွန်တော်အရွယ်ရောက်ကြီးပြင်းခဲ့ရာမှာကျွန်တော့်ဖခင်အိမ်မှာမရှိခဲ့ရတာကိုကကံကောင်းတယ်လို့ဆိုရမလောက်ပါပဲ။ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းမှာကျွန်တော့်ဖခင်ရဲ့အမှားတွေမျိုးထပ်မမှားရအောင် သေသေချာချာကို ကြိုးစားခဲ့ရပါတယ်”တဲ့။

၁၉၈၈ခုနှစ်ဟားဗတ်ဥပဒေကျောင်းကိုတက်ပြီးပညာဆည်းပူးဖို့သွားတဲ့ အချိန်ကျတော့ သူဟာလူထုနဲ့ပတ်သက်တဲ့ဝန်းကျင်မှာပဲအသက်မွေးမှုလုပ်ငန်းတစ်ခုလုပ်ချင်တဲ့ ဆန္ဒရှိတယ်ဆိုတာ သူသိရှိခဲ့တယ်။

ဟားဗတ်မှာအိုဘားမားဟာ ဘယ်တုန်းကနဲ့မှမတူအောင်အစွမ်းပြခဲ့တယ်။ဟားဗတ်မှာအိုဘားမားကိုသိရှိခဲ့တဲ့ဆန်ဖရန်စ္စကိုမြို့က ဥပဒေဌာနစာရေးဂျက်ကီစကော့ ကောလေးက “ကိုယ့်ဘဝမှာလူတော်ဖြစ်ဖို့ကြိုးစားနေတဲ့တစ်ကိုယ်ကောင်းသမားတွေ ဒီလောက်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အကြီးအကျယ်အစုအဝေးရှိတဲ့နေရာဌာနမျိုးကျွန်တော်မတွေ့ဖူးခဲ့ဘူး။အထူးသဖြင့်ရှေ့နေတွေဆိုရင် ပထမတန်းစားအမျိုးအစားတွေပါ"လို့ ပြောပါတယ်။

လော့စ်အိန်ဂျလိစ်မြို့က ဖျော်ဖြေရေးလုပ်ငန်းရပ်များဆိုင်ရာရှေ့နေ တစ်ဦးဖြစ်တဲ့ နန်စီမက္ကလောက်ဟာဟားဗတ်တက္ကသိုလ်မှာအိုဘားမားထက် တစ်နှစ်နောက်ကျတယ်။သူက အိုဘားမားအကြောင်းပြန်ပြောပြရာမှာ"အုပ်စုတစ်ခုရဲ့ရည်မှန်းချက်ကိုထင်ဟပ်စေဖို့ အုပ်စုရဲ့ဆုံးဖြတ်ချက်ကိုသာလိုလားတဲ့သူမျိုး၊သူ့(ဘားရက်)ရည်မှန်းချက်မဟုတ်ဘူး" လို့ဆိုပါတယ်။

အိုဘားမားချီကာဂိုပြန်လာတဲ့အချိန်မှာတော့ သူဖခင်ရဲ့ဘဝနဲ့ သူ ကိုယ်တိုင်ရဲ့ဘဝအမိပ္ပာယ်တွေကို ရှာဖွေရေးနဲ့စပ်လျဉ်းပြီး စာအုပ်တစ်အုပ်ကိုစတင်ပြုစုခဲ့ပါတယ်။ချီကာဂိုကလူ့အခွင့်အရေးဥပဒေကုမ္ပဏီတစ်ခုမှာပါဝင်ဆောင်ရွက်ခဲ့တယ်။နောက်ပြီးချီကာဂိုတက္ကသိုလ်မှာဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေဘာသာရပ်ကိုအချိန်ပိုင်းဆရာအဖြစ်သင်ကြားပို့ချပေးခဲ့တယ်။၁၉၉၂ခုနှစ်မှာအိုဘားမားဟာမဲဆန္ဒရှင်များမှတ်ပုံတင်ရေးလုပ်ငန်းမှာ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ်အမှုထမ်းခဲ့ပြီး သူတာဝန်ယူချိန်မှာမဲဆန္ဒရှင်ခန့်မှန်းခြေ၁၂၅,၀၀၀ထပ်တိုးခဲ့တယ်။ စာရင်သွင်းနိုင်သူအများစုက လူမည်းမဲဆန္ဒရှင်တွေပဲဖြစ်ပါတယ်။

### ကမ္ဘာမှာ တစ်နေရာရှာ

လေးနှစ်ကြာတဲ့အခါမှာတော့အိုဘားမားဟာပြည်နယ်အထက်လွှတ်တော်အတွက်အမတ်ဝင်ရွေးတယ်။သူကမျှမျှတတဖြစ်တာမဖြစ်တာသိပ်မစဉ်းစားဘဲ သူ့ရည်မှန်းချက်ပြည့်ဖို့ပဲကြိုးစားခဲ့တာ။ဒါကြောင့်လက်ရှိအမတ်ကိုမဲအပြတ်အသတ်နဲ့နိုင်ရုံမကဘူးတခြားပြိုင်ဘက်တွေအားလုံးကိုလည်းလမ်းရှင်းပစ်နိုင်လိုက်ပါတယ်အီလီနွိုက်ပြည်နယ်ကနေအမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်မှာအမတ်အဖြစ်ရွေးချယ်မခံရခင် ပြည်နယ်ဆီးနိတ်မှာရှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

၂၀၀၄နွေရာသီညတစ်ညမှာ မိန့်ခွန်းတစ်ခုပြောဖို့မှတ်စုတချို့ကို မှတ်နေတယ်။အဆုံးမှာတော့အဲဒီမိန့်ခွန်းကသူ့ကိုအမျိုးသားဇာတ်ခုံပေါ်ရောက်သွားစေမယ့် မိန့်ခွန်းတစ်ခုဖြစ်လာခဲ့တယ်။ဘော်စတွန်မြို့မှာအိုဘားမားကရီပတ်ဘလီကင်တွေ အများဆုံးလွှမ်းမိုးထားတဲ့ 'အနီ'ရောင်ပြည်နယ်တွေနဲ့ဒီမိုကရက်တွေ အဓိကလွှမ်းမိုးထားတဲ့'အပြာ'ရောင်ပြည်နယ်တွေကို ညွှန်းဆိုပြီး၊ "ကျွန်တော်တို့တွေဟာ အပြာရောင်ပြည်နယ်တွေမှာအံ့သြထိတ်လန့်ဖွယ်နတ်ဘုရားတစ်ပါးကိုကိုးကွယ်ပါတယ်။အနီရောင် ပြည်နယ် တွေထဲကကျွန်တော်တို့ စာကြည့်တိုက်တွေဝန်းကျင်မှာပြည်ထောင်စုစုံထောက်တွေဝိုင်းနေတာမျိုးတော့ကျွန်တော်တို့မကြိုက်ပါဘူး။အပြာရောင်ပြည်နယ်တွေထဲမှာလည်း အသက် ၁၂နှစ်အရွယ်လူငယ်ကလေးတွေရဲ့ ဘော့စ်ဘောအသင်းတွေကို ကျွန်တော်တို့ နည်းပြခဲ့တယ်။နောက်ပြီး

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အနီးရောင်ပြည်နယ်တွေမှာလည်းမိန်းမလျှာမိတ်ဆွေတချို့ကျွန်တော်ရခဲ့သေးတယ်" လို့ပြောခဲ့တယ်။ချီကာဂိုမြို့ကအောင်မြင်တဲ့လူမည်းစီးပွားရေး လုပ်ငန်းရှင်မာတင်နက်စ်ဘစ်(အိုဘားမားရဲ့မိတ်ဆွေ)က အဲ ဒီမိန့်ခွန်းပြောတဲ့နေ့တုန်းက သူနဲ့တစ်နေ့လုံးနေပြီး တစ်နေရာပြီးတစ်နေရာမျက်နှာပြခရီးလှည့်ခဲ့တယ်။

"ဘော့စတွန်က လမ်းတစ်လမ်းကိုဆင်းလျှောက်သွားပြီဆိုရင်လူအုပ်ကြီးကကျွန်တော်တို့နောက်က ထပ်ကြပ်မကွာလိုက်လာတော့တာပါပဲ။ကျွန်တော်ကဘားရက် ဘက်ကို လှည့်ပြီး "ခင်ဗျားကရော့ခ်တေးဂီတအဆိုတော်တစ်ယောက်ကျနေတာပဲဗျာ"လို့ ပြောလိုက်တယ်။သူကကျွန်တော့်ကိုကြည့်ပြီး "ခင်ဗျားဒီကနေ့ကျူပ်မိန့်ခွန်း ကိုဆိုးတယ် လို့ထင်ရင်မနက်ဖြန်ထိစောင့်ကြည့်လိုက်" လို့သူကပြောတယ်။အဲဒီတော့ ကျွန်တော်က "ခင်ဗျားဘာကိုဆိုလိုတာလဲ"လို့မေးလိုက်တယ်။ဒီတော့သူက"ကျူပ်မိန့်ခွန်းကတော်တော့် ကိုကောင်းတာလို့ ပြောလိုက်တယ်ဗျ"လို့ RDဆောင်းပါးရှင်ကို ပြောပြခဲ့ပါတယ်။

အဲဒါကိုကအိုဘားမားရဲ့ ကိုယ့်ကိုကိုယ်စိတ်ချယုံကြည်တတ်၊ ကိုယ်ပိုင်အသိပညာတွေကို ထူးထူးခြားခြားဖော်ပြချက်တစ်ရပ်ပါပဲ။ဘားရက်အိုဘားမားရဲ့တကယ့်ပါ . . . ဝါရှာဖွေရေးခရီးကိုစ,ရုံပဲစရသေးတဲ့အချိန်ပါ။

***တင်စိန် (ပထဝီဝင်)***
***နွယ်နီ မဂ္ဂဇင်း၊ စက်တင်ဘာလ။***

http://www.linhtet.com

# အိုဘားမားအပေါ် သို့လောသို့လော ဖြစ်လာကြသည့် မဲဆန္ဒရှင်များ

ဦးသန်းထွန်း (တောင်ပြင်)



လွန်ခဲ့သည့်သီတင်းပတ်များအတွင်း အမေရိကန်ဒီမိုကရက်သမ္မတလောင်း အိုဘားမား၏မူဝါဒများတွင်ပြောင်းလဲလာသည့်လက္ခဏာများရှိလာသည်ဟုနိုင်ငံခြားသတင်းမီဒီယာများကရေးသားခဲ့ကြသည်။

သမ္မတလောင်းဖြစ်ရန် မသေချာသေးသည့်အချိန်က အာဖရိကန်နွယ်ဖွား အမေရိကန်သမ္မတလောင်းအဖြစ်လျှောက်ထားသူအိုဘားမားသည်အီရတ်နှင့်အာဖဂန်နစ္စတန်စစ်ပွဲများအပေါ် မှုတစ္စာသုံးသပ်ပြောဆိုခဲ့သည်။ယခု နောက်ပိုင်းတွင်သူ၏ အနေအထားသည်တဖြည်းဖြည်းပြောင်းလဲလာသည်။မကြာမီကပင်ထိုစစ်မျက်နှာနှစ်ခုနှင့်ပတ်သက်၍ ထိုစစ်မျက်နှာများမှ အမေရိကန်တပ်ဖွဲ့များက ပြန်လည် ဆုတ်ခွာမည်ဆိုလျှင် သတိကြီးစွာထားရမည်ဟု အိုဘားမားက ပြောဆိုခဲ့သည်။

## အီရတ်စစ်ပွဲအပေါ်ဘောထားပြောင်းလဲမှု

နယူးဟမ့်ရှိုင်းယားပြည်နယ်တွင် မိန့်ခွန်းပြောရာ၌ အမေရိကန်တပ်များ အီရတ်မှ ဆုတ်ခွာလျှင်အထူးသတိထားရန်လိုသည်ဟုရင်းကဆိုသည်။အထက်လွှတ်တော်အမတ်သည် စိတ်ထဲတွင်ကြိုက်နှစ်သက်သည့်အတိုင်းပွင့်လင်းစွာပြောဆိုသည့် လက္ခဏာဖြစ်သည်ဟု

http://www.linhtet.com



ယူဆကြသည်။

ယခုပြောကြားချက်သည်သူ၏ဝက်ဘ်ဆိုက်ကွန်ရက်တွင်တင်ထား သည့် အချက်အလက်များ အပြင် ၂၀၀၂ခုမှစ၍ သူဟောပြောခဲ့သည့်စကား များနှင့်မကိုက်ညီဘဲ ခြားနားလျက်ရှိသည်။အချို့ကအိုဘားမားသည်သမ္မတလောင်းဖြစ်ရန် မဲဆွယ်စည်းရုံးစဉ် ကာလအတွင်း မစ္စကလင်တန်ကိုအနိုင်ရရှိရေးအတွက် စစ်ဆန့်ကျင်ရေးကို ပြောခဲ့ခြင်း ဖြစ်သလောဟု စိုးရိမ်မကင်းဖြစ်လာကြသည်။

## အီရတ်သို့သွားမည်ဆိုမှု

အိုဘားမားက အီရတ်သို့ သွားရောက်လည်ပတ်မည်ဆိုမှုနှင့်အီရတ်မှ အမေရိကန်တပ်ဖွဲ့များအလျှင်အမြန်ရုပ်သိမ်းခြင်းသည် လုံခြုံရေးကိုအလေးမထားရာရောက်သည်ဟု ပြောဆိုမှုတို့သည် ရီပတ်ဘလီကင်နှင့်ဒီမိုကရက်တစ်မဲဆန္ဒရှင်များကို အံ့အားသင့်စေ ခဲ့သည်။ အိုဘားမား၏မဟာဗျူဟာမှူးဒေးဗစ်အက်ဆဲလ်ရော့ဒ်ကအထက်လွှတ်တော် အမတ်၏အီရန်အပေါ်သဘောထားပြောင်းလဲမှုနှင့်အီရတ်မှတပ်များဆုပ်ခွာရေးတွင် သတိကြီးစွာထားရမည်ဟု ပြောဆိုမှုတို့နှင့်ပတ်သက်၍ ဝေဖန်ပြောကြားရန် ငြင်းဆိုခဲ့သည်။

## ဒီမိုကရက်များက အိုဘားမားအား သံသယရှိလာခြင်း

အချို့ဒီမိုကရက်များက အိုဘားမားသည် ရီပတ်ဘလီကင်တို့၏ ဆန္ဒမဲများရရှိရန်သူ၏သဘောထားပြောင်းလဲလာသည်ဟု ယုံကြည်နေစဉ်မှာပင်တခြားဒီမိုကရက်တို့က သူ၏ပြောင်းလဲမှုတွင်ရိုးသားမှုများရှိပါမည်လားဟု သံသယများဖြစ်လာကြသည်။

ဒီမိုကရက်သမ္မတလောင်းသည် မကြာမီသီတင်းပတ်များတွင်အီရတ်သို့ စစ်မြေပြင်အခြေအနေများ ကြည့်ရှုရန်သွားရောက်သင့်သည်ဟု ပြောဆိုခဲ့သည်။

ရီပတ်ဘလီကင်သမ္မတလောင်းမက်ကိန်းသည်သူ၏မူဝါဒရေးရာများတွင် တသမတ်တည်းရှိနေသည်။မက်ကိန်းက စစ်ပွဲရှုံးမည့်အစား သူ့ရွေးကောက်ပွဲပင် ရှုံးပါစေဟုပင် ပြောခဲ့သည်။

## အိုဘားမားက ဘုရှ်၏သူလျှိုစီမံကိန်းကို ထောက်ခံမှု

အီရတ်စစ်ပွဲပေါ် အိုဘားမားသဘောထားပြောင်းလဲမှုကြောင့်သူ့အား ထောက်ခံခဲ့သူများစိတ်မကောင်းဖြစ်ကြရာတွင်သမ္မတဘုရှ်၏သူလျှိုလုပ်ငန်းအား တရားဝင်ဖြစ်ရေးဆောင်ရွက်ခြင်းကိုထောက်ခံလိုက်သဖြင့်လည်း ဒီမိုကရက်များအတွက်တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်စေခဲ့သည်။ထိုသူလျှိုစီမံကိန်းမှာ ကြိုတင်ခွင့်တောင်းခံခြင်းမပြုဘဲ တယ်လီဖုန်းကုမ္ပဏီ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

များ၏အကူအညီဖြင့်ကြားဖြတ်ဆက်သွယ်နားထောင်နိုင်ခွင့်ကိုတရားဝင်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်သည်။

အိုဘားမားအားထောက်ခံသူ၇၀၀၀ကျော်က သူ၏စည်းရုံးရေးကော်မတီမှ တဆင့် သမ္မတဘုရှ်၏ တယ်လီဖုန်းကြားဖြတ်နားထောင်သည့်လုပ်ငန်းအားထောက်ခံထားမှုကို ပြန်လည်ရုပ်သိမ်းရန် တိုက်တွန်းထားကြသည်။ နိုင်ငံသားများစွာတို့က အိုဘားမားသည် သူ့အား ထောက်ခံမဲပေးခဲ့သူများအပေါ် သစ္စာဖောက်သွားပြီဟု ယူဆလာကြသည်။

ယခင်ရီပတ်ဘလီကင်ပါတီဝင်ဖြစ်ခဲ့ပြီး သဘောထားပျော့ပြောင်းသူ ရွန်ပေါလ်က သမ္မတလောင်းနှစ်ယောက်လုံးအားအချိန်အတော်ကြာကပင် ဝေဖန်လာခဲ့သူဖြစ်သည်။ အိုဘားမား၏ပြောင်းလဲလာမှုအဓိပ္ပာယ်မရှိကြောင်း မည်သည့်အချက်များတွင် သဘောထားပြောင်းလဲမည်ဆိုသည်ကိုလည်း ရှင်းလင်းပြောဆိုခြင်း မရှိကြောင်းမစ္စတာပေါလ်က ဝေဖန်ထားသည်။

အိုဘားမားသည် အမေရိကန်ကိုတကယ်ပြောင်းလဲနိုင်ပါမည်လော။ နိုင်ငံကို တခြားလမ်း သို့ရောက်သွားအောင် လမ်းညွှန်နိုင်ပါမည်လော။ သူသည် နိုင်ငံအတွက် ရိုးသားရှင်းလင်းသည့် ဆန္ဒရှိပါ၏လောဆိုသည်ကို သူ့အပေါ် ယုံကြည်မှုတစ်ဖြည်းဖြည်းလျော့နည်းနေသည့် မဲဆန္ဒရှင်များအတွက် သက်သေပြရမည်ဖြစ်သည်ဟု ၎င်းကထောက်ပြထားသည်။

***ဦးသန်းထွန်း (တောင်ပြင်)***
***ရောင်ခြည်မိုး (၂၁-၇-၂၀၀၈)***

http://www.linhtet.com

# “ပြောင်းလဲပြီဟေ့” လို့ ဟစ်ကြွေးလိုက်တဲ့ အမေရိကန်ရွေးကောက်ပွဲ

ကိုဝ



အိုဘားမားကိုအမေရိကန်ပြည်ထောင်စုရဲ့ (၄၄)ဦးမြောက်သမ္မတအဖြစ် အမေရိကန်ပြည်သူတွေကရွေးကောက်တင်မြှောက်လိုက်ပါပြီ။

ချီကာဂိုမြို့မှာပြောကြားခဲ့တဲ့ အိုဘားမားရဲ့ ‘အောင်ပွဲခံမိန့်ခွန်း’ ကို အမေရိကန်ပြည်သူနှစ်သိန်းခန့်လာရောက်အားပေးခဲ့ပါတယ်။‘ရွေးကောက်ပွဲ’ ကို ရုပ်မြင်သံကြား မှာကြည့်ရှုနေခဲ့တဲ့ပြည်သူတွေက(၇၁)သန်းခန့်ရှိတဲ့အတွက် မကြုံဖူးတဲ့ပြည်သူတွေရဲ့ စိတ်ဝင်စားမှုပါ။လာရောက်မဲပေးခဲ့တဲ့ ပြည်သူအရေအတွက်က ၁၉၆၀ပြည့်နှစ် နောက်ပိုင်း အများဆုံးဖြစ်လို့ သမိုင်းဝင်ရွေးကောက် ပွဲလို့ဆိုရမှာပါ။

သမိုင်းရှုထောင့်ကပြောမယ်ဆိုရင်အိုဘားမားကို အမေရိကန်ပြည်သူတွေက သမ္မတအဖြစ်ရွေးကောက်တင်မြှောက်လိုက်တာဟာသာမန်ဖြစ်ရပ်မဟုတ်ပါဘူး။အရေး ကြီးတဲ့ သမိုင်းအချိုးအကွေ့ပါ။ဘာဖြစ်လို့လဲဆိုတော့ အိုဘားမားကိုအမေရိကန်ပြည် ထောင်စုရဲ့ ‘ပထမဦးဆုံးလူမည်းသမ္မတ’အဖြစ် ရွေးကောက်တင်မြှောက်လိုက်လို့ပါပဲ။

အိုဘားမားမွေးဖွားခဲ့တဲ့၁၉၆၁ခုနှစ်မှာ လူမျိုးရေးခွဲခြားဖိနှိပ်မှု (လူဖြူ လူမည်းခွဲခြားမှု) ကအမေရိကန်ပြည်ထောင်စုမှာအမြစ်တွယ်ရှင်သန်နေဆဲပါ။အထူးသဖြင့် အမေရိကန်ပြည်ထောင်စုတောင်ပိုင်းပြည်နယ်အများစုမှာပါ။ အဲဒီအချိန်က လူမည်းတွေ မွေးဖွားပြီဆိုရင်လူမည်းတွေအတွက်သီးခြားထားတဲ့ဆေးရုံမှာပဲမွေးဖွားရတာပါ။လူဖြူတွေ မွေးဖွားတဲ့

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဆေးရုံတွေမှာ မွေးဖွားခွင့်မရှိပါဘူး။ကျောင်းနေတဲ့အခါမှာလည်း လူဖြူတွေနဲ့ရောနှော ကျောင်းတက်ခွင့် မရှိပါဘူး။လူမည်းတွေအတွက်သီးခြားထားတဲ့ကျောင်းတွေမှာပဲ နေရတာပါ။ လူမည်းတွေအတွက်အလုပ်အကိုင်အခွင့်အရေးနဲ့ လုပ်ခလစာကလည်းလူဖြူ တွေနဲ့နှိုင်းယှဉ်လိုက်မယ်ဆိုရင်'မိုးနဲ့မြေလို့'ဆိုရမှာပါ။နောက်ဆုံးသေဆုံးတဲ့အခါမှာတောင် လူမည်းတွေအတွက်သီးခြားထားတဲ့ သင်္ချိုင်းမှာပဲမြှုပ်နှံသင်္ဂြိုဟ်ရတာပါ။အဲဒီအချိန်က လူမည်း တွေကို 'နီဂရိုး'လို့ ခေါ်ကြတာပါ။ဒီသမိုင်းနောက်ခံနဲ့ ယှဉ်တွဲစဉ်းစားကြည့်မယ်ဆိုရင် 'အိုဘားမား သမ္မတဖြစ်လာခြင်း' ရဲ့'သမိုင်းတန်ဖိုး'ကို အလွယ်တကူ မြင်နိုင်မှာပါ။

ဒါပေမဲ့အိုဘားမားကလူမည်းအခွင့်အရေးအတွက်လို့ကြွေးကြော်ပြီး ရွေးကောက်ပွဲဝင်ခဲ့တာမဟုတ်ပါဘူး။အိုဘားမားရဲ့ခံယူချက်က လူမျိုးရေးအပေါ်အခြေမခံပါဘူး။ 'လူမည်းအတွက်အမေရိကန်နိုင်ငံဆိုတာမရှိသလို၊လူဖြူအတွက်အမေရိကန်နိုင်ငံဆိုတာလည်းမရှိပါဘူး။လက်တင်နွယ်ဖွားတွေအတွက်အမေရိကန်နိုင်ငံ၊အာရှနွယ်ဖွားတွေ အတွက်အ မေရိကန်နိုင်ငံဆိုတာလည်းမရှိပါဘူး။မတူခြားနားတဲ့ လူမျိုးနွယ်ဖွားတွေအားလုံးအတွက် စုစည်းညီညွတ်တဲ့ 'အမေရိကန်ပြည်ထောင်စုပဲ ရှိပါတယ်'တဲ့။ အိုဘားမားရဲ့ ရွေးကောက်ပွဲကြွေးကြော်သံက 'ပြောင်းလဲကြပါစို့' ပါ။

ဒီ 'ပြောင်းလဲကြပါစို့' ဆိုတဲ့ကြွေးကြော်သံက၊အိုဘားမားကိုသမ္မတ ဖြစ်လာအောင်ဖန်တီးပေးလိုက်တဲ့'ကြွေးကြော်သံ'ပါ။အမေရိကန်ပြည်သူလေးယောက်မှာသုံးယောက်က 'တိုင်းပြည်ဟာလမ်းမှားပေါ်ရောက်နေပြီ' လို့ ယူဆကြချိန်မှာ'အပြောင်းအလဲ'ဆိုတာ ပြည်သူတိုင်းရဲ့'မျှော်လင့်ချက်'ပါ။ရွေးကောက်ပွဲအစောပိုင်းကာလတွေမှာ အရေးတကြီး ပြောခဲ့ကြတဲ့ 'အီရတ်ပြဿနာ၊ အကြမ်းဖက်မှုကိုယ်ဝန်ဖျက်ချပိုင်ခွင့်စတဲ့ပြဿနာတွေဟာ ရွေးကောက်ပွဲနီးလာတဲ့အခါ မှေးမှိန်သွားပြီး 'စီးပွားရေးအကျပ်အတည်း'ဟာ ရှေ့တန်းရောက်ပြဿနာဖြစ်လာပါတယ်။အမေရိကန်ပြည်သူအများစုက'စီးပွားရေးအကျပ်အတည်း'ဟာ သူတို့အတွက်အရေးအကြီးဆုံးပြဿနာအဖြစ်ယူဆကြပါတယ်။ ရွေးကောက်ပွဲမဲဆွယ်ပွဲတွေ စတင်ခဲ့တဲ့ ပြီးခဲ့တဲ့တစ်နှစ်ကျော်ကာလမှာအမေရိကန်နိုင်ငံရဲ့စီးပွားရေးကတောင့်တင်း ခိုင်မာသလိုရှိခဲ့ပေမယ့် ရွေးကောက်ပွဲကာလမှာတော့အမေရိကန်နိုင်ငံဟာ ၁၉၃၀ပြည့်နှစ် နောက်ပိုင်းအကြီးမားဆုံးစီးပွားရေး'အကျပ်အတည်း'ကို ရင်ဆိုင်နေရလို့ပါ။

ဒီစီးပွားရေးအကျပ်အတည်းဟာ ဘဏ္ဍာရေးအဖွဲ့အစည်းတွေက အကျိုးအမြတ်များများရဖို့အတွက် 'Sub-Prime Mortgage" လို့ခေါ်တဲ့ 'ငွေရေးကြေးရေး အရမပြည့်စုံသူတွေ၊ဝင်ငွေနည်းသူ၊ ဝင်ငွေပုံမှန်မရှိသူတွေ'ကို 'အိုးအိမ်မြေယာ အပေါင်ခံစာချုပ်'တွေရောင်းချပေးရာကစတာပါ။ ဒီလို ရောင်းချပေးတဲ့အတွက် ဈေးကွက်ထဲမှာ အိုးအိမ်မြေယာတွေ မတရားများလာခဲ့ပြီးအိုးအိမ်မြေယာတွေရဲ့ဈေးနှုန်းထိုးကျလာပါတယ်။ဒီလိုထိုးကျလာတဲ့ဈေးနှုန်းက မူလအိုးအိမ်မြေယာအပေါင်ခံစာချုပ်တန်ဖိုးအောက်ရောက်လာတဲ့

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အခါမှာတော့ပြန်မဆပ်နိုင်တော့ပါဘူး။ပြန်မဆပ်ကြတော့ပါဘူး။'ချေးငွေ အကျပ်အတည်း' ရဲ့အစပါ။ နောက်တော့ဧရာမဘဏ်ကြီးတွေပြိုလဲ၊ နိုင်ငံအစိုးရတွေကငွေရေးကြေးရေး အရ ဘဏ်ကြီး တွေကို ကျားကန်ကူညီရနဲ့ ချေး ငွေအကျပ်အတည်းက နက်ရှိုင်းလာပြီး ဒီဒဏ်ကို အမေရိကန် နိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး ခံစားခဲ့ရပါတယ်။

Christopher Adams ဟာ ဗိသုကာတစ်ဦးပါ။ သူဟာမိသားစုနဲ့ အတူ မီယာမီ ကမ်းခြေမြောက်ပိုင်းကကွန်ဒိုစီမံကိန်းတစ်ခုမှာ နေပါတယ်။သူတို့ကွန်ဒိုမှာ အခန်းပေါင်း ၂၄၄ခန်းရှိတဲ့အနက်လေးပုံတစ်ပုံခန့်ကတော့နေထိုင်သူမရှိတော့ပါဘူး။ အိမ်ချေးငွေအကြွေး မဆပ်နိုင်တဲ့အတွက် ဘဏ်တွေ က သိမ်းယူထားလို့ပါ။Christopherတို့ မိသားစုကတော့ အိမ်ချေးငွေကိုပုံမှန်အရစ်ကျဆပ်နိုင်ပါတယ်။ဒါပေမဲ့ကွန်ဒိုမှာနေထိုင်တဲ့မိသားစုနည်းသွားတဲ့ အတွက်နေထိုင်တဲ့တစ်အိမ်ထောင်ချင်းအတွက် 'ကွန်ဒိုထိန်းသိမ်းခ'တက်လာပါတယ်။ တစ်နှစ်ကျော်ကာလအတွင်းသူ့ကုမ္ပဏီကလုပ်ငန်းစီမံကိန်း သုံးခု ဖျက်သိမ်းခဲ့ရပါတယ်။

စီးပွားရေးအကျပ်အတည်းရဲ့ဂယက်ရိုက်မှုဒဏ်ကို သူတို့မိသားစု လည်းခံရပါ တယ်။ ပုံမှန်ကုန်ကျစရိတ်တွေကာမိစေဖို့ 'စုငွေစီမံကိန်း 401 (k)' က ငွေထုတ်ယူ ခဲ့ရပါတယ်။ သူတို့သားလေးကိုလည်းကုန်ကျစရိတ်ကြီးတဲ့ ပုဂ္ဂလိကကျောင်းက ထုတ်ခဲ့ရပါတယ်။

Calderonဟာ ယောကျ်ားမရှိဘဲကလေးနှစ်ယောက်နဲ့ ရုန်းကန်နေရတဲ့ မိခင် တစ်ဦးပါ။ဖလော်ရီဒါပြည်နယ်က အစိုးရရုံးတစ်ရုံးမှာအလုပ်လုပ်ပါတယ်။ပြီးခဲ့တဲ့နှစ်လ လောက်က သူ့ရဲ့ဒုတိယအလုပ်ဖြစ်တဲ့ အချိန်ပိုင်းအလုပ် ဆုံးရှုံးခဲ့ရပါတယ်။Calderon ဟာ 'အကြွေးဝယ်ကတ်'မှာပေးဖို့ကျန်နေတဲ့အကြွေးတွေကိုမဆပ်နိုင်တော့ပါဘူး။ဒေါ်လာ နှစ်သောင်းလောက်ရှိပါတယ်။နောက်ဆုံးတော့သူမရဲ့အကြွေးပြဿနာကိုဖြေရှင်းနိုင်ဖို့ အတွက် 'အကြွေးပြဿနာဖြေရှင်းရေးဝန်ဆောင်မှုလုပ်ငန်း'Credit-Counselling Service' ကိုသွားခဲ့ရပါတယ်။Calderonက အခုလိုရင်ဖွင့်ခဲ့ပါတယ်။'ကျွန်မမရှက်တော့ပါဘူး။ကျွန်မရဲ့ ကလေးနှစ်ယောက်ကိုစောင့်ရှောက်ဖို့ဆိုရင်အသုံးစရိတ်ကို စိစစ်ချွေတာဖို့ လိုနေပါပြီ'။

'စီးပွားရေးအကျပ်အတည်း'မှာ ပြဿနာတွေနဲ့ရင်ဆိုင်နေရတဲ့ အမေရိကန် ပြည် သူတွေရဲ့မြင်ကွင်းတချို့ပါ။

ဒီချေးငွေအကျပ်အတည်းကြောင့် အမေရိကန်နိုင်ငံမှာဆယ်စုနှစ် သုံး ခုလောက် တွယ်ကျယ်ခဲ့တဲ့'စီးပွားရေးပုံစံ'ကျဆုံးသွားတယ်လို့ ဆိုရမှာပါ။ ပြီးခဲ့တဲ့ နှစ်ပေါင်း၃၀အတွင်း 'ဈေးကွက်က သူ့အလိုလိုအကောင်းဆုံးအဖြေကို ရှာပေးလိမ့်မယ်'ဆိုတဲ့ အယူအဆ အပေါ် အခြေခံပြီး 'လွတ်လပ်တဲ့ဈေးကွက်စီးပွားရေးစနစ်'ကိုကျင့်သုံးခဲ့ပါတယ်။အစိုးရရဲ့ ဝင်ရောက် စွက်ဖက်မှု ကိုအတတ်နိုင်ဆုံး နည်းအောင်လုပ်ထားပါတယ်။စီးပွားရေးလုပ်ငန်းတွေအတွက် ချေးငွေကိုအ လွယ်တကူဖန်တီးပေးထားပါတယ်။ချေးငွေကိုအလွယ်တကူရလို့ လုပ်ငန်းသစ် တွေ တိုးချဲ့မယ်၊ ပြည်သူတွေအလုပ်အကိုင်ကောင်းမယ်။တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးမယ်'

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဆိုတဲ့'အတွေးအခေါ်'ပါ။ အလုပ်ဖြစ်တုန်းကလည်းဖြစ်ခဲ့ပါတယ်။ပြောရရင်'ချေးငွေ'နဲ့ တိုင်းပြည်စီးပွားရေးကို တွန်းတင်တဲ့သဘောပါ။

ကမ္ဘာ့ပြည်သူတွေစုငွေအပိုအလျှံတွေရဲ့(၈၀%)ဟာ၊ဆယ်စုနှစ်ပေါင်း များစွာဘဏ်တွေကနေတစ်ဆင့်အမေရိကန်နိုင်ငံအတွင်း စီးဝင်နေခဲ့တာပါ။ ဒီလိုအလွယ်တကူရခဲ့တဲ့'ချေးငွေ'တွေကိုအားပြုပြီး အမေရိကန်နိုင်ငံစီးပွားရေးကိုလည်ပတ်ခဲ့တာပါ။စီးပွားရေးဝေါဟာရမှာ'Leverage'ဆိုတာ ရှိပါတယ်။အကြွေးယူပြီးအလုပ်လုပ်တဲ့အချိုးပါ။Leverage အချိုး၁၂ရှိတယ်ဆိုပါတော့။ကိုယ့်ရဲ့ပိုင်ဆိုင်မှုတစ်ဒေါ်လာရှိတိုင်းသူများတွေဆီက ၁၂ဒေါ်လာချေးယူပြီး စီးပွားရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံတာပါ။

Morgan Stanley ဘဏ်ကြီးဆိုရင် Leverage အချိုး (၃၃) ရှိပြီး Goldman Sach နဲ့ Merrill Lynchတို့လို ဘဏ်ကြီးတွေဆို Leverage အချိုး ၂၈ အထိရှိပါတယ်။ ဘယ်လောက်အထိ'ချေးငွေ'အပေါ်အားပြုနေတယ်ဆိုတာပေါ်လွင်ပါတယ်။ဒေါ်လာ သန်းထောင်ပေါင်းတစ်သောင်းလေးထောင်ရှိတဲ့ အမေရိကန်နိုင်ငံစီးပွားရေးရဲ့ သုံးပုံနှစ်ပုံဟာ အမေရိကန်ပြည်သူတွေရဲ့ ဝယ်ယူသုံးစွဲမှုနဲ့လည်ပတ်နေတာပါ။သာမန်အမေရိကန်ပြည်သူတစ်ဦးဟာအကြွေးဝယ်ယူခွင့်ကတ်(Cerdit Card)ကိုးခုပျမ်းမျှရှိပါတယ်။၂၀၀၈ခုနှစ် မှာအမေရိကန်နိုင်ငံရဲ့ဘတ်ဂျက်လိုငွေဟာဒေါ်လာသန်းထောင်ပေါင်း၄၀၇ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ပြည်သူတွေက'အကြွေး'နဲ့သုံးကြ၊ဝယ်ကြပါတယ်။စီးပွားရေးလုပ်ငန်းတွေ က'ချေးငွေ'နဲ့လည်ပတ်ကြပါတယ်။ပြောရရင်'ချေးငွေ'ကစီးပွားရေးဖွံ့ဖြိုးမှုအတွက် 'တွန်းအား(သို့)လောင်စာ'ဖြစ်နေပါတယ်။အဲဒီလောင်စာခန်းခြောက်သွားတဲ့အခါမှာတော့ အမေရိကန်စီးပွားရေး'အကျပ်အတည်း'နဲ့ ရင် ဆိုင်ရပါတော့တယ်။

အိုဘားမားက'အလွယ်တကူရတဲ့ချေးငွေနဲ့ စီးပွားရေးကိုတွန်းတင်တဲ့ ခေတ်ကုန်သွားပါပြီ။ စီးပွားရေး ဖွံ့ဖြိုးမှုအတွက်'တွန်းအားအသစ်'ကို ရှာဖွေရပါလိမ့်မယ်။စွမ်းအင်လောင်စာပုံစံသစ်အမျိုးမျိုးရှာဖွေတဲ့လုပ်ငန်းက 'အဓိကတွန်းအားသစ်'ဖြစ်ပါလိမ့်မယ်'လို့ ပြောကြားခဲ့ပါတယ်။

ရီပတ်ဘလီကင်ပါတီရဲ့ သမ္မတလောင်းဂျွန်မက်ကိန်းကသူ့ရဲ့စီးပွားရေးမူဝါဒသစ်မှာလက်ရှိသမ္မတဘုရှ်လိုပဲ စီးပွားရေးလုပ်ငန်းကြီးတွေအတွက် 'အခွန်သက်သာခွင့်' အပေါ်အားပြုထားပါတယ်။ဒီလိုဆောင်ရွက်မှ စီးပွားရေး လုပ်ငန်းသစ်တွေဖြစ်ထွန်း၊ ပြည်သူတွေအလုပ်အကိုင်ကောင်းပြီး၊ တိုင်းပြည်စီး ပွားရေးဖွံ့ဖြိုးမယ်ဆိုတဲ့ အယူအဆပါ။အိုဘားမားကတော့ မက်ကိန်းရဲ့မူဝါဒဟာချမ်းသာသူတွေကို တစ်ဖက်သတ်အကျိုးရှိစေမှာဖြစ်တယ်။သူ့အနေနဲ့ကတော့စီးပွားရေးဖွံ့ဖြိုးဖို့အတွက်အမေရိကန်နိုင်ငံလူဦးရေရဲ့ ၉၅%ရှိတဲ့ဆင်းရဲနွမ်းပါးသူတွေ၊ဝင်ငွေအလယ်အလတ်ရှိသူတွေအတွက် 'အခွန်သက်သာခွင့်' အလေး

http://www.linhtet.com



ပေးအားပြုမယ်လို့ဆိုပါတယ်။

စစ်တမ်းကောက်ခံချက်အရအမေရိကန်ပြည်သူအများစုအနေနဲ့ တိုင်းပြည်စီးပွားရေးပြန်လည်ဦးမော့လာအောင်ဆောင်ရွက်ရာမှာ 'အိုဘားမား'က'ဂျွန်မက်ကိန်း'ထက်ပိုမိုစွမ်းဆောင်နိုင်လိမ့်မယ်လို့ ယူဆနေကြတာပါ။

'စီးပွားရေးအကျပ်အတည်း'အပြင်အမေရိကန်ပြည်သူတွေ နောက်ထပ်ရင်ဆိုင်နေရတဲ့ အရေးကြီးပြဿနာက'ဆေးဝါးကုသနိုင်ခွင့်'ပါ။

အမေရိကန်ကျန်းမာရေးစနစ်ဟာ ကမ္ဘာပေါ်မှာကုန်ကျစရိတ်အများဆုံးပါ။အမေရိကန်ဒေါ်လာသန်းထောင်ပေါင်းနှစ်သောင်းအထိ ကုန်ကျစရိတ်ရှိပါတယ်။တိုင်းပြည် စီးပွားရေးဝင်ငွေရဲ့၁၅ရာခိုင်နှုန်းကိုကျန်းမာရေးမှာသုံးစွဲနေတာပါ။ဒါပေမဲ့လူခြောက်ဦးမှာတစ်ဦး (ဒါမှမဟုတ်)သန်း၄၀လောက်ရှိတဲ့ ပြည်သူတွေအနေနဲ့ ဆေးဝါးကုသနိုင်ခွင့်မရကြပါဘူး။

အမေရိကန်နိုင်ငံမှာအသက်အရွယ်ကြီးရင့်သူတွေ၊ ဆင်းရဲနွမ်းပါးသူ တွေအတွက်တိုင်းပြည်ဘဏ္ဍာငွေနဲ့လည်ပတ်နေတဲ့ 'ပြည်သူ့ကျန်းမာရေးစနစ်'ရှိသလို လုပ်ငန်းရှင်တွေရဲ့ သုံးပုံနှစ်ပုံကလည်းဝန်ထမ်းတွေအတွက်လည်းဝန်ထမ်းအတွက်ကျန်းမာရေး 'အာမခံ'ထားပေးပါတယ်။ဒီလိုစနစ်တွေမှာအကျုံးမဝင်တဲ့ ပြည်သူတွေအနေနဲ့ ကျန်းမာရေးအာမခံစရိတ်ကကြီးလွန်းတော့ မတတ်နိုင်လို့ 'ဆေးဝါးကုသနိုင်ခွင့်'ဆုံးရှုံးရပါတယ်။ဆေးဝါးကုသနိုင်ခွင့်ဆုံးရှုံးသူအများစုဟာလူငယ်တွေ၊ဆင်းရဲနွမ်းပါးသူတွေ၊တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်လုပ်သူတွေ၊ မကြာခင်ကမှတခြားနိုင်ငံတွေကနေ၊အမေရိကန်နိုင်ငံမှာအခြေချဖို့ ပြောင်းရွှေ့လာသူတွေဖြစ်ကြပါတယ်။

အိုဘားမားက သူ့ရဲ့'ကျန်းမာရေးမူဝါဒ'မှာအစိုးရအနေနဲ့ပြည်သူတွေကို ကျန်းမာရေးအာမခံပိုမိုထားနိုင်အောင် ထောက်ပံ့ကြေး (Subsidies) ပေးမယ်။ အာမခံကုမ္ပဏီတွေအနေနဲ့လည်း ပြည်သူတွေကို'ကျန်းမာရေးအရ၊လူမှုရေးအရ၊စီးပွားရေး အရ'အာမခံမပေးနိုင်ဘူးလို့ငြင်းပယ်ပိုင်ခွင့်မရှိအောင် ဆောင်ရွက်မယ်လို့ဆိုပါတယ်။

တိုင်းပြည်ကရင်ဆိုင်နေရတဲ့'ပြဿနာ၊အကျပ်အတည်း'တွေနဲ့ ပတ်သက်ပြီး ခုလို'မူဝါဒ'တွေထုတ်ပြန်ခဲ့ပေမယ့်လည်း အိုဘားမားဟာ တိုင်းပြည်ရေးရာကိစ္စတွေမှာ အတွေ့အကြုံရင့်ကျက်တဲ့သမ္မတလောင်းတော့မဟုတ်ပါဘူး။အတွေ့အကြုံနုသေးတဲ့ဂျူနီယာ အထက်လွှတ်တော်အမတ်တစ်ဦးသာ ဖြစ်ပါတယ်။

အိုဘားမားဟာ ပုဂ္ဂိုလ်ရေးအရလည်းဝိဝါဒကွဲပြားစရာ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သလိုစိတ်ဝင်စားစရာကောင်းတဲ့ ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်ပါတယ်။ အဖေကကင်ညာနိုင်ငံကလူမည်းတစ်ဦး၊အမေကအမေရိကန်နိုင်ငံ Kansas ပြည်နယ်ကလူဖြူအမျိုးသမီး၊ လူမျိုးစုံကာလာစုံအစ်ကို၊ ညီ၊ နှမ၊ ဦးလေး၊ အဒေါ်တွေကကမ္ဘာ့တိုက်ကြီးသုံးခုမှာ 'တစ်ယောက်တစ်နေရာ'ဆိုသလို ပြန့်ကျဲ နေကြတာပါ။အိုဘားမားရဲ့ ကင်ညာနိုင်ငံသား

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အဘိုးကမူဆလင်ဘာသာဝင်ပါ။ အိုဘားမားအဖေကတော့'ဘာသာမဲ့'ပါ။အိုဘားမားဟာ ငယ်ရွယ်စဉ်အင်ဒိုနီး ရှားနိုင်ငံမှာနေထိုင်စဉ် မူဆလင်ကျောင်းမှာနေခဲ့ဖူး ပါတယ်။အိုဘားမား ကိုယ်တိုင်ကလည်းဘာသာမဲ့ဖြစ်ခဲ့ဖူးပါတယ်။အသက်အရွယ်ရလို့ချီကာဂိုရောက်မှ ခရစ်ယာန်ဘာသာ ကိုကိုးကွယ်ခဲ့တာပါ။

ဒါပေမဲ့အိုဘားမားဟာ'ပြည်သူတွေရဲ့အတွေး၊ခံစားချက်'ကို ကိုယ်စားပြုနိုင်စွမ်းရှိတယ်လို့ဆိုရမှာပါ။အမေရိကန်ပြည်သူအများစုက'အမေရိကန်နိုင်ငံရေးစနစ်ဟာ ပြောင်းလဲနေတဲ့ အခြေအနေတွေနဲ့ လိုက်လျောညီထွေမရှိတော့ဘူး'လို့ယူဆကြပါတယ်။ဒီအချက်ကို အိုဘားမားက သဘောပေါက်ပါ တယ်။

အိုဘားမားက ခုလိုမှတ်ချက်ပေးပါတယ်။

"ကျွန်တော်တို့လုပ်နေကျ(စနစ်ဟောင်း)အတိုင်းလုပ်ပြီး မတူကွဲပြားတဲ့ရလဒ်ကို မျှော်လင့်လို့မရနိုင်ပါဘူး"တဲ့။

ဒါကြောင့်လည်း အိုဘားမားရွေးကောက်ပွဲမဲဆွယ်ရေးလှုပ်ရှားမှုရဲ့တစ်ခုတည်းသောကြွေးကြော်သံက "ပြောင်းလဲကြပါစို့"ပါ။

ဒီ"ကြွေးကြော်သံ"ရဲ့နောက်မှာ အမေရိကန်ပြည်သူတွေ၊အထူးသဖြင့် လူဖြူလူမည်း၊လက်တင်နွယ်ဖွား၊အာရှနွယ်ဖွား၊ကာလာစုံအမေရိကန်လူငယ်တွေက အားတက်သရောထောက်ခံခဲ့ကြတာပါ။

အိုဘားမားကဒီလူငယ်တွေရဲ့'အင်အား၊ထောက်ခံမှု'ကိုထိထိရောက်ရောက်အသုံးချခဲ့သလိုဒီလိုအသုံးချနိုင်ဖို့အတွက် လိုအပ်တဲ့ဘဏ္ဍာငွေတွေကိုလည်း ကျယ်ကျယ်ပြန့်ပြန့်စုစည်းကောက်ခံနိုင်ခဲ့ပါတယ်။ ဒီလိုကောက်ခံတဲ့နေရာမှာလည်း'အင်တာနက်'ကို ကျွမ်းကျွမ်းကျင်ကျင်အသုံးချခဲ့ပါတယ်။

အင်တာနက်အလှူခံစနစ်သစ်တစ်ရပ်ကို ဖန်တီးခဲ့ပြီးအလှူရှင်ပြည်သူပေါင်းသုံးသန်းဆီကနေ အလှူငွေဒေါ်လာသန်းပေါင်း၆၅၀ကို အလှူခံနိုင်ခဲ့ပါတယ်။ဒီငွေပမာဏဟာ ၂၀၀၄ခုနှစ်မှာပြိုင်ဘက်သမ္မတလောင်း နှစ်ဦးစလုံးသုံးခဲ့တဲ့ ငွေကြေးနှစ်ရပ်ပေါင်းထက်ပိုများပါတယ်။ဒီလိုများပြားတဲ့ရွေးကောက်ပွဲရန်ပုံငွေတွေနဲ့အမေရိကန်တစ်နိုင်ငံလုံးကို ရုပ်မြင်သံကြားကနေ ထိထိရောက်ရောက်ကြေညာနိုင်ခဲ့ပါတယ်။

"ပြောင်းလဲကြပါစို့"ဆိုတဲ့ကြွေးကြော်သံကအိုဘားမားကို"အိမ်ဖြူတော်"ကို ရောက်အောင်စွမ်းဆောင်နိုင်ခဲ့ပါပြီ။အိုဘားမားဟာအတွေ့အကြုံနုနယ်တဲ့အတွက် တိုင်းပြည်ကိုဦးဆောင်နိုင်ပါ့မလားလို့ စိုးရိမ် နကြသူတွေလည်းရှိပါတယ်။ဒီလိုဆိုကြပါစို့။"ရွေးကောက်ပွဲအောင်နိုင်ရေးအတွက်အိုဘားမားက သူ့နောက်မှာ ပြည်သူတွေ ပါလာအောင်စုစည်းနိုင်ခဲ့ပါတယ်။ဒါကဘာကိုသက်သေပြသလဲဆိုတော့တိုင်းပြည်ရဲ့'ပြဿနာ၊အကျပ်အတည်း'ကို ဖြေရှင်းဖို့အတွက်အိုဘားမားမှာပြည်သူတွေကိုတစုတစည်းတည်းစုစည်းနိုင်တဲ့'စွမ်းရည်သတ္တိ'ရှိနေတာကိုပါ။

http://www.linhtet.com

# အိုဘားမား၊ အမေရိကန်နှင့် *"Yes We Can"*

အားမာန်နှင့် အယ်ဒီတာအဖွဲ့




တစ်ကမ္ဘာလုံးကစောင့်ကြည့်လျက်ရှိသော ၂၀၀၈ခုနှစ်အမေရိကန်သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာ(၄)ရက်တွင်ကျင်းပပြီးစီးခဲ့သည်။ ကမ္ဘာတွင်တရုတ်၊ရုရှား၊အိန္ဒိယ၊ဘရာဇီးစသောနိုင်ငံများ၌ စီးပွားရေး၊နိုင်ငံရေးစသောကဏ္ဍမျိုးစုံဖွံ့ဖြိုးတိုးတက်လာပြီး၊ ဂုဏ်တက်နေချိန်တွင်အီရတ်စစ်ပွဲနှင့်မျက်မှောက်ကြုံနေဆဲ၊စီးပွားရေးအကျပ်အတည်းများကြောင့်အမေရိကန်နိုင်ငံမှာသိက္ခာကျစရာများနှင့်ကြုံနေရသော်လည်းထိုနိုင်ငံရွေး ကောက်ပွဲကိုကမ္ဘာကစိတ်ဝင်တစားစောင့်ကြည့်ခဲ့ကြသည်။အသက်အကြီးဆုံးသမ္မတ၊ ပထမဦးဆုံးလူမည်းသမ္မတ၊ပထမဦးဆုံးအမျိုးသမီး ဒုတိယသမ္မတစသောမှတ်တမ်းဂုဏ်ပုဒ်ဖြင့် တစ်ဦးမဟုတ်၊ တစ်ဦးရွေးချယ်ခံရမည့်ရွေးကောက်ပွဲတွင်သမ္မတလောင်းနှစ်ဦးအကြိတ်အနယ်မဲဆွယ်ပွဲများကျင်းပ၍အပြိုင်ယှဉ်ပြိုင်နေခြင်းများကလည်းယခုနှစ်ရွေးကောက်ပွဲကို လူအများက ပိုမိုစိတ်ဝင်စားစေသော အဓိကအချက်များတွင်ပါဝင်သည်။တခြားသောကမ္ဘာ့နိုင်ငံများနည်းတူ၊ မြန်မာနိုင်ငံတွင်လည်းစာဖတ်သူအများစုက အမေရိကန်ရွေးကောက်ပွဲကို စိတ်ဝင်စားလျက်ရှိရာ ထိုရွေးကောက်ပွဲအကြောင်းလွယ်ကူစွာနှင့်အပြည့်အစုံသိရှိနိုင်ရန် အမေရိကန်နိုင်ငံချီကာဂိုမြို့သို့သတင်းရယူရန်ရောက်ရှိနေသော *7Day News* ဂျာနယ်မှ အယ်ဒီတာအားရွေးကောက်ပွဲနေ့အဖြစ်အပျက်များကို ဂျာနယ်အယ်ဒီတာအဖွဲ့က ရန်ကုန်မြို့မှ တိုက်ရိုက်ဆက်သွယ်မေးမြန်းထားသည်များမှ ကောက်နုတ်၍ဖော်ပြလိုက်ပါသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**မေး- ဒီနေ့ရွေးကောက်ပွဲနေ့ဆိုတော့အမေရိကန်မြို့တွေရဲ့လမ်းတွေပေါ် လူတွေရှုပ်နေလား။ကျောင်းတွေ၊ရုံးတွေပိတ်လား။**

**ဖြေ-** ချီကာဂိုမြို့မှာတော့ပုံမှန်အတိုင်းပဲသွားလာနေကြပါတယ်။ကျောင်းတွေ၊ တက္ကသိုလ်တွေပိတ်တယ်။မဲရုံအများစုကကျောင်းတွေမှာဖွင့်ထားတာကိုး။ ရုံးတွေတော့ ပုံမှန်အတိုင်းဖွင့်ပြီး လုပ်ကိုင်နေကြတာတွေ့ရတယ်။

**မေး- မဲရုံတွေမှာလူတွေစည်ကားနေလား။ပတ်ဝန်းကျင်အနေအထား လည်းပြောပြပါဦး။**

**ဖြေ-** လူတွေတိုးဝှေ့နေရတာမျိုးတော့မတွေ့ဘူး။ ဒီနေ့မဲရုံ ၅ရုံကိုသွားကြည့်တာ မဲရုံတိုင်းမှာအခမဲ့လုပ်အားပေးသူ ၄-၅ဦး၊ ပါတီနှစ်ခုကို ကိုယ်စားပြု တဲ့ အကဲဖြတ်ဒိုင် ၄-၅ ဦး၊ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကတာဝန်ရှိသူ လုံခြုံရေးဝန်ထမ်းတချို့နဲ့မဲလာပေးတဲ့သူတွေကလေးဦး၊ငါးဦးစလာပြီးမဲပေးတာမျိုးဆိုတော့တိုးဝှေ့နေတာမျိုးတော့ မတွေ့ဘူး။ ဒါပေမယ့်ဒီနေ့မနက်အိုဘားမားမဲပေးခဲ့တဲ့မဲရုံကတော့ တခြားရုံတွေထက်ပိုကြီးပြီး၊ လူပိုစည်တာတွေ့ရတယ်။မဲလာပေးတဲ့လူတွေကို မေးကြည့်တော့အများစုက ပျော်ရွှင်နေကြတယ်။တချို့ကတော့ စိတ်လှုပ်ရှားနေတယ်လို့ပြောကြတယ်။

**မေး- မဲရုံတွေကဘယ်အချိန်ဖွင့်ပြီး၊ ဘယ်အချိန်မှာပိတ်ပါလဲ။**

**ဖြေ-** မဲရုံတွေဖွင့်ချိန်၊ ပိတ်ချိန်ကတစ်မြို့နဲ့တစ်မြို့မတူဘူး။အီလီနွိုက်စ်ပြည်နယ်ထဲမှာရှိတဲ့ ချီကာဂိုမှာတော့နံနက်၆နာရီဖွင့်တယ်။ညနေ၇နာရီ ပိတ်တယ်။ တချို့ ပြည်နယ်တွေမှာကြတော့နံနက်၇နာရီဖွင့် ညနေ၈နာရီပိတ်၊ နံနက်၈ နာရီဖွင့် ညနေ၉နာရီပိတ်ဆိုပြီး အမျိုးမျိုးကွဲနေတယ်။

**မေး- လူတွေကမဲပေးနေချိန်မှာသမ္မတလောင်းတွေက ဘာလုပ်နေကြလဲ။ မဲဆွယ်ပွဲတွေလုပ်နေကြတုန်းပဲလား။**

**ဖြေ-** သူတို့ကိုယ်တိုင်လည်းမဲပေးခွင့်ရှိတော့ နံနက်အစောကြီးမှာသူတို့ ပြည် နယ်ထဲမှာရှိတဲ့ မဲရုံမှာမဲပေးကြတယ်။အိုဘားမားဆိုသူနေတဲ့ချီကာဂိုမြို့၊ ဝါရှင်တန်တက္ကသိုလ် အနီး ဘူလာ(ရှ်)ရှူးစမစ်(*Beulah Shoesmith*)ကျောင်းထဲကဖွင့်ထားတဲ့ မဲရုံမှာ နံနက်၇နာရီမှာမဲပေးသွားတယ်။အိုဘားမားရဲ့အိမ်က ဝါရှင်တန်တက္ကသိုလ်အနီးမှာပဲ အဲဒီနေ့မှာ သမ္မတလောင်းတွေ လျှောက်လည်ပတ်တာတော့ရှိတယ်။လူထုနဲ့တွေ့ပြီး၊ မိန့်ခွန်းပြောတာကညပိုင်းမှလုပ်ကြတာ။ ရွေးကောက်ပွဲပြီးမှလုပ်တာဆိုတော့ မဲဆွယ်တာမဟုတ်တော့ဘူး။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**မေး-** **နာမည်ကြီးအနုပညာရှင်တွေမဲပေးကြတာတွေ့လား။**

**ဖြေ-** နာမည်ကြီးအနုပညာရှင်တွေလာမဲပေးတာတော့မတွေ့ဘူး။ မတွေ့ဘူးဆို ဆာချီကာဂိုမှာပဲမဲပေးတဲ့နေရာ၁၇၀၀လောက်ရှိတယ်။သွားကြည့်နိုင်တာငါးရုံပဲရှိတယ်။တစ်နိုင်ငံလုံးမှာဆိုမဲရုံပေါင်း၃၀၀၀၀ကျော်တောင်ရှိတာဆိုတော့ကြိုသိလို့သွားစောင့်တာမျိုးမဟုတ်ရင်၊တွေ့ဖို့မလွယ်နိုင်ဘူး ထင်တယ်။

**မေး-** **မဲထည့်ခွင့်မရှိတဲ့အသက်၁၈နှစ်အောက်ကလေးတွေရော ရွေးကောက်ပွဲ ကိုစိတ်ဝင်စားကြလား။**

**ဖြေ-** စိတ်ဝင်စားကြတယ်။သမ္မတလောင်းတွေရဲ့မဲဆွယ်ပွဲတွေကိုကြည့် ကြည့်ပါလား။ကလေးတွေကိုအများကြီးတွေ့ရတယ်။သမ္မတလောင်းတွေရဲ့ အင်္ကျီဝတ်၊အလံတွေကိုင်နေတဲ့ကလေးမျိုးတွေအများကြီးတွေ့ရတယ်။ ဒါပေမယ့်သူတို့စိတ်ဝင်စားတာဘယ်လောက် လေးနက်မှုရှိတယ်၊မရှိဘူးဆိုတာအင်တာဗျူးမလုပ်လိုက်ရတော့မသိဘူး။ သေချာတာကတော့သူတို့ပျော်နေကြ တာပဲ။

**မေး-** **ရောက်နေတဲ့ချီကာဂိုမြို့က မက်ကိန်းကိုပိုကြိုက်လား၊ အိုဘားမားကိုပိုကြိုက်လား။**

**ဖြေ-** ချီကာဂိုမြို့က ဒီမိုကရက်တစ်ပါတီကိုထောက်ခံတဲ့သူတွေများတဲ့မြို့ဆိုတော့ အိုဘားမားကိုပိုကြိုက်ကြတာပေါ့။ ဒီမိုကရက်တစ်ပါတီကိုထောက်ခံသူအလွန်ကိုများတဲ့မြို့လို့ချီကာဂိုက တာဝန်ရှိသူတွေကပြောတယ်။

**မေး-** **မဲပေးတဲ့အခါမှာ လူတွေလွတ်လွတ်လပ်လပ်ပေးနိုင်ကြရဲ့လား။**

**ဖြေ-** မြင်ရသလောက်တော့ လွတ်လွတ်လပ်လပ်မဲပေးနိုင်ကြတယ်။ မဲပေးမယ့်သူက မဲရုံထဲရောက်တာနဲ့အမည်စာရင်းနဲ့တိုက်၊ယာဉ်မောင်းလိုင်စင်ဒါမှမဟုတ် သက်သေခံလက်မှတ်ပြပြီးဖောင်ယူ၊ ပြီးတော့မဲပေးဖို့လုပ်ထားတဲ့အကန့်လေးတွေထဲဝင်ပြီး တစ်ယောက်ထဲလွတ်လွတ်လပ်လပ်အမှတ်ခြစ်နိုင် တာတွေ့ရတယ်။ ထူးခြားတာကမဲပေးပြီးသားမဲပြားကိုပုံးထဲထည့်ရတာမဟုတ်ဘူး။အီလက်ထရောနစ်မဲပုံးထဲထည့်လိုက်ရတာ။ ထည့်တာမှန်တယ်ဆိုတာနဲ့လက်ခံဖြတ်ပိုင်းလိုလိုဘားကုတ်လိုဟာထွက်လာတယ်။ အဲဒီလိုလုပ်ရာမှာ မှားနေရင် မဲရုံကလုပ်အားပေးသူတွေ၊ အကဲဖြတ်ဒိုင်တွေကိုအကူအညီတောင်းရတယ်။အဲဒီစနစ်နဲ့သိပ်အကျွမ်းမဝင်ဖြစ်တဲ့သူတချို့ရှိတယ်လို့ပြောတယ်။နောက်ထူးခြားတာတစ်ချက်က မဲရုံတွေမှာ မဲပေးပုံအဆင့်ဆင့် လမ်း ညွှန်တွေကိုလူမျိုးခြားမဲပေးသူတွေ အဆင်ပြေအောင် အင်္ဂလိပ်ဘာသာအပြင်စပိန်၊တရုတ်၊ပိုလန်ဘာသာတွေနဲ့ပါဖော်ပြထားတယ်။ နောက်ဆိုကို

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ရီးယား၊ ရုရှားနှစ်ဘာသာကိုပါထပ်တိုးပြီးဖော်ပြဖို့ရှိတယ်လို့ အီလီနွိုက်စ်ပြည်နယ်ရွေးကောက်ပွဲကျင်းပရေးဘုတ်အဖွဲ့ထိပ်တန်းအရာရှိမစ္စတာဒန်ဝိုက်စ်ကပြောတယ်။ရွေးကောက်ပွဲမြင်ကွင်းအားလုံးကို ခွင့်တောင်းပြီး ကြိုက်သလောက်ဓာတ်ပုံရိုက်နိုင်တယ်။

**မေး-** **မဲရုံတွေမှာ လုံခြုံရေးတွေရောချထားလား။**

**ဖြေ-** လုံခြုံရေးတွေချထားတယ်။မဲရုံသေးရင်တစ်ဦး၊နှစ်ဦးလောက်သာချထားပေမယ့် မဲရုံကြီးတွေမှာတော့ လုံခြုံရေးအတွက် ရဲတွေပိုချထားတာတွေ့ရတယ်။နောက်မဲရုံတွေဆိုတာဟိုတယ်တွေ၊ပြတိုက်တွေ၊ကျောင်းတွေ၊တက္ကသိုလ်တွေ၊ဘက်စကက်အားကစားရုံတွေ စတဲ့နေရာမျိုးစုံ၊ အဆောက်အအုံမျိုးစုံတွေမှာ ယာယီဆောက်လုပ်စီစဉ်ထားတာတွေ့ရတယ်။

**မေး-** **မဲပြားတွေရဲ့ပုံစံကရော ဘယ်ပုံစံမျိုးလဲ။**

**ဖြေ-** အကြိုမဲပေးရာမှာသုံးတဲ့မဲပြားနဲ့ ရွေးကောက်ပွဲနေ့ကြီးမှာသုံးတဲ့ *Electro* မဲပြားနဲ့ကပုံစံမတူဘူး။အကြိုမဲပြားတွေက*A4* ထက်နည်းနည်းဖြက် ပိုကျယ်တဲ့ စက္ကူထူထူပေါ်မှာ သမ္မတ၊ပါတီ၊လွှတ်တော်အမတ်၊ ပြည်နယ်အမတ် စတဲ့မဲပေးခွင့်ရှိတဲ့ရာထူးနေရာ တွေအတွက် အရွေးခံတဲ့အထဲက ကိုယ်ကြိုက်တဲ့လူကိုမဲခြစ်လိုက်ပြီး၊ စာအိတ်ထဲပိတ်ပြီး တော့မှ မဲပုံးထဲကိုထည့်ရတာ။ရွေးကောက်ပွဲနေ့မှာသုံးတဲ့*Electro*မဲပြားကျတော့ မဲပြားမှာပါတဲ့အကြောင်းအရာကအတူတူပဲ။ဒါပေမယ့်သူကအကြီးကြီး၊အရောင်ကလည်း အဝါနဲ့ လိမ္မော်ကြားထဲကအရောင်မျိုး၊ သူ့ကိုကျတော့ မဲပုံးထဲထည့်ရတာ မဟုတ်ဘူး။ *Electro* မဲပြားတွေအတွက် သီးသန့် လုပ်ထားတဲ့စက်ထဲကိုထည့်ရတာ။ အဲဒီမဲတွေအားလုံးကို မဲရုံတွေပိတ်ပြီဆိုတာနဲ့ စတင်ရေတွက်ရတာ။

**မေး-** **၂၀၀၈ရွေးကောက်ပွဲမှာအမေရိကန်ပြည်သူဘယ်လောက်က မဲပေးခဲ့လဲ။**

**ဖြေ-** ရွေးကောက်ပွဲကော်မရှင်က တရားဝင်ထုတ်ပြန်တဲ့ကိန်းဂဏန်းကတော့ နိုဝင်ဘာ ၁၅ရက်အထိ ထွက်မလာသေးဘူး။ဒါပေမယ့်တက္ကသိုလ်တွေက ရွေးကောက်ပွဲအကြောင်းကို အထူးပြုလေ့လာတဲ့ပါမောက္ခတချို့ကတော့ သူတို့ရဲ့စစ်တမ်းတွေကို သီးသီး ထုတ်ပြန်တာရှိတယ်။*George Mason* တက္ကသိုလ်ကဒေါက်တာမိုက်ကယ်မက်ဒိုနယ်က အမေရိကန်ပြည်သူ၁၃၃ ဒသမ၃သန်းကမဲပေးခဲ့တယ်လို့နိုဝင်ဘာ၅ရက်နေ့မှာ သူရဲ့ဘလော့ဂ်မှာဖော်ပြတယ်။ လူသန်း၃၀၀ကျော်ရှိတဲ့အမေရိကန်နိုင်ငံမှာ အထက်ပါမဲပေးခဲ့တယ်ဆိုတဲ့အရေအတွက်က တရားဝင်မဲပေးခွင့်ရှိတဲ့အမေရိကန်ပြည်သူအရေအတွက်ရဲ့ ၆၂ဒသမ၆ရာခိုင်နှုန်းရှိတယ်လို့ဆိုတယ်။(မှတ်ချက်-နိုဝင်ဘာ၇ရက်ထုတ်နယူးယောက်တိုင်းမ် သတင်းစာတွင်တက္ကသိုလ်

http://www.linhtet.com



တစ်ခု၏ မဲပေးခဲ့မှုနှုန်းကိုလေ့လာခဲ့သောစစ်တမ်းအရ၂၀၀၈ရွေးကောက်ပွဲတွင် မဲပေးသူအရေအတွက်၁၂၆သန်းမှ ၁၂၈. ၅သန်းအတွင်းရှိသည်ဟု ဆိုသည်။)

**မေး- ရွေးကောက်ပွဲရလဒ်တွေကို ဘယ်အချိန်မှာသိရလဲ။**

**ဖြေ-** ရွေးကောက်ပွဲကော်မရှင်က တရားဝင်ထုတ်ပြန်တဲ့ရလဒ်ကတော့ ရွေးကောက်ပွဲလုပ်ပြီးနောက်နေ့မှသိရပေမယ့် *CNN, Fox, MSNBC*စတဲ့ ရုပ်သံသတင်း ဌာနတွေရဲ့ခန့်မှန်းတွက်ချက်မှုတွေကိုနိုဝင်ဘာ၄ရက်နေ့ညနေပိုင်းကစပြီးသိရနေပြီ။ခန့်မှန်းတွက်ချက်တဲ့သတင်းဌာနတွေအများကြီးရှိရာမှာ *CNN* သတင်းဌာနရဲ့ခန့်မှန်းချက်ကိုတော့ လူအားလုံး၊ သတင်းထောက် တွေ၊သတင်းဌာနတွေကအစတရားဝင်ရလဒ်နီးပါးယုံကြည်ကြတယ်။ ဒါကလည်းသူတို့သတင်းဌာနရဲ့ ခန့်မှန်းတွက်ချက်မှုတွေကသမိုင်းမှတ်တမ်းတွေအရ ရာခိုင်နှုန်းအနည်းငယ်ကွာတာကလွဲလို့ဘယ်တော့မှမမှားဘူးဆိုတဲ့မှတ်တမ်းရှိလို့ ဖြစ်တယ်လို့ပြောတယ်။ ဒီရွေးကောက်ပွဲမှာတော့ အိုဘားမားနိုင်သွားပြီဆိုတဲ့အကြောင်းကို*CNN*က အမေရိကန်စံတော်ချိန်နိုဝင်ဘာ၄ရက်ည၁၀နာရီတစ်မိနစ်မှာကြေညာသွားတယ်။သူတို့ရဲ့အဆိုအရ ည၁၀နာရီမှာအိုဘားမားကသူနိုင်ဖို့လိုအပ်တဲ့*Electro Vote* ၂၇၀မဲကိုကျော်လွန်ပြီး ၃၃၃ မဲအထိရနေပြီး၊မက်ကိန်းက၁၅၅မဲပဲရသေးတယ်လို့ဆိုတယ်။သူတို့ရဲ့ ကြေညာချက်လည်းထွက်ရောအိုဘားမားနဲ့ဒီမိုကရက်တစ်ပါတီထောက်ခံသူတွေ အော်ဟစ်အောင်ပွဲခံကြတာ၊ ဆူညံပြီး ရှုပ်ယှက်ခတ်နေတာပဲ။

**(မှတ်ချက် - နိုဝင်ဘာ၅ရက်ရွေးကောက်ပွဲကော်မရှင်၏ *Electroal College* တရားဝင်ထုတ်ပြန်ချက်အရမဲအရေအတွက်၅၃၈မဲရှိရာတွင် သမ္မတဖြစ်လာရန် ၂၇၀ထောက်ခံမဲအနည်းဆုံးလိုအပ်ပြီး၊အိုဘားမားမှာ၃၄၉မဲရရှိခဲ့၍ အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပုံမှန်ဆိုလျှင်မဲ၂၇၀ရသူကနိုင်သည်။)**

**မေး- ရွေးကောက်ပွဲလုပ်တဲ့နေ့ညမှာအိုဘားမားနဲ့မက်ကိန်းတို့က သူတို့ရဲ့ပြည်နယ်တွေအသီးသီးမှာ *Election Night* လုပ်တယ်လို့သိရတယ်။ ချီကာဂိုမြို့က *Grand Park*မှာပြုလုပ်ခဲ့တဲ့ အိုဘားမားရဲ့အောင်ပွဲခံမိန့်ခွန်းပြောတဲ့ အကြောင်းပြောပြပေးပါဦး။**

**ဖြေ-** ဟုတ်တယ်။သမ္မတလောင်းနှစ်ဦးစလုံး သူတို့ရဲ့ပြည်နယ်အသီးသီးမှာ မိန့်ခွန်းပြောခဲ့တယ်။ အာရီဇိုးနားပြည်နယ်*Phoenix*မှာမက်ကိန်းက မိန့်ခွန်းပြောသလို၊ တစ်ချိန်တည်းမှာပဲအိုဘားမားက*Grand Park*မှာမိန့်ခွန်းပြောတယ်။မက်ကိန်းရဲ့ပြောတာကိုတော့*CNN*ကနေပြီးတော့ပဲကြည့်ခွင့်ရတယ်။ဒါပေမယ့်အိုဘားမားရဲ့ပွဲကိုတော့ ကိုယ်တိုင်တက်ရောက်သတင်းယူခွင့်ရခဲ့တယ်။အိုဘားမားရဲ့မိန့်ခွန်းနားထောင်ဖို့နိုဝင်ဘာ၄ရက်ည

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

နေပိုင်းကနေစပြီး လူတွေလာကြတာတရုန်းရုန်းပဲ။နယူးယောက်တိုင်းမ်သတင်းစာက အိုဘားမားမိန့်ခွန်းပြောတာကိုလာနားထောင်တဲ့လူပေါင်းနှစ်သိန်းနှစ်သောင်း ကျော်ရှိတယ်လို့ရေးတယ်။*CNN* ကလည်း လူပေါင်းနှစ်သိန်းသုံးသောင်းကျော် လာမယ်လို့ခန့်မှန်းတယ်။လူတွေဘယ်လောက်လာလဲဆိုတာကိုယ်တိုင်မခန့်မှန်းနိုင်ပေမယ့် တကယ့်ကိုအများကြီးပဲလူပင်လယ်ကြီးလိုပဲ။ အဲဒီပွဲကိုတက်ပြီးတစ်ကမ္ဘာလုံးကသတင်းယူဖို့ရောက်နေတဲ့သတင်းထောက်တင်ပဲ ထောင်နဲ့ချီရှိ တယ်လို့ဆိုတယ်။လုံခြုံရေးကိုလည်းအများကြီးချထားတယ်။အဲဒီကွင်းထဲကိုရောက်ဖို့ အဆင့်ဆင့်အစစ်ခံပြီးမှ ဝင်ခွင့်ရတာ။ *Grand Park* ရဲ့အပေါ်မှာ ရဟတ်ယာဉ်လေးစီးက အချိန်ပြည့်ပျံဝဲနေတာတွေ့ရတယ်။

လုံခြုံရေးရဟတ်ယာဉ်တွေလို့ထင်တာပဲ။နောက်လူတွေရဲ့အပေါ်မှာ ပိုးစုန်းကြူးလိုမီးမှိတ်တုတ်၊မှိတ်တုတ်နဲ့ကိရိယာလေးတွေနိမ့်လိုက်မြင့်လိုက်ဝဲနေတာလည်းအမှတ်မထင်တွေ့ရတယ်။ဒါကိုလူတော်တော်များများသတိမထားမိကြဘူး။အိုဘားမားစကားပြောမယ့်စင်မြင့်တစ်ခုဆောက်ထားပြီး စင်ပေါ်မှာ အမေရိကန်အလံ ၂၆ခု လွှင့်ထားတယ်။အဲဒီကွင်းကြီးတစ်ခုလုံးကို ဘောလုံးကွင်းတွေမှာ ထွန်းတဲ့ မီးလုံးကြီး တွေလိုမျိုးဆလိုက်မီးတွေက ကွင်းရဲ့ လေးဘက်လေးတန်ကထွန်းထားသလို စင်မြင့်ရဲ့ မနီးမဝေးမှာ *CNN* သတင်း ဌာနရဲ့သတင်းထုတ်လွှင့်ချက်တွေကို *Live* လွှင့်ပေးနေတဲ့ *TV Screen* နှစ်ခုထားပေးတယ်။သတင်းထောက်တွေသတင်းရယူဖို့ သတ်မှတ်ထားတဲ့ဧရိယာအတွင်းမှာလည်း လက်မ ၁၀၀၀န်းကျင် ရှိမယ့် *TV Screen* နှစ်ခုနဲ့ *CNN* က *Live* လွှင့်ပေးနေတယ်။*CNN* ကရွေးကောက်ပွဲနဲ့ပတ်သက်တဲ့နောက်ဆုံးသတင်းတွေရယ်၊သူတို့ရဲ့ခန့်မှန်းရွေးကောက်ပွဲတွေရယ်၊ သူတို့ရဲ့ခန့်မှန်းရွေးကောက်ပွဲရလဒ်တွေကိုတစ်ချိန်လုံးလွှင့်ပေးနေတာပါ။အိုဘားမားအနိုင်ရတဲ့ပြည်နယ်တွေနဲ့သူရတဲ့မဲအရေအတွက် ခန့်မှန်းရလဒ်တွေကြေညာတဲ့အခါ လူတွေကလက်ခုပ်တီး၊အော်ဟစ်ပြီးအောင်ပွဲခံကြတယ်။ နောက်ဆုံးည၁၀ နာရီတစ်မိနစ်မှာ*CNN*က အိုဘားမားနိုင်ပြီဆိုတာကြေညာလိုက်ရော လူတွေပျော်လွန်းလို့အော်ဟစ်ကတဲ့လူကက၊ငိုတဲ့လူကငိုဖြစ်ကုန်တယ်။သတင်းထောက်တွေတောင်မှငိုတာ၊ မျက်ရည်ကျတာတွေရှိတယ်။လူတွေအော်ဟစ်အောင်ပွဲခံကြတာအကြာကြီးပဲ။နောက်၁၀နာရီမိနစ် ၂၀ဝန်းကျင်လောက်ကျတော့ မက်ကိန်းကရွေးကောက်ပွဲမှာသူရှုံးပြီး အိုဘားမားနိုင်တာ ကိုဝန်ခံပြီး၊ သူက အိုဘားမားကိုငယ်ရွယ်ရဲရင့်သူ၊ ထူးချွန်ထက်မြက်ပြီး အိုဘားမားရဲ့အနိုင်ကိုအသိအမှတ်ပြုဂုဏ်ပြုကြောင်း၊အိုဘားမားကိုကူညီဖို့အသင့်ရှိနေကြောင်း၊ ကျေးဇူးတင်ထိုက်သူတွေကို ကျေးဇူးတင်တဲ့အကြောင်းနဲ့သူ့ကိုထောက်ခံတဲ့သူတွေကိုအထူးကျေးဇူးတင်ကြောင်းပြောနေတာကို *CNN*က တိုက်ရိုက်လွှင့် တယ်။

အဲဒါလွှင့်နေတဲ့အချိန်မှာ လူတွေအားလုံးငြိမ်သွားကြတယ်။တချို့သတင်းထောက်တွေကတော့မက်ကိန်းရဲ့ဒီညမိန့်ခွန်းအလွန်ကောင်းတဲ့ အကြောင်းချီးကျူးကြတယ်။မက်ကိန်း

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း


မိန့်ခွန်းအပြီးမြူးမြူးကြွကြွသီချင်းတွေ ဖွင့်ရောစောစောကငြိမ်သွားတဲ့လူအုပ်ကြီး တစ်ခါကကြ၊ ခုန်ကြပြန်တယ်။ဒီလိုနဲ့ လူအုပ်ကြီးစောင့်နေတဲ့ အိုဘားမားက ည၁၀နာရီ၅၅မိနစ်မှာ စင်မြင့်ပေါ်တက်လာတယ်။ဒါနဂိုက၁၀နာရီလာမယ်ဆိုတာထက်နောက်ကျပြီးရောက် လာတာ၊ အိုဘားမားကိုထောက်ခံတဲ့ သူတွေရဲ့ လက်ခုပ်သံတွေဆူညံနေတာပဲ။ လူတွေက Yes we can! Yes we can!ဆိုတဲ့စာလုံးကို အချိန်တော်တော်များများအော်ကြတယ်။အိုဘားမားကမိနစ်၃၀နီးပါးမိန့်ခွန်းပြောတယ်။သူရဲ့မိန့်ခွန်းထဲမှာသူ့ရဲ့အောင်ပွဲအတွက် သူ့ရဲ့မဲဆွယ်ပွဲမန်နေဂျာအပါအဝင် ဂျိုးဘိုင်ဒင်၊ မီရှဲလ်အိုဘားမားစသဖြင့်တစ်ဦးချင်းနဲ့သူ့ကို မဲပေးထောက်ခံတဲ့သူတွေကိုချီးကျူးပြီး၊ကျေးဇူးတင်စကားပြောသွားတယ်။သူ့ရဲ့ မဲဆွယ်ပွဲမန်နေဂျာကိုတော့ကမ္ဘာမှာအတော်ဆုံးမဲဆွယ်ပွဲမန်နေဂျာ (Campaign Manager) လို့တောင် ချီးကျူးသွားတယ် ပြီးတော့အမေရိကသို့ပြောင်းလဲမှုများရောက်ရှိလာပါပြီ။ရွေးကောက်ပွဲမှာ မိမိတို့အနိုင်ရရှိရုံသာရှိသေးပြီး ရှေ့ကိုစိန်ခေါ်မှုများစွာစောင့်ကြိုနေသည်ကိုသိရှိကြောင်းကိုလည်း ထည့်ပြောတယ်။မက်ကိန်းနဲ့ပတ်သက်ပြီးတော့လည်း မိမိတို့ဟာရန်သူများမဟုတ်ပါကြောင်း၊ ခင်ဗျားတို့ရဲ့ အကူအညီများကိုလည်းများစွာလိုအပ် ပါကြောင်း လိမ်လိမ်မာမာပြောသွားတာတွေ့ရတယ်။နောက်ပိုင်းမှာ သူ့ရဲ့ပုံစံအတိုင်းYes We can! Yes we can!ကို တွင် တွင်ပြောသွားပြီး၊ ခင်ဗျားတို့ကို ကျေးဇူးတင်ပါတယ်။ခင်ဗျားတို့ကိုဘုရားသခင်စောင့်ရှောက်ပါစေ။ အမေရိကန်ပြည်ထောင်စုကိုဘုရားသခင်စောင့်ရှောက်ပါစေလို့ပြောပြီးသူ့ရဲ့မိန့်ခွန်းကို ည၁၁ နာရီ၁၆မိနစ်မှာ အဆုံးသတ်သွားတယ်။ မဲဆွယ်ပွဲကအပြန်လူတွေအားလုံးကYes we can! Yes we can!ဆိုတဲ့ စကားကို လူတိုင်းနီးပါးရွတ်ဆိုနေကြတယ်။ Grand Park ကအပြန်လူအုပ်ကြီးကဆည်ကြီးထဲက ရေတွေဖောက်ချလိုက်သလိုပဲ။ချီကာဂိုမြို့ထဲမှာလည်း အောင်ပွဲခံပါတီတွေ ကျင်းပပြီး တရုန်းရုန်းနဲ့ စည်ကားနေတာမှာ မဲဆွယ်ပွဲက ပြန်လာတဲ့လူတွေနဲ့လည်း ပေါင်းမိရော တစ်မြို့လုံးကိုအောင်ပွဲခံတာ ဝုန်းဒိုင်းကြဲနေတာပဲ။အဲ့ဒီအချိန်မှာဝတ်စုံပြည့်ဝတ်အမေရိကန်ရဲတွေ၊ စစ်သားတွေ မြို့အနှံ့နေရာချထားတယ်။ ဒီမြို့ကလူတော်တော်များများက အဲ့ဒီညအောင်ပွဲခံကြတာမအိပ်ကြဘူးလို့တောင်ပြောတယ်။အိုဘားမားကြောင့် အမေရိကန်တို့ရဲ့ မျှော်လင့်ချက်တွေပြန်လင်းလက်လာပြီလို့ သူ့ကိုထောက်ခံသူတွေကဆိုတယ်။

***7 Day News ဂျာနယ် အတွဲ (၂)၊ အမှတ် (၃)။***

http://www.linhtet.com

# မက်ကိန်းအပေါ် အိုဘားမားအနိုင်ရခြင်းမှာ သမိုင်းဝင်ဖြစ်ရပ်တစ်ခုဖြစ်

သောင်းထိုက်ဦး



ဒီမိုကရက်ဘာရက်အိုဘားမားသည်အင်္ဂါနေ့တွင် အမေရိကန်၏ သမိုင်းစာမျက်နှာတွင်သူ၏အမည်ကိုရေးသားခဲ့သည်။ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်သမ္မတလောင်းဂျွန်မက်ကိန်းအပေါ် အနိုင်ရလိုက်ခြင်းဖြင့် နိုင်ငံရေး၊ လူမှုရေး နိုးကြားထကြွမှုကိုဖြစ်စေမည့် ပထမဆုံး လူမည်းသမ္မတဖြစ်လာသည်။ အိမ်ဖြူတော်ကိုသိမ်းပိုက်ရန် တံဆိပ်ခတ်နှိပ်ပြီး တစ်နာရီလျော့လျော့အချိန်တွင် အိုဘားမားနှင့်သူ၏ဇနီးမီရှဲလ်တို့သည် သူတို့၏ သမီးနှစ်ယောက်ကို လက်ဆွဲ၍ ချီကာဂိုပန်းခြံအတွင်းကျင်းပသောအောင်ပွဲခံအခမ်းအနားစင်မြင့်ပေါ်သို့တက်ခဲ့သည်။အမေရိကဟာအရာအားလုံးကိုဆောင်နိုင်တဲ့နေရာဖြစ်တယ်ဆိုတာသံသယရှိသူများရှိနေတယ်။ကျွန်တော်တို့နိုင်ငံတည်ထောင်သူများ၏အိပ်မက်များ ယခုတိုင်ရှင်သန်နေသေးတာကို အံ့သြနေသူတွေရှိနေသေးတာကို အံ့သြနေသူတွေရှိနေသေးသလို ကျွန်တော်တို့ရဲ့ ဒီမိုကရေစီတန်ခိုးအာဏာကို မေးခွန်းထုတ်နေသူတွေယနေ့တိုင် ရှိနေပါသေးတယ်။ယနေ့ညဟာ 'သူတို့အတွက်အဖြေပါဘဲ' ဟုနောက်ဖြစ်လာမယ့်သမ္မတက ပြောကြားခဲ့သည်။သူသည်သူ၏အရှည်ကြာဆုံးနှင့်အမေရိကန်သမိုင်းတွင်အကုန်အကျအများဆုံးသမ္မတရွေးပွဲဝင်ပြိုင်ဘက်အသက်၇၂နှစ်အရွယ်မက်ကိန်းကို လည်းနွေးထွေးစွာနှုတ်ခွန်းဆက်ပြောကြားခဲ့သည်။မစ္စတာမက်ကိန်းသည် မစ္စတာအိုဘားမားအားသူ၏အောင်မြင်မှုအပေါ် ချီးကျူးစကားပြောကြားအပြီးအရီဇိုးနား၌သူ၏စိတ်ဓါတ်ကျနေသောထောက်ခံသူ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

များအားပြောကြားရာတွင် 'အမေရိကန်ပြည်သူများဟာအဖြေပေးခဲ့ကြပြီ။ရှင်းလင်း ပြတ်သားစွာ အဖြေပေးခဲ့ပြီးဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။ သူက ဆက်လက်ပြောကြားရာတွင် မစ္စတာအိုဘားမားနှင့်သူ၏ဒုတိယသမ္မတဂျိုးဘိုင်ဒင်၏နောက်တွင်စည်းလုံး ညီညွတ်ကြရန်နိုင်ငံသို့တိုက်တွန်းတောင်းဆိုလိုက်သည်။အီလီနွိုက်စ်ဆီးနိတ်အမတ် အသက်(၄၇) နှစ်အရွယ်ရှိ အိုဘားမားသည် ကင်းဆပ်စ်ပြည်နယ်လူဖြူမိခင်နှင့် လူမည်းကင်ညာနိုင်ငံသားတို့၏သားဖြစ်သည်။ အမေရိကန်ပြည်သူများ၏မျှော်လင့်ချက်များနှင့် ပြောင်းလဲမှုပြုလုပ်ပေးရန်ကတိပေးချက်ဖြင့်၂၁ လလုံးလုံးမဲဆွယ်စည်းရုံးခဲ့ခြင်းဖြင့်အိမ်ဖြူတော်သို့ လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံရင်ဆိုင်နေရသော ပြဿနာများကိုသတိပြုလျက်အိုဘားမားကပြောရာတွင် 'သွားရမယ့်ခရီးကအလွန်ရှည်လျားပါတယ်။မတ်စောက်တဲ့တောင်ပေါ် တက်သလိုပါဘဲ။ကျွန်တော်တို့ တစ်နှစ်တည်းဒါမှမဟုတ်သက်တမ်းတစ်ခုအတွင်း မရောက်နိုင်ပါဘူး။ ဒါပေမယ့်အမေရိကမှာ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မယ့်လို့ ဒီနေ့ညလောက် ဘယ်တုံးကမှမျှော်လင့်မထားမိပါဘူး။ ကျွန်တော်တို့ ပန်းတိုင်ရောက်ပါ။ခင်ဗျားတို့ကို ကျွန်တော်ကတိပေးပါတယ်။ ကျွန်တော်တို့မလွဲမသွေရောက်မှာပါ'ဟု ပြောကြားခဲ့သည်။

အိုဘားမားအနိုင်ရရှိကြောင်းကြေညာပြီးနောက် သူ၏ပြိုင်ဘက်ဟီလာရီကလင်တန်က သူ့အားထောက်ခံပြောကြားကာ အမေရိကန်နိုင်ငံ၏ ၄၄ ဦးမြောက် သမ္မတအဖြစ် ရွေးကောက်ပေးလိုက်သောအမေရိကန်ပြည်သူတို့အား ချီးကျူးလိုက်သည်။ အိုဘားမား၏ သမ္မတသက်တမ်းတွင်အမေရိကန်နိုင်ငံ၏ နိုင်ငံခြားရေးပေါ်လစီသည် ပုံစံသစ်စတိုင်သစ်ဖြင့် ဆောင်ရွက်လာမည်ဟု မျှော်လင့်ရသည်။သူကအီရတ်နိုင်ငံရှိ အမေရိကန်တပ်များကို၁၆လအတွင်း ရုပ်သိမ်းနိုင်ရန်ကြိုးပမ်းသွားမည်ဟုပြောကြားခဲ့သည်။ ကျူးဘားနှင့်အီရန်နိုင်ငံ များကဲ့သို့ ဆန့်ကျင်ဘက်နိုင်ငံများနှင့်ဆွေးနွေးပွဲအသစ်ပြုလုပ်ရန်အတွက် တံခါးဖွင့်ပေးရန်တောင်းဆိုခဲ့သည်။သူကဂွာတာနာမိုကမ်းခြေအကျဉ်းစခန်းကိုပိတ်ပစ်ရန်တောင်းဆိုခဲ့သည်။သူသည်ကမ္ဘာလုံးဆိုင်ရာပူနွေးလာမှုကိုလျော့ချရန် ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ထုတ်လွှင့်မှုထိန်းချုပ်ရေးစနစ်ကို ထောက်ခံသည်။

အိုဘားမား၏ ယခုကဲ့သို့ဂျွန်မက်ကိန်းအပေါ် အပြတ်သတ်အနိုင်ရရှိလိုက်ခြင်းသည် သမ္မတရွေးကောက်ပွဲနီးကပ်လာချိန်အတွင်းငွေကြေးဆိုင်ရာအကျပ်အတည်းကျရောက်လာခြင်းကြောင့်ဖြစ်သည်။ထို့ပြင်သူနှင့်သူ၏ အပေါင်းအဖော်ဒီမိုကရက်တို့ကမက်ကိန်းနှင့်လူထုထောက်ခံမှုကျဆင်းနေ သော သမ္မတဘုရှ်တို့ဆက်နွယ်မှုကို အောင်မြင်စွာ မီးမောင်းထိုးပြနိုင် ခြင်း ကြောင့်လည်းဖြစ်သည်။ အိုဘားမားသည်သူ၏ဇာတိမြို့၌ သူ့အားထောက်ခံသူ လူ၅၀၀၀၀တက်ရောက်သောအောင်ပွဲခံအခမ်းအနား၌မိန့်ခွန်း ပြောကြားခဲ့သည်။ထိုအခမ်းအနားသို့တက်ရောက်သူများထဲတွင် လူ့အခွင့်အရေးခေါင်းဆောင်နှင့်သမ္မတလောင်းအဖြစ် ယခင်ကယှဉ်ပြိုင်အရွေးခံခဲ့ဖူးသူ ဂျက်ဆီဂျက်ဆင်တို့ ပါဝင်ခဲ့သည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အခမ်းအနား သို့တက်ရောက်သူအချို့သည် ဝမ်းသာလွန်းအားကြီးပြီး မျက်ရည်များပင်လည် ခဲ့ကြသည်ဟုဆိုသည်။

### အိုဘားမားသည်ဗာဂျီးနီးယားပြည်နယ်တွင်၄၄နှစ်အတွင်းပထမဆုံးအနိုင်ရရှိသည့် ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်

တောင်ပိုင်းခွဲထွက်ရေး ကွန်ဖက်ဒရိတ်ဂိုဏ်းသားတို့၏ ဘူမိနက်သန် ဖြစ်ခဲ့သော ဗာဂျီးနီးယားပြည်နယ်သည်လွန်ခဲ့သည့်နှစ်၂၀ကလူမည်းအုပ်ချုပ် ရေးမှူးကို ရွေးချယ်ခဲ့သည့် ပြည်နယ်လည်းဖြစ်သည်။ဒီမိုကရက်တို့ကယခင်ရီပတ်ဘလီကင်တို့၏အခိုင်အမာ နယ်မြေများကို ခိုင်မာစွာချုပ်ကိုင်လာနေချိန် တွင် ဘားရက်အိုဘားမားအား ဗာဂျီးနီးယားပြည်နယ်က အင်္ဂါနေ့တွင် မဲပေး ခဲ့ခြင်းဖြစ်သည်။

၁၉၆၄ခုနှစ်တွင် လင်ဒန်ဂျွန်ဆင်မှထိုပြည်နယ်တွင် အနိုင်ရရှိခဲ့ပြီး နောက်၄၄နှစ်ကြာသည့် အချိန်တွင် အိုဘားမားက ပထမဆုံးဒီမိုကရက်တစ်ဦးအဖြစ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဒီမိုကရက်တစ်အုပ်ချုပ်ရေးမှူးဟောင်း မတ်ဝါနာအား ရီပတ်ဘလီကင်အထက်လွှတ်တော်အမတ်ဂျင်မီဂီလ်မိုးအစားရွေးကောက်ခဲ့ကြရာ ဒီမိုကရက်တို့အနေဖြင့် ၁၉၇၀ခုနှစ်မှစ၍ ပြည်နယ်၏ အထက် လွှတ်တော်အမတ်နှစ်နေရာလုံးကိုရခဲ့သည့် ပြည်နယ်ဖြစ်သည်။

ဂျယ်ရယ်ကွန်နော်ကီကအနားယူတော့မည့် လက်ရှိတာဝန်ထမ်း ဆောင်နေသူ ရီပတ်ဘလီကင်တွမ်ဒေးဗစ်အားဝါရှင်တန်မြို့ဆင်ခြေဖုံးမဲဆန္ဒနယ်တစ်ခုတွင် အနိုင်ရရှိခဲ့ရာ ဗာဂျီးနီးယားပြည်နယ်၏အောက်လွှတ်တော်ကိုယ်စားလှယ်၁၁နေရာတွင်အနည်းဆုံး တစ်နေရာ တွင် အနိုင်ရရှိခဲ့သည်။

ဗာဂျီးနီးယားပြည်နယ်၏ ရွေးကောက်တင်မြှောက်သည့်၁၃နေရာ မှာ ဂျွန်မက်ကိန်းအတွက် အနိုင်ရရေးတွင် အရေးပါသည်ဟု သတ်မှတ်ခြင်းရှိခဲ့ရာ အိုဘားမားက ထိုနေရာနှင့်အခြားအဓိကကျသည့်ပြည်နယ်များတွင်အနိုင်ရရှိခြင်းဖြင့် ထိုကိစ္စကို အပြီးသတ်စေခဲ့သည်။ ဗာဂျီးနီးယားပြည်နယ်တွင် ရေတွက်ပြီးသမျှ မဲ၉၇ရာခိုင်နှုန်းတွင် အိုဘားမားက မက်ကိန်းအား မဲပေါင်း၁၁၈၀၀၀နီးပါးအသာရခဲ့သည်။စုစုပေါင်းမဲပေးသူမှာ ၃. ၃သန်းကျော်ရှိသည် ဟုဆိုသည်။

ဗာဂျီးနီးယားတွင်ဒီမိုကရက်တို့ကအဓိကရွေးကောက်ပွဲကြီးများဖြစ်သည့် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်နှစ်ကြိမ်နှင့်အထက်လွှတ်တော်အတွက်တစ်ကြိမ်ကိုလွန်ခဲ့သည့် နှစ်နှစ်ခန့်က ဆက်တိုက်အနိုင်ရရှိခဲ့ပြီးနောက်ရွေးကောက်ပွဲအတွက် ကြိုးပမ်းမှုပြုရန် အိုဘားမားကဆုံးဖြတ်ခဲ့သည်။ဇွန်လမှစ၍ ပြည်နယ်သို့ ၁၁ကြိမ်သွားရောက်ခဲ့ပြီး မဲဆွယ်ရေးရုံး၅၀ဖွင့်ခဲ့ရာမက်ကိန်းထက်၃ဆသာခဲ့သည်။ပြည်နယ်တစ်ခုလုံးကို မက်ကိန်းမဲဆွယ်ရေးရုံး၂၄ခုသာရှိသည်။မဲဆွယ်မှုအဖွဲ့နှစ်ဘက်လုံးမှ တောရပ်ဒေသတွင် ပိုမိုလုပ်ဆောင်၍

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဗာဂျီးနီးယားကျေးလက်ဒေသတွင်မဲအသာရရန်မျှော်လင့်ခဲ့ကြသည်။ သမ္မတဘုရှ်အပေါ်မကျေနပ်မှုများကျယ်ပြန့်စွာဖြစ်ပေါ်နေခြင်းနိုင်ငံ၏တံ့ဆိုင်း လျက်ရှိသော စီးပွားရေးနှင့်လူမည်းလူငယ်ပထမအကြိမ်မဲပေးခွင့်ရသူများ၏ စိတ်အားထက်သန်မှုတို့အပေါ်တွင် အိုဘားမားကအကျိုးကျေးဇူးရရှိသွားခြင်း ဖြစ်သည်။သမိုင်းကြောင်းအရလည်း ဗာဂျီးနီးယားပြည်နယ်တွင်အိုဘားမားဘက်မှသာလျက်ရှိခြင်းမှာ ၁၉၈၉ခုနှစ်တွင် အယ်လ်ဒေါက်ဂလက်စ်ဝိုင်းလ်ဒါက နိုင်ငံ၏ပထမဆုံးလူမည်းပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ်မဲအနည်းငယ်မျှနှင့်ကပ်၍အနိုင်ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။ယင်း၁၉၈၉ ဖြစ်ရပ်၌ရွေးကောက်ပွဲ မတိုင်မီဆန္ဒမဲများကောက်ယူခဲ့ရာတွင် ဝိုင်းလ်ဒါကဂဏန်းနှစ်လုံးပါရာခိုင်နှုန်း ဖြင့်သာလျက်ရှိရာ မဲအနည်းငယ်ဖြင့်ကပ်၍ နိုင်သွားခြင်းမှာ အမှန်ရွေးကောက်ပွဲပြုလုပ်ခဲ့သည့် အင်္ဂါနေ့မတိုင်မီအိုဘားမား၏အသာရမှုများမှစိတ်ချရခြင်းမရှိကြောင်းသေချာပေါက်လက္ခဏာများအဖြစ်ပြသခဲ့ခြင်းဖြစ်သည်။

ဝိုင်းလ်ဒါ၏ အနိုင်ရမှုအကြောင်းအရာနှင့် ထိုအဖြစ်အပျက်မတိုင်မီကိစ္စများ၊ အိုဘားမား၏ဗားဂျီးနီးယားပြည်နယ်တွင်ယှဉ်ပြိုင်မှုများကအတိတ်ဖြစ်ရပ်များကို ပြန်လည်သတိရမိစေခဲ့သည်။အချို့သောသူတို့အတွက် ကြီးမားသည့် စိတ်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေခဲ့လေသည်။

***နိုင်ငံတကာရေးရာဂျာနယ်***
***(၁၃-၁၁-၂၀၀၈)***

http://www.linhtet.com

# အိမ်ဖြူတော်ရောက် လူမည်းသမ္မတ

မြင့်ကျော်



## နိုဝင်ဘာ ၄ ရက်၊ ဆန်ဖရန်စစ္စကို

ဆန်ဖရန်စစ္စကိုမြို့၏နံနက်ခင်းကအေးမြသည့်လေနှင့်ကောင်းကင်ပြာက ရွေးကောက်ပွဲနံနက်ခင်းကိုကြိုဆိုနေသည်ဟုထင်ရသည်။ နံနက် ၇ နာရီ မဲရုံစဖွင့်သည်ဆိုသည့်အတွက်မဲရုံအခြေအနေကိုလေ့လာရန်စက်ဘီးကိုယူပြီးအနီးအနားကိုလှည့်ပတ်ကြည့်ရန်ထွက်ခဲ့သည်။

မဲရုံဘယ်မှာရှိသလဲဆိုတာကိုတော့ ဂူးဂဲလ်မက်(Google map) ပေါ်မှ မနက်စောစောက ရှာထားသဖြင့်စက်ဘီးကိုထိုလမ်းအတိုင်းနင်းခဲ့သည်။အိမ်များအကြားရှိ ဘုရားရှိခိုးကျောင်းတစ်ခုရှေ့တွင်အမေရိကန်အလံငယ်ထောင်ထားသည့်မဲရုံကိုလွယ်လွယ် ကူကူပင်ရှာတွေ့လိုက်သည်။သတင်းတွေထဲတွင်တွေ့ရသည့်မဲရုံရှေ့တွင် တန်းစီစောင့်နေသည့်မြင်ကွင်းမျိုးမမြင်ရ။ယခုရပ်ကွက်နေရာများမှာလူနေသိပ်မထူထပ်သည့်နေရာဖြစ်သဖြင့် မဲပေးသူတန်းစီ စောင့်ရလောက်အောင်မများခြင်းဖြစ်မည်။တစ်ယောက်စ နှစ်ယောက်စရောက်လာလိုက်၊ မဲပေးပြီးပြန်ထွက်သွားသည်ကိုသာတွေ့မြင်ရသည်။

မဲရုံရှေ့တွင်စောင့်နေသည့် လူမဲအမျိုးသမီးကမဲပေးမည့်သူထင်မှတ်သဖြင့် အထဲသို့ဝင်ပါဟုပြောသည်။ မဲပေးမည့်သူမဟုတ်ဘဲလေ့လာဖို့လာခြင်းသာဖြစ်ကြောင်းပြောပြပြီး ဓါတ်ပုံရိုက်ခွင့်ရှိသလားမေးတော့ဝမ်းနည်းပါတယ်၊ ရိုက်ခွင့်မရှိဟုဆိုသဖြင့်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ခဏလေ့လာပြီးပြန်ထွက်လာသည်။သည်နိုင်ငံမှသတင်းမီဒီယာမှတ်ပုံတင်ကတ်ပြားလည်း မကိုင်ဆောင်ထားသဖြင့် မဲရုံထဲတွင် ဓါတ်ပုံရိုက်ရန်အကြံကို လက်လျှော့လိုက်သည်။

မဲရုံနှင့် ကိုက်၁၀၀၀န်းကျင်အတွင်းမဲဆွယ်ခွင့်မရှိဟုစည်းမျဉ်းဥပဒေရှိသဖြင့် မဲဆွယ်သည့် ဆိုင်းဘုတ်ကိုင်ဆောင်ထားသူများကမဲရုံသို့သွားသည့်လမ်းထိပ်များတွင် ဆိုင်းဘုတ်ငယ်များကိုင်ကာလမ်းသွားလမ်းလာများကို နှုတ်ဆက်ပြီးသူတို့ထောက်ခံ၊ ကန့်ကွက်လိုသည့်အဆိုပြုချက်များနှင့် ပတ်သက်ပြီး စည်းရုံးပြောဆိုကြသည်။

ယခုရွေးကောက်ပွဲမဲပေးရသည်များမှာ သမ္မတအပြင်ပြည်နယ်အဆင့်၊မြို့နယ်အဆင့်တရားသူကြီးများ၊မြို့တော်ဝန်များ၊မြို့အုပ်ချုပ်ရေးကောင်စီဝင်များ၊ မြို့တွင်းသယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့လူကြီးစသဖြင့် တစ်ဒါဇင်ကျော်လူပုဂ္ဂိုလ်ရွေးချယ်ရပြီး၊ပြည်နယ်ဥပဒေနှင့်ပတ်သက်သည့် အဆိုပြုချက်ပေါင်း၁ဒါဇင်ကျော်ကိုလည်းထောက်ခံ၊ ကန့်ကွက်ရွေးချယ်ရသဖြင့် အချိန်တော်တော်ပေးရသည့်မဲပေးခြင်းဖြစ်သည်ဟုအမေရိကန်နိုင်ငံသားများက ဆိုကြသည်။

၂၁လကြာအမေရိကန်သမ္မတရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အမေရိကန်တီဗီ၊ သတင်းစာမီဒီယာများသယ်ဆောင်လာသည့် အရှိန်အဟုန်သည်ယနေ့အမြင့်ဆုံးသို့ ရောက်ရှိနေပြီဖြစ်သည်။တီဗီချယ်နယ်တိုင်းကရွေးကောက် ပွဲနှင့်ပတ်သက်ပြီးပုံစံအမျိုးမျိုး၊ တင်ပြပုံအမျိုးမျိုးဖြင့် ဖော်ပြလျက်ရှိကြသည်။ စီအင်န်အင်န်သတင်းဌာနကတော့ အမြန်ဆုံးနှင့် အသွက်လက်ဆုံးဖြစ်တာကို မြင်နေရသည်။အမေရိကန်မီဒီယာများကိုလည်း ရီပတ်ဘလီကင်ပါတီက ဘက် လိုက်သည်ဟုစွပ်စွဲသည်။ဩဇာရှိသည့်သတင်းစာများဖြစ်သည့် နယူးယောက်တိုင်း၊ ဝါရှင်တန်ပို့စ်၊ တီဗီအသံလွှင့်ဌာနများဖြစ်သည့်စီအင်န်အင်န်၊ စီအင်ဘီစီ၊ စီဘီအက်စ်၊ အေဘီစီအစရှိသည်တို့က ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းနှင့်ပတ်သက်လျှင် အဆိုးမြင်စေသည့်သတင်းများ၇၀ရာခိုင်နှုန်းကျော်လွှင့်ထုတ်ခဲ့ကြပြီးအိုဘားမားနှင့်ပတ်သက်လျှင်၁၄ရာခိုင်နှုန်းမှ ၂၀ ရာခိုင် နှုန်းဝန်းကျင်သာထုတ်လွှင့်ခဲ့ကြသည်ဟုရီပတ်ဘလီကင်ပါတီကိုထောက်ခံသည့်ဖောက်စ်တီဗီသတင်းဌာနကထုတ်လွှင့်ခဲ့သည်လွန်ခဲ့သည့်လများအတွင်းတီဗီနှင့်သတင်းဌာနများကလည်းသမ္မတလောင်းအိုဘားမားအကြောင်းကို မက်ကိန်းအကြောင်းထက် ပိုထုတ်လွှင့်ခဲ့ကြသည်။ အမှန်ကလည်းအမေရိကန်လူထုကမက်ကိန်း ၏ လက်ငင်းဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်းနှင့်ပတ်သက်သည့်ပေါ်လစီကို အိုဘားမားတင်ပြတာလောက်ဘဝင်မကျတာကယခုရွေးကောက်ပွဲ၏အဓိကအဆုံးအဖြတ်ဟု ဆိုနိုင်သည်။

အိုဘားမားနှင့် မက်ကိန်းတို့အပေါ် အမေရိကန်လူထု၏ ထောက်ခံမှုသည် ပြီးခဲ့သည့်စက်တင်ဘာလဆန်းလောက်ထိ မတိမ်းမယိမ်းရှိခဲ့သည်ကို တွေ့ခဲ့ရသည်။ စက်တင်ဘာလယ်မှစတင်ကာ ဝေါလ်စထရီမှစသည့် ဘဏ္ဍာရေးအကျပ်အတည်းပေါ်ပေါက်လာပြီး

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ထိုအကျပ်အတည်းအပေါ် ဘယ်သူက လက်တွေ့ကျကျဖြေရှင်းနိုင်မလဲဆိုသည့် မေးခွန်းသည် အမေရိကန်ပြည်သူ များ ၏ အဓိကမေးခွန်းဖြစ်လာခဲ့သည်။ နေ့စဉ်လိုလိုဘဏ္ဍာရေးဆိုင်ရာ ကုမ္ပဏီတွေ၊ ဘဏ်တွေလက်လွှဲရောင်းတာ၊အစိုးရကဝင်ကယ်တာတွေကြားနေရသည်။ ထိုကာလတွင်ပင် အိုဘားမားနှင့်မက်ကိန်းတို့၏ စကားစစ်ထိုးပွဲသုံးကြိမ်ကျင်းပခဲ့ရာ၊ စကားစစ်ထိုးပွဲတစ်ခုပြီးတိုင်း အိုဘားမားက အမှတ်သာရခဲ့သည်ကို တွေ့ခဲ့ရသည်။

ယခုမဲပေးနေစဉ်အတွင်း ချက်ချင်းကောက်ယူသည့် စစ်တမ်းများအရ မဲပေးသူများ၏ဇ၆ရာခိုင်နှုန်းကစီးပွားရေးအခြေအနေကို နံပါတ်တစ်ဦးစားပေးအဖြစ်ထားကြသည်ဟုရလဒ်ထွက်ပေါ်လာနေသည်။ မက်ကိန်းတို့၏ ရီပတ်ဘလီကင်က ထည့်သွင်းသည့် တီဗီကြော်ငြာတွင် “အိုဘားမားသည် အကြမ်းဖက်ဝါဒစွဲကိုင်သူအစွန်းရောက်ဘုန်းတော်ကြီး ဘီလ်အေးယာနှင့် ဆက်ဆံရေးရှိသည်။အိုဘားမားဘက်က အဆိုပါဆက်ဆံရေးနှင့်ပတ်သက်ပြီး ငြင်းဆို ခြင်းမပြု”ဆိုသည့်တီဗီပေါ်မှနိုင်ငံရေးကြော်ငြာများမှာလည်းအမေရိကန်ပြည်သူများက အိုဘားမားကိုထောက်ခံမှုကျဆင်းအောင်မတတ်နိုင်ကြ။

ယခု၂၀၀၈ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများနှင့်မတူဘဲ ထူးခြားသည့် အချက်အလက်တချို့ကိုသတင်းမီဒီယာများကဖော်ပြလျက်ရှိကြ သည်။ နံပါတ် ၁ အနေဖြင့် အိုဘားမားဘက်က မဲဆွယ်ပွဲ ဗော်လံတီယာလုပ်သည့် လူငယ်များသန်းဂဏန်းနှင့်ချီပြီးပေါ်ထွက်လာသည်ကိုတွေ့ရသည်။ ယခင်ကလူငယ်များသည်မဲပေးဖို့မှတ်ပုံတင်ရန်၊ မဲပေးရန်ကိုပင် မေ့လျော့လေ့ရှိကြပြီး၊မဲရုံသို့မှန်မှန်သွားပေးသူများမှာ အသက်ကြီးသူများသာများသည့် အချက်ဖြစ်သည်။ ယခုရွေးကောက်ပွဲတွင်လူငယ်များက စိတ်ဝင်တစားပါဝင်လာပြီး မဲမပေးမီ မဲဆွယ်စည်းရုံးပွဲများတွင်ကူညီဖို့အတွက်ပြည်နယ်တစ်ခုမှတစ်ခုသို့ တောင်ကူးပြီး လုပ်အားပေးကြသည်။ လွန်ခဲ့သည် ၂ ပတ်ဝန်းကျင်က ကယ်လီဖိုးနီးယားမှလူငယ်သိန်းနှင့်ချီကာ ကိုလိုရာဒိုပြည်နယ်မဲဆွယ်ပွဲသို့ သွားကြသည်ဟုကြားသိရသည်။ ကယ်လီဖိုးနီးယားပြည်နယ်ကတော့ ဒီမိုကရက်ဘက်မှအနိုင်ရရန် သေချာသလောက်ရှိနေသဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ရမည့် တခြားပြည်နယ်များသို့ သွားကူကြခြင်း ဖြစ်သည်။မဲပေးသည့် ယနေ့ နေ့ခင်းဆန်ဖရန်စစ္စကိုမှဘာကလေဘက် သို့ ပြန်လာသည့်ရထားပေါ်တွင် အိုဘားမား ဒီမိုကရတ်တစ်ပါတီ အမှတ်အသားဝတ်ဆင်ထားသည့် အသက်၁၅ နှစ်၊ ၁၆ နှစ်အရွယ် မိန်းကလေးနှစ်ဦးကိုတွေ့ရသည်။ ဒီမိုကရက်တစ်ပါတီနှင့်အိုဘားမားကိုမဲပေးရန် စည်းရုံးသည့် လှုပ်ရှားမှုမှပြန်လာပုံရသည်။ဘာကလေတက္ကသိုလ်အဝင်ဂိတ်တစ်လျှောက် အသင်းအဖွဲ့မျိုးစုံ စည်းရုံးကြေညာကြသည့်နေရာတွင်လည်းအိုးဘားမားနှင့် ဒီမိုကရက်တစ်ပါတီအတွက် မဲဆွယ်သည့် ဘာကလေကျောင်းသားအစုအဖွဲ့ကိုသာတွေ့ရပြီး၊မက်ကိန်းကို ထောက်ခံသည့် လှုပ်ရှားမှုကို မတွေ့ခဲ့ရ။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဒုတိယအချက်အနေဖြင့်မဲပေးပိုင်ခွင့်ရှိသူများထဲမှမဲပေးသူအရေအတွက် စံချိန်တင်အောင်များပြားခဲ့သည့်အချက်ဖြစ်သည်။ ထို့ပြင်ကြိုတင်မဲပေးသူများ ယခင်ရွေးကောက်ပွဲများထက်သိသာစွာများပြားခဲ့သည်။ယခင်မဲမပေးသည့်လူမည်းများ ယခုရွေးကောက်ပွဲတွင် ထူးထူးခြားခြား မဲပေးသည်ကိုလည်း ကိန်းဂဏန်းများအရသိရှိရသည်။ အမေရိကန်နိုင်ငံတွင်လူမည်းသမ္မတဖြစ်လာဖို့ကို လူမည်းများကအားတက်သရော ထောက်ခံအားပေးကြ သည့်သဘောဖြစ်ပြီး ယခင်ကဘေးဖယ်နေခဲ့ကြရာ ယခုအကြိမ်တွင် ပါဝင်လာခြင်းဖြစ်သည်။အမေရိကန်မီဒီယာများတွင်အိမ်ဖြူတော်မှလူမည်း (Black- man in White House)သမ္မတအဖြစ်ပြောဆိုလျက်ရှိကြသည်ကို ကြားနေ ရသည်။

တတိယအချက်မှာရွေးကောက်ပွဲသမိုင်းတွင်ရွေးကောက်ပွဲရန်ပုံငွေ အများဆုံးကောက်ခံရရှိခဲ့ပြီး အများဆုံးသုံးစွဲခဲ့သောရွေးကောက်ပွဲဖြစ်သည့်အချက်ဖြစ်သည်။ ရီပတ်ဘလီကင်နှင့်ဒီမိုကရက်နှစ်ဖက်စလုံးကမဲဆွယ်ပွဲအတွက်သုံးသည့်ငွေပမာဏမှာ စုစုပေါင်းဒေါ်လာ၁ဘီလျံရှိသည်ဟုဆိုသည်။ရွေးကောက်ပွဲမတိုင်မီ၃ရက်ခန့်အလိုတွင်တီဗီချယ်နယ်သုံးခုတွင်ဒီမိုကရက်တစ်ပါတီကစုစုပေါင်း၁နာရီခွဲကြာရွေးကောက်ပွဲမဲဆွယ်ကြော်ငြာလွှင့်ထုတ်ခဲ့သည်။အဆိုပါ၁နာရီခွဲစာအတွက် ကြော်ငြာခဒေါ်လာ၄သန်းကုန်ကျသည် ဟုသတင်းစာများဖော်ပြချက်အရသိရသည်။ထိုသို့သုံးစွဲနိုင်အောင်လည်း ခေတ်ပေါ်အိုင်တီနည်းပညာသုံးပြီမဲဆန္ဒရှင်များထံမှ ရွေးကောက်ပွဲရန်ပုံငွေကောက် ခံနိုင်ခဲ့သည်။ အင်တာနက်ပေါ်မှတစ်ဆင့်ကလစ်နှိပ်ပြီးမဲဆွယ်ပွဲအတွက်အလှူငွေထည့်ဝင်နိုင်ခြင်းဖြစ် သည်။

ယခုရွေးကောက်ပွဲသတင်းရေးသားနေချိန်တွင်အမေရိကန်အရှေ့ ဘက်ခြမ်းမှမဲရုံပိတ်ပြီးရေတွက်သည့်ရလဒ်များထွက်ပေါ်လာသည်ကိုတစ်ခုပြီးတစ်ခုသတင်းဌာနများကကြေညာနေကြသည်။စီအင်န်အင်န်၊ဖေါက်စ်၊အေဘီစီ၊အန်ဘီစီ၊စီဘီအက်စ်တို့ကပြည်နယ်တစ်ခုချင်းအလိုက်ရေတွက်၍ထွက် ပေါ်လာသည့်ရလဒ်များကိုမိနစ်ပိုင်းအလိုက်ကြေညာပေးနေသည်ကိုတွေ့နေရသည်။ကျယ်ပြန့်လှသည့်ရေမြေသဘာဝအရအရှေ့ဘက်စံတော်ချိန်နှင့် အနောက်ဘက်စံတော်ချိန်မှာ၃နာရီတိတိကွာခြားပြီး အလယ်ပိုင်းစံတော်နှင့်တောင်တန်းဒေသစံတော်ချိန်ဟူ၍ ကြားတွင်နှစ်ခုရှိနေသေးသည်။

မိနစ်ပိုင်းအလိုက် ကြေညာလျက်ရှိရာတွင် အိုဘားမားကအီလက်တိုရယ်မဲ (မဲဆန္ဒနယ်မြေအလိုက်လိုအပ်သည့်မဲအရေအတွက်)တွင်သိသိသာသာရှေ့မှ ဦးဆောင်နေပြီး၊ ပေါ်ပြူလာမဲ(မည်သည့်ဒေသမှမဆိုတစ်ဦးချင်းပေးသည့်မဲ)တွင် အပြတ်အသတ်မကွာခြားလှသည်ကိုတွေ့နေရသည်။တဖြည်းဖြည်းနှင့်ကယ်လီဖိုးနီးယား တွင်မဲရုံပိတ်ချိန်ညရနာရီကျော်သည်နှင့် အိုဘားမား ၏အီလက်တိုရယ်မဲက ၃၃၀ကျော်သွားသည်နှင့်သတင်းဌာနများကအိုဘားမား နိုင်ပြီဟု စတင်ကြေညာလိုက်ကြသည်။ သမ္မတဖြစ်ရန်အတွက် အီလက်တိုရယ်မဲတွင် ၂၇၀မဲလိုအပ်ရာ၊ထိုအရေအတွက်ကို အိုဘားမားကကျော်လွန်သွားသည်နှင့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

နိုင်ပြီဟုကြေညာလိုက်ကြခြင်းဖြစ်သည်။

အိမ်ရှေ့လမ်းပေါ်တွင် ရပ်ကွက်ထဲမှလူမည်းတချို့နှင့် လူဖြူအများအပြား ဗုံတီးကာအိုဘားမားဟု ဟစ်ကြွေးကြော်ငြာပြီး အောင်ပွဲခံနေသည်ကို ကြားနေရသည်။ တီဗီထဲတွင်လည်းသိန်းချီသည့်လူထုကအိုဘားမား၏မြို့ ချီကာဂိုတွင်စုရုံးကာအောင်ပွဲခံဖို့စောင့်နေကြသည်။

အိုဘားမားမပြောမီရီပတ်ဘလီကင်ပါတီမှရှုံးနိမ့်သွားသည့် ပြိုင်ဘက်မက်ကိန်းက သူနေထိုင်ရာဖီးနစ်မြို့မှာသူ့ကိုထောက်ခံသည့် ပရိသတ်ကိုစကားပြောဆိုသည်။ မက်ကိန်းကအိုဘားမား၏အောင်ပွဲကိုအသိအမှတ်ပြုလိုက်ပြီးဂုဏ်ယူပါကြောင်းပြောဆို သည်ကို ကြားရသည်။ယခင်နေ့ကမဲဆွယ်စဉ် တိုက်ခိုက်ပြောဆိုပုံမျိုး မဟုတ်တော့ဘဲ မက်ကိန်းကို တည်တည်ငြိမ်ငြိမ်နှင့်တွေ့ရသည်။သူ့ကိုထောက်ခံသည့်သူများအား ကျေးဇူးတင်ကြောင်းနှင့် ယခုရှုံးနိမ့်မှုသည် အားထောက်ခံသူများ၏ရှုံးနိမ့်မှုမဟုတ်ဘဲ သူ့ရဲ့ရှုံးနိမ့်မှုသာဖြစ် ကြောင်း ပြောဆိုသွားသည်ကို ကြားလိုက်ရသည်။


ပစိဖိတ်စံတော်ချိန် ည ၉ နာရီတွင်မှ ချီကာဂိုမြို့တွင် စုရုံးနေကြသည့် လူစုကြီးကို အိုဘားမားကရွေးကောက်ခံရပြီး ပထမဆုံးနှုတ်ခွန်းဆက်စကားပြောဆိုသည်။အမေရိကန် နိုင်ငံတွင်မဖြစ်နိုင်သည့် အရာဘာမျှမရှိဆိုသည်ကိုသံသယရှိနေသေးသလားဟု မေးခွန်း ထုတ်လိုက်သည်။ဆိုလိုသည်မှာ လူမည်းတစ်ယောက်အနေဖြင့် အမေရိကန်နိုင်ငံ၏ သမ္မတ မဖြစ်နိုင်ဟုယခင်ကမှတ်ယူထားကြသည့်အစွဲကို ရည်ညွှန်းပြောဆိုလိုက်ခြင်းဖြစ်သည်။ သူပြောသလိုယခုတော့အမေရိကန်နိုင်ငံတွင်ကင်ညာနိုင်ငံသားဖခင်ဖြစ်သူနှင့်အမေရိကန် နိုင်ငံသူမိခင်တို့မှ မွေးဖွားခဲ့သူလူမည်းတစ်ဦး အမေရိကန်သမ္မတအိမ်ဖြူတော်သို့လာမည့် ဇန်နဝါရီလတွင် ရောက်ရှိတော့မည်ဖြစ်သည်။

***7 day News*****အတွဲ (၇)၊ အမှတ် (၃၄)**

http://www.linhtet.com

# ကြုံခွင့်၊ဆုံခွင့်ရလိုက်သော အမေရိကန်သမ္မတရွေးကောက်ပွဲ

ကျော်ဝင်း



**ဖူးစာမဆုံ**

ကျွန်တော့်မှာအသက် ၅၇ နှစ် ရှိပြီဖြစ်သည့်တိုင် ရွေးကောက်ပွဲတွေနှင့်ဆုံခွင့် ကြုံခွင့်၊တစ်ကြိမ်တစ်ခါမှမရခဲ့ဖူးပါ။ ပါလီမန်ဒီမိုကရေစီခေတ်၏ နောက်ဆုံးရွေးကောက်ပွဲကိုမူ၁၉၆၀ပြည့်နှစ်က ဖြတ်သန်းဖူးသည်။သို့သော်ထိုစဉ်ကကျွန်တော့်အသက်မှာ၈နှစ်သား။ ဘာမှနားမလည်တတ်သေးသည့်ကလေးအရွယ်။ သန့်ရှင်း(ပထစ)က ဆန်းလိုက်ဆပ်ပြာအဝါ၊ တည်မြဲ (ဖဆပလ)က ကာဘော်လစ်ဆပ်ပြာအနီ၊ ပမညတကလပ်(စ)ဆပ်ပြာအပြာရောင် တွေဝေပြီး မဲဆွယ်ကြသည်ကိုမူမှတ်မိနေသည်။လူတွေတရုန်းရုန်းတအုန်းအုန်းနှင့် 'ရွေးကောက်ပွဲဆိုတာ ပျော်စရာကြီးပါလား'ဟု ငယ်စိတ်တွင်စွဲသွားသည်။ သို့နှင့် တိုင် ၁၉၆၂ ရောက်တော့နိုင်ငံရေးခေတ်နိဒ္ဒိတံသွားရာရွေးကောက်ပွဲတွေနှင့်ဝေးသွားတော့သည်။ တပ်မတော်အစိုးရ လက်ထက်ကျင်းပသော ၁၉၉၀ပြည့်နှစ်ရွေးကောက်ပွဲတော့ရှိသည်။သို့သော် ကျွန်တော့်မှာမဲပေးလို့မရသော နေရာသို့ရောက်နေသည်။

ဖြစ်ချင်တော့ ယခုနှစ်မှာပင်ကမ္ဘာ့စူပါနိုင်ငံကြီး၏အလုပ်ခတ်ဆုံး ရွေးကောက်ပွဲကို ကြုံခွင့်ဆုံခွင့်အနီးကပ်လေ့လာခွင့်ရလိုက်သည်။ ၂၀၀၈ခုနှစ်အမေရိကန်သမ္မတ ရွေးကောက်ပွဲဖြစ်ပါသည်။ ဇာတ်ရည်လည်ဖို့ဆိုလျှင် IWP ကစရလိမ့်မည်ထင်သည်။IWPဆိုသည် မှာအမေရိကန်ပြည်ထောင်စု၊အိုင်အို ဝါးတက္ကသိုလ်မှ ကြီးမှူးကျင်းပသောInternational

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

Writing Program ဖြစ်သည်။နိုင်ငံတကာစာရေးဆရာများ နီးနှောဖလှယ်ပွဲဆိုပါတော့။ ကမ္ဘာ့နိုင်ငံ အသီးသီးမှ စာရေးဆရာများ ဖိတ်ကြား၍အတွေ့အကြုံချင်း၊ အတွေးအမြင်ချင်း၊ ဖလှယ်ကြသည့်အစီအစဉ်ဖြစ်ပါသည်။ယခုနှစ် ၂၀၀၈ ခုနှစ်တွင်အဆိုပါ IWP သို့ တက်ရောက်ရန် အိုင်အိုးဝါးတက္ကသိုလ်ကကျွန်တော့်ကို ရွေးလိုက်သည်။ သည်လိုနှင့်ဖူးစာမဆုံခဲ့သောရွေးကောက်ပွဲကို ပက်ပင်းကြုံလိုက်ရခြင်းဖြစ် ပါသည်။

အမှန်စင်စစ်၊ IWP မှာ နိုင်ငံရေးနှင့်မဆိုင်ပါ။နိုင်ငံရေးကိစ္စများကို တင်မလာစေရန်၊ တိတိကျကျပင်ကန့်သတ်ထားပါသည်။သို့ဖြစ်လင့်ကစား စာ ပေနှင့် နီးနွယ်နေသောဆက်စပ်အခြေအနေများကိုလေ့လာသုံးသပ်ရသည့် အစီအစဉ်တစ်ရပ်တော့ပါသည်။'Text and Context'ဆိုသောအစီအစဉ်ဖြစ်ပါသည်။ယခုနှစ်Text and Contextအစီအစဉ် က'2008 Presidential Campaign ဆိုသောခေါင်းစဉ်ဖြင့်ဖွင့်လိုက်သည်။ဤအတွက် 'နိုင်ငံတကာသံတော်ဆင့်သတင်းစာ'(IHT)မှသတင်းဆောင်းပါးတစ်ပုဒ်၊ajc.com မှ နောက်တစ်ပုဒ်နှင့်သမိုင်းပညာရှင်Clayborne Carson၏စာတမ်းတို့ကို ရည်ညွှန်းအဖြစ် ရွေးချယ်ပေးသည်။ရည်ညွှန်းစာတွေကိုဖတ်ပြီးတော့မှထင်မြင်ချက်ချင်း ဖလှယ်ကြရသည်။သည်လိုနှင့် IWPကိုရွေးကောက်ပွဲနှင့်ဖွင့်သလိုဖြစ်သွားတော့သည်။

## အကြောင်းသုံးပါး

ယခုနှစ်သမ္မတရွေးကောက်ပွဲမှာစစ်ပြီးခေတ် (ဒုတိယကမ္ဘာစစ် နောက်ပိုင်း) အလှုပ်ခတ်ဆုံးဖြစ်ဖွယ်ရှိသည်ဟုပညာရှင်များကသုံးသပ်ထားကြသည်။ဤသို့ဖြစ်ရ သည်မှာ အကြောင်းပေါင်းမြောက်များစွာကြောင့်ဖြစ်သည်ဟု ဆိုသည်။ အဆိုပါ အကြောင်းများကို အနှစ်ချုပ်လိုက်လျှင် အရေးကြီးဆုံးအကြောင်းသုံးပါးကိုတွေ့ရသည်။

ပထမအကြောင်းမှာ ဒီမိုကရက်တစ်သမ္မတလောင်း'ဘားရက်အိုဘားမား'နှင့်ဆိုင်သည်။အားလုံးသိကြသည့်အတိုင်း အိုဘားမားမှာအာဖရိက နွယ်ဖွားဖြစ်ရာဤအချက်က အမေရိကန်မဲဆန္ဒရှင်များ၏ ဒီမိုကရက်တစ် ဝိညာဉ်ကိုမှတ်ကျောက်တင်မည့် စိန်ခေါ် ချက်ဖြစ်လာသည်။အမေရိကန် ပြည် တွင်းစစ်၊နိုင်ငံသားအခွင့်အရေးလှုပ်ရှားမှုစသောသမိုင်းနောက်ခံများနှင့် ဆက်စပ်နေသည်။ဒုတိယအကြောင်းမှာ လက်ရှိအမေရိကန်စီးပွားရေးအကျပ်အတည်းနှင့်တိုက်ရိုက်ပတ်သက်လျက်ရှိသည်။အမှန်စင်စစ်ယခုရင်ဆိုင်နေရသောအကျပ်မှာစစ်အေးလွန်ခေတ်စီးပွားရေးပုံစံကိုကျကျနနစိန်ခေါ် လိုက်ခြင်းပင်ဖြစ်သည်။

တတိယနှင့် အရေးကြီးဆုံးဖြစ်ဖွယ်ရှိသည့်အကြောင်းရင်းမှာ ပြောင်းလဲလာသောနိုင်ငံတကာအခင်းအကျင်းတစ်စုံလုံးပင်ဖြစ်သည်။ ၉/၁၁ အရေးအခင်းနောက်ပိုင်း အမေရိကန်နိုင်ငံခြားပေါ် လစီ၏ဗီကာခွက် ဖြစ်လာသော နီယိုကွန်များ၏ အလိုအရ၊ စစ်အေးလွန်ကမ္ဘာ၏သရုပ်သကန်မှာဇကဝင်ရိုးဖြစ်သည်။သို့အတွက်အမေရိကအနေနှင့် ရဲရဲတင်းတင်း

## အိုဘားမားကောက်ကြောင်း

ဦးဆောင်ရမည်ဟု ခံယူထားသည်။ ယခု အီရတ်စစ်ပွဲလိပ်ခဲတည်းလည်း အခြေအနေနှင့် တရုတ်၊ အိန္ဒိယ၊ဘရာဇီး(လ်)၊ရုရှားစသော အနောက်မဟုတ်သည့်နိုင်ငံများ အင်အားကြီး လာခြင်းက၊ နီယိုကွန်ခံယူချက်ကို အကြီးအကျယ်စိန်ခေါ် လျက်ရှိသည်။ ကမ္ဘာကြီး၏ အစစ် အမှန်သရုပ်သကန်မှာ 'ဗဟုဝင်ရိုး' ဖြစ်နေရာ ဤအချက်က အမေရိကန် နိုင်ငံခြားရေးဝါဒကို အခြေမှကိုင်လှုပ်လျက်ရှိသည်။

### အပြောင်းအလဲနှင့် သေနတ်

ဆိုခဲ့ပါအကြောင်းသုံးပါးကိုသရုပ်ခွဲစိစစ်၍ သမိုင်းပညာရှင်'ကာဆန်'က 'အပြောင်း အလဲကို ကိုယ်စားပြုမည့်သမ္မတလောင်းအနိုင်ရလိမ့်မည်' ဟု ဟောကိန်းထုတ်လိုက်သည်။ ဤနောက်ခံအခင်းအကျင်းတွင်အိုဘားမား၏ရွေးကောက်ပွဲကြွေးကြော်သံမှာ၊ပညာရှင်များ ၏စိတ်နှလုံးကိုဆွဲဆောင် နိုင်လိမ့်မည်ဟုမှန်းဆရသည်။သူက' အပြောင်းအလဲအတွက်မဲ ပေးကြ ' (vote for change) ဟုကြွေးကြော်သည်။ ရီဘတ်ဘလီကင်သမ္မတလောင်း ဂွန်မက်ကိန်းကမူ ' ခင်ဗျားတို့ရဲ့သေနတ်ကိုင်ခွင့်အတွက် မဲပေးကြ ' (vote for your gun right) ဟု ကြွေးကြော်သံထုတ်သည်။

ရွေးကောက်ပွဲနှင့်ပတ်သက်သောကျွန်တော့်အမြင်ကိုအဆိုပါအတိုင်း ပွင့်ပွင့် လင်းလင်း ဆွေးနွေးလိုက်ရာ အာဖရိကစာရေးဆရာအုပ်စုက တစ်ခဲနက်ထောက်ခံကြသည်။ အာရှစာရေးဆရာအများစုကမူသူတို့သဘောထားကိုဘာမှမပြော။တရုတ်ပြည်၊ ဘေဂျင်း တက္ကသိုလ်မှ စာပေပါမောက္ခ၊ ကဗျာ ဆရာ'ဟူ'ကမူ ကျွန်တော့်အမြင်ကို လှိုက်လှိုက် လှဲလှဲ ကြိုဆိုပါသည်။ ဥရောပနှင့်လက်တင်အမေရိကစာရေးဆရာတွေကတော့၊ ကျွန်တော် တို့နှင့် သဘောထား သိပ်တူဟန်မရှိ။သို့သော်ကျွန်တော်တို့အားလုံး အခင်အမင်မပျက်ငြင်းခုံကြ သည်။ ပြီးတော့ကော်ဖီဆိုင်သို့ တပျော်တပါးကြီး ချီတက်ကြသည်။

ကျွန်တော်ရောက်နေသောအိုင်အိုဝါးမြို့တော်မှာအစဉ်အလာအရ ဒီမိုကရက်တစ် မဲဆန္ဒနယ်ဟုဆိုနိုင်ပါလိမ့်မည်။တက္ကသိုလ်မြို့ဖြစ်လေရာ၊ ပညာတတ်အသိုင်းအဝိုင်းက ကွန်ဆာဗေးတစ်အယူအဆထက်လစ်ဘရယ်ပိုဆန်သည်။အထူးသဖြင့်ဘု(ရှ်)အစိုးရ၏ ပညာရေးအသုံးစရိတ်လျှော့ချသည့်ပေါ်လစီကိုခံတွင်းမတွေ့နိုင်သူများဖြစ်လေ၍၊ အိုးဘား မားထောက်ခံသူတွေ ဖြစ် လာဟန်ရှိပါသည်။နယ်ဘက်မှလယ်သမားအများစု ကမူအစဉ် အလာအရ ရီဘတ်ပလီကင်တွေဖြစ်သည်။ သို့သော်သူတို့က အီရတ်စစ်ပွဲကိုမကြိုက်။ သို့အတွက်အိုဘားမားပရိတ်သတ်ဖြစ်လာသည်။သေချာသည့်အချက်ကို ပြောရလျှင် ယခုရွေးကောက်ပွဲကားစစ်ပြီးခေတ်နောက်ပိုင်းအမေရိကန်သမိုင်းတွင် မဲပေးသူအရေအ တွက်အများဆုံးလူထုစိတ်ဝင်စားမှုအမြင့်ဆုံးဟု ဆိုနိုင်ပါလိမ့်မည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

**'ဂျိုး' ရဲ့နေရာ**

အမေရိကန်သမ္မတရွေးကောက်ပွဲများတွင် 'ဒီဘိတ်' အစဉ်အလာရှိသည်။ သမ္မတလောင်းချင်း၊ ဒုသမ္မတလောင်းချင်း စကားစစ်ထိုးကြသည်ကို တီဗွီမှတိုက်ရိုက်ထုတ်လွှင့်ပြသသည်။အဆိုပါဒီဘိတ်များကိုကျွန်တော်တို့တည်းခိုရာCollege Hill အိမ်တွင်တပျော်တပါးကြီးစုဝေးကြည့်ကြသည်။ ပထမဆုံးဒီဘိတ်တွင် လက်ရှိဘု(ရှ)အစိုးရ၏ပေါ်လစီအမှားများကို ထောက် ပြကာ၊ အိုဘားမားဘက်မှထိုးစစ်ဆင်သည်။မက်ကိန်းဘက်မှ တည်တည်ငြိမ်ငြိမ် တုံ့ပြန်နိုင်ခဲ့ရာအရှုံးအနိုင်မသဲကွဲလှဟုထင်သည်။ဒုတိယသမ္မတချင်း ဒီဘိတ်တွင်ကား ဒီမိုကရက်တစ်ဖက်မှ အပြတ်သာသွားတော့သည်။ ရီဘတ်ဘလီကင် ဒုတိယသမ္မတလောင်း'ဆာရာ'မှာ မော်ဒယ်လ်မလေးလို လှပသွက်လက်သော်လည်း၊ ဝါရင့်နိုင်ငံရေးသမားကြီး 'ဂျိုးဘိုင်ဒင်' ကိုဘယ်လိုမှမယှဉ်နိုင်။ နောက်ဆုံးဒီဘိတ်တွင်မူ မက်ကိန်းဘက်မှ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုတွေပါလာသည်။ တည်တည်ငြိမ်ငြိမ်တုံ့ပြန်နိုင်သော အိုဘားမားဘက်မှ အလေးသာသွား တော့သည်။

ရွေးကောက်ပွဲညရောက်တော့ ကျွန်တော်တို့တစ်တွေ Joes' Place ဆိုသော ယမကာဆိုင်လေးတွင်စုဝေးကြသည်။ကျွန်တော်တို့တစ်တွေဆိုရာတွင် တက္ကသိုလ်မှ ဆရာများရော၊ ကျောင်းသားများရောနိုင်ငံတကာမှ စာရေးဆရာ များပါဖြစ်သည်။ဆိုင်ရှင်'ဂျိုး'က တီဗွီကြီးသုံးလုံးကို တစ်ပြိုင်နက်ဖွင့်ကာ ၂ ဒေါ်လာတည်းနှင့်ယမကာအဝတိုက်သည်။ အိုင်တီခေတ်ဖြစ်လေရာ၊ ပြည်နယ် တစ်ခုချင်း အလိုက် ရွေးကောက်ပွဲအဖြေများကို ချက်ချင်းကြေငြာလေသည်။ နောက်ဆုံး ည၁၀နာရီမထိုးမီမှာပင်အပြီးအသတ်အဖြေကိုသိ လိုက်ရသည်။ အိုဘားမားနိုင်ပြီ။

အိုင်အိုဝါးကတစ်ညလုံးမအိပ်တော့ပေ။နှင်းနှင့်မြူကိုဖောက်၍ ဂျပ်(ဇ)ဂီတသံ တွေ သောသောညံနေတော့သည်။ အိမ်တိုင်းလိုလိုမှ သမ္မတသစ် ၏အောင်ပွဲခံမိန့်ခွန်းကို အကျယ်ကြီးဖွင့်ကြသည်။ကျွန်တော်အိမ်ပြန်တော့ညလေးနာရီရှိပါပြီ။ဆောင်းဦးပေါက်လွန်တော့ မည်မို့နှင်းဖြူဖြူတွေကို စမြင်ရသည်။ ကျွန်တော့်မှာအေးလို့အေးမှန်းမသိ။စိတ်အလျင်က ပစိဖိတ်ကိုဖြတ်ပြီး အမိမြေသို့ထွက်ပြေးသွားသည်။

***The Waves* မဂ္ဂဇင်း**
***1/09* ဇန်နဝါရီ ၂၀၀၉**

# သမ္မတသစ် ၂၄/၇ သွေးရူးသွေးတန်းနှင့် ပင်ရင်းမျက်ခြည်ပြတ် သမ္မတသစ်နှင့် ကျီးလန့်စာစား

မောင်စူးစမ်း



နိုဝင်ဘာလ၅ရက်နေ့မနက်မိုးလင်းကတည်းကစီအင်န်အင်န်ကို ထိုင်ကြည့်သည်။ အမေရိကန်သမ္မတရွေးကောက်ပွဲတွင်ဒီမိုကရက်တစ်သမ္မတလောင်းဘာရက်အိုဘားမားက နိုင်သွားသည်။အနိုင်အရှုံးစာရင်းမသိခင်ကပင်သမ္မတသစ်၏ ပထမဆုံးအလုပ်သည်ဘာဖြစ်မလဲဟုပညာရှင်တို့ကဆွေးနွေးကြသည်။သမ္မတသစ်သည်အမွေအဖြစ်လက်ခံရရှိလိုက်သောငွေကြေးစီးပွားပျက်ကပ်မှ အမေရိကန်ကို ဘယ်လိုဆွဲထုတ်မလဲဟုဦးစားပေးဆောင်ရွက်ရမည်ဟု တညီတညွတ်တည်း နီးပါးထောက်ပြသံကို ကြားလိုက်သည်။

ထိုအချိန်၌အမေရိကန်လူထုသည်စတော့အိပ်(စ်)ချိန်းတွင်ရှယ်ယာဈေးတွေ ထိုးကျ၊မတည်မငြိမ်ဖောက်ပြန်နေခြင်းကြောင့်လည်းကောင်း၊ အိမ်ရာမြေဈေးတွေ ထိုးကျနေသောကြောင့်လည်းကောင်း၊ ထိတ်ထိတ်ပြာပြာကျီးလန့်စာစားချောက်ချားနေသည်။ ဈေးကွက်ချောက်ချားမှုနှင့်အတူ အမေရိကန်အိမ်ထောင်စုတို့သည်လည်း ချောက်ချားနေသည်။ market panicဟုခေါ်သည်။စီပွားပျက်ကပ်မှအလွတ်ရုန်းထွက် နိုင်ရန်သမ္မတလောင်းဘားရက်အိုဘားမားကဝေါစထရိကိုချုပ်ကိုင်ထိန်းသိမ်းရန်ကော်မရှင်ဖွဲ့၍ စုံစမ်းသုံးသပ်သည်ဟုဆိုသည်။

အမေရိကန်အိမ်ထောင်စုတို့သည်စားသုံးသူတို့လည်းဖြစ်၊ရင်းနှီး မြှုပ်နှံ သူတိုလည်းဖြစ်ကြသည်။အဘယ်ကြောင့်ဆိုသော်အိမ်ထောင်စုတိုင်းသည် စတော့ရှယ်ယာဝင်ကစားရာတွင် တစ်နည်းမဟုတ်တစ်နည်းပတ်သက်သောကြောင့်ဖြစ်သည်။သူတို့ကိုအငယ်စားလက်လီ

## အိုဘားမားကောက်ကြောင်း

ရင်းနှီးမြှုပ်နှံသူ retail investors များဟုခေါ်သည်။ ယခုဝေါစထရိစတော့အိပ်(စ်)ချိန်း၌ စတော့ရှယ်ယာ ဈေးတွေစိုက်ဆင်းသောအခါ သူတို့ပျာယာခတ်ကြပြီ။ တထိတ်တလန့်နှင့် ကျိုးလန့်စာစား panic ဖြစ်ကြပြီ။

### ၂၄/ ၇ တရားခံ

ထို့ကြောင့် သမ္မတသစ်က စီးပွားပျက်ကပ်မှ အလွတ်ရုန်းထွက်ရေးကို ဦးစားပေး စဉ်းစား ရမည့်အချိန်တွင်အမေရိကန်အိမ်ထောင်စုတို့ကထိတ်လန့်တကြား ကျိုးလန့်စာစား ဖြစ်ခြင်း panic ကို ဘယ်လိုငြိမ်းသတ်ရမလဲဟု ဦးစားပေးစဉ်းစားနေကြသည်။ဤတွင် စီးပွားရေး ပညာရှင်၊လူမှုသိပ္ပံပညာရှင်တို့ အလုပ်ပေါ်လာသည်။လူထု၏ ကျိုးလန့်စာစားဖြစ်မှု ၏ အကြောင်းအရင်းတို့ကို ရှာဖွေကြည့်သည်။စတော့အိပ်(စ်)ချိန်းဈေးကွက်ပြိုတာနဲ့ ဖရီးမက်ကက်ပြိုတာနဲ့ ဝေါစထရိတွင်အုတ်အော်သောင်းတင်းဖြစ်တာနဲ့လူတွေဘာကြောင့် ထိတ်လန့်တကြားကျိုးလန့်စာစားဖြစ်ရသနည်းဟု အကြောင်းရင်းကို ရှာသည်။

လူ့သဘာဝပင်။မိမိ၏နေတန်ဖိုးကျဆင်းလျှင် မိမိဝင်ငွေကျဆင်းလျှင်မိမိကိုင်ထား သော အက်ဆက်တွေတန်ဖိုးကျဆင်းလျှင်၊ကျိုးလန့်စာစားဖြစ်ရုံမျှမကရူးတောင်ရူးသွားနိုင် သည်။ဤသို့ကျိုးလန့်စာစားခံစားရသော ဝေဒနာကို ပိုပြီးဆိုးဝါးအောင်လုပ်သောအရာသည် '၂၄/၇ ဗရပွသွေးရူးသွေးတန်း' jumbled frenzy of 24/7 information access ဟု ဆိုသည်။၁၉၂၉ ခုနှစ်ကမဟာစီးပွားပျက်ကပ်သည်ကြေးနန်းခေတ်တွင်ဖြစ်ပွားသည်။ ၂၀၀၈ ခုနှစ် စီပွားပျက်ကပ်သည်အင်တာနက်ခေတ်တွင်ဖြစ်ပွားသည်။ ခေတ်ချင်းမတူပေ။

အင်တာနက်ခေတ်တွင်အင်ဖော်မေးရှင်းတို့ကို ရက်သတ္တပတ်လုံး ၂၄နာရီ အချိန်မ ရွေးနားရက်မရှိအများကြီးရနိုင်သည်။အမြန်ရနိုင်သည်။ဤသို့အင်ဖော်မေးရှင်း လည်ပတ်မှုနှင့် ရရှိနိုင်မှုတို့သည် သွေးရူးသွေးတန်းအတော်ဆန်သည်။ဗရပွလည်းဖြစ်သည်ကို ရည်ညွှန်း သည်။ ဆိုခဲ့သည့်အတိုင်း '၂၄/၇ ဗရပွသွေးရူးသွေးတန်း' ဟုပညာရှင်တို့ကဂုဏ်ပုဒ် ပေးသည်။ ဤ'၂၄/၇ သွေးရူးသွေးတန်း'သည်ရှယ်ယာဈေးတွေ အိမ်ဈေးတွေ ကျသဖြင့် လူတို့၌ ပေါ်သော် ထိတ်လန့်မှု ကျိုးလန့်စာစားဖြစ်မှု ဝေဒနာအီမိုးရှင်း ကို ပို၍ ဆိုးဝါးအောင် လုပ်သည်။ မရှုးရုံတမယ်ထိတ်ထိတ်ပြာပြာ ဖြစ်စေသည်။

### ခဏာခဏာစစ်

၂၄/၇ ဗရပွ သွေးရူးသွေးတန်းဖြစ်ပေါ်မှုကြောင့် အင်ဖော်မေးရှင်းတို့သည် မိနစ်ပိုင်းအတွင်း အကုန်သိနိုင်သည်။ ဤတွင် ရင်းနှီးမြှုပ်နှံသူတို့၏ရောဂါပေါ်တော့သည်။ ကုန်ဈေးနှုန်းသတင်း၊အက်ဆက်ဈေးနှုန်းသတင်း၊အိမ်ဈေးနှုန်းသတင်း၊ စတော့ရှယ်ယာ ဈေးနှုန်း သတင်းတို့ကို အစဉ်မပြတ်သိလာသောအခါ မိမိတို့ ပိုင်အက်ဆက်နှင့်ရှယ်ယာ

## အိုဘားမားကောက်ကြောင်း

တန်ဖိုးတို့ကိုခဏခဏစစ်ဆေး ကြည့်လာကြတော့သည်။ "ငါ့ရှယ်ယာဈေး၊ ငါ့ မော်တော်ကား ဈေး၊ ငါ့အိမ်ဈေးတွေပြောင်းသွားမလားဟဲ့။ ဒီလိုဈေးနှုန်းတွေတက်လို့ သို့မဟုတ်ကျလို့ ငါမြတ်သလား၊ငါရှုံးပြီလား"စသည်ဖြင့် ခဏခဏ စစ်ဆေးကြည့်သည်။ နေ့တိုင်းစစ်ဆေးခြင်းမှ အင်ဖော်မေးရှင်းတွေရတိုင်း မိနစ်တိုင်း စစ်ဆေးကြည့်လာကြသည်။

ထို့ကြောင့် ၂၄/၇ ဗရပွသွေးရူးသွေးတန်းသည်လူတို့အား မိမိတို့ပိုင် ပစ္စည်းအက်ဆက်အစရှိသည်တို့ကိုခဏခဏစစ်ဆေးအောင်နှိုးဆွသည်။ tempting to check ဟုဆိုသည်။အင်ဖော်မေးရှင်းတွေ့ရလေ၊ကိုယ့်ပစ္စည်း ကိုယ်စစ်လေဖြစ်လာသည်။ ဤသည်ပင် ကျီးလန့်စာစားဖြစ်ခြင်း၏ အကြောင်းရင်းဟုထောက်ပြသည်။

အမေရိကန်သမ္မတသစ်သည် စီးပွားပျက်ကပ်မှ အလွတ်ရုန်းရာ၌ အဖြေပေးနိုင်မည့် ပေါ်လစီတို့ကို ရှာရသည်။ ပြဿနာသည်စီးပွားရေးနှင့် နိုင်ငံရေး ပြဿနာ သက်သက်ဖြစ်သည်။ယခုလူထုကစတော့ရှယ်ယာဈေးတွေဖောက်ပြန်လို့ ဖြစ်ပေါ်သော ကျီးလန့်စာစား အီမိုးရှင်းကိုပပျောက်အောင် ပြုရေးသည်။ စိတ်ပိုင်းဆိုင်ရာ ပြဿနာဖြစ်သည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာကို ဘယ်လိုကုမလဲဟု အမေးရောက်သည်။ လူတွေလေပွမှုတ်ထုတ်ပြီးသက်ပြင်းရှည်ကြီးချတော့မှသာ ကျီးလန့်စာစား ဝေဒနာသည် ပပျောက် သွား မည်ဟု စိတ်ပညာရှင်တစ်ဦးက ထောက်ပြသည်။

### အလျားရှည် မျက်ခြည်ပြတ်

စရိုက်ပြဿနာတစ်ခုက မူရင်းပင်ရင်း origin ကို မျက်ခြည်ပြတ်သွားခြင်းသည် ကောင်းမကောင်းမေးခွန်းမထုတ်လာသောကိစ္စဖြစ်သည်။ စီးပွားရေးလုပ်လျှင်ဘေး အန္တရာယ် risks တွေရှိသည်။ အကင်းပါးသောလုပ်ငန်းရှင်သည် ဤဘေးအန္တရာယ် တို့ကို မိမိတစ်ဦးတည်းက ကုန်းမခံရအောင် ဖြန့်ထုတ်ဆန့်ထုတ်သည်။ to spread risks ဟု ဆိုသည်။

အင်တာနက်ခေတ်တွင် ဘေးအန္တရာယ်ကို အရှည်ကြီးဆင့်ကဲဆင့်ကဲဆန့်ထုတ်နိုင်သောနည်းလမ်းတွေပေါ်သည်။တက္ကနိုလိုဂျီတွေပေါ်သည်။ ဆင့်ကဲအစွယ်အပွားဈေးကွက် derivative marketပေါ်လာသည်။ဥပမာ အလွယ်ဆုံးပြောရလျှင် လူတစ်ဦးက အခြားသူတစ်ဦးထံပစ္စည်းပေါင်သည်။ဤပစ္စည်း အပေါင်ခံသူကထပ်ဆင့်ပြီး သူများထံသွားပေါင်သည်။ ထပ်ဆင့်အပေါင်တို့မှာဘေးအန္တရာယ်ကို ဆန့်ထုတ်ဖြန့်ထုတ်ခြင်းဖြစ်သည်။ အမေရိကန်တိုင်း အကြွေးတို့ကိုအာမခံထားနိုင်သည်။'ပရီမီယံကြေးပေးသွင်းပြီးအကြွေးကို အာမ ခံကုမ္ပဏီတို့အားလွှဲအပ်လိုက်ခြင်းဖြစ်သည်။ဘေးအန္တရာယ်ကိုဖြန့်ထုတ်ရမည်သည်။အင်တာနက်ခေတ်တွင်ဘေးအန္တရာယ်တို့ကိုနည်းလမ်းပေါင်းစုံဖြင့် အရှည်ကြီး၊ အဝေးကြီးဆင့်ကဲဆင့်ကဲ ဆန့်ထုတ်ဖြန့်ထုတ်နိုင်သည်။ဤသို့ ဆန့်ထုတ်မှုကဝေးသထက်ဝေးသွား၍ နောက်ပြန်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

လှည့်ကြည့်လျှင်မူရင်းပင်ရင်းသမားကိုမမြင်ရတော့ပေ။မူလပင်ရင်းနှင့်မျက်ခြည်ပြတ်သွားသည်။ဤလိုမျက်ခြည်ပြတ်ထွတ်သွားသောကြောင့်လည်းဘယ်သူတွင်တာဝန်ရှိမှန်းမပေါ်တော့ဘဲ ဘဏ္ဍာရေးအကျပ်အတည်းပေါ်လာရခြင်းဖြစ်သည်။ထို့ကြောင့် သမ္မတသစ်လက်ထက်၌ဝေါ်စထရိကိုထိန်းချုပ်မည်ဟူသောလုပ်ငန်းစဉ်သည်ဤသို့မူရင်းနှင့် မျက်ခြည်ပြတ်လောက်အောင် အလျားရှည်လွန်းသော ဘေးအန္တရာယ် ဖြန့်ထုတ်ဆန့်ထုတ်မှုတို့ကိုပယ်ပစ်မှာလားသို့တည်းမဟုတ် အလျားတိုသွားအောင်လုပ်မှာလားဟု မေးစရာပေါ်သည်။

***ရီပိုတာ အမှတ် ၃၂၄***
***၉ - နိုဝင်ဘာ - ၂၀၀၈***

http://www.linhtet.com

# သမ္မတသစ်သို့ မီမို စိန်ခေါ်မှု ကတ်တလောက်

မောင်စူးစမ်း



**သမ္မတသစ်အမွေ**

နိုဝင်ဘာလ၄ရက်နေ့ရွေးကောက်ပွဲအပြီး၌ အမေရိကန်သမ္မတသစ် ပေါ်လာသော အခါရှုပ်ထွေးခက်ခဲသောစိန်ခေါ်မှုတို့က သမ္မတသစ်ကိုစောင့်နေကြသည်။ဤစိန်ခေါ်မှု တို့ကို မီဒီယာတို့ကပုံစံအမျိုးမျိုးဖြင့် သုံးသပ်ဖော်ပြနေကြသည်။ ဤစိန်ခေါ်မှုတို့သည် သမ္မတသစ်ကအမွေအဖြစ်လက်ခံရရှိခြင်းဖြစ်သဖြင့် တစ်နည်းပြောလျှင်သမ္မတသစ် ၏ ခေါင်းဆောင်မှုကို အကဲစမ်းခြင်း ဖြစ်သဖြင့် ခေါင်းအေးအေးထားရန်တော့လိုသည်။

မီဒီယာတို့ကသမ္မတသစ်အားစောင့်နေသည်။ စိန်ခေါ်မှုတို့ကို စာရင်းပြုလုပ် ကြရာအောက်ပါအတိုင်းဖြစ်သည်။ စိန်ခေါ်မှုတစ်ခု၏အရေးပါအရာရောက်မှုသည် စာရင်း ပါအစီအစဉ်အတိုင်းဖြစ်ချင်မှဖြစ်လိမ့်မည်ဟု သတိပေးအပ်သည်။

(၁) အီရတ်စစ်နှင့်အာဖဂန်နစ္စတန်စစ်တို့ကို သမ္မတသစ်သည်အမွေရရှိမည်။

(၂) အီရတ်နှင့်အာဖဂန်နစ္စတန်စစ်ပွဲတို့တွင်အမေရိကန်စစ်အင်အားနှင့်စစ်သား တို့သည်လက်ပမ်းကျနေကြသည်။လက်ပမ်းကျပြီးမောဟိုက်နေသောအမေရိကန် စစ်အင်အား နှင့်စစ်သားတို့ကိုသမ္မတသစ်က အမွေအဖြစ် ရရှိမည်။

(၃) အီရတ်နှင့် အာဖဂန်နစ္စတန်စစ်ပွဲတို့တွင် ရေနံဈေးနှုန်းသည် တစ်စည် ၂၃ ဒေါ်လာသာရှိသည်။ ယခုရေနံတစ်စည်ဒေါ်လာ၁၀၀နားတစ်ဝိုက်လှုပ်ရှားနေသော

ရေနံစျေးနှုန်းကို အမွေရရှိမည်။

(၄) ယခင်က မဟာမိတ်တို့သည်အမေရိကန်နှင့်ပူးပေါင်းဆောင်ရွက်ချင်ကြသည်။ ယခုအမေရိကန်နှင့် ပူပေါင်းရမှာကိုကြောက်နေသည်။

## ကန့်သတ်ရင်းမြစ်ဘေးပိုများ

(၅) အမေရိကန်ဆန့်ကျင်ရေးစိတ်ထားများ ကြီးမားနေမှုနှင့်အတူအစိုးရဘတ်ဂျက်လိုငွေလည်း ဒေါ်လာတစ်ထရီလျံအထိရှိလာနိုင်သည်။ အမေရိကန်ကကမ္ဘာကိုစိုးမိုးနိုင်ဖို့မပြောနှင့် အမိန့်ပင်မပေးနိုင်တော့သည့် အခြေအနေတွင် သမ္မတသစ်၏ ပထမနှစ်၌ အစိုးရဘတ်ဂျက်လိုငွေသည် ဒေါ် လာတစ်ထရီလျံကျော်နိုင်သည်။

(၆) ယခင်က အမေရိကန်စီးပွားရေးတိုးတက်မှုနှုန်းသည် တစ်နှစ် ၃ရာခိုင်နှုန်းနီးပါးရှိခဲ့ရာမှသမ္မတသစ်သည်တစ်နှစ် ၂ရာခိုင်နှုန်းတိုးပွားအောင် အတော်ကြိုးစားရမည်။

(၇) အသင့်စောင့်နေသောစိန်ခေါ်မှုတို့ကသိပ်ပြီးစိုးရိမ်စရာမဟုတ်။စိုးရိမ်စရာအကောင်းဆုံးမှာဤစိန်ခေါ်မှုတို့ကိုကိုင်တွယ်ဖြေရှင်းရာ၌ သမ္မတသစ်၌ အကန့်အသတ်နှင့်အချုပ်အချယ်တွေအများကြီးရှိနေခြင်းဖြစ်သည်။ မိမိလုပ်နေနိုင်သောစွမ်းပကားအကန့်အသတ် ရှိနေပြီ။

(၈) စစ်အေးခေတ်ပြီးပြီးချင်း၌ မိမိတစ်ဦးတည်းသာ စူပါပါဝါဖြစ်သည်။ တစ်ဦးတည်းဖြင့် ခေါင်းဆောင်ဗိုလ်လုပ်နိုင်ခဲ့သည်။ယခုအင်အားကြီးပါဝါနိုင်ငံသစ်တွေ ပေါ်လာသည့်အပြင် အစိုးရဇာတ်ကောင်မဟုတ်သည့်သူတို့ကလည်း စူပါပါဝါကို စိန်ခေါ် နိုင်သည့်အခြေအနေ၊အကဲစမ်းနိုင်သည့် အခြေအနေတွေ ဖြစ်ပေါ်လာသည်။

(၉) ယူအက်စ်၌ ရင်းမြစ်အင်အားစုတို့ အကန့်အသတ်နှင့် ဖြစ်လာသည်။ တစ်ပြိုင်နက်တည်းတွင်ဘေးအန္တရာယ်ဝင်နိုင်သောအားပျော့သည့် ပွိုင့်တို့ကများလာသည်။

## ဆံတစ်ခြည်မောင်း

အထက်ဖော်ပြပါစိန်ခေါ်မှုတို့ကိုနောက်ခံထားလျက်၊ သီးခြားစီ ထူးထူးခြားခြားဖြစ်သောစိန်ခေါ်မှုတို့ကလည်းရှိသည်။ မီဒီယာတို့က ဤသီးခြား စိန်ခေါ်မှုတို့ကို အောက်ပါအတိုင်းစာရင်းလုပ်ပြသည်။

(၁) အရှေ့အလယ်ပိုင်းတွင်အမေရိကန်ဆောက်ရွက်ခဲ့သမျှနှင့်ပတ်သက်သောကျိုးကြောင်းဆင်ခြင်မှုတို့ကိုသမိုင်းပညာရှင်တို့အတွက်မှန်သည် မှားသည်ဟူ၍ သုံးသပ်စရာမလိုတော့ပေ။မိမိအလုပ်မှာအီရတ်တွင် အမေရိကန်အင်အားကို ဘယ်လိုလျှော့ချ မလဲဟု လက်တွေ့စဉ်းစားပေးရတော့မည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

(၂) အီရတ်၌ကောင်းသတင်းတွေကြားရနိုင်သော်လည်း အာဖဂန်နစ္စတန်တွင်မူ သတင်းဆိုးတွေဆက်ကြားနေရမည်။အမေရိကန်နှင့်နေတိုးတပ်တွေထပ်မံတိုးချဲ့ရန် စစ်ရေးအရလိုအပ်သော်လည်း ဤသို့တိုးချဲ့လျှင် အာဖဂန်အမျိုးသားရေးဝါဒနှင့်ထိပ်တိုက် ရင်ဆိုင်တိုးမည်။အာဖဂန်အမျိုးသားရေးဝါဒ၏ ခုခံမှုတို့နှင့် အကြီးအကျယ်ရင်ဆိုင်ရမည်။

(၃) အာဖဂန်နစ္စတန်နှင့်ပါကစ္စတန်တို့ကိုတစ်ခုတည်းသော ပြဿနာအဖြစ်စဉ်းစားမလားသို့တည်းမဟုတ် သီးခြားစီစဉ်းစားမလားဟူ၍ ရွေးချယ်ရဦးမည်။

(၄) အီရန်၏ နျူကလီးယားပြဿနာ၌ သမ္မတသစ်သည်၃မျိုးထဲမှ တစ်မျိုးမျိုး ရွေးချယ်စရာရှိသည်။

တစ် . . . အီရန်ကိုအမေရိကား ကိုယ်တိုင်တိုက်ခိုက်မလား။

နှစ် . . . အစ္စရေးကိုတိုက်ခိုက်ခိုင်းမလား။

သုံး . . . နျူကလီးယားလက်နက်ပိုင်ဆိုင်သော အီရန်နှင့်အတူနေမလားဟူ၍ ဖြစ်သည်။နျူကလီးယားအီရန်သည်ဆံတစ်ခြည်မျှင်သာသာမောင်းတင်ထားသော အရေးအခင်းဖြစ်လာမည်။

### ကပ်ထဲ ဆွဲခေါ်

(၅) ယခု အမေရိကန်စီးပွားပျက်ကပ်ကြီးဆိုက်နေသည်။ကမ္ဘာတစ်ခုလုံးကို ဤကပ်ကြီးထဲ ဆွဲချနေသည်။ဖြစ်နေသည်မှာစိန်ခေါ်မှုတို့နှင့် ဤစိန်ခေါ်မှုတို့ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိုအပ်သောဗိသုကာကောင်းကောင်း၊ အဆောက်အအုံနှင့် စည်းမျဉ်းများမရှိ၍အလွန်ကွာဟနေသည်။သမ္မတသစ်သည် ဤကွာဟမှုကို ပိတ်ပစ်နိုင်ရမည်။

(၆) သမ္မတသစ်သည်အဖွဲ့အစည်းကြီးကြီးအသစ်တို့ကိုမဖန်တီးသင့်။ စွမ်းအင်ပြဿနာတွင် အစားထိုးလောင်စာစွမ်းအင်ကို အလေးပေးသင့်သည်။

(၇) အိမ်ဖြူတော်သမ္မတရုံးတော်ကို လူထုအတွက်စာသင်ခန်းလို သဘောထားသင့်သည်။

မီဒီယာသမားတစ်ဦးက အထက်ပါအတိုင်းစာရင်းပြုစုတင်ပြသည်မှာ သမ္မတသစ်စတင်တာဝန်ထမ်းဆောင်သည်နှင့် အဆင်သင့်ဖြစ်အောင်ဟုဆိုသည်။ဤသို့တင်ပြချက်တို့ကို သမ္မတသစ်ထံတင်သွင်းသောမီမိုဟု ခေါ်သည်။

***ref: News Week30.10.08***
***(The World That Awaits)***
***ရှီပိုတာ အမှတ် (၃၂၄)၊ ၉ နိုဝင်ဘာ ၂၀၀၈***

# အိုဘားမားက အမေရိကားအား လူမျိုးရေး၊ နိုင်ငံရေး နယ်အလွန်သို့ ရွှေ့ပစ်ခြင်း

မောင်စူးစမ်း



## အန္တိမ အတားအဆီး

အမေရိကန်သမိုင်းတွင် လူမည်းဒီမိုကရက်ကိုယ်စားလှယ်ဘားရက်အိုဘားမားက ပထမဦးဆုံးအကြိမ်လူမည်းသမ္မတဖြစ်လာပြီဖြစ်သည်။ သမိုင်းတွင်သွားပြီ။ကမ္ဘာ့သမိုင်းနှင့် အမေရိကန်သမိုင်းနှစ်ခုစလုံးတွင်သမိုင်းတွင်ခြင်းဖြစ်၏။အမေရိကား၌သမိုင်းတွင်ပုံမှာ လူဖြူလူမည်းယဉ်ကျေးမှုစစ်ပွဲကို အဆုံးသတ်လိုက်နိုင်ခြင်းဖြစ်သည်။လူမည်းတို့သည် ဘ၀အစိတ်အပိုင်းအသီးသီးတွင် ခွဲခြားဆက်ဆံခံခဲ့ရသည်။သို့သော်လူမည်းတို့ကြိုးပမ်းမှုကြောင့် အမေရိကန်အားကစားလောကတွင်လူမည်းတို့နေရာရခဲ့သည်။ထို့နောက်အနုပညာဂီတလောကတွင်လူမည်း တို့စိုးမိုးရလာနိုင်သည်။ ဟောလီးဝုဒ်၌လူမည်းများဇာတ်ကောင်တွေဖြစ်လာသည်။အမေရိကန်စစ်တပ်တွင် လူမည်းဗိုလ်ချုပ်တွေပေါ်လာသည်။ အမေရိကန်အစိုးရအဖွဲ့တွင်လူမည်းဝန်ကြီးတွေပေါ်ခဲ့သည်။

ကဏ္ဍအသီးသီး၌အတားအဆီးများချိုးဖောက်ပြီး လူမည်းတို့နေရာရလာစေကာမူ သမ္မတဖြစ်ဖို့ကားမစဉ်းစားဝံ့ကြပေ။လူမည်းတစ်ဦးသမ္မတဖြစ်ဖို့ ရာအတားအဆီးတွေများလှသည်။ယခုအထွဋ်အထိပ်ဖြစ်သောသမ္မတရာထူးကိုလူမည်းဘားရက်အိုဘားမားက သမ္မတရွေးကောက်ပွဲအနိုင်ရရှိလိုက်ခြင်းသည်အန္တိမနောက်ဆုံးအတားအဆီးFinal barrier ကိုချိုးဖောက်လိုက်ခြင်းဖြစ်သည်ဟုသုံးသပ်သည်။မစဉ်းစားဝံ့သောအရာကိုစဉ်းစားရုံမျှမက

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ရရှိအောင်လည်းဆွတ်ခူးလိုက်သည်။ဤအချက်သည်လူမည်းတို့၏ကြိုးပမ်းမှုကို ထင်ဟပ်သည်ထက်အမေရိကန်လူ့အဖွဲ့အစည်း၏ရင့်ကျက်မှုကို ပို၍ထင်ဟပ်လိုက်ခြင်းဖြစ်သည်။ လူဖြူလူမည်းရောထွေးနေသောနိုင်ငံတွင် နှစ်ဘက်စလုံးက မရင့်ကျက်ပါက ယခုလိုအခြေအနေမျိုး ပေါ်လာနိုင်စရာမရှိပေ။

### ပို့စ်မော်ဒန် အိုဘားမား

လူမည်း ဘားရက်အိုဘားမား အမေရိကန်သမ္မတဖြစ်လာသည့် အတွက် အမေရိကန် လူ့အဖွဲ့အစည်းသည် လူမျိုးရေးနိုင်ငံရေးကိုအောင်မြင်စွာကျော်ဖြတ်နိုင်ပြီဟုဆိုရ မည်။ ဤလိုအခြေအနေသည်အမေရိကန်လူ့အဖွဲ့အစည်းအတွက်လည်း ကြီးကျယ်သောအပြောင်းအလဲဖြစ်သလို ကမ္ဘာအတွက်လည်း ကြီးကျယ်သော အပြောင်းအလဲဖြစ်စေနိုင်မှာလားဟုမှန်းဆတွေးတောနေကြသည်။ နိုင်ငံအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်တို့က တစ်ဦးတည်းသော စူပါပါဝါအမေရိကန်သည်ကမ္ဘာအနှံ့၌တန်ခိုးဩဇာကျဆင်းနေချိန်၌ သမိုင်းတွင်ပထမဦးဆုံးအဖြစ်သမ္မတဖြစ်လာသူလူမည်းသမ္မတဘားရက်အိုဘားမားက စူပါပါဝါတန်ခိုးဩဇာကျဆင်းမှုကို စီမံခန့်ခွဲရန်တာဝန်ပေးအပ်ခံရသလိုဖြစ်နေသည်ဟု သုံးသပ်သည်။ အတက်ကို စီမံခန့်ခွဲရခြင်းထက်အကျကို စီမံခန့်ခွဲရခြင်းဖြစ်သည်။

ဟားဗတ်တက္ကသိုလ်ပါမောက္ခဂိတ်က ဘားရက်အိုဘားမားအားပို့စ် မော်ဒန်လူမျိုးရေးသမား post modern race manဟုအကဲဖြတ်သည်။ အဘယ်ကြောင့်ဆိုသော် အိုဘားမားသည်အာဖရိကနွယ်ဖွားမှ မျိုးရိုးဆင်းသက်ခြင်းကို ဂုဏ်လည်းယူသည်။တစ်ချိန်တည်းတွင်လူမျိုးရေးအစွဲအလမ်းကိုလည်း ချွတ်သူဖြစ်သောကြောင့် ဖြစ်သည်။ပါမောက္ခဂိတ်၏စကားအတိုင်းဆိုလျှင် အိုဘားမားသည် လူမျိုးရေးအရေခွံကို ဝတ်လည်းဝတ်နိုင်သည်။ ချွတ်လည်းချွတ်ပစ်နိုင်သည်။ချွတ်ပြီးမှ ပြန်ကောက်၍လည်း ဝတ်နိုင်သည်။ဤအချက်သည် အိုဘားမား၏အမှတ်အသားဖြစ်တော့သည်။ပို့စ်မော်ဒန်လူဖြစ်သည်။အချို့ကအိုဘားမားက လူမျိုးရေးအစွဲကင်းနိုင်သည်မှာသူ့အဖေကလူမည်း၊ အမေက လူဖြူ-ကပြားဖြစ်သောကြောင့်ဖြစ်သည်ဟုသုံးသပ်သည်။ ထို့ကြောင့် အိုဘားမားသည် သူ့ကိုယ်သူလူမည်း စစ်စစ်ဟုမမြင်နိုင်ခြင်းဖြစ်သည်။

### ခပ်ပါးပါး အတ္တုပ္ပတ္တိ

အမေရိကားတွင်လူမည်းခေါင်းဆောင်တို့သည်လူမည်းခရစ်ယာန်ဘုရားရှိခိုးကျောင်းမှ လာသူဖြစ်ချင်ဖြစ်သို့မဟုတ်လူမည်းအခွင့်အရေးအတွက်တက်ကြွစွာလှုပ်ရှားမှုဖြစ်ချင်ဖြစ်၊တစ်ဦးဦးသာဖြစ်ရမည်။ဘားရက်အိုဘားမားသည်ဤနှစ်ခုစလုံးမှလာသူမဟုတ်ပေ။

ထို့ကြောင့်သူ၏အတ္တုပ္ပတ္တိခပ်ဆန်းဆန်းကို စိတ်ဝင်စားကြသည်။ အဖေက

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကင်ညာသားလူမည်း၊အမေကအမေရိကန်ကင်းဆတ်ပြည်နယ်သူလူဖြူကလေးဘဝတွင်ဟာဝိုင်ယီနှင့်အင်ဒိုနီးရှားတွင်နေရသည်။ အတ္ထုပ္ပတ္တိသည်သိပ်မထူးပေ။ပါးပါးလေးသာဖြစ်သည်။

အတ္ထုပ္ပတ္တိကအပြင်ပန်းသရုပ်သဏ္ဍာန်ကိုခပ်ပါးပါးလေးသာဖော်သည်။ဘားရက်အိုဘားမား ၏တကယ့်အရည်အချင်းသည်သမ္မတလောင်း အခြေခံမဲဆွယ်ပွဲတို့တွင် သိသိသာသာကြီးပေါ်လွင်လာသည်။အိုဘားမား၌ဉပဓိရုပ်ရှိသည်။မက်ဆွဲချ်ရှိသည်။ဤမက်ဆွဲချ်သည်မဲဆန္ဒရှင်ကြားထဲ၌ နက်နက်ရှိုင်းရှိုင်းပဲ့တင်သံတို့ဖြင့်ဟိန်းသွားသည်။အဟော အပြောကောင်းသူ ခေါင်းအေးအေးနှင့်ပေါ်လစီအကြောင်း ပြောပြနိုင်သူ၊ ပြောင်းလဲမှုကို ဆော်သြနိုင်သည်။ တည်တည်ငြိမ်ငြိမ်ရှိသူအဖြစ် လူတိုင်းမြင်သွားသည်။

အချို့သုံးသပ်သူတို့ကသူ၏ကပြားသွေးကြောင့်လူမည်းတို့ကို နားလည်သည်ထက်လူဖြူတို့ကိုသူကပိုနားလည်ရခြင်းဖြစ်သည်ဟုထောက်ပြသည်။ အထောက်အထားအနေဖြင့်လူဖြူတစ်ဦး၏ထူးဆန်းသောမြင်ကွင်းကိုပြသည်။ထိုလူဖြူသည်အမေရိကန်အလံကို ဝှေ့ရမ်းရင်း 'အိုဘားမား . . . အိုဘားမား' ဟု အော်သွားသည်။


လူဖြူကိုလည်းနားလည်သည်။ လူမည်းကိုလည်းနားလည်သောကြောင့် ဘားရက်အိုဘားမား ပထမဆုံးလူမည်းအမေရိကန်သမ္မတဖြစ်လာခြင်းဖြစ်သည်။

***Ref; IHT (5-11-2008)***
***ရီပိုတာဂျာနယ်၊ အမှတ်-၃၂၅၊***
***(၁၆-၁၁-၂၀၀၈)***

http://www.linhtet.com

# အိပ်မက်တစ်ခု-ဒြပ်ဖြစ်လာပြီ
# သို့မဟုတ်
# အမေရိကန်လူမည်းတို့၏ အောင်ပွဲ

မောင်ခိုင်သာ



လေးနှစ်တစ်ကြိမ်ကျင်းပမြဲ အမေရိကန်သမ္မတရွေးကောက်ပွဲ ၂၀၀၈ ခုနှစ် နိုဝင်ဘာ၄ရက်နေ့ကပြီးဆုံးသွားခဲ့လေပြီ။ ယခုကျင်းပပြီးစီးသွားခဲ့သော ရွေးကောက်ပွဲမှာ အစဉ်အလာရွေးကောက်ပွဲမျိုးမဟုတ်ဘဲအမေရိကန်မဲဆန္ဒရှင်အားလုံးနှင့် တစ်ကမ္ဘာလုံးက ပါစိတ်ဝင်စားသောရွေးကောက်ပွဲကြီးဖြစ်သည်။ထိုသို့စိတ်ဝင်စားကြရခြင်းမှာ ပြိုင်ဘက်များ၏ထူးခြားချက်များနှင့်တကွ အမေရိကန်အိမ်ရာအကြွေးစနစ်မှစတင်ခဲ့သော စီးပွားရေးကမောက်ကမဖြစ်ရခြင်းမှ၊ ကမ္ဘာ့စီးပွားရေးတစ်ရပ်လုံးပြဿနာပေါ်ရသောကာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲဖြစ်ခြင်းကြောင့်ပင်။

## သမ္မတနေရာ ယှဉ်ပြိုင်သူများ

အမေရိကန်သမ္မတလောင်းများအဖြစ်ရီပတ်ဘလီကင်ပါတီမှ ပါဝင်ယှဉ်ပြိုင်သော သမ္မတလောင်းဂျွန်မက်ကိန်းမှာအသက်၇၂နှစ်အရွယ်၊ ဗီယက်နမ်စစ်ကာလအတွင်းက စစ်သုံ့ပန်းအဖြစ်ဗီယက်နမ်အကျဉ်းထောင်ထဲ၌ ၅ နှစ်ခွဲနေခဲ့ရသူဖြစ်သည်။ သူ၏ ဒုတိယသမ္မတလောင်းမှာလည်းထူးထူးခြားခြားအသက်၄၄နှစ်အရွယ်အိမ်ထောင်ရှင် ‘ဆာရာပါလင်’ဖြစ်ပြီး အမေရိကန်အနောက်မြောက်ပိုင်းဝေးလံသော အာလာစကာပြည်နယ်အုပ်ချုပ်ရေးမှူး၊ နိုင်ငံရေးလောက၌မထင်ရှားသူတစ်ဦးဖြစ်သည်။ရီပတ်ဘလီကန်ပါတီသာ ရွေးကောက်ပွဲနိုင်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ခဲ့လျှင်အမေရိကန်သမိုင်းတွင် အသက်အရွယ်အကြီးဆုံး ပုဂ္ဂိုလ်တစ်ဦးသမ္မတဖြစ်လာပြီး ဒုတိယသမ္မတမှာလည်း ပထမဆုံးအမျိုးသမီးတစ်ဦး ဖြစ်လာပေလိမ့်မည်။

## လူမည်းတို့ဘဝအစ

ဒီမိုကရက်တစ်ပါတီမှအနိုင်ရခဲ့လျှင် ကျွန်အဖြစ်မှလွတ်မြောက်လာ ခဲ့သော အမေရိကန်လူမည်းအာဖရိကနွယ်ဖွားအမေရိကန်လူမျိုးပထမဦးဆုံးသမ္မတဖြစ်လာမည်။ အာဖရိကတိုက်သားလူမည်းတို့ကို အမေရိကန်နိုင်ငံတွင် ငွေဝယ်ကျွန်အဖြစ်စတင်ခိုင်းစေလာခဲ့သည်မှာ ဥရောပတိုက်သားများအမေရိကန်နိုင်ငံကို ၁၄၉၂ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်စ်စတင်ခြေချခဲ့သည့် နောက်ပိုင်း၁၆၁၉ခုနှစ်မှအစပြု၍ ပထမဆုံး အာဖရိကတိုက်သားလူမည်းတို့ကိုကျွန်ပြုခိုင်းစေခဲ့သည်။၁၆၅၀ပြည့်နှစ်တွင်ကျွန်ပြုမှုကိုတရားဝင်အသိအမှတ်ပြုခဲ့သည်။ နှစ်ပေါင်း၂၀၀ကျော်ကြာ ၁၈၆၃ခုနှစ်တွင် အမေရိကန် သမ္မတအီဘရာဟင်လင်ကွန်းက ကျွန်ပြုစနစ်ကိုဖျက်သိမ်းပေးပြီး ကျွန်အဖြစ်မှလူမည်းတို့ လွတ်မြောက်ခဲ့ကြသည်။သို့သော်အသားအရောင်ခွဲခြားမှုမှာ ဆက်လက်ရှိနေခဲ့ပြီး ၁၈၆၆ ခုနှစ် တွင်'ကူကလပ်စ်ကလန်' (Ku Klux Klan)အဖွဲ့တည်ထောင်ပြီး လူမည်းများကို သုတ်သင်မှုများပြုလုပ်ခဲ့သည်။ကူကလပ်စ်ကလန်အဖွဲ့မှာလူဖြူကြီးစိုးရေးဝါဒီတို့၏ အကြမ်းဖက်အဖွဲ့ဖြစ်သည်။ ၁၈၇၁ခုနှစ်တွင်တရားဝင်ပိတ်ပင်ခဲ့သော်လည်းပြန်ပေါ်လာလိုက်၊ပျောက်ကွယ်သွားလိုက်ဖြင့်လူမည်းတို့ကိုသုတ်သင်သတ်ဖြတ်မှုများ ဆက်တိုက်ပေါ်ပေါက်နေခဲ့သည်မှာ ၁၉၅၀ပြည့်နှစ်လွန်၁၉၆၀ပြည့်နှစ်များအထိဖြစ်သည်။

## ခွဲခြားဆက်ဆံမှုတိုက်ပွဲ

၁၉၅၄ခုနှစ်တွင်အမေရိကန်တရားရုံးချုပ်ကအစိုးရကျောင်းများတွင် အသားရောင်ခွဲခြားမှုမရှိစေရဟုတညီတညွတ်တည်းဆုံးဖြတ်ခဲ့ရသည် အထိလူမည်းကျောင်းသားများ၏ကျောင်းနေခွင့်ကိုခွဲခြားမှုရှိခဲ့သည်။ စားသောက်ဆိုင်များမှအစ လူစည်ကားရာနေရာများတွင် အသားရောင်ရှိသူ လူမည်းများအားခွဲခြားဆက်ဆံမှုများ ဆက်လက်တည်ရှိနေခဲ့သည်။အချို့ပြည် နယ်များတွင် ဘတ်စ်ကားစီးရာ၌ပင်အသားအရောင်ခွဲခြားပြီးလူဖြူလူမည်းသီးခြားစီးကြရသည်အထိအသားအရောင်ခွဲခြားမှုကိုပြုလုပ်ခဲ့သည်။ ၁၉၅၅ခုနှစ်တွင် တောင်ပိုင်း အာလာဘားမားပြည်နယ်မောင်ဂိုမာရီမြို့(Alabama State;Maontgomery) မှလူမည်းအမျိုးသမီးရိုဇာပတ်စ်(Rosa Parks)ကသူထိုင်နေသော ဘတ်စ်ကားထိုင်ခုံကို လူဖြူအမျိုးသားအားမဖယ်ပေး၍အချင်းများခဲ့ကြသည်။ထိုမှအစပြု၍ခရစ်ယာန် ဘုန်းတော်ကြီးမာတင်လူသာကင်း ဂျူနီယာ(Rev. Martin Luther King Jr.)ဦးဆောင်၍ သပိတ်တိုက်ပွဲဝင်ခဲ့သည်။ပြည်ထောင်စုတရားရုံးကအသားအရောင်ခွဲခြားမှုသည် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

နှင့် မကိုက်ညီကြောင်းဆုံးဖြတ်ပေးခဲ့ရသည်။၁၉၅၇ခုနှစ်တွင် တောင်ပိုင်း အာကန်ဆောပြည်နယ်လစ်တဲလ်ရော့ခ်မြို့ (Arkansas State, Little Rock.)တွင် လူဖြူများအတွက်သီးသန့်ကျောင်းတိုက်သို့ လူမည်းကျောင်းသားတစ်ဦးဝင်ရောက်ရေးကို ပြည်နယ်အုပ်ချုပ်ရေးမှူးကိုယ်တိုင်က တားဆီးရာမှလူဖြူ-လူမည်းပဋိပက္ခအကြီးအကျယ်ဖြစ်လာ၍ ထိုစဉ်ကသမ္မတအိုက်ဆင်ဟောင်ဝါကိုယ်တိုင်လာရောက်ကာ ပြည်ထောင်စုတပ်များနှင့် စေလွှတ်ထိန်းသိမ်းပြီးအသားအရောင်ခွဲခြားမှုမပြုရေးဥပဒေကို အကောင်အထည်ဖော်ပေးခဲ့ရသည်။

## လူမည်းအိပ်မက်

အသားအရောင်ခွဲခြားရေးကို ဥပဒေပြဌာန်း၊သမ္မတကိုယ်တိုင် ဖြေရှင်းပေးရမှုများရှိနေသော်လည်း အသားအရောင်ခွဲခြားမှုမှာအထူးသဖြင့် တောင်ပိုင်းပြည်နယ်များတွင် ၁၉၆၀ပြည့်နှစ်များအထိဆက်လက်တည်ရှိ နေခဲ့သည်။ ၁၉၆၂ ခုနှစ်က မစ္စစ္စပီပြည်နယ် (Mississippi, State)တက္ကသိုလ်သို့လူမည်းကျောင်းသားဂျိမ်းစ်မာရီဒစ်(James Meredith) ကျောင်းတက်ခွင့်ရရေးလူဖြူလူမည်းအဓိကရုဏ်းဖြစ်ခဲ့ရာပြည်ထောင်စုတပ်သား ၃,၀၀၀ ဖြင့်နှိမ်နင်းခဲ့ရပြီးမှကျောင်းနေခွင့်ရခဲ့သည်။၁၉၆၃ခုနှစ်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျော့ဝါလ်လေ့စ်၏ အသားအရောင်ခွဲခြားမှုကို ပြည်ထောင်စုအစိုးရတပ်များက ဝင်ရောက်စွက်ဖက်ပြီးနောက်ပိုင်း အယ်လာဘားမားတက္ကသိုလ် တွင် အသားအရောင်ခွဲခြားမှုမရှိတော့ဘဲ လူမည်းတို့ တက္ကသိုလ်တက်ခွင့်ရခဲ့သည်။ ထိုနှစ်မှာပင်အာလာဘားမားပြည်နယ်၊ မောင်ဂိုမာရီမြို့တွင် အသားရောင်ခွဲခြားမှုဆန့်ကျင်ရေး၊ လူ့အခွင့်အရေးရရှိရေးဆန္ဒပြပွဲမှ တဆင့်အဓိကရုဏ်းကြီးဖြစ်ပွားကျယ်ပြန့်လာခဲ့သည်။ ထိုနှစ်ဩဂုတ်လတွင်ဝါရှင်တန် မြို့တော်၌ ဘုန်းတော်ကြီးမာတင်လူသာကင်း ဂျူနီယာက လူနှစ်သိန်းကျော်ပါဝင်သည့် တန်းတူရေး၊ လူ့အခွင့်အရေးမျှတရေး ဆန္ဒပြပွဲ၌ " ကျွန်ုပ်တွင် အိပ်မက်တစ်ခုရှိသည် " (I have a dream)ဟူသော ကမ္ဘာ့ကျော်မိန့်ခွန်း ဖြင့်တန်းတူရေး ကြွေးကြော်သံကို မြွက်ဟပြီး တကမ္ဘာလုံးကို တပ်လှန့်ခဲ့သည်။ထိုနှစ်နိုဝင်ဘာလ ၂၂ ရက်တွင်လူမည်းများကို အခွင့်အရေးပေးအသားအရောင်ခွဲခြားခြင်းဆန့်ကျင်သူအမေရိကန်သမ္မတဂျွန်အက်ဖ်ကနေဒီ လုပ်ကြံသတ်ဖြတ်ခံရသည်။

## တစ်နေ့နေ့တစ်ချိန်ချိန်

၁၉၆၄ ခုနှစ်တွင် မဲပေးခြင်းနှင့်တကွ အလုပ်အကိုင်နေရာထိုင်ခင်း၊ ပြည်သူအများသုံးနေရာများစသည်တို့တွင်အသားအရောင်ခွဲခြားခြင်းမပြုရေးလူ့အခွင့်အရေးဥပဒေကြမ်း (Civil Rights Bill)ကို သမ္မတဂျွန်ဆင်ကအတည်ပြုပေးခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဘုန်းတော်ကြီး မာတင်လူသာကင်းသည် အကြမ်းမဖက်ဘဲ လူ့အခွင့်အရေးရရှိရန်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

လှုပ်ရှားမှုကြောင့် ငြိမ်းချမ်းရေးနိုဗယ်ဆုရရှိခဲ့သည်။ ၁၉၆၅ခုနှစ်တွင် နယူးယောက်မြို့ လူမည်းတို့၏ဆန္ဒပြပွဲတွင် လူမည်းခေါင်းဆောင်'မဲလ်ကွန်အိတ်စ်' ( Malcolm X) လုပ်ကြံသတ်ဖြတ်ခံရသည်။လူမည်းများ၏မဲပေးပိုင်ခွင့်အခွင့်အရေးကို ပြည်ထောင်စုအစိုးရက ကာကွယ်စောင့်ရှောက်ပေးရေးဆန္ဒပြပွဲအားအာလာဘားမားပြည်နယ်ဆယ်မာမြို့မှ မောင်ဂိုမာရီမြို့အထိဘုန်းတော်ကြီးမာတင်လူသာကင်းကိုယ်တိုင်ဦးဆောင်ပြီးချီတက် တိုက်ပွဲဝင်ခဲ့ကြသည်။ မဲပေးပိုင်ခွင့်အခွင့်အရေးသစ်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ တစ်ချိန်တည်းတွင်လူမည်း အာဖရိကနွယ်ဖွားအမေရိကန်များ လွှတ်တော်တွင်အမတ်များဖြစ်လာပြီး မြို့တော်ဝန်များ၊အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ်ရာထူးများရလာခဲ့ကြသည်။ လူမည်းတို့၏ အခွင့်အရေးတိုက်ပွဲများလည်းဆက်လက်ကျယ်ပြန့်လာခဲ့ကြသည်။၁၉၆၈ခုနှစ် ဧပြီလ၄ရက်နေ့တွင် တင်နက်စီပြည်နယ်မမ်ဖီးစ်မြို့(Tennessee state,Memphis)တွင်ဘုန်းတော်ကြီးမာတင်လူသာကင်း လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။သူကွယ်လွန်ခဲ့သော်လည်းသူ့အိပ်မက်ကရှင်သန်နေဆဲဖြစ်သည်။ဘုန်းတော်ကြီးမာတင်လူသာကင်း၏ "လူသားအားလုံးတန်းတူရေးသင်္ကေတ"(We will over come some day)"ကျွန်ုပ်တို့အားလုံး တစ်နေ့နေ့ တစ်ချိန်ချိန်တွင်ကျော်လွှားအောင်မြင်ရမည်" ဟူသောတေးသံသည် ယနေ့အထိ ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူတို့၏ တေးသံဖြစ်နေသည်။

## တန်းတူရည်တူ

၁၉၇၀ ပြည့်နှစ်များ၊ ၁၉၈၀ ပြည့်နှစ်များတွင် အသားအရောင်ခွဲခြားမှုများ အလွန်အမင်း လျော့နည်းလာခဲ့ပြီး နေရာတိုင်းလုပ်ငန်းတိုင်းတွင် အာဖရိကနွယ်ဖွားများ အမေရိကန်နိုင်ငံသားတို့နှင့်အတူ အမေရိကန်တစ်ဝန်းတန်းတူရည်တူအခွင့်အရေး အပြည့်အဝရရှိလာခဲ့ကြသည်။ အသားအရောင်ရှိသော လက်တင်အမေရိကန်ဖွား အက်စပန်နိုများ၊ အာရှတိုက်သားများလည်း အာဖရိကနွယ်ဖွားများနည်းတူ အခွင့်အရေးတန်းတူရရှိလာခဲ့ကြသည်။ ၁၉၆၈ ခုနှစ်တွင်ကွယ်လွန်သူလူမည်းခေါင်းဆောင်ဘုန်းတော်ကြီး မာတင်လူသာကင်းကို အမေရိကန်ပြည်ထောင်စုကဂုဏ်ပြုသောအားဖြင့်သူ့မွေးနေ့ဇန်နဝါရီလ ၂၀ ရက်နေ့ကိုပထမဆုံးအကြိမ်မာတင်လူသာကင်းနေ့အဖြစ်သတ်မှတ်ပြီးနှစ်စဉ်ကျင်းပပေးခဲ့သည်။

၁၉၈၉ ခုနှစ်တွင် အမေရိကန်ဗိုလ်ချုပ်ကြီး ကောလင်းပိုလ်ဝဲအား ကြည်း၊ရေ၊လေပူးတွဲတပ်ပေါင်းစုစစ်ဦးစီးချုပ်များ၏ဥက္ကဋ္ဌအဖြစ်ခန့်အပ်ပြီး လူမည်းတစ်ဦးကို အမြင့်ဆုံးစစ်ရာထူးဖြင့် ချီးမြှင့်ခဲ့သည်။ထို့နောက် အစိုးရအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာခဲ့သည်။ ဂျော့ဒဗလျူဘု(ရှ်)၏ယခုနောက်ဆုံးသက်တမ်းတွင်လည်းပထမဆုံးလူမည်းအမျိုးသမီးနိုင်ငံခြားရေးဝန်ကြီးအဖြစ်ဒေါက်တာကွန်ဒိုလီဇာရိုက်စ် တာဝန်ယူလာခဲ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင်ငွေဝယ်ကျွန်ဘဝမှပင်ခေတ်အဆက်ဆက်နှစ် ၂၀၀ ကျော် အသားအရောင်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ခွဲခြားမှုဆန့်ကျင်ရေး၊လူသားချင်းတန်းတူရေးတို့အတွက် တောင်းဆိုလာခဲ့ကြသောအာဖရိကနွယ်ဖွားလူမည်းများ၏လှုပ်ရှားမှုများကြောင့် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းတွင် လူမည်းဘုန်းတော်ကြီးငြိမ်းချမ်းရေးနိုဗယ်ဆုရှင် မာတင်လူသာကင်းဂျူနီယာ၏အိပ်မက်အကောင်အထည်ပေါ် လာပြီဟုဆိုရမည်။

## လူမည်း သမ္မတလောင်း

၂၀၀၈ခုနှစ်အမေရိကန်သမ္မတလောင်းအဖြစ်ဒီမိုကရက်တစ်ပါတီ၏သမ္မတလောင်း ရွေးချယ်ရာတွင်လူဖြူသမ္မတလောင်းအားလုံးနှင့်တကွ ၄၂ ဦးမြောက်သမ္မတဘီလ်ကလင်တန်၏ ဇနီးဟီလာရီကလင်တန်ကိုပါဖြတ်ကျော်ပြီး အာဖရိကနွယ်ဖွား လူဖြူလူမည်းကပြားဘားရက်အိုဘားမားသမ္မတလောင်းအဖြစ်ရွေးချယ်ခံခဲ့ရသည်။

## အိုဘားမားငယ်ဘဝ

အာဖရိကနွယ်ဖွားလူဖြူသွေးနှောအမေရိကန်သမ္မတလောင်းဘားရက် အိုဘားမားကိုအမေရိကန်ပြည်ထောင်စု၏၅၀ခုမြောက်ပြည်နယ်တစ်ခုဖြစ်သောဟာဝိုင်ယီ ကျွန်းစုမြို့တော်ဟိုနိုလူလူမြို့၌ ဖခင်တောင်အာဖရိကတိုက်အရှေ့ပိုင်း ကင်ညာနိုင်ငံသား အမေရိကန်ပညာတော်သင်နှင့်မိခင်အမေရိကန်သူတို့မှ၁၉၆၁ခုနှစ်တွင်မွေးဖွားခဲ့သည်။မိခင်နှင့်ဖခင်ကွဲကွာသွားပြီးနောက်မိခင်၏ဒုတိယအိမ်ထောင်နှင့် ၁၉၆၇ခုနှစ်ငယ်စဉ်ကလေး ဘဝတွင် အင်ဒိုနီးရှားနိုင်ငံ၌သွားရောက်နေထိုင်ခဲ့သည်။

## ပညာရေးကြိုးပမ်းမှု

၁၉၇၁ခုနှစ်တွင် မိခင်ဘက်မှဘိုးဘွားများရှိရာဟာဝိုင်ယီကျွန်း၌ အတူနေထိုင်ပြီး အခြေခံပညာကျောင်းများတွင် အခြေခံပညာအထက်တန်းအောင်သည်အထိသင်ယူခဲ့သည်။ ထိုစဉ်ဆေးခြောက်၊ ကိုကင်း၊ အရက်သေစာ စသည့် မူးယစ်ဆေးဝါးများသောက်သုံးခဲ့သည်။ အကျင့်ပျက်လုပ်ရပ်များကိုစွန့်လွှတ်ပြီး ဖလော်ရီဒါပြည်နယ်လော့စ်အိန်ဂျယ်လိစ်မြို့သို့ ပြောင်းရွှေ့ကာ အော့စီဒင်တယ်ကောလိပ်တွင် နှစ်နှစ်ပညာဆည်းပူးခဲ့သည်။ ထို့နောက် နယူးယောက်မြို့ကိုလံဘီယာတက္ကသိုလ်တွင်နိုင်ငံရေးသိပ္ပံနှင့်နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်တို့ကို လေ့လာဆည်းပူးပြီးဝိဇ္ဇာဘွဲ့ (B.A) ကို ၁၉၈၃ခုနှစ်တွင် ဆွတ်ခူးခဲ့သည်။ ကိုလံဘီယာတက္ကသိုလ်၌ ပညာသင်နေစဉ် ၁၉၈၂ ခုနှစ်တွင် ကင်ညာနိုင်ငံ၌ နေထိုင်သော ဖခင်ကား တိုက်ခံရ၍ ကွယ်လွန်ခဲ့သည်။ ထို့နောက်ကမ္ဘာကျော်ဟားဗတ်တက္ကသိုလ်၌ ဥပဒေပညာရပ်ကိုသင်ယူကာဘွဲ့ရရှိခဲ့သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## ကျောင်းဆရာ၊ နိုင်ငံရေးသမား

၁၉၉၂ ခုနှစ်မှ ၂၀၀၄ခုနှစ်အထိ ချီကာဂိုတက္ကသိုလ်ဥပဒေဌာနတွင် ကျောင်းဆရာကထိကအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်ကို ပို့ချခဲ့သည်။ ၂၀၀၀ပြည့်နှစ် အောက်လွှတ်တော်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရာ ရှုံးနိမ့်ခဲ့သည်။ ၂၀၀၄ခုနှစ်နိုဝင်ဘာလတွင်အထက်လွှတ်တော်အမတ်ဖြစ်လာခဲ့သည်။ထို့နောက်ပိုင်းတွင် အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အရှေ့ဥရောပနိုင်ငံ များ၊ အာဖရိကတိုက်နိုင်ငံများသို့ တရားဝင်ခရီးသွားရောက်ခဲ့သည်။

## သန့်မြန့်ဖျတ်လတ်

၂၀၀၇ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီမှအမေရိကန်သမ္မတလောင်းအဖြစ် အရွေးခံရကာယခု ၂၀၀၈ခုနှစ်နိုဝင်ဘာလ(၄)ရက်နေ့ကရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်းဂျွန်မက်ကိန်းကို မဲဆန္ဒရှင်တစ်ဦးချင်း၏ မဲနှင့်တကွ ပြည်နယ်အလိုက် ကိုယ်စားလှယ်အများစုမဲ (Electoral Vote) တို့တွင် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

မဲဆန္ဒရှင်တစ်ဦးချင်း၏Popularမဲအရေအတွက်တွင်လည်း ဘားရက်အိုဘားမားကအသာရရှိပြီးပြည်နယ်ကိုယ်စားလှယ်(ElectoralVote) ၅၃၈မဲတွင်မဲ၂၇၀သာလိုအပ်ခဲ့ရာ အိုဘားမားကမဲပေါင်း၃၆၄နှင့် မက်ကိန်းက မဲပေါင်း ၁၆၂ ရရှိပြီး ၂၀၀၈ခုနှစ်အမေရိကန်ပြည်ထောင်စု၏၄၄ ဦး မြောက်သမ္မတအဖြစ် အသက် ၄၇နှစ်အရွယ်ဖျတ်ဖျတ်လတ်လတ်တက်တက် ကြွကြွသန့်တုန့်မြန့်တုန့် လူလတ်ပိုင်း အရွယ်တွင်ထမ်းဆောင်ခွင့်ရရှိလာခဲ့သည်။

## ပြိုင်ဘက် ရီပတ်ဘလီကင်ဂျွန်မက်ကိန်း

အာဖရိကနွယ်ဖွား လူဖြူလူမည်းကပြားအမေရိကန်ဟု သတ်မှတ်ထားသော ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်းဘားရက်အိုဘားမားနှင့်ယှဉ်ပြိုင်ရာတွင်အရေးနိမ့်သွားသောရီပတ်ဘလီကင်ပါတီမှ သမ္မတလောင်းဂျွန်မက်ကိန်းမှာလည်းခေသူတော့ မ ဟုတ်ပါ။ ဘမျိုးဘိုးတူရေတပ်အရာရှိတစ်ဦးဖြစ်သည်။

ဂျွန်မက်ကိန်း၏ ဖခင်နှင့်အဘိုးတို့မှာ ရေတပ်တွင် ကြယ်လေးပွင့်ရ ဗိုလ်ချုပ်ကြီးများဖြစ်ခဲ့သည်။ဖခင်ဖြစ်သူပနားမားနိုင်ငံကိုလိုဆိုလိုအမေရိကန်ရေတပ်စခန်း၌ တာဝန်ယူနေစဉ်လေယာဉ်တင်သင်္ဘောကြီးယူအက်စ်အက်စ် ဖော်ရက်စတဲ(U.S.S. Forestal) တွင် တာဝန်ထမ်းဆောင်နေစဉ် သင်္ဘောကြီး မီးလောင်ရာကံကောင်းထောက်မ၍ အသက်မသေ သော်လည်း သေလုမျောပါး ဒဏ်ရာရခဲ့သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## အကျဉ်းခံ စစ်သုံ့ပန်း

၁၉၆၇ ခုနှစ် အောက်တိုဘာလအတွင်းမြောက်ဗီယက်နမ်ဟန္နိုင်းမြို့တော်ကို သွားရောက်ဗုံးကြဲတိုက်ခိုက်စဉ် မြေပြင်မှပစ်ချခံရ၍လေထီး ဖြင့်ခုန်ဆင်းပြီး အသက်မသေသော်လည်း ဒဏ်ရာပြင်းထန်စွာရခဲ့သည်။ စစ်သုံ့ပန်းအဖြစ် ဗီယက်နမ်အကျဉ်းထောင်ထဲတွင်ညှဉ်းပန်းနှိပ်စက်မှုများနှင့် သွေးဆောင်ဖြားယောင်းမှုများကိုခံခဲ့ရသည်။၁၉၇၃ခုနှစ်တွင် လွတ်ပေးမည်ဟု လှည့်ဖြားသည်ကို လက်မခံဘဲငြင်းပယ်ခဲ့သည်။ ဗီယက်နမ်စစ်ပြီးသည့် ၁၉၇၅ ခုနှစ်နောက်ပိုင်းတွင်လွတ်မြောက်လာခဲ့သည်။၁၉၈၁ခုနှစ်တွင် ရေတပ်ဗိုလ်မှူးကြီး (Captain) ရာထူးဖြင့် အငြိမ်းစားယူခဲ့ပြီး အမေရိကန်ပြည်ထောင်စု အာရီဇိုးနားပြည်နယ်၌ နေထိုင်ကာ နိုင်ငံရေးနယ်ပယ်သို့ဝင်ရောက်ခဲ့သည်။

## နိုင်ငံရေးသမား

၁၉၈၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုလွှတ်တော်အာရီဇိုးနား ပြည်နယ် ရီပတ်ဘလီကင်ပါတီအမတ်အဖြစ်ရွေးခံရပြီးသက်တမ်းနှစ်ခုအတွက်တာဝန်ယူခဲ့သည်။ ၁၉၉၂ခုနှစ်မှ၂၀၀၄ခုနှစ်အထိရီပတ်ဘလီကင်ပါတီအထက်လွှတ်တော်အမတ်အဖြစ် ထပ်မံအရွေးခံရပြီးတာဝန်ယူနေဆဲဖြစ်သည်။၁၉၉၀ပြည့်နှစ်များမှစ၍ ဗီယက်နမ်နှင့် အမေရိကန် သံတမန် ဆက်ဆံရေးထူထောင်နိုင်ရန်တက်ကြွစွာကြိုးပမ်းခဲ့သည်။ အာရှနိုင်ငံအများ အပြားသို့လည်းသွားရောက်ပြီး ဒီမိုကရေစီရေး၊ တန်းတူရေးပေါင်းစည်းရေး ပြဿနာရပ်များကို အစွမ်းကုန်ကြိုးပမ်းခဲ့သည်။

## သမ္မတလောင်း

၂၀၀၈ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ပါတီတွင်းပြိုင်ဘက်များကို စောစီးစွာဖြတ်ထားနိုင်ခဲ့ပြီး ရီပတ်ဘလီကင်ပါတီ၏အမေရိကန်သမ္မတလောင်း အဖြစ် အရွေးခံခဲ့ရသည်။ အစပိုင်းမဲဆွယ်ပွဲများတွင် ဒီမိုကရက်တစ်ပါတီမှသမ္မတလောင်းဘားရက် အိုဘားမားကိုအသာစီးရနေခဲ့သည်။အမေရိကန်စီးပွားရေးကသောင်းကနင်းဖြစ်ပြီး ပြည်တွင်းစီးပွားရေးအကျပ်အတည်းဆိုက်လာသော အခါလက်ရှိရီပတ်ဘလီကင်သမ္မတဂျော့ဒဗလျူဘုရှ်အပေါ်ပြည်တွင်းရေးနှင့်တကွ စီးပွားရေးကမောက်ကမဖြစ်မှုများ၊ စစ်ရေးနှင့် နိုင်ငံတကာရေးတို့တွင်ပြည်သူတို့ဆန့်ကျင်လာကြသည်ကိုအခွင့်ကောင်းယူပြီး 'တတိယဘုရှ်' သို့မဟုတ် 'ဘုရှ်လမ်းစဉ်ကိုလိုက်မည့် သမားရိုးကျသမား' ဟု ဒီမိုကရက်တစ် ပါတီ၏ ထိုးနှက်ချက်ကို အကြီးအကျယ်ခံလာရသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

### ကြွေးကြော်သံနှစ်ခု

ဂျွန်မက်ကိန်းက 'နိုင်ငံသာလျှင် ပထမဦးစားပေး' (Country First) ဟုကြွေးကြော်ပြီး အီရတ်စစ်ကိုအရှုံးနှင့်မထွက်ဆက်လက်ဆင်နွှဲမည်။အောင်ပွဲရပြီးမှထွက်မည်ဟုပြောဆိုစည်းရုံးလာခဲ့ရာမှလူကြိုက်နည်းလာသည်။ ဒီမိုကရက်ပါတီမှ ဘားရက်အိုဘားမားက "အရာရာပြောင်းလဲရမည်"(Change we need)ဟူသောကြွေးကြော်သံကိုင်စွဲပြီး ရှစ်နှစ်ကြာပြီဖြစ်သော လမ်းဟောင်းကိုဖယ်ရှား၍ လမ်းသစ်ထွင်မည်၊အောက်ခြေလူတန်းစားများ အတွက်ဦးစားပေးမည်၊အခွန်အကောက် လျှော့ပေါ့မည် ဟုဆိုလာသောအခါ လူများစုအကြိုက်တွေ့ပြီးရွေးကောက်ပွဲတွင် ဂျွန်မက်ကိန်း အရေး နိမ့်သွားရခြင်းဖြစ်သည်။


အမေရိကန်၏ ၄၄ ဦးမြောက်သမ္မတဖြစ်လာသောဒီမိုကရက်တစ်ပါတီမှ အာဖရိကန်လူမည်းသမ္မတဘားရက်အိုဘားမားတစ်ယောက်အစစအရာရာကိုပြုပြင်ပြောင်းလဲနိုင်မည်လော။စီးပွားရေးတည်ငြိမ်တိုးတက်သော အမေရိကန်နိုင်ငံကိုထူထောင်ပြီး ငြိမ်းချမ်းသောကမ္ဘာကြီးကို ဖန်တီးနိုင်မည်လော ဆိုသည်မှာစောင့်ကြည့်ရမည်ဖြစ်သည်။

***မောင်ခိုင်သာ***
***၂၀၀၈ ခုနှစ်၊ ၇ ရက်၊ ဒီဇင်ဘာ။***
***Ref-[CNANews, Aljazeera News, The world, Almanac, 2008 နှင့် ကိုယ်ပိုင်မှတ်တမ်းများ]***
***ရန်နံ့သစ် မဂ္ဂဇင်း***
***အမှတ် (၁)၊ ဒီဇင်ဘာလ***

http://www.linhtet.com

# ငွေကို ရေလိုသောက်နေသော စစ်တလင်းနှစ်ကွက် လမ်းချော်နေသောအမေရိကန်ကိုပြောင်မည့်သမ္မတသစ် အမေရိကန်ပြည်တွင်းစစ်အဆုံးနှင့် စီးပွားပျက်ကပ်ခုခံရေးစစ်အစ

တွန်းလွင်မိုး



၂၀၀၈ ခု၊ နိုဝင်ဘာလ(၄) ရက်၊အမေရိကန်အရှေ့ပိုင်းစံတော်ချိန် ည(၁၁) နာရီတွင်အမေရိကန်၏ပြည်တွင်းစစ်သည်အမှန်တကယ်ပြီးဆုံးခဲ့သည်။စင်စစ်တွင် အလယ်ပိုင်းစံတော်ချိန်ည(၁၀)နာရီကပင်ဂျွန်မက်ကိန်းကဘားရက်အိုဘားမားထံသို့ အရှုံးပေး လက်နက်ချရင်း ဂုဏ်ပြုစကားပြောခဲ့ပြီးဖြစ်သည်။ မက်ကိန်းသည်သမိုင်းဝင်သည့် ယင်းတဒင်္ဂကိုအလေးပြုရင်းအိုဘားမား၏နောက်မှမားမား ရပ်လျက်ကူညီမည်ဟုလည်း ကမ်းလှမ်းလိုက်ပါသေးသည်။၄၄ဦးမြောက်အမေရိကန်ရွေးကောက်ခံသမ္မတဘားရက်အိုဘားမားကယင်းဂုဏ်ပြုစကားကို 'အထူးကျက်သရေနှင့်ပြည့်စုံသည့်သဝဏ်' ဟု မှတ်တမ်းပြု၏။ ပြီးနောက်သူပြိုင်ဘက်သို့ -'ရဲရင့်လျက်အတ္တစိတ်ကင်းစင်သော ခေါင်းဆောင်'ဟု ချီးမွမ်းလိုက်လျက် 'အကူအညီလိုအပ်ပါတယ်'ဟုလည်းဝန်ခံခဲ့သည်။ယင်းသည် ကမ္ဘာ့ဦးဆောင်ဒီမိုကရေစီနိုင်ငံကြီး၏လွတ်လပ်လျက်တရားမျှတသောရွေးကောက်ပွဲ၏သရုပ်သကန်ဖြစ်ချေသည်။တင့်တယ်လှပါ၏။ ရင့်ကျက်လှပါ၏။ ပို၍ထူးကဲသည့် အလှတရားသည် အမေရိကန်ရောက်လူကျွန် အာ ဖရိကနွယ်ဖွားတို့အား'လူမည်း'ဟု မခွဲခြားတော့သောမုဒိတာဖြစ်တော့သည်။

အမှန်ပင်ယင်းသည်လွန်လေပြီးသော၁၈၆၁ခုနှစ် ဇူလိုင်လ (၂၁) ရက်နေ့၌စခဲ့သောပြည်တွင်းစစ်၏ ဇာတ်သိမ်းအလွန်လှပသောနိဂုံးဖြစ်သည်။ ဗာဂျီးနီးယားပြည်နယ် 'ဘူးလ်ရန်း' မြို့မှ စတင်ခဲ့သည့်စစ်သည်လူဖြူကလူမည်းအား ကျွန်ပြုမှုကိုအခြေခံခြင်း

## အိုဘားမားကောက်ကြောင်း

ဖြစ်လျက် ၁၄၇နှစ်ကြာခဲ့ပြီးမှ မဲပုံးအားဖြင့် အဆုံးသတ်ခြင်းဖြစ်သည်။

ဗာဂျီးနီးယားပြည်နယ်သည် လူမည်းကိုကျွန်ပြုသည့်မူဝါဒကို ဖက်တွယ်ကာ အမေရိကန်ပြည်ထောင်စုမှဖဲ့ထွက်လျက်တောင်ပိုင်းကွန်ဖက်ဒရိတ်ကို မဟာဗျူဟာကျစွာ အလေးထိုးပေးခဲ့သည်။ ယင်းပြည်နယ်ကြီးက ယခုရွေးကောက်ပွဲတွင် လူမည်းတစ်ပိုင်း ဘားရက်အိုဘားမားအား အောင်ပွဲခံစေခဲ့၏။လူဖြူအများစုကလူမည်းအမေရိကန်တစ်ဦး ကို သမ္မတအဖြစ်မတင်မြောက်မချင်းပြည်တွင်းစစ်ကို ပြီးဆုံးပြီဟုမဆိုနိုင်ဟူသော အယူအဆ အရ၊ ယခုလူမည်းစင်စစ်မဟုတ်လျှင်သော်မှ ကင်ညာလူမည်းသွေးပါသူတစ်ဦးကို လူဖြူတို့က တင်မြောက်လိုက်ကြပေပြီ။

### သူဘာလဲ

မစ္စတာ ဘားရက်အိုဘားမားသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်ပါသလဲ။

မိခင်ကကင်းဆတ်စ်ပြည်နယ်သူ လူဖြူဖခင်က ကင်ညာနိုင်ငံသားလူမည်း၊ အသက် ၄၇ နှစ်ရှိသူ မစ္စတာအိုဘားမားသည် 'အိုင်ဗီလိဂျေ'ဟု တင်စားသော သက်ရင့် တက္ကသိုလ်ထွက်ပညာတတ်အသိုင်းဝိုင်းမှ ဖြစ်သလို 'ဆဲနိတ်' အထက်လွှတ်တော်သို့ ရှားရှားပါးပါး တင်မြောက်ခံရသည့် လူမည်း သုံးဦးထဲမှတစ်ဦးဖြစ်သည်။သူ၏ညီ့ုသြဇာ (ခါရစ္စမာ) ကလည်း အံ့မခန်းဖြစ်၏။သို့သော်ယင်းအရည်အချင်းမျှနှင့် သူသမ္မတဖြစ်လာရခြင်း မဟုတ်ဟု သုံးသပ်ကြသည်။

စင်စစ်တွင်လွန်ခဲ့သောလေးနှစ်က ဘားရက်အိုဘားမားဆိုသည့် အမည်ကိုလူ မသိသလောက်ဖြစ်၏။သို့ဖြစ်လျက်နှင့်သူ့မိခင်ထက်အသက်ငါးနှစ်သာငယ်သူ၊ လူဖြူရေ ပန်းစားဟီလာရီကလင်တန်အားတရားမျှတစွာကျော်လွှားခဲ့သည်။ပြီးနောက် သူ့ဖိုးလေး အရွယ်အသက်၇၂နှစ်ရှိ၊ ဝါရင့် နိုင်ငံရေးပုဂ္ဂိုလ်၊ရေပန်းစားစစ်သည်တော်အိုကြီး မစ္စတာ ဂျွန်မက်ကိန်းအား ဖယ်ရှားခဲ့ သည်။

သမ္မတဖြစ်ရေးတွင်ပြည်သူ့ကိုယ်စားလှယ်အရေအတွက်၂၇၀ ရလျှင် ပြီး၏။ ယခုမစ္စတာအိုဘားမားက ၃၄၉ မဲရခဲ့ပြီး၊ မစ္စတာဂျွန်မက်ကိန်းက ၁၄၄မဲသာရခဲ့သည်။ လူတွေ့စစ်တမ်းများအရအမျိုးသမီး၁၀ဦးတွင်ခြောက်ဦးက အိုဘားမားအားထောက်ခံ ထား သည်။သူအားလူဖြူတို့၏မဲဆန္ဒ၊လူမည်းတို့၏ မဲဆန္ဒအပြင်၊ စပိန်နွယ်ဖွားတို့၏ မဲဆန္ဒကပါ အောင်နိုင်ခြင်းကိုပေးခဲ့ ခြင်းဖြစ်သည်။

### ဖိအားတွေ

သို့ဖြစ်ရာမစ္စတာအိုဘားမား၏ညီ့ုသြဇာအပြင်အခြားသော ဖိအားများကြောင့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

သူအရွေးခံရခြင်းဖြစ်သည်ဟုသုံးသပ်သူမနည်းပါချေ။ ယင်းဖိအားများထဲမှအထင်ကရသည် စီးပွားရေးအကျပ်အတည်းဖြစ်နေသည်။ စစ်တလင်းနှစ်ခု၏ဖိအားလည်းပါ၏။ အာဖဂန်နစ္စတန်စစ်တလင်းသည် လိုအပ်ချက်အရ ဖြစ်လာရခြင်းဖြစ်သော်လည်း၊ အီရတ်စစ်တလင်းကမူ မိုက်မဲခြင်း၏ ရလဒ်ဖြစ်သည်။ တစ်ဖန်ရီပတ်ဘလီကင် မျိုးချစ်တဇွတ်ထိုးမူဝါဒ၏ဒဏ်ကိုလည်းရှောင်လိုနေကြပြီ။ရေသေမှအပြောင်းအလဲကိုလည်းတောင့်တကြပြီ ဖြစ်သည်။

သော့မာစ့်အယ်လ်ဖရီဒမင်က'ဘရက်ဒလေအာနိသင်'ကိုတန်ပြန်သည့် 'ဘူဖေးအာနိသင်'ကိုပါနိုင်သည်ဟုဆို၏။ဘရက်ဒလေအာနိသင်ဆိုသည်က၊ လူဖြူမဲ ဆန္ဒရှင်များကအိုဘားမားအားမဲပေးမည်ဟုဝစီကံဖြင့်စင်တင်ကာ၊အကယ်စင်စစ်တွင် လူဖြူသမ္မတလောင်းကိုကာယကံဖြင့်မဲပေးခြင်းကိုဆိုလို၏။ဘူဖေးအာနိသင်က ဆန့်ကျင်ဘက် ဖြစ်သည်။ လူဖြူရှေးရိုးစွဲဝါဒီများကသူတို့၏ကျေးလက်ကလပ်များ၊သေတင်းကုတ်များတွင် ဂျွန်မက်ကိန်းကို မဲပေးမည်ဟု အော်ကြီးဟစ်ကျယ်ပြောဆိုထားကြပြီး၊မဲပေးနေ့တွင် အိုဘားမားအားတိတ်တဆိတ်မဲပေးခြင်းတို့ဖြစ်သည်။

အိုဘားမားတက်လာလျှင်အမြတ်ခွန်ပို၍ဆောင်ကြရမည်ကို သိလျက်နှင့်လည်း ဖြစ်၏။

### မျိုးဆက်သစ်အင်အား

ဘာ့ကြောင့်ပေးကြပါသလဲ။အကြောင်းက၊လက်ရှိမိဘမျိုးဆက်သည် မျိုးဆက်သစ်သားသမီးတို့အလွန်နိုးကြားကိုးစားကာအိုဘားမားသမ္မတဖြစ်ရေးကို မျှော်လင့်နေကြကြောင်းသိသောကြောင့်ဖြစ်သည်။ယင်းမျှော်လင့်ချက်ကို ရိုက်ချိုးခြင်းမပြုလိုရုံသာမက သူတို့ကလည်းမျိုးဆက်သစ်၏ဆန္ဒကိုမျှဝေခံစားလိုကြသောကြောင့်ဖြစ်၏။နိုင်ငံစွမ်းပကားကို ပြန်လည်စုစည်းလျက်၊ စည်းလုံးရေးကိုထူထောင်လျက်နိုင်ငံကို ပြန်လည်တည်ဆောက်မည့်သမ္မတကို လိုအပ်နေပြီဆိုသည်ကိုလည်း သိသောကြောင့် ဖြစ်၏။

မစ္စတာအိုဘားမားက ဖြည့်ဆည်းပေးနိုင်ပါမည်လား။

ချီကာဂိုမြို့ဂရန့်ပန်းခြံ၌မစ္စတာအိုဘားမားအောင်ပွဲရမိန့်ခွန်းကို ဤသို့ မိန့်ကြားသည်။

'ရှေ့တူရူကခရီးလမ်းဟာရှည်လျားပါတယ်။ကျုပ်တို့တက်ရမယ့် အတက်လမ်းကလည်းမတ်စောက်ပါတယ်။သို့ပေမဲ့၊ဟောဒီညလောက်မျှော်လင့်ခြင်းခိုင်ခန့်တဲ့ညကျုပ်မှာမရှိခဲ့ဖူးပါဘူး။အမေရိကန်နိုင်ငံဟာပန်းတိုင်သို့ ရောက်ကိုရောက်မှာဖြစ်ပါတယ်။

### သူ့ပန်းတိုင်

မဲဆွယ်စဉ်ကပင်သူ့ပန်းတိုင်ကို ချပြခဲ့ပြီးဖြစ်၏။သူကသူ့နိုင်ငံမည်သို့ လမ်းချော်

နေသည်ကို မြင်၏။အစိုးရသည် ပြည်သူတို့အားကာကွယ်မှုပေးရန် ပျက်ကွက်နေသည်။ သူကဖြစ်ထွန်းနေသမျှပြဿနာအားလုံးကို ဖြေရှင်းပေးမည်ဟုကတိမပေးချေ။အစိုးရအဖွဲ့ အနေဖြင့်ပြည်သူတစ်ဦးချင်း မထမ်းဆောင်နိုင်သောအရာများကိုမူ သူတာဝန်ယူမည်ဟု ဆို၏။ အချုပ်အားဖြင့် တစ်-စီးပွားရေးကိုတရားမျှတစွာထိန်းကျောင်းမည်။နှစ်-လေထုကို သန့်စင်စေသလို အစားအသောက်ကိုလည်း အန္တရာယ်ကင်းစေမည်။ သုံး - နာမကျန်း ဖြစ်သူမှန်သမျှ ကျန်းမာရေးစောင့်ရှောက်မှုသို့ လက်လှမ်းမီစေမည်။ လေး - ကမ္ဘာတစ်သား တည်းခေတ်၌ ယှဉ်ပြိုင်နိုင်စွမ်းရအောင်ကလေးတို့ကို ပညာဆည်းပူးခွင့်ရစေမည်။

## တင်နေတဲ့ အရှုံးကြွေးတွေ

သို့တစေ၊ဆိုးမွေကိုသာအဓိက လက်ခံယူလိုက်ရသည့်မစ္စတာအိုဘားမား၏ လက်ရှိ ရာသီစည်းချက်ပျက်နေသည့်၊ကမ္ဘာတစ်ဝန်းလုံး စီးပွားပျက်ကပ်အတွင်းသို့ လျောဆင်းနေသည့် စီးပွားရေး၊ ငွေကိုရေကဲ့သို့ သောက်နေသော စစ်တလင်းနှစ်ကွက်၊ ဩဇာကျဆင်းနေသည့် ဦးဆောင်နိုင်ငံနှင့် မျိုးဆက်တစ်ဆက်မျှသောကာလအတွင်း သူ့ခေါင်းဆောင်နေရာကိုလုယူတော့မည့် တရုတ်နိုင်ငံတို့ အဖတ်တင်နေသည်။

## လုပ်ဝံ့တယ်လုပ်မယ်

သူ့သတ္တိကဖြင့် မသေးပါ။ သူ့ရှေ့ကသမ္မတများ မလုပ်ဝံ့သည့်ကိစ္စကို ကြေငြာထား၏။ အီရန်နိုင်ငံနှင့်တိုက်ရိုက်သံတမန်ခင်းချိတ်ဆက်မှုကို ခွင့်ပြုမည်ဟုဆိုသည်။ကြိုတင်ဘောင်ခတ်မထားဘဲ၊ကျူးဘားသမ္မတနှင့် တိုက်ရိုက်တွေ့ဆုံမည်ဆို၏။မြောက်ကိုရီးယားသို့သံကိုယ်စားလှယ်စေလွှတ်မည့် အလားအလာရှိ၏။

ဥရောပနှင့်အမေရိကန်အကြားအနားဖွာနေသည့်ဆက်ဆံရေးကိုလည်း၊ ဘာလင်မြို့တော်မုခ်တံခါး၌ ဖာထေးခဲ့ပြီးဖြစ်သည်။ ဥရောပကိုပြိုင်ဘက် တစ်ဦးဟုမသတ်မှတ်သလို နောက်လိုက်တစ်ဦးအဖြစ်လည်းဆက်ခံမည်မဟုတ်ဘဲ ရောင်းရင်းတစ်ဦးအဖြစ် အဆင့်တူ ဆက်ဆံမည်ဟု ဆိုပေသည်။

## ခုခံနိုင်ပါ့မလား

မည်သို့ဆိုစေကာမူ၊ မစ္စတာအိုဘားမား အကျိတ်အနယ်ရင်ဆိုင်ရမည့်ကိစ္စသည် စီးပွားပျက်ကပ်ဖြစ်သည်။သူ့မျိုးဆက်ရှေ့က 'ကလေးစန်းပွင့်မျိုးဆက်'(ဘေဘီဘွန်းမား) သည် ၁၆နှစ်တိုင်အိမ်ဖြူတော်ကို စီးနင်းသိမ်းပိုက်ထားပြီး နိုင်ငံ၏စီးပွားကိုသုံးဖြုန်းပစ်ခဲ့သည်။ ကလေးစန်းပွင့်မျိုးဆက်လွန်မျိုးဆက်ဖြစ်သည့်သူ့မျိုးဆက်ကလည်းကြောင့်ကြမဲ့၊ရှားပါးမှု

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကင်းစွာဖြင့်လူဖြစ်လာခဲ့သူများဖြစ်သဖြင့် နိုင်ငံကကြုံရတော့မည့်ရှားပါးမှုဒဏ်ကိုခုခံလာခဲ့ရသူများဖြစ်သဖြင့် နိုင်ငံကကြုံရတော့မည့်ရှားပါးမှုဒဏ်ကိုခုခံနိုင်ပါမည်လားဟု မေးစရာရှိသည်။

ယခု သမ္မတရွေးကောက်ပွဲသည် မျိုးဆက်ဟောင်းဆီမှ မျိုးဆက်သစ် ဆီသို့ ဆိုးမွေကောင်းမွေကိုလက်ဆင့်ကမ်းလိုက်ခြင်းဖြစ်သလို၊ လူဖြူလူမည်းအရေးကိစ္စနှင့် ပြည်တွင်းစစ်၏နိဂုံးလည်းဖြစ်သည်။မျိုးဆက်သစ်သည်မျိုးဆက်ဟောင်းသူအိုတို့၏ ဝန်ထုပ်ကိုထမ်းပိုးသယ်ဆောင်ရတော့မည်အပြင်စစ်အပြီး၌နိုင်ငံတည်ဆောက်မှုအဖြစ် စီးပွားပျက်ကပ်ကိုခုခံရာတွင် သမ္မတအိုဘားမားသည်ဦးဆောင်ရတော့မည်ဖြစ်သည်။

သမိုင်းတွင်မရှိစဖူးသေးသည့်ဝန်ထုပ်ကြီးနှင့်လေးနှစ်တာဟူသော သမ္မတသက်တမ်းသည် မမျှချေပါကလား။

1. Economy will be the driving force
2. Finishing Our Work
3. The Next President
4. A Date with Scarcity

*Business* **မဂ္ဂဇင်း**
***အမှတ်(၁၂)၊ ဒီဇင်ဘာလ၊ ၂၀၀၈။***

http://www.linhtet.com

# ဝက်ဘ်ဆိုက် နည်းပညာသစ်နဲ့ အမေရိကန်သမ္မတသစ် အိုဘားမား

မောင်ပုဆိုးကြမ်း

ဘားရက်အိုဘားမားဟာ ကမ္ဘာမှာပထမဆုံးအင်တာနက်ဝက်ဘ် ဆိုက်စွမ်းအားကို အပြည့်အဝအသုံးချခွင့်ရရှိတဲ့နိုင်ငံရေးသမားကြီးပဲဖြစ်ပါတယ်။ ဟောင်းဝပ်ဒင်းန်ကရွေး ကောက်ပွဲရန်ပုံငွေရရှိဖို့ ဝက်ဘ်ဆိုက်ကိုအသုံးပြုခဲ့သလို အိုဘားမားကဝက်ဘ်ဆိုက်တွေပေါ်က မဲဆန္ဒရှင်ဒစ်ဂျစ်တယ်လူငယ် Digitak kids တပ်ဖွဲ့ကြီးကို စည်းရုံးနိုင်ခဲ့ပါတယ်။Grown Up Digital စာအုပ်ကိုရေးသားသူ Don Tapscott က "ယခု အမေရိကန်သမ္မတရွေး ချယ်ပွဲဟာသာမန်ရွေးကောက်ပွဲတစ်ခုမဟုတ်ပါဘူး။ဆိုရှယ်ဝက်ဘ်ဆိုက် တွေရဲ့ လှုပ်ရှားမှုကြီး တစ်ခုဖြစ်ခဲ့တယ်"လို့ထောက်ပြခဲ့ပါတယ်။ဝက်ဘ်ဆိုက်အသုံးပြုကြတဲ့လူငယ်ပေါင်းများ စွာဟာအိုဘားမားကိုထောက်ခံခဲ့ပြီး သမ္မတအဖြစ်အုပ်ချုပ်နိုင်အောင်လဲကူညီသွားဖို့ရှိပါ တယ်။ အစိုးရကွန်ပျူတာအခြေခံအဆောက်အအုံသစ်ကြီးတစ်ခု A New Government Computer Infrastructure ပေါ်ပေါက်လာနိုင်ပြီး လူငယ်များဟာ အစိုးရရဲ့ငွေကြေးသုံးစွဲမှု တွေ၊ ဆုံးဖြတ်ချက်တွေနဲ့ တခြားလုပ်ဆောင်ချက်တွေကို ကြည့်ရှုလေ့လာနိုင်တဲ့စနစ်ဆီကို ဦးတည်လာနိုင်ပါတယ်။

Google Search Engineလုပ်ငန်းကြီးရဲ့ CEO နဲ့အိုဘားမားရဲ့နည်း ပညာ အကြံပေးပုဂ္ဂိုလ်တစ်ဦးလဲ ဖြစ်တဲ့ Enic Schmidt က "ဒီလို ဝက်ဘ်ကနေဖွင့်ပေးတဲ့စနစ် Open System ကြောင့်အကြံကောင်းဉာဏ်ကောင်းတွေကိုညှိနှိုင်းဆွေးနွေးခြင်းကနေ ကောင်းမွန်မှန်ကန်တဲ့ ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်နိုင်တယ်" လို့ ထောက်ပြပါတယ်။Government 2.0 လို့ခေါ်နိုင်တဲ့ဝက်ဘ်ဆိုက်မှာမဲဆန္ဒရှင်တွေ၊ကော်ပိုရေးရှင်းကြီးတွေ၊ လူမှုရေး အဖွဲ့အစည်းတွေဟာရွေးကောက်ထားတဲ့လွှတ်တော်အမတ်တွေနဲ့ဆွေးနွေးညှိနှိုင်းပြီး ပြဿနာတွေရဲ့အဖြေကိုရှာနိုင်ပါတယ်။အတည်ပြုတော့မယ့်ဥပဒေတွေကို အကြံပေး နိုင်ပါ တယ်။အိုဘားမားရဲ့အသွင်အပြောင်းရေးအဖွဲ့ဟာမဲဆွယ်ပွဲကာလကတည်းကပဲ အင်တာနက် ဝက်ဘ်ဆိုက်တွေရဲ့ စွမ်းပကားကို အသုံးပြုဖို့အဖွဲ့ အစည်းတစ်ခုကို ဖွဲ့စည်းပြီး လုပ်ဆောင် ခဲ့တယ်လို့သိရပါတယ်။အိုဘားမားက သူရဲ့ဝန်ကြီးများအစည်းအဝေးအချို့အစိတ်အပိုင်း တွေကို ဝက်ဘ်ဆိုက်ကနေပြသမယ်လို့ ပြောကြားခဲ့ပါတယ်။သမ္မတအဖြစ်ရွေးကောက်ခံရပြီး ပထမဆုံးပြောကြားခဲ့တဲ့မိန့်ခွန်းကိုဆိုရှယ်ဝက်ဘ်ဆိုက်ကြီးတစ်ခုဖြစ်တဲ့You Tubeကနေ

http://www.linhtet.com



ပြသခဲ့ပါတယ်။ Blue State Digitalနည်းပညာ မဟာဗျူဟာလုပ်ငန်းရဲ့ ညွှန်ကြားရေးမှူးလဲဖြစ်၊ အိုဘားမားရဲ့မဲဆွယ်လုပ်ငန်းရဲ့ဝက်ဘ်ဆိုက်ဖြစ်တဲ့My.BarackObama.Comကိုတည်ထောင်ပေးသူThomas Gensemarက'အုပ်ချုပ်ရေးလုပ်ငန်းတစ်ခုလုံးပိုမို သွက်လက်မြန်ဆန်လာစေအောင်အဓိကပေါင်းစပ်လှုပ်ရှားပေးမယ့်မီဒီယာလုပ်ငန်းသစ်ကြီးတစ်ခုဖြစ်ထွန်းပေါ်ပေါက်လာနိုင်တယ်'လို့ ပြောပါတယ်။

အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲဥပဒေအရသမ္မတဖြစ်လာသူဟာ မိမိကိုထောက်ခံအားပေးတဲ့သူတွေကိုသာဆက်သွယ်အကြံဉာဏ်ယူခွင့်မရှိတော့ဘူးလို့သိရ ပါတယ်။မိမိကိုထောက်ခံသူရော၊မထောက်ခံသူရောနိုင်ငံသားအားလုံးထံကသာ အကြံဉာဏ်ယူရဖို့ရှိတဲ့အတွက် အိုဘားမားအနေနဲ့ သူ့မတိုင်မီသမ္မတတွေလိုပဲ အစိုးရဝက်ဘ်ဆိုက်ဖြစ်တဲ့White House Govကိုအသုံးပြုရဖို့ရှိပါတယ်။ဒါပေမယ့် အကျိုးအမြတ်မယူတဲ့ အဖွဲ့အစည်းတစ်ခုကိုတည်ထောင်ပြီးအိုဘားမားကိုထောက်ခံတဲ့သူတွေရဲ့အမည်၊ ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာတွေကို ပြုစုထားရှိမယ်လို့ အိုဘားမားရဲ့မဲဆွယ်ရေးမန်နေဂျာဖြစ်သူ Stere Hildebrandကပြောပါတယ်။အဲဒီထောက်ခံသူတွေကို ဥပဒေပြုဖို့ အကြံဉာဏ် ပေးရာမှာဖြစ်ဖြစ်၊လူမှုရေးနဲ့ကျန်းမာရေးလုပ်ငန်းတွေမှာ ကူညီဆောင်ရွက်ဖို့ ဖြစ်ဖြစ် ဆိုရှယ်ဝက်ဘ်ဆိုက်တွေကတစ်ဆင့်ဝက်ဘ်ဆိုက်ဌာနတစ်ခုကိုထူထောင်ပြီး သူလက်မှတ်မရေးထိုးရသေးတဲ့ဥပဒေတွေအပေါ် ကြည့်ရှုလေ့လာ၊ ဝေဖန်အကြံပေးဖို့စီစဉ်မယ်လို့ ပြောကြားခဲ့ပါတယ်။

Ellen Millerကချိတ်ဆက်နိုင်မှုဆိုတာအစိုးရအဖွဲ့အစည်းရဲ့ ပြင်ပမှာ ရှိတဲ့ပြည်သူတွေကိုမူဝါဒတစ်ခုရေးဆွဲချမှတ်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍကပါဝင်ခွင့်ပေးခြင်းပဲလို့ဆိုပါတယ်။လွှတ်တော်ကအတည်ပြုလိုက်တဲ့ဥပဒေတစ်ရပ်ကို သမ္မတကအတည်ပြုလက်မှတ်မရေးထိုးမီရက်အနည်းငယ်အတွင်း ဝေဖန်အကြံပေးချိတ်ဆက်ခွင့်ပေးတာမျိုး၊ရသုံးမှန်းခြေငွေစာရင်း- Budget Bills တွေအတည်မပြုမီအကြံဉာဏ်ပေးတာမျိုးကို ချိတ်ဆက်ခွင့်ပေးခြင်းပဲ ဖြစ်ပါတယ်။ ဥပမာပုဂ္ဂလိကဆိုရှယ်ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Change.Orgမှာပြုလုပ်တဲ့အကြံပေးဘုတ်Idea Boardပေါ်မှာတင်ထားတဲ့အကြံပေးချက် တစ်ခုကိုအဲဒီဝက်ဘ်ဆိုက်ကို အသုံးပြုသူတွေထံမှာထောက်ခံ၊မထောက်ခံ၊သဘောတူ၊မတူ ဆန္ဒမဲတောင်းခံပြီးဆုံးဖြတ်တဲ့ပုံစံမျိုး၊သတင်းဆောင်းပါးကို အခြေခံပြီးဆန္ဒပေးစေတဲ့Digg.Com ဝက်ဘ်ဆိုက်လို့ (လောလောဆယ်သတင်းမှာ ထိပ်တန်းရောက်လာတဲ့ Guantanarmo အချုပ်ခန်းကိုပိတ်ပစ်သင့်ပြီဆိုတဲ့တောင်းဆိုမှုမျိုး)တွေကို အရေးယူဆောင်ရွက်ပေးခြင်းပဲဖြစ်ပါတယ်။

တချို့ကသမ္မတဖြစ်လာတဲ့ အိုဘားမားထံကိုပေးပို့တဲ့ အီးမေးလ်တွေ၊ သတင်းတွေနဲ့သမ္မတကပြန်လည်ဖြေကြားချက်တွေဟာသတင်းလွတ်လပ်ခွင့် ဥပဒေ Freedom of Information Actအရအစိုးရပိုင်သတင်းတွေဖြစ်သွားတဲ့အတွက် အဲဒီသတင်းအတော်များ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

များကိုအများပြည်သူအားအသိပေးခွင့်နဲ့ ထုတ်ပြန်ကြေငြာခွင့်ပြုနိုင်စရာမရှိဘူးလို့ ထောက်ပြကြပါတယ်။ဒီအခါGrownUpDigitalစာအုပ်ရေးသားသူ Tapscotက“မိမိတို့နဲ့ယခင်သမ္မတလောင်းဘဝတုန်းကဝက်ဘ်ဆိုက်တွေကနေတိုက်ရိုက်ဆက်သွယ်ခွင့်ရခဲ့တဲ့လူငယ်တပ်ဖွဲ့ ကြီးဟာသမ္မတကြီးဖြစ်သွားတဲ့အိုဘားမားကိုဆက်သွယ်ချင်တိုင်းဆက်သွယ်ခွင့် တွေမရလာတဲ့အခါသူတို့ကိုအိုဘားမားကပစ်ပယ်သွားပြီလို့ထင်လာနိုင်တယ်” လို့ပြောပါတယ်။လုံခြုံရေးအရာရှိတွေကလဲသမ္မတရဲ့ရုံးလုပ်ငန်းတွေကိုဝက်ဘ်ဆိုက်တွေနဲ့ ချိတ်ဆက်ထားရင်ဟက်ကာHacker တစ်ယောက်ယောက်ကအတွင်းလျှို့ဝှက်သတင်းတွေရရှိသွားပြီး အနှောက်အယှက်ပေးမှာကိုလဲ စိုးရိမ်နေကြကြောင်းပါခင်ဗျား။

***Ref: President 2.0***

***By Danlol Lyons(Newsweek)***

***ဈေးကွက်ဂျာနယ် (၁) ဇန်နဝါရီ ၂၀၀၉***

http://www.linhtet.com

# အိုဘားမားအား စောင့်ကြည့်နေသောကမ္ဘာ

ကိုလတ်(နိုင်ငံခြား)

*အောက်ဖော်ပြပါကောက်နုတ်ချက်များမှာ တိုင်းမ်မဂ္ဂဇင်းပါ ကမ္ဘာတလွှားနိုင်ငံများမှ ထင်ရှားသောပုဂ္ဂိုလ်များကအမေရိကန်သမ္မတအဖြစ် ရွေးချယ်ခံထားရသောဘားရက်အိုဘားမားအပေါ် ရှုမြင်ချက်များဖြစ်သည်။*



**မလေးရှားနိုင်ငံ**
**အန်ဝါအီဗရာဟင်**
**(ဒုတိယဝန်ကြီးချုပ်ဟောင်း)**

ရဲတင်းလွန်းပြီးမဖြစ်နိုင်သူလို့ထင်ရတဲ့အရာတစ်ခုဟာ အခုတော့ တကယ်ဖြစ်လာပါတယ်။အိုဘားမားရဲ့အောင်မြင်မှုကမ္ဘာ့သမိုင်းမှာတကယ်ဖွင့် လှစ်နိုင်မယ့်ကဏ္ဍသစ်တစ်ခုအတွက် မျှော်လင့်ချက်မျိုးစေ့ကိုကြဲချနိုင်လိုက်ပါပြီ။မူဆလင်နိုင်ငံတွေကလည်း ဒီအောင်မြင်မှုကိုလက်ခံကြိုဆိုရမဲ့အကြောင်းတွေရှိလာပါလိမ့်မယ်။စစ်မှန်တဲ့ပြောဆိုဆွေးနွေးပွဲတွေ၊စေ့စပ်ညှိနှိုင်းမှုတွေ ပေါ်ထွက်လာမဲ့အလားအလာတွေဖြစ်ပါတယ်။သူ့ရဲ့အောင်မြင်မှုဟာဒီပလိုမေစီနိုင်ငံရေးကစစ်နဲ့အကြမ်းဖက်ဝါဒကို ကိုးကွယ်သူတွေရဲ့နိုင်ငံရေးကို အစား ထိုးလာမယ်ဆိုတာပြသလာမှာပါ။အမေရိကန်နိုင်ငံနဲ့အစဉ်အလာအရသဟ ဇာတမဖြစ်တဲ့နိုင်ငံတွေကလည်း မိမိတို့ရဲ့ကျိုးကြောင်းရှာဖွေမှုအပေါ် ပြန်လည်သုံးသပ်ပြီး ပိုမိုချိန်ဆတဲ့နည်းလမ်းတွေကို ရှာဖွေလာနိုင်ပါတယ်။


http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

**ပြင်သစ်နိုင်ငံ**

**ဘားနဒ်ဟင်နရီလီဗီ(စာရေးဆရာ၊အတွေးအခေါ်ပညာရှင်)**

သံသယဝါဒီတွေကတော့ အိုဘားမားသမ္မတဖြစ်လာမှုဟာ အမေရိကန်ရဲ့ဟိုက်ပါဝါဖြစ်မှုနဲ့ဟော့ဟော့ရမ်းရမ်းလုပ်တတ်မှုတွေကို ပြောင်းလဲပစ်နိုင်မှာမဟုတ်ဘူးလို့ နားကြားပြင်းကပ်လောက်အောင်ထပ်တလဲလဲပြောဆိုနိုင်ကြပါတယ်။ အမေရိကန်ဆန့်ကျင်ရေးဝါဒဟာလည်း ပဉ္စလက်ပြသလို ကွယ်ပျောက်သွားမှာမဟုတ်ပါဘူး။ဒါပေမယ့်အိုဘားမားကြောင့် အမေရိကန်ရဲ့ အငြင်းပွားမှုတွေကို ပြန်လှန်စိစစ်မှုတော့ဖြစ်လာပါလိမ့်မယ်။သူ့ကြောင့်တစ်ကမ္ဘာလုံးမှာ လှိုင်းဂယက်တွေရိုက်ခတ်သွားသလား၊ပထဝီနိုင်ငံရေးချိန်ညှိမှုအသစ်တွေဖြစ်ပေါ်လာသလား၊တစ်ခုခုတော့သေချာပါတယ်၊အဲဒီဟာက သမ္မတသစ်ရဲ့ပခုံးပေါ်ကို ကြီးမားလေးလံတဲ့သမိုင်းပေးတာဝန်ကြီးတစ်ရပ်ကို ကျရောက်စေပါလိမ့်မယ်။ဒီလိုကမ္ဘာကြီးတစ်ခုလုံးကိုအရှုးအမူးပွက်လောရိုက်သွားနိုင်အောင်နှိုင်းချိန်ဆင်ခြင်မှု ရှိတဲ့မျှော်လင့်ချက်မျိုးနဲ့ စိတ်လှုပ်ရှားမှုဖြစ်စေခဲ့တဲ့ အမေရိကန်ရွေးကောက်ပွဲမျိုးဘယ်တော့မှ ရှိလာမှာမဟုတ်ပါဘူး။



**စကော့ပူနိုင်ငံ**

**ကီးရှိုးမာဘူဘာနီ (ပါမောက္ခ၊ စကော့ပူအမျိုးသား တက္ကသိုလ်)**

အိုဘားမားကို ရွေးချယ်လိုက်တဲ့အတွက်အမေရိကန်ဆန့်ကျင်ရေး စိတ်ဓာတ်တွေကို အကြီးအကျယ်လျော့ကျသွားစေခဲ့ပါတယ်။ ဒီအတွက်ကမ္ဘာ့ လူထုအများစုကလည်း အမေရိကန်နိုင်ငံမျိုးမှသာဒီလိုကိစ္စမျိုးဖြစ်နိုင်တယ်လို့ ထပ်မံပြီးတီးတိုးပြောဆိုမှုတွေရှိလာပါလိမ့်မယ်။သူ့အောင်မြင်မှုကအမေရိကန်မှဥရောပအထိ လက်တင်အမေရိကကနေအာရှအထိ၊ကမ္ဘာတလွှားမှာ ရှိနေကြတဲ့ အဖွဲ့အစည်းတွေက လူမည်းတွေအပေါ်မှာ ခိုင်ခိုင်မာမာရှိနေတဲ့ အစွဲဓာတ်ခံတွေကို ဖယ်ရှားပစ်စေဖို့ ကြီးမားတဲ့ ဖိအားတွေပေးမှာဖြစ်ပါတယ်။ ဒီအစွဲတွေကို ဖယ်ရှားနိုင်ပြီဆိုရင်တမီလ်နဲ့ဆင်ဟာလီ၊ အစ္စရေးနဲ့ ပါလက်စတိုင်းတို့လို လူ့အမျိုးအနွယ်ဆိုင်ရာ ကွဲပြားမှုအတွက်လည်း မျှော်လင့်ချက် ရှိလာနိုင်ပါတယ်။



**အိန္ဒိယနိုင်ငံ**

**အမာတိုင်ယာဆင်း(နိုဘယ်ဆုရစီးပွားရေးပညာရှင်)**

အိုဘားမားကို သမ္မတအဖြစ်ပို့ဆောင်ပေးခဲ့တဲ့အရာဟာ အကြောင်းအကျိုးဆင်ခြင်မှုကိုလိုလားတဲ့ စိတ်ဓာတ်ပါ။သူဟာသမ္မတအဖြစ်ကို လူမည်းဖြစ်လို့ရလာတဲ့သူမဟုတ်ပါဘူး။သမ္မတဖြစ်သွားတဲ့အကြောင်းအကျိုး ဆင်ခြင်တတ်သူတစ်ယောက်ကသာ လူမည်းဖြစ်သွားရတာပါ။ဂျွန်မီလ်တန်စကားကိုယူပြောရရင်အမေရိကန်တွေဟာ“ လွဲမှားတဲ့

http://www.linhtet.com



ဥပဒေသတွေကိုအတင်းကျင့်သုံးခိုင်းပြီးအပေါ်ကဆင်ခြင်တုံတရားအဝတ် ကိုရုံထားတယ်" ဆိုတဲ့ အုပ်စိုးမှုစနစ်ကို ပြောင်းလဲဖို့လိုအပ်နေပါတယ်။

**ဗြိတိန်နိုင်ငံ**
**ဒေးဗစ်မီလီဘန်း (နိုင်ငံခြားရေးဝန်ကြီး)**

ဇူလိုင် ၂၄ ရက်နေ့မှာ အိုဘားမားဘာလင်မြို့ကိုရောက်ခဲ့တုန်းက ဥရောပနဲ့ ပတ်သက်လို့အစဉ်ပူးပေါင်းဆောင်ရွက်သွားမဲ့စိတ်ဓာတ်၊စည်းလုံး ညီညွှတ်တဲ့အဖွဲ့အစည်း စိတ်ဓာတ်နဲ့အေးအတူပူအမျှစိတ်ဓာတ်မျိုးတွေနဲ့ လုပ်ဆောင်ကြမယ်ဆိုပြီးပြောဆိုခဲ့ပါတယ်။ ဒီသဘောထားမျိုးတွေဟာ ကျွန်တော်တို့လုပ်ချင်နေတာနဲ့တစ်ထေရာတည်းပါပဲ။အိုဘားမားနဲ့ ကျွန်တော်တို့ရဲ့ ပထမဦးစားပေးလုပ်ရမယ့်အရာတွေကလောလောဆယ်စိန်ခေါ်နေတဲ့ ကမ္ဘာ့ စီပွားရေးကျဆင်းနေမှု၊ တည်ငြိမ်ပြီးထိရောက်တဲ့နိုင်ငံတကာငွေကြေးစနစ် ပေါ်ပေါက်လာ ရေးနဲ့ကမ္ဘာ့ရာသီဥတုပြောင်းလဲတာကို ရင်ဆိုင်ဖြေရှင်းရေးတို့ ပါပဲ။ဒုတိယဦးစားပေးလုပ် ရမယ့်ကိစ္စကတော့အစွန်းရောက်ဝါဒရဲ့မူရင်း အခြေအမြစ်တွေကို ဖြိုဖျက်ရေးပါပဲ။အထူး သဖြင့်ပါကစ္စတန်နဲ့အာဖဂန်တို့မှာ ဖြစ်ပါတယ်။ တတိယဦးစားပေးလုပ်ရမယ့် ကိစ္စကတော့ အရှေ့အလယ်ပိုင်းမှာ ပြည့်စုံလုံလောက်မှုရှိတဲ့ အဖြေတစ်ခုရရှိရေးပါ။

**ကင်ညာနိုင်ငံ**
**ရစ်ချတ်ဒ်လီယာကီး (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား)**

အမေရိကန်ပြည်ထောင်စုနယ်နိမိတ်ကို ကျော်ပြီး ကမ္ဘာအနှံ့ရောက်သွားတဲ့ ဂယက်ရိုက်ခတ်မှုပါပဲ။ကင်ညာအနွယ်အမေရိကန်တစ်ယောက်ဖြစ်လို့ ဆိုတာထက်ပိုပြီး ဝမ်းသာရတာက သူဟာကိုယ်ရည်ကိုယ်သွေးဆိုင်ရာ ထူးချွန် ထက်မြက်ပြီးအသိဉာဏ်ကြွယ် ဝတဲ့ထူးခြားသူတစ်ယောက်မို့ပါ။ ကိုယ်ကျိုးကြည့် တဲ့သူ မဟာအင်အားကြီးနိုင်ငံဖြစ်ရေးကို ဦးမတည်ပဲပြင်ပကမ္ဘာကိုစိတ်ဝင်စားတဲ့ အမေရိကန်ခေါင်းဆောင်တစ်ဦးကိုကျွန်တော်တို့အား လုံးက လိုအပ်နေ ပါတယ်။



**ဂျာမနီ**
**ဂျိုးဆက်ဂျိုဖီ (ဂျာနယ်လစ်၊ နိုင်ငံရေးသိပ္ပံပညာရှင်)**

အနောက်ဥရောပသား၁၀ဦးမှာ၈ဦးဟာ အိုဘားမားကိုမဲပေးကြပါလိမ့်မယ်။ ဒီအချက်ကနိုင်ငံရေးနဲ့သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးထက်အလေးအနက်ထားလုပ်ကိုင်တတ်တဲ့ အံ့ဖွယ်ပုဂ္ဂိုလ်တစ်ဦးကိုဘာသာရေး(ခရစ်ယာန်)ဆန်ဆန်ကယ်တင်သူရယ်လို့ ရှုမြင်ကြလို့ ဖြစ်ပြီးအိုဘားမားကိုအပြစ်မှ ရွေးနုတ်ကယ်တင်သူရယ်လို့ရှုမြင်ကြမှာပါ။ဥရောပဟာအ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

မေရိကန်တွေကို တစ်ကြိမ်ပြန်ပြီးချစ်ခင်လိုလာကြပါပြီ။ဥရောပသားတွေဟာ မကောင်းဆိုးဝါးကိုတောထုတ်(ရွေးချယ်တင်မြှောက်ခြင်းကိုဆိုလို)လိုက်တာနဲ့ဘေးအန္တရာယ် ကိုပယ်ရှားပေးမယ်ဆိုပြီးစိတ်ကူးယဥ်မိကြတယ်။ဒါပေမဲ့နိုင်ငံရေးဟာကယ်တင်ခြင်းမဟုတ်ပါဘူး။အိုဘားမားဟာဥရောပသားတွေ အိပ်မက်မက်ထားတဲ့ အိုဘားမားမဟုတ်ပါဘူး။သူကယဥ်ကျေးတယ်။ဆိုရှယ်ဒီမိုကရက်တစ်ဖြစ်တယ်၊တည်ငြိမ်တယ်။တစ်နည်းအားဖြင့်ပြောရရင်အမေရိကန်တစ်ယောက်ဆိုတာ ထက်ဥရောပပိုဆန်နေပါတယ်။ဒါပေမယ့်သူကအာဖဂန်အတွက်တပ် သားတွေပိုတောင်းလာတဲ့အခါ အီရန်ကိုအမှန်တကယ်ပိတ်ဆို့အရေးယူဖို့ ဖိအားပေးလာတဲ့အခါအရှုးအမူးဖြစ်နေတဲ့ဥရောပသားတွေဟာ အိုဘားမားကိုချစ်နိုင်ကြအုံးမှာလား။

**၈။ အီဂျစ်နိုင်ငံ**

**မိုဟာမက်အယ်လ်ဘာရာဒေး (အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ်)**



အရွေးချယ်ခံထားရတဲ့ အမေရိကန်သမ္မတဟာအာဖရိကန္ဒွယ်ဖွား အမေရိကန်ခရစ်ယာန်တစ်ဦးဖြစ်ပါတယ်။သူ့အဖေဟာနွမ်းပါးတဲ့ဘဝကနေ ကြိုးစားလာပြီးတိုက်ကြီးများတလွှားမှာလှည့်လည်လာခဲ့တဲ့မူဆလင်တစ်ဦးဖြစ်ပါတယ်။ဒီအချက်ဟာငြိမ်းချမ်း တဲ့ကမ္ဘာကြီးကိုဖန်တီးနိုင်တဲ့သော့ချက်တန်ဖိုးတွေနဲ့ ကွဲပြားခြားနားနေမှုတွေကို ပေါင်းကူးပေးနိုင်တယ်ဆိုတဲ့အင်အား သိပ်ကောင်းတဲ့စာသဝဏ်လွှာကို ဒီကမ္ဘာကြီးဆီပို့လိုက်တာပါပဲ။

***Ref : Time***

***နိုင်ငံတကာရေးရာဂျာနယ် (၂၇-၁၁-၂၀၀၈)***

http://www.linhtet.com

# လူမျိုးရေးခွဲခြားမှုက အိုဘားမားကို ကြိုးတန်းပေါ် လမ်းလျှောက်စေမှာ ဖြစ်တယ်

## လူမှုဗေဒပညာရှင် မိုက်ကယ်အဲရစ်ဒိုင်ဆန်နှင့် တွေ့ဆုံခြင်း

မြင့်နောင်မိုး



**လူမှုဗေဒပညာရှင်နှင့် ဂျော့တောင်းတက္ကသိုလ်ပါမောက္ခဖြစ်သူ မိုက်ကယ်အဲရစ်ဒိုင်ဆန်နှင့်စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံခဲ့ရာတွင်ဘားရက်အိုဘားမားအနေဖြင့် စိတ်ထိခိုက်လှုပ်ရှားမှုမျိုးရှိနိုင်မည်မဟုတ်ကြောင်း။အကြောင်းမှာ အိုဘားမားသည်မိမိကိုယ်ကိုမုန်းတီးနေသော လူမည်းအဖြစ်နှင့်လူမည်းအောင်မြင်မှု၏ အမှောင်ရိပ်၌ကျရောက်နေခြင်းတို့တွင်မာတင်လူသာကင်းနှင့်တူညီနေသောကြောင့် ဖြစ်သည်ဟု ရှင်းပြခဲ့သည်။လူမှုဗေဒပညာရှင်ဒိုင်ဆန်၏ရှုမြင်သုံးသပ်ပုံများအား ဆက်လက်ဖော်ပြရမည်ဆိုလျှင် ----**

**စပီဂျဲလ် - ၁၉၆၇ ခုနှစ်တုန်းကမာတင်လူသာကင်းက 'အသိဉာဏ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေကြီးမားများပြားလှတဲ့အမေရိကန်လူဖြူတွေဟာလူမျိုးခွဲခြား ရေးဝါဒီတွေဖြစ်တယ်လို့ဆိုခဲ့တယ်။အခုကောအဲဒီအတိုင်းမှန်နေဆဲပဲလား။**

**ဒိုင်ဆန် -** အမေရိကန်တွေဟာ သာမန်ထက်ပိုပြီးတိုးတက်မှုကို အသေအချာဖော်ဆောင်ခဲ့တယ်လို့ထင်ပါတယ်။ အသိမဲ့မှုတွေ စုဖွဲ့နေတဲ့နိုင်ငံက ၁၉၇၀ ပြည့်နှစ်နဲ့ ၁၉၈၀ပြည့်နှစ်တွေမှာ ပြည်သူပြည်သားတွေရဲ့ရပိုင်ခွင့်တွေနဲ့တိုးတက်ဖြစ်ထွန်းရေးရလဒ်အဖြစ် အမှန်တကယ် ပြောင်းလဲခဲ့ပါတယ်။အမေရိကန်မှာလူမည်းလူလတ်တန်းစားတွေ အကြီးအကျယ်တိုးပွားလာခဲ့တာ ကျွန်တော်တို့မျက်မြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။ဒါပေမဲ့အမေရိကန်ရဲ့မျက်မှောက်ခေတ်မြင်ကွင်းမှာ မာတင်လူသာကင်းပြန်ပေါ်လာပြီး ဆက်တိုက်လိုလို ဖြစ်ပေါ်နေတဲ့ မလိုမုန်းထားမှုတွေ၊ တစ်ယူသန်အတားအဆီးတွေကိုအဆုံး သတ်ပေးမှာလား။ဒါမှမဟုတ်အမေရိကန်

http://www.linhtet.com



တွေက အမျိုးသားရေးအသိရဲ့ အဆောက်အအုံ အောက်ဆုံးလွှာမှာပဲလူမည်းတွေကို ဆက်လက်ရှိစေပြီး ခေါင်းမဖော်ဝံ့တဲ့ဘဝ၊ဒါမှမဟုတ်စိတ်ပျက်ပြီးငြီးငွေ့စရာဘဝနဲ့ပဲ အဆုံးသတ်စေမှာလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**စပီဂျဲလ် - အမေရိကန်လူမည်းသုံးပုံနှစ်ပုံလောက်ကလူမည်းတွေအပေါ် ဆက်ဆံရေးညံ့ဖျင်းနိုချာတယ်လို့ပြောနေကြတာနဲ့ပတ်သက်ပြီး ဆိုပါဦး။**

ဒိုင်ဆန် - ဒါကတော့ လူဖြူညီအစ်ကိုမောင်နှမတွေ မတွေ့မမြင်ရတဲ့ အတားအဆီးတွေကို သူတို့ကတွေ့မြင်နေရဆဲဖြစ်လို့ပါ။ခင်ဗျားကိုယ်ခင်ဗျားလူမည်း တစ်ယောက်လို့တွေးကြည့်လိုက်ပြီးတော့ ရဲသားတစ်ယောက်ကခင်ဗျားကိုတားမြစ်မယ်ဆိုပါတော့။ခင်ဗျားက မနာခံဘဲထွက်ပြေးရင်ပစ်ထည့်လိုက်မယ်ဆိုပြီး ပြောမယ်။ဘာဖြစ်လို့ဒီဥပမာပေးရသလဲဆိုတော့ ကျွန်တော်ကိုယ်တိုင် အကြိမ်ပေါင်းများစွာဒီလိုကြုံတွေ့ခဲ့ဖူးလို့ပဲ။အရင်ကဘာမှမဟုတ်တဲ့ အခြေအနေမှာကော အခုလို ပရင်ဆက်တန်ကနေပါရဂူဘွဲ့ရတဲ့ အခြေအနေမျိုးမှာကော ဆိုပါတော့။လူမည်းတစ်ယောက်အနေနဲ့ချမ်းသာတာ၊ကျော်ကြားတာ အတူတူပဲ ဖြစ်ပါတယ်။ သူတို့ကတော့ဘာကိုမှအရေးထားမှာမဟုတ်ပါဘူး။

**စပီဂျဲလ်- တကယ်လို့အိုဘားမားသာသမ္မတအဖြစ်ရွေးကောက်ခံရမယ်ဆိုရင်သူကကောအမေရိကန်လူမည်းတွေအတွက်အပြောင်းအလဲလုပ်ပေးနိုင်မှာလား။**

**ဒိုင်ဆန် -** ကောင်းပြီလေ၊ မပြောင်းလဲနိုင်တာကနေ စပြောကြည့်ရအောင်။ မစ္စတာအိုဘားမားရဲ့ အောင်မြင်မှုအတွက်လူမည်းတွေက ရင်းနှီးမြှပ်နှံခဲ့တယ်။ ဒါဆိုရင်အိုဘားမားဟာနိုင်ငံရေးဆိုင်ရာစနစ်တာကလေ့အဖြစ်ခင်ဗျားကတွေးမိလိမ့်မယ်။ဒီတော့ခင်ဗျားအတွေးမှာပေါ်လာမှာကအိုဘားမားရွေးကောက်ခံရပြီး နောက်တစ်နေ့မှာ လူမည်းတွေအခွန်အခပေးဆောင်စရာမလိုတော့ဘူး။ဒါမှမဟုတ်လူမည်းတွေအကျဉ်းထောင်ကနေ လွတ်လပ်ခွင့်ရလာမယ်။ ဒါပေ မယ့်လူမှုရေးမညီမျှမှုကတော့အမှန်တကယ်ရှိနေဆဲပဲလေ။ဒီတော့ လူမည်းတွေရဲ့လိုအပ်ချက်တွေကိုလိုလိုလားလားဖြည့်ဆည်းပေးရမယ့်အချိန်ရောက်လာတော့ အထင်နဲ့အမြင်တခြားစီဆိုသလို သူကကန့်သတ်မှုတွေကို သတ်မှတ် ပြဋ္ဌာန်းလာမှာဖြစ်တယ်။

**စပီဂျဲလ်-အိုဘားမားကလူမျိုးခွဲခြားရေးကိုကျော်လွှားအောင်ဆောင်ရွက်တဲ့ဦး စားပေးအစီအစဉ်မျိုးကိုပြစ်တင်ဝေဖန်ခဲ့တယ်။ဒီအစီအစဉ်က လူမည်းတွေ ကိုတက္ကသိုလ်ကျောင်းတက်ဖို့ပိုပြီးလွယ်ကူစေမှာဖြစ်ပါတယ်။ သူ့အဆိုအရကတော့ဒီအခွင့်အရေးဟာသူ့ရဲ့သမီးတွေအတွက်တော့အဓိပ္ပါယ်မရှိလှဘူးလို့ဆိုတယ်။သူ့ရဲ့သမီးတွေကအကောင်းစားပညာရေးကို သင်ယူခွင့်ရရှိနေတာမဟုတ်လား။**

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**ဒိုင်ဆန်** - အခြေခံအားဖြင့်တော့လူမျိုးခွဲခြားရေးကိုကျော်လွှားစေတဲ့ ကျင့်စဉ်ကို သူကန့်ကွက်မှာမဟုတ်ပါဘူး။အဲဒီအစားသူကလူတန်းစားကို အခြေခံတဲ့ လူမျိုးရေးခွဲခြားမှု ကျော်လွှားစေတဲ့ကျင့်စဉ်ကိုအထောက်အပံ့ဖြစ်လိမ့်မယ်။အဲဒီမှာသူက လူဖြူလူမည်း ဆိုတာထက် မြို့ပေါ်နဲ့ ဆင်ခြေဖုံးမှာရှိတဲ့ ကျောင်းတွေရဲ့ခြားနားကွာဟမှုကိုကြည့်မယ်။ ပြီးတော့အမေရိကန်လူထုကိုလူမျိုး ရေး ဘက်မလိုက်တဲ့ပုံစံနဲ့ဖျောင်းဖျပြီး လူမည်းတွေကို အကူအညီပေးမယ်။ဒါ့အပြင်ကျေးကျွန်တွေအတွက်လျော်ကြေးဆိုတာနဲ့ပတ် သက်ပြီးကန့် ကွက်မယ်။ အဲဒီအစားလူထုအတွက် အကောင်းစားပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက် မှုကသာ အကောင်းဆုံးလျော်ကြေးဖြစ်တယ်ဆိုပြီးပြောမှာဖြစ်တယ်။

**စပီဂျဲလ်- အိုဘားမားက သူ့ရဲ့ကိုယ်ရေးအတ္တုပ္ပတ္တိစာအုပ်ထဲမှာ သူဟာသေချာတဲ့မျိုးနွယ်ကင်းမဲ့သူဖြစ်တယ်ဆိုပြီးရေးခဲ့တယ်။ဒါပေမယ့် သူဟာအောက်တန်းစား လူမည်းတစ်ယောက်အဖြစ်ကအလွတ်ရုန်းထွက်ခဲ့ ခြင်းမရှိပါဘူး။**

**ဒိုင်ဆန်-** အိုဘားမားအနေနဲ့ လူမည်းလူမှုအဖွဲ့အစည်းရဲ့စိတ်သဘောသဘာဝအတွင်း မှာသူလျှောက်ရမယ့်လမ်းကိုရှာဖို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။ အဲဒီအတိုင်းလျှောက်လှမ်းရမယ် ဆိုရင်တော့ လူမည်းတွေရဲ့တစ်ထပ်တည်းကျတဲ့ ဒေါသမျိုးနဲ့တော့လောင်စာမီး ဖြည့်နိုင်မှာ မဟုတ်ဘူး။ဘာဖြစ်လို့လဲဆိုရင်အိုဘားမားဟာလော့စ်အိန်ဂျလိစ်နဲ့ဝါရှင်တန် မှာရှိတဲ့လူမည်း ဆင်းရဲသားရပ် ကွက်မှာ ကြီးပြင်းခဲ့တာမဟုတ်ဘူး။သူကဟာဝိုင်ယီလို၊အင်ဒိုနီးရှားလိုနေရာ မျိုးမှာကြီးပြင်းလာခဲ့တာဖြစ်တယ်။ဒါကြောင့်လူမည်းတွေခံစားရတဲ့ လူမဆန်တဲ့ လူမျိုးခွဲခြား ရေးအတွေ့အကြုံမျိုးသူ့မှာမရှိခဲ့ဘူး။ဒီတော့သူ့အနေနဲ့ လူမည်းတွေရဲ့စိတ်သဘောသဘာဝ အတွင်းကတွေးတောတတ်ဖို့လည်းလိုပါတယ်။ ဒါမှသာသူ့အနေနဲ့ ကမ္ဘာနှစ်ခုအတွက်အ ကောင်းဆုံး ဆင်ခြင်သုံးသပ်နိုင်ပြီး ဆန့်ကျင်ဘက်တွေကို ရင်ကြားစေ့နိုင်မယ့်ဖြစ်နိုင်ခြေတွေနဲ့ ကျွန်တော်တို့ကို လှုံ့ဆော်နိုင်မှာဖြစ်ပါတယ်။

**စပီဂျဲလ်- ဂျာမနီနိုင်ငံမှာတော့ အိုဘားမားဟာ အလွန်ရေပန်းစားနေပြီး ဂျွန်အက်ဖ် ကနေဒီတို့၊မာတင်လူသာကင်းတို့နဲ့တောင်ပုံခိုင်းလေ့ရှိပါတယ်။ ဒီလိုခိုင်းနှိုင်း တာမျိုး ဟာသင့်တင့်လျောက်ပတ်မှုရှိပါရဲ့လားခင်ဗျား။**

**ဒိုင်ဆန်-** မာတင်လူသာကင်းအကြောင်းရေးတဲ့ ကျွန်တော့်ရဲ့စာအုပ်ထဲမှာ အိုဘားမားကို ‘လူမည်းကနေဒီ’ဆိုပြီးကျွန်တော်ခေါ်ဝေါ်ရေးသားခဲ့ပါတယ်။ သူဟာကနေဒီလိုပဲသြဇာ တိက္ကမနဲ့ပြည့်စုံတဲ့ အသွင်အပြင်မျိုးရှိတဲ့သူဖြစ်ပါတယ်။သူကအရပ်မြင့်တယ်၊ကြည့် ကောင်းတယ်၊ဥာန်ကရုဏ်းကျကျ ဖြစ်တယ်။ သူဟာသူရဲ့မွေးဇာတာညှံ့ဖျင်းမှုကို အလုပ်ကြိုး စားမှုနဲ့အစားထိုးခဲ့တယ်။အခြားတစ်ဖက်မှာတော့သူ ဟာအာဝဇ္ဇန်းရွှင်ရွှင်နဲ့အပြောအဟော

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ကောင်းသူ အဖြစ်အစွမ်းအစရှိသူဖြစ်တယ်။ဘာပဲဖြစ်ဖြစ်အပြောအဟောကောင်းတဲ့ နိုင်ငံရေးသမားအနေနဲ့တော့ သူကဆရာတစ်ဆူပါပဲ။

**စပီဂျဲလ် - အခုဆိုရင်နယူးယောက်နဲ့မက်ဆာချူးဆက်လိုပဲ ဝါရှင်တန်ဒီစီနဲ့နယူးဝပ်ကမြို့တော်ဝန်တွေဟာလည်းလူမည်းတွေဖြစ်ပါတယ်။ဒီလိုလူမည်းနိုင်ငံရေးသမားမျိုးဆက်သစ်တွေရှိလာပြီးသူတို့ကိုမဲပေးသူအများစုကတော့ လူဖြူတွေဖြစ် ပါတယ်။ ဒါကြောင့် အသားအရောင်ဟာရွေးကောက်ပွဲမှာအရေးပါမှုလျော့နည်းလာတဲ့သဘောသက်ရောက်နေပြီလို့မဆိုနိုင်ဘူးလားခင်ဗျား။**

**ဒိုင်ဆန်-** ခင်ဗျားပြောတဲ့နိုင်ငံရေးသမားလေးဦးဟာလူမည်းနိုင်ငံရေးသမား မျိုးဆက်သစ်ရဲ့အချက်အချာဖြစ်ပုံကျတာကတော့မှန်ပါတယ်။ဒါဟာသူတို့ရဲ့လူမျိုးရေးအလွန်စိတ် ကူးဝါဒလည်းဖြစ်နိုင်ကောင်းပါတယ်။ဒါပေမယ့်ကျွန်တော့်အနေနဲ့ကတော့ အဲဒီလိုဖြစ်လာပြီလားဆိုတာသေချာခြင်းမရှိသေးပါဘူး။လူထုအနေနဲ့ဒီနိုင်ငံရေးသမားတွေကိုမဲပေးတယ်ဆိုတာဒေါက်တာကင်းပြောသလိုပဲ"သူတို့ရဲ့အရေပြားပေါ်ကအရောင်ကိုမဲပေးတာမဟုတ်ဘူး။ သူတို့ရဲ့ထူးခြားတဲ့စရိုက်လက္ခဏာတွေကိုမဲပေးတာဖြစ်တယ်"ဆိုတာမျိုးပဲ ဖြစ်ပါတယ်။

**စပီဂျဲလ်- လူကြီးမင်းရေးတဲ့မာတင်လူသာကင်းစာအုပ်ထဲမှာ ဘယ်လို ရေးခဲ့လဲဆိုတော့အိုဘားမားဟာအစောပိုင်းနူးညံ့သိမ်မွေ့တဲ့ကင်းနဲ့တူပြီးအငြင်းပွားတတ်တဲ့သင်းအုပ်ဆရာဂျာရယ်မီရိုက်ကတော့နောက်ပိုင်းဒေါသထန်နေတဲ့ကင်းနဲ့တူတယ်လို့ဆိုတယ်။အဲဒီအကြောင်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါလားခင်ဗျား။**

**ဒိုင်ဆန်-** ကျွန်တော်တို့အနေနဲ့ ဟိုနေရာမှာနည်းနည်း၊ ဒီနေရာမှာနည်းနည်း အပြောင်းအလဲပြုရမယ်။ပြီးရင်တော့ကျွန်တော်တို့ဟာအမေရိကန်တွေရဲ့အိပ်မက်ကို အကောင်အထည်ဖော်ဆောင်နိုင်မှာဖြစ်တယ်ဆိုပြီးအိုဘားမားပြောပါတယ်။သူ့ရဲ့အဆိုကကင်းရဲ့အစောပိုင်းအပြုသဘောဆောင်တဲ့စိတ်ထားမျိုးဖြစ်ပါတယ်။နောက်ပိုင်းကျတော့ကင်းကအမေရိကန်မှာ တော်လှန်ပြောင်းလဲပစ်ရမယ်ဆိုပြီးပြောလာခဲ့ပါတယ်။ဒါပေမယ့် သူအသတ်ခံရတဲ့နေ့က သူ့ကုတ်အင်္ကျီအိတ်ကပ်ထဲမှာတွေ့ရတဲ့စာတန်းလေးက"ဘာကြောင့် အမေရိကန်က ဒုက္ခဘုံကိုသွားရမှာလဲ"လို့ဆိုပါတယ်။

**စပီဂျဲလ်-ဒီလူ့အဖွဲ့အစည်းမှာလူမည်းအတော်များများဟာအောင်မြင်မှု ကိုကြိုးပမ်းရယူပြီး အကြီးအကျယ်တိုးတက်ခဲ့တယ်ဆိုတာ လူကြီးမင်းကပြောခဲ့တယ်။ဒါ့အပြင်ဆင်းရဲတဲ့လူမည်းတွေဟာလည်းဆိုးရွားတဲ့အခြေအနေအတွင်းမှာ ရှိနေဆဲဖြစ်တယ်လို့ဆိုပြန်ပါတယ်။တကယ်တမ်းအဓိက ကကြီးစိုးတဲ့အရာဟာ**

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**အောင်မြင်မှုလား၊ဒါမှမဟုတ်ရှုံးနိမ့်မှုလားခင်ဗျား။**

**ဒိုင်ဆန်-** ချားလ်ဒစ်ကင်းရဲ့ဒိဌမ္မအဆိုအရကတော့ အကောင်းဆုံးအချိန်နဲ့ အဆိုးဆုံးအချိန် ဆိုပြီးရှိတယ်လို့ ဆိုပါတယ်။ဒါ့အပြင်အကောင်းဆုံးနဲ့အဆိုးဆုံးအချိန်တွေဟာတစ်ပြိုင် တည်းမှာဖြစ်တတ်ပါတယ်တဲ့၊ကျွန်တော်တို့လိုလူမည်းတွေအတွက်အောင်မြင်မှုဆီသွားတဲ့ လမ်းမှာလူမျိုးရေးခွဲခြားမှုနည်းပါးတဲ့အတွက်အခက်အခဲအတားအ ဆီးမတွေ့ရတတ်ဘူး လို့ဆိုနိုင်ပေမယ့်ဆင်းရဲသားကျောမွဲလူတန်းစားလူမည်းတွေအတွက်ကတော့ အခက်အခဲ တွေများလှပါတယ်။ဆိုရရင်အဲဒီလူမည်းတွေရဲ့အနိမ့်ခံရမှုမျိုးသာဒီတိုင်းပြည်က လူဖြူ တွေမှာသာ ဖြစ်လာမယ်ဆိုရင် ဘယ်လိုမှသည်းခံနိုင်ကြမှာမဟုတ်ဘူးလို့သာ ဆိုချင်ပါတယ်။

***Ref : စပီဂျဲလ်မဂ္ဂဇင်းနှင့် လူမှုဗေဒပညာရှင် မိုက်ကယ်အဲရစ်ဒိုင်ဆန် တို့၏ အင်တာဗျူးအားဆီလျော်အောင်ပြန်ဆိုပါသည်။***

***မှတ်ချက် ။ ယခုတွေ့ဆုံမေးမြန်းမှုမှာ အမေရိကန်ရွေးကောက်ပွဲမတိုင်မီက ဖြစ်ပါသည်။***

*ယခုအခါ ရွေးကောက်ပွဲပြီးစီး၍*
*ဘားရက်အိုဘားမားမှာပြိုင်ဘက်ဖြစ်သူ*
*ဂျွန်မက်ကိန်းအပေါ် အနိုင် ရရှိခဲ့ပြီးဖြစ်သည်။*
***Flower News** ဂျာနယ်အတွဲ (၄)၊ အမှတ် (၄၄)*

http://www.linhtet.com

အိုဘားမားကောက်ကြောင်း

# သမ္မတနဲ့ လူထုကြားမှာ ပျောက်ဆုံးနေတဲ့ ယုံကြည်မှုကို ပြန်လည်တည်ဆောက်ချင်ပါတယ်

## ရွေးကောက်တင်မြှောက်ခံရသော အမေရိကန်သမ္မတ အိုဘားမား နှင့် တွေ့ဆုံခြင်း

မြင့်နောင်မိုး



**CBS - တွေ့ဆုံမေးမြန်းခန်းမှနေ၍အိုဘားမားနှင့်တွေ့ဆုံခဲ့ရာတွင် အို ဘားမားက သူ၏အစိုးရအဖွဲ့ဝင်များရွေးချယ်မှုအခြေအနေ၊အစိုးရအလွှဲအပြောင်းကာလအမျိုးသားလုံခြုံရေးအခြေအနေ၊အမေရိကန်ပြည်ထောင်စု၏စီးပွားရေးအကျပ်အတည်းနှင့်ပတ်သက်သည့်အခြေအနေစသည်ဖြင့်ပြောကြားခဲ့သည်တို့မှ ထုတ်နုတ်ဖော်ပြရမည်ဆိုလျှင် ----**

**CBS - မစ္စတာအိုဘားမားခင်ဗျာ-လွန်ခဲ့တဲ့(၁၀)ရက်အတွင်းမှာ လူကြီးမင်းရဲ့ဘဝပြောင်းလဲလာပုံကိုပြောပြပေးပါလား။**

**အိုဘားမား -** အင်း -ဘယ်လိုပြောင်းလဲလာလဲဆိုရင်လူတွေက ကျွန်တော့်နားမှာ ပိုပြီးတရစ်ဝဲဝဲ ဖြစ်လာသလိုပဲ။အခြားတစ်ဖက်မှာတော့လွန်ခဲ့တဲ့ (၁၀) ရက်အကျော် ကျွန်တော့်ကိုယ်ပိုင်အိပ်ရာပေါ်မှာနှစ်နှစ်ခြိုက်ခြိုက်အိပ်ခဲ့ရတာပဲဖြစ်တယ်။မီရှဲလ်က ကျွန်တော့်ထက်အရင်အိပ်ရာကနိုးလေ့ရှိပြီး တလှုပ်လှုပ်နဲ့အိမ်ဝေယျာဝစ္စတွေကိုစလုပ်တော့တာပါပဲ။သူမလုပ်နေကိုင်နေတဲ့အသံတွေကို နားထောင်ရင်းကလေးတွေ အခန်းထဲကိုဝင်လာတာနဲ့ အိပ်ရာကထရတော့မယ်ဆိုတာသိလာရတယ်။ဒါဟာတကယ့်ကို ကြီးကျယ်တဲ့ခံစားမှုမျိုးပဲပေါ့။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**CBS-မဲဆွယ်စည်းရုံးရေးဆင်းတဲ့ကာလကနဲ့တော့ပိုပြီးသက်သာရှိ လာမှာပေါ့။**
**အိုဘားမား -** ဟုတ်ပါတယ်။မဲဆွယ်ပွဲကာလတုန်းကတော့ စားသုတ်သုတ်၊ သွားသုတ်သုတ်ပေါ့။ရှေ့ကိုပဲတစ်ဟုန်ထိုးပြေးနေရတဲ့အချိန်လေ။အခုကတော့ကျွန်တော်က ဒီနေရာမှာကျောက်ချထားတယ်။ဒါပေမဲ့ အကြောင်းကိစ္စကတော့ရောက်လာတာပါပဲ။ဘာပဲဖြစ် ဖြစ်လုပ်စရာတွေကလည်းတစ်ပုံတစ်ပင်၊ ပြဿနာတွေကလည်းတစ်လှေကြီး၊ စိန်ခေါ်မှုတွေကလည်းမနည်းမနောပဲ ဆိုပါတော့။

**CBS- 'ငါ ပါဝင်ပတ်သက်နေတာဘာလဲ' ဆိုပြီးလူကြီးမင်းပြောခဲ့ဖူးတယ်နော်။**
**အိုဘားမား -**ဟုတ်ပါတယ်။လုပ်သင့်လုပ်ထိုက်တာကိုလုပ်နေရတယ်လို့ ခုတော့ကျွန်တော်ခံစားနေရပါတယ်။သည်အတွေးအသိကကျွန်တော့်ကိုတည်ငြိမ်စေခဲ့ပါတယ်။ကျွန်တော်တို့ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေက ကြီးမားပါတယ်။ စုံလည်းစုံလင်လှပါတယ်။ဒါတွေကိုဘယ်ကစပြီးကိုင်တွယ်ရမလဲ။ ဒီအတွက်အချိန်လိုပါတယ်။

**CBS - အခုရက်သတ္တပတ်မှာ လူကြီးမင်းအနေနဲ့ ဘာတွေကို အလေးထားအာရုံစိုက်နေခဲ့ပါသလဲ။**
**အိုဘားမား** - ကျွန်တော်အလေးထားနေတာနှစ်ခုရှိတယ်။တစ်ခုကအကူး အပြောင်းကာလမှာအကြမ်းဖက်ဝါဒီတွေတိုက်ခိုက်လာစေမယ့်အားနည်းချက်အချိန်တွေရှိလာနိုင်တယ်။ဒီအတွက်အမျိုးသားလုံခြုံရေးအဖွဲ့ရဲ့တာဝန်ဟာအရေးပါတဲ့နေရာမှာရှိတယ်။နောက်တစ်ခုကစီးပွားရေးပေါ့။ ထိပ်တန်းစီးပွားရေးအကြံပေးပုဂ္ဂိုလ်တွေရဲ့အဆိုအရအလုပ်တွေဖန်တီးပေးရေး၊စီးပွားရေးလမ်းကြောင်းပေါ်ပြန်ရောက်ရေးနဲ့စွမ်းအင်နဲ့ ကျန်းမာရေးစောင့်ရှောက်မှုလို ရေရှည်အကြောင်းကိစ္စနဲ့ ပတ်သက်လို့လုပ်ဆောင်ရေးတွေ ဖြစ်ပါတယ်။

**CBS - ဘဏ္ဍာရေးဝန်ကြီးပေါလ်ဆန်ရဲ့ဒေါ်လာဘီလီယံ၇၀၀အသုံးပြုရေးအစီအစဉ်နဲ့ပတ်သက်လို့ပြောပြပေးပါလားခင်ဗျာ။**
**အိုဘားမား -** ကောင်းပြီ၊ ဟန့်ပေါလ်ဆန်ကိုကြည့်ရင် သူဟာအလွန်ခက်ခဲ တဲ့အခြေအနေမှာကြိုးစားပမ်းစားလုပ်ဆောင်နေရတာဖြစ်တယ်။အခု ကျွန်တော်တို့ဟာ တစ်ခါမှမကြုံဖူးသေးတဲ့အခက်အခဲအကျပ်အတည်းနဲ့ ရင်ဆိုင်နေရတာဖြစ်တယ်။ဟန့်အနေနဲ့သူ တတ်နိုင်သလောက်ကြိုးစားလုပ်ဆောင်ခြင်းကသာအခက်အခဲကိုကျော်လွှားနိုင်မယ်လို့ မျှော်လင့်ခဲ့တာဖြစ်မယ်။ဘာပဲ ဖြစ်ဖြစ်ကျွန်တော်ကတော့နောက်ကိုပြန် လှည့်ကြည့်ဖို့ထက်ရှေ့ကိုမျှော်ကြည့်ဖို့ပဲ ပိုစိတ်ဝင်စားပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**CBS - ဒီငွေတွေဟာငွေကြေးဆိုင်ရာလုပ်ငန်းတွေမှာ အထောက်အကူဖြစ်ဖို့ချန်ထားတာမဟုတ်လား။အခုအစိုးရကအဲဒီငွေတွေထဲကဒေါ်လာဘီလီယံ၃၀၀ နီးပါးလောက်သုံးပြီးသွားပြီ။ ဒါပေမဲ့ဘာမှ ကြီးကြီးမားမားပြောင်းလဲလာတာ မတွေ့ရသေးဘူး။ ဒါဟာဘာကြောင့်ပါလဲခင်ဗျာ။**

**အိုဘားမား -** အဲဒီလိုတွေးမယ်ဆိုရင်တော့ဒါဟာသိပ်ဆိုးရွားသွားမယ်လို့ထင်ပါတယ်။လွန်ခဲ့တဲ့လအတန်ကြာကဘဏ်လုပ်ငန်းမှာဆုံးရှုံးမှုတွေအများကြီးရှိခဲ့တာကျွန်တော်တို့တွေ့ခဲ့ကြပြီးပါပြီ။ဒါထက်ပိုပြီးစီးပွားရေးမှာအလျင်အမြန် ဆိုးဆိုးရွားရွားယိုယွင်းလာဦးမယ့်သဘောလည်းရှိနေပါတယ်။ဒီတော့ ဒေါ်လာဘီလီယံ၃၀၀သုံးစွဲမှုဟာဒီလိုအရာတွေမဖြစ်လာအောင် စီမံဆောင်ရွက်ရမယ့် အစိတ်အပိုင်းတစ်ရပ်သာဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**CBS - သမ္မတသက်တမ်းတစ်ကြိမ်တည်းနဲ့လူကြီးမင်းကအရာရာကို ပြောင်းလဲစေမှာလား။**

**အိုဘားမား -** နောက်နှစ်လကျော်အတွင်းမှာဘယ်လိုဖြစ်လာမယ်ဆိုတာ ကြည့်ရဦးမယ်ခင်ဗျားသိပါတယ်။အပေါင်နုတ်ရွေးခွင့်ပိတ်ပင်တာနဲ့ပတ်သက်လို့၊ အိမ်ပိုင်ရှင်တွေဘာဖြစ်မယ်ဆိုတာနဲ့ပတ်သက်လို့ကျွန်တော်တို့အလေးထားအာရုံစိုက်မှာမဟုတ်ဘူးဆိုတာ ကိုကျွန်တော်ပြောပြီးပါပြီ။ ဒါကိုလုပ်ဆောင်ဖို့ ကျွန်တော်တို့မှာ လက်နက်ကိရိယာတွေ ရှိပါတယ်။ကျွန်တော့်အနေနဲ့လူတွေသူတို့ရဲ့အိမ်တွေမှာနေနိုင်ဖို့အတွက် ဘဏ်တွေနဲ့ချေးငှားသူတွေကြားမှာ စေ့စပ်ညှိနှိုင်းမှုတွေစီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**CBS- ဝန်ကြီးပေါလ်ဆန်နဲ့ရော ဆွေးနွေးပြီးပြီလား။ဘာတွေဖြစ်နေတယ်ဆိုတာကောသူကပြောမှာလား။**

**အိုဘာမား -** ကျွန်တော့်ရဲ့အဖွဲ့ထဲကတစ်ယောက်ကိုသူနဲ့နေ့စဉ်ညှိနှိုင်းတိုင်ပင်ဖို့ တာဝန်ပေးထားပါတယ်။ကျွန်တော်တို့မှာလိုအပ်တဲ့သတင်းအချက် အလက်တွေရရှိနေသလိုတချို့အကြောင်းကိစ္စတွေမှာပြဿနာတွေနဲ့ ပတ်သက်လို့ ဘယ်လိုချဉ်းကပ်နိုင်တယ်ဆိုတာကိုလည်းအကြံပြုပေးနေပါတယ်။

**CBS - သူတို့ကကော ဒါကို အလေးထားလိုက်နာမှာလား။**

**အိုဘားမား -** အင်း . . . ။ သူတို့ကဒါကိုလေ့လာစုံစမ်းမှာပေါ့။

**CBS - သတင်းစာတွေထဲမှာဖော်ပြချက်အရ** *General Motors* **ကုမ္ပဏီဟာကြောက်မက်ဖွယ်ရာဘေးကျပ်နံကျပ်ထဲရောက်နေပြီးဒီနှစ်အကုန်မှာ ငွေပြတ်လပ်**

http://www.linhtet.com



**တော့မယ့်အနေအထားမှာရှိနေပါတယ်။အဲဒီ အချိန်ဟာလူကြီးမင်းအနေနဲ့ သမ္မတရုံးခန်းကို ရောက်တဲ့အချိန်ဖြစ်ပြီးဒီအနေအထားနဲ့ပါဝင်ပတ်သက်လာမှာဖြစ်ပါ တယ်။**

**အိုဘားမား -** ဟုတ်ပြီလေ။ မော်တော်ကားလုပ်ငန်းတစ်ခုလုံးဝဥသုံပြိုလဲသွားတာဟာပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့မိသားစုကိုသာဘေးဒုက္ခရောက်စေတာမဟုတ်ဘဲ သူ့ပတ်ဝန်းကျင်ကစီးပွားရေးကိုပါဂယက်ရိုက်စေမှာဖြစ်ပါတယ်။ဒီအတွက်ကျွန်တော်တို့ကမော်တော်ကားကုမ္ပဏီကိုထောက်ပံ့ကူညီဖို့လိုအပ်တယ်လို့ ယုံကြည်ပါတယ်။

**CBS - ရေနံတစ်စည်ကို၁၄၇ဒေါ်လာဈေးနှုန်းရှိတုန်းက လူတွေက တက်ကြွမာန်ပါပြီးအကျိုးအမြတ်ဖြစ်ထွန်းမယ့်ဆွေးနွေးမှုတွေကိုလုပ်ဆောင်ခဲ့ကြတယ်။အခုဆိုရင်ရေနံတစ်စည်ကိုဒေါ်လာ၆၀ရှိတဲ့အခါက တော့စွမ်းအင်ဟာအရင်က လောက်အရေးပါမှုမရှိတော့သလိုဖြစ်သွားတယ်။ ဘာကြောင့်ပါလဲ။**

**အိုဘားမား -** ဘာကြောင့်လဲဆိုတော့ဒါဟာကျွန်တော်တို့ပုံစံပါပဲ။ ကျွန်တော်တို့ကထိတ်လန့်တုန်လှုပ်မှုကနေမိန်းမောမှုဆီကိုရောက်သွားတာပါ။ ရေနံဈေးနှုန်းနဲ့ ဓာတ်ငွေ့ဈေးနှုန်းတွေ ခုန်တက်တော့လူတိုင်းကလှုပ်လှုပ်ရှားရှားနဲ့ပျာယာခတ်ကုန်ကြတယ်။ရေနံဈေးနှုန်းလည်းထိုးကျသွားရော ရုတ်တရက်ဆိုသလိုရေနံကိုအရေးမပါသလို ပြုမူလာကြတယ်။ ဒီအတွက်အကျိုးဆက်က ဘယ်လိုတိုးတက်မှုမျိုးကိုမှမလုပ်နိုင်ခဲ့ဘူး။ဒါဟာစွဲလမ်းမှု အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ဒီစွဲလမ်းမှုမျိုးကို အဆုံးသတ်ရမှာဖြစ်တယ်။ဒီအချိန်ဟာအဆုံးသတ်ရမယ့်အချိန်ပဲဖြစ်တယ်။

**CBS-ငွေကြေးဈေးကွက်ကိုပြန်လည်ထိန်းချုပ်ဖို့အတွက်ဘယ်လောက်အဆင့်အထိဦးစားပေးလုပ်ဆောင်ရမယ်ဆိုပြီးသတ်မှတ်မှာလဲ။**

**အိုဘားမား -** ဒါဟာထိပ်ဆုံးဦးစားပေးအဆင့်ပါ။ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ငွေကြေးစနစ်မှာယုံကြည်မှု၊ရိုးစင်းမှု၊ပွင့်လင်းမှုဆိုတဲ့အသိတွေကိုပြန်လည်တည်ဆောက်ရမယ်လို့ထင်ပါတယ်။နောက်ပြီးဒီလိုပြန်လည် စည်းကမ်းထိန်းသိမ်းမှုလုပ်ငန်းစဉ်တွေကိုလုပ်ဆောင်ရာမှာ တစ်ပါတီတည်းလောက်နဲ့လုပ်ဆောင်လို့မရဘူးလို့လည်းထင်ပါတယ်။ ဒီအတွက်လူတိုင်းကမိမိတို့တွေ့ကြုံခံစားခဲ့ရတဲ့သင်ခန်းစာတွေကို ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ စည်းကမ်းထိန်းသိမ်းရာမှာစီးပွားရေးစွမ်းဆောင်မှုစိတ်ဓာတ်ကိုရိုက် ချိုးတဲ့အထိနိုင့်ထက်စီးနင်းလုပ်လို့မရဘူးဆိုတာကိုတော့သိထားရမှာဖြစ်တယ်။ဒါမှသာကျွန်တော်တို့ရဲ့စီးပွားရေးကို ထူးကဲပြောင်မြောက်စေမှာ ဖြစ်ပါတယ်။ ဒီအတွက်မျှတတဲ့အသိစိတ်ကို ပြန်လည်တည်ဆောက်ရမှာဖြစ်ပါတယ်။

**CBS - အာဏာကို လွှဲပြောင်းရယူပြီးတဲ့အခါ လူကြီးမင်းလုပ်ဆောင်ရမယ့်အလုပ်**

http://www.linhtet.com



**တွေ့ကမနည်းမနောပါပဲ။ အဲဒီထဲမှာတစ်ခုကဂွာတာနာမိုအကျဉ်းစခန်းကိုပိတ်ဖို့၊ နောက်တစ်ခုကအမေရိကန်စစ်တပ်တွေအသုံးပြုလေ့ရှိတဲ့နှိပ်စက်ညှဉ်းပန်းပြီးမေးမြန်းတဲ့နည်းလမ်းတွေကိုပြောင်းလဲဖို့ဖြစ်တယ်။အဲဒီအရေးကိစ္စတွေကိုလူကြီးမင်းအနေနဲ့အရင်ဦးဆုံး အရေးယူဆောင်ရွက်မှာပါလား။**

**အိုဘားမား** -ဂွာတာနာမိုကို ပိတ်ပစ်ဖို့ရည်ရွယ်ထားတယ်ဆိုတာ ကျွန်တော်ထပ်တလဲလဲပြောခဲ့ပြီးပါပြီ။ပြောတဲ့အတိုင်းလည်းကျွန်တော်လုပ်မှာပါ။နောက် တစ်ခုကအမေရိကန်ကနှိပ်စက်ညှဉ်းပန်းမှုမလုပ်ဘူးဆိုတာပါပဲ။ဒါကိုအခုလည်းကျွန်တော်ထပ်ပြောပါတယ်။ကျွန်တော်တို့ဘယ်တော့မှ နှိပ်စက်ညှဉ်းပန်းတဲ့နည်းလမ်းကိုသုံးမှာမဟုတ်ပါဘူး။ ဒါဟာကမ္ဘာပေါ်မှာအမေရိကန်ရဲ့ကိုယ်ကျင့်တရားဆိုင်ရာဂုဏ်သတင်းကိုပြန်လည်ရရှိဖို့ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းပဲဖြစ်ပါတယ်။

**CBS - လူကြီးမင်းရဲ့အစိုးရအဖွဲ့ဝင်တွေကိုအပြီးသတ်ရွေးချယ်ပြီးပြီလား။အစိုးရအဖွဲ့ဝင်တွေကိုဘယ်တော့လောက်ထုတ်ပြန်ကြေညာမှာပါလဲ။**

**အိုဘားမား -** မကြာခင်မှာပါ။

**CBS - အထက်လွှတ်တော်အမတ်ကလင်တန်ကော လူကြီးမင်းရဲ့အ စိုးရအဖွဲ့ထဲမှာပါပါသလား။**

**အိုဘားမား** - သူမဟာ ကျွန်တော့်အတွက်လမ်းညွှန်မှုနဲ့အကြံဉာဏ်တွေ ရယူဖို့အတွက်အရေးပါတဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

**CBS- လူကြီးမင်းအနေနဲ့ မိန့်ခွန်းတွေအများကြီး ပြောဖို့ရှိပါသလား။ ရုပ်မြင်သံကြားနဲ့ရေဒီယိုကနေပြီး အမေရိကန်ပြည်သူတွေကို မိန့်ခွန်းတွေအများကြီး မြွက်ကြားသွားမှာပါလား။**

**အိုဘားမား -** အမေရိကန်ပြည်သူတွေအနေနဲ့ မိန့်ခွန်းတွေအများကြီး နားထောင်ဖို့ မျှော်လင့်နေမယ်ဆိုတာကတော့မသေချာလှပါဘူး။တကယ်တမ်းသူတို့မျှော်လင့်နေတာက ကျွန်တော်ဘာတွေလုပ်မလဲဆိုတာပဲလို့ ထင်ပါတယ်။ဒါပေမဲ့ကျွန်တော့်အနေနဲ့အရေးပါတဲ့ အရာတစ်ခုကိုတော့လုပ်ရမှာ ဖြစ်တယ်။အဲဒါကတော့ကျွန်တော်ဘာလုပ်နေတယ်။ဘာကြောင့်လုပ် နေတယ်ဆိုတာအမေရိကန်ပြည်သူတွေကိုရှင်းပြဖို့ပဲဖြစ်ပါတယ်။ကြီးကျယ်ထင်ရှားတဲ့သမ္မတတိုင်းက ဒီလိုလုပ်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ လင်ကွန်း၊ဂျွန်အက်ဖ်က နေဒီ၊ အိုင်စင်ဟောင်ဝါစသည်ဖြင့်ပေါ့။ကျွန်တော်ဆိုလိုတာက အဲဒီသမ္မတတွေဟာ သူတို့ရဲ့ပြည်သူတွေကိုသူတို့တော့ဘယ်လမ်းအတိုင်းသွားနေပါပြီ။အဲဒီလမ်းမှာအန္တရာယ် တွေ၊စိန်ခေါ်မှုတွေရှိနေပါစေ၊ အဆုံးတော့ ဒါဟာပိုမိုကောင်းမွန်တဲ့အမေရိကန်ဖြစ်လာစေဖို့အတွက်

http://www.linhtet.com


## အိုဘားမားကောက်ကြောင်း

လျှောက်နေတဲ့လမ်းပဲဖြစ်တယ်ဆိုတာရှင်းပြနိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ သမ္မတနဲ့လူထုကြားမှာပျောက်ဆုံးခဲ့တဲ့ယုံကြည်မှုကိုသာ ပြန်လည်တည်ဆောက်ချင်တာ ဖြစ်ပါတယ်။

***Ref: CBS အသံလွှင့်ဌာနနှင့် အမေရိကန်သမ္မတသစ် ဘားရက်အိုဘားမားတို့၏ အင်တာဗျူးကို ဆီလျော်အောင် ပြန်ဆိုပါသည်။ Flower News ဂျာနယ် အတွဲ (၄)၊ အမှတ် (၄၇)***

http://www.linhtet.com

# အမေရိကန်အပြောင်းအလဲအပေါ်မှာ
# အီရန် နားလည်သဘောပေါက်မှာပါ



**စပီဂျဲလ်-ဝန်ကြီးခင်ဗျာ။ဆီးရီးယားဟာအီရတ်၊အစ္စရေး၊ပါလက်စတိုင်း၊ ပိုင်နက်တွေနဲ့အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တယ်ပြီးတော့အီရန်ရဲ့မိတ်ဆွေကောင်းလည်းဖြစ် တယ်။ အရှေ့အလယ်ပိုင်းဒေသကပဋိပက္ခတွေအနက် အိုဘားမားကဘယ်အရေးကို ပထမဦးစားပေးအဖြစ်ကိုင်တွယ်ဖြေရှင်းပေးတာလူကြီးမင်းကတွေ့မြင်လိုပါသလဲ။**

**မိုလမ်**- အာရပ်အစ္စရေး ပဋိပက္ခပါ။ဘာကြောင့်လဲဆိုရင်ဒီပဋိပက္ခကြောင့် အခြားသူတွေကိုပိုမိုဆိုးရွားစေပြီးမီးလောင်ရာလေပင့်သလိုဖြစ်နေခဲ့လို့ ဖြစ်ပါတယ်။ဒါဟာဆီးရီးယား၊လက်ဘနွန်၊အစ္စရေးနဲ့ပါလက်စတိုင်းတို့ကြားမှာပြည့်စုံ ကျယ်ပြန့်တဲ့ငြိမ်းချမ်းရေးပေါ်ပေါက်လာဖို့ တကယ့်အချိန်ပဲဖြစ်ပါတယ်။

**စပီဂျဲလ်-အိုဘားမားအနေနဲ့တစ်ဦးတည်းဖြေရှင်းဖို့ကတော့ခက်ခဲနေမှာပါ။ဆီးရီးယားအနေနဲ့ဘာတွေကမ်းလှမ်းသွားမှာလဲ။**

**မိုလမ်**-ကျွန်တော်တို့ကတော့အစွန်းရောက်ခြင်းမရှိဘဲပြောဆိုဆွေးနွေးဖို့အဆင့်သင့်ရှိနေပါတယ်။

**စပီဂျဲလ်- လူကြီးမင်းဟာအခြေခံအားဖြင့်နျူကလီးယားလက်နက်ရှိတဲ့အီရန်ကို ကန့်ကွက်တယ်လို့တင်ပြလာမယ်ဆိုရင်အမေရိကန်သမ္မတသစ်အနေနဲ့ကျေနပ်ပျော်ရွှင်သွားမှာလား။**

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**မိုလမ်**- အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးနျူကလီးယားလက်နက်မရှိဘူးဆိုရင်တော့ ကျွန်တော့်အနေနဲ့ကန့်ကွက်သွားမှာပါ။ဒါပေမဲ့အစ္စရေးမှာနျူကလီးယားလက်နက်တွေရှိနေပါတယ်။

**စပီဂျဲလ်- ဒါပေမဲ့လူကြီးမင်းတို့ဟာအီရန်နဲ့ရင်းရင်းနှီးနှီးနေ့ခင်ဖွဲ့နေခဲ့ပါတယ်။ကမ္ဘာကြီးအတွက်စိုးရိမ်ပူပန်စရာအခြေအနေနဲ့ပတ်သက်လို့ လူကြီးမင်းအနေနဲ့ဘယ်လိုတုံ့ပြန်လိုပါသလဲ။**

**မိုလမ်-** အီရန်တွေကကျွန်တော်တို့ကိုအခိုင်အမာပြောခဲ့တာကသူတို့ရဲ့ အစီအစဉ်ဟာစွမ်းအင်လိုအပ်မှုအတွက်နဲ့ငြိမ်းချမ်းရေးအတွက်ပဲဖြစ်တယ်လို့ ဆိုတယ်။ကျွန်တော်တို့ကတော့သူတို့ကိုယုံကြည်ပါတယ်။

**စပီဂျဲလ်- အိုဘားမားရွေးကောက်ခံရတဲ့အတွက်အီရန်ခေါင်းဆောင်ရဲ့ စိတ်ထဲမှာဘယ်လိုခံစားရလဲဆိုတာနဲ့ပတ်သတ်ပြီး လူကြီးမင်းအနေနဲ့ရိပ်ဖမ်းသံဖမ်းလောက်ဖြစ်ဖြစ်ပြောပြပေးပါလား။**

**မိုလမ်-** ကျွန်တော့်အထင်တော့အီရန်အနေနဲ့အမေရိကန်ရဲ့အပြောင်းအလဲအပေါ် နားလည်သဘောပေါက်မိမှာပါ။ဒီရွေးကောက်ပွဲရဲ့ရလဒ်ကဆွေးနွေးညှိနှိုင်းမှုတွေကိုတိုးတက်လာစေမယ်ဆိုတာလည်းသေချာပါတယ်။

**စပီဂျဲလ်- ဆီးရီးယားအနေနဲ့ ဟစ်ဇဘိုလာတွေကို ထောက်ပံ့နေတာတွေ ဖြတ်တောက်တဲ့ဘယ်လိုဆောင်ရွက်မှုမျိုးကိုမဆို အမေရိကန်သမ္မတသစ်ကကြိုဆိုမယ့်အလားအလာရှိပါသလား။**

**မိုလမ်-** ကျွန်တော်တို့ကလက်ဘနွန်နဲ့ ကောင်းမွန်တဲ့ဆက်ဆံရေးရရှိဖို့အတွက် လတ်တလောမှာနည်းလမ်းရှာဖွေနေပါတယ်။ဒီလိုလုပ်တဲ့အတွက်ကျွန်တော် တို့နဲ့ဟစ်ဇဘိုလာတို့ရဲ့ကောင်းမွန်တဲ့ဆက်ဆံရေးအပေါ်မှာ ဆန့်ကျင်ဘက်သဘောမျိုးလည်းမဖြစ်စေချင်ဘူး။လက်ဘနွန်နယ်ပယ်ဒေသတွေကို အစ္စရေးတွေက ကာလရှည်ကြာသိမ်းပိုက်ထားတဲ့အတွက်ဟစ်ဇဘိုလာတွေက ခုခံလှုပ်ရှားမှုတွေ ပြုနေရတာဖြစ်ပါတယ်။

**စပီဂျဲလ်- လွန်ခဲ့တဲ့ရက်သတ္တပတ်က အမေရိကန်မှာဘာတွေဖြစ်ပျက်ခဲ့သလဲ။မကြာမီမှာပေါ်ပေါက်လာမယ့်ဒီမိုကရေစီကျကျဆုံးဖြတ်မှုတွေကြောင့်အစ္စရေးမှာဘာတွေဖြစ်လာနိုင်သလဲ။ဆီးရီးယားမှာကောဘယ်တော့ဒီမိုကရေစီနည်းလမ်းတကျဖြစ်လာမှာလဲ။**

**မိုလမ်-** ဘုရားသခင်ကပေးအပ်ထားတဲ့အတွက်ဆီးရီးယားမှာအဓိကအကျပ်အတည်း

http://www.linhtet.com



သုံးခုရဲ့အလယ်မှာရှိနေပါတယ်။အီရတ်နဲ့အမေရိကန်၊ ပါလက်စတိုင်းနဲ့ အစ္စရေး၊ ပြီးတော့ လက်ဘနွန်ပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ကျွန်တော်တို့တိုင်းပြည်ကိုတ ဖြည်းဖြည်းပြုပြင်ပြောင်းလဲဖို့ လိုအပ်သလိုဖြစ်လာခဲ့ပါတယ်။

**စပီဂျဲလ်- လွန်ခဲ့တဲ့ရက်သတ္တနှစ်ပတ်ကဆီးရီးယားကိုလေကြောင်း တိုက်ခိုက်မှုပြု ခဲ့တဲ့ကွန်မန်ဒိုစစ်ဆင်ရေးနဲ့ပတ်သက်လို့ဆီးရီးယားကကြိုတင်သိနေတယ်လို့ အမေရိ ကန်သတင်းရပ်ကွက်ကဆိုလာပါတယ်။ ဒါအမှန်ပဲလားခင်ဗျာ။**

**မိုလမ်-** ဒါဟာအမေရိကန်တွေရဲ့လုပ်ကြံဇာတ်လမ်းပါ။သူတို့ရောထွေးနေတာဖြစ်ပါတယ်။ နောက်တော့သူတို့ကဒီဇာတ်လမ်းတွေကိုမီဒီယာတွေဆီပျံ့နှံ့စေခဲ့တာဖြစ်ပါတယ်။တကယ် တော့ဒါဟာအမှန်မဟုတ်ပါဘူး။

**စပီဂျဲလ်- အမှန်မဟုတ်ဘူးဆိုရင်ဘာဖြစ်လို့ဆီးရီးယားစစ်တပ်က တုံ့ပြန်မှုပြုရတာ လဲ။ ဘာဖြစ်လို့မိမိရဲ့ပြည်သူပြည်သားတွေကိုကာကွယ်မှုပြုရတာပါလဲ။**

**မိုလမ်-** ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ဒီလိုကျူးကျော်ရန်စမှုမျိုးကို ကျွန်တော်တို့ မျှော်လင့်မထားခဲ့ဘူး။ဘာဖြစ်လို့ဒီလိုဖြစ်ရတယ်ဆိုတာကိုနားလည်သဘောပေါက်ခြင်းမ ရှိဘူး။ နောက်ပြီးတော့ဒါဟာကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို အမေရိကန်စစ်တပ်က ထိပါးစော်ကားတာလည်း ဖြစ်ပါတယ်။အထူးသဖြင့်အခုချိန်မှာ ကျွန်တော်တို့အနေနဲ့နယ် စပ်ဒေသကိုတင်းတင်းကျပ်ကျပ်ထိန်းချုပ်ဖို့ကြိုးပမ်းနေတာဖြစ်တယ်။ဘာပဲဖြစ်ဖြစ်ကျွန်တော် တို့ဟာ ဂျော်ဂျီယာမဟုတ်ဘူး။ကျွန်တော်တို့ဟာအခြေအနေကိုဒီထက်ဆိုးရွားမလာ အောင်ရှုမြင်တွေးမြင်နိုင်မယ့်နည်းလမ်းကိုရှာနေတာဖြစ်ပါတယ်။

**စပီဂျဲလ်- ဒမတ်စကတ်အစိုးရအနေနဲ့နိုင်ငံတကာအနုမြူစွမ်းအင်အေဂျင်စီ (IAEA) ကိုသာဆီးရီးယားမှာစစ်ဆေးဖို့အခွင့်ပေးမယ်ဆိုရင် အခြေအနေက အခုထက် တိုးတက်လာမှာမဟုတ်လား။**

**မိုလမ်** - Deiralzor အနီးမှာ ဆီးရီးယားစစ်တပ်တပ်စွဲထားခဲ့တယ်။ အဲဒီမှာ ကျူးကျော်ရန် စခံရပြီးခုနှစ်လအကြာမှာဆီးရီးယားကန်ျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက် ဖို့ရည်ရွယ် နေတယ်ဆိုပြီးအစ္စရေးက IAEA ကို အရေးဆိုလာခဲ့တယ်။ဒါဟာလုံးဝမမှန်ပါဘူး။ ကျွန်တော်တို့ကစစ်ဆေးရေးအဖွဲ့ကို အဲဒီနေရာသွားကြည့်ဖို့ခွင့်ပြုခဲ့တယ်။သူတို့ကအဲဒီ မှာသုံးရက်လောက်နေပြီး နမူနာတွေယူတယ်။လေ့လာစိစစ်တယ်။ကျွန်တော် အခိုင်အမာ ပြောရဲပါတယ်။ သူတို့အနေနဲ့န်ျူကလီးယားဓါတ်ပေါင်းဖိုတည်ဆောက်ဖို့လက်ရာအစအန တောင်မတွေ့ခဲ့ရပါဘူး။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂျဲလ်- IAEA ကအခြားနေရာသုံးခုကိုလည်းစစ်ဆေးကြည့်လိုခဲ့တယ် မဟုတ် ဘူးလား။**
**မိုလမ်-** ကျွန်တော်တို့အနေနဲ့အီရတ်တွေတွေ့ကြုံခံစားရတာမျိုးမခံစားချင်ဘူး။ အီရတ်စစ်ပွဲမတိုင်ခင်ကအမေရိကန်တွေအကြီးအကျယ်လီဆယ်ပြောခဲ့ တာတွေကိုခင်ဗျားသတိရဦးမှာပေါ့။အခုသူတို့ကဒီနေရာကိုစစ်ဆေးကြည့်ချင်တယ်။နောက်တော့အခြားနေရာသုံးခုကိုကြည့်ချင်တယ်။ အဲဒါမှသူတို့ ဘဝင်မကျသေးရင်တစ်နေရာပြီးတစ်နေရာ ကြည့်ဖို့ပြောနေဦးမှာပဲ။ဒါတွေဟာတကယ်တော့ကျွန်တော်တို့ရဲ့အမျိုးသားလုံခြုံရေးကိုထိခိုက်စေတဲ့အရာတွေပဲဖြစ်တယ်။

**စပီဂျဲလ်- ဆက်ဒမ်ဟူစိန်ဟာသံသယတွေကို ရှင်းလင်းအောင်မလုပ်နိုင်ခဲ့ကြလို့ ကြေကွဲဝမ်းနည်းစရာအဖြစ်နဲ့ ကြုံရတာမျိုးလား။**
**မိုလမ် -** ကျွန်တော်တို့အနေနဲ့ကတော့ နျူကလီးယားလက်နက်နဲ့ပတ်သက်လို့ ဘာရည်ရွယ်ချက်မှမရှိဘူးဆိုတာ ကမ္ဘာကိုအခိုင်အမာပြောကြားချင်ပါတယ်။နျူကလီးယားနဲ့ပတ်သက်ရင်ငွေကုန်ကြေးကျအလွန်များပါတယ်။ကမ္ဘာပေါ်မှာနျူကလီးယားလက်နက်သုံးဝံ့တာဆိုလို့ အမေရိကန်ပဲရှိပါတယ်။

**စပီဂျဲလ် - ဝါရှင်တန်မှာ အပြောင်းအလဲဖြစ်လာတာဟာ ပိုမိုကြီးကျယ်တဲ့အခွင့်အလမ်းဖြစ်ပေါ်လာမယ်လို့မထင်ဘူးလား။**
**မိုလမ် -** ကျွန်တော်တို့က အမေရိကန်တွေနဲ့ဆွေးနွေးဖို့အဆင်သင့်ရှိနေပါတယ်။လွန်ခဲ့တဲ့ရက်သတ္တပတ်လောက်ကနယူးယောက်မှာနိုင်ငံခြားရေးဝန်ကြီးကွန်ဒိုလီဇာရိုက်နဲ့ ကျွန်တော်တို့တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ဒီဆွေးနွေးမှုဟာတကယ့်ကိုအပြုသဘောဆောင် တဲ့ဆွေးနွေးမှုမျိုး ဖြစ်ခဲ့ပါတယ်။သူတို့ထဲက အချို့သောလူတွေအနေနဲ့ကလည်းဆီးရီးယားပိုင်နက်မှာ လေကြောင်းအားဖြင့်ဝင်ရောက်တိုက်ခိုက်တာမျိုးကိုသဘောမတွေ့ပါဘူး။သူတို့က ဒီလိုလမ်းပွင့်နေတာမျိုးကို ပိတ်ဆို့ချင်နေခဲ့ပါတယ်။

**စပီဂျဲလ် - လက်ရှိနေရာကနေထွက်ခွာရတော့မယ့်အစိုးရအနေနဲ့ ဒီလိုတိုက်ခိုက်မှုမျိုးထပ်လုပ်လာနိုင်ခြေရှိပါသလားခင်ဗျာ။**
**မိုလမ် -** ဘုရှ်အစိုးရလက်ထက်မှာတော့အရာအားလုံးက ဖြစ်နိုင်ခြေရှိနေ တာပါပဲ။ဒါပေမဲ့ဒီအစိုးရအနေနဲ့နောက်တက်လာမယ့်အစိုးရသစ်အတွက် လူ့ကျင့်ဝတ်အရအပြုသဘောဆောင်တဲ့အမူအကျင့်တွေကို လမ်းခင်းပေးရမှာဖြစ်ပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂျဲလ် - အနာဂတ်ကြိုတင်မှန်းဆမှုတစ်ခုအနေနဲ့ အမေရိကန်မှာ နောက်တစ်ကြိမ်ရွေးကောက်ပွဲကျင်းပလာမယ့် နောက်လေးနှစ်ကာလ အချိန်ကျရင်အရှေ့အလယ်ပိုင်းနဲ့ပတ်သက်လို့ ဘယ်လိုကြိုမြင်မိပါသ လဲခင်ဗျား။**

**မိုလမ်** - ဒါဟာ အရှေ့အလယ်ပိုင်းနဲ့ ပတ်သက်လို့ အမေရိကန်ရဲ့ အမြင်သစ် ပေါ်မှာမူတည်နေပါတယ်။အဲဒီအချိန်မှာပိုမိုပြီးပြည့်စုံတဲ့ငြိမ်းချမ်းရေး သဘောတူညီမှုပေါ်ပေါက်လာ ဖို့ဆိုတာ အစ္စရေးတို့ရဲ့နိုင်ငံရေးသဘောထားအပေါ်မှာတည်မှီနေပါတယ်။ပြီးတော့ ကျွန်တော်တို့ရဲ့ဒေသတွင်းအခွင့်အာဏာနဲ့ပတ်သက်လို့ သင့်တော်လျော်ညီစွာ သတ်မှတ်ပြဋ္ဌာန်းထားမှုရှိမရှိ အပေါ်မှာလည်း မူတည်နေတယ်လို့ ဆိုပါရစေ။

*ဆီးရီးယား နိုင်ငံခြားရေးဝန်ကြီးဝါလစ် အယ်လ်*
*မိုလစ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့၏ အင်တာဗျူးကို*
*ဆီလျော်အောင် ပြန်ဆိုပါသည်။*
***Flower News** ဂျာနယ်အတွဲ (၄)၊ အမှတ် (၄၆)။*

http://www.linhtet.com

## အိုဘားမားအစိုးရအနေနဲ့အလွန်သတိရှိနေရမှာဖြစ်ပါတယ်

### နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူ စထရတ်တဲလ်ဘော့နှင့် တွေ့ဆုံခြင်း

မြင့်နောင်မိုး



**အမေရိကန်နိုင်ငံခြားရေးမူဝါဒကျွမ်းကျင်သူစထရုတ်တဲလ်ဘော့နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့တွေ့ဆုံရာတွင်မစ္စတာတဲလ်ဘော့ကအိုဘားမားအနေဖြင့်ထိတ်လန့်တုန်လှုပ်စရာနိုင်ငံခြားရေးမူဝါဒစိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရကြောင်း၊ အိုဘားမားကအမေရိကန်တို့ကို ကမ္ဘာ့မြို့သားများအဖြစ် ပြောင်းလဲလိုသော ဆန္ဒသဘောထားရှိနေကြောင်း အပြင်အတ္တလန္တိတ်ဖြတ်ကျော်ဆက်ဆံရေးနှင့်ပတ်သက်၍ ပြန်လည်တက်ကြွလန်းဆန်းလာစေလိုကြောင်းစသည်ဖြင့် ဆွေးနွေးပြောဆိုခဲ့သည်တို့မှ ထုတ်နုတ်ဖော်ပြရပါက. . . .**

**စပီဂျဲလ်-** မစ္စတာတဲလ်ဘော့ခင်ဗျာ။ဘားရက်အိုဘားမားဟာ ဇန်နဝါရီ၂၀ရက်မှာတာဝန်ယူတဲ့အခါပတ်ချာဝိုင်းနေတဲ့ကမ္ဘာ့ပြဿနာတွေနဲ့ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။အဲဒီအချိန်ကျရင်သူ့အနေနဲ့သူ့ရဲ့ထိပ်တန်းကြွေးကြော်သံတွေထဲကဘယ်အရာကိုဦးစား ပေးဖြေရှင်းသင့်ပါသလဲခင်ဗျာ။

**တဲလ်ဘော့-** ကြွေးကြော်သံရဲ့ထိပ်ဆုံးမှာရှိတာက နိုင်ငံတကာငွေရေးကြေးရေးအကျပ်အတည်းဖြစ်ပါတယ်။တကယ်တော့ဒီကြွေးကြော်သံဟာကလင်တန်သမ္မတဘဝဆောင်ပုဒ်ကနေ ဆန့်ထွက်လာတာဖြစ်တယ်။အဲဒီတုန်းကတော့ "ဒါစီးပွားရေးကွ၊ ဒုံးဝေးလှချည်လား"

http://www.linhtet.com



လို့ဆိုပါတယ်။အခုတက်လာမယ့်အစိုးရသစ်အနေနဲ့ ကြွေးကြော်သံတစ်ခုကိုကြွေးကြော်မယ်ဆိုရင်တော့ နားလည်သဘောပေါက်ထားဖို့လိုပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ "ဒါနိုင်ငံတကာ စီးပွားရေးလေ၊ဒုံးဝေးလှပါလား"ဖြစ်သွားမယ်။အခုထိကျွန်တော်တွေးနေမိတာကဒါဟာအန္တရာယ်သိပ်များတယ်။ပြီးတော့ မှားယွင်းမှုလည်း ဖြစ်နိုင်တယ်။

**စပီဂျဲလ်-** ဒီအချိန်မှာလူ့အသိုင်းအဝိုင်းလုံခြုံမှုနဲ့ချမ်းသာကြွယ်ဝခြင်းကို ကာ ကွယ်တာထက်ပိုပြီး အရေးတယူဆောင်ရွက်ရမယ့် ပြဿနာရှိနေပါသလား။

**တဲလ်ဘော့-**စီးပွားရေးအကျပ်အတည်းကနက်ရှိုင်းပါတယ်။ဒါကိုမဖြေရှင်း နိုင်ဘူးဆိုရင်ကမ္ဘာ့နိုင်ငံတွေအားလုံးကကျွန်တော်တို့အပေါ် မကျေမလည် ဖြစ် လာကြလိမ့်မယ်။ဒါပေမယ့်ရာသီဥတုပြောင်းလဲမှု၊နျူးကလီးယားလက်နက်တိုးပွားတဲ့အန္တရာယ်၊ကမ္ဘာ့ဆင်းရဲသားပြဿနာနဲ့ကျန်းမာရေးကာကွယ်မှု၊နိုင်ငံတကာကူးစက်ရောဂါကာကွယ်ရေး တွေကလည်းအလျင်စလိုဖြေရှင်းရမယ့်ပြဿနာတွေပါပဲ။အဲဒီထဲမှာမှစီး ပွားရေးအကျပ်အတည်းကပထမဦးစားပေးဖြစ်ပါတယ်။

**စပီဂျဲလ်-** အိုဘားမားအနေနဲ့ရုရှား၊ပါကစ္စတန်၊အာဖဂန်နစ္စတန်၊အီရန်၊ အီရတ်၊ အိန္ဒိယ၊ ဂျော်ဂျီယာနဲ့အစ္စရေးစတာတွေပါဝင်တဲ့ စစ်ပွဲအရှုပ်အထွေးတွေကြားထဲမှာ မျက်စိလည်လမ်းပျောက်မှာမဟုတ်ဘူးလို့လူကြီးမင်းယုံကြည်ပါသလား။

**တဲလ်ဘော့-**ဒီအတွက်အိုဘားမားအချိန်အတော်ယူရမယ်လို့ထင်ပါတယ်။ အိုဘားမား အနေနဲ့ဒီပြဿနာတွေနဲ့ပတ်သက်လို့အထူးတလည်နားလည်သဘောပေါက်နေတယ်ဆိုတာတော့အခိုင်အမာပြသနေပါတယ်။သူ့ရဲ့ထူးခြားပြောင်မြောက်တဲ့ ရွေးကောက်ပွဲညကမိန့်ခွန်းမှာပြောခဲ့တာက "ကျွန်တော်တို့ အနေနဲ့ ခက်ခဲကြမ်းတမ်းတဲ့ပြဿနာကိုရင်ဆိုင်နေခဲ့ရတယ်။ ဒီပြဿနာတွေကိုအလျင်အမြန်ကိုင်တွယ်ဖြေရှင်းနိုင်မယ်လို့တော့မမျှော်လင့်ပါနဲ့။ဒီအတွက်တစ်နှစ်သို့မဟုတ်လေးနှစ်လောက်အချိန်ယူရမှာဖြစ်တယ်လို့ ပြောကြား ခဲ့တာကိုကြည့်ရင်သိမှာဖြစ်ပါတယ်။အဲဒီမှာသူ့အနေနဲ့အကျဉ်းရုံးပြောခဲ့တာက စစ်ပွဲနှစ်ပွဲ၊ကမ္ဘာဂြိုဟ်ဘေး သင့်မှုနဲ့နိုင်ငံတကာစီးပွားရေးအကျပ်အတည်း ဖြစ်ပါတယ်။ ဒါဟာသူ့ရဲ့ပြည်သူတွေနဲ့တစ်ထပ်တည်း ကျတဲ့အချက်တွေလို့ ကျွန်တော်တွေးမြင်မိတာဖြစ်ပါတယ်။

**စပီဂျဲလ်-** အိုဘားမားအနေနဲ့ အမေရိကန်ရဲ့သွင်ပြင်လက္ခဏာကိုကမ္ဘာလုံးဆိုင်ရာ အသွင်တစ်ခုအဖြစ်ပြောင်းဖို့ကြိုးပမ်းမှာလား။

**တဲလ်ဘော့-** ဘာလင်မှာပြောခဲ့တဲ့သူ့ရဲ့မိန့်ခွန်းမှာဒီအဖြေပါပြီးသားပါ။ အဲဒီမှာသူ့ကိုယ်သူကမ္ဘာ့နိုင်ငံသားလို့အခေါ်အဝေါ် သုံးနှုန်းခဲ့ပါတယ်။ဒါဟာ ဆိုကရေးတီးကသေတဲ့အထိ

## အိုဘားမားကောက်ကြောင်း

ဆုပ်ကိုင်ခဲ့တဲ့ခံယူချက်ဖြစ်ပါတယ်။ အမေရိကန်မှာ ဒီလိုမျိုးအသက်အသေခံပြီး ဘယ်သူမှ ပြောမှာမဟုတ်ဘူး။တကယ်တော့ ဒီလိုမျိုး စရိုက်လက္ခဏာရှိတဲ့လူတွေမှာ ရေဒီယိုသတ္တိကြွ ခံစားမှုမျိုးဇကန်ရှိနေမှာဖြစ်ပါတယ်။

**စပီဂျဲလ်-** ကမ္ဘာ့နိုင်ငံသားအဖြစ်ပြောခဲ့တာကအိုဘားမားကပထမဦးဆုံး မဟုတ်ဘူးမ ဟုတ်လား။

**တဲလ်ဘော့-**ဂျွန်အက်ဖ်ကနေဒီကအရင်ဦးဆုံးပါ။ရော်နယ်ရေဂင်လည်းပြောခဲ့ပါတယ်။ ဒါပေမဲ့အိုဘားမားဟာအမေရိကန်ကိုကမ္ဘာကြီးရဲ့အများနဲ့ဆိုင်တဲ့နိုင်ငံသားအဖြစ်စဉ်းစား ဖို့လိုအပ်တယ်လို့ထင်ပါတယ်။ဒါပေမဲ့အိုဘားမားအနေနဲ့ ကျွန်တော်တို့ရဲ့ဘဝလမ်းကိုပြောင်း လဲပေးမယ့် ဒီလိုအာဘော်မျိုးလူတိုင်းရင်ထဲမှာရှိနေတာကိုတွေ့မြင်မှာတော့မဟုတ်ဘူး။ အဲဒီလိုကျွန်တော် တို့ဘဝကိုပြောင်းမယ့်နည်းလမ်းကဘာလဲဆိုတော့ မော်တော်ကား အသေးစား လေးတွေဝယ်မယ့်အစားမြေအောက်မီးရထားကိုပဲ အသုံးပြုချင်တာဖြစ်တယ်။

**စပီဂျဲလ်-** ဒါဟာ ဘာကြောင့်လဲဆိုရင် အမေရိကန်တွေအကောင်းမြင်အာဘော်ကိုသာ ဖြေရှင်းနိုင်တာကြောင့်လား။

**တဲလ်ဘော့-** ဒီစကားကခင်ဗျားဖြစ်ချင်တဲ့အတိုင်းကျွန်တော်တို့ကို ပြက်လုံးထုတ် လိုက်တာပဲ။ ဒီမှာ ကျွန်တော်တို့ အမေရိကန်တွေမှာလည်း မေးပိုင်ခွင့်ရှိပါတယ်။ ကျွန်တော်တို့နဲ့ကျွန်တော်တို့တိုင်းပြည်အတွက်ဘာအကျိုးအမြတ်ရှိပါသလဲလို့ပေါ့။

**စပီဂျဲလ်** -ဒါဆိုရင် အဖြေကဘာပါလဲ။

**တဲလ်ဘော့ -** ရိုးရိုးရှင်းရှင်းပြောရရင်အမေရိကန်က ငွေမကုန်တဲ့စိမ်းလန်းစို ပြည်ရေး ကိုလိုချင်တာဖြစ်တယ်။အာရပ်တွေရဲ့ရေနံအပေါ်မှီခိုနေရတာကိုလျှော့ချပြီးစိမ်း လန်းစို ပြည်စေချင်တာ၊ပြီးတော့အမျိုးသားလုံခြုံရေးကိုအားဖြည့် ချင်တာဖြစ်တယ်။ဘုရှ်ရဲ့အစိုး ရအဖွဲ့နဲ့မတူတဲ့အမြင်နဲ့ အိုဘားမားကစွမ်းအင်၊ စီးပွားရေးနဲ့ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒတွေအပေါ်မှာဘယ်လိုမှတင်းမာမှုမရှိတဲ့နားလည်သဘောပေါက်မှုမျိုးရှိနေတာဖြစ် တယ်။

**စပီဂျဲလ်** - ဥရောပက အိုဘားမားရဲ့အစိုးရကို အမေရိကန်ကအခြားသူတွေထက်သာ လွန်တဲ့ အစိုးရအဖြစ်မျှော်လင့်နေကြတာဖြစ်တယ်။ ဂျာမနီ၊ ပြင်သစ်နဲ့ ဗြိတိသျှအတွက် ဘာအပြောင်းအလဲတွေဖြစ်လာနိုင်မှာလဲ။

**တဲလ်ဘော့** - အာဖဂန်နစ္စတန်နဲ့ပတ်သက်လို့မှန်ကန်တဲ့မူဝါဒကိုရှာဖွေရမယ့်အရေးကိစ္စက ခက်ခဲကြမ်းတမ်းမှာဖြစ်တယ်။အိုဘားမားအနေနဲ့ဥရောပကိုအာဖဂန်မှာ အတူတိုက်ခိုက်ဖို့

http://www.linhtet.com



သွေးဆောင်နိုင်အောင် ကြိုးပမ်းရမှာဖြစ်တယ်။

**စပီဂျဲလ်** - တာလီဘန်သောင်းကျန်းသူတွေ အောင်မြင်မှုအရှိန်ရနေတဲ့နေရာမှာ ဂျာမနီတပ်တွေကိုချထားဖို့ ဂျာမနီအစိုးရကိုဖိအားပေးနေတာ ဘယ်လို အဓိပ္ပါယ်ပါလဲခင်ဗျာ။
**တဲလ်ဘော့** - ဂျာမနီတွေဟာသမိုင်းမှာအထိမခံနိုင်သူတွေအဖြစ်အားလုံးကသိထားကြပါတယ်။သူတို့အနေနဲ့ဝန်ကြီးချုပ်အင်ဂျဲလ်လာမာကယ်နဲ့နိုင်ငံ ခြားရေးဝန်ကြီးဖရန့်ဝေါ်လ်တာစတိန်းမားတို့ကို တလေးတစားပြောဆိုပါလိမ့်မယ်။ အိုဘားမားရဲ့အစိုးရဟာဖြစ်နိုင်ခြေအတတ်ပညာအဖြစ် အတွေ့အကြုံရယူပါလိမ့်မယ်။

**စပီဂျဲလ်** - အခြားအရေးပါတဲ့အကြောင်းကိစ္စတစ်ခုဖြစ်တဲ့အတ္တလန္တိတ်ဖြတ် ကျော်ဆက်ဆံရေးအဖြစ် ရုရှားနဲ့ဆက်နွယ်လာမှာလား။ဂျာမနီမှာကတော့ ရုရှားနဲ့ထိပ်တိုက်ရင်ဆိုင်ဖို့ ဘယ်သူကမှမလိုလားကြဘူး။
**တဲလ်ဘော့** - အမေရိကန်နဲ့ဥရောပတို့အနေနဲ့ ရုရှားအရေးမှာအတူတကွပူးပေါင်းဆောင်ရွက်လာမယ်လို့ မျှော်လင့်မိပါတယ်။
**စပီဂျဲလ်** - အရှေ့ဘက်တိုးချဲ့မှုလို့ခေါ်တဲ့ နေတိုးရဲ့အစီအစဉ်အဆုံးသတ်ရေး နဲ့ပတ်သက်ပြီး လူကြီးမင်းအနေနဲ့ထုချေလျှောက်လဲပေးဦးမှာပါလား။
**တဲလ်ဘော့** - မပေးပါဘူး။တစ်ခါတုန်းကကျွန်တော်နဲ့ဂျာမနီဝန်ကြီးချုပ်အဲမွတ်ခိုးလ်တို့ စကားစပ်မိရင်း သူကဂျာမနီအနေနဲ့အနောက်ရဲ့အရှေ့ဘက်ခန်းမှာ ပါဝင်ဖို့စိတ်ဝင်စားနေမှာမဟုတ်ဘူးလို့ပြောခဲ့ပါတယ်။သူပြောတာမှန်တယ်လို့ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အနာဂတ်အဖွဲ့ဝင်တွေကိုတံခါးပိတ်မထားသင့်တော့ဘူးလို့ ထင်ပါတယ်။

**စပီဂျဲလ်** - အမေရိကန်အနေနဲ့ ဒုံးကျည်ကာကွယ်ရေးအစီအစဉ်လုပ်ဆောင်ဖို့ မရှိတော့ဘူးလား။ဘုရှ်ကတော့ဒီအစီအစဉ်ဟာလုံးဝလိုအပ်တယ်လို့ဆိုပြီး ရုရှားတွေကတော့ လက်ခံနိုင်စရာမရှိဘူးလို့ဆိုပါတယ်။ဒါကိုအိုဘားမားအစိုးရကဘယ်လိုကိုင်တွယ်ဖြေရှင်း သွားမယ်ထင်ပါသလဲ။
**တဲလ်ဘော့** - ဒီနေရာမှာအိုဘားမားအနေနဲ့သူပြောခဲ့တဲ့စကားကိုသာအတည် ယူသင့်တယ်လို့ထင်ပါတယ်။သူက နည်းပညာနဲ့ပတ်သက်တဲ့လုပ်ငန်းဆိုရင် လုပ်ရမယ်လို့ဆိုပါတယ်။ ဒါပေမဲ့ဒီ ကိစ္စနဲ့ပတ်သက်ပြီးအသေးစိတ်ရှင်းလင်းပြောတာမျိုးတော့မရှိပါဘူး။သူ့အနေနဲ့ ဘာလုပ်ရမယ်ဆိုတာအချိန်တော့ယူရပါလိမ့်မယ်။သူ့အနေနဲ့ ဘုရှ်အစိုးရလိုမျိုးထပ်ပြီး အမှားခံချင်မှာတော့ မဟုတ်ပါဘူး။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂျဲလ်** -လူကြီးမင်းရဲ့လေသံကအမေရိကန်ပြည်ထောင်စုနိုင်ငံခြားရေးမူဝါဒမှာရင်ဆိုင်ရမယ့်အရေးကိစ္စတွေကိုမျှော်လင့်နေတာမဟုတ်ဘဲ၊အကောင်းဆုံးခေါင်းခေါက်ရွေးချယ်ထားတဲ့အပြောင်းအလဲတွေကို ပြောနေတာမျိုးဖြစ် မနေဘူးလားခင်ဗျာ။
**တဲလ်ဘော့** - အိုဘားမားအစိုးရသစ်အနေနဲ့ အလွန်သတိရှိရမှာ ဖြစ်ပါတယ်။ အမြဲတမ်းနားစိုက်နေရမှာဖြစ်သလို အခြေခံသဘောတရားကနေ စွန့်ပယ်တာမျိုးမဖြစ်ရပါဘူး။

**စပီဂျဲလ်** - ရုရှားနဲ့ပူတင်ကို တစ်ထပ်တည်းကျတယ်လို့ ထင်မြင်မိပါသလား ခင်ဗျာ။
**တဲလ်ဘော့** - ဒီကနေ့ရုရှားဟာ စစ်အေးခေတ်ရုရှားမဟုတ်တော့ပါဘူး။ ဒီ အဓိပ္ပါယ်က အာဏာကိုချုပ်ကိုင်ထားတာ တစ်ယောက်တည်းမဟုတ်တော့ဘူးလို့ ဆိုလိုတာဖြစ်ပါတယ်။ သမ္မတမက်ဗီဒက်ကမော်စကိုမှာရှိတဲ့အခြားလူတွေထက်စစ်ရေးစွမ်းအားအရ၊ သဘာဝအရင်းအမြစ်အရရုရှားနိုင်ငံဟာခိုင်မာတောင့်တင်းတဲ့နိုင်ငံတော်ဆိုတာပိုပြီး နားလည်သဘောပေါက်နေပါတယ်။အဲဒီလိုပဲရုရှားရဲ့စီးပွားရေးဆိုတာ ရေနံအပေါ်မှာများစွာမှီခိုနေရတယ်ဆိုတာ ကိုလည်း သူသိနေပါတယ်။

**စပီဂျဲလ်** - လူကြီးမင်းကပူတင်ထက်မက်ဗီဒက်အပေါ် ပိုပြီးအာရုံစိုက်နေပါသလား။ မော်စကိုရဲ့အုပ်ချုပ်သူဟာ ဘယ်သူဖြစ်မယ်လို့ထင်ပါသလဲ။
**တဲလ်ဘော့** - ကျွန်တော်အာရုံစိုက်နေတာက ဒိဋ္ဌမမှုဖြစ်ရပ်သစ်တွေရဲ့ သက် ရောက်မှုကိုဖြစ်ပါတယ်။၁၉၆၈ခုနှစ်ကဆိုဗီယက်တင့်ကားတွေပါရာဂွေးဝင် သွားတာကိုကျွန်တော်ရှင်းရှင်းလင်းလင်းမှတ်မိနေတယ်။အဲဒီတုန်းက "ဆိုဗီ ယက်စတော့ဈေးကွက်အတွက် အရေးပါတဲ့အကျိုးဆက်ကိုရရှိလာလိမ့်မယ် လို့ ဘယ်သူကပြောလာမှာလဲ။နောက်တော့ဂျော်ဂျီယာကိုရုရှားတင့်ကားတွေဝင်လာပြန်တယ်။ဒါပေမဲ့ဒီတစ်ခါကတော့အရင်နဲ့မတူတော့ဘူး။ ဒီနေ့ရုရှားဟာ ကမ္ဘာလုံးဆိုင်ရာစနစ်ရဲ့အစိတ်အပိုင်းဖြစ်သွားပါပြီ။

**စပီဂျဲလ်** - ဒါကို ရုရှားအစိုးရကကော လက်ခံသဘောတူပါသလား။
**တဲလ်ဘော့** -နွေရာသီကသမ္မတမက်ဗီဒက်ဟာရုရှားနိုင်ငံခြားရေးဝန်ကြီး ဌာနမှာထူးခြားပြောင်မြောက်တဲ့မိန့်ခွန်းကို ပြောကြားခဲ့တယ်။သူပြောခဲ့တာ ရုရှားနိုင်ငံဟာ အနောက်ရဲ့မူဝါဒနဲ့အရာရာမှာတူနေမှာမဟုတ်ဘူး။အထူးသဖြင့်အမေရိကန်မူဝါဒနဲ့ပေါ့။ဒါပေမဲ့သူတို့အနေနဲ့အပြောင်းအလဲကို တွေ့ မြင်လိုနေတယ်ဆိုတာပြောဖို့အချိန်ရောက်နေပြီဆိုတာပဲဖြစ်တယ်။ ဒါကို အိုဘားမားက သူ့ကိုပြောကြားလိမ့်မယ်လို့ယုံကြည်မိပါတယ်။နောက်နှစ် မြူးနစ်လုံခြုံရေးညီလာခံဟာခါတိုင်းထက်ပိုပြီးဆွဲဆောင်မှုရှိနေပါတယ်။ဘာဖြစ်လို့လဲဆိုတော့ ဒါဟာပထမဆုံးအကြိမ်အားလုံးစုံညီတွေ့ဆုံကြမှာဖြစ်လို့ ဖြစ်ပါတယ်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

**စပီဂျဲလ်** - ဒီညီလာခံနဲ့ပတ်သက်လို့လူကြီးမင်းရဲ့ကြိုတင်ခန့်မှန်းချက်လေးပြောပေးပါလားခင်ဗျာ။

**တဲလ်ဘော့** - ဥရောပလုံခြုံရေးဖွဲ့စည်းတည်ဆောက်မှုအသစ်နဲ့ပတ်သက်လို့ အလွန်အဆင့်မြင့်တဲ့ပြောဆိုဆွေးနွေးမှုတွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။

*စပီဂျဲလ်မဂ္ဂဇင်းနှင့် နိုင်ငံခြားရေးကျွမ်းကျင်သူ*
*စထရုတ်တဲလ်ဘော့တို့၏ အင်တာဗျူးကို*
*ဆီလျော်အောင် ပြန်ဆိုပါသည်။*
***Flower News Jounal** အတွဲ ၄- အမှတ် (၅၁)*

http://www.linhtet.com

# အိုဘားမား၏
# နိုင်ငံခြားရေးမူဝါဒအဆောက်အဦနှင့်ဗိသုကာများ

မိုးသက်အောင် (IR)



ပထမကမ္ဘာစစ်နောက်ပိုင်းအမေရိကန်သမ္မတတိုင်းသည် ကမ္ဘာကြီးနှင့်ပတ် သက်၍ နိုင်ငံခြားရေးမူဝါဒကိုရေးဆွဲရန်နှင့်ကမ္ဘာ့နိုင်ငံရေးကိုလွှမ်းမိုးရန်ယင်းတို့ စိတ်ကြိုက် သမ္မာရင့် ပုဂ္ဂိုလ်များကိုခန့်အပ်လေ့ရှိသည်။ယင်းတို့၏မူဝါဒနှင့်ပုဂ္ဂိုလ်များ၏စွမ်း ဆောင်ရည်ကို လိုက်၍ တစ်ကမ္ဘာလုံးကအမေရိကန်အပေါ် အမြင်များလည်းပြောင်းသည်။သမ္မတဘုရှ်လက်ထက်နိုင်ငံခြားရေးမူဝါဒများကြောင့်ကမ္ဘာ့ခေါင်းဆောင်နေရာမှ အမေရိကန်လျော့ကျနေချိန် တွင်ရွေးကောက်ခံသမ္မတဘားရက်အိုဘားမား၏နိုင်ငံခြားရေးမူဝါဒနှင့်ဖော်ဆောင်မည့်ဗိသုကာရွေးချယ်မှုများက စိတ်ဝင်စားစရာကောင်းလှသည်။

## အိုဘားမား၏ နိုင်ငံခြားမူဝါဒယုံကြည်ချက်

နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုအနေဖြင့် နိုင်ငံရေးသိပ္ပံဘွဲ့ရခဲ့သော အိုဘားမားသည်သမ္မတရူစဗဲ့၊ထရူးမင်းနှင့် ကနေဒီကဲ့ သို့တစ်ကမ္ဘာလုံးကို လိုအပ်သည်များ ဖြည့်ဆည်း၍တည်ငြိမ်စွာ ဦးဆောင်နိုင်မှုကိုအားကျသည်။အဆိုပါသမ္မတသုံးဦးသည် အမေရိကန်နိုင်ငံသားတိုင်းလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရုံသာမက တစ်ကမ္ဘာလုံး၏ ဘုံကာကွယ်ရေးနှင့်ဘုံလိုအပ်ချက်ကိုဖြည့်တင်း၍ အမေရိကန်၏ကမ္ဘာလုံးခေါင်းဆောင်ပုံရိပ်ကိုမြှင့်တင်နိုင်ခဲ့သည်။သမ္မတဘုရှ်လက်ထက်ဒေါ် လာဘီလီယံများစွာသုံးစွဲထားသော်လည်း အမေရိကန်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

စစ်သားများမှာ သူတစ်ပါးမြေပေါ်တွင် အသတ်ခံနေရသည်။တစ်ကမ္ဘာလုံးအတိုင်းအတာအရ အမေရိကန်ဦးဆောင်မှုကိုကန့်ကွက်မှုများ ရှိလာသည်။

ကမ္ဘာကျော်နိုင်ငံခြားရေးရာမဂ္ဂဇင်းတွင်ရွေးကောက်ပွဲမတိုင်မီသမ္မတလောင်းဖြစ်လိုသူများကနိုင်ငံခြားမူဝါဒအက်ဆေးများရေးကြသည်။သမ္မတလောင်းအိုဘားမားအက်ဆေးကိုအခြေခံ၍ယင်း၏မူဝါဒအား"လက်တွေ့ကျသောခေတ်သစ်ဝီလဆင်ဝါဒ"ဟုနယူးစ်ဝိခ်ဆောင်းပါးရှင်ဖရက်ဇာကီယာကသတ်မှတ်သည်။ယခုအမေရိကန်ရင်ဆိုင်နေရသောစိန်ခေါ်ချက်များသည် ယခင်ကနှင့်မတူတော့ချေ။ယင်းစိန်ခေါ်ချက်များကိုဖြေရှင်းရန်အမြင်သစ်ရှိသောခေါင်းဆောင်မှုလိုအပ်သည်။ယင်းခေါင်းဆောင်မှုသည် အတိတ်သင် ခန်းစာမှကောင်းစွာသင်ယူ၍ သမားရိုးကျတွေးခေါ်မှုကို စွန့်ပယ်သင့်သည်။ ၉/၁၁ ဟူသောစိန်ခေါ်မှုအသစ်ကို သမ္မတဘုရှ်ကအတွေးအခေါ်ဟောင်း နှင့်ရင်ဆိုင်ခဲ့သဖြင့်အမေရိကန်၏ကမ္ဘာ့ခေါင်းဆောင်နေရာမှာ မေးခွန်းထုတ်ခံခဲ့ရသည်ဟု အိုဘားမားကရှုမြင်သည်။

### အမျိုးသားလုံခြုံရေး စိန်ခေါ်ချက်အသစ်များ

အိုဘားမားက အမျိုးသားစိန်ခေါ်ချက်အသစ်များသည် ယခင်က ထက်ပိုမိုရှုပ်ထွေးကာပိုအန္တရာယ်ကြီးလာသည်ဟုယူဆသည်။ယင်းပြဿနာတို့မှာအစုလိုက် အပြုံလိုက်သေစေနိုင်သောလက်နက်များ၊ အကြမ်းဖက်သမားများလက်တွင်းသို့ ကျရောက်နိုင်ခြင်းပင်။ ယင်းလက်နက်များကို အမေရိကန်နှင့်လွတ်လပ်မှုကို ဆန့်ကျင်သောနိုင်ငံများကထိုလက်နက်များကိုရရှိရန် ကြိုးပမ်းသည့်အနေဖြင့် လွှဲပြောင်းရန်ပါ ကြိုးစားနေကြသည်။ထို့ပြင် အမေရိ ကန်ကို အဆိုးမြင်နေသောမူဆလင်ကမ္ဘာနိုင်ငံရေးနှစ်ပိုင်းကွဲနေသော အီရတ်နှင့်စစ်ရေးအရ အောင်မြင်မှုဝေးနေသောအာဖဂန်နစ္စတန်တို့ကလည်း အမေရိကန်၏စစ်ရေးနှင့်စီးပွားရေးတို့ကိုချည့်နဲ့စေသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ပြဿနာနှင့် ရောဂါဘယတို့ကလည်း တစ်နည်းတဖုံအားဖြင့်လုံခြုံမှုကို ထိခိုက်စေသည်။

### အမျိုးသားလုံခြုံရေး မဟာဗျူဟာသစ်

အိုဘားမားက နိုင်ငံခြားရေးမူဝါဒမိန့်ခွန်းပြောရာတွင် သူ့အနေဖြင့် အမေရိကအားပိုမိုလုံခြုံစေရန်အမျိုးသားလုံခြုံရေးမဟာဗျူဟာငါးရပ်ချမှတ်ထားသည်။ယင်းတို့အား အီရတ်နိုင်ငံနှင့်စစ်ပွဲအားတာဝန်ယူမှုအပြည့်ဖြင့်အဆုံးသတ်ရေး၊ အယ်လ်ကိုင်းဒါးနှင့် တာလီဘန်တို့ကို တိုက်ခိုက်မှုအားအဆုံးသတ်ရေး၊အကြမ်းဖက်သမားများနှင့် လုံခြုံရေးအရတိုက်ခိုက်နိုင်သည့်နိုင်ငံများနျူကလီးယားလက်နက်များကိုလုံခြုံစေရေး၊ စွမ်းအင်လုံခြုံမှုရရှိစေရေးနှင့် ၂၁ ရာစု စိန်ခေါ်ချက်များကိုရင်ဆိုင်နိုင်ရန်မဟာမိတ်အဖွဲ့များကို ပြန်လည်ဖွဲ့စည်းရေးတို့ဖြစ်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## မဟာဗျူဟာ အခင်းအကျင်း

ယင်းမဟာဗျူဟာကို စစ်အင်အားတစ်ခုတည်းကိုသာမက အိုင်ဒီယာများ၊ စီးပွားရေးအင်အား၊ ထောက်လှမ်းရေးနှင့်သံတမန်ရေးတို့ကိုလိုအပ်သည့် နေရာများတွင်လိုအပ်သလို အသုံးပြုမည်ဖြစ်သည်။အီရတ်နိုင်ငံအား အီရတ်တို့တာဝန်ယူနိုင်ချိန်တွင်အီရတ်မှ အမေရိကန်တပ်များ ဆုတ်ခွာရန်ဖြစ်သည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကိုလေ့ကျင့်ရေး၊ လုံခြုံရေးတိုးတက်လာသောနေရာများတွင်အမေရိကန်စစ်တပ်မှဆုတ်ခွာခြင်းတို့ဖြင့် အီရတ်လုံခြုံရေးကို အီရတ်တို့တာဝန်ယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။အခြေအနေမဲ့ အီရတ်ပြည် သူများအတွက် ဒေါ်လာ ၂ ဘီလီယံအသုံးပြုမည်။အာဖဂန်နှင့်ပါကစ္စတန်ရှိ အကြမ်းဖက်သမားများကိုနှိမ်နင်းရန်အတွက်တပ်ရင်း၂ရင်းကိုအာဖဂန်သို့စေလွှတ်မည် ဖြစ်သည်။ထို့ပြင်နေတိုးမှလည်းစစ်ကူလှမ်းတောင်းမည်ဖြစ်သည်။ ထို့ပြင်အာဖဂန်နှင့် ပါကစ္စတန်နယ်နိမိတ်အနီးထောက်လှမ်းရေးအဖွဲ့များကို ပိုမိုစေလွှတ်ပြီး စစ်သုံးအကူ အညီများဖြင့် ပါကစ္စတန်အစိုးရကိုကူညီရန်ဖြစ်ပါသည်။အီရန်ကဲ့သို့အကြမ်း ဖက်စာရင်း ဝင်နိုင်ငံများသည်နျူကလီးယားအစီအစဉ်ကို စွန့်လွှတ်ပါကမက်လောက်စရာမက်လုံးများကို ပေးအပ်မည်ဖြစ် ပြီးမစွန့်လွှတ်ပါက ကုလသမဂ္ဂဦးဆောင်သော ပိတ်ဆို့မှုများပြုလုပ်မည်ဖြစ် သည်။အကြမ်းဖက်သမားတို့အားထောက်ပံ့နေသောငွေများမှာရေနံမှဖြစ် သည်။အမေရိကန် ကနိုင်ငံခြားရေနံအပေါ်အလွန်အကျွံမှီခိုနေရခြင်းကို ရှောင် ရှားရန် အစိမ်းရောင်စွမ်း အင်စီမံကိန်းများတွင်ပိုမိုရင်းနှီးမြှုပ်နှံမည် ဖြစ်သည်။၂၁ရာစုစိန်ခေါ်ချက် အတွက်မူဥ ရောပနှင့်ပြန်လည်အလွမ်းသင့်ရန်ကြိုးစားမည်ဖြစ်ပြီးထွန်းသစ်စ ဂျပန်၊တောင်ကိုရီး ယား၊ဩစတေးလျ၊အိန္ဒိယတို့နှင့်ပူး ပေါင်းမည်ဖြစ်သည်။ သဘာဝဖောက်ပြန်မှုကိုတရုတ်နှင့် လက်တွဲဖြေရှင်းကာလက်နက်ထိန်းချုပ်ရေးကို ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

## ဗိသုကာအဖွဲ့

သမ္မတအိုဘားမား၏ အမျိုးသားရေးနှင့်နိုင်ငံခြားရေးမူဝါဒများကို စည်းချက်ညီညီ အကောင်အထည်ဖော်ရန်အတွက် အဓိကကူညီမည့်အဖွဲ့မှာ အမျိုးသားလုံခြုံရေးကောင်စီ ဖြစ်သည်။ယင်းကောင်စီကိုသမ္မတကဦးစီးပြီးပုံမှန်တက်ရောက်နေသူများမှာဒုတိယ သမ္မတ၊နိုင်ငံခြားရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ကာကွယ်ရေးဝန်ကြီး၊အမျိုးသား လုံခြုံရေးအကြံပေး၊ပူးတွဲစစ်ဦး စီးချုပ်များဥက္ကဋ္ဌ၊စီအိုင်အေညွှန်ကြားရေးမှူးနှင့်အိမ်ဖြူတော် ဝန်ထမ်းချုပ်တို့ ဖြစ်သည်။သမ္မတဘုရှ်လက်ထက်ပထမသက်တမ်းအတွင်းနိုင်ငံခြားရေးမူဝါဒ ကိုဒုတိယသမ္မတဒစ်ချေနီနှင့်ကာကွယ်ရေးဝန်ကြီးဒေါ်နယ်ရမ်းစဖဲလ်တို့ကပူး ပေါင်းချမှတ် ခဲ့ပြီးယင်းတို့သည်နိုင်ငံခြားရေးမူဝါဒကိုစစ်တိုက်ခြင်းဖြင့်ဖြေရှင်းလိုကြသည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အိုဘားမားကမူ အထက်လွှတ်တော်နိုင်ငံခြားရေးကော်မတီ ဥက္ကဋ္ဌအဖြစ်အတွေ့အကြုံများသောဂျိုးဘိုင်ဒင်ကို ဒုတိယသမ္မတအဖြစ်လည်းကောင်း၊ သမ္မတလောင်းပြိုင်ဘက်ဖြစ်ခဲ့သူကမ္ဘာ့မိသားစုအသိုင်းအဝိုင်းတွင် သြဇာကြီးမားသောဟီလာရီကို နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်းကောင်း၊ နယူးယောက်ဗဟိုဘဏ်ဥက္ကဋ္ဌဟောင်းဖြစ်ခဲ့ သူတင်ဂိတ်သာကိုဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ စီအိုင်အေအကြီးအကဲဟောင်းဖြစ်၍ စေ့စပ်ညှိနှိုင်းရေးလိုလားသူကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်ကိုလက်ရှိရာထူး၌လည်းကောင်း၊နေတိုးတပ်မှူးဟောင်းဖြစ်ခဲ့သူဂျိမ်းစ်ဂျုံးကိုအမျိုးသားလုံခြုံရေးအကြံပေးအဖြစ်လည်းကောင်းခန့်အပ်ခဲ့ပြီး ကျန်ရှိသူများမှာအတွေ့အကြုံရင့်သူများဖြစ်ကြသည်။

ကျဆင်းနေသောသြဇာအားပြန်လည်မြှင့်တင်ရေးကိုအိုဘားမားက နိုင်ငံတကာအရေးအခင်းများတွင် သံတမန်ရေးကိုပိုမိုအားပြုဖွယ်ရှိသည်။ တစ်ကမ္ဘာလုံးကလက်ခံနိုင်သောနိုင်ငံခြားရေးမူဝါဒကို သမ္မာရင့်ဂျိုးဘိုင်ဒင်က ဦးဆောင်ဖွယ်ရှိပြီး၊ မျှော်မှန်းချက်များအရ ဟီလာရီကလက်တွေ့အားဖြင့်သံတမန်ရေးရာ ပိုမိုကိုင်တွယ်ရမည်ဖြစ်သည်။ အာဖဂန်နှင့်အီရတ်စစ်ပွဲတို့ကို ကြီးကြပ်ခဲ့သော ဗိုလ်ချုပ်ဟောင်းများကိုအရေးပါသောနေရာတွင် အသီးသီးခန့်အပ်မည်ဖြစ်ရာအိုဘားမား၏နိုင်ငံခြားရေးမူဝါဒမှာသူလေးစားသောသမ္မတ သုံးဦးကဲ့သို့ အမေရိကန်ပုံရိပ်ပြန်လည်မြှင့်တက်လာနိုင်သည်။

## အမေရိကန်နိုင်ငံခြားရေးမူဝါဒဗိသုကာများ
## ဒုတိယသမ္မတ ဂျိုးဘိုင်ဒင်



ဂျိုးဘိုင်ဒင်သည် ၂၀၀၁မှ ၂၀၀၃အထိ အထက်လွှတ်တော် နိုင်ငံခြားရေးကော်မတီဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။နိုင်ငံခြားရေး မူဝါဒအားဖြင့် ဂျိုးဘိုင်ဒင်သည် လစ်ဘရယ်နိုင်ငံတကာဝါဒကိုယုံကြည်သူ ဖြစ်၍ ရီပတ်ဘလီကင်အမတ်များနှင့် ပူးတွဲဆောင်ရွက်တတ်သူဖြစ်သည်။အီရတ်စစ်ပွဲကိုထောက်ခံခဲ့သော်လည်းနိုင်ငံတကာပါဝင်ပတ်သက်မှုကိုအလေးပေးသူဖြစ်သည်။အီရတ်အားလူမျိုးစုအပေါ် အခြေခံသောအုပ်ချုပ်ရေးသုံးနယ်မြေခွဲထားသောနိုင်ငံအဖြစ်မြင်လိုသူဖြစ်သည်။စွမ်းအင်လွတ်လပ်မှုနှင့်လုံခြုံ ရေးကိုအဓိကထားသောဂျိုးဘိုင်ဒင်သည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အမေရိ ကန်၏အားသွန်ခွန်စိုက်ဆောင်ရွက်မှုကိုလိုလားသူဖြစ်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်



ဟီလာရီသည်ခင်ပွန်းသည် သမ္မတလက်ထက်တွင် ပြည်ပခရီးများစွာထွက်ခဲ့ဘူးပြီး၊ ၁၉၉၇တွင်သမီး ဖြစ်သူနှင့်အတူ အာဖရိကသို့အံ့အားသင့်ဖွယ်ရာသွားရောက်လည်ပတ်ခဲ့သည်သူမသည်အထက်လွှတ်တော်အမတ်ဖြစ်လာသောအခါ အထက်လွှတ်တော် လက်နက်ကိုင်ကော်မတီနှင့်အမိမြေလုံခြုံရေးကော် မတီရေးရာများတွင်တက်ကြွစွာပါဝင်ခဲ့သည်။အစ္စရေးကိုထောက်ခံသူဖြစ်ပြီး နိုင်ငံတကာတွင် သူမ၏ပုံရိပ်သည် ထင်ရှားကြော်ကြားသူဖြစ်ကာအိုဘားမား၏နိုင်ငံခြားရေးမူဝါဒများ အောင် မြင်ရေးအတွက်သံတမန်ရေးကိုအစွမ်းကုန်အသုံးချမည့်သူဖြစ်သည်။

## အမျိုးသားလုံခြုံရေးအကြံပေး ဂျိမ်းဂျုံးစ်



ဂျိမ်းဂျုံးစ်သည်မရိမ်းတပ်ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦးဖြစ်ကာ ကွန်ဒိုလီဇာရိုက်က ဒုတိယနိုင်ငံခြားရေးဝန်ကြီးအဖြစ်ထမ်းဆောင်ရန်နှစ်ကြိမ်တိုင်ကမ်းလှမ်းခဲ့သော်လည်းပယ်ချခဲ့သည်။ အီရတ်တပ်ဖွဲ့များ စစ်ဆေးရေးကော်မတီကိုဦးဆောင်ခဲ့ပြီးအရှေ့ အလယ်ပိုင်းအထူးသံတမန်အဖြစ် သမ္မတဘုရှ်လက်ထက်တွင်ဆောင်ရွက်ခဲ့သည်။ထူးခြားချက်မှာဂျိမ်းဂျုံးစ်သည် အိုဘားမားနှင့် ရောဘတ်ဂိတ်စ်နှင့်ပါရင်းနှီးမှု၏မှုမရှိ သော်လည်း ဟီလာရီနှင့် ပုဂ္ဂိုလ်ရေးအရ ရင်းနှီးကျွမ်းဝင်မှုပိုသူဖြစ်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်



ရောဘတ်ဂိတ်စ်သည်သမ္မတဘုရှ် လက်ထက်က ဒေါ်နယ်ရမ်းစဖဲအားအစားထိုးသော ကာကွယ်ရေးဝန်ကြီးဖြစ်ပြီးအိုဘားမားကသူ့အားသမ္မတသက်တမ်းသစ်တွင်ဆက်နေရန်တိုက်တွန်းခဲ့သည်။သူသည် စီနီယာဘုရှ်လက်ထက်တွင်ဒုအမျိုးသားလုံခြုံရေး အကြံပေးအဖြစ် ဆောင်ရွက်ခဲ့ပြီး စီအိုင်အေညွှန်ကြားရေးမှူးဟောင်းဖြစ်သည်။ရောဘတ်ဂိတ်စ် သည်စစ်တပ်တွင်းထောက်လှမ်းရေးနှင့်ပတ်သက်၍အတွေ့အကြုံကြွယ်ဝသူဖြစ်ပြီးအကြမ်းဖက်သမားများ၏လုပ်ရပ်များကို ထောက်လှမ်းရေးနည်းဖြင့်တားဆီးကာကွယ်လိုသူဖြစ်သည်။ ထို့ပြင်အမေရိကန်စစ်တပ်အား သမားရိုးကျအနေအထားမှခွဲထွက်လိုသူဖြစ်သည်။

## ပူးတွဲစစ်ဦးစီးချုပ်များ၏ဥက္ကဌ ဗိုလ်ချုပ်ကြီး မိုက်မူလန်



ဗိုလ်ချုပ်ကြီးမိုက်မူလန်သည် ပူး တွဲစစ်ဦးချုပ်များ၏ဥက္ကဌမဖြစ်ခင်က ရေတပ်ဦးစီးချုပ်ဖြစ်သည်။နောက်ဆုံးတာဝန် ယူခဲ့သောဒေသမှာဥရောပတွင်ဖြစ်ပြီး နေ တိုးရေတပ်စုစည်းညီညွတ်မှုကို ဦးဆောင်ခဲ့သူဖြစ်သည်။သူ့လက်ထက်တွင်စစ်သားစုဆောင်း ရေးမူဝါဒများပြောင်းလဲခဲ့ပြီးအာဖဂန်နှင့် အီရတ်တွင် လိုအပ်သောအမေရိကန်တပ်သားသစ်များကို စုဆောင်းနိုင်ခဲ့သည်အကြမ်းဖက်ဝါဒအားအပြတ်ချေမှုန်းနိုင်ရေးအတွက် အာဖဂန်စစ်မျက်နှာကိုအလေးပေးရန် သမ္မတအိုဘားမားနှင့်သဘောထားချင်းတိုက်ဆိုင်သည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

### စီအိုင်အေညွှန်ကြားရေးမှူး လီအွန်ပါနီတာ



လီအွန်ပါနီတာသည် ကလင်တန်သမ္မတလက်ထက်တွင်အိမ်ဖြူတော်အရာရှိချုပ်အဖြစ်ထမ်းဆောင်ခဲ့သူဖြစ်သည်။ပါနီတာသည်ထောက်လှမ်းအတွေ့အကြုံ လုံး ဝမရှိသူဖြစ်သည့်အပြင်အမေရိကန်သူလျှို အဖွဲ့အစည်းကိုမှုသေချာစွာမသိသူဖြစ်သည် အိုဘား မားကနှိပ်စက်ညှဉ်းပမ်းသောနည်းလမ်းများကိုထောက်လှမ်းရေးတွင်မသုံးလိုသည့်အတွက် ပါနီတာကိုခန့်အပ်ထားခြင်းဖြစ်သည်။

ပါနီတာကိုအမေရိကန်ထောက်လှမ်းရေးအသိုက်အဝန်းအား ပြုပြင်ပြောင်းလဲရေးလုပ်ရန်အတွက်အိုဘားမားကခန့်အပ်ထားခဲ့သော်လည်း ယင်း၏အတွေ့အကြုံမရှိခြင်းကအငြင်းပွားစရာဖြစ်နေသော်လည်းသူ့လက်အောက်တွင်ထောက်လှမ်းရေးအတွေ့အကြုံရင့်ဗိုလ်ချုပ်ဟောင်းကြီးနှစ်ယောက်ကို ခန့်အပ်ထားသည်။

### ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းသံအမတ်ကြီး ဆူဆန်ရိုက်စ်



ဆူဆန်ရိုက်စ်သည် အာဖရိကရေးရာတွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။နိုင်ငံခြားအကူအညီပေးရေးနှင့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်း သိမ်းရေးနှင့် ပဋိပက္ခဖြေ ရှင်းရေးတို့တွင်လည်းထူးချွန် သည်။ သူမသည်၁၉၉၇-၂၀၀၁တွင်အာဖရိက ရေးရာညွှန်ကြားရေးမှူးနှင့်သမ္မတ၏ အထူးအကူအညီအဖြစ်လည်းကောင်း၊ ၁၉၉၃-၁၉၉၅အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့်ငြိမ်းချမ်းရေးထိန်းသိမ်းရေးညွှန်ကြားရေးမှူးအဖြစ်လည်းကောင်းတာဝန်ယူခဲ့သည်။


http://www.linhtet.com

# အိုဘားမားကောက်ကြောင်း



## နေတိုးဆိုင်ရာအထူးကိုယ်စားလှယ် အိုင်ဗိုဒါလ်ဒါ

အိုင်ဗိုဒါလ်ဒါသည် ဒတ်ချ်မျိုးနွယ်မှ ဆင်းသက်လာသူဖြစ်ပြီးအောက်စဖို့ဒ်နှင့်ဂျော့တောင်း တက္ကသိုလ်တို့တွင်ပညာသင်ယူခဲ့ပြီးအမ်အိုင်တီမှ နိုင်ငံရေးသိပ္ပံပညာဖြင့် ပါရဂူဘွဲ့ရခဲ့သည်သူသည် မေရီလန်း တက္ကသိုလ်တွင်ပါမောက္ခအဖြစ်တာဝန်ထမ်း ဆောင်ခဲ့ပြီးနောက်ဘုရှတ်ကလင်းနိုင်ငံခြားရေးမူဝါဒလေ့လာရေးဌာနသို့ပြောင်းရွှေ့ခဲ့သည်။ ၂၀၀၈အိုဘားမားသမ္မတလောင်းမဲဆွယ်မှုတွင် အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။



## အရှေ့အလယ်ပိုင်းဆိုင်ရာ အထူးသံတမန် ဂျော့ချ်မစ်ရှယ်

ဂျော့ချ်မစ်ရှယ်သည် မြောက်အိုင်ယာလန်ပြန်လန်ပေါင်းစည်းရေးတွင် သံတမန်စွမ်းရည်ကိုပြသခဲ့သူဖြစ်ပြီးအီရန်-ကွန်ထရာဆွေးနွေးပွဲတွင်ပါ သူ၏အစွမ်းအစကိုပြသခဲ့သူဖြစ်သည်။၁၉၉၅-၂၀၀၀အထိ သမ္မတနှင့်နိုင်ငံခြားရေးဝန်ကြီးတို့၏ အထူးအကြံပေးအဖြစ်ဆောင်ရွက်ခဲ့သူဖြစ်ပြီးမိန်းပြည်နယ်အထက်လွှတ်တော်အမတ် အဖြစ်ဆောင်ရွက်ခဲ့သူဖြစ်သည်။



## အာဖဂန်နှင့် ပါကစ္စတန်ဆိုင်ရာအထူးသံတမန် ရစ်ချတ်ဟားဘရွတ်

ဘော့စနီးယားစစ်ပွဲကို အဆုံး သတ်စေသောဒေတန်စာချုပ်ဖြစ်မြောက်ရေးကိုဆောင်ရွက်ခဲ့သူဖြစ်သည်။ နိုင်ငံခြားရေးမူဝါဒမဂ္ဂဇင်း၏စီမံခန့်ခွဲရေး အယ်ဒီတာ အဖြစ်လည်းကောင်း၊ဂျာမနီသံအမတ်ကြီး(၁၉၉၉-၂၀၀၁)အဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ဟားဘရွတ်သည် ခေတ်သစ်ရှေးရိုးစွဲဝါဒီတစ်ဦး

http://www.linhtet.com



ဖြစ်ပြီး၊ ဟီလာရီကလင်တန်နှင့်အလွမ်းသင့်ကာ သဘောထားတင်းမာသူတစ်ဦးဖြစ်သည်။



**ပါရှန်းပင်လယ်ကွေ့ဆိုင်ရာ အထူးသံတမန်ဒန်းနစ်ရောစ့်**

ပါးရှန်းပင်လယ်ကွေ့နိုင်ငံများနှင့် ဆက်ဆံရမည်ဖြစ်သောဒန်းနစ်ရောစ့်သည် ဝါရှင်တန်နိုင်ငံရေးအသိုင်းအဝိုင်းတွင်သဘောထားတင်းမာသူတစ်ဦး ဖြစ်သည်။ အီရန်အားတိုက်ခိုက်လိုသူတစ်ဦးဖြစ်ပြီး အစ္စရေးနှင့်ပတ်သက်သမျှကိုရှေ့တန်းတင်သူတစ်ဦး ဖြစ်သည်။အီရတ်စစ်ပွဲကိုထောက်ခံသူတစ်ဦးဖြစ်ကာအစ္စရေးဘက်ယိမ်းပညာရှင်အဖွဲ့တွင်ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။



**သဘာဝပတ်ဝန်းကျင်ဆိုင်ရာအထူးသံတမန် တော့ဒ်စတန်း**

တော့ဒ်စတန်းသည်ဟားဗတ်တက္ကသိုလ်ဥပဒေဘွဲ့ရတစ်ဦး ဖြစ် သော်လည်း သမ္မတနှင့်နိုင်ငံခြားရေးဝန်ကြီး၊ အိမ်ဖြူတော်ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်အရေးများဆိုင်ရာအကြံပေးဖြစ်သည်။ကျိုတိုစာချုပ်ဖြစ် မြောက်ရေးအတွက်အဓိကဆွေးနွေးခဲ့သူတစ်ဦးဖြစ်ကာ ဖြုနိုအေးရိစ်ဆွေးနွေးပွဲတွင်ဦးဆောင်ခဲ့ သူဖြစ်သည်။



**မြောက်ကိုရီးယားဆိုင်ရာ အထူးသံတမန် စတီဖင်ဘော့စ်ဝေါ့သ်**

စတီဖင်ဘော့စ်ဝေါ့သ်သည် ၁၉၈၄ မတိုင်မီက နိုင်ငံခြားရေးမူဝါဒရေးရာညွှန်ကြားရေး မှူးအဖြစ် နိုင်ငံခြားရေးရုံးတွင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ကိုရီးယားကျွန်းဆွယ်စွမ်းအင် ဖွံ့ဖြိုးရေးဌာန၏ အုပ်ချုပ်မှုဒါရိုက်တာအဖြစ်လည်း ကောင်း၊ အမေရိကန်-ဂျပန်ဖောင်ဒေးရှင်းဥက္ကဌအဖြစ်လည်းကောင်းတာဝန်ယူဘူးသည်။ကျူနီရှားသံအမတ်ကြီး (၁၉၇၉ -၁၉၈၁)၊ ဖိလစ်ပိုင်သံအမတ်ကြီး(၁၉၈၄-၁၉၈၇)၊တောင်ကိုရီးယားသံအမတ်(၁၉၉၇-၂၀၀၀)အဖြစ်တာဝန်ယူဘူးသူဖြစ်သည့်အပြင် ၁၉၈၇တွင်တစ်နှစ်တာသံတမန်ထူးချွန်ဆုကိုဆွတ်ခူးရရှိခဲ့သည်။

***Ref : Renewing American Leadership by Obama, Foreign Policy Speech by Obama***
***7 days News ဂျာနယ် အတွဲ (၇)၊ အမှတ် (၄၁)၊ ဇန်နဝါရီ (၁)၊ ၂၀၀၉***

# အာဏာပုံပြင်ကို ပြောကြည့်ခြင်း

မောင်စူးစမ်း



## အာဏာ၏ ဂုဏ်ရည်များ

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၂၀ရက်နေ့တွင် ဘားရက်အိုဘားမားသည် အမေရိကန်သမ္မတသစ်ဖြစ်လာတော့မည်။ရာထူးအမျိုးမျိုးအတွက်လူပုဂ္ဂိုလ်မျိုးစုံကိုလည်းရွေးချယ်နေသည်။ စာရင်း List ဆိုသောစကားဖြင့်သမ္မတသစ်ဘားရက်အိုးဘားမား နှင့်သူရွေးချယ်သောပုဂ္ဂိုလ်တို့၏အကြောင်းကိုဝေဖန်သုံးသပ်ကြရင်းအာဏာ (ပါဝါ)၏ပုံပြင်ကိုလေ့လာမှုတွေပေါ်လာသည်။အာဏာ(ပါဝါ)၏သဘာဝ၊အာဏာ၏ သမိုင်း၊အာဏာ၏ပုံပြင်၊အာဏာဆိုင်ရာဒဿနစသည်ဖြင့်အစုံလေ့လာကြည့်သည်။အာဏာအပြောင်းအလဲတွင် အာဏာအကြောင်းလေ့လာသည်မှာသဘာဝကျသည်ဟုဆိုရမည်။

အာဏာသည်ရှေးဟောင်းအကျဆုံးလူသား၏စေ့ဆော်မှုတွန်းအားဖြစ်သည့်အတိုင်း အခြေခံအားဖြင့်အာဏာ၌ ဂုဏ်ရည်သုံးပါးရှိသည်။ ပထမဂုဏ်ရည်သည် totemic and tactical ဖြစ်၍လေးစားသောအရာသို့မဟုတ်ပုဂ္ဂိုလ်တို့ကို မှတ်တိုင်ထူ ခြင်းဖြစ်သည်။ ရက်ဒ်အင်ဒီယန်းတို့၏ကိုယ်စားပြုအရုပ်နှင့်တိုင်တို့ကိုဥပမာပေးသည်။ ဤအရုပ်နှင့်တိုင်တို့သည် အာဏာကို ကိုယ်စားပြုသည်။နည်းဗျူဟာကိုလည်းညွှန်းသည်။ လူတို့ကိုဘယ်လိုစည်းရုံးသိမ်းသွင်းမည်။ရာထူးရအောင်ဘယ်လိုဆောင်ရွက်မည်စသည့်လုပ် ငန်းတို့သည်အာဏာရရှိရေးနည်းဗျူဟာတို့ဖြစ်ကြသည်။အာဏာ၏ဒုတိယဂုဏ်ရည်သည်မော်ကွန်းဝင်ခြင်း

## အိုဘားမားကောက်ကြောင်း

နှင့်ပုံဆောင်မဲ့ခြင်း epic and amorphous တို့ဖြစ်ကြသည်။မော်ကွန်းဝင်ခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်တို့အကြောင်းဖြစ်၍ပုံဆောင်မဲ့ခြင်းဆိုသည်မှာဈေး ကွက်ကံကြမ္မာကြီးမားသောဂလို ဘယ်ဖြစ်ရပ်ကြီးများနှင့်မည်သူကမျှမကွပ်ကဲမထိန်းနိုင်သော အင်အားစုတို့အကြောင်းကို ရည်ညွှန်းသည်။ အာဏာ၏တတိယဂုဏ်ရည်သည်အမိန့်နှင့် ကွပ်ကဲမှုစနစ်ဖြစ်သည်။ အမိန့်နှင့်ကွပ်ကဲမှုဂုဏ်ရည်ဆိုသည်မှာလည်းအမိန့်ပေးသူ၏ဆန္ဒအတိုင်း တစ်ခြားလူတွေက ဆောင်ရွက်လာအောင်ပြုလုပ်နိုင်သောစွမ်းရည်နှင့် အနီးအနားဝန်းကျင်ကိုဖြစ်စေ၊ ပြောင်း လဲနိုင်သောစွမ်းပကားတို့ကိုရည်ညွှန်းသည်။

### ဒဿန နှင့် ရသ

သမ္မတသစ် အိုဘားမားသည်လည်းကောင်း၊ သူရွေးချယ်လိုက်သော ပုဂ္ဂိုလ်တို့ သည်လည်းကောင်း၊အာဏာအရှိဆုံးပုဂ္ဂိုလ်တို့ဖြစ်ကြမည်။တစ်ဖက်၌ ဉာဏ်ပညာအရည် အချင်းတို့ကမြင့်ကြသည်။သို့ဖြင့်ရှင်ဘုရင်ဟာဒဿနတရားဟောမလားသို့မဟုတ်ဒဿန ဆရာတို့ရှင်ဘုရင်ဖြစ်လာမလားဟုမေးခွန်းထုတ်သည်။၁၈ရာစုနှစ်၌အုပ်စိုးသူရှင်ဘုရင်နှင့် ဒဿနဆရာတို့အချိတ်အဆက်တစ်မျိုးပေါ်ခဲ့ဘူးသည်ကို ပြန်ကောက်ကိုင်ကြည့်ခြင်းဖြစ် သည်။ နိုင်ငံရေးသီအိုရီပညာရှင်တို့က၍အလားအလာနှစ်ခုစလုံး၂၁ရာစုနှစ်၌ ဖြစ်ပေါ် ဖွယ်မရှိဟုထင်မြင်ချက်ပြုသည်။ ယုတ်စွအဆုံးဖြစ်နိုင်သောအလားအလာမှာ ရှင်ဘုရင်သည် ဒဿန၏အကူအညီဖြင့် အုပ်စိုးခြင်းဖြစ်သည်။

စကားအလျဉ်းသင့်၍ပညာရှင်တစ်ဦးကဘာရက်အိုဘားမား၏ ဒဿနအမြင် ကိုမေးသည်။စစ်ဆေးကြည့်သည်။အိုဘားမားသည်ရွှေဇွန်းတပ်လျက်မွေးဖွားလာသူ မဟုတ်ပေ။ဆင်းဆင်းရဲရဲနှင့်ရုန်းကန်လာရသူဖြစ်သည်။ထို့ကြောင့်သမ္မတသစ်အို ဘားမားသည်နိုင်ငံရေး၌အကန့်အသတ်ရှိသည်ကို မြင်လည်းမြင်သည်။၎င်းအကန့်အသတ် ကိုလည်းလေးစားသည်။အာဏာ(ပါဝါ)၏သဘာဝသည်မြဲသည်ဟူ၍မရှိ။ ခဏတစ်ဖြုတ် တဒင်္ဂဆန်ခြင်းကို သဘောပေါက်သူဖြစ်သည်။

ဥရောပ စာပေရှင်ကြီးများဖြစ်ကြသော အိုမာနှင့်ရှိတ်စပီးယားတို့သည် ကဗျာနှင့် ပြဇာတ်တို့ဖြင့်အာဏာကိုသရော်ခဲ့ကြသည်။ အာဏာသည် လူကိုဖျက်ဆီးသည်။သတိအာ ရုံကိုလမ်းချော်စေသည်ဟုအနုပညာရသဖွဲ့ခဲ့ကြသည်။ အာဏာပါဝါအကြောင်းကို ဒဿန အမြင်တို့မှသာကြည့်ရှုသည်။အာဏာကိုဒဿနနှင့်ရသတို့ဖြင့်ပေါင်းစပ်၍သမ္မတသစ် အိုဘားမား၏အာဏာနှင့်စပ်ဆိုင်သောပုံရိပ်ကို ချယ်မှုန်းကြည့်သည်။သူရွေးချယ်ထားသော ကမ္ဘာပေါ်တွင် အာဏာအရှိဆုံးဖြစ်လာကြမည့်သူများကိုလည်း သုံးသပ်ကြည့်သည်။

ပလေတိုလက်ထက်ကတည်းကအာဏာအကြောင်း၊ပါဝါအကြောင်း၊ စိစစ် သုံးသပ်ခဲ့ကြသည်မှာကြာပြီ။ ဒဿနဆရာတို့သည် အာဏာအကြောင်း အနက်ဖွင့်ဆိုရာတွင်

http://www.linhtet.com



မပြီးဆုံးကြသေးပေ။

## ပါဝါနှင့်မေတ္တာ

ဒသနဆရာတို့ကအာဏာအကြောင်းရှင်းပြဆဲဖြစ်နေချိန်တွင် အခြေအနေ တို့က အကြီးအကျယ် ပြောင်းလဲသွားသည်။ ဘားရက် အို ဘားမားသမ္မတဖြစ်ချိန်သည် ၂၁ရာစုနှစ် ၂၀၀၉ပြည့်နှစ်ထဲဝင်ချိန်ဖြစ်၍ အာဏာကိစ္စကို ၂၀ရာစုနှစ်အမြင်ဖြင့် သုံးသပ်ကြည့်လို့မရတော့ဟုပြောလာသည်။ စီးပွားရေး၌ နှောင်ကြိုးမရှိလွတ်လပ်သောဈေးကွက်(ဖရီးမတ်ကက်)သည်ယိုင်လဲပြိုကျသွားသည်။ မစဉ်းစားကြည့်ဘဲမျက်စိမှိတ်ယုံကြည်ခဲ့သောဖရီးမတ်ကက်ယိုင် လဲသွားခြင်းကသမ္မတသစ်ကို စိန်ခေါ်သည်။ ဝေါစထရိတ္တွင် ဇရာမအကြီးစား ကော်ပိုရေးရှင်းတို့ ဖင်ထိုင်လဲကျကုန်သည့်အဖြစ်တို့ကလည်း စိုးရိမ်စရာဖြစ်နေသည်။ သမ္မတသစ်ကို စိန်ခေါ်သည်။

ဖရီးမတ်ကက်ပြို၍ ဝေါစထရိမှဇရာမအကောင်ကြီးတွေယိုင်လဲ မှုတို့ကြောင့် တန်ခိုးအာဏာသည်ဝေါစထရိမှဝါရှင်တန်သို့ရွှေ့ပြောင်းသွားသည်။ ကော်ပိုရိတ်စီအီးအိုတို့မှ အာဏာသည် ဝါရှင်တန်ရှိကွပ်ကဲရေးအေဂျင်စီတို့ဟုခေါ်သော ဗျူရိုကရက်နှင့် နိုင်ငံရေးသမားတို့လက်ထဲရွှေ့သွားသည်။ တစ်ဖန်ဝါရှင်တန်ထက်ဘေဂျင်းနှင့်နယူးဒေလီတို့က ပိုအရေးကြီးလာပြန်သည်။ စီးပွားရေးလုပ်ငန်းရှင်နှင့်စီမံခန့်ခွဲသူတို့ထက်ဗျူရိုကရက်နှင့် နိုင်ငံရေးသမား တို့က ပိုပြီးအာဏာရှိလာသည်။

၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် စီးပွားရေးနှင့် နိုင်ငံရေးတို့၌ လူကြီးတို့ထက် လူငယ်တို့၏ အသံက ပိုပြီး ကျယ်လောင်လာသည်။ ပါဝါသည် လူကြီးတို့လက်ထဲမှ လူငယ်တို့လက်ထဲရွှေ့သွားသည်။ ယင်းမှာ အာဏာ၏ သဘာဝကမပြောင်းလဲစေကာမူ အာဏာ၏ မျက်နှာ the face of power ကပြောင်းလဲသွားပြီဟု ညွှန်းသည်။

သို့သော် ပါဝါ၏သဘာဝကားမပြောင်းလဲပေ။ ပါဝါကိုရရန်အကြိတ်အနယ်ကြိုးစားမှုသည်ပိုလို့ပင် ပြင်းထန်လာသည်။ ဤတွင် ပါဝါတိုးချဲ့မှုနှင့် ပါဝါကိုသာ အားကိုးမှုကို လျှော့ချတန်ပြန်နိုင်သော အကြောင်းတရားတို့ကို ရှာလာကြသည်။ ပညာရှင်အချို့က ပါဝါကို တုံ့ပြန်ရန်မေတ္တာနှင့် လွတ်လပ်မှုကိုအလေးပေးတင်ပြသည်။ အမေရိကန်သမ္မတသစ်သည် ပါဝါကို တစ်ဖက်စောင်းနင်းအသုံးပြုမှာလား။ သို့တည်း မေတ္တာတရားနှင့်လွတ်လပ်မှုကို ပို၍ အသုံးပြုမှာလားဟု မေးခွန်းထုတ်သုံးသပ်နေသည်။

***Ref: Newsweek Jan 5, 2009 (The Story of power)***

***ရီပိုတာ အမှတ် (၃၃၃)***

***၁၁ ဇန်နဝါရီ ၂၀၀၉***

http://www.linhtet.com

# သမ္မတအိုဘားမား၏ သမ္မတရာထူးလက်ခံပွဲ တစ်နေ့တာ ဆောင်ရွက်ချက်များ



၂၀၀၉ ခုနှစ် ဇန်နဝါရီလ (၂၀)အင်္ဂါနေ့က အမေရိကန်ပြည်ထောင် စု၏၄၄ဦး မြောက်သမ္မတအဖြစ်ကျမ်းသစ္စာဆို၍ရာထူးလက်ခံသောဘားရက်ဟူစိန်အိုဘားမား၏ တစ်နေ့တာဆောင်ရွက်ချက်များကို အောက်ပါအတိုင်းဖော်ပြရရင် . . .

**နံနက် ၅း၄၅** အိုဘားမားနှင့်ဇနီးမစ်ရှယ်တို့သည်သီးသန့်စီစဉ် ထားသော ဝတ်ပြုဆုတောင်းပွဲတစ်ရပ်ကို စိန့်ဂျွန်းအပီစကိုပဲဘုရားရှိခိုးကျောင်း၌ တက်ရောက်ခဲ့သည်။ အိုဘားမားကိုဘုရားကျောင်းရှိဝတ်ပြုရန်လာရောက်ကြသူများကဓမ္မသီချင်းသီဆိုလျက် ကြိုဆိုကြသည်။၎င်းဘုရားရှိခိုးကျောင်းတွင်အမေရိကန်သမ္မတဂျိမ်းမက်ဒီဆန်ကလည်းဝတ် ပြုဆုတောင်းခဲ့ဖူးသည်။

**နံနက် ၆း၄၈** ဘုရားကျောင်းမှထွက်ခွာလျက်သမ္မတစီးရန်သီးသန့်စီစဉ်ထားသော“ကာဒီလက်”အမျိုးအစားသီးသန့်မော်တော်ကားဖြင့် အလွန်တိုတောင်းသော ခရီးဖြစ်သည့်လမ်းတစ်ဖက်ခြမ်းရှိသမ္မတအိမ်ဖြူတော်သို့ သွားရောက်လျက် အိုဘားမားမိသားစုသည် သမ္မတဘုရှ်နှင့်ဇနီးလော်ရာဘုရှ်၊ ဒုတိယသမ္မတဒစ်ချေနီနှင့်ဇနီးလင်းတို့နှင့်အတူ ကော်ဖီသောက်ရန်အတွက် ထွက်ခွာလာကြသည်။

**နံနက် ၆း၅၄** အိုဘားမားမိသားစုသည်ဒုတိယသမ္မတရွေးချယ်ခံထားရသူ ဂျိုးဘိုင်ဒင်နှင့်ဇနီးဂျီးလ်တို့နှင့်အတူသမ္မတအိမ်ဖြူတော်သို့ရောက်ရှိသည်။သမ္မတ ဘုရှ်နှင့်ဇနီးတို့ကခရီးဦးကြိုဆိုရာအိုဘားမား၏ဇနီးမစ်ရှယ်တို့ကဘုရှ်အားနောက်ဆုံးနှုတ် ဆက်သည့်

http://www.linhtet.com



အနေဖြင့်လက်ဆောင်များကို ပေးခဲ့ကြသည်။

**နံနက် ၇း၄၈** အိုဘားမားနှင့်ဘုရှ်တို့သည် အိမ်ဖြူတော်မှအတူတကွ ထွက်ခွာ၍ သမ္မတကျမ်းသစ္စာဆိုမည့်တရားလွှတ်တော်ချုပ်အဆောက်အအုံ (ကက်ပီတော်လ်ဟေးလ်) သို့ထွက်ခွာခဲ့သည်။

**နံနက် ၈း၀၀** သမ္မတ၏မော်တော်ယာဉ်တရားလွှတ်တော်ချုပ်အဆောက် အအုံသို့ ရောက်ရှိသည်။

**နံနက် ၈း၁၉** ယခင်သမ္မတဟောင်းများကနေရာယူကြသည်။

**နံနက် ၈း၃၁** အိုဘားမား၏ ဇနီးမစ်ရှယ်ကို ပရိသတ်နှင့်မိတ်ဆက် ပေးသည်။

**နံနက် ၈း၃၆** သမ္မတဘုရှ်အမည်ကိုကြေညာသောအခါ နိုင်ငံတော် သံစုံတီးဝိုင်းမှဦးစီးချုပ်အား နောက်ဆုံးနှုတ်ဆက်တီးမှုတ်ဂုဏ်ပြုကြသည်။ ထိုအခမ်းအနားသို့ သမ္မတဘုရှ်၊ ဒုတိယသမ္မဒစ်ချေနီနှင့် အောက်လွှတ်တော်မှ ရီပတ်ဘလီကင်ပါတီခေါင်းဆောင်များလည်း တက်ရောက်ခဲ့သည်။

**နံနက် ၈း၃၉** ဒုတိယသမ္မတဂျိုးဘိုင်ဒင်ကို ကြေညာပေးသည်။

**နံနက် ၈း၄၄** သမ္မတဘားရက်ဟူစိန်အိုဘားမားဟုကြေညာသော အခါပရိတ်သတ်ကသြဘာပေးခဲ့ကြသည်။အိုဘားမားကခန့်ခန့်ညားညားသတ်မှတ်ထားသော ခုံရှိရာသို့လျှောက်လှမ်းခဲ့သည်။

**နံနက် ၈း၅၇** ဂျိုးဇက်ရိုဘင်နက်ဘိုင်ဒင်အားဒုတိယသမ္မတအဖြစ် တရားသူကြီးဂျွန်စပေါလ်စတီဗင်က ကျမ်းသစ္စာဆိုပေးသည်။

**နံနက် ၉း၀၅** ဘားရက်ဟူစိန်အိုဘားမားကိုအမေရိကန်တရားသူ ကြီးချုပ်ဂျွန်ရောဘတ်ကအမေရိကန်နိုင်ငံ၏၄၄ဦးမြောက်သမ္မတကျမ်းသစ္စာဆိုပေးသည်။

**နံနက် ၉း၀၈** အိုဘားမားကရာထူးလက်ခံပွဲမိန့်ခွန်းပြောဆို၌ 'ဒီနေ့ ကျွန်တော်ပြောလိုတာက အမေရိကန်ပြည်သူတွေ ကြုံနေရတဲ့အခက်အခဲက အမှန်တကယ်ပြဿနာတစ်ရပ်ပါပဲ။အဲဒီပြဿနာတွေကိုအချိန်တိုနဲ့အလွယ်တကူဖြေရှင်းနိုင်မှာတော့ မဟုတ်ပါဘူး။ဒါပေမယ့်ပြဿနာတွေကိုအမေရိကန်လူမျိုးတွေရဲ့ဖွဲ့၊ သတ္တိနဲ့ဖြေရှင်းနိုင်မှာပါဟုပြောချင်ပါတယ်'ဟုမိန့်ခွန်းခြွေခဲ့သည်။

**နံနက် ၉း၄၀** ကျမ်းသစ္စာဆိုပွဲအခမ်းအနားမှအိုဘားမားပြန်ထွက်လာစဉ် အထက်လွှတ်တော်အမတ်များ၏ ဂုဏ်ပြုတပ်ဖွဲ့ကအမေရိကန်အမျိုးသားသီချင်းကိုတီးမှုတ်ခဲ့သည်။

**နံနက် ၉း၅၃** အိုဘားမားက ဘုရှ်ကိုရဟတ်ယာဉ်အထိလိုက်ပါပို့ဆောင် ပေးသည်။ ဘုရှ်သည်ကမ်းတက်တပ်ဖွဲ့မရိန်းရဟတ်ယာဉ်ဖြင့် အင်ဒရူးလေတပ်စခန်းသို့ သွားရောက်လျက် ထိုမှတစ်ဆင့် ဂျက်လေယာဉ်ပျံဖြင့် တက္ကဆပ်ပြည်နယ်ကရော့ဖို့ဒ်နေအိမ်သို့

# အိုဘားမားကောက်ကြောင်း

ပြန်သည်။

**နံနက် ၁၀း၂၉** အိုဘားမားသည်တရားလွှတ်တော်ချုပ်အဆောက်အဦး (ကက်ပီတော်လ်ဟေးလ်)၌ အထူးဖိတ်ကြားထားသော ဧည့်သည်တော်၂၀၀၀၀နှင့်အတူ နေ့လည်စာစားသုံးပြီးစကားစမြည်ပြောဆိုခဲ့ကြသည်။ ထိုအခမ်းအနားသို့ အိုဘားမား၏ပြိုင်ဘက် ရီပတ်ဘလီကင်သမ္မတလောင်း ဂျွန်မက်ကိန်းပါဝင်တက်ရောက်ခဲ့သည်။

**၁၂း၃၅** သမ္မအိုဘားမားနှင့်ဇနီး၊သမီးတို့နှစ်ဦးတို့ တရားလွှတ်တော် ချုပ်အဆောက်အဦးမှ မော်တော်ကားဖြင့်တစ်မိုင်ခွဲခရီးအကွာအဝေးတွင်ရှိသော သမ္မတ အိမ်ဖြူတော်သို့ ပြန်လာခဲ့သည်။

**၃း၂၀** အမေရိကန်သမ္မတဟောင်းဂျော့ဘုရှ်တက္ကဆပ်ပြည်နယ် မလန်းမြို့သို့ ရောက်ရှိလျက်ကရော့ဖို့ဒ်မြို့သို့ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

***Ref:TS Times***
***ရောင်ခြည်မိုးသတင်းဂျာနယ်***
***အတွဲ (၂)၊ အမှတ် (၁၅)***
***ဇန်နဝါရီ (၂၆)၊ ၂၀၀၉***

http://www.linhtet.com

# ဘားရက်အိုဘားမား၏ ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်း

မြင့်နောင်မိုး



အိုအမေရိကန်ပြည်သူအပေါင်းတို့ ဒီနေ့ဒီအချိန်အခါတွင်ကျွန်ုပ်သည် ရှေးအဆက်ဆက်ဘိုးဘေးဘီဘင်တို့၏ စွန့်လွှတ်နစ်နာခံခြင်းတည်းဟူသောစိတ်စေသသိက်များစီးဝင်လျက်တာဝန်တစ်ရပ်ကိုလွှဲပြောင်းယူရန် ဤနေရာသို့ရောက်ရှိနေခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သောတာဝန်အားကျွန်ုပ်အပေါ် ယုံကြည်စွာအပ်နှင်းခဲ့သောသင်တို့အားလည်းအထူးပင်ကျေးဇူးဥပကာရတင်ရှိပါသည်။အလားတူကျွန်ုပ်တို့နိုင်ငံ အတွက်တာဝန်ထမ်းဆောင်ခဲ့သော သမ္မတဘုရှ်အားလည်းကျေးဇူးတင်ရှိပါသည်။

ယခုအခါ အမေရိက၏သမိုင်းတွင် သမ္မတများကျမ်းသစ္စာကျိန်ဆိုခဲ့သည်မှာ ၄၄ ယောက်မြောက်ရှိခဲ့ပြီဖြစ်ပါသည်။ထိုကဲ့သို့ကျမ်းသစ္စာကျိန်ဆိုရာတွင်ဥစ္စာဓနများဒီရေအလားတိုးပွား၍ငြိမ်းချမ်းရေးရေအလျဉ်တို့တငြိမ့်ငြိမ့်စီးဆင်းနေသည့်ကာ လများရှိသကဲ့သို့ မိုးသားတိမ်လိပ်တို့ သိပ်သည်းမဲမှောင်ကာမုန်တိုင်းထန်နေသောကာလများလည်းရှိခဲ့ပါသည်။ သို့ရာတွင်ထိုကဲ့ သို့အခိုက်အတန့်ကာလမျိုးမှာပင် အမေရိကသည်ထိုကြီးမြင့်သောရုံးခန်း၏ အရည်အသွေးသို့မဟုတ် တွေးခေါ်မြော်မြင်မှုသက်သက်သာမက ပြည်သူတို့၏ ရှေးအဆက်ဆက်ဘိုးဘေးဘီဘင်တို့၏စိတ်ကူးအကြံဉာဏ်များနှင့်ပြဋ္ဌာန်းချက်များအပေါ် ယုံကြည်မှုရှိနေဆဲဖြစ်သောကြောင့်ဟုသာ ဆိုရပါမည်။ ထိုစိတ်ကူးအကြံဉာဏ်များ ပြဋ္ဌာန်းချက်များက ကျွန်ုပ်တို့နှင့်အတူရှိခဲ့ပြီးဖြစ်ပါသည်။ ထို့အတူကျွန်ုပ်တို့၏ မျိုးဆက်သစ်

http://www.linhtet.com



တို့နှင့်အတူရှိနေရမည့်အရာလည်းဖြစ်ပါ သည်။

လက်ရှိအချိန်အခါတွင်ကျွန်ုပ်တို့သည်အကြပ်အတည်းကာလတွင် ရောက်ရှိနေခြင်းဖြစ်ကြောင်းကောင်းစွာနားလည်သဘောပေါက်ကြပါသည်။ ကျွန်ုပ်တို့၏နိုင်ငံသည် စစ်ပွဲတွင်ပါဝင်ပတ်သက်နေပြီးထိုစစ်ပွဲသည်အကြမ်းဖက်မှုနှင့် မလိုမုန်းတီးမှုများအားဆန့်ကျင်တိုက်ခိုက်သောစစ်ပွဲလည်းဖြစ်ပါသည်။ကျွန်ုပ်တို့၏စီးပွားရေးမှာလည်းဆိုးရွားစွာ အင်အားချည့်နဲ့နေသကဲ့သို့ ဝိသမလောဘနှင့်တာဝန်မဲ့မှုများပါအကျိုးဆက်အဖြစ်ပေါ် ပေါက်နေလေရာကျွန်ုပ်တို့အနေဖြင့်အရှုံးမှုသင်ခန်းစာများရယူကာ နိုင်ငံတော်၏ခေတ်သစ်ဆီ ရောက်ရန်ပြင်ဆင်ရမည်သာဖြစ်ပါသည်။

ယခုအခါလုပ်ငန်းများရပ်နားထားရ၍ အလုပ်အကိုင်များပျောက်ဆုံးကာအိုးအိမ်များလည်းဆုံးရှုံးမှုနှင့်ကြုံတွေ့နေကြရပါသည်။ကျန်းမာရေးအ တွက်ဆေးကုသစရိတ်များမြင့်မားလွန်းနေသလိုပညာရေးတွင်လည်းမအောင်မမြင်ဖြစ်နေလျက် တစ်နေ့တစ်ခြား ကျွန်ုပ်တို့မြင်တွေ့နေရသည်မှာ ကျွန်ုပ်တို့ပြိုင်ဘက်ရန်သူတို့၏စွမ်းအင် အပေါ်မှီခိုနေရခြင်းဖြစ်ပြီးယင်းသည်ပင်ကျွန်ုပ်တို့ ဂြိုလ်ကမ္ဘာအတွက်ခြိမ်းခြောက်မှုတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ယင်းသည်ပင်အကြပ်အတည်းအားပေါ် ပေါက်စေခြင်းကိုပြသနေသည့်အရာဖြစ်ပြီးပမာအားဖြင့်ပြောပလောက်ခြင်းမရှိသော်လည်းလေးနက်မှုနည်းပါးခြင်းမရှိဘဲကျွန်ုပ်တို့အားယုံကြည်မှုကိုကုန်ခမ်းစေသည့်အရာလည်း ဖြစ်ပါသည်။ယင်းသည်ပင်အမေရိကအား မလွှဲမရှောင်သာဆုတ်ယုတ်မှုပြုစေသော စိုးရိမ်ထိတ်လန့်စေသည့်အရာပင်ဖြစ်ပါသည်။

ယနေ့အချိန်အခါတွင်ကျွန်ုပ်ပြောလိုသည်မှာကျွန်ုပ်တို့သည်အမှန် တကယ်ပင်စိန်ခေါ်မှုများနှင့်ရင်ဆိုင်နေရသည်ဆိုခြင်းပင်ဖြစ်ပါသည်။ထိုစိန်ခေါ်မှုများသည် ဆိုးရွားပြင်းထန်၍ကြီးမားများပြားလှပါသည်။ထိုစိန်ခေါ်မှုများသည်အေးအေးသက်သာ ရောက်ရှိလာမည်မဟုတ်သကဲ့သို့အချိန်တိုအ တွင်း ပြန်လည်ထွက်ခွာမည်လည်းမဟုတ်ပါ။မည်သို့ဆိုစေအမေရိကအနေဖြင့်ထိုစိန်ခေါ်မှုများကို ဆုံတွေ့ရမည်ဟုသာဆိုပါရစေ။

ဒီနေ့အချိန်အခါတွင်ကျွန်ုပ်တို့အနေဖြင့်စုစည်းညီညွတ်မှုရရှိရမည့် အချိန်ပင်ဖြစ်ပါသည်။ထိုသို့စုစည်းညီညွတ်မှုသာစိုးရွံ့ထိတ်လန့်မှုများပဋိပက္ခများ၊ သဘောကွဲလွဲမှုများမှကျော်လွှားနိုင်မည်ဖြစ်ပါသည်။ဒီနေ့ဒီအချိန်အခါတွင်ကျွန်ုပ်တို့အနေဖြင့်သေးနုပ်သောမကျေနပ်မှုများ၊မှားယွင်းသောကတိကဝတ်များ၊အပြန်အလှန်စွပ်စွဲမှုများနှင့်ခြေကုန်လက်ပန်းကျနေသောတရားသေဝါဒတို့မှအဆုံးသတ်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရမည့်အချိန်လည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည်နုပျိုသောနိုင်ငံအဖြစ်ရှိနေဆဲဖြစ်သော်လည်း သမ္မာကျမ်းစာတွင်ပါရှိသည့်အတိုင်းယခုအချိန်တွင်ကျွန်ုပ်တို့အနေဖြင့်ကလေးဆန်သောအရာများကို

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဘေးချိတ်ရင်းကျွန်ုပ်တို့၏ကြံ့ကြံ့ခံနိုင်သောစိတ်ဓါတ်ကိုပြန်လည်တည့်မတ်၍ ကျွန်ုပ်တို့နိုင်ငံ၏ပိုမိုကောင်းမွန်သောသမိုင်းကြောင်းကိုရွေးချယ်ကာ ရှေ့ကိုဆက်လက်ချီတက်ရမည်သာဖြစ်ပါသည်။ ထိုမှတဆင့်ကျွန်ုပ်တို့ရရှိလာသောအဖိုးတန်လက်ဆောင်များ၊ မြင့်မြတ်သောစိတ်ကူး အကြံအစည်များအားကျွန်ုပ်တို့၏မျိုးဆက်သစ်များသို့လက်ဆင့်ကမ်းပေးရမည်သာဖြစ်ပါသည်။

ယခုအချိန်အခါသည် အမျိုးသမီးကောအမျိုးသားပါ စွန့်လွှတ်အနစ်နာခံ၍ လက်တွဲလုပ်ဆောင်မှသာလျှင်ပိုမိုကောင်းမွန်သောဘဝတွင် နေထိုင် နိုင်မည်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်မှုကြောင့်အခြားသူတို့ကကျွန်ုပ်တို့၏ အမေရိကအားကျွန်ုပ်တို့၏ရည်မှန်းချက်ထားသည်များထက်ပိုမိုကြီးကျယ်သောနိုင်ငံအဖြစ်တွေ့မြင်ကြရမည်လည်းဖြစ်ပါသည်။

ဒီနေ့အချိန်အခါတွင်ကျွန်ုပ်တို့အနေဖြင့်ခရီးဆက်လက်နှင်ရမည့်အချိန် လည်းဖြစ်ပါသည်။ကျွန်ုပ်တို့နိုင်ငံသည်ကမ္ဘာပေါ်တွင်ချမ်းသာကြွယ်ဝ၍ အင်အားအကြီးဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်ရှိနေဆဲလည်းဖြစ်ပါသည်။စီးပွားရေးအကြပ်အတည်းစတင်လာစဉ်ကထက် ကျွန်ုပ်တို့နိုင်ငံ၏ ကုန်ထုတ်စွမ်းအားမှာလျော့ပါးခြင်းမရှိသေးဟုသာဆိုရပါမည်။ ကျွန်ုပ်တို့၏စိတ်တွင် တီထွင်ကြံဆမှုများအပြည့်အဝရှိနေပြီးကျွန်ုပ်တို့၏ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများမှာ လည်းလွန်ခဲ့သည့်ရက်၊လ၊နှစ်များကထက်လျော့နည်း သွားခြင်းလည်း မရှိသေး ပါချေ။ကျွန်ုပ်တို့၏စွမ်းအားများမှာလည်းအရာမယွင်းတည်ရှိနေဆဲပင်ရှိနေပါသည်။ သို့ရာတွင်ကျွန်ုပ်တို့အနေဖြင့် အကျိုးအမြတ်ဖြစ်ထွန်းမှုနည်းပါးခြင်းနှင့် အဆင်ချောမွေ့ခြင်းမရှိသောဆုံးဖြတ်ချက်များကို ပြင်ဆင်ဖာထေးကာကွယ်ရန်ကျွန်ုပ်တို့၏သဘောထားအမြင်များအား ခိုင်မာစွာရပ်တည်သွားရမည့် အချိန်လည်းဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် အချို့သောလူများက ကျွန်ုပ်တို့၏ရည်မှန်းချက်များမှာမည်သည့်အတိုင်းအတာအထိရှိသည်ကိုမေးမြန်းကြပေလိမ့်မည်။ သူတို့ကကျွန်ုပ်တို့၏စနစ်သည်ကြီးမားများပြားလှသောစီမံချက်များအားခံနိုင် ရည်ရှိမည်မဟုတ်ဟူ၍ယူဆကြမည်ဖြစ်ပါသည်။သူတို့အနေဖြင့်အမှုမဲ့ အမှတ်မဲ့သတိမထားမိသည်မှာကျွန်ုပ်တို့နိုင်ငံ၏လုပ်ဆောင်မှုများကိုသာဖြစ်သည်။ကျွန်ုပ်တို့က ရည်မှန်းချက်အောင်မြင်ရန်အတွက် အတူပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍လည်းကောင်း၊သတ္တိရှိဖို့လိုအပ်ပါကလည်းအတူလက်တွဲဆောင်ရွက်တတ်သူများဖြစ်ကြပါသည်။ကျွန်ုပ်တို့က ပြည်သူလူထု၏ဘဏ္ဍာငွေများအားတည်တံ့စေရန် စီမံအုပ်ချုပ်၍ဉာဏ်အမြော်အမြင်ရှိရှိသုံးစွဲရန်မကောင်းသောအကျင့်ဓလေ့များအားပြုပြင်ပြောင်းလဲရန်နှင့် ကျွန်ုပ်တို့နိုင်ငံ၏စီးပွားရေးအားတိုး တက်ဖြစ်ထွန်းစေရန်လုပ်ဆောင်ခဲ့သောကြောင့်လည်းဖြစ်ပါသည်။

ဒီနေ့အချိန်အခါတွင်ကျွန်ုပ်တို့နိုင်ငံ၏ စီးပွားရေးအခြေအနေမှာအရေးယူဆောင်ရွက်ဖို့လိုအပ်သည့်အချိန်လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့ကအလုပ်အကိုင်သစ်များ ဖန်တီး

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ပေးရုံသာမကတိုးတက်ဖြစ်ထွန်းစေမည့်အခြေခံအုတ်မြစ်များချမှတ်ရမည့် အချိန်လည်းဖြစ်ပါသည်။သို့ရာတွင်လက်ရှိအကျပ်အတည်းက ကျွန်ုပ်တို့အားအရာရာကိုသတိမပြတ်စောင့်ကြည့်ရမည်ဟူသောအသိကိုပေးပါသည်။ဈေးကွက်ကို ထိန်းချုပ်မှုပြုရမည်ဟူသောအသိကိုပေးပါသည်။ဥစ္စာခနေဖြစ်ထွန်းစေမည့်အခွင့်အလမ်းမရှိနိုင်သော နိုင်ငံသည် အရှည်သဖြင့်ကြီးပွားတိုးတက်ခြင်းမရှိနိုင်ဟူသောအသိကိုပေးပါသည်။ ကျွန်ုပ် တို့နိုင်ငံ၏စီးပွားရေးအောင်မြင်မှုနှင့်ပတ်သက်၍ကျွန်ုပ်တို့၏စုစုပေါင်းပြည်တွင်းအသားတင်ထုတ်ကုန်ပမာဏအပေါ် အမြဲတမ်းလုံးလုံးလျားလျားဖြစ်ထွန်းစေသည်အထိအရောက်လှမ်းနိုင်ရန် လိုအပ်ပါသည်။ ဥစ္စာခနေတိုးတက်ဖြစ် ထွန်းမှုသာရိုင်းပင်းကူညီလိုစိတ်ရှိသူတိုင်းအတွက် အခွင့်အလမ်းများကို ပိုမိုပေါ်ပေါက်စေမည့်စွမ်းကားကို ရရှိစေမည်သာဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံကာကွယ်ရေးအနေဖြင့် ကျွန်ုပ်တို့၏လုံခြုံရေးနှင့် စိတ်ကူးအကြံအစည်များကြားမှာမှားယွင်းသောရွေးချယ်မှုကို ငြင်းပယ်ရမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်များသည် ကျွန်ုပ်တို့၏စိတ်ကူးအတွေး ထဲတွင်ပင်မရရှိနိုင်သောဘေးအန္တရာယ်များကိုရင်ဆိုင်ကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေစည်းမျဉ်းနှင့်ပတ်သက်၍အခြေခိုင်စေမည့် ဖွဲ့စည်းပုံဥပဒေကို ပုံဖော်ခဲ့ကြသည်။ ထိုမှတဆင့် ဘိုးစဉ်ဘောင်ဆက်ဖွဲ့စည်းပုံဥပဒေကို မွမ်းမံပြင်ဆင်လာခဲ့ခြင်းလည်းဖြစ်ပါသည်။ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်တို့၏ စိတ်ကူးအကြံဉာဏ်များက ကမ္ဘာကြီးအားထွန်းလင်းနေဆဲရှိသကဲ့သို့ကျွန်ုပ်တို့ကရင်း တို့၏စိတ်ကူးအကြံဉာဏ်များအားမည်သည့်အကြောင်းကြောင့်နှင့်မျှ စွန့်လွှတ် မည်လည်းမဟုတ်ပါချေ။ ယနေ့အချိန်အခါတွင်ကမ္ဘာကြီး၏အခြားသောကြီးကျယ်ခမ်းနားသောမြို့ကြီးများမှ ရွာသိမ်ရွာငယ်များရှိ အစိုးရများနှင့် ပြည်သူများကစောင့်ကြည့်နေလျက်ရှိရာ ကျွန်ုပ်တို့အမေရိကာသည် အနာဂတ်၏ ငြိမ်းချမ်းရေးနှင့်ဂုဏ်သိက္ခာတို့အားရှာဖွေနေသောနိုင်ငံတိုင်းလူတိုင်းနှင့် ချစ်ကြည်ရင်းနှီးစွာရှိသောနိုင်ငံတစ်နိုင်ငံဖြစ်သည်ကိုသိနေကြပြီးကျွန်ုပ်တို့ကလည်း ကမ္ဘာကြီးအားနောက်တစ်ကြိမ်ဦးဆောင်ရန် အဆင်သင့်ဖြစ်လျက်ရှိနေပြီဖြစ် ပါသည်။

အတိတ်ကိုပြန်ကြည့်ပါကကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်များသည် ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒတို့အားဒုံးကျည်များ၊တင့်ကားများဖြင့်ကျဆုံးစေသည်မဟုတ်ဘဲ ခိုင်မာတောင့်တင်းသောမဟာမိတ်ပြုခြင်းနှင့် အပြစ်ရှိသူအားအပြစ်ဒဏ်ခံစားစေခြင်းတို့ကြောင့် သာလျှင်မဟာမိတ်ပြုခြင်းနှင့်အပြစ်ရှိသူအားအပြစ်ဒဏ်ခံစားစေခြင်းတို့ကြောင့်သာလျှင် ကျဆုံးစေခဲ့သည်ကို ကြုံတွေ့ခဲ့ကြရပါသည်။ကျွန်ုပ်တို့၏အင်အားတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့အားအာဏာကကာကွယ်ပေးနိုင်သည်ကိုသူတို့ကနားလည်သဘောပေါက်ခြင်းသာဖြစ်ပါသည်။ ထိုသို့ မဟုတ်သူတို့ကနိုင်းဆချင့်ချိန်မှုအားဖြင့်သာလျှင်ကျွန်ုပ်တို့၏ အင်အားကို ကြီးထွားစေမည်ဖြစ်ကြောင်းသိမြင်သောကြောင့်ဖြစ်ပေမည်။ကျွန်ုပ်တို့ကထိုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်း၍ ထိုအခြေခံသဘောတရားစည်းမျဉ်းများတို့မှနောက်တစ်ကြိမ်လမ်း

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ညွှန်ပြခြင်းအားဖြင့်ပိုမိုကြီးကျယ်သောကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံများအကြားနားလည်သဘောပေါက်မှု စသည်တို့အားလိုအပ်စေမည်ဖြစ်ကာ ကြုံတွေ့လာနိုင်သည့် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည်ထိုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ပြီး စည်းမျဉ်းစည်းကမ်းတို့၏လမ်းညွှန်မှုအားဖြင့်ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်နိုင်မည်လည်းဖြစ်ပါသည်။ထိုသို့ရင်ဆိုင်ရာတွင် ကျွန်ုပ်တို့ကပိုမိုကြီးကျယ်သောကြိုးပမ်းမှု၊ ပိုမိုကြီးကျယ်သောပူးပေါင်းဆောင်ရွက်မှု၊နားလည်သဘောပေါက်မှုတို့ကို နိုင်ငံများအကြားတွင်တည်ဆောက်ကြရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့အနေဖြင့် အီရတ်မှထွက်ခွာရမည့်တာဝန်ဝတ္တရားတို့ကိုစတင်ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့အာဖဂန်တွင်လည်း ငြိမ်းချမ်းရေးအကျိုးတရားများဖြစ်ထွန်းစေရမည်ဖြစ်ပါသည်။ကျွန်ုပ်တို့အနေဖြင့်မိတ်ဆွေဟောင်းများ၊ ရန်သူဟောင်းများနှင့်လက်တွဲ၍နျူကလီးယားခြိမ်းခြောက်မှုအန္တရာယ်နှင့် ကမ္ဘာကြီးပူနွေးလာမှုအန္တရာယ်ကို မမောမပန်းရင်ဆိုင်ဖြေရှင်းရမည်လည်း ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် ခရစ်ယာန်၊မူဆလင်၊ဂျူး၊ဟိန္ဒူနှင့်ဘာသာတရားမဲ့သူတို့ခိုလှုံနေသောနိုင်ငံဖြစ်ပါသည်။ကျွန်ုတို့၏နိုင်ငံသည်ဘာသာစကားအမျိုးမျိုး၊ယဉ်ကျေးမှုအမျိုးမျိုးအားဖြင့်ပုံဖော်ခြင်းခံနေရသောနိုင်ငံလည်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏နိုင်ငံသည် ခါးသီးသောပြည်တွင်းစစ်ဒဏ်၊လူမျိုးရေးခွဲခြားမှုဒဏ်တို့အား နက်ရှိုင်းစွာခံစား ခဲ့ရပြီးနောက်ပိုမိုပေါင်းစည်းမှုပြုလာခဲ့သောနိုင်ငံဖြစ်ပါသည်။ကျွန်ုပ်တို့အနေဖြင့်မလိုမုန်းတီးမှုများအားတစ်နေ့နေ့တွင် ပြီးဆုံးသွားလိမ့်မည်ဟု ယုံကြည်လျက်ရှိပြီး လူမျိုးစုအရေးဟူသည်မကြာမီအချိန်များတွင်ပျောက်ပျက်သွားမည်သာဖြစ်ပါသည်။အကြောင်းမှာကမ္ဘာကြီးသည်ပို၍ သေး ကျုံ့သောကမ္ဘာကြီးဖြစ်လာမည်ဖြစ်ပြီးလူသားအားလုံးကလည်း ထိုအချက်ကိုသိမြင်၊သဘောပေါက်လာမည်ဖြစ်ပါသည်။ထိုအချိန်ကာလမျိုးတွင် အမေရိကသည်ငြိမ်းချမ်းရေးခေတ်သစ်အားဦးဆောင်ဦးရွက်ပြုရမည့်အခန်းကဏ္ဍမှ ပါဝင်လာမည်လည်းဖြစ်ပါသည်။မူဆလင်ကမ္ဘာနှင့်ပတ်သက်၍လည်း အပြန်အလှန်အကျိုးဖြစ်ထွန်း၍အပြန်အလှန်လေးစားခြင်းကိုအခြေခံသောနည်းလမ်းသစ်များကိုရှာ၍ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။ပဋိပက္ခများဖြစ်ပွားစေရန်မီးထိုးပေးခဲ့သော သို့မဟုတ် အနောက်အား အပြစ်တင်စေခဲ့သောမူဆလင်ကမ္ဘာမှခေါင်းဆောင်တို့အားလည်းသိစေချင်သည်မှာသင်တို့၏ ပြည်သူတို့သည်သင်တို့အားတည်ဆောက်မှုကိုသာလိုလား၍ပျက်စီးမှုကိုလိုလားကြ မည်မဟုတ်သည်မှာလည်းသေချာပါသည်။

ဆင်းရဲသောနိုင်ငံများမှပြည်သူလူထုအားကျွန်ုပ်တို့ကကတိပြုလိုသည်မှာ ကျွန်ုပ်တို့ကသင်တို့၏လယ်တောများ စည်ပင်ဝေဖြာစေလျက် ချောင်းရေတသွင်သွင်စီးဆင်းစေကာသင်တို့၏အားအင်ကုန်ခမ်းနေသော ခန္ဓာကိုယ်အားအင်အားပြည့်တင်းစေရန်နှင့် သင်တို့၏

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဆာလောင်ငတ်မွတ်နေသောစိတ် ဓာတ်အားပြန်လည်အားတက်လာစေရန်သင်တို့နှင့်အတူ လုပ်ဆောင်ကြမည် သာဖြစ်ပါသည်။ကျွန်ုပ်တို့နှင့်ဆက်နွယ်မှုပြုသောသင်တို့အား ပျော်ရွှင်ချမ်းမြေ့စေမည်ဖြစ်သကဲ့သို့ကျွန်ုပ်တို့နိုင်ငံ၏ပြင်ပမှလူများအား ကျွန်ုပ်တို့နှင့်တစ်တန်းစားတည်းတွေ့ကြုံခံစားစေမည်သို့တည်းမဟုတ်ကျွန်ုပ်တို့ကကမ္ဘာ့ သံယံဇာတအရင်းအမြစ်များအားအလေးဂရုမပြုဘဲကုန်ခမ်းစေမည်လည်းမဟုတ်ပါ။ကမ္ဘာကြီးကပြောင်းလဲလာလျှင် ကျွန်ုပ်တို့ကလည်းပြောင်းလဲမည်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့အနေဖြင့် စိန်ခေါ်မှုအသစ်များကိုရင်ဆိုင်ရမည်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ဆုံတွေ့ရမည့် ကိရိယာတန်ဆာပလာများသည်လည်း အသစ်ဖြစ်ကောင်းဖြစ်ပါမည်။ သို့ရာတွင်ကျွန်ုပ်တို့၏အောင်မြင်စွာကာကွယ်မှုပြုနေသောတန်ဖိုးများမှာ ရိုးသားခြင်းနှင့်ကြိုးစားလုပ်ဆောင်ခြင်း၊ ရဲရင့်တည်ကြည် ခြင်းနှင့်တရားမျှတခြင်း၊ သည်းခံနိုင်ခြင်းနှင့်စူးစမ်းလိုခြင်း၊ သစ္စာရှိခြင်းနှင့်မျိုးချစ်စိတ်ရှိခြင်းတို့သာဖြစ်ပါသည်။ထိုအရာများသည်ဟောင်းနွမ်းအိုမင်း နသောအရာများဖြစ်သော်လည်းအမှန်တရားပင်ဖြစ်ပါသည်။ ယင်းသည်ကျွန်ုပ်တို့၏သမိုင်းတစ်လျှောက်တိုးတက်ခြင်း၏ တည်ငြိမ်သောအင်အားများလည်းဖြစ်ပါသည်။ယခုအခါထိုအမှန်တရားများပြန်လာရန်လိုအပ်သည့်အချိန် ဖြစ်ပါသည်။ အကြောင်းမှာခေတ်သစ်၏တာဝန်ဝတ္တရားများက တောင်းဆိုနေသောကြောင့်ဖြစ်ပါသည်။ အမေရိကန်တိုင်းကမိမိတို့ကိုယ်တိုင်အတွက်၊နိုင်ငံအတွက်နှင့်ကမ္ဘာကြီးအတွက် တာဝန်ရှိသည်ကိုအသိအမှတ်ပြုကြပြီးထိုတာဝန် များအားအမုန်းမဖက်ဘဲဝမ်းပန်းတသာကိုင်စွဲလျက်ခိုင်မာသောအသိ၊ ကျေနပ်အားရသောစိတ်ဓါတ်အားဖြင့်ခက်ခဲသောတာဝန်ဝတ္တရားကိုထမ်းရွက်ကြမည်သာဖြစ်ပါသည်။ယင်းသည်ပင်နိုင်ငံသားတို့၏ကတိနှင့်တန်ဖိုးပင်ဖြစ်ပါ သည်။ ယင်းသည် ကျွန်ုပ်တို့၏ယုံကြည်မှုအရင်းအမြစ်ဖြစ်ပြီး ဘုရားသခင်က မရေရာမသေချာသောပန်းတိုင်အားပုံဖော်ရန် ကျွန်ုပ်တို့အားပေးအပ်သော အသိလည်းဖြစ်ပါသည်။ ယင်းသည်ပင်ကျွန်ုပ်တို့၏လွတ်လပ်စွာလုပ်ပိုင်ခွင့်နှင့် အယူဝါဒတို့၏ဆိုလိုရင်းဖြစ်ပြီးမည်သည့်လူမျိုးမဆို၊မည်သည့်ဘာသာအယူဝါဒပင်မဆို ယခုကဲ့သို့ကြီးကျယ်ခမ်းနားလှသောအခမ်းအနားတွင် ပါဝင်ပူး ပေါင်းနိုင်မည်လည်းဖြစ်ပါသည်။

အအေးလွန်ကဲဆုံးသောလများတွင်မျိုးချစ်လူအုပ်စုလေးတစ်စုက အေးခဲနေသောမြစ်ကမ်းနံဘေးတွင် မီးပုံကြီး ၉ ပုံဖိုကာ တစ်ယောက်နှင့်တစ် ယောက်ပူးကပ်နေခဲ့ကြပါသည်။ ထိုနှစ်သည်အမေရိကကိုမွေးဖွားသောနှစ်ပင် ဖြစ်ပါသည်။ထိုအချိန်ကမြို့တော်မှာတစပြင်ဖြစ်လျက်၊ ရန်သူတို့ကလည်း ရှေ့ကိုတိုးလာလျက်၊ နှင်းများတွင်သွေးတို့ဖြင့် စွန်းပေနေသောအချိန်လည်း ဖြစ်ပါသည်။ ထိုအခိုက်အတန့်မှာပင်ကျွန်ုပ်တို့၏တော်လှန်ရေးတွင် သံသယများ လွှမ်းခြုံလျက်ပင်ရှိနေဆဲဖြစ်ပါသည်။ထိုအချိန်မျိုးမှာပင်ကျွန်ုပ်တို့၏ ဖခင်ကြီးက ပြည်သူအပေါင်းအားစကားတစ်ရပ်ကိုအောက်ပါအတိုင်း မိန့်ခြွေခဲ့ပါသည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

"ကျွန်ုပ်တို့၏ အနာဂတ်ကမ္ဘာသည် သိပ်သည်းနက်ရှိုင်းသော ဆောင်းရာသီ၏ နှင်းထုထဲတွင်ရှိနေသည်ဟုဆိုပါရစေ။ကျွန်ုပ်တို့၏ရှင်သန်ရေးမှာအကျင့်သီလနှင့် မျှော်လင့်ချက်သာဖြစ်ပါသည်။ထိုသို့သောအခြေအနေတွင် မြို့ရွာမှသည်နိုင်ငံအနှံ့အထိလာလတ္တံ့သောအန္တရာယ်အား သတိပေးနှိုးဆော်လျက် ရင်ဆိုင်ဆုံတွေ့ကြပါစို့"

ထိုကဲ့သို့ပင်ယနေ့အချိန်အခါတွင်အမေရိကသည်အန္တရာယ်များ နှင့်ရင်ဆိုင်နေရပါသည်။အကျပ်အတည်းတည်းဟူသောဒုက္ခနှင်းထုအတွင်း သက်ဆင်းနေခဲ့ပါသည်။ယခုကဲ့သို့ အချိန်မျိုးတွင် ကျွန်ုပ်တို့၏နိုင်ငံဖခင်ကြီး၏အကျင့်သီလနှင့်မျှော်လင့်ချက်ဟူသောစကားကိုပြန်လည်အမှတ်ရမိစေပါသည်။ထိုစကားကကျွန်ုပ်တို့အားလက်ရှိအခြေ အနေအားရင်ဆိုင်စေရန်ရဲဝံ့စေပါသည်။ကြုံတွေ့ရဖွယ်ရှိသောမုန်တိုင်းဒဏ်ကိုလည်းကြံ့ကြံ့ခံနိုင်စေမည်ဖြစ်ပါသည်။ကျွန်ုပ်တို့ကကျွန်ုပ်တို့ခံစားနေရသောဤကဲ့သို့ဒုက္ခအားကျွန်ုပ် တို့၏ နောင်လာနောက်သားများအားကြုံတွေ့စေမည်မဟုတ်ဟုသာ ဆိုပါရစေ။ကျွန်ုပ်တို့က နောက်ပြန်ဆုတ်မည်မဟုတ်သကဲ့သို့ ရှေ့သို့ချီတက်ရန်လည်း တုံ့ဆိုင်းနေမည်မဟုတ်ပါ။ကျွန်ုပ်တို့ကကျွန်ုပ်တို့အားချီးမြှင့်ပေးသနားတော်မူသောကောင်းကင်ထက်မှအဖဘုရားသခင်အားမမှိတ်မသုံ့ရှုကြည့်လျက်အနာဂတ်၏မျိုးဆက်သစ်တို့အားလုံခြုံမှုနှင့်လွတ်လပ် မှုတည်းဟူသောမဟာလက်ဆောင်အားကမ်းဆက်အပ်နှင်းရန် ဆက်လက်ဆောင်ရွက်သွားမည်သာဖြစ် ပါသည်။


'အိုအမေရိကန်ပြည်သူအပေါင်းတို့ဒီနေရာကနေကျွန်ုပ်ကသင်တို့အားကျေးဇူးတင်သည်ဟုဆိုပါရစေ။ ဘုရားသခင်ကသင်တို့အား ကောင်းချီးပေးပါစေ . . . အလားတူပင်ဘုရားသခင်က အမေရိကန်ပြည်ထောင်စုအား ကောင်းချီးပေးပါစေ . . .'

***Ref : Barack Obama's Inaugural Address: The New York Times***

http://www.linhtet.com

# တွေ့လိုတော့ဖြင့်မရှောင်ဟု ကမ္ဘာကိုစိန်ခေါ် ကျွတ်ဆတ်နေသောအာရှ ဟန်ချက်ပျက်လျှင်ပြဿနာ

သိန်းအုန်းကျော်စံ



အမေရိကန်သမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲမှန်သမျှ ကမ္ဘာကိုဖမ်း စားမြဲဖြစ်သည်။ လပိုင်းသာရှိသေးသောရုရှားသမ္မတသစ်ကျမ်းသစ္စာကျိန်ဆိုပွဲကိုပြောင်းပြန်စဉ်းစားကြည့်ပါ။ ယခုအမေရိကန်သမ္မတသစ်ဘားရက်အိုဘားမား၏သစ္စာဆိုပွဲသည်မူအတိုင်းမဲ့ ထူးခြားနေသည်။သူ့သစ္စာဆိုပွဲသို့တက်ရောက်လာသူလူထုသည်ဦးရေနှစ်သန်းမျှဖြစ်၏။ယင်းအရေအတွက်ကိုချဉ်းကပ်သူဟူ၍၁၉၆၅ခုနှစ်သမ္မတလင်ဒန်ဘီဂျွန်ဆင်သာရှိပြီးတက်ရောက် သူ၁. ၂ သန်းရှိခဲ့ သည်။အို ဘားမား၏သစ္စာဆိုမိန့်ခွန်းသည်လည်းအလွန်ထူးခြားပြန်သည်။ ယင်းမိန့်ခွန်းသည်သူ့ပြည်သူသို့မဟုတ်ကမ္ဘာသို့ပါပြောကြားလိုက်သော မိန့်ခွန်းဖြစ်နေသောကြောင့်ပါပေ။သူကဝန်ခံထားသည်။"ကျုပ်တို့ကြုံတွေ့နေရတဲ့စိန်ခေါ်ချက်တွေဟာ အစစ်အမှန်တွေပါ။အမှန်တရားတွေပါ။ နက်နဲခက်ခဲပါတယ်။များလည်းများပါတယ်။အချိန်တိုတိုနဲ့ လွယ်လွယ်နဲ့ရင်ဆိုင်လို့မဖြစ်နိုင်ပါ။ဒါပေမယ့်မှတ်သားလိုက်ပါ။ အမိအမေရိကန်ဟာတွေ့လို့ တော့ဖြင့် မရှောင်ပါဘူး။ရင်ဆိုင်ကျော်လွှားပစ်ပါမယ်။သမ္မတအိုဘားမားက ဆက်လက်မိန့်ကြားပါသေး၏။

"ကျုပ်တို့ဟာပျိုမျစ်တဲ့နိုင်ငံဖြစ်နေဆဲပါ။သို့ပေမယ့်ကျမ်းချက်တော်များရဲ့နုတ်ထွက်စကားများအရကလေးဆန်တဲ့ကိစ္စတွေကိုဖယ်ချထားဖို့ အချိန်ရောက်ပါပြီ။ကြီးမားမြင့်မြတ်ခြင်းဆိုတာအလိုအလျောက်မရပါဘူး။ ရင်းပြီးမှသာရယူပိုင်ဆိုင်ရတာဖြစ်ပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ကျုပ်တို့ဟာကြွယ်ဝချမ်းသာဆဲပါ။ဟောဒီကမ္ဘာမှာအင်အားကြီးမားဆဲပါ။ကျုပ်တို့ရဲ့ စွမ်းပကားဟာ လုံးဝမလျော့ပါးသေးပါ။သို့ပေမယ့်အချစ်တော်အမြင်ကျဉ်းမြောင်းမှုတွေကို နောက်ချန်ထား ခဲ့ရပါတော့မယ်။ နှစ်မြို့ဖွယ်မကောင်းပေမယ့်ချမှတ်ဖြစ်အောင်ချမှတ်ရမယ့် ဆုံးဖြတ်ချက်တွေကိုချမှတ်ရပါတော့မယ်။အမေရိကန်နိုင်ငံသစ်ကို ပြန်လည်တည် ဆောက်တဲ့လုပ်ငန်းကို လုပ်ကြရပါတော့မယ်"။

"ကျုပ်တို့ရဲ့လူနေမှုစရိုက်အတွက်လည်းတောင်းပန်လိမ့်မယ်မဟုတ်ပါဘူးအဲဒီစရိုက်လူ့ဘောင်ကိုကာကွယ်ရာမှာလည်းတွေဝေနေမှာမဟုတ်ပါဘူး"

သမ္မတအိုဘားမားကမ္ဘတ်ဆလင်ကမ္ဘာသို့လည်းမိန့်ခွန်းပြော၏။အကြမ်းဖက် လောကသားများသို့လည်းပြော၏။ ချို့တဲ့သောနိုင်ငံများသို့လည်းပြော၏။ မိမိနိုင်ငံ၏ဆိုးကျိုးများသည်အနောက်တိုင်း၏စနက်ကြောင့်ဟုလက်ညှိုးထိုးသောနိုင်ငံများကိုလည်း သတိပေး၏။အနှစ်ချုပ်လိုက်သော်ကမ္ဘာကိုပြန်၍စိန် ခေါ်သူဖြစ်သည်။

သို့တစေ သမ္မတအိုဘားမားသည် သူ့ရှေ့ကသမ္မတဘွတ်ရှ်သည် စက်တင်ဘာ၁၁ဖြစ်စဉ်ကိုကြိုမမြင်သလိုမြောက် ကိုရီးယား၏အဏုမြူသွေးတိုးစမ်းမှုကိုလည်း မမျှော်လင့်ခဲ့ချေ။ သို့ဖြစ်၍ အိုဘားမားသည်လည်း အာရှကျား၏အတိမ်အနက်ကိုမြင်သာပါမည်လား။

ထီးထီးမားမားကြီးရှိနေသောအာရှကျားကြီးမှာတရုတ်နိုင်ငံဖြစ်သည်။ လွှဲရှောင်၍ရဖွယ်မဟုတ်ဟုသိထားသောကိစ္စသည်လည်းဖြစ်လာခဲ့ပြီ။တရုတ် နိုင်ငံသည်ဂျာမနီနိုင်ငံအားကျော်တက်လျက်ကမ္ဘာ့တတိယအကြီးဆုံးသောစီးပွားရေးနိုင်ငံဘွဲ့ကို ယူလိုက်ပြီဖြစ်သည်။

၂၀၀၇ခုနှစ်အတွက် တရုတ်နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန်ပမာဏသည် အမေရိကန်ဒေါ်လာကုဋေသုံးသိန်းငါးသောင်းဖြစ်လာသဖြင့်ဂျာမနီ၏ ဒေါ်လာကုဋေသုံးသိန်းသုံးသောင်းကို ကျော်လွှားလိုက်ခြင်းဖြစ်သည်။တစ်ဖန်တစ်ခုသောဟောကိန်းက ဂျီဒီပီ ဒေါ်လာကုဋေလေးသိန်းလေးသောင်းရှိသော ဂျပန်ကိုကျော်တက်ရန်တွင်လည်း သုံးနှစ်မှ လေးနှစ်သာအချိန်ယူမည်ဖြစ်လျက် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးဘွဲ့ကိုယူလိမ့်မည်ဟု ပြောထားသည်။ အမေရိကန်နိုင်ငံ၏ဂျီဒီပီသည်ဒေါ်လာကုဋေတစ်သန်း သုံးသိန်းရှစ်သောင်းဖြစ်၏။အလွန်ကွာလှမ်းသည်ဟုဆိုဖွယ်ရာရှိသော်လည်း အနာဂတ်၏လျှို့ဝှက်ချက်များကို မည်သူမျှမသိပါသေးချေ။

မှန်သည်။ တုံ့ပြန်ဝေဖန်သူအချို့၏ ထောက်ပြချက်သည်လည်း မမှားပါ။ တရုတ်သည် ကမ္ဘာ့တတိယအကြီးဆုံးစီးပွားရေးပိုင်ရှင်ဖြစ်လာသော်လည်း ကြွယ်ဝချမ်းသာသူ မဟုတ်သေးပါ။ ယင်း၏နိုင်ငံသားတစ်ဦးချင်း၏ ဂျီဒီပီသည် အမေရိကန်ဒေါ်လာ၂၈၀၀ မျှသာဖြစ်သည်။ ဂျာမနီ၏တစ်ဦးချင်းဂျီဒီပီသည်ဒေါ်လာ၃၈၀၀ဖြစ်သည်။၂၀၀၇ခုနှစ်ကစီးပွားရေးဖွံ့ဖြိုးနှုန်းသည်၁၃ရာခိုင်နှုန်းဖြစ်သော်လည်း၂၀၀၈ခုနှစ်တွင်၉ရာခိုင်နှုန်းဖြစ်လာကာ

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

၂၀၀၉ခုနှစ်ထဲတွင် ဇရာခိုင်နှုန်းသာဖြစ်ဖွယ်ရှိပြန်သည်။

မည်သို့ပင်ဖြစ်စေ၊တရုတ်၏တောက်ပသောစီးပွားရေးအတက်သည် တက်မြဲတက်နေဦးမည်ဖြစ်သလို ရှေ့လာမည့်နှစ်များတွင်အာရှ၏နိုင်ငံတကာဆိုင်ရာစီးပွားရေး ကိန်းတန်းကြီး၌ စိုးမိုးသောကိန်းကြီးတစ်ခုဖြစ်နေတော့မည်ဖြစ်သည်။

သည့်နောက် ကိုရီးယားကျွန်းဆွယ်သည်လည်းမစ္စတာအိုဘားမားအဖို့စနစ်ရုတ်တရက်အပြောင်းအလဲကို ရွှေ့ဆိုင်းထားနိုင်ဆဲဖြစ်သည်။ မရွှေ့ဆိုင်း နိုင်သောတဒင်္ဂသည် စည်းပျက်ဂယက်(ခေးအော့စ်)ဖြစ်သွားနိုင်သည်။

တစ်ဖန်ဂျပန်နိုင်ငံရှိပါသေး၏။သမ္မတအိုဘားမားက ဂရုထားဟန်မပြသောနိုင်ငံဖြစ်သည်။သူ့အကြံပေးပုဂ္ဂိုလ်များကတိုကျို၏မူဝါဒဖန်တီးရှင်များ သည်"ယိုရှီဒါဒသနှ" အားကလိရုံအပြင်များများစားစားလုပ်ဖွယ်မရှိဟုယူဆနေပုံရသည်။ အဓိပ္ပာယ်မှာ နှစ်ပေါင်း ၅၀မျှ အမေရိကန်၏ စောင့်ရှောက်မှုကို ခံယူထားရာမှဂျပန်သည် မိမိစစ်အင်အားဖြင့်သာ မိမိကိုယ်ကိုစောင့်ရှောက်ရေးအားတောင်းဆိုမှုဖြစ်သည်။သို့သော်အတိတ်ဖြစ်စဉ်များကိုကြည့်လျှင်ဂျပန်သည်သူ့နိုင်ငံခြားရေးမူဝါဒတို့ကို ရုတ်တရက်ပြောင်းပစ်တတ်သလို အထင်ကရအလှည့်အပြောင်းများလည်းပြုတတ်သည်ကို တွေ့ရ၏။

ထို့အပြင် လတ်တလောတွင် ဂျပန်၏စီးပွားရေးအင်အားနှင့်နိုင်ငံတကာ ဩဇာယန္တရားတို့အကြားကွာဟနေမှုသည် နိုင်ငံတကာတလင်းထဲရှိခေတ်ပြိုင်ကစားလက်တို့အမြင်တွင် ထင်းထင်းကြီးဖြစ်နေချေသည်။မပြီးသေးပါ။ လက်ရှိအာဏာရလစ်ဘရယ်ဒီမိုကရက်ပါတီညွန့်ပေါင်းအစိုးရအဖွဲ့သည် ချည့်နဲ့နေပုံရပြီး ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ကုလားထိုင်မှတွန်းချခံဖွယ်ရာရှိနေသည်။

သို့ဖြစ်ရာဂျပန်နိုင်ငံသည် "ပုံမှန်နိုင်ငံ"ဖြစ်လာရေးအတွက် နိုင်ငံတကာ၏ သဘောတူညီမှုကို ခုန်ပေါက်ခွကျော်တောင်းဆိုလာနိုင်သည်။အဓိပ္ပာယ်က မိမိနိုင်ငံ၏ကိုယ်ကျိုးစီးပွားအတွက် ရှက်ရွံ့မနေတော့သလို ယင်းကိုယ်ကျိုးစီးပွားတို့အတွက်ခုခံကာကွယ်ဖို့ ဝန်မလေးတော့သည့်ပုံရိပ်ဖြစ်၏။ ယင်းကြောင့်ငလျင်ရွေ့ပြတ်ကျောရွေ့လျားသလို အာရှကို မည်သို့ထိပါးလာနိုင်ကြောင်းနှင့် အာရှ၌အမေရိကန်၏လုံခြုံရေးအဆင်အကွက်ကိုလည်း မည်သို့ရိုက်ခတ်နိုင်ဖွယ်ရှိသည်ကိုတွက်ချက်သင့်ပြီဖြစ်၏။

သမ္မတအိုဘားမားအဖို့ ရာထူးလက်ခံလျှင် လက်ခံချင်း၊ ကိုင်တွယ်ရမည့် နိုင်ငံရေးပြဿနာကြီးများရှိ၏။အစ္စရေးပာလက်စ်ပဋိပက္ခ၊ အိန္ဒိယပါကစ္စတန် တင်းမာမှု၊ အဏုမြူစွမ်းရည်ပိုင်ဆိုင်တော့မည့် အီရန်နိုင်ငံ စသည်တို့ဖြစ်၏။ ယင်းစာရင်းတွင် မမြင်သာသော်လည်း တစ်ငွေ့ငွေ့အတွင်းလှိုက်စားနေသည့် အာရှပြဿနာကိုလည်း ထည့်သွင်းသင့်သည်။

အနာဂတ်ဖြစ်စဉ်ပုံရိပ်ဟူသည် တစ်မျိုးတည်း "အသေ"ဖြစ်ရိုးထုံးစံမရှိ ချေ။ အာရှ၏အနာဂတ်ပုံရိပ်သည်လည်း တစ်သမတ်တည်းဖြစ်ကောင်းမှ ဖြစ်ပါ လိမ့်မည်။ဆိုပါစို့။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

တရုတ်၏တက်လမ်းသည်တစိုက်မတ်မတ်အတက်ချည်းဖြစ်ချင်မှ ဖြစ်ပေမည်။သူ့၌လူဦးရေပြဿနာရှိပြီးသားဖြစ်၏။သံယံဇာတငတ်မှုနှင့်သဘာဝပတ်ဝန်းကျင်ပြဿနာတို့သည် လည်းမြင်သာပြီးဖြစ်၏။တရုတ်သည် နိုင်ငံရေးနှင့်လူမှုရေးကွပ်ကဲမှုကိုစီးပွားရေးဖွံ့ဖြိုးမှုဖြင့်ဟန်ချက်ညှိထားနိုင်ဆဲဖြစ်၏။

တစ်ဖန် မြောက်ကိုရီးယား၏ဟန်ချက်ပျက်မှုကြောင့် လူသားချင်းစာနာမှုဆိုင်ရာစိန်ခေါ်ချက်အသစ်များ၊ လုံခြုံရေးအားခြိမ်းခြောက်မှုများ၊ ဒုက္ခသည် စီးကြောင်း ယောက်ယက်ခတ်မှုစစ်ရေးဆိုင်ရာပဋိပက္ခနှင့်အဏုမြူလက်နက် ပျံ့ပွားမှုစသည့်စည်းပျက်ဂယက်များပြင်းထန်နိုင်သလိုမြောက်ကိုရီးယားပြိုဆင်းမှုသည် “ကိုရီးယားပေါင်းစည်းမှု”လည်းဖြစ်သွားနိုင်သည်။ အရှေ့ဂျာမနီမြို့၌ ဂျာမနီပေါင်းစည်းမှုဖြစ်ထွန်းလာသကဲ့သို့လည်းဖြစ်လာနိုင်သည်။

သို့ဖြစ်ရာသမ္မတအိုဘားမား၏လုပ်ငန်းဇယားတွင်သိပ်အရာထင်ပုံမရှိသည့် အာရှအစီအစဉ်ကို အာရုံစူးစိုက်မှုပြုသင့်ပြီဖြစ်၏။မရေရာသောအနာဂတ်ပုံရိပ်များအတွက် ကြိုတင်ပြင်ဆင်သင့်ပြီဖြစ်၏။ယင်းအပြောင်းအလဲသည်ပင်အနာဂတ်၌ ပြဿနာကြီးဖြစ်ထွန်းလာမှုကိုလွှဲရှောင်ပေးသော ကြိုတင်ကာကွယ် မှုဖြစ်လာနိုင်ပေသည်။တွေ့မရှောင်အိုဘားမားသည်အာရှကျားများကို ကျော်ခိုင်းဝံ့မည်မဟုတ်ပါချေ။

*Ref:1.* ***နစ်ကလပ်စ်အယ်ဘာစတက်၏*** *The new president can't afford to ignore the region*

*2. Obama's Inaugural Address*

***သိန်းအုံးကျော်စံ***

# သူတို့ပြည်သူတွေရဲ့ သာယာဝပြောရေးနဲ့ လုံခြုံရေးအတွက် အကျိုးရလဒ်မရှိတဲ့ ဆုံးဖြတ်ချက်မျိုးမဖြစ်ဖို့ အချိန်ရောက်နေပြီ

## အမေရိကန်ပြည်ထောင်စုသမ္မတဘားရက်အိုဘားမားနှင့်တွေ့ဆုံမေးမြန်းခြင်း

မြင့်နောင်မိုး



အမေရိကန်ပြည်ထောင်စုသမ္မတအိုဘားမားနှင့် Al.Arabiya အာရပ်ရုပ်မြင်သံကြားတို့ကတွေ့ဆုံမေးမြန်းခန်းအစီအစဉ်တစ်ခုပြုလုပ်ခဲ့ပါသည်။ထိုတွေ့ဆုံမေးမြန်းခန်းမှပြောခဲ့ဆိုခဲ့သည်တို့ကိုထုတ်နုတ်ဖော်ပြထားခြင်းဖြစ်ပါသည်။

Al.Arabiya- *သမ္မတကြီးခင်ဗျာ။သမ္မတကြီးအနေနဲ့အရှေ့အလယ်ပိုင်းဒေသအရေးနဲ့ပတ်သက်လို့ငြိမ်းချမ်းရေးသံတမန်တစ်ဦးကိုခန့်အပ်ခဲ့ပါတယ်။ သမ္မတကြီးခန့်အပ်လိုက်တဲ့ မစ္စတာမစ်ရှယ်အနေနဲ့ သူ့ရဲ့ပထမဦးဆုံးတာဝန်ကတော့အပစ်အခတ်ရပ်စဲရေးကိုခိုင်မာအောင် လုပ်ဖို့ဆိုပေမယ့်ပါလက်စတိုင်းနဲ့အစ္စရေးတို့ ငြိမ်းချမ်း ရေးရဖို့အတွက် တက်ကြွထက်သန်စွာနဲ့ဆက်လက်ဆောင်ရွက်မယ်ဆိုတဲ့ လူကြီး မင်းရဲ့စကားနဲ့တော့အံမဝင်သလိုဖြစ်နေပါတယ်။အတိတ်ကငြိမ်းချမ်းရေး ဆောင်ရွက်မှု သမိုင်းမှာတော့ အမေရိကန်ပြည်ထောင်စုရဲ့သမ္မတတွေ ပါဝင်ပတ်သက်ခြင်းမရှိရင် ဘာမှဖြစ်မလာဘူးဆိုတာပြနေပါတယ်။ဒီတော့သမ္မတကြီးအနေနဲ့ ရှေ့ကသမ္မတတွေလိုပဲစိတ်ကူးအကြံဉာဏ်တွေချပြမယ်။အကြံပြုချက်တွေကို လမ်းညွှန်မယ်။ကန့်သတ်ချက်တွေကို ဘောင်ခတ်ပေးလိုက်မယ်ဆို တာမျိုးကိုပဲလုပ်ပေးသွားမှာလား။ဒါမှမဟုတ်သံတမန်အဖွဲ့အနေနဲ့သူတို့နည်းသူတို့ဟန်နဲ့ဖြေရှင်းသွားစေမှာလားခင်ဗျာ။*

**အိုဘားမား**- အင်းဒီနေရာမှာအရေးအကြီးဆုံးကတော့အမေရိကန်ပြည်ထောင်စုအနေနဲ့အရာရာမှာချက်ချင်းအံဝင်ခွင်ကျဖို့လိုတယ်လို့ထင်မိပါတယ်။ ဂျော့မစ်ရှယ်ဟာအတိုင်း

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

အတာတစ်ရပ်အထိအရည်အချင်းရှိတဲ့သူမျိုးဖြစ်ပါတယ်။ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့အကျိုးဆောင်ရာမှာနိုင်ငံတကာအတွေ့အကြုံ ရှိတဲ့လူအနည်းငယ်ထဲကတစ်ဦးလည်းဖြစ်ပါတယ်။ဒီနေရာမှာကျွန်တော့်အနေနဲ့သူတို့ကိုမှာချင်တာကပထမဦးဆုံးစပြီးနားထောင်ပေးဖို့ပဲဖြစ်တယ်။အမေရိကန် ပြည်ထောင်စုက ဒီလိုအရေးကိစ္စတွေမှာနားထောင်ပြီးဆုံးဖြတ်ပေးတဲ့အလုပ်ကိုစလုပ်တာပဲဖြစ်တယ်။နောက်ပြီးကျွန်တော်တို့အနေနဲ့ကိစ္စတိုင်းမှာဖြစ်ပျက်နေတာတွေနဲ့ပတ်သက်လို့အလုံးစုံအမြဲတမ်းသိနေမှာမဟုတ်ဘူး။ဒီတော့ကျွန်တော် တို့ကသူတို့ပြောတာကိုနားထောင်မယ်။ပြီးရင်ကျွန်တော့်အဖွဲ့ကကျွန်တော့်ဆီ ပြန်ပြီးသတင်းပို့မယ်။အဲဒီကမှတစ်ဆင့်ကျွန်တော်တို့ကတိကျတဲ့တုံ့ပြန်မှုတွေ ဖန်တီးပုံဖော်ပေးမှာဖြစ်ပါတယ်။ဆိုရရင်ဒီနေရာမှာအစ္စရေးနဲ့ပါလက်စတိုင်းတို့အနေနဲ့ သူတို့အတွက်ဘာအကောင်းဆုံးလဲဆိုတာကျွန်တော်တို့လည်းမပြောနိုင်ဘူး။တချို့ဆုံးဖြတ်ချက်တွေကို သူတို့ဘာသာဆုံးဖြတ်သွားရမှာ ဖြစ် တယ်။တစ်ခုတော့ရှိတယ်၊နှစ်ဖက်စလုံးအနေနဲ့ဒီအချိန်မှာ သူတို့ရဲ့ပြည်သူတွေသာယာဝပြောရေးနဲ့လုံခြုံရေးအတွက်အကျိုးရလဒ်မရှိတဲ့ဆုံးဖြတ်ချက်မျိုးမဖြစ်ဖို့ကိုတော့နားလည်သဘောပေါက်ဖို့အချိန်ရောက်နေပြီဖြစ်တယ်။ ဒီတော့သူတို့အနေနဲ့ဆွေးနွေးညှိနှိုင်းရေးစားပွဲရှိရာကို ပြန်လာရမယ့်အချိန်ပဲဖြစ်ပါတယ်။

Al.Arabiya- *လူကြီးမင်းအနေနဲ့အဓိကပြောနေတာတစ်ခုက အစ္စရေးနဲ့ပါ လက်စတိုင်းတို့ရဲ့ နောက်ခံအကြောင်းတွေနဲ့ နယ်စပ်ဒေသခွဲခြားထား တဲ့အ ကြောင်းအချက်တွေကိုမကြည့်သင့်ဘူးလို့ဆိုတယ်။လူကြီးမင်းပြောနေတာက ဒီဒေသကြီးကို အလုံးစုံချဉ်းကပ်တဲ့အမျိုးအစားဖြစ်တယ်။ ဒီနေရာမှာကျွန်တော်တို့မျှော်လင့်နေတာကအတိတ်ကရှု မြင်သုံးသပ်တာနဲ့ မတူကွဲပြားတဲ့ပုံစံကို ဖြစ်တယ်။ ဥပမာအားဖြင့်အာရပ်ကမ္ဘာဘက်က၊ မူဆလင်ကမ္ဘာဘက်ကပေ့ါ။ ဒသဆိုင်ရာလက္ခဏာသွင်ပြင်နဲ့ ပတ်သက်တဲ့အာရပ်တွေရဲ့စီမံချက်မျိုးဆိုပါတော့၊ လူကြီးမင်းရည်ညွှန်းခဲ့သလိုပဲအပြောင်းအလဲပေ့ါ။အဲဒီလိုအပြောင်းအလဲမျိုးရှိလာဖို့မရှိဘူးလားခင်ဗျာ။*

**အိုဘားမား**- ဟုတ်ပြီ၊အရေးပါတယ်လို့ ကျွန်တော်ထင်တာအဲဒါပဲဖြစ်ပါတယ်။ ဆော်ဒီအာရေဗျဘုရင်အဗ္ဗဒူလာတင်ပြတဲ့အဆိုပြုချက်ကိုပဲကြည့်ပါ။တကယ်တော့ကျွန်တော့်အနေနဲ့အဆိုပြုချက်ရဲ့လက္ခဏာသွင်ပြင်တိုင်းကိုလက်ခံသဘောတူညီနိုင်မှာမဟုတ်ဘူး။ဒါပေမဲ့ဒီအဆိုပြုချက်ကဒီဒေသမှာဘယ်လိုငြိမ်းချမ်းရေးရအောင်ဆက်လက်ဆောင်ရွက်ရမယ်ဆိုတဲ့စိတ်ကူးအကြံဉာဏ်တွေကိုဖြစ်ပေါ်စေတယ်လို့ထင်တယ်။ဒါနဲ့ပတ်သက်လို့အစ္စရေးပါလက်စတိုင်းပဋိပက္ခချည်းပဲသက်သက်၊ဆီးရီးယားဒါမှမဟုတ်အီရန်ဒါမှမဟုတ် လက်ဘနွန်ဒါမှမဟုတ် အာဖဂန်နစ္စတန်နဲ့ပါကစ္စတန်အရေးကိစ္စတွေချည်းပဲသက်သက်စဉ်းစားအဖြေရှာရုံနဲ့ မဖြစ်နိုင်ဘူးလို့ထင်တယ်။အားလုံးဟာအပြန်အလှန်ဆက်စပ်နေတဲ့အရာ တွေဖြစ်တယ်။နိုင်ငံခြားရေးဝန်ကြီးဟီလာရီကလင်တန်ထုတ်ဖော်ပြောခဲ့သလိုပဲ ကျွန်တော်တို့အနေနဲ့

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ဒေသကြီးတစ်ခုလုံးကိုခြုံငုံကြည့်ပြီးအာရပ်ကမ္ဘာနဲ့ မူဆလင်ကမ္ဘာကိုနားလည်သဘောပေါက်စေမယ့် ရှင်းလင်းချက်တွေ ပေးပို့ရ မယ်။အဲဒီကတစ်ဆင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်စိတ်ဝင်စားမှုအပေါ် အခြေခံတဲ့လက်တွဲပြီးပူးပေါင်းဆောင်ရွက်မယ့်လူသစ်တွေနဲ့အတူအစပျိုးလုပ်ဆောင်ရမှာဖြစ်တယ်။ပြီးရင်တော့ကျွန်တော်တို့အနေနဲ့ သိသာတဲ့တိုးတက်မှုကိုစီမံဆောင်ရွက်နိုင်မယ်လို့ထင်ပါတယ်။

အခုဆိုရင်အစ္စရေးဟာကျွန်တော်တို့ရဲ့ခိုင်မာတဲ့မဟာမိတ်အဖြစ် ရှိနေပါတယ်။ အစ္စရေးအနေနဲ့လည်း အမေရိကန်ပြည်ထောင်စုရဲ့ခိုင်မာတဲ့မဟာမိတ်အဖြစ်ကနေဘယ်တော့မှရပ်ဆိုင်းသွားမှာလဲမဟုတ်ဘူး။ဒါကြောင့်အစ္စရေးရဲ့လုံခြုံရေးဟာပဓာနကျတယ်လို့ကျွန်တော်တို့အနေနဲ့ဆက်လက်ယုံကြည်ပါတယ်။ဒါပေမဲ့အစ္စရေးအနေနဲ့ငြိမ်းချမ်းရေးကိုကြိုးပမ်းရယူဖို့ကလည်းအရေးပါတယ်ဆိုတာအသိအမှတ်ပြုမယ်လို့ယုံကြည်ပါတယ်။တစ်ဖက်ကနေလေးလေးနက်နက်လက်တွဲဆောင်ရွက်မယ့်မိတ်ဖက်ရှိလာမယ်ဆိုရင်အဲဒီလိုသင့် မြတ်လျော်ကန်တဲ့အချိန်မျိုးမှာအစ္စရေးအနေနဲ့လည်းစွန့်လွှတ်အနစ်နာခံတာမျိုး လုပ်လာပါလိမ့်မယ်။ဒီတော့ကျွန်တော်တို့အနေနဲ့ဟိုးအရင်နှစ်တွေကဖြစ်တာတွေ၊အမြစ်တွယ်နေတဲ့အကြောင်းအချက်တွေကိုဘေးချိတ်ပြီးအခုဖြစ်ပျက်နေတာတွေနဲ့ပတ်သက်လို့နားထောင်မယ်။ဘာပဲဖြစ်ဖြစ်ကျွန်တော်တို့အနေနဲ့အခက်အခဲတွေကိုထိုးဖောက်ကျော်လွှားပြီးအနည်းဆုံးတော့ တစ်ခုခုတော့ဖြစ်မြောက်အောင်မြင်လာမယ်လို့ထင်ပါတယ်။

**Al.Arabiya-** ***နောက်ထပ်ကျွန်တော်မေးလိုတာကမူဆလင်ကမ္ဘာနဲ့ ပတ် သက်လို့မေးချင်ပါတယ်။ဒါပေမဲ့ပါလက်စတိုင်းနဲ့အစ္စရေးတို့ရဲ့ ဇာတ်ခုံပေါ်က နောက်ဆုံးအဖြစ်အပျက်ကလေးကိုအရင်မေးခွင့်ပြုပါ။ ဒီနေရာမှာပါလက်စတိုင်းကော၊အစ္စရေးပါလက်ရှိအခြေအနေနဲ့ပတ်သက်လို့မချင့်မရဲဖြစ်နေကြပြီးမျှော်လင့်ချက်တွေလည်းပျောက်ဆုံးနေပါတယ်။အရာရာဟာသူတို့ထင်သလိုဖြစ်မလာခဲ့ဘူး။ပြီးတော့နှစ်နိုင်ငံအရေးကိစ္စနဲ့ပတ်သက်လို့ဖြေရှင်းလို့ရနိုင်မှာမဟုတ်ဘူးလို့လည်းယုံကြည်နေကြတယ်။အဓိကကတော့ပါလက်စတိုင်းတွေသိမ်း ပိုက်ထား တဲ့နယ်စပ်ဒေသပြေငြိမ်းရေးကိစ္စဆိုပါတော့။သမ္မတကြီးအနေနဲ့ကကောပါလက်စတိုင်းနိုင်ငံတော်ကိုတွေ့မြင်နိုင်ရေးဆိုတာဖြစ်နိုင်ခြေမရှိဘူးလို့ မြင်ပါသလားခင်ဗျာ။***

**အိုဘားမား–** ပါလက်စတိုင်းနိုင်ငံနဲ့ပတ်သက်လို့ဖြစ်နိုင်တယ်လို့ထင်ပါတယ်။ ဒါပေမဲ့ ဘယ်အချိန်ဘယ်အခါရယ်လို့တော့ကျွန်တော်မပြောနိုင်ပါဘူး။ ဒီလိုဖြစ်လာဖို့နီးစပ်မှုရှိတယ်လို့သာဆိုပါရစေ။ပါလက်စတိုင်းနိုင်ငံပေါ် ပေါက်လာတာဟာ သူ့ရဲ့ပြည်သူတွေကိုလွတ်လပ်ခွင့်ပေးလိုက်တာဖြစ်တယ်။ဒီလိုဖြစ်လာရင်သူတို့အနေနဲ့အခြားနိုင်ငံတွေနဲ့ကုန်သွယ်နိုင်မယ်။ စီးပွားရေးလုပ်ငန်းတွေကိုဖန်တီးနိုင်မယ်။ဒါဆိုရင် သူတို့ပြည်သူတွေရဲ့ဘဝဟာပိုကောင်းလာမယ်။ ဒီဒေသနဲ့ပတ်သက်လို့လေ့လာကြည့်ရင် ပါလက်စတိုင်းတွေရဲ့

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အနေအထားဟာ အစစအရာရာမှုနိမ့်ကျနေတာတွေ့ရမယ်။ပါလက်စတိုင်းပိုင်နက်က ကလေးတစ်ဦးကိုပဲကြည့်၊ သူ့ဘဝအနာဂတ်ကိုသူ့ဘာသာဖန်တီးရမလိုဖြစ်နေတယ်။ အစ္စရေးရဲ့ကလေးတစ်ဦးကတော့ဒီလိုမဟုတ်ဘူး။သူ့အနာဂတ်ကသေချာတယ်၊စိတ်ချရတယ်ဆိုတဲ့ယုံကြည်မှုမျိုးခံစားနေရမှာဖြစ်တယ်။ကျွန်တော်တို့အနေနဲ့ပါလက်စတိုင်းကလေးတွေရဲ့အနာဂတ်ဘဝပိုကောင်းဖို့အာရုံစိုက်မယ်ဆိုရင် အတိတ်ကနာကြည်းစရာပဋိပက္ခတွေကိုမေ့ထားပြီးရှေ့ကိုသာကြည့်မယ်ဆိုရင် စစ်မှန်တဲ့တိုးတက်မှုကိုဆောင်ရွက်နိုင်မယ့်အခွင့်အလမ်းပေါ်ပေါက်လာမယ် လို့ ထင်ပါတယ်။ဒီလိုဖြစ်ဖို့ဆိုတာလွယ်ကူမှာတော့မဟုတ်ဘူးပေါ့။ဒီအတွက် ကျွန်တော်တို့ကဂျော့မစ်ရှယ်ကိုအရှေ့အလယ်ပိုင်းဒေသကိုစေလွှတ်မှာဖြစ်ပါတယ်။ဒီတာဝန်ယူဖို့ဆိုတာအလွန်စိတ်ရှည်ပြီးအရည်အသွေးရှိတဲ့သူမျိုးဖြစ်ရမှာ ဖြစ်ပါတယ်။

**Al.Arabiya-*အမေရိကန်ပြည်ထောင်စုဟာအီရတ်စစ်ပွဲကြောင့် ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ကြုံတွေ့ခဲ့ရပြီးကတည်းက အခြားနိုင်ငံတွေနဲ့ ကင်းကွာသလိုဖြစ်ခဲ့တယ်။ပြီးခဲ့တဲ့မျိုးဆက်တွေအတွင်းမှာတော့ အမေရိကန်ပြည်ထောင်စုဟာအရှိန်အဝါကြီးမားခဲ့ပါတယ်။အမေရိကန်ရဲ့ ဩဇာအရှိန်အဝါဟာ ကိုလိုနီအမွေအနှစ်မရှိတဲ့အရှိန်အဝါသက်သက်ဖြစ်ပါသလားခင်ဗျာ။ဒါပေမဲ့လူတွေရဲ့အသိမှာလူကြီးမင်းဟာမတူကွဲပြားတဲ့ နိုင်ငံရေးသဘောထားရှိတဲ့အတွက် ဇာဝါဟီရီ၊အိုစမာဘင်လာဒင်တို့နဲ့ဘယ်လိုဆက်စပ်ပတ်သက်လာမှာပါလဲခင်ဗျာ။***

**အိုဘားမား–** ကြည့်ရတာတော့ သူတို့လှုပ်နေပုံရတယ်။တကယ်ကကျွန်တော် သမ္မတရုံးခန်းမရောက်မီကတည်းကသူတို့ကကျွန်တော့်ကိုဆန့်ကျင်မှုတွေပြုနေခဲ့ကြတာပါ။အကြမ်းဖက်မှုနဲ့ပတ်သက်လို့သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲတုန်း ကကျွန်တော်ပြောခဲ့ပြီးပါပြီ။လူတစ်ဦးကိုသူ့ရဲ့အပြုသဘောဆောင်တဲ့လုပ်ရပ် အပေါ်မှာသာချင့်ချိန်အကဲဖြတ်နိုင်ပြီးအဖျက်စိတ်ရှိသူကိုတော့ဘာနဲ့မှတိုင်းတာလို့ရမှာမဟုတ်ပါဘူး။မူဆလင်ကမ္ဘာအနေနဲ့သိစေချင်တာကသတ်ဖြတ်မှုတွေ၊ အဖျက်လုပ်ရပ်တွေလုပ်နေတဲ့သူတွေအတွက်နေစရာ နေရာမရှိတော့ဘူးဆိုတာ ပဲဖြစ်ပါတယ်။အခုကျွန်တော့်ရဲ့အလုပ်ကမူဆလင်ကမ္ဘာရဲ့သုခအတွက် အမေရိကန်ပြည်ထောင်စုကရင်းနှီးမြှုပ်နှံနေတယ်ဆိုတာ ရှင်းလင်းအောင်လုပ်ဆောင်ဖို့ပဲဖြစ်တယ်။ကျွန်တော်တို့ကဒီအတွက်ပြောဆိုတဲ့အခါလေးစားသမှုရှိတဲ့အသုံး အနှုန်းကိုပဲပြောဆိုသုံးနှုန်းရမှာဖြစ်ပါတယ်။ကျွန်တော်ဟာမူဆလင်ကမ္ဘာမှာနေထိုင်ခဲ့ဖူးသူပါ။ကျွန်တော့်မှာမူဆလင်မိသားစုမိတ်ဆွေတွေရှိပါတယ်။

Al.Arabiya- *အင်ဒိုနီးရှားနိုင်ငံကို ပြောတာပါလားခင်ဗျာ။*

**အိုဘားမား–**ဟုတ်ပါတယ်၊အကြီးမားဆုံးမူဆလင်နိုင်ငံတစ်ခုပါ။ ကျွန်တော့်အနေနဲ့ မူဆလင်ကမ္ဘာကိုရှင်းလင်းအောင်သိစေချင်တာကသူတို့ရဲ့ဘာသာတရားယုံကြည်မှုအပေါ်မှာနားလည်သဘောပေါက်နေတယ်ဆိုတာပဲဖြစ်တယ်။ အမေရိကန်ဟာ မူဆလင်၊ ဂျူး၊

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ခရစ်ယာန်နဲ့ဘာသာတရားမဲ့သူတွေနေထိုင်တဲ့နိုင်ငံဖြစ်ပြီး အခြားသူတွေရဲ့ယုံကြည်ကိုးကွယ်မှုနဲ့ပတ်သက်လို့၊အခြားသူတွေရဲ့မျှော်လင့်ချက်တွေ၊ အိပ်မက်တွေနဲ့ပတ်သက်လို့အလေးထားတဲ့နိုင်ငံလည်း ဖြစ်ပါတယ်။ နောက်ပြီးအမေရိကန်ပြည်သူတွေကိုကျွန်တော့်အနေနဲ့နားလည်သဘောပေါက် စေချင်တာကမူဆလင်ကမ္ဘာကလူတွေဟာလည်းသူတို့ရဲ့ဘဝတွေနဲ့ သူတို့ရဲ့ကလေးတွေရဲ့ဘဝတွေကိုပိုမိုကောင်းမွန်တဲ့ဘဝမျိုးတွေကိုတွေ့မြင်နေချင်တဲ့သူ တွေဖြစ်တယ်ဆိုတာကိုသိစေချင်သလို မူဆလင်ကမ္ဘာက လူတွေအနေနဲ့လည်း အမေရိကန်တွေဟာသူတို့ရဲ့ရန်သူတွေမဟုတ်ဘူးဆိုတာကိုသိစေချင်တယ်။ နောက်ပြီးကျွန်တော်တို့ကလည်း တစ်ခါတစ်ရံအမှားနဲ့မကင်းသလို ပြီးပြည့်စုံတဲ့လူတွေလည်းမဟုတ်ဘူး။နောက်တစ်ခုကသမိုင်းမှတ်တမ်းကိုပြန်ကြည့်ရင် အမေရိကန်ဟာကိုလိုနီနယ်ချဲ့မဟုတ်ဘူး။ပြီးတော့ မူဆလင်ကမ္ဘာနဲ့အမေရိကန်ဟာတစ်ဦးကိုတစ်ဦးလေးစားမှုနဲ့ လွန်ခဲ့တဲ့အနှစ် ၂၀၊၃၀ လောက်က မိတ်ဖက်နိုင်ငံတွေဖြစ်ခဲ့ကြပါတယ်။ဒီအကြောင်းကြောင့်ကျွန်တော်တို့က မိတ်ဖက်နိုင်ငံတွေအဖြစ်ပြန်လည်တည်ဆောက်ဖို့မဖြစ်နိုင်စရာအကြောင်းမရှိသလို ဒါဟာကျွန်တော်တို့ရဲ့အရေးပါတဲ့တာဝန်လည်းဖြစ်တယ်ဆိုတာသိစေချင်ပါတယ်။

**Al.Arabiya**- ***သမ္မတဘုရှ်ဟာအကြမ်းဖက်မှုချေမှုန်းတဲ့စစ်ပွဲကို ကြံ့စည်ဖော်ဆောင်ခဲ့တယ်ဆိုတာသိသာပေါ်လွင်နေပါတယ်။အကြမ်းဖက်စစ်ပွဲမှာ ပါဝင်ပတ်သက်သူတွေကိုပညာရပ်ဝေါဟာရအနေနဲ့ အစ္စလာမ္မစ်ဖက် ဆစ်ဝါဒီ တွေဆိုရမှာပါ။ ဒါပေမဲ့လူကြီးမင်းကတော့မစ္စတာဘုရှ်နဲ့မတူတဲ့နည်းလမ်းကို ဆောင်ရွက်မှာဖြစ်မယ်လို့ထင်ပါတယ်။အထူးသဖြင့်တော့အယ်လ်ကေးဒါးတွေနဲ့ သူတို့ရဲ့အပေါင်းပါတွေကိုဆန့်ကျင်တိုက်ခိုက်တာမျိုးပေါ့။***

**အိုဘားမား**–ခင်ဗျားပြောတဲ့အချက်ကအလွန်ပဲအရေးပါပါတယ်။ခင်ဗျားပြောတဲ့ဝေါဟာရနဲ့ပတ်သက်လို့ကျွန်တော်တို့နားလည်သဘောပေါက်ဖို့လိုတာက ဒီနေရာမှာ အစွန်းရောက်အဖွဲ့အစည်းတွေရှိနေတယ်ဆိုတာပဲဖြစ်တယ်။ မူဆလင်ပဲဖြစ်ဖြစ်၊အခြားသောယုံကြည်ကိုးကွယ်သူတွေပဲဖြစ်ဖြစ် ဒါဟာအကြမ်းဖက်မှုအတွက်အကြောင်းပြချက်အနေနဲ့ယုံကြည်ကိုးကွယ်မှုကို အသုံး ချတာပဲဖြစ်လိမ့်မယ်။အကြမ်းဖက်မှုအကျိုးဆက်အတွက်တော့ကျွန်တော်တို့က ယုံကြည်ကိုးကွယ်မှုကို ဖျက်ပစ်လို့ရနိုင်မှာမဟုတ်ဘူး။ခင်ဗျားတွေးမြင်သလိုပဲကျွန်တော်တို့အစိုးရဟာအယ်လ်ကေးဒါးလိုအကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ ပြဒါးတစ်လမ်းသံတစ်လမ်းဆိုတာထင်ရှားပါတယ်။ကျွန်တော့်အနေနဲ့ကတော့ အပြစ်မဲ့ပြည်သူတွေကိုသတ်ဖြတ်နေတဲ့ အကြမ်းဖက်ဝါဒီအဖွဲ့အစည်းတွေကို တလေးတစားရှိနေမှာမဟုတ်ဘဲသူတို့ကို တိုက်ခိုက်ချေမှုန်းသွားမှာဖြစ်ပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

Al.Arabiya-*အမေရိကန်ပြည်ထောင်စုအနေနဲ့ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားတဲ့အီရန်နဲ့အမြဲတမ်းအတူနေသွားနိုင်မှာလား။ ဒါမှ မဟုတ် ရင်ဘယ်လောက်အတိုင်းအတာအထိအီရန်နဲ့ပတ်သက်လို့ ကာကွယ်မှု ပြုသွားမယ်လို့ ရည်မှန်းထားပါသလဲခင်ဗျာ။*

**အိုဘားမား**–ကျမ်းသစ္စာကျိန်ဆိုပွဲမှာကျွန်တော်ပြောခဲ့သလိုပါပဲ။အီရန်နဲ့ကျွန်တော်တို့ရဲ့ဆက်ဆံရေးနဲ့ပတ်သက်လို့သံတမန်ရေးနည်းလမ်းအပါအဝင် ကျွန်တော်တို့က အမေရိကန်ပြည်ထောင်စုရဲ့အင်အားလက်နက် ကိရိယာတွေအကုန် အသုံးပြုသွားမှာဖြစ်ပါတယ်။ ကျမ်းသစ္စာကျိန်ဆိုပွဲမှာကျွန်တော်ပြောခဲ့သလိုပါပဲ။ အီရန်တို့အနေနဲ့သူတို့ရဲ့ဆုပ်ထားတဲ့လက်တွေကိုသာဖြန့်လိုစိတ်ရှိမယ်ဆိုရင်ကမ်းလင့်ထားတဲ့ကျွန်တော်တို့ရဲ့လက်တွေကိုတွေ့မြင်နိုင်မှာဖြစ်တယ်လို့ဆိုပါရစေ။

**Al.Arabiya**-*အခုလိုဖြေကြားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်သမ္မတကြီးခင်ဗျား။*

**Ref: Al.Arabiya** ***အာရပ်ရုပ်သံနှင့် အမေရိကန်သမ္မတအိုဘားမားတို့၏ တွေ့ဆုံမေးမြန်းခန်းကို ဆီလျော်အောင်ပြန်ဆိုပါသည်။***

# သမ္မတတွေအားလုံးဟာ အကြောင်းမသိရသေးတဲ့ သူစိမ်းတစ်ရံဆန်တွေသာဖြစ်တယ်

## စာရေးဆရာဂျိုနသန်အော်လ်တာနှင့် တွေ့ဆုံမေးမြန်းခြင်း

မြင့်နောင်မိုး

စာရေးဆရာနှင့်သတင်းစာဆရာ ဂျိုနသန်အော်လ်တာက စပီဂျဲလ် မဂ္ဂဇင်းနှင့်တွေ့ဆုံရာတွင် အိုဘားမားအနေဖြင့်သမ္မတအဖြစ်တာဝန်ထမ်းဆောင်ရမည့် ပထမဦးဆုံးနေ့ရက်များတွင်ကြုံတွေ့ရမည့်စိန်ခေါ်မှုများ အကြောင်း အမေရိကန် ၏၄၄ဦး မြောက်သမ္မတအနေဖြင့် ဖရန်ကလင်ဒီရူစဗဲ့ ထံမှကောင်းမွေဆိုးမွေများကိုလေ့လာ သင်ယူနိုင်ကြောင်း ပြောကြားခဲ့သည်တို့မှ ထုတ်နုတ်ဖော်ပြရမည်ဆိုလျှင် . . .

**စပီဂျဲလ်-** ***သမ္မတအိုဘားမားဟာ ခင်ဗျားရဲ့စာအုပ် The Defining Moment အကြောင်းကိုမကြာခဏဆိုသလိုထုတ်ဖော်ပြောဆိုတတ်တဲ့အတွက်ခင်ဗျား အနေနဲ့ ဝမ်းသာကျေနပ်နေမိမှာပေါ့။ အဲဒီအကြောင်းလေးပြောပြပေးပါလား။***

**ဂျိုနသန်အော်လ်တာ–** အဲဒီစာအုပ်ဟာ၂၀၀၆ခုနှစ်က ထုတ်ဝေခဲ့တဲ့စာအုပ်ဖြစ်ပါ တယ်။ အိုဘားမားက သူ့ရဲ့မိန့်ခွန်းထဲမှာဒီစာအုပ်အကြောင်းစပြောလာခဲ့တာကတော့ လွန်ခဲ့တဲ့နှစ်ကပေါ့။ အဲဒီတုန်းက သူနဲ့ကျွန်တော်ဒီစာအုပ်မှာပါတဲ့အကြောင်းအရာတွေနဲ့ပတ်သက်ပြီးဆွေးနွေးခဲ့ဖူးပါတယ်။သူကအဲဒ့ီစာအုပ်အပြင်ကျွန်တော့်ရဲ့အခြားသော စာအုပ်တွေထဲက အချို့စာအုပ်တွေကိုလည်း သိနေပါတယ်။

**စပီဂျဲလ်- The Defining Moment** ***ဆိုတဲ့ခင်ဗျားရဲ့စာအုပ်က ၁၉၃၃ခုနှစ် ဖရန်ကလင်ဒီရူစဗဲ့သမ္မတဘဝမှာစတင်ကြုံတွေ့ခဲ့ရတဲ့မဟာစီးပွားပျက်ကပ်ကြီး အကြောင်းရှင်းပြထားတာမဟုတ်လား။အိုဘားမားအနေနဲ့အဲဒီစာအုပ်ကနေဘယ်လို သင်ခန်းစာတွေကိုရယူနိုင်မှာလဲ။***

**အော်လ်တာ–** အခုလက်ရှိကြုံတွေ့နေရတဲ့ အလားတူအကျပ်အတည်းမျိုးကို ဖရန်ကလင်ဒီရူစဗဲ့(FDR)ကဘယ်လိုဖြေရှင်းခဲ့တယ်ဆိုတဲ့အရေးပါတဲ့သင်ခန်းစာကို လေ့လာဆည်းပူးခဲ့တဲ့အကြောင်းအိုဘားမားကပြသခဲ့ပြီးဖြစ်ပါတယ်။ FDR ရဲ့ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းထဲမှာထင်ရှားလှတဲ့ အဆိုအမိန့်တစ်ခုက "ကျွန်ုပ်တို့ကြောက်ရွံ့ထိတ်လန့်နေသောအရာကိုယ်နှိုက်ကကြောက်ရွံ့ထိတ်လန့်နေခြင်းဖြစ်သည်"လို့ ဆိုပါတယ်။ ဒါပေမဲ့ကျွန်တော့်ရဲ့စာအုပ်ထဲမှာ အဲဒီထက်ပိုပြီးအရေးပါတဲ့စကားတစ်ခွန်းကို ပိုပြီးအလေးပေးဖော်ပြခဲ့ပါတယ်။အဲဒါကတော့

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

"ကျွန်ုပ်တို့အနေနဲ့ဒါကိုအရေးယူဆောင်ရွက်ဖို့လိုအပ်တယ်။ဒီအတွက်အခုပဲ ဆောင်ရွက်ကြပါစို့"ဖြစ်ပါ တယ်။FDRအတွက်အဓိကကျတဲ့အဆိုအမိန့်ဟာအခုအိုဘားမားအတွက်ဆက်ပြီးဖြစ်လာခဲ့တယ်။အစိုးရတစ်ရပ်ဟာ ပြည်သူတွေဘက်ကရပ်တည်ရမှာ ဖြစ်ပြီးသမ္မတတစ်ဦးရဲ့တာဝန်ဟာ ပြည်သူတွေရဲ့အခက်အခဲပြဿနာတွေကိုဖြေရှင်းပေးဖို့ အရေးယူဆောင်ရွက်မှုတွေပြုလုပ်ရမှာဖြစ်ပါတယ်။

**စပီဂျဲလ်- *ဒါပေမဲ့ ၁၉၃၃နဲ့ ၂၀၀၉ကို တကယ်ပဲ နှိုင်းယှဉ်လို့ရနိုင်မှာလားခင်ဗျာ။***

**အော်လ်တာ**–ဟုတ်ပါတယ်။ အဲဒီအချိန်ကာလနှစ်ခုကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်ပဲထိတ်လန့်တုန်လှုပ်စရာကောင်းပါတယ်။ဟိုတုန်းကအလုပ်လက်မဲ့နှုန်းက ၂၅ရာခိုင်နှုန်းရှိ တဲ့အတွက်ဆိုးရွားလှပါတယ်။အခုအလုပ်လက်မဲ့နှုန်း၈ရာခိုင်နှုန်းရှိနေပါတယ်။ဒါပေမဲ့တစ်ပြည်လုံးအနှံ့ယုံကြည်မှုတွေပျက်ပြားပြီးအနာဂတ်ကို စိုးရွံ့ထိတ်လန့်နေပုံကတော့အတူတူပါပဲ။ အစိုးရရဲ့အခန်းကဏ္ဍနဲ့ပတ်သက်တဲ့ရှုထောင့်အမြင်ကိုနှိုင်းယှဉ်ကြည့်ရင်ဟားဘတ်ဟူးဗားနဲ့ ဂျော့ချ်ဒဗလျူဘုရှ်တို့က ဘယ် လို ယုံ ကြည် နေ ကြ သလဲ ဆို တော့ တကယ် လို့ ပြည် သူ တစ် ဦး ဟာ နုတ်ရွေးခွင့်ပိတ်ပင်မှုကြောင့်သူ့ရဲ့အိမ်ဆုံးရှုံးခဲ့ရတယ်ဆိုရင် ဒါဟာအစိုးရက ပူပန်နေရမယ့်ကိစ္စမဟုတ်ဘူးလို့ယုံကြည်နေကြတာဖြစ်တယ်။FDR နဲ့အိုဘားမားတို့ကတော့ သူတို့နဲ့အမြင်မတူပါဘူး။ သူတို့နှစ်ဦးစလုံးက ငွေကြေးလုပ်ငန်းဗဟိုဈေးကွက်နဲ့ အခြားအကြောင်းကိစ္စတွေကို ထိန်းချုပ်ဖို့အတွက်နဲ့ ပတ်သက်လို့ကတော့တူညီပါတယ်။၁၉၃၃နဲ့ ၂၀၀၉နှစ်ခုစလုံးရဲ့အကူးအပြောင်းဟာအခြားသော အတိတ်ကအဖြစ်တွေနဲ့ ထူးထူးခြားခြားလမ်းခွဲထွက်ခဲ့ပါတယ်။အမေရိကန်မှာခေတ်အဆက် ဆက်မပြောင်းလဲဘဲတူညီတာတစ်ခုပဲရှိတယ်။ အဲဒါအရင်းရှင်ဝါဒနဲ့ဒီမိုကရေစီကို စွန့်လွှတ်လိုခြင်းမရှိတာဘဲဖြစ်တယ်။၁၉၃၃ခုနှစ်မှာလူနည်းစုလောက်ကကျွန်တော်တို့ရဲ့စနစ်မှာဖက်ဆစ်ဝါဒီ တွေရဲ့အတွေးအကြံတွေသွတ်သွင်းလာခဲ့ပေမယ့်FDRက အဲဒီအတွေးအကြံတွေကို ဆောင်ယူခဲ ခြင်းမရှိပါဘူး။

**စပီဂျဲလ်- *လူကြီးမင်းသဘောက အကျပ်အတည်းကာလတွေမှာ အိမ်ဖြူတော်ရဲ့ ခေါင်းဆောင်တွေဟာ အရေးပါတဲ့ပုဂ္ဂိုလ်တွေဖြစ်တယ်လို့ ဆိုလိုချင်တာပါလား။ ဒါဆိုရင်ရူစဗဲ့နဲ့အိုဘားမားတို့ရဲ့ပင်ကိုစရိုက်တွေနဲ့ပတ်သက်လို့ ဘယ်လိုနှိုင်းယှဉ်မှုပြုနိုင်ပါသလဲ။***

**အော်လ်တာ**– အင်း. . . ဆိုရရင်တော့FDRကဒုတိယတန်းစားအသိဉာဏ်နဲ့ ပထမတန်းစားစိတ်နေသဘောထားရှိသူမျိုးဖြစ်ပြီး အိုဘားမားကပထမတန်းစားအသိဉာဏ်နဲ့ စိတ်နေသဘောထားကတော့မဲဆွယ်စည်းရုံးရေးကာလမှာတွေ့မြင်ရသလောက်ကတော့ စိတ်လှုပ်ရှားလွယ်တဲ့ သူမျိုးဖြစ်တယ်။ဒါပေမဲ့သူ့မှာFDRလိုအားမာန်အပြည့်နဲ့တက်ကြွထက်သန်တဲ့စိတ်ရှိမရှိကိုတော့မသိရသေးဘူး။ဒီလိုစိတ်ဓာတ်မျိုးကဘာနဲ့တူလဲဆိုရင် ချာချီခိုင်းနှိုင်းပြသလိုသူနဲ့တွေ့မိတာနဲ့ကိုယ့်ရဲ့ပထမဦးဆုံးရှန်ပိန်ပုလင်းကိုဖွင့်ပေးမိရက်သား ဖြစ်သွား

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

တတ်တယ်ဆိုတဲ့သဘောမျိုးပေါ့။အိုဘားမားကတော့လူတွေကိုဘယ်လောက်အထိ ကျေနပ်သဘောကျအောင်လုပ်ပေးနိုင်မလဲမသိရသေးဘူးဆိုပါတော့တကယ်တော့သမ္မတတွေအားလုံးကတော့အ ကြောင်းမသိရသေးတဲ့ သူစိမ်းတစ်ရံဆံတွေပဲဖြစ်ပါတယ်။

***စပီဂျဲလ်-ဟုတ်ပါပြီ။အိုဘားမားကို စကားပြောကောင်းသူအဖြစ်ကျွန်တော်တို့ သိထားခဲ့ကြတယ်။သူ့ရဲ့ကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်းမှာ ကျွန်တော်တို့ဘာတွေမျှော်လင့်နိုင်မလဲခင်ဗျာ။***

**အော်လ်တာ–** သူ့ဆီကအဓိကထွက်လာနိုင်တဲ့အာဘော်ကတော့ အတူတကွပေါင်းစည်းပြီးကမ္ဘာကြီးနဲ့တိုင်းပြည်ကိုဆယ်မဖို့အကြောင်းပဲဖြစ်လာဖွယ်ရှိပါတယ်။အချို့သော လမ်းစဉ်သဘောထားတွေရှိမှာဖြစ်ပေမယ့် ခုထိတော့ ထုတ်ဖော်ခြင်းမရှိသေးပါဘူး။နိုင်ငံခြားရေးဝန်ကြီးအဖြစ်ဟီလာရီကလင်တန်ကိုရွေးချယ်လိုက်တာဟာအမေရိကန်ရဲ့နိုင်ငံခြားရေးမူဝါဒအနေနဲ့သစ်လွင်တဲ့အင်အားအဖြစ်ဖွဲ့စည်းမှုပြုလုပ်တာဖြစ်ပြီးပိုမိုကျယ်ပြန့်တဲ့အထွေထွေသောလက်နက်ကိရိယာတွေကိုအသုံးပြုပြီးအမေရိကန်တွေရဲ့အကျိုးအမြတ်နဲ့ကမ္ဘာကြီးရဲ့ သုခချမ်းသာအတွက် ရှေ့ကိုချီတက်မယ်ဆိုတဲ့သဘောပဲဖြစ်ပါတယ်။ဒါကိုလည်းအိုဘားမားကသူ့ရဲ့မိန့်ခွန်းမှာထည့်သွင်းပြောကြားသွားဖွယ်ရှိပါတယ်။နောက်ဆုံးအနေနဲ့တော့ သူကကျန်းမာရေးစောင့်ရှောက်မှု၊စွမ်းအင်၊ရာသီဥတုပြောင်းလဲခြင်း၊အီရန်၊အီရတ်နဲ့အခြားသောသိသာထင်ရှားတဲ့အကြောင်းရပ်တွေနဲ့အတူ သူ့ရဲ့ပြန်လည်နာလန်ထူရေးအစီအစဉ်တွေကို ထည့်သွင်းပြောကြားသွားမှာဖြစ်ပါတယ်။

***စပီဂျဲလ်- FDR ဟာ သူ့ရဲ့သမ္မတသက်တမ်းပထမဦးဆုံး ရက်ပေါင်း ၁၀၀ အတွင်းမှာ သူဖြစ်စေချင်တဲ့သဘောလက္ခဏာတွေကိုတည်ဆောက်ပြသနိုင်ခဲ့တယ်။အိုဘားမားအနေနဲ့ကတော့လက်ရှိစိုးရိမ်သောကရောက်နေရတဲ့အကျပ်အတည်းနဲ့ ပတ်သက်လို့ အချိန်ဘယ်လောက်ယူရမယ်လို့ထင်ပါသလဲ။***

**အော်လ်တာ–** အိုဘားမားကိုယ်တိုင်ကတော့ သူ့ရဲ့သမ္မတသက်တမ်းပထမနှစ်ကာလကို အချိန်ယူဖို့လိုလားခဲ့တယ်။သတင်းမီဒီယာတွေကတော့ သတ်မှတ်ကာလကိုချုံ့နိုင်သမျှချုံ့စေချင်ကြတယ်။ ဒီကြားထဲမှာလူထုကသည်းခံစောင့်စားနေတဲ့ကြားထဲက စီးပွားရေးကကျဆင်းနေဆဲပဲဆိုရင်တော့အိုဘားမားအနေနဲ့ သူ့ရဲ့ကျော်ကြားမှုဒဏ်ကို ပြန်ခံစားရမှာဖြစ်ပါတယ်။ FDR အနေနဲ့စစ်ဖြစ်လာတဲ့အထိစီးပွားပျက်ကပ်ကြီးကို နိုင်ငံမချုပ်နိုင်ခဲ့ဘူးလေ။ဒီတော့အိုဘားမားအနေနဲ့အရာအားလုံးကိုပြန်လည်မဆောင်ကြဉ်းနိုင်ခဲ့ရင်တောင်တိုးတက်မှုဆိုတာကိုပြသဖို့တော့ လိုအပ်တယ်လို့သာဆိုပါရစေ။

***ရည်ညွှန်း- စာရေးဆရာ ဂျိုနသန်အော်လ်တာနှင့်***
***စပီဂျဲလ်မဂ္ဂဇင်းတို့၏ အင်တာဗျူးကို ဆီလျော်အောင်ပြန်ဆိုပါသည်။***

http://www.linhtet.com

# နေတန်ယာဟုက အိုဘားမားကို အထောက်အကူပြုစေပါလိမ့်မယ်

## အရှေ့အလယ်ပိုင်းကျွမ်းကျင်သူ ဒေးဗစ်ပိုလော့စ်နှင့်တွေ့ဆုံမေးမြန်းခြင်း

မြင့်နောင်မိုး



အစ္စရေးနိုင်ငံ၏ဝန်ကြီးချုပ်သစ်အဖြစ် ဇီပီလစ်ဗနီအား အိုဘားမားနှင့်အဖွဲ့က တွေ့မြင်ရန်ပို၍လိုလားလိမ့်မည်။နေတန်ယာဟုသည်အီရန်နိုင်ငံနှင့်ပတ်သက်၍ တရားသေသဘောထားအမြင်ရှိသူ ဖြစ်သည်။ သို့ရာတွင် နေတန်ယာဟုက အမေရိကန်ပြည်ထောင်စုအစိုးရသစ် အားအမှန်တကယ်ပင်အကူအညီပေးနိုင်လိမ့်မည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်းကျွမ်းကျင်သူ ဒေးဗစ်ပိုလော့စ်က စပီဂဲလ်မဂ္ဂဇင်းနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်တို့မှ ထုတ်နုတ်ဖော်ပြရလျှင် . . .

**စပီဂဲလ်-** ***အစ္စရေးရဲ့ဝန်ကြီးချုပ်သစ်အဖြစ်ဘယ်သူဖြစ်မယ်လို့ ထင်ပါသလဲခင်ဗျာ။***

**ပိုလော့စ်** – လက်ရှိအနေအထားအရတော့ဘင်ဂျမင်နေတန်ယာဟုကနှာတစ်ဖျားသာနေတာပေ့ါ။ဘာပဲဖြစ်ဖြစ်အရာရာကိုတော့ကံသေကံမမပြောနိုင်လေဘူးပေ့ါ။ကျွန်တော့်အထင်ကတော့လက်ယာယိမ်းတွေက ညွန့်ပေါင်းအစိုးရဖွဲ့ဖို့တစ်ပန်းသာ နေတယ်လို့ထင်ပါတယ်။ဒါပေမဲ့နေတန်ယာဟုကတော့ ဘယ်လိုပဲဖြစ်ဖြစ် ပွတ်ကာသီကာနိုင်တာမျိုးထက်အပြတ်အသတ်အနိုင်ရလိုတာကလည်းထင်ရှားပါတယ်။ကျွန်တော်တို့အနေနဲ့ ကတော့လက်ယာဆန်တဲ့ ညွန့်ပေါင်းအစိုးရကိုတွေ့ရလိမ့်မှာဖြစ်ပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂျဲလ်**-***ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တကယ်ပဲပြဿနာရှိနေတာပါလား။ ဒါမှမဟုတ်အစိုးရသစ်အနေနဲ့စွမ်းဆောင်နိုင်စွမ်းမရှိခဲ့ရင် ပြဿနာကအချိန်မရွေးပေါ်ပေါက်လာနိုင်ပါသလား။***

**ပိုလေ့စ်** – ပေါ်ပေါက်လာခဲ့တဲ့အစ္စရေးအစိုးရသစ်တွေကတော့ ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်နဲ့နှစ်နိုင်ငံဖြေရှင်းရေးကိစ္စတွေမှာ စိတ်ရောကိုယ်ပါနှစ်ပြီး လုပ်ဆောင်ခဲ့ကြ တာချည်းပါပဲ။ဒါပေမဲ့ဒီလုပ်ငန်းစဉ်တွေအပေါ်မှာများများစားစားစွမ်းဆောင်နိုင်ခဲ့ တာတော့မရှိပါဘူး။

**စပီဂျဲလ်**- ***ဒါဆိုရင် အိုဘားမားရဲ့အစိုးရသစ်အပေါ်မှာပဲ အားထား မျှော်လင့်ရတော့မှာပေါ့။***

**ပိုလေ့စ်** – အမေရိကန်အစိုးရကတော့ ပံ့ပိုးမှန်တွန်းအားပေးနေမှာဖြစ်ပါတယ်။ 'ပံ့မှန်'ဆိုတဲ့စကားလုံးက'အဓိက'လို့ပြောတာမဟုတ်ဘူး။အိုဘားမားရဲ့ ကြီးကျယ်တဲ့ မိန့်ခွန်းဒါမှမဟုတ်ညှိနှိုင်းဆွေးနွေးပွဲတွေကတော့ ဘာမှအဖြေရှာနိုင်မှာမဟုတ်ဘူး။တကယ်က ကိုယ်ကိုယ်တိုင်ကနေပြီးလက်တွေ့အရေးကိစ္စတွေမှာ သည်းခံစိတ်ရှည်ပြီးကြိုးပမ်းလုပ်ဆောင်လိုစိတ်ရှိရမှာဖြစ်ပါတယ်။ဒါဟာ အိုဘားမားရဲ့အစိုးရအဖွဲ့ ဘယ်လိုအတိ အကျလုပ်ဆောင်ရမယ်ဆိုတဲ့ အရိပ်လက္ခဏာတွေပဲဖြစ်တယ်။သူတို့ရဲ့ကြေညာချက်အရအထူးသံတမန်ဂျော့မစ်ရှယ်ဟာ ဒီလ ကုန်ပိုင်းမှာ ပြည်တော်ပြန်လိမ့်မယ်လို့ဆိုတယ်။ ဒါဟာသူတို့အနေနဲ့ အရှေ့အလယ်ပိုင်းအရေးမှာ ပံ့မှန်သာကြိုးပမ်းသွားလိုစိတ်ရှိနေတာကို ပြနေတာဖြစ် ပါတယ်။

**စပီဂျဲလ်**-***အိမ်ဖြူတော်က ဇီပီလစ်ဗနီနဲ့အလုပ်အတူတွဲလုပ်ဖို့ ပိုလိုလားတယ် ဆိုတာဖုံးမထားတဲ့လျှို့ဝှက်ချက်လို့ဆိုမလားပဲ။သူတို့က တရားသေသမားနေတန်ယာဟုကြောင့် ငြိမ်းချမ်းရေးညှိနှိုင်းပွဲကို ပိုပြီးအခက်တွေ့မှာ စိုးရွံ့နေတာ မဟုတ်လား။***

**ပိုလေ့စ်** – ခင်ဗျားပြောသလိုမျိုးလုံးဝချည်းတော့မဟုတ်ပါဘူး။ တချို့သော ညှိနှိုင်းဆွေးနွေးမယ့်အကြောင်းအရာတွေအတွက် နေတန်ယာဟုထက်စာရင် လစ်ဗနီကပိုပြီးအလိုက်အထိုက်ဖြစ်နိုင်ကောင်းမယ်ဆိုတာတော့မှန်ပါတယ်။ ဥပမာအားဖြင့် နေတန်ယာဟုကပယ်ချထားတဲ့ ပြေငြိမ်းရေးအတားအဆီးတွေကို လစ်ဗနီက ထောက်ခံလာခဲ့တာမျိုးပေါ့။ ဒါပေမဲ့ဒီကိစ္စကို အသေအချာကြည့်ရင် သူတို့နှစ်ဦး ကြားခြားနားမှုကသိသိသာသာကွဲပြားတာမျိုးမဟုတ်ပါဘူး။လစ်ဗနီအနေနဲ့တန့်ရပ်နေတဲ့ပြေငြိမ်းရေးကို ကြိုးပမ်းရယူဖို့ဆိုတာ အလားအလာမရှိလှပါဘူး။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂျဲလ်-** ***ဒါပေမဲ့ ဟားမတ်စ်တွေကို ဖြုတ်ချရမယ်ဆိုပြီး အဆက်မပြတ် ပြောဆိုနေတဲ့ နေတန်ယာဟုရဲ့စကားက ငြိမ်းချမ်းရေးဆွေးနွေးပွဲသစ် အတွက် အထောက် အကူဖြစ်စေမှာတဲ့လား။***

**ပိုလော့စ်–** နေတန်ယာဟုအာဏာရလာတဲ့အခါ မဲဆွယ်စည်းရုံးရေးကာလထက် သူက ပိုပြီးလက်တွေ့ဆန်တဲ့သူဖြစ်လာလိမ့်မယ်။သူ့အနေနဲ့ အိုဘားမားအစိုးရ ငြိမ်းချမ်းရေးတွန်းအားပေးမှုကိုပစ်ပယ်မှာမဟုတ်ဘူးဆိုတာလည်း အသေအချာပါပဲ။ ဟားမတ်အရေးနဲ့ပတ်သက်လို့လည်း ဝါရှင်တန်နဲ့စိတ်ဝမ်းကွဲမယ့်အလားအလာမျိုးလည်း မမြင်မိပါဘူး။အိုဘားမားအစိုးရအနေနဲ့ဟားမတ်စ်တွေ ကိုလက်မကမ်းသင့်ဘူးလို့တွေးထင်နေတဲ့လူကလူနည်းစုသာဖြစ်ပါတယ်။ဟားမတ်စ်တွေရဲ့လှုပ်ရှားဆောင်ရွက်မှုတွေဟာ အမှန်တရားအပေါ်မှာ လက်ကိုင်ပြုပြီး တာဝန်သိသိလုပ်ဆောင်နေတာဖြစ်ကာ နှစ်နိုင်ငံ ဖြေရှင်းရေးနဲ့ ပတ်သက်လို့အာရပ်တို့ရဲ့ပထမခြေလှမ်းကို အကာအကွယ်ပေးနေတာလည်းဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာဟားမတ်စ်တို့ကအမိကလိုက်လျောမှုမျိုးမရှိခဲ့ရင် အမေရိကန်အစိုးရအနေနဲ့ ဟားမတ်စ်တွေကိုကမ်းလှမ်းရေးနဲ့ပတ်သက်ပြီး အလွယ်တကူမဆုံးဖြတ်သင့်ပါဘူး။

**စပီဂျဲလ်-** ***အီရန်နဲ့ပတ်သက်လို့လည်းသိသာတဲ့ကွဲပြားခြားနားမှုရှိပါ တယ်။နေတန်ယာဟုကတီဟီရန်အစိုးရကို အသက်ရှင်ရပ်တည်ရေးခြိမ်းခြောက်မှုအဖြစ် သမုတ်ခဲ့ပြီး အီရန်ရဲ့နျူကလီးယားအစီအစဉ်ကို စစ်ရေးအရအရေးယူတိုက်ခိုက်ဖို့ ပွင့်ပွင့်လင်းလင်းပြောကြားခဲ့ပါတယ်။ အိုဘားမားကတော့ အီရန်ကိုသံတမန်ရေးနည်းလမ်းသစ်နဲ့ကမ်းလှမ်းဖို့ အရိပ်အမြွက်ပြောကြားခဲ့ပါတယ်။ အဲဒီအကြောင်းလေးပြောပြ ပေးပါလားခင်ဗျား။***

**ပိုလော့စ်–** အမေရိကန်ကအီရန်နဲ့ပြောဆိုဆွေးနွေးမှုကိုနေတန်ယာဟုအစိုးရက ကန့်ကွက်မယ်လို့မထင်ပါဘူး။သူတို့ကအခြေအနေကိုစောင့်ကြည့်နေမှာဖြစ်ပေမယ့် လုံးလုံးလျားလျားဆန့်ကျင်ကန့်ကွက်မှာတော့မဟုတ်ပါဘူး။ဒါပေမဲ့ သူတို့က လက်ဦးမှုနဲ့ပတ်သက်လို့စိုးရိမ်ထိတ်လန့်စရာအကြောင်းပြချက်အချို့ရှိနေပြီး လက်ဦးမှုကို ထိုက်တန်တဲ့ကြိုးပမ်းမှုလုပ်ရပ်အဖြစ်မြင်နေခဲ့တယ်။ တကယ်လို့ အီရန်ရဲ့လုပ်ရပ်ကိုမတားဆီးခဲ့ရင် အီရန်ကတော့ နျူကလီးယားလက်နက် ဖြစ်မြောက်အောင်မြင်တဲ့အထိ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် ကွဲပြားခြားနားတဲ့ပြဿနာကတော့ရှိလာနိုင်ပါတယ်။ဒါပေမဲ့အဲဒီအရှုပ်အထွေးတွေပြီးသွားရင် အီရန်နဲ့ပတ်သက်လို့နေတန်ယာဟုရဲ့ ခိုင်မာတဲ့ရပ်တည်ချက်က အီရန်နဲ့အမေရိကန်ရဲ့ သံခင်းတမန်ခင်းနည်းလမ်းသစ်ကို ပိုပြီးအသုံးတည့်စေမှာ ဖြစ်ပါတယ်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

**စပီဂဲလ်-** ***ဘယ်လိုများပါလဲခင်ဗျာ။***

**ပိုလော့စ်–** တကယ်တမ်းအီရန်ရဲ့ခြိမ်းခြောက်မှုဆိုတာ သကြ်န်အမြောက်ဖောက်သလိုသာဖြစ်နေမှာဖြစ်ပြီး သူတို့စိုးရိမ်နေရမှာကသူတို့ရဲ့ချုကလီးယားအစီအစဉ်ကိုအစ္စရေးကစစ်ရေးအရဆန့်ကျင်တိုက်ခိုက်လာမှာကိုသာဖြစ်တယ်။ဒီတော့အစ္စရေးရဲ့တိုက်ခိုက်မှုကိုရှောင်ရှားဖို့က အိုဘားမားအစိုးရအဖွဲ့ရဲ့ ဆွေးနွေးစားပွဲရှိရာကိုသာ အီရန်အနေနဲ့ရွေးချယ်ရုံသာရှိပါတယ်။

**Ref:** ***စပီဂျဲလ်မဂ္ဂဇင်းနှင့်အရှေ့အလယ်ပိုင်း***
***ကျွမ်းကျင်သူ ဒေးဗစ်ပိုလော့စ်တို့၏အင်တာဗျူးကို***
***ဆီလျော်အောင်ပြန်ဆိုပါသည်။***

http://www.linhtet.com

# ကွန်ဖရင့်ဒစ်ပလိုမေစီ ပါရာဒိုင်းအသစ်ကိုဖော်ဆောင်မည့် ဆူဆန်ရိုက်စ်

မျိုးဇော်



## နိဒါန်း

ဘားမားအစိုးရသစ်၏အုပ်ချုပ်ရေးစတင်ခဲ့ပြီဖြစ်သည်။အလားတူပင် နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်၍လည်း တစ်စထက်တစ်စထင်ရှားလာပြီဖြစ်သည်။ အထူးသတိပြုဖွယ်ဆောင်ရွက်ချက်တစ်ရပ်မှာ ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ကြီးကို ကက်ဘိနက်တန်းဝင်ဝန်ကြီးအဆင့်ပြန်လည်သတ်မှတ်ခဲ့ပြီးအသက်၄၄နှစ်အရွယ်ရှိ ဆူဆန်အဲလိစဘက်ရိုက်စ်ကို သံအမတ်ကြီးအဖြစ်ခန့်အပ်တာဝန်ပေးခဲ့ခြင်းဖြစ်သည်။သမ္မတကလင်တန်လက်ထက်တွင် ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်ကြီးအဆင့်ကို ဝန်ကြီးအဆင့်သတ်မှတ်ခဲ့သော်လည်းသမ္မတဘုရှ်လက်ထက်တွင်ဝန်ကြီးအဆင့်မှအဆင့်လျှော့ချသတ်မှတ်ခဲ့သည်ကိုအိုဘားမားလက်ထက်တွင် ပြန်လည်၍အဆင့်မြှင့်တင်ပေးလိုက်ခြင်းလည်းဖြစ်သည်။ အာဖရိကန်အမေရိကန်လူမျိုးတစ်ဦးဖြစ်သောဆူဆန်ရိုက်စ်သည်ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမေရိကန်ပြည်ထောင်စု၏အမျိုးသားအကျိုးစီးပွားနှင့်နိုင်ငံတကာအရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရမည့်သံအမတ်ကြီးအဖြစ်သို့ရောက်ရှိလာခဲ့ချိန်တွင်ဆက်လက်ဖြစ်ပေါ်လာမည့်အလားအလာကို နိုင်ငံတကာရေးရာလေ့လာသုံးသပ်သူအများအပြားက စိတ်ဝင်တစားစောင့်ကြည့်နေကြပြီဖြစ်သည်။ကွန်ဒိုလီဇာရိုက်စ်ပြီးလျှင်နိုင်ငံခြားရေးမူဝါဒဆိုင်ရာထိပ်တန်းရာထူးကိုရယူခဲ့သောဒုတိယမြောက်အာဖရိကန်အမေရိကန်အမျိုးသမီးတစ်ဦးဖြစ်သည့်ဆူဆန်ရိုက်စ်ကို

ဒုတိယမြောက်ရိုက်စ်ဟုလည်း မီဒီယာများက တင်စားခေါ်ဝေါ်လျက်ရှိကြောင်း တွေ့ရှိရသည်။

## ဆူဆန်ရိုက်စ်ဆိုတာ ဘယ်သူလဲ

ဆူဆန်ရိုက်စ်၏ဖခင်မှာ ဗဟိုဘဏ်အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသောအမ်မက်ရိုက်စ်ဖြစ်ပြီးမိခင်ဖြစ်သူ ဒစ်ဆန်ဖစ်မှာဂျမေကာနိုင်ငံသားမိဘနှစ်ပါးမှမွေးဖွားခဲ့သောပညာတတ်တစ်ဦးဖြစ်ကြောင်းသိရှိရသည်။ဆူဆန်ရိုက်စ်မှာ စတန်းဖို့ဒ်တက္ကသိုလ်မှဘွဲ့ရရှိခဲ့ပြီးအောက်စ်ဖို့တက္ကသိုလ်မှမဟာဘွဲ့ရရှိခဲ့သည်။၎င်းနောက်အသက် ၂၅နှစ် အရွယ်တွင်ပါရဂူဘွဲ့ရရှိခဲ့ပြီးနောက်မက်ကင်ဆေးအင်န်ကုမ္ပဏီ၌ အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။၁၉၈၈ခုနှစ်တွင်မစ်ချယ်ဒူကာကစ်စ်မှသမ္မတရွေး ကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ရာ၌ နိုင်ငံခြားရေးမူဝါဒအကြံပေးအဖွဲ့တွင်ပါဝင်ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ဂျွန်ကယ်ရီ၏ ၂၀၀၄ ခုနှစ်သမ္မတအရွေးချယ်ခံရန်စည်းရုံးလှုံ့ဆော်မှုများပြုလုပ်စဉ်က နိုင်ငံခြားရေးမူဝါဒအကြံပေးအဖွဲ့တွင်ပါဝင်ဆောင်ရွက်ခဲ့သည်။၎င်းနောက်အိုဘားမားရွေးကောက်ပွဲဝင်ရာ တွင်နိုင်ငံခြားရေးမူဝါဒဆိုင်ရာဝါရင့်အကြံပေးအဖြစ်ဆောင်ရွက်ခဲ့သည်။ သမ္မတကလင်တန်လက်ထက်အမျိုးသားလုံခြုံရေးကောင်စီတွင် အာဖရိကရေးရာ တာဝန်ခံအဖြစ်ဆောင်ရွက်ခဲ့သည်။ထိုအချိန်ကကင်ညာနိုင်ငံနှင့်တန်ဇန်းနီးယားနိုင်ငံများရှိအမေရိကန်သံရုံးများကို အယ်လ်ကိုင်ဒါများဗုံးခွဲတိုက်ခိုက်ခဲ့စဉ်ကအဓိကတာဝန်ယူဖြေရှင်းခဲ့ရသည်။၁၉၉၄ခုနှစ်ရဝမ်ဒါနိုင်ငံ၌လူမျိုးတုံးသတ်ဖြတ်မှုများဖြစ်ပွားခဲ့စဉ်က အမေရိကန်ပြည်ထောင်စုအနေဖြင့်အင်အားသုံး၍ ကြား ဝင်စွက်ဖက်ခြင်းမပြုစေရန် သမ္မတအားအကြံဉာဏ်ပေးနိုင်ခဲ့သည်အသက်၃၀ အရွယ်တွင် ၁၉၈၇ခုနှစ်မှ ၂၀၀၁ခုနှစ်အထိအာဖရိကရေးရာလက်ထောက်နိုင်ငံခြားရေးဝန်ကြီး အဖြစ်ဆောင်ရွက်ခဲ့သည်။

ဆူဆန်ရိုက်စ်အနေဖြင့် ကုလသမဂ္ဂသံအမတ်ကြီးအဖြစ်တာဝန်ထမ်းဆောင် ရာတွင် အလေးပေးဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းစဉ်လေးရပ်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်လေးရပ်၏အရေးကြီးမှုအတိုင်းအတာမှာညီတူညီမျှပင်ဖြစ်ကြောင်း၊ပထမဦးဆုံးအချက်မှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များတွင်ကုလ သမဂ္ဂအဖွဲ့ကြီး၏စွမ်းရည်တိုးတက်ခိုင်မာစေအောင်ဆောင်ရွက်ရေးဖြစ် ကြောင်း၊ကမ္ဘာတစ်ဝန်း၌နေရာ၁၆ခုတွင်ကုလသမဂ္ဂငြိမ်းချမ်းရေး၊ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်ကိုးသောင်းနီးပါးဖြန့်ကြက်တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း၊အထူးသဖြင့်အာဖရိကနိုင်ငံများတွင်ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများခိုင်မာတောင့်တင်းစေရန်ဆောင်ရွက်ရန်လိုကြောင်း၊ဒုတိယအချက်မှာ ရာသီဥတုပြောင်းလဲမှုကိစ္စကိုဖြေရှင်းဆောင်ရွက်ရေးဖြစ်ကြောင်း၊ကမ္ဘာကြီးပူနွေးမှုကိုဖြေရှင်းရာတွင် စီအိုတူးဓာတ်ငွေ့အများဆုံးထုတ်လွှတ်နေသောနိုင်ငံများအနေဖြင့်အဓိကအစိတ်အပိုင်းများအဖြစ် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရုတ်နှင့်အိန္ဒိယတို့ကဲ့သို့သောလျင်မြန်စွာစီးပွားရေးတိုးတက်နေသည့်နိုင်ငံများ အနေဖြင့်လည်းနိုင်ငံတကာကတိကဝတ်များရရှိရေးအတွက်ဆွေးနွေးညှိ

## အိုဘားမားကောက်ကြောင်း

နိုင်းရာတွင်ပါဝင်ရမည်ဖြစ်ကြောင်း၊အားနည်းသောနိုင်ငံများအားရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တတိယအချက်မှာနျူကလီးယားလက်နက်မပြန့်ပွားရေးဖြစ်ကြောင်း၊အဆိုပါလုပ်ငန်းအတွက်အီရန်နိုင်ငံနှင့် တိုက်ရိုက်ဒစ်ပလိုမေစီကိုဖော် ဆောင်သွားမည်ဖြစ်ကြောင်း၊စတုတ္ထဦးစားပေးလုပ်ငန်းမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ဖွံ့ဖြိုးတိုးတက်ရေး၊အနာရောဂါများကင်းဝေးရေးနှင့်ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည် မှန်းချက်များအကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်ကြောင်း၊၎င်းဦးစားပေးလုပ်ငန်းစဉ်များသည်ကုလသမဂ္ဂအဖွဲ့ကြီး၏ရည်မှန်းချက်များဖြစ်သလိုအမေရိကန်ပြည်ထောင်စု၏ရည်မှန်းချက်များလည်းဖြစ်ကြောင်းထုတ်ဖော်ပြောကြားသွားခဲ့သည်။

အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းခြိမ်းခြောက်မှုအပေါ် အမေရိကန်ပြည်ထောင်စုအနေဖြင့် အထူးပင်စိုးရိမ်ပူပန်နေရဆဲပင်ဖြစ်ကြောင်း၊ အီရန်နိုင်ငံနှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အလားတူပင်လုံခြုံရေး ကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံလေးနိုင်ငံနှင့်လည်း ပူးပေါင်းလက်တွဲဆောင်ရွက်မှုများဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းအဆုံးသတ်ရေးအတွက် ဖိအားပေးမှုများကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်သော်လည်းလိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူဆန်ရိုက်စ်ကထုတ်ဖော်ပြောကြားသွားခဲ့သည်။အမေရိကန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အနေဖြင့်ဒိုင်ယာလော့ဒစ်ပလိုမေစီကို ပူးတွဲဖော်ဆောင်ခြင်းအားဖြင့် အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းကိစ္စကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### ပြည်တွင်းနိုင်ငံရေးဖိအားများ

ဆူဆန်ရိုက်စ်အနေဖြင့်လည်း ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာစာမျက် နှာ၌ကျဆင်းနေသော အမေရိကန်နိုင်ငံ၏ပုံရိပ်ကို ပြန်လည်ဆယ် တင်ရန် ခန့်အပ် ခြင်းခံခဲ့ရသည့်အတွက် အရေးပါသောပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ သို့သော်လည်းအမေရိကန်ဆီးနိတ်မှ ရီပတ်ဘလီကင်အများစုကမူကုလသမဂ္ဂအဖွဲ့ကြီး၏ လွန်ခဲ့သောနှစ်နှစ်ကျော်က ရေနံနှင့်စားနပ် ရိက္ခာလဲလှယ်ရေး Oil for Food လာဘ်စားမှုကိစ္စကို ပြန်လည်ဖော်ညွှန်းခဲ့ကြပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍သီးခြားလွတ်လပ်သောစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်စေရန် သမ္မတဘုရှ်လက်ထက်ဆောင်ရွက်ခဲ့စဉ်ကကုလသမဂ္ဂမှ အဆိုပါအဖွဲ့အားဖျက်သိမ်းခဲ့ခြင်းကို ထောက်ပြလျက်ရှိသည်။ဆိုလိုသည်မှာ ကုလသမဂ္ဂသည် ခိုင်မာသည့်အဖွဲ့ကြီးမဟုတ်ဟု ခံယူထားချက်ကိုထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်သည်။ ဆူဆန်ရိုက်စ်ကမူအဆိုပါကိစ္စမျိုးမဖြစ်ပေါ်စေရန်ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စကိုကုလသမဂ္ဂအဖွဲ့အတွင်းရှိစာရင်းစစ်အဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်စေသင့်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

ပြန်လည်လေ့လာကြည့်လျှင်သမ္မတဘုရှ်လက်ထက်ကအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်နှင့်အလွမ်းမသင့်ဖြစ်ခဲ့ရခြင်းတွင် ၎င်းကိစ္စမှာအဓိကအကြောင်းရင်း တစ်ချက်အနေဖြင့်ပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။အလားတူပင် ကုလသမဂ္ဂ၏အခွင့်အာဏာအပ်နှင်းခြင်းမရှိဘဲအီရတ်သို့ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းကြောင့်ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား အက် ကြောင်းကြီးမားခဲ့သည်ကိုတွေ့ရှိရသည်။ အဆိုပါကိစ္စကြောင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင်ကုလသမဂ္ဂအဖွဲ့ကြီး၏အခန်းကဏ္ဍအပေါ် မေးခွန်းထုတ်မှုများရှိခဲ့သည်။ရီပတ်ဘလီကင်အများစုကမူ အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုများဖြစ်ပေါ်လာလျှင် သို့တည်းမဟုတ် ခြိမ်းခြောက်နိုင်သည့်အလားအလာများဖြစ်ပေါ်လာလျှင်ကုလသမဂ္ဂအဖွဲ့ကြီးကိုလျစ်လျူရှု၍ အမေရိကန်အစိုးရကအင်အားသုံးဆောင်ရွက်ခွင့်ရှိသည်ဟူသော သဘော ထားကို ဆက်လက်ဆုပ်ကိုင်ထားဆဲပင်ဖြစ်သည်။

### နိဂုံး

နိုင်ငံခြားရေးမူဝါဒများတွင် အထူးသဖြင့်အာဖရိကရေးရာကိစ္စရပ်များတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ဖူးသော ဆူဆန်ရိုက်စ်အားကုလသမဂ္ဂသံအမတ်ကြီးအဖြစ်ဝန်ကြီးအဆင့်ပေးအပ်ခဲ့ခြင်းကိုကြည့်၍ အိုဘားမားအစိုးရ၏ အလားအလာကိုမှန်းဆကြည့်နိုင်သည်။နယူးယောက်ဌာနချုပ်သည်အဓိကအားဖြင့်အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် လုံခြုံရေးကောင်စီ၏လုပ်ငန်းများအဓိကရှိနေပြီးဆူဆန်ရိုက်စ်အား အမေရိကန်နိုင်ငံ၏အမျိုးသားအကျိုးစီးပွား၊ အမျိုး သားလုံခြုံရေးကိုကာကွယ်စောင့်ရှောက်နိုင်ရန်၊တစ်ဖက်ကလည်းအမေရိကန်နိုင် ငံ၏ ကျဆင်းနေသောဂုဏ်သိက္ခာကိုပြန်လည်ဆယ်တင်နိုင်ရန်မျှော်မှန်းချက်များဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဟုဆိုနိုင်သည်။ လက်ရှိအချိန်မှာပင်ဂါဇာကမ်း မြောင်ဒေသစစ်မီးလျှံများတောက်လောင်နေချိန်တွင် အိုဘားမားအစိုးရသည် ဆီးနိတ်တာမစ်ရှယ်ကိုအထူးသံတမန်အဖြစ်ခန့်အပ်ကာ စေ့စပ်ညှိနှိုင်းမှုများဆောင်ရွက်လျက်ရှိသည်။အိုဘားမားနှင့်ဆူဆန်ရိုက်စ်တို့၏ ထုတ်ဖော်ပြောကြားချက်အပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးကအိုဘားမားအစိုးရသစ်ဆက်ခံပြီးနောက်ပိုင်း၌ အမေရိကန်ပြည်ထောင်စုထံ မှချဉ်းကပ်မှု၊နည်းလမ်းအသစ်များဆောင်ရွက်လာချိန်ကိုအဆင်သင့်စောင့်ဆိုင်း လျက်ရှိကြောင်းတုံ့ပြန်ပြောကြားခဲ့သည်ကိုတွေ့ရှိရသည်။ဆူဆန်ရိုက်စ်၏တိုက်ရိုက်ဒစ်ပလိုမေစီအပေါ်စိတ်ဝင်စားမှုရှိကြောင်း ထုတ်ဖော်ပြသသည့်သဘောသက်ရောက်နေသည်။

အသစ်အသစ်သောအပြောင်းအလဲများဆောင်ရွက်မည်ဟု ကတိကဝတ်ပြုထားခဲ့ သောအိုဘားမားအစိုးရနှင့်ဆူဆန်ရိုက်စ်အပါအဝင်နိုင်ငံခြားရေးမူဝါဒရေးရာကိုင်တွယ်ဆောင်ရွက်သူများအနေဖြင့်နိုင်ငံတကာမျက်နှာစာသို့ပုံစံအသစ်ဖြင့်ဝင်ရောက်မည့်အလားအလာများကိုကား မြင်တွေ့စပြုနေပြီဖြစ်သည်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပနိုင်ငံရေးဖိအားများ၊အမေရိကန် နိုင်ငံ၏ အကျိုးစီးပွားများအကြား ရေရှည်မည်မျှအထိ တောင့်ခံနိုင်မည်၊ ကတိက

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဝတ်များကို မည်မျှအတိုင်းအတာအထိ ဖြည့်ဆည်းနိုင်မည်ကိုကား အတပ်သေချာပြောကြားနိုင်ဦးမည်မဟုတ်ပေ။သမ္မတဘုရှ်လက်ထက်ကအထူးအလေးထားခြင်းမရှိခဲ့သောရာသီဥတုပြောင်းလဲမှုကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက် ရေးရည်မှန်းချက်များပြည့်ဝရေးဆောင်ရွက်မှုတို့နှင့်ပတ်သက်၍လည်း ကြွေးကြော် ထားသည့်အတိုင်း တက်တက်ကြွကြွမည်မျှကြာအောင် ဆောင်ရွက်နိုင်မည်ကို လည်း စောင့်ကြည့်ရဦးမည့်အနေအထားတွင်ရှိနေသည်ကို တွေ့ရှိရသည်။ မည်သို့ပင်ဆိုစေ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ၏ကွန်ဖရင့်ဒစ်ပလိုမေစီ နှင့် စားပွဲဝိုင်းဒစ်ပလိုမေစီတို့အကြားတွင် ဆူဆန်ရိုက်စ်တစ်ယောက်မည်မျှအောင်မြင်မှုရရှိမည်ကို စိတ်ဝင်တစားစောင့်ကြည့်ရမည်သာဖြစ်ပေသည်။

Source: Ambassador Rice Remarks after Presentation of U.N.Credentials, USUN Press Release U.N.Ambassador: Susan E.Rice,Newyork Timesအမေရိကန်ပြည်ထောင်စု၏နိုင်ငံခြားရေးမူဝါဒဆိုင်ရာများ ဆောင်ရွက်ခဲ့ရာတွင် အာဖရိကရေးရာကိစ္စရပ်များကို နက်နက်ရှိုင်းရှိုင်းပါဝင်ပတ်သက်ဆောင်ရွက်ခဲ့သူတစ်ဦးဟုဆိုနိုင်ပါသည်။ သမ္မတကလင်တန်လက်ထက်၌ အိမ်ဖြူတော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့တွင် ရှစ်နှစ်ကြာအောင်တာဝန်ထမ်းဆောင်ခဲ့သည်မှန်သော်လည်း သမ္မတရွေးကောက်ပွဲဝင်မည့် အိုဘားမားအဖွဲ့သို့လွှန်ခဲ့သောနှစ်နှစ်ကျော်ကစတင်၍ရောက်ရှိခဲ့ပြီးနောက် ဟီလာရီက လင်တန်က သမ္မတလောင်းအဖြစ်ရွေးချယ်ခံရန် ကြေညာချက်ထုတ်ပြန်စဉ်ကလည်း အိုဘားမားအပေါ် သစ္စာရှိစွာဖြင့်ဘက်မပြောင်းဘဲဆက်လက်ရပ်တည်ခဲ့သူဖြစ်သည်။အေဘီစီသ တင်းဌာနမှ ကနေဒါဖွားအီယန် ကင်မရွန်းနှင့် လက်ထပ်ခဲ့ပြီး သားသမီးနှစ်ဦးထွန်းကားခဲ့သည်။

ကုလသမဂ္ဂသံအမတ်ကြီးဖြစ်လာပြီးနောက် ထုတ်ဖော်ပြောကြားချက်များမှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်ကိုတွေ့ရှိရသည်။ အီရန်အစိုးရကသာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသောလက်သီးဆုပ်ကို ဖြေလျှော့မည်ဆိုလျှင် လက်ဆွဲနှုတ်ဆက်ရန် အဆင်သင့်ရှိသည်ဟု သမ္မတသစ်အိုဘားမားကထုတ်ဖော်ပြောကြားပြီးနောက် ဆူဆန်ရိုက်စ်ကလည်းအမေရိကန်ပြည်ထောင်စုအနေဖြင့် အီရန်အစိုးရနှင့်တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများ(ဒါရိုက်ဒစ်ပလို မေစီ) ဆောင် ရွက်ရန် အဆင်သင့်ရှိကြောင်း၊သို့သော်လည်း အီရန်အစိုးရအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်ထားသောဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုက်နာရန်ဆက်လက်ငြင်းဆန်နေပါကဖိအားပေးမှုများ ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

ဇန်နဝါရီ၂၆ရက်က ကုလသမဂ္ဂသံအမတ်ကြီးအဖြစ်ခန့်အပ်လွှာပေးအပ်စဉ်က အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့် ၄၅မိနစ်ကြာအောင် သီးသန့်ဆွေးနွေးခဲ့ကြောင်းသိရသည်။သမ္မတဘုရှ်လက်ထက်ကိုပြန်ကြည့်လျှင်ကုလသမဂ္ဂနှင့်ဆက်ဆံရေးမှာအီရတ်စစ်ပွဲကြောင့် တင်းမာခဲ့သည့်အနေအထားရှိခဲ့ပြီးသမ္မတသစ်အိုဘားမားလက်ထက်တွင်အပြုသဘော

http://www.linhtet.com



ဆောင်သော ပူးပေါင်းဆောင်ရွက်မှုများဖြစ်ပေါ်လာနိုင်ရန်မျှော်မှန်းထားကြသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂမျက်နှာစာတွင် အမေရိကန်အစိုးရကိုယ်စားဆောင်ရွက်မည့် ရှေ့အလားအလာများကို ထုတ်ဖော်ပြောကြားရာတွင်သမ္မတအိုဘားမား၏သဘောထားမှာရှင်းပါကြောင်း၊မိမိတို့နိုင်ငံ၏အမျိုးသားလုံခြုံရေးနှင့်ရှင်သန်နေထိုင်မှုများအတွက်အခြားသောနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရမည်ဟူသောခံယူချက်ကို ထုတ်ဖော်ပြောကြားထားပြီးဖြစ်ကြောင်း၊ထိုသို့နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရာတွင်ထိထိရောက်ရောက်ရှိစေရေး အတွက် ကုလသမဂ္ဂအဖွဲ့အစည်းထက်ပိုမိုသင့်တော်သောအဖွဲ့အစည်းမရှိကြောင်း၊ ကုလသမဂ္ဂ နယူးယောက်ဌာနချုပ်တွင်ရှိသော နိုင်ငံတကာမှ မိမိ၏မိတ်ဆွေသံအမတ်ကြီး များနှင့် ရှေ့ဆက်လက်၍ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အခြားနိုင်ငံများ၏ သဘောထားများ၊ ဆန္ဒများကို မိမိနားထောင်သွားမည်၊ အခြားနိုင်ငံများနှင့် စေ့စပ်ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင်လည်း မိမိတို့နိုင်ငံများ၏ကိုယ်စီကိုယ်စီအကျိုးစီးပွားများကိုရှေးရှု၍ အပြုသဘောပူး ပေါင်းဆောင်ရွက်မှုများလုပ်ဆောင်သွားမည်ဖြစ် ကြောင်း ထုတ် ဖော်ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးသည်အဓိကကျသောနိုင်ငံစုံအဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးတွင်ကြီးမားသောစွမ်းဆောင်နိုင်မှုအလားအလာများရှိနေကြောင်း၊ ကြီးမြတ်သောတိုးတက်မှုများရှိနေကြောင်း၊သို့ဖြစ်၍ကုလသမဂ္ဂအဖွဲ့ကြီးထိရောက်သည်ထက် ထိရောက်စေရန်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကိုအထွေထွေအတွင်းရေးမှူးချုပ်နှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာကုလသမဂ္ဂအဖွဲ့ကြီးသည် ၂၁ရာစုစိန်ခေါ်မှုများကိုဖြေရှင်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းထည့်သွင်းပြောကြားသွားခဲ့သည်ကိုတွေ့ရှိရသည်။

## ဦးစားပေးလုပ်ငန်းစဉ်လေးရပ်

ဆူဆန်ရိုက်စ်အနေဖြင့် ကုလသမဂ္ဂသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင် ရာတွင် အလေးပေးဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းစဉ်လေးရပ်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်လေးရပ်၏အရေးကြီးမှုအတိုင်းအတာမှာညီတူညီမျှပင်ဖြစ်ကြောင်း၊ပထမဦးဆုံးအချက်မှာငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်များတွင်ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းရည်တိုးတက်ခိုင်မာစေအောင် ဆောင်ရွက်ရေးဖြစ် ကြောင်း၊ကမ္ဘာတစ်ဝန်း၌နေရာ၁၆ခုတွင်ကုလသမဂ္ဂငြိမ်းချမ်းရေး၊ ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်ကိုးသောင်းနီးပါးဖြန့်ကြက်တာဝန်ထမ်းဆောင်လျက်ရှိနေကြောင်း၊ အထူးသဖြင့်အာဖရိကနိုင်ငံများတွင်ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများခိုင်မာတောင့်တင်းစေရန် ဆောင်ရွက်ရန်လိုကြောင်း၊ဒုတိယအချက်မှာရာသီဥတုပြောင်းလဲမှုကိစ္စကိုဖြေရှင်းဆောင်ရွက်ရေးဖြစ်ကြောင်း၊ကမ္ဘာကြီးပူနွေးမှုကိုဖြေရှင်းရာတွင် စီအိုတူးဓာတ်ငွေ့အများဆုံးထုတ်လွှတ်နေသောနိုင်ငံများအနေဖြင့် အဓိကအစိတ်အပိုင်းများအဖြစ် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

တရုတ်နှင့် အိန္ဒိယတို့ကဲ့သို့သောလျင်မြန်စွာစီးပွားရေးတိုးတက်နေသည့်နိုင်ငံများအနေဖြင့်လည်းနိုင်ငံတကာကတိကဝတ်များရရှိရေးအတွက် ဆွေးနွေးညှိနှိုင်း ရာတွင်ပါဝင်ရမည်ဖြစ်ကြောင်း၊အားနည်းသောနိုင်ငံများအားရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊တတိယအချက်မှာ နျူကလီးယားလက်နက်မပြန့်ပွားရေးဖြစ်ကြောင်း၊အဆိုပါလုပ်ငန်းအတွက်အီရန်နိုင်ငံနှင့်တိုက်ရိုက်ဒစ်ပလိုမေစီကိုဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊စတုတ္ထဦးစားပေးလုပ်ငန်းမှာဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ဖွံ့ဖြိုးတိုးတက်ရေး၊အနာရောဂါများကင်းဝေးရေးနှင့်ထောင်စုနှစ်ဖွံ့ဖြိုးတိုး တက်ရေးရည်မှန်းချက်များအကောင်အထည်ဖော်နိုင်ရေးပင်ဖြစ်ကြောင်း၊၎င်းဦးစားပေးလုပ်ငန်းစဉ်များသည်ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်များဖြစ်သလိုအမေရိကန်ပြည်ထောင်စု၏ရည်မှန်းချက်များလည်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းခြိမ်းခြောက်မှုအပေါ် အမေရိကန်ပြည်ထောင်စုအနေဖြင့် အထူးပင်စိုးရိမ်ပူပန်နေရဆဲပင်ဖြစ်ကြောင်း၊အီရန်နိုင်ငံနှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အလားတူပင်လုံခြုံရေး ကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံလေးနိုင်ငံနှင့်လည်းပူးပေါင်းလက်တွဲဆောင်ရွက်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်း အဆုံးသတ်ရေးအတွက်ဖိအားပေးမှုများကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်သော်လည်း လိုအပ်သည့်ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူဆန်ရိုက်စ်ကထုတ်ဖော်ပြောကြားသွားခဲ့သည်။အမေရိကန်နှင့်နိုင်ငံတကာအ သိုင်းအဝိုင်းတို့အနေဖြင့် ဒိုင်ယာလော့ဒစ်ပလိုမေစီကို ပူးတွဲဖော်ဆောင်ခြင်းအားဖြင့်အီရန်နိုင်ငံ၏နျူကလီးယားစီမံကိန်းကိစ္စကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### ပြည်တွင်းနိုင်ငံရေးဖိအားများ

ဆူဆန်ရိုက်စ်အနေဖြင့်လည်း ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာစာမျက် နှာ၌ကျဆင်းနေသော အမေရိကန်နိုင်ငံ၏ပုံရိပ်ကို ပြန်လည်ဆယ်တင်ရန် ခန့်အပ်ခြင်းခံခဲ့ရသည့်အတွက် အရေးပါသောပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ရောက်ရှိခဲ့ပြီဖြစ်သည်။ သို့သော်လည်း အမေရိကန်ဆီးနိတ်မှ ရီပတ်ဘလီကင်အများစုကမူကုလသမဂ္ဂအဖွဲ့ကြီး၏လွန်ခဲ့သော နှစ်နှစ်ကျော်က ရေနံနှင့်စားနပ်ရိက္ခာလဲလှယ်ရေး Oil for Food လာဘ်စားမှုကိစ္စကို ပြန်လည်ဖော်ညွှန်းခဲ့ကြပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သောစစ်ဆေး ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်စေရန် သမ္မတဘုရှ်လက်ထက်ဆောင်ရွက်ခဲ့စဉ်က ကုလသမဂ္ဂမှ အဆိုပါအဖွဲ့အားဖျက်သိမ်းခဲ့ခြင်းကို ထောက်ပြလျက်ရှိသည်။ ဆိုလိုသည်မှာ ကုလသမဂ္ဂသည်ခိုင်မာသည့်အဖွဲ့ကြီးမဟုတ်ဟုခံယူထားချက်ကို ထုတ်ဖော်ပြ သခဲ့ခြင်းလည်းဖြစ်သည်။ ဆူဆန်ရိုက်စ်ကမူ အဆိုပါကိစ္စမျိုးမဖြစ်ပေါ်စေရန် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်

http://www.linhtet.com



ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စကို ကုလသမဂ္ဂအဖွဲ့အတွင်းရှိစာရင်း စစ်အဖွဲ့သို့ လွှဲပြောင်းဆောင်ရွက်စေသင့်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

ပြန်လည်လေ့လာကြည့်လျှင်သမ္မတဘုရှ်လက်ထက်ကအထွေထွေအတွင်း ရေးမှူးချုပ်ကိုဖီအာနန်နှင့်အလွမ်းမသင့်ဖြစ်ခဲ့ရခြင်းတွင် ၎င်းကိစ္စမှာအဓိကအကြောင်းရင်းတစ်ချက်အနေဖြင့်ပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။အလားတူပင် ကုလသမဂ္ဂ၏ အခွင့်အာဏာအပ်နှင်းခြင်းမရှိဘဲအီရတ်သို့ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းကြောင့်ကုလသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့အကြားအက်ကြောင်းကြီးမားခဲ့သည်ကိုတွေ့ရှိရသည်။အဆိုပါကိစ္စကြောင့်လည်း နိုင်ငံတကာအသိုင်းအဝိုင်းအလယ်တွင်ကုလသမဂ္ဂအဖွဲ့ကြီး၏အခန်းကဏ္ဍအပေါ် မေးခွန်းထုတ်မှုများရှိခဲ့သည်။ ရီပတ်ဘလီကင်အများစုကမူအမျိုးသား လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများဖြစ်ပေါ်လာလျှင်သို့တည်းမဟုတ်ခြိမ်းခြောက်နိုင်သည့်အလား အလာများဖြစ်ပေါ်လာလျှင်ကုလသမဂ္ဂအဖွဲ့ကြီးကိုလျစ်လျူရှု၍ အမေရိကန်အစိုးရက အင်အားသုံးဆောင်ရွက်ခွင့်ရှိသည်ဟူသော သဘောထားကို ဆက်လက်ဆုပ်ကိုင်ထားဆဲပင်ဖြစ်သည်။

## နိဂုံး

နိုင်ငံခြားရေးမူဝါဒများတွင် အထူးသဖြင့် အာဖရိကရေးရာကိစ္စရပ်များ တွင်ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ခဲ့ဖူးသောဆူဆန်ရိုက်စ်အားကုလသမဂ္ဂသံ အမတ်ကြီးအဖြစ်ဝန်ကြီးအဆင့်ပေးအပ်ခဲ့ခြင်းကိုကြည့်၍အိုဘားမားအစိုးရ၏ အလားအလာကိုမှန်းဆကြည့်နိုင်သည်။ နယူးယောက်ဌာနချုပ်သည် အဓိကအားဖြင့် အထွေထွေအတွင်းရေးမှူးချုပ်ရုံးနှင့် လုံခြုံရေးကောင်စီ၏လုပ်ငန်းများအဓိကရှိနေပြီးဆူဆန်ရိုက်စ်အား အမေရိကန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ အမျိုး သားလုံခြုံရေးကိုကာကွယ်စောင့်ရှောက်နိုင်ရန်၊တစ်ဖက်ကလည်းအမေရိကန်နိုင်ငံ၏ကျဆင်းနေသောဂုဏ်သိက္ခာကိုပြန်လည်ဆယ်တင်နိုင်ရန်မျှော်မှန်းချက်များဖြင့်တာဝန်ပေးအပ်ခဲ့ခြင်းဟုဆိုနိုင်သည်။လက်ရှိအချိန်မှာပင်ဂါဇာကမ်းမြောင်ဒေသ စစ်မီးလျှံများတောက်လောင်နေချိန်တွင် အိုဘားမားအစိုးရသည် ဆီးနိတ်တာမစ်ရှယ်ကို အထူးသံတမန်အဖြစ်ခန့်အပ်ကာ စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိသည်။အိုဘားမားနှင့်ဆူဆန်ရိုက်စ်တို့၏ထုတ်ဖော်ပြောကြားချက်အပေါ် အီရန်နိုင်ငံခြားရေးဝန်ကြီးက အိုဘားမားအစိုးရသစ်ဆက်ခံပြီးနောက်ပိုင်း၌အမေရိကန်ပြည်ထောင်စုထံမှချဉ်းကပ်မှု၊ နည်းလမ်းအသစ်များဆောင်ရွက်လာချိန်ကိုအဆင်သင့်စောင့်ဆိုင်းလျက်ရှိကြောင်း တုံ့ပြန်ပြောကြားခဲ့သည်ကိုတွေ့ရှိရသည်။ ဆူဆန်ရိုက်စ်၏တိုက်ရိုက်ဒစ်ပလိုမေစီအပေါ် စိတ်ဝင်စားမှုရှိကြောင်း ထုတ်ဖော်ပြသသည့်သဘောသက်ရောက်နေသည်။

အသစ်အသစ်သောအပြောင်းအလဲများဆောင်ရွက်မည်ဟု ကတိကဝတ် ပြုထားခဲ့သောအိုဘားမားအစိုးရနှင့်ဆူဆန်ရိုက်စ်အပါအဝင် နိုင်ငံခြားရေးမူဝါဒရေးရာ ကိုင်တွယ်ဆောင်ရွက်သူများအနေဖြင့် နိုင်ငံတကာမျက်နှာစာသို့ ပုံစံအသစ်ဖြင့်ဝင်ရောက်မည့်

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အလားအလာများကိုကား မြင်တွေ့စပြုနေပြီဖြစ်သည်။ သို့သော်လည်း ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးဖိအားများ၊ အမေရိကန် နိုင်ငံ၏ အကျိုးစီးပွားများအကြားရေရှည်မည်မျှအထိ တောင့်ခံနိုင်မည်၊ ကတိကဝတ်များကို မည်မျှအတိုင်းအတာအထိဖြည့်ဆည်းနိုင်မည်ကိုကား အတပ်သေချာပြောကြားနိုင် ဦးမည် မဟုတ်ပေ။သမ္မတဘုရှ်လက်ထက်က အထူးအလေးထား ခြင်းမရှိခဲ့သော ရာသီဥတုပြောင်းလဲမှုကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ပြည့်ဝရေးဆောင်ရွက်မှုတို့နှင့်ပတ်သက်၍လည်းကြွေးကြော်ထားသည့်အတိုင်း တက်တက် ကြွကြွမည်မျှကြာအောင်ဆောင်ရွက်နိုင်မည်ကိုလည်း စောင့်ကြည့်ရဦးမည့်အနေအထား တွင်ရှိနေသည်ကိုတွေ့ရှိရသည်။မည်သို့ပင်ဆိုစေလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂ၏ ကွန်ဖရင့် ဒစ်ပလိုမေစီနှင့်စားပွဲဝိုင်းဒစ်ပလိုမေစီတို့ အကြားတွင် ဆူဆန်ရိုက်စ်တစ်ယောက် မည်မျှ အောင်မြင်မှုရရှိမည်ကို စိတ်ဝင်တစားစောင့်ကြည့်ရမည်သာဖြစ်ပေသည်။

*Source: Ambassador Rice Remarks after Presentation of U.N.Credentials, USUN Press Release U.N.Ambassador: Susan E.Rice,Newyork Times*

http://www.linhtet.com

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ အာရှသွားတောလား

မိုးသက်အောင် (IR)



၂၁ရာစု ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်တွင် အရယ်၊အပြုံး၊အသော့၊ အထေ့၊ အမဲ့၊ အရွဲ့၊အနိမ့်၊အမြင့်၊အတက်အကျ၊ဇာတ်ရုပ်မျိုးစုံများဖြင့် ကပြအသုံးတော်ခံလျက်ရှိသောဇာတ်ဆောင်များမှာအာရှတိုက်နိုင်ငံများဖြစ်သည်။အာရှတိုက်သားများသည်ရင်းမြစ်ကြွယ်ဝသည်။ ယဉ်ကျေးမှုအသွေး စုံလင်သည်။ နိုင်ငံရေးစနစ်လည်းကွဲပြားခြားနားသည်။ အာရှတိုက်တွင် အမေရိကန်နှင့်နှစ်ပေါင်းတာရှည်စွာ လက်တွဲနေသည့်နိုင်ငံများရှိသကဲ့သို့ အမေရိကန်ဆိုလျှင်ရန်ပြုလိုသောနိုင်ငံများလည်းဒုနဲ့ဒေး။ရန်ဘက်နိုင်ငံများကို စေ့စပ်ညှိနှိုင်းရေးစားပွဲသို့ ခေါ်ဆောင်ရန်ယင်းတို့အားလွှမ်းမိုးနိုင်သည့် အိမ်နီးချင်းနိုင်ငံများသို့ အမေရိကန်သံတမန်မှူးချုပ်တစ်ဖြစ်လဲ အသစ်စက်စက် နိုင်ငံခြားရေးဝန်ကြီးသည် အရယ်၊ အပြုံးချင်းဖလှယ်ရန်ခရီးထွက်လာရသည်။အတိတ်ဇာတ်ခုံပေါ်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်ဖြစ်ချင်း ဒင်းန်ရက်စ်သည် ၁၉၆၀ခုနှစ်များက အာရှတိုက်သို့ခရီးထွက်ခဲ့သည်။ ယခု ၂၁ရာစု ကမ္ဘာ့နိုင်ငံရေးတွင် အရေးပါလာသော အာရှတိုက်ကို နားလည်သည့် ဟီလာရီကလည်း“၂၁ရာစုမှာပေါ်ပေါက်လာမယ့်စိန်ခေါ်မှုတွေကိုဖြေရှင်းရေးနဲ့ အခွင့်အရေးတွေကိုဆုပ်ကိုင်ဖို့ဆိုတာပစိဖိတ်နိုင်ငံများနဲ့အမေရိကန်ဆက်ဆံရေးဟာလုံးဝခွဲခြားလို့မရဘူးဆိုတာကိုပြဖို့ကျွန်မ(နိုင်ငံခြားရေးဝန်ကြီး)အနေနဲ့ အာရှတိုက်ကိုပထဦးဆုံးခရီးစဉ်ရွေးချယ်ရတာဖြစ်ပါတယ်”ဟု ပြောကြားရင်း ခရီးဆန့်ခဲ့သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

## နှစ်ပေါင်းငါးဆယ်ကျော်ပြီဖြစ်သော လုံခြုံရေးမိတ်ဆွေ (ဂျပန်)

သမိုင်းစဉ်နှင့်ချီ၍ပြောလျှင် အမေရိကန်၏ခိုင်မာသောမဟာမိတ်များမှာ ဥရောပတွင် ဗြိတိန်၊အာရှတွင်ဂျပန်ဖြစ်သည်။အမေရိကန်လျှောက်သောလမ်းကို နောက်ကနေမမှိတ်မသုန်လျှောက်လှမ်းနေသောနိုင်ငံများဖြစ်သည်။အမေရိကန်အရေးနှင့်အကျိုးစီးပွားကိုလိုလားသော ဂျပန်အားပထမဦးဆုံးခရီးစဉ်အဖြစ်သတ်မှတ်သည်မှာ ဟီလာရီ၏ဆုံးဖြတ်ချက်မှန်သည်ဟုဆိုနိုင်သည်။ဂျပန်သို့ဟီလာရီခရီးတွင် အိုဘားမားကပြောစေချင်သော စကားနှစ် ခွန်းပါလာသည်။ပထမတစ်ခွန်းမှာဂျပန်အားလုံခြုံရေးမဟာမိတ်အဖြစ်ဆက် လက်တန်ဖိုးထားလေးစားနေမည်ဖြစ်ကြောင်းနှင့်ဒုတိယတစ်ခွန်းက ဂျပန်ဝန်ကြီးချုပ်တာရိုအာဆိုအား အိမ်ဖြူတော်သို့ ဖိတ်ခေါ်ရန်ဖြစ်သည်။

ထို့ပြင်ဂျပန်-အမေရိကန်လုံခြုံရေးမဟာမိတ်ဆက်ဆံရေးအား ရာစုဝက်ကျော်ကြာထိန်းသိမ်းနိုင်မှုကိုဂျပန်နိုင်ငံခြားရေးဝန်ကြီးဟီရိုဖူမီနာကာဆိုနီနှင့်ဟီလာရီကအပြန်အလှန်တန်ဖိုးထားခဲ့သည်။နာကာဆိုနီနှင့်ဟီလာရီသည်ကိုရီးယားကျွန်းဆွယ် အားနျူကင်းမဲ့ဇုန်ဖြစ်ရေးအတွက်တောင်ကိုရီးယားနှင့်အတူမြောက်ကိုရီးယားအားစေ့စပ်ဆွေးနွေးရေးစားပွဲသို့ ပြန်လည်ခေါ် ဆောင်ရေး ဆက်လက်ကြိုးပမ်းမှုကို သဘောတူညီခဲ့သည်။ဒုတိယကမ္ဘာစစ် အပြီးချုပ်ဆိုခဲ့သောဂျပန်-အမေရိကန်လုံခြုံရေးစာချုပ်အရ ဂျပန်ပိုင်အိုကီနာဝါကျွန်းတွင် အမေရိကန်တပ်သားငါးသောင်းတပ်စွဲခွင့်ရှိပြီး ယခု တပ်သား နှစ်သောင်းသုံးထောင်ရှိသည့်အနက်တပ်သားရှစ်ထောင်ကိုဂူအမ်ကျွန်းသို့ ပြောင်းရွှေ့မည့်သဘောတူစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည်။ဖေဖော်ဝါရီ၂၄ရက်တွင်ဂျပန်ဝန်ကြီးချုပ်တာရိုအာဆိုအား အိမ်ဖြူတော်တွင် အိုဘားမားနှင့် စီးပွားရေးအကျပ်အတည်းကိစ္စဆွေးနွေးရန် ဟီလာရီက ဖိတ်ကြားခဲ့သည်။

## အရှေ့တောင်အာရှ မွတ်ဆလင်မဟာမိတ် (အင်ဒိုနီးရှား)

အင်ဒိုနီးရှားသို့ရောက်ရှိလာသော ဟီလာရီအားဂျာကာတာလေဆိပ်တွင် အိုဘားမားကျောင်းသားဘဝကစာသင်ခဲ့သော ဘီဆူကီကျောင်းမှကလေးငယ်များက လှိုက်လှိုက်လှဲလှဲကပြသီဆိုကြိုဆိုခဲ့ကြသည်။လေဆိပ်တွင်သတင်းစာဆရာများနှင့်တွေ့ဆုံရာ၌“သမ္မတအိုဘားမားကသူငယ်ငယ်တုန်းကဒီမှာနေခဲ့ရတာကိုအရေးပါတဲ့ အကြောင်းစာရေးပြီး နှုတ်ခွန်းဆက်သလိုက်ပါတယ်”ဟုဟီလာရီကပြောကြားသည်။ထို့ပြင်ဟီလာရီသည် ကမ္ဘာ့လူဦးရေ အများဆုံးမွတ်ဆလင်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနှင့်အိမ်နီးချင်းအရှေ့တောင်အာရှနိုင်ငံများ၏လိုအပ်ချက်အသံများကို နားထောင်ရန်လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထိုမျှမကသေး ဟီလာရီက “အင်ဒိုနီးရှားဟာလွန်ခဲ့တဲ့၁၀နှစ်တွင်း မှာသိသိ

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

သာသာပြောင်းလဲခဲ့ပါတယ်။၁၉၉၇အာရှစီးပွားရေးအကျပ်အတည်း ကြောင့်သမ္မတဆူဟာ တိုနုတ်ထွက်သွားပြီးတဲ့နောက်အင်ဒိုနီးရှားတိုးတက်ခဲ့ပါတယ်။အခုအချိန်မှာဒီမို ကရေစီ၊ အစ္စလာမ်၊ခေတ်အလိုက်လိုက်လျောညီထွေရှိမှု၊အမျိုးသမီးအခွင့် အရေးများအတူတကွ တည်ရှိမှုကိုသိချင်တယ်ဆိုရင် အင်ဒိုနီးရှားကို သွားလည်ဖို့ တိုက်တွန်းချင်ပါတယ်” ဟုဟီလာရီကအင်ဒိုနီးရှား၏ ဒီမိုကရေစီတိုးတက်မှုကိုချီးကျူးခဲ့သည်။အမေရိကန်သည် အင်ဒိုနီးရှားတိုး တက်ရေးအတွက် အကူအညီများဆက်လက်ထောက်ပံ့မည့်အပြင် ရာသီဥတုပြောင်းလဲလာမှု၊ကုန်သွယ်ရေး၊ပညာရေးနှင့်ဒေသတွင်းလုံခြုံရေးတို့တွင် အင်ဒို နီးရှားနှင့်ပူးပေါင်းသွားမည်ဟုကတိပေးခဲ့သည်။၁၉၆၅တွင်လက်ဝဲအစွန်းရောက်များက သူလျှိုလုပ်သည်ဟုစွပ်စွဲကာဖျက်သိမ်းခဲ့သောPeace Corpsကိုပြန်လည်စတင်ရန်အင်ဒိုနီးရှားနှင့် ဟီလာရီသဘောတူညီမှုရရှိခဲ့သည်။အကြမ်းဖက်တိုက်ဖျက်ရေးတွင်အင်ဒိုနီးရှားကြောင့် နှစ်စဉ်အစွန်းရောက်များကိုဖမ်းဆီးနိုင်ခဲ့သည့်အတွက်အင်ဒိုနီးရှား၏ကူညီမှုကို အသိအမှတ်ပြုခဲ့သည်။အပြန်အလှန်အားဖြင့်အင်ဒိုနိုင်ငံခြားရေးဝန်ကြီးကလည်း“အင်ဒိုနီးရှားဟာဒီမိုကရေစီနဲ့အစ္စလာမ်အတူတည်ရှိမှုကိုပြနိုင်တဲ့အတွက် မွတ်ဆလင်ကမ္ဘာနဲ့ အမေရိကန်ပြန်ဖလည်ဆက်သွယ်တဲ့နေရာမှာတံတားတစ်စင်းဖြစ်အောင်ဆောင်ရွက်ပေးမှာပါ”ဟုကတိပေးခဲ့သည်။

### အကျိုးတူမဟာမိတ် (တောင်ကိုရီးယား)

ကိုရီးယားကျွန်းဆွယ်တွင် မြောက်ကိုရီးယားအား နျူလမ်းစဉ်မှစွန့် လွှတ်ရေးသည် တောင်ကိုရီးယားနှင့်အမေရိကန်တို့အတွက်တူညီသောအကျိုး စီးပွားဖြစ်သည်။တောင်ကိုရီးယားသို့ဟီလာရီလည်ပတ်ချိန်တွင်မြောက်ကို ရီးယားခေါင်းဆောင်ကင်ဂျုံအီမွေးနေ့အားနိုင်ငံတော်အခမ်းအနားဖြင့် ကျင်း ပခဲ့သည်။ခြောက်နိုင်ငံဆွေးနွေးပွဲအားဦးဆောင်ခဲ့သောသံတမန်ခရစ္စတိုဖာ ဟားလ်နေရာအားပါမောက္ခစတီဖင်ဘိုဝေါ့စ်ကို သံတမန်အဖြစ် အစားထိုးခန့်အပ်ခဲ့သည်။ မြောက်ကိုရီးယားဒုံးကျည်ပစ်လွှတ်နိုင်သည့်အခြေအနေကို သုံးသပ်ရန် တောင်ကိုရီးယားရှိ အမေရိကန်စစ်တပ်မှူးချုပ်ဗိုလ်ချုပ်ကြီးဝေါလ်တာရှပ်နှင့် တွေ့ဆုံခဲ့သည်။

### တစ်လှေတည်းစီး တစ်ခရီးတည်းသွားဖော် (တရုတ်)

ဘေဂျင်းသို့ဆိုက်ရောက်လာသောဟီလာရီသည် တရုတ်နိုင်ငံ၏ ခေတ်အားပေးစက်ရုံသို့လည်းကောင်း၊ ရှင်းဟွာတက္ကသိုလ်တွင် ကျောင်းသားများနှင့် ဆရာများတွေ့ဆုံ၍လည်းကောင်း၊ တရုတ်သမ္မတဟူကျင်တောင်နှင့် တွေ့ဆုံရာတွင် အိုဘားမားက သမ္မတဖြစ်ပြီးနောက်သမ္မတဟူနှင့်တယ်လီဖုန်းစကားလက်ဆုံကျခဲ့သည်ကို အလေးထားပါကြောင်း၊ ဧပြီလတွင်ကျင်းပမည့်ဂျီ-၂၀ အစည်းအဝေးတွင် တွေ့ဆုံမည်ဟူသောသတင်းကို

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ဟီလာရီကပြောကြားခဲ့သည်။ဟီလာရီကသူမလက်ထက်တွင် နှစ်၃၀ပြည့်ပြီဖြစ်သည့်တရုတ်-အမေရိ ကန်ဆက်ဆံရေးကိုအပြုသဘောဆောင်သောချဉ်းကပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။သမ္မတဟူကနှစ်နိုင်ငံဆက်ဆံရေးကို ပိုမို ကောင်းမွန်အောင်ဆောင်ရွက်ရုံမျှသာမက ရာသီဥတုပြောင်းလဲမှုအပါအဝင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းတွင် နီးကပ်စွာဆောင်ရွက်ရန် ပြန်လည် တိုက်တွန်းခဲ့သည်။

ဟီလာရီသည် တရုတ်နိုင်ငံခြားရေးဝန်ကြီး ယန်ဂျီချီနှင့်တွေ့ဆုံရာ တွင် သမ္မတဘုရှ်လက်ထက်တွင်ဆောင်ရွက်ခဲ့သောမဟာဗျူဟာမြောက် စီးပွား ရေးဆွေးနွေးမှုကိုပုံမှန်ပြုလုပ်သွားရန်သဘောတူညီခဲ့သည်။ ထို့ပြင် ၂၀၀၉ ဒီဇင်ဘာတွင်ကျင်းပရန်သတ်မှတ်ထားသောကိုပင်ဟေဂင်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံဖြစ်မြောက်ရေးအတွက်ကူညီရန်သာမကပတ်ဝန်းကျင်ထိန်းသိမ်းရေး၌ တရုတ်နှင့်အမေရိကန်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် သဘောတူညီခဲ့ကြသည်။တရုတ်အမေရိကန်ကာကွယ်ရေးဆွေးနွေးပွဲကို မကြာမီစတင်မည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးက ကြေညာခဲ့သည်။ ဟီလာရီသည် တရုတ်နိုင်ငံ၏ စီးပွားရေးတွန်းအားပေးအစီအစဉ်ကို ထောက်ခံခဲ့ပြီး အမေရိကန်နှင့်တရုတ်သည် တစ်လှေတည်းစီးတစ်ခရီးသွားခရီးသည်များဖြစ်သဖြင့် အမေရိကန်ဘွန်းစာချုပ်များဝယ်ယူရန် တိုက်တွန်းခဲ့ပြီးနောက် ခရီးစဉ်ကို အဆုံးသတ်ခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် သမ္မတဘုရှ်လက်ထက်ကဥရောပရှိ ဗြိတိန်၊ သြစတြေးလျ၊စကင်ဒေးနေဗီးယန်းနိုင်ငံတချို့နှင့် မဟာမိတ်ပြုကာ အာရှကို မျက်ကွယ်ပြုခဲ့သည်။ တရုတ်နိုင်ငံအစားအိန္ဒိယကိုကျော်ချဉ်းကပ်ခဲ့သည်။အိုဘားမားလက်ထက်အမေရိကန်နိုင်ငံခြားရေးမူဝါဒတွင်မူအိန္ဒိယကို အရေးပါကြောင်း သတ်မှတ်သော်လည်း အမေရိကန်လုံခြုံရေးကို ခြိမ်းခြောက်နိုင် သောမြောက်ကိုရီးယားနှင့်အီရန်အားသံတမန်ရေးဖြင့်ကိုင်တွယ်ဖြေရှင်းရာတွင် တရုတ်သြဇာကိုသုံးမှသာဝတ်စုံအပြည့်ဖြင့်ချို့မြသောအပြုံးများသယ်ဆောင်လာသည့် စမတ်သံတမန်ရေးအောင်မြင်နိုင်ချေရှိသည်။ ထို့ပြင်အမေရိကန်ထုတ်ကုန်များကို ဝယ်ယူသုံးစွဲမှုမြင့်မားသော တရုတ်စီးပွားရေးသည်လည်း အမေရိကန်အတွက်အားထားစရာဖြစ်လာကြသည်။ယခု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ၏အာရှတိုက်ခရီးစဉ်တွင်အမေရိကန်နိုင်ငံခြားမူဝါဒဦးစားပေးကိစ္စရပ်သည်ကား အကြမ်းဖက်ကိစ္စ၊စီးပွားရေးပြန်လည်ဦးမော့ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက်အာရှတိုက်၏တန်ဖိုးကို အလေးထားကာ ‘စိုသောလက်မခြောက်စေရန်’ အပြုံးချင်းဖလှယ်ခဲ့သောမဟာမိတ်ဖွဲ့သည့်ခရီးစဉ်သာဖြစ်ပေသည်။

*REF: CLINTON'S VISIT TO ASIA FOR MAKING ALLIANCE BY IHT; NEW MAKING FRIENDS FOR OBAMA'S FOREIGN POLICY BY NYTIMES*

http://www.linhtet.com



# အာဖဂန်နစ္စတန်သို့ တပ်အင်အား ၁၇၀၀၀ကို အမေရိကန် စေလွှတ်တော့မည်

ထွန်းနေဦး

အာဖဂန်နစ္စတန်တွင် အမေရိကန်ကနောက်ထပ်အင်အား ၁၇၀၀၀ ထပ်မံ၍ ချထားကြောင်း ဤသီတင်းပတ်တွင် ကြေညာခဲ့သည်။ ထိုကိစ္စကိုသမ္မတဘားရက်အိုဘားမားကအစောပိုင်းကတည်းကပင် သတိနှင့်သဘော တူခဲ့သည်ဆိုသည်ကို အိုဘားမားအစိုးရအဖွဲ့၏ သတင်းများအဆိုအရ သိရသည်။ အိုဘားမားအနေဖြင့် အမေရိကန်၏ မဟာဗျူဟာအပေါ် သုံးသပ်ချက်အပြည့်အဝထွက်ပေါ်လာသည်အထိစောင့်လိုသည်။ ထိုမဟာဗျူဟာသုံးသပ်ချက်သည် သူ၏စားပွဲသို့ရက်သတ္တခြောက်ပတ်အတွင်းရောက် လာမည်။သို့ရာတွင်အာဖဂန်ရွေးကောက်ပွဲဆိုင်ရာဝေဖန်မှုများသည် ရုတ်တရက် ပေါ်ထွက်လာခဲ့သေးသည်။အာဖဂန်နစ္စတန်တွင်ရွေးကောက်ပွဲကျင်းပရေးနှင့် နှောင့်နှေးရခြင်းသည်လက်ခံနိုင်ဖွယ်မရှိပေ။မူလကရွေးကောက်ပွဲများကို မေလ၌ပြုလုပ်ရန် အစီအစဉ်ရှိခဲ့ရာ ယင်းအစီအစဉ်ကိုရွှေ့ဆိုင်းခဲ့သည်။ ရွေးကောက်ပွဲကျင်းပရေးထိုသို့ ရွှေ့ဆိုင်းရသည်မှာ လည်း မဲဆန္ဒရှင်များမှတ်ပုံတင်ပြုလုပ်ခြင်းလုပ်ငန်းကိုတာလီဘန်များက နှောင့်ယှက်ဟန့်တားထားသော ကြောင့်ဖြစ်သည်။အများအားဖြင့်အာဖဂန်နစ္စတန်တောင်ပိုင်းနှင့် အရှေ့ပိုင်း တို့တွင် တာလီဘန်များကရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အနှောင့် အယှက်ပေးနေကြသည်။ ယခုအခါအာဖဂန်နစ္စတန်အမျိုးသားရွေးကောက်ပွဲ များကို ဩဂုတ်လအစောပိုင်း၌ကျင်းပရန် သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်သည်။ အာဖဂန်နစ္စတန်ရွေးကောက်ပွဲအောင်မြင်ခြင်းသည် အာဖဂန်နစ္စတန်တွင် ကျင့်သုံးသည့်အမေရိကန်၏ မဟာဗျူဟာအဖို့အရေးကြီးသည်။ အကယ်၍ ရွေးကောက်ပွဲအောင်မြင်မှုမရှိလျှင်ခြိမ်းခြောက်မှု အများဆုံးရှိရာ နယ်မြေများသို့ အမေရိကန်စစ်တပ်များကို စေလွှတ်ချထားရမည်ဖြစ်သည်။

ထပ်မံ၍ တိုးမြှင့်ချထားမည့်အမေရိကန်တပ်အင်အား ၁၇၀၀၀တို့ကို မေလနှောင်းပိုင်းတွင်စေလွှတ်ချထားမည်ဖြစ်သည်။ယခုထပ်မံစေလွှတ်ချထားမည့် တပ်အင်အားအပါအဝင် အမေရိကန်တပ်အင်အားသည် အာဖဂန်နစ္စတန်တွင်၅၅၀၀၀ ရှိမည်ဖြစ်သည်။အာဖဂန်နစ္စတန်တွင်နေတိုးတပ်ဖွဲ့၃၂၀၀၀ရှိသည်။ အမေရိကန်တပ်အင်အား နှင့် နေတိုးတပ်အင်အားစုစုပေါင်း ၈၇၀၀၀ရှိမည်ဖြစ်သည်။ အမေရိကန်နှင့်အပေါင်းပါတို့ အာဖဂန်နစ္စတန်ကို ကျူးကျော်စစ်ဆင်နွှဲနေသည်မှာ၇နှစ်ရှိပြီ။ထိုကာလအတွင်း ယခုရှိမည့် စစ်အင်အားသည်အများဆုံးဖြစ်သည်။သို့တိုင်အောင်ဤနှစ်ကုန်ပိုင်းတွင် နောက်

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ထပ်စစ်သည်အင်အားထောင်ဂဏန်းထပ်မံတိုးမြှင့်ချထားရန် လိုဦးမည်ဟု ခန့်မှန်းထားသည်။ အာဖဂန်နစ္စတန်တွင်အမေရိကန်ကစစ်အင်အားချထား ရသည်မှာလျော့နည်းလာခြင်းမရှိဘဲ ထပ်မံ၍ တိုးမြှင့်ချထားရမည့်အခြေအနေများသာ ဖြစ်နေသည်။

လွန်ခဲ့သောသီတင်းပတ်အိမ်ဖြူတော်တွင်အစည်းအဝေးပြုလုပ်သည်။ ကာကွယ်ရေးဝန်ကြီးရောဘတ်ဂိတ်စ်နှင့်ရေတပ်ဗိုလ်ချုပ်ကြီး မိုက်မူလင် တို့က သူတို့၏ အမှုကိစ္စများကို သမ္မတထံတင်ပြကြသည်။ အာဖဂန်နစ္စတန်တွင် ပြုလုပ်မည့်ရွေးကောက်ပွဲများလုံခြုံရေးအတွက်အာဖဂန်နစ္စတန်ဆိုင်ရာမဟာဗျူဟာသုံးသပ်ချက် ပေါ်ထွက်လာသည့်တိုင်အောင်စောင့်ဆိုင်းမနေနိုင်ပေ။

အာဖဂန်နစ္စတန်တွင်တပ်အင်အားတိုးချဲ့ချထားရေးကိုလျှို့ဝှက် ဆောင်ရွက်သည် မဟုတ်ပေ။ပထမအသုတ်စေလွှတ်မည့်တပ်အင်အားမှာ ၈၀၀၀ဖြစ်သည်။ဒုတိယပြည်ပစစ်ဆင်ရေးမရိန်း(ကမ်းတက်)တပ်ဖွဲ့Camp Lejeume,NCမှတပ်ဖွဲ့သည်အာဖဂန်နစ္စတန်မြို့တော်ကဘူးသို့ ချဉ်းကပ်ရာတောင်းပိုင်းနယ်မြေကိုစောင့်ရှောက်မည်ဖြစ်သည်။ တာလီဘန်တို့သည် ယခုအခါကဘူးမြို့အနီး မိုင်အနည်းငယ်မျှတွင် စုဝေးနေကြပြီဟုဆိုသည်။ လွန်ခဲ့သောသီတင်းပတ်ကကဘူးမြို့ရှိအစိုးရဌာနသုံးခုကို အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည်။တာလီဘန်တို့သည်ကဘူးမြို့ကို တိုက်ခိုက်လုနေပုံရသည်။

ဒုတိယအသုတ်အင်အား၄၀၀၀ကိုဇူလိုင်လအနှောင်းပိုင်းတွင် ပို့လွှတ်ချထားမည်။ ထိုတပ်သည်အမှတ်၂ခြေလျင်တပ်မဟာမှ ဆထရိုက်ကာသံချပ်ကာတပ်မ၅ဖြစ်သည်။ အမှတ်၂ခြေလျင်တပ်မဟာသည် Fort Lewis တွင်အခြေစိုက်ထားသည်။ဩဂုတ်လတွင်ပြုလုပ်မည့် အာဖဂန်နစ္စတန်ရွေး ကောက်ပွဲများသည်အန္တရာယ်နီးကပ်လျက်ရှိသည်။သို့ပင်ဖြစ်သော်လည်း အမေရိကန်မရိန်း(ကမ်းတက်)တပ်များက တာလီဘန်းများကို ကဘူးမြို့တော်မှ ဝေးရာသို့ မောင်းထုတ်ပစ်ပြီး လုံခြုံရေးကဏ္ဍကိုတာဝန်ယူပေလိမ့်မည်။ အမေရိကန်တပ်များသည်တာလီဘန်တပ်များကိုအာဖဂန်နစ္စတန်၏ အရှေ့တောင်ပိုင်းနယ်စပ်အနီးအထိ မောင်းထုတ်ပစ်မည်။

ဆထရိုက်ကာသံချပ်ကာယာဉ်များသည် လျင်မြန်သည်။ အသံတိုးတိတ်ညင်သာသည်။တပ်စိတ်ဇစိတ်တင်ဆောင်နိုင်သည်။ဆက်သွယ်ရေးနှင့် သွားလာရေးကိရိယာများတပ်ဆင်ထားသည်။အီရတ်ကိုကျူးကျော်ဝင်ရောက်တိုက်ခိုက်ရာ၌ မြို့များတွင်စစ်ဆင်ရေးပြုလုပ်ရာ၌သံချပ်ကာယာဉ်များကိုအသုံးပြုခဲ့သည်။ ထိုယာဉ်များသည် လှုပ်ရှားရာ၌လျင်မြန်မှုရှိသည်။ မိုဆူးလ်တွင်၂၀၀၄ခုနှစ်၌စတင်အသုံးပြုခဲ့သည်။သို့ရာတွင်ဆထရိုက်ကာသံချပ်ကာယာဉ်ကို မြေမျက်နှာပြင်မညီမညာတောတောင်ထူထပ်ရာဒေသတွင်စစ်ဆင်ရေးပြုလုပ်ရန်ဒီဇိုင်းပုံစံပြုထားခြင်းမဟုတ်ပေ။ အာဖဂန်နစ္စတန်သည် တောတောင်ထူထပ်သောနိုင်ငံဖြစ်သည်။ ထို့ကြောင့် အာဖဂန်နစ္စတန် စစ်ရေးအတွက်ရဟတ်ယာဉ်များလိုအပ်သည်။

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

ထို့ကြောင့် ယခုနှစ်နှောင်းပိုင်းတွင် အာဖဂန်နစ္စတန်သို့ ရဟတ်ယာဉ်များပို့လွှတ်ပေးမည်။ အမှတ် ၈၂လေ တပ်တပ်မဟာမှတိုက်ခိုက်ရေးတပ်မကို စေလွှတ်မည်။စစ်သည်အင်အား ၂၈၀၀နှင့် ရဟတ်ယာဉ် ၁၀၀ကျော်ပါဝင်သည်။ ထိုရဟတ်ယာဉ် ၁၀၀ကျော်၌ အများအားဖြင့် အပါချေး၊ ဘလက်ဟော့နှင့်ချီနူးရဟတ်ယာဉ်များပါဝင်သည်။

အမှတ် ၈၂လေတပ်ကထောက်ခံပံ့ပိုးပေးထားသည့်တိုင်အောင် အမေရိကန်တပ်များအဖို့ရဟတ်ယာဉ်ပြတ်လပ်မှုဆိုးဆိုးရွားရွားဖြစ်နေပေဦးမည်။နေတိုးတပ်များ ကိုထောက်ပံ့မှုကောင်းကောင်းမပေးပေ။အာဖဂန်နစ္စတန်နိုင်ငံတွင်းတွင်လေယာဉ်ဖြင့် တိုက်ပွဲဆင်ခြင်းပြတ်တောက်မှုရှိသည်။ စစ်ဆင်ရေး၌အကန့်အသတ်ရှိသည်။သို့သော်အာဖဂန်နစ္စတန်တွင် ယေဘုယျစစ် ဆင်ရေးအခြေအနေဆိုင်ရာလက္ခဏာရပ်များလည်းရှိသည်။ ကျယ်ပြန့်လွန်းသောနယ်မြေဒေသတွင်အင်အားနည်းလွန်းသော စစ်တပ်ကလုံခြုံရေးတာဝန် ယူရန်ကြိုးစားနေသည်။ အာဖဂန်နစ္စတန်တွင် နောက်ဆုံးစစ်အင်အား တိုးချဲ့ထားခြင်းနှင့်လေတပ်မှ အကူအညီပေးခြင်းသည် အချိုးအားဖြင့်အဖြစ်လောက်သာရှိသည်။ နည်းလွန်းသည်။

တပ်အင်အားနည်းပါးမှုကြောင့် နေတိုးတပ်ဖွဲ့များသည် လေကြောင်း တိုက်ခိုက်မှုကိုသာအားထားနေရသည်။ယင်း၏အကျိုးဆက်ကို အာဖဂန်နစ္စ တန်ရှိ ကုလသမဂ္ဂအဖွဲ့တစ်ဖွဲ့၏နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည်။ ယမန်နှစ်က အာဖဂန်နစ္စတန်တွင် တိုက်ခိုက်မှုများဖြစ်ခဲ့ရာအရပ်သား၂၀၀၀ကျော်သေဆုံးရသည် ဟုကုလသမဂ္ဂကခန့်မှန်းထားသည်။ထိုပမာဏသည်၂၀၀၇ခုနှစ်ကထက် ၄၁%ပိုလာသည်။ထိုသေဆုံးသူ၂၀၀၀ကျော် အနက် ၈၀၀ကျော်မှာအမေရိကန်နေတိုးနှင့် အာဖဂန်နစ္စတန်အစိုးရ၏ တပ်ဖွဲ့များ လက်ချက်ကြောင့်ဖြစ်သည်။ ထိုလူရမ်းကားများ၏လက်ချက်ကြောင့် သေဆုံး မှုမှာ ၂၀၀၇ခုနှစ်က သေဆုံးခဲ့သည်ထက် ၃၀%ပိုလာခဲ့သည်။သေဆုံးသူအရပ်သားသုံးယောက်တွင် တစ်ယောက်မှာအမေရိကန်နှင့်အပေါင်းပါတို့၏ လက်ချက်ဖြင့်သေဆုံးရသည်ဟုကုလသမဂ္ဂကခန့်မှန်းထားသည်။ အမေရိကန်နှင့်အပေါင်းအပါတို့၏ တိုက်ခိုက်မှုကြောင့် သေဆုံးရသောအရပ်သားအ ရေအတွက်မှာ၂၀၀၆ခုနှစ်၌၁၂၀၀န်းကျင်သာရှိသည်။၂၀၀၇ခုနှစ်၌၃၂၀ ဝန်းကျင်ရှိသည်။၂၀၀၈ခုနှစ်၌၅၅၀၀န်းကျင်ရှိသည်။ထိုကျူးကျော် ရေးသမားတို့၏ လက်ချက်ဖြင့်အရပ်သားများသေဆုံးရမှုသည်၂၀၀၆ခုနှစ်နှင့်ယှဉ်လျှင် ၂၀၀၇ ခုနှစ်၌နှစ်ဆနီးပါး၊၂၀၀၇ခုနှစ်နှင့်ယှဉ်လျှင်၂၀၀၈ခုနှစ်၌ နှစ်ဆနီးပါးရှိခဲ့သည်။

အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန် အရပ်သားများသေဆုံးရသည့်ကိစ္စသည်ဆတ်ဆတ်ထိမခံနိုင်သောကိစ္စကြီးဖြစ်သည်။မည်မျှ ဆတ်ဆတ်ထိမခံနိုင်သနည်းဆိုလျှင်ဗြိတိသျှတို့သည် လန်ဒန်သို့ ပြန်သွားကြသည်။ အာဖဂန်နစ္စတန်အရပ်သား သေဆုံးရခြင်းအတွက် ရာဇဝတ်မှုဖြင့် တရားစွဲဆိုလျှင်အမှုရင်ဆိုင်ရန်ဖြစ်သည်။

http://www.linhtet.com

## အိုဘားမားကောက်ကြောင်း

အမေရိကန်တို့အသုံးပြုသည့်လေကြောင်းအင်အားကို ပြန်လည်ဆင်ခြင်ရန် အာဖဂန်သမ္မတဟာမစ်ကာဇိုင်းကညွှန့်ပေါင်းတပ်ဖွဲ့ကိုအကြိမ်ကြိမ်အထပ် ထပ်တောင်းဆိုခဲ့သည်။ထိုကိစ္စနှင့်ပတ်သက်၍ လူထုသဘော ထားဆန္ဒကိုကောက်ယူခဲ့သည်။ထိုကိစ္စနှင့်ပတ်သက်၍ လူထုသဘောထားဆန္ဒကို ကောက်ယူခဲ့သည်။အမေရိကန်တပ်ဖွဲ့များနှင့်နေတိုးတပ်ဖွဲ့ကို ထောက်ခံသူအာဖဂန်ဦးရေသည် ၂၀၀၆ခုနှစ်၌ တစ်ဝက်ရှိခဲ့သည်။ ယခုအခါသုံးပုံတစ်ပုံသာရှိတော့သည်။ အမေရိကန်တို့ လေကြောင်းတိုက်ခိုက်မှုပြု၍ အာဖဂန်အရပ်သားများသေဆုံးခဲ့ရပြီးနောက်ထောက်ခံမှုထိုသို့ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

အာဖဂန်တို့ အမေရိကန်ကိုလိုလားမှု ယခုကဲ့သို့ ဇောက်ထိုးကျသွားရခြင်း၏ အဓိကအကြောင်းမှာလေကြောင်းတိုက်ခိုက်မှုပင်ဖြစ်သည်။ အမေရိကန်၏လေကြောင်းတိုက်ခိုက်မှုကိုလက်ခံသူမှာ ၄ဦးတွင် ၃ ဦးရှိသည်။ အာဖဂန်ရှိကျူးကျော်ရေးသမားနိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့များသည်အာဖဂန်တို့၏ထောက်ခံမှုကို လက်လွတ်ဆုံးရှုံး သွားပြီဖြစ်သည်။ တစ်ကြိမ်တွင် အာဖဂန်တစ်ယောက်သေတိုင်းထောက်ခံမှုပို၍ပို၍ ယုတ်လျော့ဆုံးရှုံးသွားသည်ဟုအမေရိကန်အခြေစိုက် CIVIC မှလေ့လာ တွေ့ရှိမှုအသစ်အရသည်။

အရပ်သားများတိုက်ခိုက်မှုအရေးကို သူတို့အလွန်အလေးထားပါသည်ဟု ရေတပ်ဗိုလ်ချုပ်ကြီးမူလင်ကဆိုသည်ဟု ဤသီတင်းပတ်တွင် ဝါရှင်တန်ကဆိုသည်။အရပ်သားတစ်ဦးချင်းကိုထိတိုင်းသူတို့၏လုပ်ရပ်ကို လိုက် လျော်လာခဲ့ကြောင်း၊အာဖဂန်ပြည်သူတို့ကျေနပ်သည်အထိ လျှော့လာခဲ့ကြောင်း မူလင်ကဆိုသည်။ သို့ရာတွင်မူလင်၏အပြောကို သူတို့၏ အလုပ်က ထောက်ခံခြင်းမပြုချေ။အပြစ်မဲ့သူအရပ်သားများမထိခိုက်စေရေးအတွက် သူတို့မည်မျှကြိုးစားရှောင်ရှားကြသနည်းဟူ၍မေးစရာမလိုအောင် ကြိုးစားရှောင်ရှားခဲ့သည်ဟုသူကဆိုသည်။ သို့သော် သူအဆိုသူ့အပြောကသူတို့တပ် များ၏ လက်တွေ့အလုပ်ကို ကျော်လွှားလွန်မြောက်နိုင်ခြင်းမရှိပေ။

အာဖဂန်နစ္စတန်ပြဿနာကို ခင်ဗျားမဖြေရှင်းနိုင်ဘူးဟူ၍ ကျွန်ုပ်လုံး ဝမယုံကြည်ကြောင်း၊ တာလီဘန်ဝါဒနှင့်တာလီဘန်များဒေသတွင် ပျံ့နှံ့လျက်ရှိကြောင်းအာဖဂန်နစ္စတန်သို့တပ်အင်အား၁၇၀၀၀ထပ်မံစေလွှတ်ချထားရေးဆုံးဖြတ်ချက်ချပြီးနောက် ၂၄. ၂. ၀၉ရက်နေ့၌ရုပ်မြင်သံကြားနှင့်တွေ့ဆုံမေးမြန်းရာတွင် အိုဘားမားက အထက်ပါအတိုင်းဆိုလိုက်သည်။ အိုဘားမားပြောသည်မှာမှန်၏။ လုံခြုံရေးလိုအပ်ချက်များကို ဆောင်ကျဉ်းပေးနိုင်သည်မှာစစ်ရေးသာလျှင်ဖြစ်၏။သောင်းကျန်းသူတိုက်ဖျက်ရေးစီမံကိန်း၏ အချက်အချာကျသောနေရာများတွင် စစ်ရေးသဘောထားရှိရမည်ဖြစ်၏။ အကယ်၍ အမေရိကန်၏မဟာဗျူဟာမြောက်သုံးသပ်ချက်တွင်အောင်မြင်ရာအောင် မြင်ကြောင်းနည်းလမ်းကောင်းများမပါခဲ့လျှင်မဖြစ်နိုင်ဟုထင်ရလျှင် ယုံကြည်လောက်ဖွယ်မရှိလျှင် ယခုနှစ် ကုန်ပိုင်း၌

## အိုဘားမားကောက်ကြောင်း

ထပ်မံတိုးချဲ့ချထားရန် ယခုဆုံးဖြတ်သည့်တပ်အင်အား ၁၇၀၀၀ထက်ပင် ပို၍လိုဦးမည်ဆိုသည်ကို တွေ့မည့်ဟန်တူသည်။

***Ref: 170000... and Counting Why Obama is sending more troops to Afghanistan now, a look at the possible end game. John Barry Newsweek Web Exclusive Feb 19,2009***

http://www.linhtet.com



# သမ္မတအိုဘားမားပြောသော အိပ်မပျော်သောညများနှင့်ခေတ်သစ်တစ်ရပ်အကြောင်း

မောင်စူးစမ်း

## အိပ်မပျော်သောညများ

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အမေရိကန်လွှတ်တော်နှစ်ရပ်ပေါင်းအစည်းအဝေးသို့ မိန့်ခွန်းမြွက်ကြားရာ၌ လက်ရှိစီးပွားရေးအကျပ်အတည်းကို'အိပ်မပျော်သောညများ'အဖြစ်တင်စားပြောဆိုသည်။ ပင်စင်ယူသည့်အထိလုပ်ကိုင်သွားရလိမ့်မည်ဟုမျှော်လင့်ထားသောအလုပ်သည်ချက်ချင်းပြုတ်သွားသည်။ အိပ်မက်ထဲအောင်မြင်နေသောမိမိစီးပွားရေးသည်မထင်မှတ်ဘဲကြိုးတန်းမျှင်မျှင်ဖြင့်တွဲလောင်းချိတ်ခံလိုက်ရသည်။ ဘယ်တော့ကြိုးပြတ်ကျမလဲဟုရင်တမမဖြစ်နေရသည်။ မိမိသားသမီးအတွက်တက္ကသိုလ်ဝင်ခွင့်ပြုသောစာကို ကျူရှင်ခမတတ်နိုင်သည့်အတွက် စာအိတ်ထဲ ပြန်ထည့်လိုက်ရသည်။ သမ္မတအိုဘားမားက ဤဥပဒေတို့ဖြင့်တန်ဆာဆင်ပြီးစီးပွားရေး ရီဆက်ရှင်ဆိုးဆိုးရွားရွား ဖြစ်နေပုံကိုတင်ပြသွားသည်။

ဤသို့တင်ပြပြီးနောက်သမ္မတအိုဘားမားကသူ့အစိုးရ၏စီမံကိန်း နှစ်ရပ်ကိုကွန်ဂရက်သို့တင်ပြလိုက်သည်။ပြန်လည်နာလန်ထူရေးစီမံကိန်းနှင့် တည်ငြိမ်ရေးစီမံကိန်းတို့ဖြစ်ကြသည်။ဤစီမံကိန်းနှစ်ရပ်နှင့်အတူ အမေရိကန်အစိုးရဘတ်ဂျက်လိုငွေပြမှုကို သူ၏သမ္မတသက်တမ်းအကုန်၌တစ်ဝက်လျှော့ချမည်ဟုပြောသွားသည်။ကြီးမားသောဘတ်ဂျက်လိုငွေပြမှုကိုသူကအမွေအဖြစ်လက်ခံရရှိလိုက်ခြင်းဖြစ်၍ အီရတ်စစ်ပွဲနှင့်အာဖဂန်နစ္စတန် စစ်ပွဲတို့ကို အဆုံးသတ်လိုက်နိုင်လျှင် အမေရိကန်စစ်အသုံးစရိတ်အတော်လျှော့သွားမည်။ ဘတ်ဂျက်လိုငွေကလည်းတစ်အားလျှော့သွားမည်ဟု သူကဆိုသည်။

## စေ့စပ်ညှိနှိုင်းမှု ခေတ်သစ်

သမ္မတအိုဘားမားက အပြောနှင့်အညီလက်တွေ့အရ "စေ့စပ်ဆွေး နွေးသောခေတ်သစ်တစ်ခေတ်" new are of engagement ကို စတင်ပြီ ဟုကြေညာလိုက်သည်။ ၂၁ရာစုနှစ်၌ ခြိမ်းခြောက်မှုအရပ်ရပ်တို့ကို အမေရိကန်တစ်ဦးတည်းဖြင့်လည်း မဖြေရှင်းနိုင်၊ ကမ္ဘာကလည်းအမေရိကန်မပါဘဲ စိန်ခေါ်မှုတို့ကို မဖြေရှင်းနိုင်သော ခေတ်ထဲရောက်နေပြီ။ ဤသည်မှာ ထိပ်တိုက်ဆန့်ကျင်ရေးဆိုသောရပ်တည်ချက်သည်မအောင်မြင်နိုင်။စေ့စပ်ညှိနှိုင်းပြီး အဖြေ ရှာခြင်းနည်းသာ ဆီလျော်သည်ဟု ဆိုလိုရာရောက်သည်။

ဤအချက်ကိုပင် ဖြည့်စွက်ပြီး "စေ့စပ်ဆွေးနွေးပွဲကို မရှောင်နိုင်သလို ရန်ဘက်တို့

http://www.linhtet.com

# အိုဘားမားကောက်ကြောင်း

က မိမိကိုရန်လုပ်မည့်အန္တရာယ်ကိုလည်းလစ်လျူရှု၍မရ”ဟု သမ္မတအိုဘားမားကပြောဆိုသွားသည်။စီးပွားရေးကိစ္စနှင့်ပတ်သက်ပြီး သမ္မတအိုဘားမားက အမေရိကန်ကုန်ပစ္စည်းများကမ္ဘာတစ်ဝန်းသို့ပိုမိုတင်ပို့နိုင်ရန် ဦးစားပေးကြိုးစားသွားမည်ဟုဆိုသည်။ယင်း၏သဘောမှာတရုတ်ဈေးကွက်ထဲအမေရိကန်ကုန်ပစ္စည်းနှင့်အမေရိကန်ရင်းနှီးမြှုပ်နှံမှုတို့ကို တိုးတက်မြင့်မားစေရန်ရည်ရွယ်ခြင်းဖြစ်သည်။ ကမ္ဘာကြီးသည်အမေရိကန်စီးပွားရေး၏ အင်အားပေါ်မှီခိုနေရသလို အမေရိကန်စီးပွားရေးကလည်း ကမ္ဘာ့စီးပွားရေး၏အင်အား ကောင်းမှုအပေါ်မှီခိုနေရပြီး အပြန်အလှန်ဖြစ်သည်။

## မြို့ရှင်လား အိမ်ရှင်လား

သမ္မတဘာရက်အိုဘာမားကသူ၏စီးပွားရေးအစီအစဉ်တို့နှင့်ပတ် သက်၍ဝေါစထရိမှကော်ပိုရေးရှင်းနှင့်ဘဏ်တိုက်ကြီးတို့ကို ကယ်တင်နိုင်ရန် ထက်အောက်ခြေလူတန်းစားတို့ကိုကူညီကယ်တင်ရန်ထက် အောက်ခြေလူတန်းစားတို့ကို ကူညီကယ်တင်ရန် ဦးစားပေးထားကြောင်း ထုတ်ဖော်ပြောဆိုသည်။ ဘဏ်တိုက်ကြီးတို့ကိုကယ်တင်သည်ထက် အလုပ်အကိုင်အသစ်တွေ ၃. ၅သန်းဖန်တီးရန်ရည်ရွယ်သည်။အမေရိကန်နိုင်ငံသားတို့သည် ဘဏ်မှ ငွေချေးပြီး အိမ်တွေဝယ်ကြလေရာ ယခုကပ်ဆိုက်လာသောအခါ အိမ်ကြွေး တွေမဆပ်နိုင်တော့ပေ။သို့ဖြင့်အပေါင်ဆုံး၍ အိမ်မှနှင်ချဖယ်ပေးခံရမှုတို့ အလွန်များလာသည်။

ဤအခြေအနေတွင်အစိုးရအနေဖြင့်ငွေချေးငှားသူမြို့ရှင်ဘဏ်ရှင်တို့ကို ဦးစားပေးကယ်တင်မလားသို့တည်းမဟုတ်အိမ်ပိုင်ရှင် (အကြွေးနှင့်အိမ်ဝယ်သူ)တို့ကို ဦးစားပေးပြီးကယ်တင်မလားဟူ၍ဆုံးဖြတ်ရန်နှစ်ခွပေါ်လာသည်။သမ္မတအိုဘားမား၏ မိန့်ခွန်းတွင် အိမ်ရှင်တို့ကိုအဓိကဦးစားပေးပြီး ကယ်တင်ရန် အလေးအနက်ထည့်သွင်းပြောသွားသည်။

အိမ်ရှင်(ငွေချေးပြီး အိမ်ဝယ်သူများ)တို့ကိုကာကွယ်ရာ၌ (၁) အိမ်အပေါင်ရွေးနုတ်နိုင်ရန်ကူညီခြင်း(၂)လစဉ်ပေးသောအိမ်ကြွေးကို လျှော့ ပေါ့ရေး(၃)အိမ်ကြွေးတို့ကိုအတိုးနည်းနည်းနှင့်ဆပ်နိုင်ရန်စီစဉ်ပေးခြင်း(၄) ကြွေးသစ်ယူကြွေးဟောင်းဆပ်ပုံ သဏ္ဍာန်မျိုးဖြင့်ကြွေးဝန်ထုပ်ကို လျှော့ပေါ့အောင်စီစဉ်ပေးခြင်း(၅) အိမ်မှ မနှင်ချရန် စီစဉ်ပေးခြင်းနှင့် (၆) အိမ်ရှင်တို့က ဒေဝါလီခံခြင်းကို စီစဉ်ပေးခြင်းစသည့်အစီအစဉ်များပါဝင်သည်။

## ညီညွတ်ကြပါ

သမ္မတဘာရက်အိုဘားမားက(၁)အိမ်ရှင်(၂)ကျောင်းသားတို့ အတွက် ကျူရှင်ခနှင့် (၃) ကျန်းမာရေးစောင့်ရှောက်မှု စရိတ်သက်သာရေးတို့ ကိုအလေးပေးပြောသွားသည်။ မိဘတို့သည်မိမိတို့သားသမီးများကျောင်းနှင့် တက္ကသိုလ်များသို့တက်ရန် ကျူရှင်ခတွေသိပ်များလှ၍မပေးနိုင်ကြပေ။ မိဘတို့ သည် ကျောင်းလခပေးရန်ငွေချေးရသည်။ သက်ဆိုင်ရာကျောင်းတို့ကလည်း ကျောင်းသားတို့အားငွေချေးသည်။ကျူရှင်စရိတ်သည် ကျောင်းသားနှင့်မိဘတို့အပေါ် ဝန်ထုပ်ကြီးကြီးကျရောက်နေသည်ကိုဖြေရှင်းရန်အလို့ငှာ အခွန်


## အိုဘားမားကောက်ကြောင်း

လျှော့ပေးသည်။ ကျူရှင်ခကင်းလွတ်ခွင့်တွေတီထွင်တိုးမြှင့်ပေးခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်စရိတ်တို့၌လည်း အစိုးရအသုံးအစွဲတို့ကို အရမ်းမြှင့်တင်မည်ဟုသမ္မတကပြောသည်။ကျန်းမာရေး စောင့်ရှောက်စရိတ်ကို အရမ်းမြှင့်တင်ခြင်းနှင့်အတူငွေချေးငှားရနိုင်သောရန်ပုံငွေ lending fund တစ်ရပ်ကိုလည်းထူထောင်သွားမည်။ ဤရန်ပုံငွေကလိုအပ်သူများကို ငွေချေးငှားမည်ဖြစ်သည်။အထူးသဖြင့်တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းအငယ်လေးတို့ကိုဦးစားပေးချေးငှားသွားမည်။တစ်ချိန်တည်းမှာ ပင်အမေရိကန်ဘဏ္ဍာရေးစနစ်ပိုပြီးတောင့်တင်းလာအောင်ဘဏ်တို့၏ ငွေထုပ်ချေးနိုင်မှု ကိုလည်းအားပေးသွားမည်ဟုဆိုသည်။ဘဏ္ဍာရေးစနစ်ငွေထုတ်ချေးမှုစွမ်းပကားကို မြှင့်တင်သွားမည်။ သူ၏ပေါ်လစီများအောင်မြင်ရန်အလို့ငှာ အမေရိကန်တွေညီညွတ်ကြဖို့ ဆော်ဩ သွားသည်။

***Ref : Obama's address to Congress,IHT, Februry 25, 2009***

http://www.linhtet.com




မောင်ထူးဇော်၊ ကျော်ဝင်း၊ သန်းလိုနိုင်၊ တင်စိန် (ပထဝီဝင်)
ထင်အောင်ကျော်၊ မောင်နိုင်သာ၊ မောင်ထွန်းသွန်း၊ မြင့်ရောင်နီ
ထွန်းလွင်မိုး၊ မောင်ပုဆိုးကြမ်း၊ မြင့်ကျော်၊ အားမာန်
မိုးသက်အောင် *(IR)*၊ ကိုလတ် (နိုင်ငံခြား)၊ ဦးသန်းထွန်း (တောင်ပြင်)
တေဇာဝင်း၊ သောင်းထိုက်ဦး၊ ကိုဝ၊ သိန်းအုန်းကျော်ဇံ၊ မူစော်၊ ထွန်းနေဦး

“

အမေရိကန်သမ္မတရွေးကောက်ပွဲအကြောင်းမှစ၍ ဘာရက်အိုဘားမားနှင့် ဂျွန်မက်ကိန်းတို့၏
စကားစစ်ထိုးပွဲများ၊ နိုင်ငံခြားရေးမူဝါဒ ငြင်းခုန်ဆွေးနွေးပွဲများ၊ အိုဘားမားအပေါ်
နိုင်ငံတကာခေါင်းဆောင်များ၏ သဘောထားအမြင်၊ အိုဘားမား၏ ဘဝပုံရိပ်၊ အိုဘားမား၏
အမေရိကန်စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် နိုင်ငံတကာအရေးအခင်းများ အပေါ်
ကျွမ်းကျင်သူများနှင့်တွေ့ဆုံမေးမြန်းချက်များ၊ အမေရိကန်သမ္မတရွေးကောက်ပွဲကို ကိုယ်တွေ့ဖြတ်သန်း
သတင်းရယူထားကြသည့် မြန်မာ့ဂျာနယ်လစ်များ၏ တွေ့ဆုံမေးမြန်းချက်နှင့် သတင်းဆောင်းပါးများ၊
အိုဘားမား၏ အိမ်ဖြူတော်ခရီးနှင့်အိုဘားမား၏ သမ္မတကျမ်းသစ္စာကျိန်ဆိုပွဲမိန့်ခွန်း၊
ရွေးကောက်ပွဲကာလအတွင်းက အိုဘားမားကတိကဝတ်ပြုထားသည့်
စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်များနှင့် နိုင်ငံတကာရေးရာ
စေ့စပ်ညှိနှိုင်းမှုအကောင်အထည်ဖော်ဆောင်ရွက်ချက်များအထိ စုစည်းဖော်ပြထားသည်။

”